အမရပူရမြို့ရှိ ထင်ရှားသောဘုရားများသမိုင်းနှင့်
အမရပူရခေတ် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့၏
ဖြစ်တော်စဉ်

သာသနာနှင့် စပ် မှတ်သားဖွယ်
အရပ်ရပ်တို့ဖြင့်
တန်ဆာဆင်အပ်သော



အမရပူရသာသနာဝင်

အရင်ကေလာသ

မျောစရိယ၊ ဂဏဝါစက (B.A ဝိဇ္ဇာဂုဏ်ထူး)

(ရေးသားစီစဉ်တော်မူသည်)

သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၁၀

အမရပူရမြို့ရှိ ထင်ရှားသောဘုရားများသမိုင်းနှင့်

အမရပူရခေတ် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့၏

ဖြစ်တော်စဉ်

သာသနာနှင့်စပ်မှတ်သားဖွယ်

အရပ်ရပ်တို့ဖြင့်

တန်ဆာဆင်အပ်သော

အမရပူရသာသနာဝင်

အရှင်ကေလာသ

ဓမ္မာစရိယ၊ ဂဏဝါစက (B.A ဝိဇ္ဇာဂုဏ်ထူး)

(ရေးသားစီစဉ်တော်မူသည်)

သာသနာ- ၂၅၅၃ ကောဇာ- ၁၃၇၁ ခရစ်- ၂၀၁၀

<u>ပထမအကြိမ်</u> - ၂၀၁၀ခုနှစ်

<u>ပုံနှိပ်သူ</u> - ရွှေပြည့်စုံပုံနှိပ်တိုက်၊ အမှတ်(၃၄)၊
ဘဂျလမ်း၊ တာမွေ၊ ရန်ကုန်။

<u>ထုတ်ဝေသူ</u> - ဦးအောင်သိန်းညွှန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ်-၀၃၈၄၅၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၀
	အထူးကျေးဇူးတင်ဝမ်းမြောက်ခြင်း	၀
	ရတနာတ္တယပဏာမ	၁
	အာစရိယပဏာမ	၁
	ပဋိညာဉ်	၂
၂။	သာသနာပိုင်မင်းအိုဆရာတော်အရှင်ဂုဏာသီရိ (၁၀၇၀–၁၁၅၃)	၂၈
၃။	ရွှေစေတီဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရ	၃၂
၄။	သာသနာပိုင်မန်လည်ဆရာတော် အရှင်ဂုဏာမဇ္ဈိသာ (၁၀၇၆–၁၁၆၇)	၃၃
၅။	သာသနာပိုင်ဆုံထားဆရာတော်အရှင်နန္ဒမာလာ (၁၀၈၀–၁၁၄၅)	၄၀
၆။	သာသနာပိုင်မင်းရွာဆရာတော် အရှင်ဇာဂရ (၁၀၈၅–၁၁၆၆)	၄၇
၇။	တောင်လေးလုံးဆရာတော် အရှင်မေဓာဝီ (၁၀၉၀–၁၁၆၈)	၅၀
၈။	ရွှေတောင်ဆရာတော်အရှင်ဂုဏာ (၁၀၉၂–၁၁၇၂)	၅၂
၉။	ညောင်ကန်ဆရာတော်အရှင်ပုညသေဋ္ဌ (၁၀၉၂–၁၁၇၂)	၅၄

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀။	ပန်ပိုးဆရာတော်အရှင်ဂုဏသီရိ (၁၀၉၃-၁၁၆၈)	၅၆
၁၁။	သာသနာပိုင်ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ (၁၁၀၀-၁၁၆၂)	၅၇
၁၂။	သာသနာပိုင်မဲထီးဆရာတော် အရှင်ပရမ (၁၁၀၃-၁၁၅၉)	၆၅
၁၃။	သာသနာပိုင်ဆင်တဲဆရာတော်အရှင်ဉာဏ (၁၁၀၆-၁၁၇၈)	၈၀
၁၄။	ဆရာတော်အရှင်ဝရတေဇော (၁၁၁၀-)	၉၀
၁၅။	ရေစကြိုဆရာတော်အရှင်ဇနိန္ဒာဘိ (၁၁၁၀- ၁၁၈၄)	၉၃
၁၆။	ဆီးပန်းနီဆရာတော်အရှင်သီရိ (၁၁၁၁-)	၉၅
၁၇။	အရှင်ဝိမလာစာရ	၉၅
၁၈။	သာသနာပိုင် ပထမမောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသ (၁၁၁၅-၁၁၉၄)	၉၆
၁၉။	ညောင်ကန်ဆရာတော်အရှင်ကဝိန္ဒ (၁၁၁၅-၁၁၈၃)	၁၁၆
၂၀။	သာသနာပိုင် မုံတောဆရာတော်အရှင်ဝရ (၁၁၂၀-၁၁၈၄)	၁၂၀
၂၁။	သာသနာပိုင် ကတိုးဆရာတော် အရှင်ပညာ (၁၁၂၁-၁၁၉၅)	၁၂၃

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၂။	နွားပြင်းဆရာတော်အရှင်မုနိန္ဒသာရ (၁၁၂၀–ကျော်)	၁၂၆
၂၃။	ပဌမကျော်ဂူကြီးဆရာတော် အရှင်ပညာသီဟ (၁၁၂၁–၁၁၈၆)	၁၃၂
၂၄။	ပထမ မိုးထိဆရာတော် အရှင်ကုန္ဒမဇ္ဈ။ (၁၁၂၃–၁၂၀၅)	၁၄၁
၂၅။	သာသနာပိုင် စလင်းဆရာတော် အရှင်ပညာသီဟ (၁၁၂၅–၁၂၀၂)	၁၄၂
၂၆။	သာသနာပိုင် သဲအင်းဆရာတော် အရှင်သူရိယာဘိဝံသ (၁၁၂၅–၁၂၀၁)	၁၄၈
၂၇။	ထီးလင်းဆရာတော်အရှင်ဝိမလဗုဒ္ဓိ	၁၅၃
၂၈။	မြင်းဝန်ဆရာတော် အရှင်ပညာ (၁၁၂၅–၁၂၁၂)	၁၅၄
၂၉။	မြင်းဝန်ဆရာတော် အရှင်အာစိဏ္ဏ	၁၅၅
၃၀။	မြသိန်းတန်ဆရာတော် အရှင်ပရမသီရိ (၁၁၂၇–၁၂၀၁)	၁၅၅
၃၁။	ဘုတ်ကန်ဆရာတော် အရှင်ဂုဏာမုနိန္ဒ (၁၁၂၈–၁၂၁၂)	၁၅၇
၃၂။	အရှင်ဂုဏာဘိထေရ် (မဟာအောင်မြေဘုံစံ) (၁၁၂၈–)	၁၅၈
၃၃။	သက်ကယ်ကျင်းဆရာတော် အရှင်သီလာစာရ (၁၁၃၁–၁၂၀၀)	၁၅၉

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၄။	ပထမကျောင်းတော်ကြီးဆရာတော် အရှင်ကလျာဏဝံသ (၁၁၃၁-၁၂၁၂)	၁၆၁
၃၅။	ညောင်ကန်ဆရာတော် အရှင်မုနိန္ဒသာရ (၁၁၃၁-)	၁၆၂
၃၆။	ဒုတိယမင်းရွာဆရာတော် အရှင်သီရိမာလာ (၁၁၃၁-၁၁၉၄)	၁၆၇
၃၇။	ဒုတိယမိုးထိဆရာတော် အရှင်ဓမ္မဒီပ (၁၁၃၃-၁၂၀၉)	၁၆၉
၃၈။	ဂူကြီးဆရာတော် အရှင်ဝရာလင်္ကာရ (၁၁၄၁-)	၁၇၀
၃၉။	စတုတ္ထ ကျော်အောင်စံထားဆရာတော် အရှင်ကဝိန္ဒ (၁၁၄၄-၁၂၂၉)	၁၇၃
၄၀။	ဝေယန်သာလွှတ်ဆရာတော် အရှင်ပရမ (၁၁၄၄-၁၂၀၅)	၁၇၆
၄၁။	ပိဋ္ဌကနာထကျောင်းဆရာတော် အရှင်အဂ္ဂါစာရ	၁၇၈
၄၂။	ရွှေတောင်တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍိ (၁၁၄၈-၁၂၁၃)	၁၈၃
၄၃။	ဘုံကျော်ဆရာတော် အရှင်ပညာသာမိ (၁၁၄၈-၁၂၃၄)	၁၈၅
၄၄။	ဒုတိယမန်ကျည်းတောဆရာတော် (၁၁၅၀-၁၂၁၄)	၁၉၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၅။	ပြည်ဆရာတော် အရှင်မေဓာလင်္ကာရ (၁၁၅၀– ၁၂၂၅)	၁၉၂
၄၆။	တောင်တွင်းဆရာတော် အရှင်ဉာဏာဘိဝံသ (၁၁၅၁–၁၂၁၃)	၂၀၈
၄၇။	ထီးလင်းဆရာတော် အရှင်ဝိမလဗုဒ္ဓိ (၁၁၅၂–)	၂၀၉
၄၈။	ကျောင်းတော်ကြီးတိုက် တိုက်အုပ်ဆရာတော် အရှင်ဂုဏာဓိဇ (၁၁၅၃–၁၂၁၈)	၂၁၁
၄၉။	မဲထီးဆရာတော် အရှင်ဉာဏသီရိဓဇ (၁၁၅၈–၁၂၁၃)	၂၁၂
၅၀။	ပင်းဆရာတော် အရှင်ကဝိန္ဒ (၁၁၅၅–၁၂၁၃)	၂၁၃
၅၁။	မဟာတုလွတ်ဘုံကျော်ဆရာတော် အရှင်ဇမ္ဗူဒီပဓဇ (၁၁၆၀–၁၂၁၅)	၂၁၇
၅၂။	ထနောင်းဝန်းဆရာတော် အရှင်အဂ္ဂဓမ္မ	၂၂၀
၅၃။	ဆင်တဲဆရာတော် အရှင်ဓမ္မသီရိ (၁၁၆၀–)	၂၂၃
၅၄။	မြင်းဝန်ဆရာတော် အရှင်သုဓမ္မာလင်္ကာရ (၁၁၆၁–၁၂၀၀)	၂၂၅
၅၅။	မောင်းထောင်သာသနာပိုင်ဆရာတော် အရှင်ဥယျဓမ္မ (၁၁၆၁–၁၂၂၅)	၂၂၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၆။	မဟာဘုံကျော် ညောင်ကန်ဆရာတော် အရှင်ဒီပ (၁၁၆၂-၁၂၁၃)	၂၃၁
၅၇။	သစ်ဆီမှဲ့ဆရာတော် အရှင်ဓမ္မ (၁၁၆၃-၁၂၁၃)	၂၃၄
၅၈။	ဆင်တဲဆရာတော် အရှင်ဉာဏာလင်္ကာရ (၁၁၆၂-၁၂၁၃)	၂၃၆
၅၉။	ငွေးချိုဆရာတော် အရှင်ဉာဏဝံသ (၁၁၆၃-၁၂၂၃)	၂၃၈
၆၀။	စတုတ္ထမိုးထိဆရာတော် အရှင်အာစာရ (၁၁၆၈-)	၂၃၉
၆၁။	ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ (၁၁၇၆-၁၂၅၆)	၂၄၀
၆၂။	အရှင်သာရဓမ္မ (ဝိဘင်းပါဠိတော်နိဿယကျမ်းပြု) (၁၁၈၀-)	၂၄၆
၆၃။	တောင်ခွင်သာသနာပိုင်ဆရာတော် အရှင်ဝိသုဒ္ဓ (၁၂၀၆-၁၂၉၉)	၂၄၈
၆၄။	ပဌမကျော် အရှင်အာဒိစ္စ (ပဌမကျော်ဦးအုံး) (၁၂၀၈-၁၂၈၆)	၂၅၆
၆၅။	ဆင်တဲတိုက်စာချဆရာတော် အရှင်ဝိမလ (၁၂၁၅-၁၂၇၉)	၂၆၀
၆၆။	ဒက္ခိဏာရာမဘုရားကြီးတိုက် အရှင်ဇာဂရာဘိဝံသ (၁၂၂၈-)	၂၆၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆၎။	အရှင်သာသနာဘိဝံသ (၁၂၄၆-)	၂၆၃
၆၈။	သုဓမ္မာဝင်အနုဝိဇ္ဇက အရှင်နာရဒါဘိဝံသ (၁၂၆၅-)	၂၆၄
၆၉။	ညဝါတံခွန်ကျမ်းပြု အရှင်ဓမ္မသာမိ (၁၂၇၅-၁၃၁၀)	၂၆၆
၇၀။	မိုးကုတ်ဆရာတော် အရှင်ဝိမလ (၁၂၆၁-၁၃၂၄)	၂၇၁
၇၁။	မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ (၁၂၆၁-၁၃၃၉)	၃၀၁
၇၂။	မဟာဂန္ဓာရုံ နာကချုပ် အရှင်စန္ဒောဘာသ (၁၂၈၃-၁၃၅၃)	၃၇၁
၇၃။	မဟာဂန္ဓာရုံမဟာနာယက အရှင်ကဝိန္ဒာဘိဝံသ (၁၂၈၀-၁၃၇၁)	၃၇၅
၇၄။	မဟာဂန္ဓာရုံမဟာနာယက အရှင်မဟိန္ဒ (၁၂၉၂)	၃၇၇
၇၅။	မဟာဂန္ဓာရုံမဟာနာယက ဦးကြေန္ဒောဘာသာဘိဝံသ (၁၂၉၄)	၃၇၉
၇၆။	မဟာဂန္ဓာရုံမဟာနာယက အရှင်အဂ္ဂဝံသ ၁၂၉၄	၃၈၂
၇၇။	မဟာဂန္ဓာရုံမဟာနာယကချုပ်အရှင်ကုဏ္ဍလာဘိဝံသ (၁၂၉၄)	၃၈၄

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၈။	အမရပူရသာသနာဝင် အပြီးသတ်ခြင်း	၃၉၁
၇၉။	အမရပူရသာသနာဝင်ကျမ်းနိဂုံး	၃၉၁



နိဒါန်း

ရာဇဝင်

ရှေးမြန်မာမင်းတို့သည် နေ့စဉ်ဆောင်ရွက် ချက်များကို သီးသန့် တာဝန် ပေးအပ်၍ မင်းမှုထမ်းများကို မှတ်တမ်းများ ရေးသား စေခဲ့ကြပါ သည်။ ထိုမှတ်တမ်းများသည် ယခုအခါ၌ ရာဇဝင်, သာသနာဝင်များ ဖြစ်လာပါသည်။

ဗုဒ္ဓဝင်, သာသနာဝင်, ရာဇဝင်များသည် ဘဝသမိုင်း မှတ်တိုင်များ ဖြစ်ကြပါသည်။ ထိုသမိုင်းမှတ်တမ်း ကျမ်းစာများသည် အမြော်အမြင် ဉာဏ်ပညာရှိသော ရဟန်းတော်များအား သူတော်ကောင်းတရား သာသနာ တော်ကို ချစ်မြတ်နိုးသည့် သာသနာ့စိတ်ဓာတ်, လူပုဂ္ဂိုလ်များအား မိမိနိုင်ငံတော်နှင့် လူမျိုးကို ချစ်မြတ်နိုးသည့် မျိုးချစ် စိတ်ဓာတ်ကို ရင့်ကျက်စေပါသည်။ သာသနာ့စိတ်ဓာတ်, မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး အတွက် အားဆေးကောင်းများဖြစ်ပါသည်။ ဇာတိမာန် တက်ကြွ နိုးကြား လာကြခြင်းကြောင့် အမျိုးဘာသာ သာသနာကို မကွယ်မပအောင်, တိုးတက်ထွန်းလင်း တောက်ပြောင်လာအောင် ကြိုးစားမှု လုံ့လ ပယောဂ များ ဖြစ်ပွားစေပါသည်။

ထို့ကြောင့် ရာဇဝင်, သာသနာဝင် သမိုင်းကျမ်းများကို တတ်သိ နားလည် ကျွမ်းကျင်အောင် လေ့လာ သင်ကြားကြရမည်ဖြစ်ပါသည်။

ဗုဒ္ဓဝင်သာသနာဝင်

ဘုရားရှင်သည် ဘုရားရှင်များ၏ ဖြစ်တော်စဉ် ဗုဒ္ဓဝံသကို ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါသည်။ အရှင်သာရိပုတ္တရာ အစရှိ သော မထေရ်မြတ်တို့သည်လည်း မိမိတို့၏ ပါရမီကျင့်စဉ်သာသနာဝင် (အပဒါန)ကို ကိုယ်တိုင်ပင် လျှောက်ထား ဟောကြားတော်မူကြပါသည်။ ထို့ပြင် ဘုရားရှင်နှင့် သာဝကမထေရ်မြတ်များ ပါရမီ ဖြည့်ဖက်ပုဂ္ဂိုလ်များ၏ ဇာတကများကိုလည်း ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါ သည်။

နိဒါန်း

ထိုဗုဒ္ဓဝံသ, အပဒါန, ဇာတကတို့ကို လေ့လာဖတ်ရှုကြသော သူတော်ကောင်းတို့အား မကောင်းမှု၏အပြစ် ကောင်းမှု၏ အကျိုး နှင့်တကွ မိမိဘဝတစ်သက်တာ၌ ရှောင်ကြဉ်စရာ, လိုက်နာပြုကျင့်ဖွယ် အသွယ်သွယ်တို့ကို ဉာဏ်အမြင်၌ ပီပီပြင်ပြင် သိမြင်ပြီး ရှောင်ရှား, လိုက်နာပွားများ ကျင့်သုံးကြသဖြင့် မျက်မှောက်ဆင်းရဲ, အပါယ်ဆင်းရဲ အမျိုးမျိုးတို့မှ လွတ်မြောက်ကြပြီး သူတော်ကောင်း ပတ်ဝန်းကျင်ဖြစ်အောင် စွမ်းဆောင်နိုင်ကြပါသည်။ အစွမ်းသတ္တိနှင့် ပြည့်စုံသော သူတော်ကောင်း များ ဖြစ်လာကြပါသည်။

ထို သမိုင်းရာဇဝင်, သာသနာဝင်များကို မသိနား မလည် လျှင် မျိုးချစ်စိတ်ဓာတ်, သာသနာချစ်စိတ်ဓာတ်များ ညှံ့ဖျင်းအားနည်း ကြသဖြင့် အမျိုးဘာသာသာသနာတော် ယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံများ တဖြေးဖြေး ပျောက်ကွယ်သွားနိုင်ပါသည်။ ထို့ကြောင့်သမိုင်း ရာဇဝင် သာသနာဝင်များကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာ သင်ယူကြရပါမည်။

မိမိ၏ အနန္တကျေးဇူးရှင် ပခုက္ကူအရှင်ကေလာသ၊ ဓမ္မာစရိယ ဂဏဝါစက (**B.A** ဂုဏ်ထူး) သည် အရွယ်ကောင်းစဉ် ရဟန်း (၇)ဝါအချိန်၌ မန္တလေး, အမရပူရ, အင်းဝ, ပင်းယမြို့များသို့ ကြွရောက်ပြီး တစ်ကျောင်းဝင် တစ်ကျောင်းထွက် သင်ကြားများပါမကျန် မှတ်တမ်းမှတ်ရာ များကို ကူးယူခြင်း တတ်သိနားလည် သိမှီသော ပညာရှင် ဆရာတော်များ လူပုဂ္ဂိုလ်များထံသို့ ချဉ်းကပ်၍ သာသနာဝင် ကျမ်းစာများအတွက် အချက်အလက်များကို ကြိုးစား၍ စုဆောင်းတော်မူပြီး ရာဇဝင် မှတ်တမ်းများဖြင့် မန္တလေး သာသနာဝင်ကျမ်း (၂၅) တွဲကို ရေးသား ပြုစုတော်မူခဲ့ပါသည်။ ယင်းသာသနာဝင်ကျမ်းများသည် ငါးတွဲသာ စာအုပ်အဖြစ် ထွက်ရှိခဲ့ပါသည်။ ကျန် (၂၄) တွဲမှာ ရှာမရအောင် ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

ဆရာတော် ဘဝနတ်ကျောင်း ပြောင်းကြွသွားသည့်အခါ မိမိသည် အကြောင်း ညီညွတ်ပါက ဆရာတော်၏ ကျေးဇူးဂုဏ်အနန္တကို ပူဇော်သည့် အနေဖြင့်ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေနိုင်ရန် –

၁။ ပင်းယသာသနာဝင်

၂။ ပုဂံသာသနာဝင်

၃။ အင်းဝသာသနာဝင်

၄။ အမရပူရသာသနာဝင်

၅။ ဝိမုတ္တိမဂ္ဂ

၆။ ဒီပဝံသ စာမူများကို ရန်ကုန်မြို့ မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်သို့ ယူဆောင်ခဲ့ပါသည်။

ထိုကျမ်းစာများတွင် ပင်းယသာသနာဝင် ဝိမုတ္တိမဂ္ဂပါဠို ကျမ်းစာများကို မိမိအစီအစဉ် အလှူရှင်များ၏ အလှူငွေများဖြင့် ရိုက်နှိပ်၍ လှူသင့်သောဌာန, ပုဂ္ဂိုလ်များသို့ လှူဒါန်းပူဇော်ခဲ့ပါသည်။

ပုဂံသာသနာဝင်, အင်းဝသာသနာဝင်ကျမ်းများကို သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ရိုက်နှိပ်ဖြန့်ဝေပေးလိုကြောင်း လျှောက်ထားသဖြင့် အထူးကျေးဇူးတင် ဝမ်းမြောက် ဝမ်းသာစွာဖြင့် ကွန်ပျူတာစာမူများကို ပေးအပ်ခဲ့ပါသည်။ ယင်းသာသနာဝင်များကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေခဲ့ပါသည်။

အမရပူရသာသနာဝင်

အမရပူရ သာသနာဝင်ကျမ်းစာမှာ လက်နှိပ်စက်စာမူရရှိသော်လည်း နိဒါန်း, နိဂုံးများ, မဟာဂန္ဓာရုံကျောင်းတိုက်နှင့် မိုးကုတ်ဆရာတော်တို့ သာသနာဝင်များ မပါသောကြောင့် လက်စမသတ် မပြီးပြတ်သေးသော စာမူဖြစ်နေပါသည်။ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် မိုးကုတ်ဆရာတော် သာသနာဝင်များ မပါခဲ့သော် အမရပူရ သာသနာဝင်သည် ပြီးပြည့်စုံသော သာသနာဝင်ကျမ်းမဖြစ်နိုင်ဟု သဘောပေါက်နားလည်ခဲ့ပါသည်။

နိဒါန်း

ထို့ကြောင့် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်၌ မိမိနှင့် ရင်းနှီးသော မဟာဓမ္မာစရိယဘွဲ့ယူ ကျမ်းစာများ စစ်ဆေးခြင်းကိစ္စကို ကူညီဆောင်ရွက် ပေးဖူးသော နာယကအဖွဲ့ဝင် ဆရာတော် အရှင်ဇနပ္ပတိထံ အကူအညီ သွားရောက်တောင်းခဲ့ပါသည်။

အရှင်ဇနပ္ပတိမထေရ်က မဟာနာယကဆရာတော်ထံမှ ၁၃၅၃-ခုနှစ်က ပြုစုထုတ်ဝေသော ဆရာတော်ဘုရား၏ တစ်ဘဝဖြစ်စဉ် အကျဉ်းနှင့် မဟာဂန္ဓာရုံကျောင်းတိုက် သမိုင်းအကျဉ်း, စနစ်ပြ ဓမ္မာစရိယ ကျမ်းစာ, နာယကအဖွဲ့နှင့် စာချဆရာတော်များ စာရင်းကို ရရှိခဲ့ပါသည်။ စာအုပ်များဖြန့်ဝေသည့်ဌာနက ဆရာတော်ဘုရားကြီး၏ ရာပြည့်စာစောင်ကို ရရှိခဲ့ပါသည်။

အမရပူရမြို့နယ် သံဃနာယကအဖွဲ့ အတွင်းရေးမှူး မဂ္ဂင်ကျောင်းဆရာတော်ထံမှ ၁၃၇၁-ခုနှစ် ဝါဆိုသံဃာစာရင်းကို ရရှိခဲ့ပါသည်။

ယခုကဲ့သို့ မငြိုမငြင်ကူညီပေးတော်မူသော ဆရာတော် အရှင်ဇနပ္ပတိထေရ်, တပည့်ရဟန်းတော်နှင့် မဂ္ဂင်ကျောင်းဆရာတော် တို့အား အထူးတလည် ကျေးဇူးတင် ဝမ်းမြောက်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ရေးခဲ့သော တစ်ဘဝ သံသရာစာအုပ်နှင့် တစ်ဘဝဖြစ်စဉ်အကျဉ်း တို့ကို ကြည့်ရှု၍ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် သာသနာဝင်ကို ရေးသားပါသည်။ ရာပြည့်စာအုပ်၌ ပါရှိသော ကျောက်စာအတိုင်းပင် ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်အကျဉ်းကို ရေးသားပါသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ အကျဉ်းကိုလည်း တစ်ဘဝ သာသနာစာအုပ်မှ ထုတ်နှုတ် ရေးသားခဲ့ပါသည်။

မပြည့်စုံသေးပါ

မိမိသည် အမရပူရမြို့၌လည်း မနေဖူး အမရပူရမြို့ဇာတ်လည်း မဟုတ်သဖြင့် ဤသာသနာဝင်၌ ပရိယတ္တိ, ပဋိပတ္တိ ဝန်ဆောင်ကျောင်းတိုက် များ, အရှင်မြတ်များအကြောင်း, စေတီတော်, ရုပ်ပွားတော်မြတ်များ အကြောင်းတို့ ကျန်ရှိနေမည်ဖြစ်ပါသည်။ ကျမ်းပြုဆရာတော်က မာတိကာ ရေးဆွဲထားလျှင် ကိုယ်တိုင် လေ့လာ၍ ပြည့်စုံအောင် ရေးသားမည်ဖြစ် ပါသည်။

မိမိအား ဆောင်ရွက်နေရသော တာဝန်လုပ်ငန်းများက ထို ဟာကွက်ကို ဖြည့်စွက်ရန် အချိန်မပေးသဖြင့် ကြောင့်ကြမှုမပြုနိုင်တော့ပါ။

စွမ်းနိုင်သည့် ပညာရှင်များ

မိမိသည်ပခုက္ကူအရှင်ကေလာသ ဆရာသခင် ကျေးဇူးရှင် ၏ ကျေးဇူးဂုဏ် အနန္တကို အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပေးဆပ်လိုခြင်း, သုတေသီများ အလွယ်တကူလေ့လာ အသုံးပြုစေလိုခြင်း, ကျေးဇူးရှင် ဆရာတော် ဘုရား၏ ဆန္ဒ, ဝိရိယ, သမာဓိ, ပညာဂုဏ်တော်တို့ကို ပူဇော်လိုခြင်း, စွမ်းနိုင်သော သုတေသီပညာရှင်များက ဆက်လက်ပြီး သာသနာဝင် သမိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ရေးသား စေလိုခြင်း အစရှိသောအကြောင်းများကြောင့် ကျေးဇူးတော်ရှင် ဆရာသခင်၏ စာမူများကို စာအုပ်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ စွမ်းရည်သတ္တိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များအနေဖြင့် ဤ၌ လိုအပ်နေသော ဟာကွက်ကို သာသနာတော်အကျိုး သုတေသီများအတွက် ဖြည့်စွက် ရေးသားပါရန် အထူးတောင်းပန် တိုက်တွန်းပါသည်။

အထူးကျေးဇူးတင်ခြင်း

ဆရာတော်၏ လက်နှိပ်စက်စာမူမှ ကွန်ပျူတာစာမူဖြစ်အောင် စာစီပေးသော တပည့်–မောင်ညိုအားလည်းကောင်း၊ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသော တပည့် ဒေါက်တာဥက္ကဋ္ဌ (မြစ်ကျိုး)၊ ဆရာတော် အရှင်ဇနပ္ပတိ တပည့် ရဟန်းတော်နှင့် မြို့နယ်သံဃနာယက အဖွဲ့အတွင်းရေးမှူး မဂ္ဂင်ကျောင်းတိုက်ဆရာတော်, မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ အဂ္ဂမဟာပဏ္ဍိတ ဓမ္မာစရိယ ဘီအေအရှင်မြတ် တို့အား လည်းကောင်း အမြော်အမြင် ကြီးမားစွာဖြင့် ဤကျမ်းစာကို စာအုပ်ဖြစ်အောင် ရိုက်နှိပ်ဖြန့်ဝေပေးသော သာသနာရေး ဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် နှင့်တကွ ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား အထူးကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

ဘဒ္ဒန္တကုမာရ

အဂ္ဂမဟာပဏ္ဍိတ

ဒုတိယပါမောက္ခချုပ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)

၁၅-၁၁-၂၀၀၉

အမရပူရသာသနာဝင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရတနတ္တယပဏာမ

ဝန္ဒေ သာသနဝံသဿ၊ ဒေသကံ အဂ္ဂပုဂ္ဂလံ။
သေဝိတံ တေန ဓမ္မဉ္စ၊ သံဃဉ္စာပိ နိရဂ်ံဏံ။

အဟံ၊ အမရပူရသာသနာဝင် မည်တွင်တောက်လျှမ်း ကျမ်းဂန်ရေးရန် အားသွန်ကြိုးကုတ် အကျွန်ုပ်သည်။ သာသနဝံသဿ၊ ကိုယ်တော်တိုင်သာ ဦးစွာတည်ထွင် ကိုယ်တော့်သာသနာဝင်ကို။ ဒေသကံ၊ ဝေနေအမျှားသိစေသားဟု ဟောကြားတော်မူတတ်သော။ အဂ္ဂပုဂ္ဂလံ၊ သုံးလောကဓါတ် အမြတ်ခေါင်ဖျား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုဂုဏ်း။ တေန၊ ထိုဘုရားရှင်ကိုယ်တော် မြတ်ကြီးသည်။ သေဝိတံ၊ အမြဲမပြတ် မှီဝဲတော်မူအပ်သော။ ဓမ္မဉ္စ၊ မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ဟု ဆယ်တန် ထင်ပေါ်တရားတော်မြတ်ကိုဂုဏ်း။ နိရဂ်ံဏံ၊ ရာဂ၊ ဒေါသ၊ မောဟ အင်္ဂ်ကာကင်းစင်ပတော်မူသော။ သံဃဉ္စာပိ၊ ရှစ်ပါးအရိယာ မြတ်သံဃာကိုဂုဏ်း၊ ဝန္ဒေ၊ ဆယ်လက်မြှောက်မိုး ရှိခိုးဦးချပါ၏။

အာစရိယပဏာမ

ပုဗ္ဗာစရိယ သီဟေ စ၊ ဝိသုတာရာမဝါသိနော။
တေပိဋကေပိ ဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

ဝိသုတာရာမဝါသိနော၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ စာချအာရာမ်ဗိမာန်တော်ကြီး၌ စံပျော်ရှင်ပြ သီတင်းသုံးတော်မူခဲ့ကြကုန်သော။ တေပိဋကေပိ၊ ပိဋကတ်သုံးသွယ် ကျမ်းပင်လယ်ကို အလွယ်ကူးခတ်ချပို့တော်မူတတ်သည်လည်းဖြစ်ကုန်သော။ ပုဗ္ဗာစရိယသီဟေ စ၊ မူလတိုက်တာတည် ဒီယဒသီ ကျေးဇူးရှင်ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်၊

၂ ပခုက္ကူအရှင်ကေလာသ

အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်၊ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ် အစရှိကုန်သော ဆရာမြတ်တို့ကိုလည်း။ သုနိဝါ-တေန၊ လွန်စွာနှိမ့်ချ ရိုတုပ်ကွသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ ဝန္ဒာမိ၊ ဆယ်လက်မြှောက်မိုး ရှိခိုးဦးချပါ၏။

ပဋိညာဉ်

ဝံသဂန္ထံ ကရိဿာမိ၊ ဝံသိကာနံ ဟိတာဝဟံ။
ဩလောကေတွာ ဣတိဟာသ-ဂန္ထေ သန္ထေဘိပုစ္ဆိယ။

အဟံ၊ အရှင်ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ ဝန္ဒိတွာ၊ ရတနာသုံးပါး ဆရာသမားတို့ကို လေးစားရိုကြိုး ရှိခိုးဦးချပြီး၍။ ဣတိဟာသဂန္ထေ၊ သာသနာဝင်နှင့်စပ် အရပ်ရပ်သော သမိုင်းဟျမ်းဂန်တို့ကို။ ဩလောကေတွာ၊ သေချာစေ့ငု ကြည့်ရှု၍ငင်း။ သန္ထေ၊ သမိုင်းဆိုင်ရာ လိမ္မာကျွမ်းကျင်ပညာရှင်တို့ကို ။ အဘိပုစ္ဆိယ၊ မေးမြန်း၍ငင်း။ ဝံသိကာနံ၊ သာသနာဝင်ကျမ်း၌ စွဲလမ်းပိုမို သာသနာဝင်ကို သိလိုကြကုန်သောပုဂ္ဂိုလ်တို့၏။ ဟိတာဝဟံ၊ အကျိုးစီးပွားကို ရွက်ဆောင်တတ်သော။ ဝံသဂန္ထံ၊ အမရပူရသာသနာဝင်ကျမ်းကို။ ကရိဿမိ၊ ဂန္ထဓုရကိစ္စလပ်လျား ချိန်အကြား၌ ရေးသားစီရင်ပါအံ့သတည်း။



အမရပူရနန်းမြို့တော်

အမရပူရမြို့သည် အင်းဝမြို့၏မြောက်ဖက် ၆-မိုင်အကွာတွင် တည်ရှိ၍ မန္တလေးမြို့၏ တောင်ဖက် ၇-မိုင်အကွာတွင် တည်ရှိလေသည်။ ယင်းသို့ မန္တလေးမြို့၏တောင်ဖက်၌ တည်သဖြင့် တောင်မြို့ဟု ခေါ်ဝေါ်ကြကုန်၏။ ယခင်က မင်းနေပြည်တော် ဖြစ်ခဲ့သော်လည်း ယခုအခါ မန္တလေးတိုင်း မန္တလေးခရိုင် အတွင်းပါရှိသည့် မြို့နယ်အဆင့်မျှသာ တည်ရှိလေသည်။

သို့ရာတွင် မြို့ပတ်ဝန်းကျင်ရှိ တောင်သမန်အင်း၊ တက်သေးအင်း၊ အောင်ပင်လယ်ကန်၊ မဟာနန္ဒာကန် စသည်တို့ဖြင့်ငင်း တဖက်ကမ်းရှိရာ ရောဝတီမြစ်ပြင်ဖြင့်ငင်း သာယာကြည်နူးဖွယ် ကောင်းလှပေသည်။ ၎င်းမြို့ပြင်၏ စည်ကားကြောင်းဖြစ်သော အစိုးရရုံးအဆောက် အဦးများ အထက်တန်းကျောင်းကြီးများ အလယ်တန်းကျောင်းကြီးများ စသည်တို့ဖြင့် တင့်တင့်တယ်တယ်ရှိလေသည်။ ၎င်းအပြင် အမရပူရမြို့ရှိ ဆောင်းဒါး ရက္ကန်းကျောင်းမှာ ရက္ကန်းပညာ၏ မဏ္ဍိုင်သဖွယ် ယနေ့တိုင်ရှိလေသည်။

သာသနာ့အဆောက်အအုံများ

ထို့ပြင်တဖြာ ဘုရားမြတ်စွာ သာသနာတော်နှင့်စပ်၍ မမေ့နိုင်အောင် အမြဲမပြတ် စိတ်ဝင်စားအပ်သည့် ကျောက်တော်ကြီးဘုရား ပုထိုးတော်ကြီး ဘုရား၊ ဆင်ကြိုး ရွှေဂူဘုရားစသည့် စေတီ, ပုထိုးတို့ဖြင့်လည်းကောင်း ဗားကရာ ကျောင်းတိုက်၊ တူးမောင်းကျောင်းတိုက်၊ မဟာဂန္ဓာရုံကျောင်း တိုက်၊ မဂ်လာရာမတိုက်ဟောင်း၊ မဂ်လာရာမတိုက်သစ် စသည် ရဟန်း တော်တို့ ပျော်စံရာ နေ့ဝါညဝါမပြတ် ချပို့ရာ စာသင်ကျောင်းတိုက်ကြီး တို့ဖြင့်လည်းကောင်း ဗုဒ္ဓဘာသာဝင်သူတော်စဉ်တို့၏ နှလုံးဓာတ် ပီတိအိမ် ကို ဆီထည့်ကာစိမ်သည့်ပမာ လွန်စွာနှစ်သက် အားရဝမ်းသာ ကြည်ညို ခြင်းကို ဖြစ်စေနိုင်လေသည်။

ယခုအခါ အမရပူရမြို့သည် အိမ်ခြေ-၄ထောင်ကျော် ၅ထောင်ခန့် သာရှိလေသည်။ အမရပူရ တနယ်လုံးလူဦးရေမှာ ယောက်ျား ၅၂၂၇၉-ယောက်ရှိ၍ မိန်းမဦးရေမှာ ၅၃၈၆၄-ယောက်ရှိလေသည်။[၁]

၁။ ယင်းစာရင်းမှာ ၁၃၃၅-ခုနှစ်၊ သီတင်းကျွတ်လတွင် အစိုးရထုတ်ပြန်သော သတင်းဖြစ်လေသည်။

အမရပူရမြို့တော်ကိုစတင်တည်ထောင်ခြင်း

ဘိုးတော်မင်းတရားသည် “ **အင်းအိုင်ဝိုက်လည် မြို့ကြီးတည် မြို့မည်အမရ**”[၂] ဟူသည်နှင့်အညီ သက္ကရာဇ် ၁၁၄၄-ခုနှစ် တပို့တွဲ လဆန်း ၇-ရက် အင်္ဂါနေ့ ဥတ္တရာဘရုဏ္ဍိနက္ခတ်မွန်းတည့်မတ်သည့် အချိန်တွင် မြို့တော်၊ ကျုံးတော်၊ ရွှေနန်းတော်၊ ရွှေဂူတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ ကန်တော်ဟူသော ခုနစ်ဌာနကို တပြိုင်နက် တည်လုပ်စေတော်မူခဲ့ပါသည်။ [၃]

အင်းဝနေပြည်တော်မှ အမရပူရနေပြည်တော်သစ်သို့

ယင်းသို့တည်ဆောက်စေ၍ ရွှေဘုံရွှေနန်း၊ ရွှေကြွင်နန်း စသည်တို့ ပြီးမြောက်သည်ဖြစ်သောကြောင့် ဘိုးတော်မင်းတရားသည် သက္ကရာဇ် ၁၁၄၅-ခုနှစ် နယုန်လဆန်း ၁၂-ရက် တနလ်ာနေ့တွင် ရတနာပူရ အင်းဝမြို့တော်မှ အမရပူရနန်းမြို့တော်သစ်သို့ ပြောင်းရွှေ့ စံတော်မူလေသည်။

အမရပူရပြည်တော်ဝင်အစီအစဉ်

ဘိုးတော်မင်းတရားသည် ရတနာသုံးရပ်ကို မပြတ် ဆည်းကပ်ကိုးကွယ်လေ့ရှိသည် ဥပါသကာ ဘုရင်ဖြစ်လေသည်။ ယင်းသို့ ရတနတ္တယမာမက ဥပါသကာဘုရင်ဖြစ်သည့်အလျှောက် ကြီးကျယ်သော ဗုဒ္ဓသာသနာအဆောင်အယောင်အခမ်းအနားဖြင့် အမရပူရနန်းမြို့တော်သို့ ဝင်ကြွစံနေတော်မူလေသည်။

ရှေးဦးစွာ ပိဋကတ်တော်များကို တိုးရပ်ရွှေဖောင်တော်တွင် တင်တော်မူ၍ ရတနာ ရွှေဖောင်တော် ရှေ့ကထားတော်မူလေသည်။ “**ဂုဏာဘိ အနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု**” ဘွဲ့တံဆိပ်တော်ရ မင်းအို ဆရာတော် အရှင်ဂုဏာသီရိ၊ “ **ဂုဏာမုနိန္ဒာဓိပတိ ပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု**” ဘွဲ့တံတော်ရ မန်လည်ဆရာတော် အရှင်ဂုဏာ “**နရိန္ဒာဘိ သီရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု**” ဘွဲ့တံဆိပ်တော်ရ

၂။ မုံရွေးဆရာတော် ရာဇဝင်သံပေါက်။
၃။ ကုန်းဘောင်ဆက်၊ ၁၊ ၃၉၂။

ဆုံထားဆရာတော် အရှင်နန္ဒမာလာ (အရှင်နန္ဒာဘိဓဇ)၊ "**ဉာဏဇမ္ဗုဒီပ အနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု**" ဘွဲ့တံဆိပ်တော်ရ မင်းရွာ ဆရာတော် အရှင်ဇာဂရ- ဟူသော ဆရာတော်ကြီး လေးပါးတို့သည် ပိဋကတ်တော်များ တင်ဆောင်သည့် ရွှေဖောင်တော်တွင် ပိဋကတ်တော်များကို ကြပ်မ၍ လိုက်ပါတော်မူကြရကုန်၏။

ဘဝရှင်မင်းတရားကြီးသည်မူကား ကရဝိတ်ငှက် ပတ္တမြား ရှင်ကိုငုံ၍ပျံဟန် ဘုံအဆင့် ၁၁-ဆင့်ရှိသော ရွှေဖောင်တော်ကြီးဝယ် ထီးဖြူတော်ကနက္ကဒါန်ဖြန့်၍ အရှင်မိဖုရားခေါင်ကြီးနှင့်တကွ မင်းမိဖုရား,သားတော်ညီတော်,ဆွေတော်မျိုးတော်၊ မှူးတော်,မတ်တော် ဗိုလ်မှူး,တပ်မှူး,သူရဲ,သူခက် အပေါင်းခြံရံလျက် သိကြားမင်း၏ ကြက်သရေအလား ထူးခြားလှသော ကြက်သရေဖြင့် အမရပူရမြို့တော်သို့ ပြောင်းရွှေ့ကြွချီ တော်မူခဲ့လေသည်။

အမရပူရနန်းမြို့တော်သစ်သို့ ရောက်တော်မူလေလျှင် မြို့တော်အနောက် ဓာတ်နန်းစံတော်မူ၍ နယုန်လဆန်း ၁၃-ရက် အဂါနေ့တွင် မဟာသင်္ကြန်ခေါ်တော်မူပြီးလျှင် နယုန်လဆုတ် ၁-ရက် သောကြာနေ့တွင် ရွှေမြို့တော်သို့ ဝင်တော်မူ၍ နန်းမြို့တော်အတွင်း ထွန်းတောက်နန်းတော်မှာ စံတော်မူလေသည်။

နယုန်လဆုတ် ၂-ရက် စနေ့နေ့တွင် သိကြားရေစင် ခံတော်မူ၍ ထိုနေ့မှာပင် ရာဇာဘိသိက် ခံတော်မူလေသည်။ ယင်းသည် နယုန်လဆုတ် ၂-ရက်နေ့မှာပင် ရွှေနန်းတော်ကို လက်ျာရစ်လှည့်တော် မူပြီးလျှင် တက်သိမ်းတော်မူလေသည်။

နယုန်လဆုတ် ၈-ရက် သောကြာနေ့တွင် မဟာဥကင်သဖွင့်တော်မူ၍ " သီရိပဝရ တိလောကပဏ္ဍိတ မဟာဓမ္မရာဇာ" ဟူသော တံဆိပ်နာမံတော်ကို ခံတော်မူလေသည်။ ၁၁၄၆-ခု နယုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် မုဒ္ဓါဘိသိက်ခံတော်မူလေသည်။ [၁]

၁။ ကုန်းဘောင်ဆက်၊၁။ ၃၉၄-၅။

၁၁၄၆–ခုနှစ်၊ နယုန်လဆုတ် ၁–ရက် ကြာသပတေး နေ့တွင် မဟာဥကင်သဖွင့်တော်မူပြန်၍ ''သီရိပဝရ ဝိဇယာနန္တယသ တြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ'' ဟူသော နာမံတော်ကို ခံတော်မူလေသည်။

ဆရာတော်များအား ကျောင်းတိုက်များလှူဒါန်းခြင်း

ဘိုးတော်မင်းတရားသည် အမရပူရမြို့တော်သစ်၌ သာသနာပြုတော်မူကြမည့် ကျမ်းဂန်တတ် သီလဝန္တ သိက္ခာကာမဂုဏ် ရှိတော်မူကြ၍ မင်းဆရာဖြစ်ထိုက်သော ဆရာတော်များအား ကျောင်းတိုက် ကြီးများကို ကိုယ်တိုင်အခမ်းအနားဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့လေသည်။

အောင်မြေဘုံကျော် ကျောင်းတိုက်
မင်းအိုဆရာတော်အားတင်လှူ

အမရပူရရွှေမြို့တော် တည်သည်နှင့်တပြိုင်နက် တချက် တည်းပန္နက်ချ၍ တည်ဆောက်အပ်ကုန်သော ကျောင်းတိုက်ကြီးလေးရပ် တို့တွင် ပါဝင်သော နန်းမတော်အရှင်မိဖုရားခေါင်ကြီး ဆောက်လုပ်အပ်သော တံတိုင်း မီးတားနှင့်တကွ ကျောင်းရံတစ်ဆယ်ရှိ သုံးထပ်ယွန်းနှစ်ဆင့် ဇေတဝန်ကျောင်းတော်ကို ''**အောင်မြေဘုံကျော်ကျောင်း**''ဟု သမုတ်ပညတ်သတ်မှတ်တော်မူ၍ သက္ကရာဇ်၁၁၄၇–ခုနှစ် ဝါဆိုလဆန်း ၆–ရက် ဗုဒ္ဓဟူးနေ့တွင် အရညဝါသီ၊ ဂါမသီ ရဟန်းသံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့် ရဟန်းတို့ အသုံးအဆောင်များစွာတို့ကို လှူဒါန်း တော်မူပြီးလျှင် ''**ဂုဏာဘိ အနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု**'' ဘွဲ့တံဆိပ်တော်ရ မင်းအိုဆရာတော် အရှင်ဂုဏသီရိအား တင်လှူတော်မူလေသည်။ [၁]

ဂုဏာသီရိဝှထေရဿ၊ အောင်မြေဘုံကျော်သနာမကံ။
ဝိဟာရံ သော နိယျာတေသိ၊ ဘိုးတော်ရာဇာ သုဗုဒ္ဓိမာ။

၂။ ကုန်းဘောင်ဆက်၊ ၂။၅၂။

မင်္ဂလာစံလွတ်ကျောင်း မင်းရွှာဆရာတော်အားတင်လှူ

ရွှေမြို့တော်မြောက်ဘက်တွင် အလယ်နှန်းရှင်မိဖုရား ဆောက်လုပ်သည့် တံတိုင်းမီးတားနှင့်တကွ ကျောင်းရံတဆယ်ရှိ လေးထပ် ဖောတဝန် ကျောင်းတော်ကို "**မင်္ဂလာစံလွတ်**" သမုတ် ပညတ်တော်မူပြီးလျှင် ၁၁၄၉-ခု တပေါင်းလဆန်း ၆-ရက်နေ့တွင် အရည်ဝါသီ၊ ဂါမဝါသီ ထေရ်သံဃာတော်တို့အား ပရိက္ခရာရှစ်ပါးစသော များစွာသောအသုံးအဆောင်များကို လှူဒါန်းတော်မူ၍ " ဉာဏဇမ္ဗုဒီပ အနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းရွှာဆရာတော် အရှင်ဇာဂရအား တင်လှူတော်မူခဲ့လေသည်။

ဘဒန္တဇာဂရသာပိ၊ နိစ္စံ ဇာဂရသီလိနော။
မင်္ဂလာစံလွတ်အာရာမံ၊ အပ္ပေသိ အပ္ပနေ ဝိဒူ။

အသောကာရာမတိုက် အရှင်ဉာဏာဘိဝံသအား တင်လှူ

၁၁၄၇-ခုနှစ် ဝါဆိုလဆုတ် ၅-ရက်နေ့တွင် စတင် ဆောက်လုပ်သည့် အသောကာရာမ ကျောင်းတိုက်ကြီးပြီးစီးသဖြင့် ၁၁၅၁-ခုနှစ် တပေါင်းလဆန်း ၁၄-ရက် စနေနေ့တွင် ကျောင်းတော်ကို "**ရတနာဘုံကျော်**"သမုတ်တော်မူ၍ အရည်ဝါသီ၊ ဂါမဝါသီရဟန်းသံဃာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းကော်တို့၏ အသုံးအဆောင်ပရိက္ခရာများ တင်လှူတော်မူ၍ " ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"မောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသအား တင်လှူတော်မူလေသည်။[၁]

ဉာဏာဘိဝံသနာမဿ၊ ထေရဿ တိက္ခဉာဏိနော။
အဒါ အသောကအာရာမံ၊ ရာဇာ ဓမ္မသု သဏ္ဌိတော။

၁။ ကုန်းဘောင်ဆက်၊ ၂။၅၅။
– မန္တလေးပြို့ မဟာမြတ်မုနိဘုရားတောင်ဘက်ရှိ အသောကာရာမကျောင်းတိုက်ကြီးတည်း။

စံကျောင်းတော်ကို အရှင်ဉာဏာဘိဝံသအားပင့်လှူ

သက္ကရာဇ် ၁၁၅၂-ခုနှစ် နတ်တော်လဆန်း၁၅ရက် တနင်္ဂနွေနေ့တွင် ဆင်ကြိုးရွှေဂူဘုရား အရှေ့တောင်ဖက်ယွန်း ပိဋကတ်တိုက်တော်၊ မဟာမုနိအရှေ့တောင်ဖက်ယွန်းတွင် ယင်းတော်မိဖုရား ဆောက်လုပ်သည့် သိမ်ပြာသာဒ်၊ ဆင်ကြိုးရွှေဂူဘုရား တံတိုင်းအတွင်း လှိုင်းတက်မိဖုရား ဆောက်လုပ်သည့် သိမ်ဇရပ်၊ ဘုရားဦးရွှေဇရပ်တို့ကို ရေစက်သွန်းချ၍ ဆင်ကြိုးရွှေဂူဘုရားတောင်တွင် မြောက်ရွှေရေးဆောင် မိဖုရား ဆောက်လုပ်သည့် သုံးထပ် ဇေတဝန်ကျောင်းတော်များ ဆောက်လုပ်ပြီးမြောက်သဖြင့် ကျောင်းတော်ကို ''စံကျောင်းတော်'' အမည်မှည့်တော်မူပြီး အရည်ဝါသီ၊ ဂါမဝါသီသံဃာတော်အရှင် မြတ်တို့အား ပရိက္ခရာရှစ်ပါး နှင့်တကွ ရဟန်းတို့၏ အသုံးအဆောင်များလှူဒါန်းတော်မူပြီးလျှင် စံကျောင်းတော်ကို ''ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရံ မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသအား တင်လှူတော်မူခဲ့လေသည်။ ပိဋကတ်တိုက်တော်၊ သိမ်ပြာသာဒ်စသော ဇရပ်တော်များကိုလည်း မင်းတရားကိုယ်တိုင် ရေစက်သွန်းချတော်မူလေသည်။[၁]

သုဒေဝိယာ ကာရိတမ္ပိ၊ စံကျောင်းဝှိဟာရံ သုဘံ။
ဘဒ္ဒန္တဉာဏာဘိဝံသ-ထေရဿဝ နိယျာတယိ။

၁။ ကုန်းဘောင်ဆက်၊ ၂။၆၄

ဘုံသာဝေယန်ကျောင်းတိုက်
မန်လည်ဘုရားတော်အားတင်လှူ

သက္ကရာဇ် ၁၁၅၃-ခု နဟ်တော်လဆန်း ၁၂ရက် ဗုဒ္ဓဟူးနေ့တွင် အမရပူရနန်းမြို့တော် အရှေ့တောင်ယွန်းတွင် သမီးတော် ကဇ္ဇနီမြို့စား မင်းသမီးဆောက်လုပ်သည့် လေးထပ် ဖောတဝန်ကျောင်းတော်ကို "**ဘုံသာဝေယန်**" ကမ္မည်းတပ်စေတော်မူ၍ " ဂုဏာမုနိန္ဒာဓိပတိ ပဝရ သာမိ မဟာဓမ္မရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မန်လည် ဆရာတော် အရှင်ဂုဏာမဟာထေရ်အား ဘိုးဟော်မင်းတရား၊ကိုယ်တိုင် ရေစက်သွန်းချ တင်လှူတော်မူလေသည်။ [၁]

ဂုဏာသ ဂုဏာဝန္တာသ၊ ထေရသာပိ ယာသသီနော။
ဘုံသာဝေယန်ဝှ အာရာမံ၊ အဒါသိ ဝိတမစ္ဆရော။

မင်္ဂလာဝေယန်ကျောင်း ဆုံထားဆရာတော်အားတင်လှူ

အမရပူရရွှေမြို့တော် အနောက်တောင်ယွန်းတွင် သားတော် အိမ်ရှေ့မင်း၊ သမီးတော် အိမ်ရှေ့ဖိဖုရားတို့ဆောက်လုပ်သည့် လေးထပ် ဖောတဝန်ကျောင်းတော်ကို "**မင်္ဂလာဝေယန်**"ဟု သမုတ်တော်မူ၍ "နရိန္ဒာဘိ သိရိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆုံထား ဆရာတော်[၂] အရှင်နန္ဒမာလာအား တင်လှူတော်မူခဲ့လေသည်။

နန္ဒမာလာဘိဓာနဿ၊ ထေရဿ နန္ဒသီလိနော။
မင်္ဂလာဝေယန်ဝှဝိဟာရံ၊ အဒါ ပုညဂုဏာရတော။

၁။ ကုန်းဘောင်ဆက်၊ ၂။ ၆၅။
၂။ ပိုက်သင်ဆရာတော်။

မင်္ဂလာဘုံကျောက်ကျောင်းတိုက်
ညောင်ကန်အရှင်ကဝိန္ဒအားလှူ၊

မဟာမြတ်မုနိမြတ်စွာဘုရားအရှေ့ဘက်တွင် မြောက်နှန်းမတော်မိဖုရားက တည်ဆောက်လုပ်သည့် လေးထပ် ဇေတဝန်ကျောင်းတော်လုပ်ဆောင်ပြီးပြေလရာ ၁၁၅၃-ခုနှစ် ပြာသိုလဆန်း ၁၀-ရက်နေ့တွင် "မင်္ဂလာဘုံကျော်" အမည်သတ်မှတ်စေတော်မူ၍ "ကဝိန္ဒာဘိဓမ္မဓရမဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ညောင်ကန် ဆရာတော် အရှင်ကဝိန္ဒအား တင်လှူတော်မူလေသည်။

ကဝိန္ဒထေရသေဋ္ဌဿ၊ တိပေဋကသုဝိညူနော။
အဒါ ဘုံကျော်ဝှအာရာမံ၊ ဝဒညူ ဝိတမစ္ဆရော။

ဗိမာန်ဘုံကျော် ကျောင်းတိုက်
အရှင်သာရဓဇအားလှူ၊

မဟာမြတ်မုနိဘုရား အရှေ့မြောက်ယွန်းတွင် ဆောက်လုပ်စေအပ်သော ကျောင်းဦး ပြဿဒ်နှစ်ဆောင်နှင့်တကွ လေးထပ်ဇေတဝန်ကျောင်းတော်ကို ၁၁၅၃-ခုနှစ် ပြာသိုလဆန်း ၁၁ရက်နေ့တွင် "ဗိမာန်ဘုံကျော်" အမည်တင်စေ၍ ချောင်းကောက်ဆရာတော် အရှင်သာရဓဇအား တင်လှူတော်မူခဲ့လေသည်။ ယင်းဗိမာန်ဘုံကျော်ကျောင်းတိုက်ကား ယခုအခါ မန္တလေးမြို့တောင်ပြင်၌ ထင်ရှားသော မဟာဓမ္မိကာရာမ (ကုသိနာရုံ)ကျောင်းတိုက်ကြီးဖြစ်လေသည်။

ဗိမာန်ဘုံကျော် ဝိဟာရံ စ၊ သာရဓဇသုဝိညူနော။
ပူဇယိ ဘိုးတော်ဘူပါလော၊ သာသနဋ္ဌိတိမာနသော။

ဝေယန်စံလွတ်ကျောင်းတိုက်
အရှင်ဩဘာသဓမ္မအားတင်လှူ

မဟာမြတ်မုနိဘုရား အနောက်မြောက်ယွန်းတွင် တောင်ရွှေရေးဆောင် မိဖုရားဆောက်လုပ်သည့် သုံးထပ်ဇောတဝန် ကျောင်းတော်ကို "ဝေယန်စံလွတ်" အမည်တပ်၍ ၁၁၅၃-ခု ပြာသိုလဆန်း ၁၁-ရက်နေ့မှာပင် အရှင်ဩဘာသဓမ္မထေရ်အား တင်လှူတော်မူခဲ့လေသည်။ ယင်းကျောင်းတိုက်ကား ယခုအခါ ရွှေရေးဆောင် ကျောင်းတိုက်ဟု ထင်ရှားသည့် ကျောင်းတိုက်ပင်ဖြစ်လေသည်။

ဩဘာသဓမ္မ နာမသဿ၊ ဓမ္မောဘာသ သုကာမိနော။
ဝေယန်စံလွတ် သုအာရာမံ၊ ရာဇာ နိယျာတိ သော သုခီ။

ဘိုးတော်မင်းတရားသည် အင်းဝမြို့တော်ဟောင်းမှ ကျောင်းတိုက်များစွာတို့ကိုလည်း အမရပူရမြို့တော်သို့ ရွှေ့ပြောင်း ဆောက်လုပ်စေတော်မူလေသည်။

ဤသို့စသည်ဖြင့် ဘိုးတော်မင်းတရားသည် မိမိစံတော်မူရာဖြစ်သည့် အမရပူရ နန်းမြို့တော်ကို ရှေးယခင်က သာသနာထွန်းကားခဲ့သည့် မဇ္ဈိမဒေသရှိ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ပါဋလိပုတ်အစရှိသော မြို့တို့ကဲ့သို့လည်းကောင်း၊ သီဟိုဠ်ကျွန်း၌ ထင်ရှားခဲ့သည့် အနုရာဓမြို့၊ ပုလတ္ထိမြို့ ကန္ဒီမြို့စသည်တို့ကဲ့သို့လည်းကောင်း ကျောင်းကန်ဘုရား စေတီပုထိုးအမျိုးမျိုးတို့ဖြင့် တယ်တယ်အောင် တည်ထောင်ဆောက်လုပ်၍ လှူဒါန်းတော်မူခဲ့လေသည်။

ကျယ်ဝန်းစည်ကားခဲ့ လူဦးရေ ၂-သိန်းခန့်နေထိုင်ခဲ့

အမရပူရနန်းမြို့တော်သည် ကျယ်ဝန်းစည်ကားလှသည့် မြို့တော်ဖြစ်လေသည်။ မန္တလေးမြို့ ဘုရားကြီးမြောက်ရွာသစ်မှ ရှမ်းပွဲရပ်၊ ရွှေဘုန်းဂိုဏ်ရပ်၊ လှေတန်းရပ် မြေအားလုံးသည် ဘိုးတော်မင်းတရား၏ အမရပူရမြို့တော်အတွင်း မြောက်ပြင်ဌာန ရပ်ကွက်များတွင် ပါဝင်သည့် ရပ်ကွက်များ

ဖြစ်ကုန်၏။ အမရပူရမြို့ မည်မျှကျယ်သည်ကို သုတေသီ မှန်းဆနိုင်ပေသည်။ ဘိုးတော်မင်းတရားလက်ထက်တွင် လူဦးရေ ၂-သိန်းခန့်ရှိကြောင်းလည်း ဆိုကြကုန်၏။

သံဃာတော် ၂၀၀၀-ကျော် ၃၀၀၀ခန့်

အမရပူရမြို့တော်စည်ပင်စဉ်က သံဃာတော် ၂၀၀၀-ကျော် ၃၀၀၀ ခန့် သီတင်းသုံးတော်မူ၍ နေ့ဝါညဝါစာဝါများကို သင်ယူ ချပို့တော်မူခဲ့ကြကုန်၏။ အမရပူရမြို့တော်ကို စာဆိုတော်တို့ အမျိုးမျိုး စာဖွဲ့ကြကုန်၏။ အောက်ပါသီချင်းခံမှာ ထူးမခြားနားသို့ လိုက်သော အမရပူရမြို့တော် သီချင်းခံဖြစ်လေသည်။

အမရပူရမြို့တော်ချီး သီချင်းခံ

ဇောင်းကလောအင်း စိမ်းရေကြည်ဆင်း ကြာစုံမြိုင်လန်း သင်းလို့ ဝင်းဝါ ဟင်းသာဌက်စုံ ပျော်လို့၊ များမဝေးဘူး လယ်တာတည့် စိမ်းစိုစိုု။ မိုးနတ်သားမင်း ထွန်းတေဇာ လိုရာရွက်ရင်း သွားခြင်းတင့်စွာ မည်မှန်းသောင် မြစ်ကမ်းဇရာ ရံခါစီခင်း၊ အိုင်းကြားရေအေးစီ ။ ။ ပြိုင်ပြိုပြိုင်ပြိုလှိုင်ညီသည့်တက်သေး အင်းများကောင်းခြင်း၊ ပယ်နယ်ကျယ်ဝင်းအောင်ပင်လယ်ကန် ခြယ်မြောင်စိမံ၊ ဝန်းရံနှင်းရံ စံထား နတ်ရွှေဘုံဖျားတာဝတိံသာ ယိုးမှားအံ့ရာ၊ ရွှေပြည်ကြီးအောင်ချာ၊ သာယာပြာဝ ချမ်းအေးချမ်းအေး ကြည်လင်ကြည်လင်၊ မှောင်ဆင်၊ ရောင်တင်၊ အောင်မြင်၊ ပြီးခွင့်၊ သင့်ရာတင့်စွာ တင့်ကာမြင့်ကာ ကျုံးမြောင်း၊ နန်းမြို့ကြီးဝန်းလျား ဖွယ်ရာကျယ်စွာ မော်ယွန်း မော်ကွန်းပြဒါရာ အောင်ချာမှန်ကင်း မင်းစံရွှေနန်း တည်း ဇာနည်တိမ်ပေါ် ဘိုးတော်မြတ်စိုးမြန်းဦး၊ ဘုန်းတန်ဖြူး၊ ရွှေထိုက်ရွယ်လူး၊ ဆက်စံရွှေတောင်၊ မင်းမင်းအခေါင်၊ ထွန်းပြောင်အရောင်ထိန်ဝင်း၊ နန်းရွှေဘုံတွင်း၊ သဇ္ဇာလီခင်း၊ ရွယ်လင်းဦးကင်၊ ရာဇာပလ္လင် စံရွှင်ချမ်းမြေ့၊ ငြိမ်းအေးသာကြည်၊ ရာပြည်ရာပြည် ရာပြည့်ဦးချ၊ မြတ်မှန်မြတ်ကြွန်၊ ဆဒ္ဒန်ရပိုင်ပိုင်။ ။ ဖြူမိုးဖြန့်ရှစ်ဆူ ပိုင်သည်ကိုလေး ပျော်စံစား သိကြားနှင့် နတ်ရည်ပြိုင်။[၁]

၁။ မဟာဂီတပေါင်းချုပ် ၇၅။

ဖော်ပြပါ အမရပူရနန်းမြို့တော်တည် ဘိုးတော်မင်းတရားနှင့် စပ်ဆိုသည့် အောက်ပါတေး ထပ်ကိုလည်း တွေ့ရလေသည်။ သုတေသီတို့ အလွယ်တကူဖတ်ရှု၍ ဗဟုသုတဆည်းပူးနိုင်ရန် ဤ၌ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

အမရပူရမြို့တည် ဘိုးတော်မင်းတရားဘွဲ့တေးထပ်

ရွှေသမ္ဘာ တေဇာဖြိုး၊ ဘိုးတော်ဘိုးရာဇိန္ဒာ။
နန်းနေညွန့်ထိပ်ချာဝယ်၊ ရွှေနားနာသာဆုံး ။
ဥဩလှည့်လှည်သည်။ အမရပြည်တည် သိုက်ရဖုန်း။
ထက်အောက်ကယ်ညာကြေသည်၊ ရေမြေရှင့်ပတ်လုံး။
သောင်းဇမ္ဗူဖြန့်ယူကျုံးလို့၊ ရွှေဘုန်းတော်ပုံ့ကြွ ။
ရခိုင်ပြည်တဆူထူး။ ဘေးတော်ဦး ပင့်ဆောင်တော်မူ။
ရာထီးထီးထွတ်မှန်ကူငယ်၊ ဆဒ္ဒန်ဖြူပြောင်နာဂလိုတဲ့၊
မိုးဒေဝရွှေကွန်ဒှာ၊ နှင်းဆက်သလာ၊
သတ်တီသနန်းစံကြာသည်။ ရွှေအာဏာ တောက်ပါဘိလေး။[၁]

ဉာဏာဘိဝံသ ဓမ္မသေနာပတိ မောင်းထောင်သာသနာပိုင် ဆရာတော်ကလည်း အမရပူရမြို့တော်၏ မန္တလေး(မဏ္ဍာလေး)တောင်အနီးတည်ရှိပုံ ဇရာဝတီမြစ်ကိုမှီပုံ၊ လူမျိုးပေါင်းစုံ နေထိုင်ရာဖြစ်ခဲ့ပုံ၊ ရွှေရောင်တလျှပ်လျှပ် လင်းလက်နေသည့် ပြာသာဒ်ကြီးငယ်တို့ဖြင့် တန်ဆာဆင်ထားပုံကို အောက်ပါအတိုင်း နှစ်ဂါထာဖြင့် သီလကွန်ဋီကာသစ်ကျမ်းနိဂုံး (၄၃၆)၌။

ဇမ္ဗုဒီပတလေ ရမ္မေ၊ မရမ္မဝိသယေ အကာ။
တမ္ဗဒီပရဋ္ဌေ၊ ပုရံ၊ အမရပူရနာမကံ။
မဏ္ဍလာစလသာမန္တံ၊ ဇရာဝတီနဒီသိတံ။
နာနာဇနာနုမာဝါသံ၊ ဟေမပါသာဒလင်္ကတံ။

ဟူသော ၂-ဂါထာဖြင့် ဖွဲ့ဆိုတော်မူခဲ့လေသည်။

၁။ မဟာဂီတပေါင်းချုပ် ၅၆။

ကျောက်တော်ကြီးဘုရား

ကျောက်တော်ကြီးဘုရားသည် အမရပူရမြို့ တောင်သမန်ရွာအနီးတွင် တည်ရှိလေသည်။ ပုဂံမြို့ ကျန်စစ်မင်း၏ကောင်းမှုတော် အာနန္ဒာဘုရား ဂန္ဓကုဋီတိုက်တော်နှင့်တူသော ကျယ်ဝန်းခမ်းနား လှသော ဂန္ဓကုဋီတိုက်တော်ကြီး၌ ကျောက်တော်ကြီး ရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူလျက်ရှိပေသည်။ ယင်းရုပ်ပွား တော်ကြီးမှာ ကြည်ညိုဖွယ် ကောင်းလှပေသည်။ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၍ မဟာပထဝီ မြေကြီးကို တိုင်တည် နေဟန် ဘူမိဖဿမုဒြာပုံတော်ဖြစ်လေသည်။ ယင်းဆင်းတုတော် ကြီး၌ ရွှေဆင်းတုတော် ၁၂-ဆူ၊ ငွေဆင်းတုတော် ၃၅၈-ဆူတို့နှင့် ဘုရားရှင် ဓာတ်တော် မွေတော်များစွာတို့ကို ဌာပနာ၍တည်ထားခဲ့လေသည်။

ဘုရားပရိဝုဏ်အတွင်း တနင်္ဂနွေထောင့်တွင် ဖိနပ်တော် နှင့်ကပ်လျက် မဟာသက္ကရံသီဟူသော စာတမ်း ရေးထားသည့် ကျောက်စာရှိလေသည်။ မဟာရံတံတိုင်းမြောက်ဖက်တွင် အရှေ့အနောက် အတောင် ၂၀၊ တောင်မြောက် ၁၀-တောင်ရှိ ခြေတော်ရာ တိုက်ပျက်တည်ရှိလေသည်။ ခြေတော်ရာမှာ ဘုရား၏ အာရုဏ်ခံ တနင်္ဂနွေထောင့်၌ ပင့်ဆောင်ထားပြီးဖြစ်လေသည်။ ဘုရားအာရုဏ်ခံအတွင်း၌ ရဟန္တာရုပ်ထုတော် ၈၀-ကျော်တို့ကိုလည်း ဖူးမြင်နိုင်လေသည်။

ယင်း၏ ဂန္ဓကုဋီအုတ်တိုက်တော်ကြီးနှင့် ဆင်းတုတော်ကြီးမှာ မြန်မာလက်ရာအစစ် ဖြစ်လေရာ လွန်စွာမှ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ မုခ် ၄-မုခ်တွင် ရေးခြယ်ထားသော ပန်းချီကား အများအပြားရှိလေသည်။ ယင်းတို့မှာ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ ပခန်း၊ ပြည်၊ ရန်ကုန်မြို့များရှိ ပုဂံမင်း၏ ကောင်းမှုတော် ပန်းချီကားများဖြစ်ကုန်၏။ ယင်းပန်းချီကားဖြင့် ထိုစဉ်က ဆင်ယင်ထုံးဖွဲ့မှုကို သိနိုင်လေသည်။

သမိုင်းအကျဉ်း

သက္ကရာဇ် ၁၂၁၁–ခုနှစ် နယုန်လဆန်း ၁၅–ရက်နေ့မှစ၍ ရတနာပူရအင်းဝမြို့တွင် မဟာသကျရံသီမြတ်စွာဘုရား ကိန်းဝပ်တော်မူသည့် အုင်္ဂပြာသာဒ်တော် ပြိုပျက်လေရာ ပုဂံမင်းတရားသည် ကျောက်မော်မြို့စား ဝန်ကြီးသတိုးမင်းကြီး မဟာမင်းလှသူ ပန်းပဲဝန်အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှကျော်သူတို့တို့ လှေအမှူထမ်းလူ ၃၀၀၀–ပေးအပ်၍ ပင့်ဆောင်စေလေရာ ၃–ရက်နှင့် မုတ္တမ တံခါးပြင် ဘုရားပင့်ဆောင်ရန် ဖောင်ပေါ်သို့ရောက်လေသည်။ ယင်း ၁၂၁၁–ခုနှစ် ဝါဆိုလဆုတ်၆–ရက်နေ့တွင် ဆရာတော်သံဃာတော်တို့ကို သမ္မာန်တော်များပေါ်တွင် ပင့်ဆောင်၍ ရှေးဦးစွာကြွနှင့် စေပြီးလျှင် ပုဂံမင်းတရားသည် ဖောင်တော်, လှေတော်, သမ္မန်တော်များနှင့် မင်းညီမင်းသားမှူးတော်မတ်တော်တို့ ခြံရံ၍ ထွက်တော်မူပြီးလျှင် ဘုရားတင်ဖောင်ပြာသာဒ်ကို မီးသင်္ဘောနှင့် ဆွဲစေ၍ ပင့်ဆောင်၍ မိမိစံရာ အမရပူရနန်းမြို့တော်၌ တည်ထားကိုးကွယ်တော်မူခဲ့လေသည်။[၁]

အမရပူရကျောက်တော်ကြီးဘုရားသို့ ရောက်ရှိသော ဗုဒ္ဓဘာသာဝင် သူတော်စင်ပုဂ္ဂိုလ်သည် သက်တော်ထင်ရှားမြတ်စွာဘုရား၏ ဂုဏ်တော်များ၊ လက္ခဏာတော်ကြီး ၃၂–ပါး၊ လက္ခဏာတော်ငယ် ၈၀၊ ၁၀၈–ကွက် စက်လက္ခဏာတို့ကို ထင်မြင်အောင် အာရုံပြု၍ အောက်ပါဂါထာဖြင့် ဖူးမြော်ရာသည်။

၁။ ကုန်းဘောင်ဆက်၊ ၂။၆၄။

ကျောက်တော်ကြီးဘုရားရှိခိုး

သဇီဝဗုဒ္ဓံ ဥဒ္ဒိဿ၊ ကျောက်တော်ကြီး ပဋိမံ သုဘံ။
အနေကဓာတု သံယုတ္တံ၊ နမာမိ သိရသာဒရံ။

အဟံ၊ ကျွန်ုပ်သည်။ သဇီဝဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာ ဘုရားကို၊ ဥဒ္ဒိဿ၊ရည်ရော်မှန်းဆ၍။ အနေကဓာတု သံယုတ္တံ ၊များစွာသော ဓာတ်တော်မွေတော်တို့နှင့် ယှဉ်သော။ သုဘံ၊ သက်တော်ထင်ရှား ဘုရားရှင် ပမာ လွန်စွာတင့်တယ်တော်မူသော။ ကျောက်တော်ကြီး ပဋိမံ ၊ကျောက်တော်ကြီး ဆင်းတုတော်မြတ်ဘုရားကို။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အဂီါဖြင့်။ အာဒရံ၊ လေးမြတ်ကြည်ညို ရိုသေလှစွာ။ နမာမိ၊ ခြေ,လက်,နဖူး,တတောင်,ဒူးဟု ငါးဦးတည်ရိုး ကော်ရော်မျိုးဖြင့် ရှိခိုး ဦးချပါ၏။



ရွှေကြက်ယက် ရွှေကြက်ကျဘုရားများ

ရွှေကြက်ယက် ရွှေကြက်ကျစေတီများမှာ အမရပူရမြို့နယ် ရောဝတီမြစ်အရှေ့ဖက်ကမ်း ရွှေကြက်ယက်ရွာ မြစ်ကမ်းနဖူးပေါ် တွင် တည်ရှိလေသည်။ ယင်းရွှေကြက်ယက် ရွှေကြက်ကျဘုရား နှစ်ဆူကို တဆူနှင့်တဆူ မလှမ်းမကမ်းရှိ ကျောက်တောင်တစ်လုံးစီပေါ်တွင် ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်လေသည်။

ရွှေကြက်ယက် ရွှေကြက်ကျဘုရား၏ ပတ်ဝန်းကျင် အရပ်ဒေသ သည် သာယာကြည်နူးဖွယ် ကောင်းသော ရှုမျှော်ခင်းများဖြင့် ဝန်းရံလျက် ရှိပြီး စိတ်၏အပန်းပြေမှုကို ရစေနိုင်လေသည်။ ဘုရားကုန်းတော်ပေါ်ကနေ ကြည့်ရှုပါက ရေယဉ်ဝိုင်းနေသော စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတံတား၏အလှ အင်းဝမြို့ဟောင်း၏ တင့်တယ်ပုံ တို့ကို ထင်လင်းစွာရှုမြင်နိုင်လေသည်။ ၎င်းပြင် မြစိမ်းရောင်ထနေသော စစ်ကိုင်းတောင်ရိုးပေါ်က စေတီ ပုထိုး အစီအရီကို ကြည်နူးဖွယ်ဖူး မြင်နိုင်လေသည်။ ဘုရားအနီးတွင် နတ်ကွန်း များ၊ ကျောက်စာများ တည်ရှိကုန်၏။

သမိုင်းအကျဉ်း

" နိမ့်တုံမြင့်တုံ ဝဋ်ဧတေးဘုံ" ဟူသည့်အတိုင်း ဘုရားအလောင်းတော်သည် ဟိမဝန္တာတော၌ ကြက်မင်းဖြစ်တော်မူခဲ့လေသည်။ ယင်းသို့ ကြက်မင်းဖြစ်တော်မူစဉ် ဗာရာဏသီ တိုင်းပြည်သခင် ဘုရင်မင်းတရား၏ မိဖုရားက တရားတော်ကို နာလိုသဖြင့် မုဆိုးတို့ကို ဖမ်းစေရာမှ ကြက်မင်းသည် ပုံသန်း ထွက်ပြေးတော်မူလာခဲ့ပြီး ဇရာဝတီမြစ်ကမ်းအနီးရှိ မန္တာဂိရိတောင်ထိပ်၊ နဂါးရစ်တောင်ထိပ်တို့၌ ခိုလှုံကျသောကြောင့်လည်းကောင်း၊ ကြက်တို့ ဘာသာဘာဝ ယက်၍အစာရှာစားသောက်ရာ ဖြစ်သောကြောင့်လည်းကောင်း၊ ယင်းတောင်တို့သည် ရွှေကြက်ယက် ရွှေကြက်ကျဟု အမည်တွင်ကုန်၏။

ယင်းတောင်ငယ်၂-လုံးပေါ်တွင် သာသနာသက္ကရာဇ် ၂၁၈-ခုနှစ်တွင် အိန္ဒိယနိုင်ငံ ပါဋလိပုတ် နန်းမြို့တော်တွင် အာဘိသိက်ခံ နန်းတက်မင်းပြုတော်မူသော သီရိဓမ္မာသောကမင်းကြီးသည် ဘုရားရှင် ဓာတ်တော်များ ဌာပနာ၍ စေတီတော်များ တည်ထားကိုးကွယ်တော် မူခဲ့လေသည်။

ရွှေကြက်ယက် ရွှေကြက်ကျ သခ်ါ၊ ထူပါ အတီဝ သောဘနာ။
ကာရိတာ ပိယဒဿိနာ၊ အသောက ဓမ္မရာဇိနာ။

မင်းအဆက်ဆက်တို့ပြင်ဆင်ခဲ့ကြခြင်း

၎င်းနောက် သက္ကရာဇ် ၄၁၁-ခုနှစ်တွင် ယင်းစေတီတော်များ ပျက်စီးယိုယွင်းသည်ကို ပုဂံပြည်ရှင်အနော်ရထာမင်းကြီး ပြင်ဆင်တည်ထားတော်မူခဲ့လေသည်။ တဖန် ၅၄၇-ခုနှစ်တွင် နရပတိ စည်သူမင်းကြီး ပြန်လည်ပြုပြင် တည်ထားတော်မူခဲ့လေသည်။

နရပတိစည်သူသည် ဥပရာဇာ(အိမ်ရှေ့မင်း)ဖြစ်စဉ်က နောင်တော် နရသိခ်မင်းသည် ခယ်မတော် ဝေဠုဝတီမင်းသမီးကို တိမ်းမက်တော်မူသဖြင့် လည်ဆယ်၍ (ဆောင်ချမ်းအရပ်သို့ ရန်သူနှိမ် နင်းရန်စေလွှတ်သဖြင့် သွားရောက်ရလေသည်။) နရပတိစည်သူ တပ်ထွက်ခိုက်

နရသိခ်မင်းသည် ဝေဠုဝတီကို သိမ်းပိုက်သဖြင့် မြင်းတော်ခံ မောင်ပြေ့လိုက်သွားလျှောက်တင်ရာ တပ်ကိုရုပ်သိမ်း၍ နေပြည်တော် အပြန်တွင် ရွှေကြက်ယက်ဘုရားကို သက်နှံးကပ်၍ စဉ်းလဲသော နောင်တော်ကို လုပ်ကြံအောင်မြင်စေရန် ဆုပန်လေရာ ဆုတောင်းပြည့် လေသောကြောင့် မွမ်းမံပြုပြင်၍ မင်းညီမင်းသားတို့ တက်ရောက်ဖူးမြော် ဆုပန်ခြင်းမပြုရန် ပိတ်ထားခဲ့လေသည်။

ထို့နောက် သက္ကရာဇ် ၆၈၈-ခုနှစ်တွင် စစ်ကိုင်း တရဖျား မင်းကြီး၏ မယ်တော်ကဌင်း၊ ၇၃၃-ခုနှစ်တွင် အင်းဝ မင်းကြီးစွာကဲကဌင်း၊ ၁၁၂၅-ခုနှစ်တွင် ဆင်ဖြူရှင် မင်းတရားကြီးကဌင်း၊ ၁၁၇၃ခုနှစ်တွင် ဘိုးတော်မင်းတရား သားတော်ဥပရာဇာကဌင်း၊ ၁၁၈၄-ခုနှစ်တွင် ဘကြီးတော်မင်းကဌင်း၊ အဆင့်ဆင့် ထပ်မံပြုပြင် တည်ထားခဲ့ကြကုန်၏။ ၁၂၀၀-ပြည့်နှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုပျက်ခဲ့လေရာ ၁၂၀၈-ခုနှစ်တွင် ဘကြီးတော်မင်း၏ မယ်တော် ''တိလောကမဟာ ရတနာ ပဒုမာဒေဝီ'' မိဖုရားကြီးသည် စာရေးတော်ကြီး မဟာမင်းကျော်မင်းထင်ကို ကြပ်မတ်စေလျက် ဓာတ်တော်မွေတော်များစွာတို့ကို ဌာပနာ၍ ဉာဏ်တော် ၆-တောင်တိုးမြှင့်ကာ ပြုပြင်တည်ထားစေခဲ့လေသည်။ ထိုနှစ် တပို့တွဲလဆုတ် ၅-ရက်နေ့တွင် ရေစက်သွန်းချ ကုသိုလ်အမျှဝေတော်မူခဲ့လေသည်။ ထို့နောက် ပျက်စီးပြန်လေရာ ၁၂၆၂-ခုနှစ်တွင် ရွှေကြက်ယက် လယ်ပြင် ဆရာတော်ဦးစီးသည့် ဒါယကာ၊ ဒါယိကာမများက စောင်းတန်းစရပ် စသည်တို့နှင့်တကွ မွမ်းမံပြုပြင်တော် မူခဲ့ကြကုန်၏။ တဖန် ၁၂၇၉ခုနှစ်တွင် သီတင်းကျွတ်လဆုတ် ၈-ရက်နေ့တွင် ပြိုပျက်ပြန်လေရာ ညောင်စဉ် ဆရာတော် ဦးသောဘိတက ကြီးမှူးပြုပြင်ခဲ့လေရာ ၁၂၈၃ခုနှစ် ဝါဆိုလတွင် ပြီးစီးအောင်မြင်ခဲ့လေသည်။

စာဆိုတော် သူတော်ဦးမင်းသည် ရွှေကြက်ယက်လွမ်းချင်းကို စပ်ဆိုခဲ့လေရာ ဝါသနာရှင်တို့ အကျိုးငှာ မူရင်းတိုင်းဖော်ပြအပ်ပါသည်။

ရွှေကြက်ယက်လွမ်းချင်း

အောင်စည်တီးပါလို့ ၊ ပြည်ကြီးတဲ့ဆက်ကာ။
မန်းရွှေမြို့တောင်လက်ျာမှာ၊ ကြက်သေလာ စံရာကျွန်းကိုလ
လွမ်းလှတယ်လေး။

မြစ်ရောငယ် ခွေကာလှုမ်းခ၊ ကမ်းအဝတွင် တေဇထက်သန် မြတ်မောင်နှံတို့ ယမန်ရှေးခါ တောင်မန္ဒာနှင့် သေလာနဂရ ဗောဓိလျာဖြစ်စဉ်က၊ နန်းသစ်ကဲ့ပျော်ရာ ရိပ်ခမ်းသာမို့၊ ဓမ္မာသောက အရင်းစ၍ ပဌမတည် မွေသရီစေတီထူးတွင်မှ မိဋ္ဌာန်ကာ ပဏာကျူးလို့ရယ် ဖူးကြတယ်လေး။

ရွှေကြက်ယက်ပဲတော်

ရွှေကြက်ယက်ဘုရားပွဲတော်ကို တော်သလင်းလတစ်ကြိမ်၊ ကဆုန်လ တစ်ကြိမ်အားဖြင့် တစ်နှစ် ၂-ကြိမ် ကျင်းပရိုးရှိကြကုန်၏။ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်နှင့် ပူးတွဲကျင်းပကြရာ အထူးစည်ကားလေသည်။

ရွှေကြက်ယက် ရွှေကြက်ကျဘုရားရှိခိုး

ဗုဒ္ဓကုံရနိဝုဋ္ဌမို့၊ ပဒေသေ စေတိယေ သုဘေ။
သဇိဝဗုဒ္ဓံ ဥဒ္ဒိဿ၊ ဝန္ဒာမိ သိရသာဒရံ။

အဟံ၊အက္ခန်ပ်သည်။ ဗုဒ္ဓကုံရနိဝုဋ္ဌမို့၊ ဘုရားအလောင်းကြက်မင်း၏ ခိုအောင်းစံပျော်ရာ ဖြစ်ပေသော။ ပဒေသေ၊ တောင်တော် မြတ်ဖျားဌ်။ သုဘေ၊ ဖူးချင်စဖွယ် တင့်တယ်လှပေကုန်သော။ စေတိယေ၊ ရွှေကြက်ယက် ရွှေကြက်ကျ စေတီတော်တို့ကို ။ သဇိဝဗုဒ္ဓံ၊ သက်တော် ထင်ရှားမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ မှန်းဆရည်ရော်မျှော်မှန်း၍ ။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ။ သာဒရံ၊ လေးမြတ်ကြည်ညို ရှိသေလှစွာ။ ဝန္ဒာမိ၊ ရှိခိုးဦးချပါ၏။

မဟာဝိဇယရံသီ ပုထိုးတော်ကြီးဘုရား

မဟာဝိဇယရံသီ ပုထိုးတော်ကြီးဘုရားသည် အမရပူရမြို့တွင် တည်ရှိလေသည်။ အမရပူရသို့ ဘုရားဖူးရောက်သူတို့သည် ဖေါ်ပြပါ မဟာဝိဇယရံသီ ပုထိုးတော်ကြီးသို့လည်း သွားရောက်ဖူးမြော်ကြကုန်၏။

ပုထိုးတော်ကြီးကို မဟာရံတံတိုင်းကြီးဝန်းရံ၍ ကြည့်ညို၊ ဖွယ်ရာ ဖူးတွေ့နိုင်လေသည်။ အချင်းဖိနပ်တော် သံတောင် ၁၂၀-ရှိ၍၊ ဉာဏ်တော် သံတောင် ၁၂၀-အမြင့်ဆောင်တော်မူလေသည်။ ပုထိုးတော် ကြီး၏အနီး၌ ဘုရားဒါယကာ မင်းတရားကြီးကောင်းမူတော် ခေါင်းလောင်းကြီးနှင့် အခြား ခေါင်းလောင်းကြီးငယ်များ၊ စေတီငယ်များ၊ ဆင်းတုတော်များကို ကြည့်ညို၊ ဖူးမြော်နိုင်လေသည်။

သမိုင်းအကျဉ်း

သက္ကရာဇ် ၁၁၈၁-ခုနှစ်တွင် မင်းအဖြစ်သို့ရောက်တော် မူသော ရတနာပူရစတုတ္ထမြို့နန်းတည် စစ်ကိုင်းမင်းတရားသည် ကုသိုလ် ကောင်းမှု အမျိုးမျိုးတို့ကို ပြုစုတော်မူခဲ့လေသည်။ မင်းကွန်း ပုထိုးတော်ကြီး မြောက် ဇရာဝတီမြစ်ကမ်းနဖူး ဆင်ဖြူတက်ဆိပ်တွင် တောင်စဉ်ခုနစ်ထပ် အထက်အာလိန်ငါးဆင့်ခံ လိုဏ်,မုခ်,စောင်းတန်းပါ ရှင်ဖြူဘုရား၊ စစ်ကိုင်းမြို့ စကုမော်အထက် မြစ်ကမ်းထိမ်တွင် အောင်ချာဇိနရွှေဘုံသာ စေတီတော်၊ စစ်ကိုင်းမြို့ကောင်းမှုတော်ကြီး အရှေ့တောင်ယွန်း လောက ချမ်းသာစေတီတော်၊ သီဟတောစေတီတော် ထပ်မံပြင်ဆင်ခြင်း ကုသိုလ် တော် ကြက်ယက်နှစ်တောင်ဘုရားနှစ်ဆူကို ပြင်ဆင်ခြင်းကုသိုလ်တော်၊ ရွှေဆတ်သွားဘုရားကို ပြင်ဆင်သည့်ကုသိုလ်တော်၊ မန္တလေးတောင်ပေါ် ဘုရားရှင်နှင့် စောင်းတန်းစရပ်ရေကန်များကို ပြင်ဆင်တည်လုပ် တူးဖေါ် သည့် ကုသိုလ်တော်၊ စစ်ကိုင်းမြို့ အောင်မြေလောက ဘုရားရှင်တောင် ဇရာဝတီမြစ်ကမ်းထိပ်တွင် တည်ဆောက်သည့် ဥမင်စရပ်နှစ်ဆောင်၊ မဖြိမတိုက် မဟာဗောဓိပင်သို့ အထူးထူးသော အလှူတော်ကျောက်စာများ နှင့် စေလွှတ်လှူဒါန်းသည့် ကုသိုလ်တော်၊ ရတနာပူရအင်းဝမြို့ ရွှေနန်း တော် အနောက်တောင်ယွန်း မဟာမြတ်မုနိစေတီတော် အနောက်တောင် မဟာသက္ကသီဟ ရုပ်ပွားတော်နှင့် ဂန္ဓကုဋီတိုက်တော်၊ ဘုံကျော်မဟာ

အောင်မြေဘုံသာ ကျောင်းတော်၊ မဟာအောင်မြေဘုံစံ အုဋ္ဌကျောင်းတော်ကြီး စသည့်ကုသိုလ်ကောင်းမှု အမျိုးမျိုးတို့ကို ပြုလုပ်တော်မူခဲ့လေသည်။

မဟာဝိဇယရံသီ ပုထိုးတော်ကြီးကိုလည်း ဖေါ်ပြပါ မင်းတရားကြီးသည် နတ်ရွာစံခမည်းတော် အိမ်ရှေ့မင်းနှင့် မယ်တော် အိမ်ရှေ့မိဖုရားတို့၏ကောင်းမှုတော်ဖြစ်သော ဟေမမာလာ စေတီတော်နှင့် တကွ ကျောင်းတိုက်ကြီးအတွင်းမှ ကျောင်းတော်ကြီးများ မီးသင့်လောင် ကျွမ်းသဖြင့် လစ်လပ်သော သရက်ဥယျာဉ်မြေ၌ ငွေတော် ၁-သိန်း ၈-သောင်း ၅-ထောင် ၂-ရာ (၁၈၅၂၀၀)ကုန်ကျစေ၍ 'မဟာဝိဇယရံသီ' ဘွဲ့တော်ချီသည့် စည်းခုံတော် ပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော် မူခဲ့လေသည်။

သက္ကရာဇ် ၁၁၈၁-ခုနှစ် ပြာသိုလဆုတ် ၆-ရက်နေ့တွင် မြေညှိစေတော်မူ၍ ၁၁၈၁-ခုနှစ် တန်ခူးလဆန်း ၁၅-ရက် နေ့တွင် ရွှေမြို့တော် အနောက်တောင်ယွန်း စံနန်းတော်သို့ စစ်အင်္ဂါလေးပါး ခြံရံလျက် အရှင်မိဖုရားခေါင်ကြီးနှင့်ကတွ ထွက်စံတော်မူပြီးလျှင် ၁၁၈၁-ခုနှစ် တန်ခူးလဆုတ် ၁-ရက် ဗုဒ္ဓဟူးနေ့သို့အဝင် ညဉ့် ၂-ချက်တီးကျော် ၇-နာရီ ပါဒ်ပြည့်ငါးဗီဇနာ၊ပြန်လေးခရာ မကာရလဂ်စန်း သောကြာနဝင်း လက်စီးနက္ခတ် နှစ်ဆဲ့တလုံးတစ်ပါဒ် ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် ကိုယ်တိုင်ရွှေအုတ်,ငွေအုတ်စီ၍ ခင်းတော်မူခဲ့လေသည်။

အုတ်မြစ်ချတော်မူသည့်နေ့မှ စ၍ နေ့စဉ်ထွက်တော်မူ၍ ကိုယ်တိုင်ကြပ်မတ် တည်ဆောက်တော်မူသည်။ ပုထိုးတော် ဌာပနာမှာလည်း ထူးဆန်းခမ်းနားလှ၏။ ကျုံးကြီးနှစ်တန်ပတ်ရံ၍ ဌာပနာတိုက်ကြီး ၄-တိုက် တိုက်ငယ်၁၂-တိုက်ပြုလုပ်ထားလေသည်။ အလယ်ဌာပနာတိုက်ကြီးအတွင်း၌ မင်းတရားကြီး ကိုယ်တိုင်ဌာပနာတော်မူသော မြတ်စွာဘုရားသရီရဓာတ်တော်၁၂၂-ဆူရှိလေသည်။ယင်းဓာတ်တော်များကို ပတ္တမြား အတွင်း၌သွင်း၍ ပတ္တမြားစေတီကို ရွှေစေတီမျိုးသည် ရွှေစေတီကို မိုးကြိုးစေတီ၊ မိုးကြိုးစေတီကို ငွေစေတီ၊ ငွေစေတီကို ကြေးစေတီ၊ ကြေးစေတီကို နံ့သာစေတီစသည်ဖြင့် စေတီအသီးသီးတို့ ဆင့်ကဲဆင့်ကဲ မျိုးကုန်၏။ ယင်းနံ့သာစေတီကို ရတနာပန်းတောင်းဖြင့် ထည့်ကာ ရွှေစေတီ၊ငွေစေတီ၊ ရွှေတမ်းခွန်၊ ငွေတမ်းခွန်၊ ရွှေမြူတာ၊ ငွေမြူတာ၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပေါက်၊

ငွေပေါက်ပေါက်၊ ပတ္တမြားပေါက်ပေါက်၊ ပတ္တမြား လက်စွပ်၊ ရွှေပုတီးကုံး၊ ငွေပုတီးကုံးအစရှိသော များစွာသော ရတနာတို့ကို ဓာတ်တော်စေတီပတ်လည်၌ စီစဉ်ခင်းကျင်း၍ ဌာပနာလေသည်။

ဌာပနာတိုက်ကြီးအတွင်း၌ ပွင့်တော်မူကြကုန်ပြီးသော သံ၊ ဂုံ၊ ပ၊ မ ဟူသော ဘုရားရှင် ၄-ဆူတို့၏ ရွှေကိုယ်လေး (ရွှေ ၁၆-ပိသာ) ရုပ်ပွားတော် တတိုက်တဆူကျစီနှင့် ဘေးလောင်းတော် ဘိုးလောင်းတော် များမှစ၍ စစ်ကိုင်းမင်းအထိ မိဖုရားရုပ်ကိုယ် အစီးအနင်း အဆောင်အရွက် ကိုယ်စီနှင့် မြတ်စွာဘုရားကို ရှိခိုးပူဇော်ဟန် ရွှေကိုယ်လေး ငွေကိုယ်လေး ရုပ်ထုများ ပါရှိလေသည်။

ဂုင်းပြင် ရွှေစေတီ၊ ငွေစေတီ၊ မိုးကြိုးစေတီပေါင်းများစွာနှင့် ရွှေဆင်းတု၊ ငွေဆင်းတု၊ မိုးကြိုးဆင်းတုပေါင်းများစွာတို့ကိုလည်း ဌာပနာထားလေသည်။

ပတ္တမြားဆင်းတု၊ မြဆင်းတု၊ ပယင်းဆင်းတု၊ သလင်းဆင်းတု၊ စိန်ဆင်းတုစသည်ဖြင့် အဖိုးထိုက်ဌာပနာပစ္စည်းများအပြင် ရွှေသားပေ၊ ငွေသားပေတို့တွင် ရေးသားထားသည့် အများစုကိုလည်း ဌာပနာထားလေသည်။

ယင်းသို့ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်လှစွာသော ဌာပနာများအပြင် ပုထိုးတော်ကြီး၏ ပဌမ၊ ဒုတိယ၊ တတိယပစ္စယံ ခါးပတ်လည်တို့၌ ငါးရာငါးဆယ်ဇာတ်တော်များနှင့် ဇာတ်တော်ကြီး ဆယ်ဖွဲ့ပုံတော်များ၊ သမ္မုဒ္ဓမြတ်စွာဘုရားရုပ်ထုတော်များကို စကျင်ကျောက်ဖြူတွင် ထင်ရှားအောင် ထုလုပ်စေတော်မူ၍ ကမ္မည်းအက္ခရာများကိုပါ ရေးထိုးထား

o n f

ထီးတော်တင်ပဲ့ခမ်းနားစွာကျင်းပ

မင်းတရားကြီးသည် စေတီကြီး တည်ဆောက်ပြီးပြေသဖြင့် သက္ကရာဇ် ၁၁၈၅-ခုနှစ် တပို့တွဲလဆုတ် ၅-ရက် ကြာသပတေးနေ့တွင် မင်းခမ်းမင်းနားဖြင့် ဗုဒ္ဓပူဇနိယသဘင် ဆင်ပ ဉ်ကျင်းပတော်မူ၍ အဝ-

---

၁။ ကုန်းဘောင်ဆက် ၂။၁၉၄-၅။

၁၂-တောင်၊ အမြင့် ၁၈-တောင်၊ ဘုံ ၉-ဆင့်ရှိသော ရွှေထီးတော်ကြီးကို တင်လှူတော်မူခဲ့လေသည်။ သာသနာပိုင် ဆရာတော်ဘုရားကြီး အမှူးရှိသော ရာဇဂုရုတံဆိပ်တော်ရ ဆရာတော် ၁၀၁-ပါးတို့အား သီးမျိုးစုံ ပဒေသာပင်တပင်စီ လှူဒါန်း၍လည်း ကုသိုလ်ပြုတော်မူလေသည်။[၁]

ဆတ္တဗန္ဓနပုညမ္ပိ၊ ပတ္ထိဝေါ စက္ကမာမကော။
ဥဿဝေန သကာရေသိ၊ မဟာတာ ပရိဝါရိတော။

အဆက်ဆက်ထီးတင်ပြင်ဆင်ကြခြင်း

သက္ကရာဇ် ၁၂၀၀-ပြည့်နှစ် တန်ခူးလဆန်း ၈-ရက် နေ့တွင် လျှင်ကြီးလှုပ်သဖြင့် ပုထိုးတော်ကြီး၏ ထီးတော်သည် မြေသို့ ခလေသည်။ သက္ကရာဇ် ၁၂၀၀-ပြည့်နှစ်မှ ၁၂၃၄-ခုနှစ်အထိ ၃၄-နှစ်ကြာအောင် ထီးတော်မဲ့နေခဲ့ရလေသည်။ ၁၂၃၄-ခုနှစ်တွင် ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်း တရားကြီးသည် အမြင့် ၁၃-တောင်ထွာ အဝ ၉-တောင် ၂-မိုက်ရှိ ထီးတော်ကို ပုပ္ပါးဝန်အား ကြပ်မတ်၍ တင်လှူစေတော်မူခဲ့လေသည်။

ဒုတိယံ မင်းတုန်းရာဇာပိ၊ အဗန္ဓိ သုဆတ္တံ သုဘံ။
မဟာထူပဿ ထူပဿ၊ ဒါနေ နိန္နော သုဘူဘုဇော။

မြန်မာနိုင်ငံတော်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် ၁၂၆၈-ခုနှစ်တွင် လူမျိုးခြားသူခိုး သူဝှက်တို့ ဌာပနာများကို ခိုးဝှက် ဖောက်ကြသေးသည်။

တဖန် ၁၂၇၄-ခုနှစ်တွင် မြေငလျင်ဒဏ်ကြောင့်ပင် ထီးတော်မြေခပြန်လေရာ ၁၂၈၁-ခုနှစ်တွင် အမရပူရမြို့သူမြို့သားတို့က တတိယအကြိမ် ထီးတော်သစ်တင်လှူခဲ့ကြကုန်၏။

၁။ ကုန်းဘောင်ဆက်၊ ၂ ။ ၂၅၇။

၁၃၁၈-ခုနှစ် ဝါဆိုလဆန်း ၉-ရက်နေ့တွင် မြေငလျင် ပြင်းထန်စွာ လှုပ်သည့်ဒဏ်ကြောင့် ပုထိုးတော်ကြီး ထီးတော်နှင့်တကွ ခရားသီးမှ ကြာမျှောက်အထိ ပြိုကျပျက်စီး၍ ဖောင်တလုံးရောက်အောင် ကွဲအက်သွားခဲ့လေသည်။ မြို့ပေါ်မှ ဆရာတော်သံဃာတော်များနှင့် မြို့သူမြို့သား တို့၏ သဒ္ဓါတရားကြောင့် မကြာမီပင် ပျက်စီးသမျှ ပြင်ဆင် ပြီးမြောက်ခဲ့ လေသည်။

၁၃၁၉-ခုနှစ် တော်သလင်းလဆန်း ၁၅-ရက်နေ့မှစ၍ ဗမာ့ခေတ် သတင်းစာတိုက်ပိုင်ရှင် ဦးအုံးခင်နှင့် ဒေါ်ဒဂုံခင်ခင်လေးတို့၏ ကောင်းမှုဖြစ် သော အဝ ၉-တောင်၊ ၂-မိုက်၊ အမြင့် ၁၃-တောင်ထွာရှိ ထီးတော်ကြီးကို တင်လှူပူဇော်သည့် ထီးတော်တင်ပွဲကို လဆုတ် ၁၂-ရက်နေ့တိုင် ခမ်းနားစွာ ကျင်းပခဲ့လေသည်။ ယင်း ၁၃၁၉-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၂-ရက်နေ့တွင် စိန်ဖူးတော်တင်၍ ပြီးစီး ခဲ့လေသည်။

မဟာဝိဇယရံသီ ပုထိုးတော်ကြီးသို့ ရောက်ရှိသော သူတော် သူကောင်းသူမြတ်လောင်းသည် အောက်ပါဝန္ဒနာဂါထာဖြင့် မဟာ-ဝိဇယရံသီ ပုထိုးတော်ကြီးဘုရားကို ဝတ်တွားကော်ရော် ဖူးမြော်ရာသည်။

ပုထိုးတော်ကြီးဘုရားရှိခိုးဂါထာ

သံယုတ္တံ ဇိနဓာတူဟိ၊ နရာမရသုပူဇိတံ။
မဟာထူပံဘိဝန္ဒာမိ၊ သုနိဝါတေန စေတသာ။

အဟံ၊ ကျွန်ုပ်သည် ။ ဇိနဓာတူဟိ သံယုတ္တံ၊ ဘုရားဇိနော် မွေတော် ဓာတ်တော်တို့နှင့် ယှဉ်တော်မူသော။ နရာမရသုပူဇိတံ၊ နတ်လူပြဟ္မာ တို့သည် လေးမြတ်ကြည်ဖြူ ပူဇော်အပ်တော်မူသော။ မဟာထူပံ၊ မဟာ ဝိဇယရံသီ ရွှေဘွဲ့ချီသော ပုထိုးတော်စေတီမြတ်ကြီးကို။ သုနိဝါတေန၊ လွန်စွာနှိပ်ချ ရိုတုပ်ကွသော။ စေတသာ၊ သဒ္ဓါယိုဖိတ် ကုသိုလ်စိတ်ဖြင့်။ အဘိဝန္ဒာမိ၊ ရိုသေမြတ်နိုး ရှိခိုးဦးချပါ၏။။



ဘိုးတော်ဘုရင် ဦးဝိုင်း၏ပိဋကတ်တိုက်

ဘိုးတော်မင်းတရားသည် ပိဋကတ်ကျမ်းစာများနှင့် အခြားကျမ်းစာများ အကြည့်အရှု အစုအဆောင်းလွန်စွာ ဝါသနာပါသည့် ဘုရင်တစ်ပါး ဖြစ်လေသည်။ ကျမ်းဂန်တတ်ရဟန်းတို့ကိုလည်း လွန်စွာလေးမြတ်တော်မူသည်။ မိမိနိုင်ငံတော်အတွင်း သဘောကျသောဒေသ၌ သီတင်းသုံးတော်မူသော ကျမ်းဂန်တတ်ဆရာတော်တို့ကို မြို့တော်သို့ပင့်၍ ကိုးကွယ်တော်မူခဲ့လေသည်။ အမရပူရမြို့၌ ပိဋကတ်တိုက်ကြီး တည်ဆောက်စေ၍ စာပေမျိုးစုံကို စုစေခဲ့လေသည်။

မြန်မာဘုရင်းမင်းမြတ်ဖြစ်သော အမရပူရမြို့တည် နန်းတည် ဗဒုံမင်းတရားခေါ် ဘိုးတော် ဦးဝိုင်းသည် ကမ္ဘာပေါ်ရှိ ဘုရင်တကာ တို့ထက် သာလွန်ပိုမိုသော စာပေပိဋကတ်ကို စိုးပိုင်သော မင်းမြတ်ဖြစ်သည်ဟု အင်္ဂလိပ်သံအမတ် မိုက်ကယ်ဆိုင်းက မိမိ၏ခရီးစဉ်မှတ်တမ်းအရ အစီရင်ခံစာ စာအုပ်ကြီးတွင် တင်ပြထားခဲ့လေသည်။

ခရစ်သက္ကရာဇ် ၁၆၉၅–ခု၊ စက်တင်ဘာလ၊ ကောဇာ သက္ကရာဇ် ၁၁၅၇–ခု တော်သလင်းလအတွင်း မိမိလည်ပတ်ရောက်ရှိ တွေ့မြင်ခဲ့သမျှကို မှတ်တမ်းတင်ပြခဲ့လေသည်။

မြန်မာလိုဘာသာပြန်ပါမူ –

‘‘ ကျွန်တော်တို့ သံအဖွဲ့သည် ပုဂံမင်းသား၏ အိမ်တော်မှ ထွက်ခွာကာ ပိဋကတ်တိုက်တော်ကို ကြည့်ရှုရန်သွားကြလေသည်။ ထိုပိဋကတ်တိုက်တော် အဆောက်အဦးသည် ရွှေမြို့တော်၏ အနောက်မြောက်ထောင့်၌ တည်ရှိ၏။ လွန်စွာခမ်းနားတင့်တယ် ရှုချင်ဖွယ်ရှိသော ဘုန်းကြီးကျောင်းတိုက် တတိုက်၏ အနီး၌ဖြစ်၏။ လေးထောင့်စပ်စပ် စမြောင်ခန်းမကို စကြာပတ်လည် ဝန်ရံထားသော အဆောက်အဦးသည် ပိဋကတ်တိုက်တော်ဖြစ်၏။ သံအဖွဲ့တို့ ပိဋကတ်တိုက်တော်သို့ ရောက်ကြသောအခါ စမြောင်ခန်းမကြီး ကိုတွေ့ရ၏။ ပိဋကတ်တိုက်စိုးက ‘‘ထိုခန်းမကြီးအတွင်းသို့ ဝင်ခွင့်စာချွန်လွှာ မပါလာ၍ တံခါးဖွင့်မပြဝံ့ကြောင်း။ သို့ရာတွင် အခန်းမကြီးအတွင်းထဲ၌ စာထုပ်သေတ္တာများမှတပါး အခြားအထူးအဆန်း မရှိကြောင်း၊ စမြောင်ခန်းမကြီးအတွင်းရှိ

စာထုပ် သေတ္တာများသည် စကြာခေါ်ပတ်လည်ဝန်းတာအတွင်းရှိ စာအုပ် သေတ္တာ များနှင့် အလားတူဖြစ်ကြောင်းတို့ကို တောင်းတောင်းပန်းပန် လက်ဟန်နှင့် ပြောပြလေတော့သည်။

စမြောင်ခန်းမကြီးနံရံကို ကြာခိုင်းလျက် သစ်စေး သားရိုးကိုင်ရွေ ချကာ ဆန်းကြယ်စွာ မွမ်းမံထားအပ်သော စာထုတ်သေတ္တာများကို စိစဉ်ကာ ထားလျက်ရှိနေသည်ကို သံအဖွဲ့က မြင်ရလေသည်။ တစ်လုံး နှစ်လုံး စသည်ဖြင့် သေတ္တာအလုံးပေါင်း ငါးဆယ်ကို မိုက်ကယ်ဆိုင်းက ရေတွက်၍ ရငြားသော်လည်း စကြာအတွင်း၌ပင် စာအုပ်သေတ္တာ တစ်ရာ လောက်မနည်း ရှိနေလေတော့သည်။ စမြောင်ခန်းမကြီးအတွင်း စာအုပ် သေတ္တာတို့သည် အရေအတွက်အားဖြင့် ပိုမိုများချင်များနေပေလိမ့်မည်။ ပေစာထုတ် သို့မဟုတ် ကျမ်းဂန်ပေစာတို့ကို အမျိုးအစား နာမည်အားဖြင့် စီကာစဉ်ကာ ပိုင်းခြားခွဲဝေထားသော စာအုပ်သေတ္တာ တစ်လုံးစီတစ်လုံး စီတို့၏ အတွင်း၌ မည်သည့်ကျမ်းစာပေများကို ထည့်သွင်းသိမ့်မြံ ထားသည် ဟူ၍ ထိုသေတ္တာ အဖုံးများတွင် ရွေစာလုံးတို့ဖြင့် မှတ်သားထားလေသည်။ ပိဋကတ်တိုက်စိုးက သံအဖွဲ့အား စာထုပ်သေတ္တာ နှစ်လုံးတို့ကို ဖွင့်ပြ လေသည်။ ဆင်စွယ်ပါးပါးဖြင့်ပြီးသော စာရွက်များပေါ်မှာ လွန်စွာလှသော လက်ရေး လက်သားနှင့် ဆင်စွယ်ပေစာတွင် စာသား၏ ဘေးနှစ်ဖက်စွန်း တို၌ လက်ရာမြောက်လှသော ရွှေဖြင့်ပြီးသော ပန်းပွင့် ပန်းငုံပန်းခက်များဖြင့် မွမ်းမံခြယ် လှယ်ထားသည်ကို တွေ့မြင်ရ၏။ ရှေးဟောင်း ပါဠိစာပေတို့ ကိုလည်း သံအဖွဲ့ဝင်တို့သည် တွေ့မြင်ကြရကုန်၏။

သေတ္တာတိုင်း သေတ္တာတိုင်းရှိ ပေထုပ်တို့သည် စံနစ်တကျ စီစီစဉ်စဉ်ထားရှိအပ်သော စာပေတို့ ဖြစ်ပုံရကုန်၏။ အမျိုးမျိုးသော အကြောင်းအရာ မာတိကာစဉ်တို့နှင့်တကွဖြစ်သော ကျမ်းမျိုးစုံစွာ ဖြစ်ပါ ပေ၏။ သာသနိက ကျမ်းများက ပိုမိုများပြားလှသော်လည်း ရာဇဝင်သမိုင်း၊ တူရိယာဂီတ ဆိုင်ရာကျမ်း၊ တိကိစ္ဆဘေသဇ္ဇဆေးကျမ်း၊ ပန်းချီ ဆေးရေး ကျမ်း၊ နန်းတွင်းပြဇာတ်ဝတ္ထု အစုစုတို့ကိုလည်း ပေရေးစာအနေနှင့် သိမ့်မြံ သိမ်းဆည်းထားချေသည်။ တစ်ကျမ်းတစောင်ထုပ်တို့တွင် အတွဲအားဖြင့် ဘယ်နှစ်တွဲ၊ အခန်းအားဖြင့် ဘယ်နှစ်ခန်းဟူ၍ နံပါတ်ဂဏန်းထိုးကာ စီကာစဉ်ကာ သေတ္တာများ၌ ထားရှိသည်ကို တွေ့ရဘိ၏။ သံအဖွဲ့က

အတိအကျမြင်သော အဆိုပါသေတ္တာနှစ်လုံးကဲ့သို့ပင်လျှင် အခြားအခြား သော သေတ္တာအားလုံးတို့သည် စာအုပ်များနှင့် ပြည့်ပြည့်ဝဝ ရှိမြဲရှိကြပါမူ မြန်မာနိုင်ငံတော်၏ ပြည့်ရှင်မင်းမြတ် ဖြစ်သော ဗဒုံမင်းတရား ဘိုးတော် ဦးဝိုင်းသည် ဒနုဗီမြစ်ကမ်းမှ စိန(တရုပ်)ပြည်ကြီး၏ အစွန်အဖျား တိုင်အောင် ကမ္ဘာတခွင်ရှိ ထီးဖြူဆောင်းချင်း မင်းအသီးသီးတို့၏ ပိဋကတ်တိုက် အဝဝတို့ထက် စာထုပ်များ လှသော ပိဋကတ်တိုက်တော်ပိုင်ရှင်ဖြစ်လေ ရာ၏။[၁]

အင်းဝမှ ပင့်ဆောင်လာသော ပိဋကတ်များ

ဘိုးတော်မင်းတရားသည် သက္ကရာဇ် ၁၁၄၅–ခုနှစ် နယုန် လဆန်း ၁၂–ရက်နေ့တွင် ရတနာပူရ အင်းဝမြို့မှ အမရပူရမြို့တော်သစ်သို့ ပြောင်းရွှေ့စီတော်မူစဉ်က အင်းဝမှပင့်ဆောင်လာခဲ့သော ပိဋကတ်တော် များကို ယင်းအမရပူရ ပိဋကတ်တိုက်သစ်၌ ထားရှိခြင်းဖြစ်ပေလိမ့်မည်။

ယာယီစံနန်းတော်၌ ပိဋကတ်တော်များထားရှိကိုးကွယ်

ဘိုးတော်မင်းတရားသည် မင်းကွန်းဖက်ရေလယ်ကျွန်း၌ ယာယီနန်းတော်ဖြင့် စံတော်မူစဉ်ကလည်း ပိဋကတ်တော်တချို့ ယာယီ စံနန်းတော်သို့ပင့်စေ၍ နန်းတော်ဦး၌ထားရှိ ကိုးကွယ်ကြည်ညိုတော်မူခဲ့ လေသည်။

ကောင်းသောလုပ်ဆောင်ချက်

မြို့တော်များ၌ငင်း၊ အခြားမြို့ရွာ၌ငင်း၊ ကျောင်းတိုက် များ၌ငင်း ပိဋကတ်တော်များတည်ထားခြင်း၊ စာပေများစုဆောင်း၍ လေ့လာခြင်း၊ ကျမ်းဂန် အမျိုးမျိုး ရေးသားပြုစုခြင်း၊ စာပေအကြောင်း ဟောပြောခြင်း စသည်သည် ကောင်းမြတ်သောလုပ်ဆောင်ချက်သာလျှင်တည်း။

အဂ္ဂဘူတနဂရေသု၊ အညေသု နဂရေသု စ။
ပေါတ္ထကာလယာနံ ကရဏံ၊ သုန္ဒရံ ကရဏံ ဘဝေ။

၁။ဦးလူဇေဝင်း၏ မြန်မာပိဋကတ်တိုက်များ။ ၇-၁၀

သာသနာပိုင် မင်းအိုဆရာတော် အရှင်ဂုဏာသီရိ

ဆရာတော်သည် ပက်တောကျေးကန်ရွာ၌ သက္ကရာဇ် ၁၀၇၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော်တနလ်ာသား ဖြစ်တော်မူသည်။ လူမည် မောင်အောင်ကျော်ဖြစ်လေသည်။

ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်

သက်တော် ၁၃-နှစ်ခန့်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော်မှာ ရှင်ဂုဏာဖြစ်လေသည်။ သက်တော် ၂၀-တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော် အရှင်ဂုဏာသီရိဖြစ်လေသည်။

ပညာသင်ကြားခြင်း

ဆရာရင်း ရေမိန်အရှင်ကလျာဏဓဇ မဟာထေရ်မြတ်ထံ ကျမ်းဂန်များစွာတို့ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။ အရုံဂိုဏ်း တကျိပ်နှစ်ပါး အရှင်မောဂ္ဂလာန်ထေရ်၊ အရှင်ဓမ္မာနန္ဒထေရ်တို့ ထံ၌လည်း တပည့်ခံ၍ ပညာသင်ကြားတော်မူခဲ့လေသည်။

ကျမ်းရိုးနိုင်နင်းတတ်မြောက်ခြင်း

ဉာဏ်လည်းထက်မြတ် ဆရာသမားကောင်းများထံ နည်းခံသင်ကြားခွင့်ရလိုက်သဖြင့် ကျမ်းရိုးလွန်စွာနိုင်နင်းသည်ဟု အဆိုရှိလေသည်။

အင်းဝရံခါကြွ စစ်ကိုင်းကျောင်းအလှူခံ
တံဆိပ်တော်အလှူခံ

ဆရာတော်သည် စဉ့်ကူးမင်းတရား၏ များစွာကြည်ညို လေးမြတ်ခြင်းကို ခံတော်မူရလေသည်။ ရံခါအင်းဝမြို့သို့ ကြွရောက်သီတင်းသုံးတော်မူ၍ မင်းတရားအား တရားဓမ္မ ဟောကြားတော်မူရလေသည်။ မင်းတရားသည် သက်တော် ၆၈-နှစ်ရှိရာ ၁၁၃၈ခုနှစ် တန်ခူးလဆန်း ၁၅-ရက်နေ့တွင် စစ်ကိုင်းမြို့ အနောက်ဘက်ထပ်ကြီးဘုရား အနောက်မြောက်ယွန်း

တောင်ဖီလာကျောင်းရာဟောင်းတွင် ''မယ်တော် သီရိအတုလ မဟာရတနာ ပဒုမာဒေဝီ'' မိဖုရားခေါင်ကြီး ဆောက်လုပ်သည့် ကျောင်းရံ ၁၂-ကျောင်းရှိ လေးထပ် ဇေတဝန်ကျောင်းတော်ကို ''မင်္ဂလာရွှေဘုံ'' သမိုက်တော်မူ၍ မင်းအိုဆရာတော်အား တင်လှူတော်မူခဲ့လေသည်။

''ဂုဏာဘိအနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း ကပ်လှူတော်မူလေသည်။

မင်းတရားနှင့်အတူတကွ အမရပူရပြောင်းကြွတော်မူခဲ့

၁၁၄၅-ခုနှစ် နယုန်လဆန်း ၁၂-ရက် တနလ်ာနေ့တွင် ဘိုးတော်မင်းတရား အင်းဝမြို့မှ အမရပူရမြို့တော်သို့ ပြောင်းရွှေ့ တော်မူသောအခါ '' ဂုဏာဘိအနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' မင်းအို ဆရာတော်သည် ပိဋကတ်တော်တင် တိုးရုပ်ရွှေဖေါင်ဖြင့် အခြားဆရာ တော်၃-ပါးနှင့်အတူ အမရပူရမြို့တော်သစ်သို့ ပြောင်းရွှေ့စံတော်မူခဲ့လေသည်။

အောင်မြေဘုံကျော်ရွှေကျောင်းတော်ကြီးနှင့် ဘွဲ့တံဆိပ်တော်အလှူခံရခြင်း

သက္ကရာဇ် ၁၁၄၆-ခုနှစ် ဝါဆိုလဆန်း ၆-ရက်နေ့တွင် အမရပူရ ရွှေမြို့တော် အရှေ့မြောက်ယွန်းတွင် မိဖုရားခေါင်ကြီး ဆောက်လုပ်သည့် ကျောင်းရံတဆယ်ရှိ ''အောင်မြေဘုံကျော် ရွှေကျောင်းတော်ကြီး'' ကို ဘိုးတော်မင်းတရားကိုယ်တိုင် ရေစက်သွန်းချ လှူဒါန်းခြင်းကို ခံတော်မူရလေသည်။ ''ဂုဏာဘိလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဟူသော ဘွဲ့တံဆိပ်ကိုလည်း အလှူခံရရှိတော်မူလေသည်။

သံဃာ့ဦးကိုင်သာသနာပိုင်ဖြစ်တော်မူခြင်း

မင်းအိုဆရာတော်ဘုရားကြီးသည် မန်လည်ဆရာတော် စသည်တို့နှင့်အတူ ဘိုးတော်မင်းတရား၏ သံဃာ့ဦးကိုင် သာသနာပိုင်အဖြစ် အပ်နှင်းခြင်းကိုလည်း ခံယူတော်မူရလေသည်။ ယင်းသို့ သာသနာပိုင်ဖြစ်တော်မူ၍လည်း သာသနာပြုတော်မူခဲ့လေသည်။

ဘွဲ့တံဆိပ်တော်များ

မင်းအိုဆရာတော်ကား-

- ‘‘ဂုဏာဘိအနန္တဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု’’ ဘွဲ့တံဆိပ်တော်၊
- ‘‘ဂုဏာဘိ အနန္တဓဇ မဟာဓမ္မရာဇာ ဓိရာဇဂုရု ’’ဘွဲ့တံဆိပ်တော်၊
- ‘‘ဂုဏာဘိလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ’’ဘွဲ့တံဆိပ်တော်၊
- ‘‘ဂုဏာမဇ္ဈိသာ အရိယာလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု’ ’ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် လေးထပ်ရဆရာတော်အဖြစ် ထင်ရှားခဲ့လေသည်။

ဥဘတောဝိဘင်းပြန် ဘွဲ့တံဆိပ်တော်ရ ပညာရှိတပည့်ကြီးများ

မင်းအိုဆရာတော်သည် စာပေကြိုးစားချပို့တော်မူခဲ့လေသည်။ ယင်းသို့ စာပေကြိုးစားပို့ချ မှုကြောင့် ပညာရှိတပည့်ကြီးများ ထွန်းကားခဲ့လေသည်။ ၎င်းတို့ကား -

- ‘‘တိပိဋကာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇဂုရု ’’ဘွဲ့တံဆိပ်တော်ရ ပဌမ ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ၊
- ‘‘ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ’’ဘွဲ့တံဆိပ်တော်ရ မောင်းထောင် သာသနာပိုင်ဆရာတော် အရှင်ဉာဏာဘိဝံသ၊
- ကတိုးဆရာတော် အရှင်ဓမ္မာစာရ၊
- ‘‘သီရိမဟာဓမ္မရာဇာဓိရာဇဂုရု ’’ ဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော် အရှင်သဒ္ဓမ္မရံသီ စသည်တို့ဖြစ်ကုန်၏။

ပုံလွန်တော်မူခြင်း

မင်းအိုဆရာတော်ဘုရားကြီးသည် စာပေချပို့ခြင်း၊ သာသနာ့အညစ်အကျေး ဘေးရန်တို့ကို သုတ်သင်ခြင်းစသည်တို့ကို သာသနာပြုဆဲဖြစ်စဉ် သက်တော် ၈၃-နှစ် ဝါတော် ၆၃-ဝါရရှိရာ ၁၁၅၃-ခုနှစ် မင်းအိုတိုက်အောင်မြေဘုံကျော် ကျောင်းတော်တွင် ပုံလွန်တော်မူခဲ့လေသည်။

ဂုဏသီရိမဟာထေရော၊ ဂုဏေန အဓိကော သုဓီ။
ဂုဏေဟိ ပိ သောဘေတွာန၊ ဂတော သော မစ္စုနော မုခံ။



ရွှေစေတီဆရာတော်
အရှင်အဂ္ဂမဟာလင်္ကာရ မဟာဓမ္မရာဇာဂုရု

ရွှေစေတီဆရာတော် အရှင်အဂ္ဂမဟာလင်္ကာရသည် ဘိုးတော်မင်းတရား လက်ထက်တွင် ထင်ရှားသည့် သာသနာပြု ဆရာတော်တစ်ပါး ဖြစ်တော်မူလေသည်။ မိထွေးတော် ဒလမြို့စားသည် ရွှေစေတီဆရာတော်အား ကြည်ညိုလေးမြတ်လေသည်။

ယင်းသို့ကြည်ဖြူလေးမြတ်သဖြင့် အမရပူရမြို့ ရွှေမြို့တော်မြောက်ဘက်တွင် လေးထပ်ဇေတဝန် ကျောင်းတော်ကို ဆောက်လုပ်၍ မင်းတရားအား ရေစက်ချစေတော်မူခဲ့လေသည်။

ယင်းရေစက်ချလှူတော်မူသဖြင့် သက္ကရာဇ် ၁၁၄၇-ခုနှစ်၊ ဝါဆိုလဆန်း ၆-ရက်နေ့တွင် ယင်းမိထွေးတော် ဒလမြို့စား၏ လေးထပ်ဇေတဝန်ကျောင်းတော်ကို ရွှေစေတီဆရာတော် အရှင် ''အဂ္ဂမဟာ လင်္ကာရ မဟာဓမ္မရာဇာဂုရု'' ဆရာတော်အား မင်းတရားကိုယ်တိုင် ရေစက်သွန်းချလှူဒါန်းတော်မူခဲ့လေသည်။ [၁]

မင်းတရားသည် အလှူဒါနဌ် လွန်စွာပျော်မွေ့မူးရစ်သည့် မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ပါပေတည်း။

> ဘိုးတော်ဝှယသုဘူပါလော၊ ဒါနသောဏ္ဍာ ဗဟုပ္ပဒါ။
> လောကဂ္ဂသာသနဿာပီ၊ ဝုဒ္ဓိကာမော ဟိတေ ရတော။

ရွှေစေတီဆရာတော်သည် မလွန်မီ ခုနှစ်ရက်ကပင် သိက္ခာကို စွန့်သည်ဆိုလေသည်။

၁။ ကုန်းဘောင်ဆက်၊ ၂။၃၄။

သာသနာပိုင်
မန်လည်ဆရာတော် အရှင်ဂုဏာမဉ္ဇုသာ

ဆရာတော်သည် သစိုးမန်လည်ရွာ (ယခုမြင်းခြံခရိုင် တောင်သာမြို့နယ် သစိုးမန်လည်ရွာ) ၌ သက္ကရာဇ် ၁၀၆၆-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော်တနလ်ာသားတည်း လူမည် မောင်သာကြီး ဖြစ်လေသည်။

ရှင် ရဟန်းပြုခြင်း

သက်တော် ၁၃-နှစ်သားအရွယ်တွင် သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော် ရှင်ဂုဏာဖြစ်လေသည်။ သာမဏေဝါ ၇-ဝါရလေသည်။ သက်တော် ၂၀-ပြည့် မြောက်သည်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော်မှာ အရှင်ဂုဏာမဉ္ဇုသာ ဖြစ်လေသည်။

တရုပ်မြို့ သုံးဘန်လှမြောက် အောင်သာတိုက်တည် အရှင်ဥက္ကာစာရထေရ် စသည်တို့ထံတွင် ပဉ္စာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

စဉ့်ကူးမင်းက ကြည်ညို
သာသနာပြုအပ် ဘွဲ့တံဆိပ်ကပ်လှူ

ရတနာပူရ အင်းဝနန်းစံ မိုးထိကျောင်း ဒါယကာစဉ့်ကူးမင်းသည် မန်လည်ဆရာတော်အား များစွာကြည်ညိုလေသည်။ အတင်, အရုံအဓိကရုဏ်း ငြိမ်းအေးပြီးသောအခါ သက်တော် ၆၅-နှစ်ခန့်ရှိပြီဖြစ်သော မန်လည်ဆရာတော်ဘုရားကြီး အရှင်ဂုဏာမဉ္ဇုသာအား သံဃာ့ဦးကိုင် သာသနာပိုင်အဖြစ် အပ်နှင်းတော်မူလေသည်။

“ ဂုဏာမုနိန္ဒာဓိပတိ ပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု” ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းတော်မူလေသည်။

ဘိုးတော်မင်းတရားနှင့်အတူ အမရပူရမြို့သစ်ကြွ သီတင်းသုံး

၁၁၄၅–ခုနှစ် နယုန်လဆန်း ၁၂–ရက် တနလ်ာနေ့တွင် ဘိုးတော်မင်းတရား အင်းဝမြို့တော်မှ အမရပူရမြို့တော်သစ်သို့ ပြောင်းရွှေ့တော်မူလေသောအခါ မန်လည်ဆရာတော် ဘုရားကြီး အရှင်ဂုဏာမဇ္ဈသာသည် ပဋ္ဌကတ်တော်တင် တိုးရုပ်ရွှေဖောင်ဖြင့် အမရပူရမြို့တော်သို့ ကြွရောက် သီတင်းသုံးတော်မူခဲ့လေသည်။

ဘိုးတော်မင်းတရားကျောင်းတင်လှူ ရာဇဓိရာဇဂုရုဘွဲ့တံဆိပ်လှူ

ဘိုးတော်မင်းတရားသည် မန်လည်ဆရာတော်ဘုရား အရှင်ဂုဏာမဇ္ဈသာအား မျှားစွာကြည်ညိုလေးမြတ်ပါသဖြင့် ၁၁၅၃– နှတ်တော်လဆန်း ၁၂–ရက် ဗုဒ္ဓဟူးနေ့တွင် အမရပူရငွေမြို့တော် အရှေ့တောင်ယွန်းတွင် သမီးတော် ကဒ္ဒမြို့စား မင်းသမီး ဆောက်လုပ်သည့် လေးထပ်ဇေတဝန် ကျောင်းတော်ကို ''ဘုံသာဝေယန်''ဟု သမိုက်တော်မူ၍ ကိုယ်တိုင်ရေစက်ချ တင်လှူတော်မူခဲ့လေသည်။ '' ဂုဏာမုနိန္ဒာ ဓိပတိ ပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်း တော်မူခဲ့လေသည်။

ဘိုးတော်မင်းတရားသာသနာပိုင်အပ်

ဘိုးတော်မင်းတရားသည် မန်လည်ဆရာတော်ဘုရားကြီးအား မင်းအိုဆရာတော်၊ ဆုံထားဆရာတော် မင်းရွာဆရာတော်အစရှိသော ဆရာတော် ၁၁–ပါးနှင့်အတူ သံဃာ့ဦးကိုင် သာသနာပိုင် အဖြစ်လည်း အပ်နှင်းတော်မူလေသည်။

အတင်အဂုံပြဿနာတွင် သဘာပတိဖြစ်၍ ပြီးပြတ်ခဲ့

သက္ကရာဇ် ၁၁၄၆–ခု၊ ကဆုန်လဆန်း ၁–ရက်နေ့တွင် အမရပူရ ပဋ္ဌကတ်တိုက်တော်စရပ်၌ အရုံကိုးရဟန်းတော်များ အတင်ကိုး ရပ်း

တော်များ မျက်နှာစုံစည်းဝေး ၂-ဖက်အခြေအတင် ပြောဆို ဆုံးဖြတ်ပွဲတွင် မန်လည်ဆရာတော်ဘုရားကြီးသည် သဘာပတိ သံဃနာယက ဖြစ်တော် မူလေသည်။

ယင်း ၂-ဖက်အခြေအတင် ပြောပွဲတွင် ရှေးဦးစွာ အတင်ဖက် ခေါင်းဆောင် အတုလဆရာတော်နှင့် အရုံဖက်မှ မောင်းထောင် ဆရာတော် တို့ ပြောဆိုကြရာ မန်လည်ဆရာတော်ကြီးက မောင်းထောင် မေးပုံသည် ပြီးခဲ့ချိမ့်မည်ဟု နှလုံးပိုက်တော်မူပြီး ''ကိုနန္ဒထွက်ဆိုလေ''ဟု ဗားကရာ ဆရာတော်ကို စေခိုင်းရာ ဗားကရာဆရာတော်က 'မောင်းထောင် ဆရာတော်ကလေးနှင့်ပင် သင့်တော်ပါသည်'' ဟုနှစ်ကြိမ် သုံးကြိမ် လျှောက်ထား၏။ ထိုအခါ မန်လည် ဆရာတော်ကြီးက ''ကိုနန္ဒဆိုလျှင်ဆို တော့ ဒုဗ္ဗစပုဂ္ဂိုလ်လေလော့'' ဟု ပြင်းစွာငေါက်ငန်းတော်မူသည်တွင် ဗားကရာဆရာတော် ဆိုလေသည်။ ယင်းသို့ဖြင့် မန်လည်ဆရာတော် ဘုရားကြီးက ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ စသောပညာရှိ ရဟန်းတို့ကိုပင် ငေါက်ဝံ့သော ဆရာတော်ပေတည်း။ '' ငေါက်ဝံ့လောက် အောင် သတ္တိဗျတ္တိ၊'' သီလ၊ သမာဓိ၊ ပညာရှိသော ပုဂ္ဂိုလ်ပေတည်း။

မန်လည်မဟာစရိယော ဟိ၊ သူရော ပရိသသောဘနော။
သီလသမာဓိပညာဒီဟိ၊ ဥပေတော ဗုဒ္ဓသာသနေ။

ကြည်ညိုဖွယ်ဖြစ်ရပ်များ

မန်လည်ဆရာတော်ဘုရားကြီး အရှင်ဂုဏာမဇ္ဈ။သာနှင့်စပ်၍ ကြည်ညိုဖွယ်ဖြစ်ရပ်များကို တွေ့ရှိရလေသည်။ သာသနာ့ဝန်ထမ်းများ အတုယူဖွယ် ကောင်းလှပေသည်။

ဝိနယသင်္ဂဟအဋ္ဌကထာနှုတ်ငုံဆောင်

သာသနာသက္ကရာဇ် ၁၇၀၀-ကျော်တွင် သီဟိုဠ်ကျွန်း ပုလတ္ထိပြို့ ဇေတဝန်ကျောင်းတိုက်နေ သံဃရာဇာ အရှင်သာရိပုတ္တရာသည် ပရက္ကမ မင်းကြီး လျှောက်ထားတောင်းပန်သဖြင့် ဝိနယသင်္ဂဟကျမ်းကို ရေးသားပြုစု

တော်မူခဲ့သည်။ ယင်းဝိနယသင်္ဂဟကျမ်းမှာ ဝိနည်းနှင့်စပ် အဆုံးဖြတ် ဝိနိစ္ဆယကထာပေါင်း ၃၄–ခုတို့၏စုဝေးရာ ဝိနယအမြုတေ ကျမ်းကြီး ဖြစ်လေသည်။ ဆဋ္ဌသံဂါယနာစာတော်မူ ၄၆၈–မျက်နှာ ရှိလေသည်။ ယင်းအဋ္ဌကထာကို ဝိနည်းသင်္ဂြိဟ်ဟုလည်း ခေါ်ဝေါ်ကြကုန်၏။ မန်လည် ဆရာတော်ဘုရားကြီးသည် ယင်းဝိနယသင်္ဂဟ အဋ္ဌကထာကြီးကို နှုတ်ရ ဆောင်တော်မူခဲ့လေသည်။ သို့ဖြစ်ရကား ထိုခေတ်က ဆရာတော်ကြီး ကိုလည်း ဝိနည်းသင်္ဂြိဟ် ဆရာတော်ကြီးဟုလည်း ခေါ်ဝေါ်သတတ်။ ဆရာတော်ကြီးလည်း ဝိနည်းဌ လွန်စွာကျွမ်းကျင် နှိုင်နင်းလေသည်။

ဝါစုဂ္ဂတံ ကတွာ သော၊ သင်္ဂဟံ ဋ္ဌကထံ သုဘံ။
ဝိနယမှိ သုကောဝိဒေါ၊ ပါရကါမီ ဝိသာရဒေါ။

ငါမည်သူကိုမျှ မဆင်းရဲစေ

အမရပူရမြို့နန်းတည် မင်းတရားကြီးလက်ထက် အတင် ဆရာတို့ ကို လူဝတ်လဲစေရာ အသည်ဝန်ကြီးက ''တောင်ဘီလူးပုဂ္ဂိုလ် ငါးရွာပုဂ္ဂိုလ် တို့သည် အတင်ဖြစ်ပါကုန်သော်လည်း ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါသည် မဆင်းရဲပါစေလင့်''ဟု မန်လည်ဆရာတော်ကြီးအား လျှောက်ထားလေရာ မန်လည်ဆရာတော်ကြီးက '' ငါမည်သူကိုမျှ မဆင်းရဲစေ'' ဟုသာ မိန့်ကြားတော်မူလေသည်။

မင်းမျက်နှာကိုမကြည့်ဘဲမိန့်ကြား

ယင်းအမရပူရမြို့နန်းတည် မင်းတရားကြီးလက်ထက် မင်းတရား ကြီး အမိန့်တော်ဖြင့် မန်လည်ဆရာတော်ကို ''သမ္မုတိမှန်၏လော''ဟု အတွင်းဝန်မေးလျှောက်ရာ ''ငါ့ဆရာလည်း မှန်၏။ ငါလည်း မှန်၏''ရေးဟု မိန့်တော်မူသည်ကို ''သည်အတိုင်းဖြစ်လျှင် နှုလုံးတော်နှင့်မတိုက် ရှိချို့ မည်''ဟု လျှောက်လေလျှင် ''မတိုက်မိသည်ကို တိုက်မိအောင် ငါမဆိုသာ ချေ။ မတိုက်မိ၍ထားသော မင်းဒဏ်ကိုလည်း စိုးရိမ်သင့်သည် မဟုတ် ရေးသားပါလေ''ဟု မင်းမျက်နှာကို မထောက်မငဲ့ပဲ မိန့်တော်မူလေသည်။

မအပ်သည့်ပစ္စည်းကိုသုံးတော်မမူ

တနေ့သ၌ ဆရာတော်ကြီး ဆေးဖေါ်ရန်လို၍ ကပ်ပိယ လူတပည့်ကို 'ငရုတ်ကောင်းရှာခဲ့ သည်ဖျင် ငရုတ်ကောင်းဖြစ်စေ' ဟုဆိုတော်မူသည်ကို ကပ်ပိယတပည့်က ဘယဆေးဆိုင်သွားပြီးလျှင် ထိုဖျင်ဖြင့် ဆရာတော်ကြီးက ငရုပ်ကောင်းအလိုရှိကြောင်း ပြောပြ၍ဝယ်လေလျှင် ငရုပ်ကောင်းရှင်က ဖျင်ကိုမယူပဲ ငရုပ်ကောင်းကို လှူလိုက်လေ၏။ ထိုအကြောင်းကို လျှောက်လေလျှင် သည်ဖျင်ကို ငရုတ်ကောင်းဖြစ်လော့ဟု ငါဆိုသည်။ ငါအလိုရှိကြောင်း ငရုပ်ကောင်းရှင်အား ပြောဟုငါမဆို၊ နှင့်ငရုပ်ကောင်းကို နှင်ယူ ငါ့ဖျင်ကို ငရုပ်ကောင်းဖြစ်စေ ရှေးအတူမပြောလေနှင့်ဟု မိန့်တော်မူလေသည်။ ကပ်ပိယပြော၍ရသည့် ငရုပ်ကောင်းကိုသုံးတော်မမူပါခဲ့။

အလဒ္ဓိထိုင်သည့်နေရာရေဆေး

မန်လည်ဆရာတော်ဘုရားကြီးသည် ရဟန်းမြင်ကရ လှူဒါန်းသော ပစ္စည်းဝတ္ထုကို လက်ခံတော်မမူခဲ့။ အလဒ္ဓိဟု ထင်ရှားသော ရဟန်းတို့ ရောက်လာနေသည့်နေရာကို ရေဆေးစေတော်မူသည်။ ဝိနည်း၌ လွန်စွာမှ ကျစ်လစ်တော်မူလှသည်။

ပရိဝတ်တကြိမ်တခါမှ မနေဘူးခြင်း

တရံသောအခါ တပည့်ရဟန်းတို့က ဝတ်နေလိုကြောင်း လျှောက်လေရာ ''အဘယ်သံဃာဒိသိသ် သင့်ရိပ်ထင်သနည်း''ဟု မေးလေရာ တပည့်တို့က ''ပဌမသံဃာဒိသိသ် သင့်ရိတ်ထင်ကြောင်း'' လျှောက်ကြလေရာ 'နေလေတော့'ဟု မိန့်တော်မူသည်။ 'နောက်နှစ်ဝက် လောက်နေလိုကြောင်း' လျှောက်ပြန်ရာ ''ပဌမသံဃာဒိသိသ် သဘောသည် သတိသမ္မောဟကြောင့် မရောက်၊ ယမန်နှစ်ကပင် ရောက်ပြီးလျှက် ယခုပြန်ရောက်သည် မစောင့်မဟုတ်လော့၊ ငါအသက်ကြီးပြီ **ပရိဝတ်တခါမျှ မနေစဘူး**''ဟု မိန့်တော်မူလေသည်။

မဲထီးဆရာတော်အား ဆုံးမ စကားမိန့်ကြား

အခါတပါး မန်လည်ဆရာတော်ကြီးရှေ့ မဲထီးဆရာတော်က ''ပြည်ပန်းညို ရွှေဟင်းကို တပည့်တော်မကြိုက်ပါ'' ဟု ဆိုမိလေရာ နှုတ်ကွန်ခြေမစောင့်သောရဟန်းသည် ပစ္စုပ္ပန်အကျိုးလဲနည်း၊ သံသရာအကျိုးလဲနည်းသည်။ ငါ ဤအာဟာရကို မကြိုက်ဟု ဆိုမိခြင်းကြောင့် ထိုအာဟာရဒါယကာတို့ မလှူလျှင် အလုပ်အကျွေးတပည့်တို့မျှ မစားရသည်ကား ပစ္စုပ္ပန်အကျိုးနည်းသည်။

ဤအာဟာရမျိုးကို ငါကြိုက်သည်ဟုဆိုခြင်းကြောင်း ရအပ်သော အာဟာရကို သုံးဆောင်သော ရဟန်းမှာ သံသရာကျိုးနည်းသည်။ သို့ဖြစ်၍ အစားအသောက်၌ လျှပ်ပေါ်စွာ ဤအာဟာရကို ငါမကြိုက်ပါ ဤအာဟာရကို ငါကြိုက်သည်ဟုလည်း မပြောမဆိုရာ–ဟု မိန့်တော်မူသည်။

ဆရာတော်သုံးပါး ဩဝါဒပေး

တရံသောအခါ မုန်တောဆရာတော်၊ မဲထီးဆရာတော်၊ ဆင်တဲဆရာတော်တို့ အချင်းချင်း နှလုံးမသာမယာရှိကြလေရာ ခေါ်တော်မူ၍ '' ငါရှင်တို့ ငါအရွယ်ကြီးရင့်ပြီ မည်သူနှင့်မျှ ခိုက်ရန်မဖြစ် စဘူး'' ဟူ၍ မိန့်တော်မူသည် မုန်တောဆရာတော်စသော ဆရာတော် (တပည့်) သုံးပါးတို့သည် စိတ်နှလုံး ချမ်းသာစွာရှိကြကုန်၏။

မန်လည်မဟာစရိယော ဟိ၊ လဇ္ဇီ သိက္ခာကာမော သုဓီ။
သူရတော နိဝါတော စေဝ၊ ခန္တိယာ ဥပေတော ဝိဒူ။
စက္ကသ သဗ္ဗညုနောပိ၊ ဝုဒ္ဓိကာမော ဝိသာရဒေါ။
သာသနသောဓကော စေဝ၊ လဇ္ဇီဝံသေ သုပါကဋော။

ပုံလွန်တော်မူခြင်း

ဖော်ပြပါ ဂုဏ်တော်အဝဝတို့နှင့် ပြည့်စုံတော်မူသော သာသနာပိုင် မန်လည်ဆရာတော် ဘုရားကြီးသည် သက်တော်၉၃-နှစ် ဝါတော် ၇၁-ဝါရရှိရာ သက္ကရာဇ် ၁၁၆၇-ခုနှစ်တွင် မိုးထိတိုက် ဘုံသာဝေယန် ကျောင်းတော်ကြီး၌ ပုံလွန်တော်မူလေသည်။ ပုံလွန်တော် မူသောအခါ သိက္ခာကို စွန့်၍ ပုံလွန်တော်မူသည်ဟု အဆိုရှိ၏။

မန်လည်သုသံဃရာဇာပိ၊ မစ္စုရာဇေန မဒ္ဒိတော။
မစ္စုဿ ဒမနံ နာမ၊ ကိသ္မိစိ နု ဝိဇ္ဇတိ။



သာသနာပိုင် ဆုံထားဆရာတော်
အရှင်နန္ဒမာလာ

ဆရာတော်သည် ဗန့်ကျီတိုက်စီရင်စု ပေါက်မြင့် (ဆုံထား)[၁] ရွာ၌ သက္ကရာဇ် ၁၀၈၀–ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော် စနေသားဖြစ်လေသည်။ လူမည် မောင်စံဘလူဖြစ်လေသည်။

ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၁၅–နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်နန္ဒဖြစ်လေသည်။ သာမဏေဝါရပြီးနောက် သက်တော် ၂၀–ပြည့်မြောက်သည့်အခါ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်နန္ဒမာလာ ဖြစ်လေသည်။

ပဉ္ဇာသင်ကြားတတ်မြောက်ခြင်း

ဆရာတော်သည် ရေမိန်ဆရာတော် အရှင်ကလျာဏဓဇ အစရှိသော မထေရ်မြတ်တို့၏အထံ ကျမ်းဂန်အရပ်ရပ်ကို သင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

ဆင်ဖြူကျွန်း ဓလင်းမြို့၌နေထိုင်ခြင်း

ဗန့်ကျီတိုက်နယ်မှ ဆင်ဖြူကျွန်းသို့ ကြွရောက်၍ လှည်းထောင်၊ နွားမွေး အစရှိသော အမှုအရာများကို ပြုကျင့်နေသော ရဟန်းတို့ကို ဝိနည်းတော်နှင့်အညီ ဆုံးမကံမြစ်တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။ ဆုံထားဆရာတော်သည် စာချ၊ စာကြည့်၍ လွန်စွာ ဝါသနာထုံသူလည်း ဖြစ်တော်မူ၏။

၁။ ပေါက်မြင့်ရွာကို ဆုံထားရွာဟု ခေါ်ကြဟန်ရှိ၏ ဆရာတော်၏ ကျမ်းစာနိဂုံးတို့၌ ပေါက်မြင့်ဇာတိဟု တွေ့ရ၏။

ဆရာတော်သည် အရည္ညလက္ခဏာလုံလောက်သော စလင်းမြို့တောင်အရပ်၌ စလင်း မြို့သူကြီး ဆောက်လုပ် လှူဒါန်းသည့် ဘုံသုံးဆင့်ရှိ ကျောင်း (သုံးထပ်ကျောင်း)၌ ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့လေသည်။

ဘာဝနာပွား၊ စာချ၊ ကျမ်းရေး

ယင်းစလင်းမြို့ တောရကျောင်း၌ ဘာဝနာပွားများခြင်း၊ စာပေချပို့ခြင်း၊ ကျမ်းစာရေးသားခြင်းတို့ဖြင့် အချိန်ကိုလွန်စေတော် မူခဲ့လေသည်။ ၎င်းပြင်ထိုဒေသ၌ ပေါ်ပေါက်လျက်ရှိသော သံဃာ့ အဓိကရုဏ်းများကို အဆုံးအဖြတ် ပေးတော်မူ၍လည်း သာသနာပြုတော် မူခဲ့လေသည်။

အင်းဝမြို့တော်သို့ကြွရောက်သီတင်းသုံးခြင်း

အင်းဝနန်းစံ စဉ်ကူးမင်းတရားသည် ဆုံထားဆရာတော် ရေးသားပြုစုတော်မူသည့် ဝိနည်း ဖက်ဆိုင်ရာကျမ်းဂန်(တုံန္ဒယ်ရဟန်းတို့၏ အတင်ဝါဒ မမှန်ကန်ကြောင်း ရေးသားသည့်ကျမ်းဂန်)ကို ဖတ်ရှုတော်မူရ၍ ကြည်ညိုယိုဖိတ် သဒ္ဓါစိတ္တာပ္ပါဒ်ဖြစ်ပေါ်လာသဖြင့် အင်းဝသို့ကြွရောက် သီတင်းသုံးရန် ပင့်လျှောက်ချက်အရ အင်းဝမြို့သို့ ကြွတော်မူ၍ သီတင်းသုံးတော်မူခဲ့လေသည်။

ဘုံကျော်ဝေယန်ကျောင်းတော်တင်လှူ

မင်းတရားသည် မြို့တော်သို့ ရောက်သောအခါ ဆရာတော်ထံ ဝိနည်းသင်ကြားပြီးလျှင် အတင်ဂိုဏ်းဆရာတော်တို့ကို စည်းဝေးစေတော်မူ၍ အဆုံးအဖြတ်ပြုစေလေသည်။ ထိုအခါ အတင်ဂိုဏ်းဆရာတော်တို့က ရှုံးပြီဟု ဝန်ချရလေသည်။ မင်းတရားသည် ၁၁၄၁-ခုနှစ် တပေါင်းလလောက်တွင် လောကသရဖူဘုရား အရှေ့ သာယာညီညွတ်သော မြေအပြင်တွင် ကျောင်းရံကျောင်းဦး ပြာသာဒ်နှစ်ဆောင်နှင့်တကွ လေးထပ်ဧတဝန်ရွှေကျောင်းတော်ကို "ဘုံကျော်ဝေယန်" သမိုက်တော်မူ၍ ဆုံထားဆရာတော်အား တင်လှူတော်မူလေသည်။

၁။ ဆုံတားဆရာတော်၏ ဝိသုဒ္ဓိမဂ်နိဿနိဂုံး (၀၆)

ဘွဲ့တံဆိပ်တော်လှူဒါန်းဆက်ကပ်ခြင်း

မင်းတရားသည် ယင်းကျောင်းတင်လှူပွဲတွင် “ နရိန္ဒာဘိဝဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ် လှူဒါန်းတော်မူလေသည်။

အမရပူရမြို့တော်သစ် ကြွရောက်သီတင်းသုံး

ဘိုးတော်မင်းတရားသည် အမရပူရမြို့တော် နန်းတော်ကို တည်ထောင်၍ အင်းဝမြို့မှ အမရပူရမြို့တော်သို့ ရွှေ့ပြောင်းစံတော်မူသောအခါ မင်းတရားနှင့် တပါတည်း ပိဋကတ်တော်တင်ဖောင်ဖြင့် ကြွတော်မူ၍ အမရပူရမြို့တော်၌ သီတင်းသုံးတော်မူရလေသည်။

ကျောင်းတင်လှူ သာသနာပိုင်အပ်

မင်းတရားကြီးနှင့်သားတော် အိမ်ရှေ့မင်းတို့၏ လေးမြတ်ခြင်းကို လည်း ခံယူတော်မူရလေသည်။ အိမ်ရှေ့မင်းမိဖုရား ကျောင်းတော်ကို “မင်္ဂလာဝေယန်” ကဗျည်းတင်၍ ဆုံထားဆရာတော် အရှင်နန္ဒမာလာအား တင်လှူတော်မူခဲ့လေသည်။ “နရိန္ဒာဘိသိရိဝဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းတော်မူလေသည်။ သာသနာပိုင် အရာကိုလည်း အခြားဆရာတော်ကြီးများနှင့်အတူ အပ်နှင်းတော်မူလေသည်။ နောက်တွင် “ တိပိဋကာလင်္ကာရ သဒ္ဓမ္မသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကိုလည်း ထပ်မံဆက်ကပ် လှူဒါန်းလေသည်။

စာပေချပို့သာသနာပြုတော်မူခဲ့

ဆုံထားဆရာတော်သည် အမရပူရမြို့ မင်္ဂလာဝေယန် ကျောင်းကြီး၌ သီတင်းသုံးတော်မူလျက် သင်္ခ်ာချင့်ထောက် မြားမြောက်စွာ လှကုန်သော တပည့်တပန်း ရဟန်းသာမဏေတို့အား အဋ္ဌကထာတွဲဖက်၍ ပိဋကတ် ကျမ်းဂန်များကို ချပို့တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

ဂိုဏ်းအုပ်ဂိုဏ်းချုပ်ခန့်သာသနာပြု

နိုင်ငံတော်အတွင်းရှိ သီလဝန္တ သိက္ခာကာမဂုဏ် လုံလောက်သော ထေရ်ကြီးတို့ကို ဂိုဏ်းအုပ် ဂိုဏ်းချုပ်စသည် အသိအမှတ် ပြုခန့်အပ်တော်မူ၍လည်းကောင်း၊ နိုင်ငံတော်အတွင်းရှိ များစွာသောရဟန်း သံဃာတို့၏ ဆရာဖြစ်၍လည်ကောင်း၊ ရဟန်းသံဃာအပေါင်းတို့၌ ဝိနည်ကျမ်းဂန် ဥပဒေအလျောက် အဆုံးအဖြတ် ပေးတော်မူ၍ၛင်း သာသနာပြုတော်မူခဲ့လေသည်။[1]

ကျမ်းဂန်ပြုစုတော်မူခြင်း

ဆုံထားဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ ဒွါဒသကနိပါတ်ဇာတ် အဋ္ဌကထာနိသျ
၂။ တေရသကနိပါတ် ဇာတ်အဋ္ဌကထာနိသျ
၃။ ဇိနာလင်္ကာရစာကိုယ်နိသျ
၄။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနိသျ
၅။ အဖေဂ္ဂါသာရဒီပနီ အမေးအဖြေ
၆။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိသျ
၇။ သုတ္တသင်္ဂဟပါဠိတော်နိသျ
၈။ သုတ္တသင်္ဂဟအဋ္ဌကထာနိသျ
၉။ သုတ်မဟာဝါအဋ္ဌကထာဂဏ္ဌိ
၁၀။ သုတ်ပါထေယျအဋ္ဌကထာဂဏ္ဌိ
၁၁။ သာသနသုဒ္ဓိဒီပကပါဋ္ဌ အစရှိသည်တို့ဖြစ်ကုန်၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိသျ

ဖော်ပြပါ ကျမ်းများအနက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိသျကျမ်းကြီးသည် ကျယ်ဝန်းသောကျမ်းကြီးဖြစ်လေသည်။ ပေဖြင့်ပဌမထုပ်၊ ဒုတိယထုပ်၊ တတိယထုပ်အားဖြင့် ၃–ထုပ်ရှိလေသည်။

၁။ သာသနသုဒ္ဓိဒီပကနိဂုံးကိုမီးရှေးသည်။

ဤစာပြုသူထံ၌ ပဌမထုပ်မရှိဘဲ ဒုတိယထုပ်၊ တတိယထုပ်တို့ ရှိထားပါသည်။ ဒုတိယထုပ် ကျမ်းဦး၌-

သံဝဏ္ဏာနယ ပါဝစေ၊ ပါကဋ္ဌဉာဏစာရိနာ။
ဗုဒ္ဓယောသာစရိယေန၊ ဒဿိတာ သိလဝဏ္ဏနာ။
တေသု သီလာဒိဝဏ္ဏနံ၊ ဗြဟ္မစရိယပရိယန္တံ။
ကထာမဂ္ဂဿ နိဿယံ၊ ကတံ သဒ္ဓမ္မဋ္ဌိတိယာ။

အရှပါနဉ္စ နိဿယံ၊ ကတကာလော စ ကွဒါနိ။
ယသ္မာ ပတ္တော ကရိဿာမိ၊ နမဿိတွာ သုကုသလံ။

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ တံ မေ သုဏာထ သာဓဝေါ။
သဗ္ဗဒုက္ခပမောစနံ၊ နိဗ္ဗာနပုရပတ္တိကံ။

ဟူသော ၄-ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။

တတိယထုပ် ကျမ်း၌လည်း -

ဘဒ္ဒန္တဗုဒ္ဓယောသေန၊ ဝုတ္တသုဒ္ဓိပထပဒ္ဒေ။
မနောရမ္မမနိဿယံ၊ နိဿာယ ဝိစာရေတွာ ကွဒါနိ။[၁]

စသော ၄-ဂါထာဖြင့်ပင် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာနိသျကို သာသနာသက္ကရာဇ် ၂၃၁၉-ခုနှစ် ကောဇာသက္ကရာဇ် ၁၁၃၇-ခုနှစ်တွင်အရောက် စလင်းမြို့တောင် စလင်းမြို့သူကြီး ဆောက်လုပ်လှူဒါန်းသည့် ဘုံသုံးဆင့်တောရကျောင်း၌ သီတင်းသုံးစဉ် ရေးသားပြီးစီးကြောင်း နိဂုံး၌ဖော်ပြတော်မူခဲ့လေသည်။

သုတ္တသင်္ဂဟပါဠိတော်နိသျ

သုတ္တသင်္ဂဟပါဠိတော်နိသျကို ပေဖြင့်တွေ့ရ၏။ ၁၁၂၈-ခုနှစ်က ရေးသားပြုစုခဲ့ကြောင်း ကိုယ်တိုင်ဖော်ပြတော်မူခဲ့လေသည်။ သုတ္တသင်္ဂဟပါဠိတော်နိသျကျမ်းဦး၌ -

သုတ္တံ သုတ္တံ မုနိန္ဒဿ၊
သုတ္တသင်္ဂဟပါဠိယာ။

စသော ၃-ဂါထာခွဲဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။

နိဂုံး၌ ဗန်္ဓကျိုက္ကတိ ပဒေသေ ပေါက်မြင့် ကျွတိဂါမ ဇာတိကေန နန္ဒမာလာကျွတိနာမကေန ထေရေန သိဿာနံ ဂန္ဆန္ဓရဝါစေန္တကာလေ အန္တရန္တရာဝိစရိတော သုတ္တသင်္ဂဟပကရဏသ သာဓိပ္ပါယော (နိဿယော) ကျွတိ သမတ္တော အနုန္တရာယေန ယထာသုခံ ဟူသော စကားဖြင့် ဖော်ပြတော်မူခဲ့လေသည်။

သုတ်မဟာဝါအဋ္ဌကထာဂဏ္ဌိ

သုတ်မဟာဝါ အဋ္ဌကထာ ဂဏ္ဌိကျမ်းကြီးမှာလည်း ပေဖြင့်ပင် တည်ရှိခဲ့လေသည်။ ကျမ်းဦး၌ တခမ်းတနား ပဏာမပဋ္ဌိညာဉ် စသည် ပြုမထားပဲ " ဒီဃနိကာယ် သုတ်မဟာဝါအဋ္ဌကထာ၌ အနက် အဓိပ္ပါယ် အသိခက်သည်နှင့်တကွ ပြရာပြကြောင်းဖြစ်သော လိနတ္ထပကာသိနီ မည်သောကျမ်းကို ၎င်း၏ မှီရာဋ္ဌီကာကိုသာလျှင်မှီ၍ ကျေးဇူးရှင် ဆရာမြတ် တို့ထံမှ ရအပ်သော ဥပဒေသကိုလည်း ရှေးသွားပြု၍ ဉာဏ်နုသေးသော စာသင်သားတို့၏ အကျိုးငှာစီရင်ပေအံ့" ဟူ၍သာ ဖော်ပြထားလေသည်။

နိဂုံး၌လည်း " ဂဏ္ဌိသခါတံ လိနတ္ထပကာသိနိ နာမ ပကရဏံ နန္ဒမာလာ ကျွတိ ဂရုဟိ နာမေန ထေရေန ကတန္တိ" ဟူ၍သာ လာရှိ လေသည်။ ယင်းကျမ်းကို သာသနာသက္ကရာဇ် ၂၃၀၈-ခုနှစ်က အပြီးသတ် ရေးသားတော်မူခဲ့လေသည်။

သာသနသုဒ္ဓိဒီပကပါဋ္ဌ

သာသနသုဒ္ဓိဒီပကပါဋ္ဌမှာ သရေခေတ္တရာ သာသနာ့သမိုင်း အကျဉ်းမှ စ၍ အတင်အရုံသမိုင်းကို အဓိကထား၍ ရေးသားသော ကျမ်းဖြစ်လေသည်။ ကျမ်းကောင်းကျမ်းမွန်ဖြစ်လေသည်။

ပုံလွန်တော်မူခြင်း

ဖော်ပြပါ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆုံထားဆရာတော် ပေါက်မြင့်ဆရာတော်ဟု ကျော်စောကီတို့ ရှိတော်မူသော သာသနာပိုင် ဆုံထားဆရာတော်ဘုရားကြီး အရှင်နန္ဒမာလာသည် သက်တော် ၆၅-နှစ် ဝါတော် ၄၅-ဝါအရတွင် ပုံလွန်တော်မူခဲ့လေသည်။

နန္ဒမာလာ ဘိဓာနော ဟိ၊ ထေရော သာသနနန္ဒနော။
သာသနံ ဇောတယိတွာန၊ ပယာတော မစ္စုနော မုခံ။

သာသနာပိုင် မင်းရွာဆရာတော်
အရှင်ဇာဂရ

ဆရာတော်သည် မတ္တရာမြို့ ဝါးရင်းတုတ်ရွာ၌ သက္ကရာဇ် ၁၀၈၅-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော် အဂီသားတည်း။ လူမည် မောင်စံသာဖြစ်လေသည်။

ရှင် ရဟန်းပြုခြင်း

သက်တော် ၁၄-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့မှာ ရှင်ဇာဂရဖြစ်လေသည်။ သက်တော် ၂၀-တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဇာဂရ ဖြစ်တော်မူလေသည်။

စာပေတတ်မြောက်တော်မူခြင်း

ဆရာတော်သည် ငယ်စဉ်ကမှစ၍ ကျော်အောင်စံထား ဆရာတော် အစရှိသော ဆရာသမားကောင်းများကိုလည်း အမှီပြုလိုက်ရ ဉာဏ်လည်း လွန်စွာထက်မြက်သဖြင့် စာပေကျမ်းဂန်တတ်မြောက် ကျွမ်းကျင်တော်မူလေသည်။ ကျမ်းဂန် ဝါစုဂ္ဂတလည်း များလှပေသည်။

အမင်းမင်းတို့ကြည်ညိုကိုးကွယ်

ဆရာတော်သည် စာပေလည်း တတ်မြောက်သည်။ ဝိနယဂရုက သိက္ခာကာမလည်းရှိသည်။ သို့ဖြစ်၍ စဉ့်ကူးမင်း၊ ဘိုးတော်မင်းတရား အစရှိသော မင်းတရားတို့ ကြည်ညိုမြတ်နိုး ကိုးကွယ်ကြကုန်၏။ စဉ့်ကူးမင်း လက်ထက်တွင် ငါးထပ်ကြီးဘုရားတောင်ဖက်ရှိ နှမတော် ကန့်မြို့စား ဆောက်လုပ်သည့် လေးထပ် ဇေတဝန်ကျောင်းတော်ကို "ရတနာရွှေဘုံ" သမိုက်တော်မူ၍ မင်းရွာဆရာတော်အရှင် ဇာဂရမထေရ်မြတ်အား တင်လှူတော်မူခဲ့လေသည်။ " ဇမ္ဗုဒီပ သီရိအနန္တဓဇ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း လှူဒါန်း ဆက်ကပ်တော်မူလေသည်။

မင်းတရားနှင့်အတူ အမရပူရကြွရောက်သီတင်းသုံး

၁၁၄၅-ခုနှစ် နယုန်လဆန်း၁၂-ရက် တနလ်ာနေ့တွင် ဘိုးတော်မင်းတရားနှင့်အတူ အင်းဝမြို့တော်မှ အမရပူရမြို့တော်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။ ယင်းသို့ အင်းဝမှ အမရပူရသို့ ကြွတော်မူစဉ် ပဋ္ဌကတ်တင် တိုးရုပ်ရွှေဖောင်တော်ဖြင့် အခြားဆရာတော်ကြီး ၃-ပါးတို့နှင့်အတူ ကြွတော်မူခဲ့လေသည်။

မဂ်လာစံလွှတ်ကျောင်းတော်နှင့် ဘွဲ့တံဆိပ်အလှူခံရခြင်း

သက္ကရာဇ် ၁၁၄၉ခုနှစ် တပေါင်းလဆန်း ၆-ရက်နေ့တွင် အမရပူရရွှေမြို့တော်မြောက် အလယ်နန်းရှင်မိဖုရား ဆောက်လုပ်သည့် ကျောင်းရံဟာဆယ်၊ တံတိုင်းမီးတားနှင့်တကွ ကျောင်းတော်ကို "မဂ်လာစံလွှတ်" သမိုက်တော်မူ၍ မင်းတရားကိုယ်တိုင် လှူဒါန်းခြင်းခံယူ တော်မူရလေသည်။ ၎င်းပြင် "ဉာဏဇမ္ဗုဒီပ အနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းကိုလည်း ခံယူတော်မူရလေသည်။

သံဃာ့ဦးကိုင် သာသနာပိုင်ဖြစ်ရတော်မူခြင်း

မင်းအိုဆရာတော် အရှင်ဂုဏသီရိစသည်တို့နှင့်အတူ သံဃာ့ဦးကိုင် သာသနာပိုင်အဖြစ် လွှဲအပ်ခြင်းကို ခံတော်မူရလေသည်။ သာသနာပိုင်အဖြစ်၌တည်၍ မင်းအိုဆရာတော်စသော သာသနာပိုင် ဆရာတော်များနှင့် တိုင်ပင်၍ သာသနာရေးရာများကို ပြုလုပ်ဆောင်ရွက်တော် မူခဲ့လေသည်။

မင်းရွာဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ဖြစ်ရပ်များ

မင်းရွာသာသနာပိုင်ဆရာတော်ဘုရားကြီးကား လွန်စွာမှ ဝိနယဂရုက သိက္ခာကာမရှိတော်မူသည်။ ဆွမ်းဘုဉ်းပေးရန် ကပ်လာသော ဟင်းလျာများတွင် မျက်စိမှိတ်နှိုက်မိသော ဟင်းလျာကိုသာ ဘုဉ်းပေးတော်မူလေ့ရှိသည်။ ဟင်းလျာ၌ လောလုပ်ပတဏ္ဍာဖြစ်မည်ကို လွန်စွာမှ စိုးရွံ့တော်မူလေသည်။ အခြားဟင်းလျာခွက်မှ ဟင်းလျာကိုဘုဉ်းပေးတော်မူလေ့မရှိဟု သိရ၏။

သူတပါးတို့အား ကဲ့ရဲ့ပြစ်တင်သော စကားကို တရံတဆစ်မျှ မိန့်ဆိုတော် မမူခဲ့။ သူတပါးတို့ လျှောက်ထားသည်ကိုပင် လည်မညှိတ်ပါခဲ့။ မင်းဆရာဖြစ်ပါလျှက် ဝါတော်၅၀–ကျော်တိုင်အောင် ဆွမ်းခံဝတ်ကို ဖျက်တော် မမူပါခဲ့။

နေပူမိုးရွာစေကာမူ ဘိနပ်စီးလေ့၊ ထီးဆောင်းလေ့မရှိဟု သိရ၏။ ပစ္စည်းလေးပါးဌ္ဌလည်း ခင်မင်စွဲလမ်းမှု နည်းပါးတော်မူလေသည်။ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်မှအပ ပစ္စည်းအားလုံးကို အကုန်စွန့်လှူတော်မူလေ့ရှိသည်။

ပျံလွန်တော်မူခြင်း

ယင်းသို့ ဝိနယဂရုက သိက္ခာကာမဂုဏ်တို့ဖြင့် ထူးခြားလှသော မင်းရွာ ဆရာတော်ဘုရားကြီးသည် သက်တော် ၈၁–သိက္ခာတော် ၆၁–ရှိရာ ၁၁၆၆–ခုနှစ်တွင် မင်းရွာကျောင်းတိုက်အတွင်း ရာဟုထောင့်လည်ပေါ်ကျောင်း၌ မုံတောဆရာတော် ဟောရွတ်သည့် မဟာသတိပဋ္ဌာန သုတ်တော်ကို နာခံလျက် ပျံလွန်တော်မူခဲ့လေသည်။

မင်းရွာမဟာစရိယော ဟိ၊ ဝိနယဂရုကော သုဗီ။
သုစိနာ သာသနံ ဝုဒ္ဓိ၊ ကတွာန တိဒိဝံ ဂတော။

‘မုနိန္ဒာဘိလင်္ကာရ သဒ္ဓမ္မဓဇသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်မေဓာဝီ (တောင်လေးလုံးဆရာတော်)

အမရပူရမြို့၌ တောင်လေးလုံးကျောင်းတိုက်သည် ယနေ့တိုင် ထင်ရှားရှိသေး၏။ ရာဇဂုရု ဘွဲ့တံဆိပ်ပညာရှင် မထေရ်မြတ် များစွာတို့ ရွှင်ပျော်ပျို့ရာ ကျောင်းတိုက်ပေတည်း။

အရှင်မေဓာဝီသည် ဖော်ပြပါ တောင်လေးလုံးကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့သဖြင့် တောင်လေးလုံးဆရာတော်ဟု ထင်ရှားခဲ့လေသည်။

ဉာဏ်စကျေးရွာ၌ သက္ကရာဇ် ၁၀၉၀–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော် ကြာသပတေးသားတည်း။ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော်စေ့တွင် ရဟန်းပြုတော်မူခဲ့သည်။ ကျမ်းဂန်တတ်ဆရာတော် များထံ၌ ပညာသင် ကြားခဲ့ရာ ရာဇဂုရုဘွဲ့ ရထိုက်အောင် ကျမ်းဂန်တတ် မြောက်တော်မူခဲ့လေသည်။

မင်းသမီးကိုးကွယ် ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ပုံလွန်ခြင်း

အမရပူရမြို့နန်းတည် မင်းတရားကြီးလက်ထက်တွင် သမီးတော် ဟသ်ာတမြို့ကို အသုံးကံ ကျွေးခံရသော မင်းသမီးက ကိုးကွယ်လေသည်။ အမရပူရမြို့တော်မြောက် မင်းရွာကျောင်းတိုက်အတွင်း အရှေ့မုခ်အဝင် တောင်ဖက် သုံးထပ်ရွှေကျောင်း၌ သီတင်းသုံးတော် မူခဲ့လေသည်။ ‘‘မုနိန္ဒာဘိလင်္ကာရ သဒ္ဓမ္မဓဇသာမိ မဟာဓမ္မရာဇာဓိရာဇ ဂုရု’’ ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

သက်တော် ၈၈–နှစ် ဝါတော် ၅၈–ဝါရရှိရာ သက္ကရာဇ် ၁၁၆၈–နှစ်တွင် ပုံလွန်တော်မူခဲ့လေသည်။

မေမာဝိထေရသေဋ္ဌော ဟိ၊ မေမာယ ပသိဒ္ဓေါ သုဗိ။
မေမာဝိတ္တံ အဂ္ဂဟေတွာ၊ မစ္စုရညာဘိမဒ္ဒိတော။

တောင်လေးလုံးဆရာတော်များ

ဖော်ပြပါ တောင်လေးလုံးဆရာတော် အရှင်မေမာဝိအပြင်-

- "ဝိစိတ္တာလင်္ကာရ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်လေးလုံးဆရာတော် အရှင်လင်္ကာဒီပ၊
- "ဇယန္တဝရ ဝံသာဘိဓဇ မဟာဓမ္မရာဇ ဂုရု " ဘွဲ့တံဆိပ်တော်ရ တောင်လေးလုံးဆရာတော် အရှင်ဇယန္တဝရ၊
- "ဇယန္တာဘိဝံသဝရဓမ္မ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်လေး လုံးဆရာတော် အရှင်ဇယန္တ-စသောအားဖြင့် ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ တောင်လေးလုံးဆရာတော်များလည်း ရှိခဲ့ကုန်၏။။ ယင်းဆရာတော်တို့သည် သာသနာပြုတော်မူခဲ့ကြပြီး ကံအား လျော်စွာ ပြောင်းကြွပျံလွန်တော် မူခဲ့ကြကုန်၏။။

တောင်လေးလုံး ထေရသေဋ္ဌာတိ၊ ပါကဋာ ထေရသေခရာ။
သာသနဝုဒ္ဓိယာ ကတွာ၊ အန္တကာသ ဝသံ ဂတာ။

ဂုဏာမုနိန္ဒာလင်္ကာရ သဒ္ဒမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ရွှေတောင်ဆရာတော်အရှင်ဂုဏာ

ဆရာတော်သည် ရွှေတောင်မြို့ ရွှေနတ်တောင်မင်းရွာ၌ သက္ကရာဇ် ၁၀၉၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ လူမည် မောင်ရွှေဖြစ်လေသည်။

ရှင် ရဟန်းပြုခြင်း

သက်တော် ၁၀-နှစ်အရွယ်တွင် ကျောင်းနေပညာ သင်ကြားတော်မူခဲ့လေသည်။ ၁၃-နှစ် သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရှင်သာမဏေဘွဲ့ ရှင်ဂုဏာဖြစ်လေသည်။ သက်တော် ၂၀-တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဘွဲ့တော်မှာ အရှင်ဂုဏာစာရဖြစ်လေသည်။

ရွှေတောင်ဆရာတော်

ဇာတိရွှေတောင်ကိုစွဲ၍ ရွှေတောင်ဆရာတော် ဟုတွင်လေသည်။ ယင်းရွှေတောင်ဆရာတော်ကား အတိဂမ္ဘီရဉာဏ်ရှိသူအဖြစ် ထင်ရှားခဲ့လေသည်။

ပြည်မင်းသားနှင့်မိဖုရားတို့ကိုးကွယ်

အမရပူရမြို့တည် နန်းတည်မင်းတရားကြီး၏ သားတော် ပြည်မင်းသားနှင့် မိဖုရားတို့၏ ဘုရားတစ်ဆူ တစ်လုံးဂူသို့ ကြည်ဖြူလေးမြတ်ဆည်းကပ် ကိုးကွယ်ခြင်းကိုလည်း ခံတော်မူရလေသည်။

သားတော်ပြည်မင်းသားကျောင်း မင်းတရားရေစက်ချလှူ

သက္ကရာဇ် ၁၁၅၅-ခုနှစ် ပဌမဝါဆိုလဆန်း ၆-ရက် နေ့တွင် အမရပူရမြို့တော် အရှေ့ယွန်းတွင် သားတော် ပြည်မင်းသားနှင့် ချွေးမတော် မိဖုရားတို့ ဆောက်လုပ်သည့် လေးထပ်ဇေတဝန်ကျောင်းတော်ကို

''တုလ္ဟတ်ဘုံစံ'' ကမ္ဘည်းတပ်စေတော်မူပြီးလျှင် ရွှေတောင် ဆရာတော်အား မင်းတရားကြီးကိုယ်တိုင် ရေစက်ချ၍ တင်လှူတော်မူခဲ့လေသည်။

ရာဇာဓိရာဇဂုရုတံဆိပ်တော်ကပ်လှူ

'' ဂုဏာမုနိန္ဒာလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း လှူဒါန်း ဆက်ကပ်တော်မူခဲ့လေသည်။ ကျောင်းမတင်လှူမီ ဘွဲ့တံဆိပ်ဆက်ကပ်ဟန်ကိုလည်း ဆရာတို့ဆိုကြကုန်သေးသည်။ ယင်းရွှေတောင်ဆရာတော် အရှင်ဂုဏာစာရ ကား အမရပူရသာသနာဝင်၌ ထင်ရှားသော ဆရာတော်ဖြစ်တော်မူသည်။

ပုံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာ့ဝန်ကို ဆောင်ရွက်တော်မူ ဆဲဖြစ်စဉ် သက်တော် ၈၀၊ ဝါတော် ၆၀–ရရှိရာ သက္ကရာဇ် ၁၁၇၂–ခုနှစ်တွင် ဘဝနတ်ထံ ပုံလွန်တော်မူခဲ့လေသည်။

ဂုဏာစာရော မဟာထေရော၊ ဂုဏေဟိ သံယုတ္တော သုဗီ။
ဇိနသာသနံ ဇောတေတွော၊ ပယာတော မစ္စုနော ဝသံ။

“ဗုဒ္ဓရက္ခိတ မဟာမေဃရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပုညသေဋ္ဌ

ညောင်ကန်ဆရာတော် ဦးပျော်သည်လည်း အမရပူရ သာသနာ့ဝန်ဆောင် ဆရာတော်တစ်ပါး ဖြစ်တော်မူခဲ့လေသည်။ ပခန်းကြီးမြို့နယ် ခပိုရွာ၌ သက္ကရာဇ် ၁၀၉၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ပျော်ဖြစ်လေသည်။

အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ပုညသေဋ္ဌ ဖြစ်လေသည်။ စာပေကျမ်းဂန်တတ် ဆရာတော်များထဲ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

အမရပူရမြို့ မင်္ဂလာဝေယံတိုက်၌ စာပေချပို့

အမရပူရမြို့နန်းတည် ဘိုးတော်မင်းတရားလက်ထက်တွင် အမရပူရမြို့ အနောက်မျက်နှာရှိ သရက်တော မင်္ဂလာဝေယံကျောင်းတိုက်၌ စာပေချပို့၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ကျမ်းဂန်ပြုစုတော်မူခြင်း

ယင်းသို့ သရက်တောမင်္ဂလာဝေယံကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ရတနာပူရ တတိယမြို့နန်းတည် မိဖုရားကြီး၏ ‘‘သီရိပဝရသုဓမ္မ မဟာရာဇိန္ဒာဓိပတိ’’ ဟူသော တံဆိပ်နာမတော်ကို ဆန်းနည်း၊ အလင်္ကာနည်း၊ သဒ္ဒါနည်း၊ နေတ္တိနည်းစသည်တို့ဖြင့် ရွေးချယ် စီစစ်၍-

(၁) ရာဇနာမတ္ထပကာသိနီကျမ်းနှင့်

(၂) အက္ခရသမ္ဗောဓသတ်ပုံကျမ်း စသည်တို့ကိုလည်း ရေးသား စီရင်တော်မူခဲ့လေသည်။

ရာဇဂုရုဘွဲ့တံဆိပ်အလှူခံရခြင်း၊ ပံ့လွန်ခြင်း

ဘိုးတော်မင်းတရား ဆက်ကပ်လှူဒါန်းသည့် "ဗုဒ္ဓရက္ခိတ မဟာဓမ္မ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

ဆရာတော်သည် သက်တော် ၈၀၊ ဝါတော် ၆၀–ရရှိရာ သက္ကရာဇ် ၁၁၇၂–ခုနှစ်တွင် အမရပူရမြို့ သရက်တောမင်္ဂလာဝေယံ ကျောင်းတိုက် အတွင်း သီတင်းသုံးရာ သုံးထပ်ကျောင်း၌ ပံ့လွန်တော်မူခဲ့လေသည်။

ပုညသေဋ္ဌော မဟာထေရော၊ ပုညေန သေဋ္ဌတံ ဂတော။
ပုညေန သေဋ္ဌော သန္တော၀၊ ပယာတော မစ္စုနော ၀သံ။

“ဂုဏသီရိဝံသဓဇ မဟာဓမ္မရာဇိဓဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ဂုဏသီရိ (ဗန်းပိုးဆရာတော်)

ဆရာတော်သည်လည်း အမရပူရမြို့ ထင်ရှားသည့် သာသနာ့ဝန်ဆောင် ဆရာတော်တစ်ပါး ဖြစ်တော်မူသည်။

ဗန်းပိုးရွာ၌ သက္ကရာဇ် ၁၀၉၃-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော် တနလ်ာသားဖြစ်၏။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဂုဏသီရိဖြစ်လေသည်။ ကျမ်းဂန်တတ် ဆရာတော်များထံ ချဉ်းကပ်ရောက်ရှိ ပညာသင်ကြားခွင့် ရရှိတော်မူခဲ့လေသည်။

မင်းရွာတိုက်အုပ်နိုဿယျည်း

အမရပူရ မင်းရွာဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် မောင်းထောင်သာသနာပိုင် ဆရာတော် ဘုရားကြီးက မင်းရွာတိုက်အုပ်နိုဿယျည်းအဖြစ် ခန့်အပ်တော်မူလေသည်။

ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်အလှူခံ၊ ပျံလွန်ခြင်း

ဆရာတော်သည် “ဂုဏသီရိဝံသဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူလေသည်။ သက်တော် ၇၅-နှစ် ဝါတော် ၅၅-ဝါရရှိရာ သက္ကရာဇ် ၁၁၆၈-ခုနှစ်တွင် မင်းရွာတိုက်အတွင်းထပ် အရှေ့မြောက်ထောင့် ဝါဆိုကျောင်း၌ ပျံလွန်တော်မူခဲ့လေသည်။

ဂုဏသီရိ ယတိသေဋ္ဌော၊ သေဋ္ဌဗုဒ္ဓသ သာသနေ။
ဓုရေ သော ပူရယိတွာန၊ အန္တကသ ဝသံ ဂတော။

သာသနာပိုင် ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ

ဗားကရာဆရာတော်ဟူသော နာမည်ကို သင်္ဂြိုဟ်သင်ဘူး သူတိုင်း လိုလို ကြားဖူးကြသည်။ ဆရာတော်ပြုစုသည့် ကျမ်းပေါင်း ၃၀-ကျော် အနက် သင်္ဂြိုဟ်နီသျဖြင့်ပင် ဆရာတော်၏ အရည်အချင်းကို သိရှိနိုင်လေသည်။ အမရပူရသာသနာတွင် လွန်စွာထင်ရှားသည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

ဇာတိဌာနေစသည်

ပခန်းကြီးမြို့ အလယ်ကန်ရွာ (ပခုက္ကူခရိုင် မြိုင်မြို့နယ် အလယ်ကန်ရွာ)၌ သက္ကရာဇ် ၁၁၀၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ လူမည် မောင်ကျော်ထွေး ဖြစ်လေသည်။

ရှင် ရဟန်းပြုသာသနာဝန်ထမ်းဆောင်ခြင်း

ငယ်ရွယ်စဉ်ကပင် သာမဏေဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘဝတွင် ရှင်နန္ဒမာလာ ဖြစ်လေသည်။ သက်တော် ၂၀-တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဘဝတွင် အရှင်ဓမ္မာဘိနန္ဒဖြစ်လေသည်။

ပညာသင်ကြားတတ်မြောက်ခြင်း

အရှင်ဓမ္မာဘိနန္ဒသည် မင်းအိုသာသနာပိုင် အရှင်ဂုဏာသီရိ စသည့် မထေရ်မြတ်တို့ထံတွင် ကျမ်းဂန်အရပ်ရပ်ကို 'သင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

''တိပိဋကာလင်္ကာရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်နှင့် ''နန္ဒမေဓာဘိ သီရိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ထန်းတပင် ဆရာတော်ဘုရားကြီးထံ၌လည်း အဘိဓမ္မာညဝါကိုနည်းခံ သင်ယူဘူးသည်ဟု သိရ၏။

အင်းဝမြို့ ဗားကရာတိုက်ဦး သီတင်းသုံးခြင်း

ရတနာပူရအင်းဝမြို့တော် အနောက်မျက်နှာရှိ ဗားကရာ ကျောင်းတိုက်ကြီးအတွင်း၌ မကွေးမြို့စား အတွင်းဝန်မင်းကြီး မဟာသီရိ ဇေယျသင်္ကြံ ဆောက်လုပ်လှူဒါန်းသည့် ကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေချပို့တော်မူခဲ့လေသည်။

အမရပူရမြို့တော်သို့

ဘိုးတော်မင်းတရားကြီး အမရပူရမြို့တော်သစ်သို့ ပြောင်းရွှေ့တော်မူသောအခါ အင်းဝဗားကရာကျောင်းတိုက်မှ ကျောင်းတခို့ကိုလည်း အမရပူရသို့ ပြောင်းရွှေ့ တည်ဆောက်တော်မူကာ ဗားကရာကျောင်းကို တည်ဆောက်စေပြီး ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒအား လှူဒါန်းတော်မူလေသည်။

ကျမ်းဂန်တတ်အကျော်ဆရာတော်ဖြစ်

ဗားကရာဆရာတော်သည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဗျာကရဏ်းကျမ်းဂန်အားလုံး၌ ထုံးကဲ့သို့ခြေ ရေကဲ့သို့နှောက်နိုင်သည့် ကျမ်းဂန်တတ်အကျော်ဆရာတော် ဖြစ်တော်မူသည်။

ပိဋ္ဌကေသု စ နေကေသု၊ သတ္ထေသု ဝိဝိဓေသုပိ။
ဆေကော ပရဆေကောတိ၊ ပသိဒ္ဓေါ သာသနမ္ဗရေ။

ဗားကရာတိုက်၌ စာအံသံစာကျက်သံမစဲ

ဘိက္ခုဝိဘင်း ၊ ဘိက္ခုနီဝိဘင်းဟူသော ဥဘတောဝိဘင်းကိုလည်း အမြဲန္ဒုတ်ရ ဆောင်တော်မူ၏။ စာပေချပို့မှု၌ မပြတ်လေ့ကျက်တော်မူ၏။ ထို့ကြောင့် ထိုဆရာတော်လက်ထက်က အမရပူရ ဗားကရာ ကျောင်းတိုက်ကြီး၌ နေ့ဝါညဝါ စာတက်သံ၊ စာအံသံ၊ စာရွတ်သံ တည်ညံတိုးဖြင့် ကြည်ညိုဖွယ် ကောင်းလှပေသည်။

ပညာတတ်တပည့်တို့၏ဆရာ

ဆရာတော်၏ ပညာစွမ်းကြောင့် ဉာဏ်ရည်ဉာဏ်စွမ်းရှိ တပည့်များမြောက်စွာတို့ ဗားကရာ ဆရာတော်ထံ ရောက်ရှိပညာသင်ကြား ကြကုန်၏။ ၎င်းတို့တွင် ထင်ရှားသော တပည့်များမှာ –

– မူလဋ္ဌီကာနိသျစသော ကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူခဲ့သော ''ပညာသီဟာဘိ သီရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ပဌမ ဂူကြီးဆရာတော်အရှင်ပညာသီဟ၊

– ပဌာန်းသုံးချက်စု အစရှိသော ကျမ်းဂန်များကို ပြုစုတော်မူခဲ့သော ''သူရိယဝံသာဘိ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော် အရှင်သူရိယ၊

– ပံရမတ္ထဗိန္ဒုနိသျ ကျမ်းပြုန္ဒားပြင်း အရှင်မုနိန္ဒသာရ–စသည်တို့ဖြစ်ကုန်၏။

စကားအရာလွန်စွာကျမ်းကျင်

ဆရာတော်သည် စာပေအရာ၌သာ လိမ္မာကျွမ်းကျင် တတ်မြောက်သည်မဟုတ်သေး စကားအရာ၌လည်း လွန်စွာလိမ္မာ ကျွမ်းကျင်တော်မူလေသည်။

ထိုစဉ်က သာသနာတွင် '' သာမဏေများ ရွာတွင်းဝင်လျှင် သင်္ကန်းရုံကြွသင့်သည်။ သင်္ကန်းမရုံပဲ ပခုံးတင်ကြွသင့်သည်'' ဟူသော အတင်အရုံ ဝိဝါဒမှုကြီး ပေါ်ပေါက်ခဲ့လေသည်။ စဉ့်ကူးမင်း လက်ထက်တွင်တကြိမ်၊ အမရပူရမြို့နန်းတည် ဘိုးတော်မင်းတရားလက် ထက်တွင် တကြိမ်အားဖြင့် ၂–ကြိမ်တိုင် ပေါ်ပေါက်ခဲ့လေသည်။

အမြဲနိစ္စအနိုင်ရ

စဉ့်ကူးမင်းလက်ထက် ၁၁၄၁–ခုနှစ်တွင် အတင်အရုံ ပြောဆိုရန် သုဓမ္မာသို့မဝင်မီ 'ပွဲမဝင်ခင် ပြင်ကကျင်းပ' ဟူသည်နှင့်အညီ အရုံဖက်ဆရာတော်တို့သည် သာသနာပိုင် မန်လည်ဆရာတော်ကြီး

ရှေ့မှောက်၌ အခြေအတင်လေ့ကျင့်ပြောဆိုကြသည်။ ရှေးဦးစွာ အရုံဖက်က ဗားကရာဆရာတော်၊ အတင်ဖက်က ကတိုးဆရာတော်တို့ အချေအတင် ပြောဆိုကြရာ အရုံဖက်ကနိုင်လေသည်။ တဖန် အရုံဖက်ကကတိုးဆရာတော် အတင်ဖက် ဗားကရာဆရာတော်တို့ အချေအတင် ပြောဆိုကြရာ အတင်ဖက်က ဗားကရာဆရာတော်တို့ဖက်ကချည်း အမြဲနိုစွ အနိုင်ရလေသည်။ ထို့ကြောင့် သုဓမ္မာတွင် အတင်အရုံ အချေအတင် ငြင်းခုံကြစဉ် အရုံဖက်က ဗားကရာဆရာတော်ဦးဆောင်၍ ပြောဆိုရလေသည်။ ထိုအခါ ဗားကရာဆရာတော်၏ စာပေနိုင်နင်းမှု စကားပရိယာယ်ကြွယ်ဝမှုကြောင့် အတင်ဖက်က အတုလဆရာတော်မှာ-နောက်ဆုံးတွင် မည်သို့မျှ မချေပနိုင်တော့ပဲ မိမိအယူမှားကြောင်းဝန်ခံရလေသည်။

ဇဝံ ဓမ္မာဘိနန္ဒော ဟိ၊ ဗားကရာထေရကုဋ္ဌရော။
ပိဋ္ဌကေ အတိဗျတ္တော စ၊ ကုသလော ဝါဒမဒ္ဒနေ။

ဘိုးတော်မင်းတရားသာသနာပြု ၁၂-ပါးခန့်အပ်ခြင်း

သက္ကရာဇ် ၁၁၄၈-ခုနှစ်တွင် ဘိုးတော်မင်းတရားသည် ကျယ်ကျယ် ပြန့်ပြန့် နိုင်နိုင်နင်းနင်း သာသနာပြုရန် မူလရှိပြီး မင်းအိုဆရာတော် အရှင်ဂုဏာသီရိ၊ မန်လည်ဆရာတော် အရှင်ဂုဏာမဇ္ဈိသာ၊ ဆုံထားဆရာတော်အရှင်နန္ဒမာလာ၊ မင်းရွာဆရာတော်အရှင်ဇာဂရ တို့နှင့် နောက်ထပ် ရှစ်ပါးတို့ကိုဖြည့်၍ သာသနာပြု ၁၂-ပါးခန့်အပ်တော်မူလေသည်။ ယင်းသာသနာပြု သာသနာပိုင် ၁၂-ပါးတို့ကား-

၁။ မင်းအိုဆရာတော် အရှင်ဂုဏာသီရိ
၂။ မန်လည်ဆရာတော် အရှင်ဂုဏာမဇ္ဈိသာ
၃။ ဆုံထားဆရာတော် အရှင်နန္ဒမာလာ
၄။ မင်းရွာဆရာတော် အရှင်ဇာဂရ
၅။ ရွှေတောင်ဆရာတော် အရှင်ဂုဏာစာရ
၆။ ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ
၇။ ကတိုးဆရာတော် အရှင်ပညာ

၈။ မဲထီးဆရာတော် အရှင်ပရိမ
၉။ မုံတောဆရာတော် အရှင်ဝရ
၁၀။ စလင်းဆရာတော် အရှင်ပညာသီဟ
၁၁။ ဆင်တဲဆရာတော် အရှင်ဉာဏ
၁၂။ မောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသတို့ဖြစ်ကုန်၏။

သာသနာပြု ၁၂-ပါးတွင်ပါဝင်

ဘိုးတော်မင်းတရားသည် ,ဗားကရာဆရာတော်၏ ကျမ်းဂန်တတ်မြောက်ခြင်း၊ စကားအရာ လိမ္မာကျွမ်းကျင်ခြင်း၊ သတ္တိဗျတ္တိ စွယ်စုံရှိခြင်းတို့ကြောင့် သာသနာပိုင် ၁၂-ပါး အပါအဝင် ခန့်အပ်တော်မူသည်။

တိပိဋကာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇဂုရု

ဘိုးတော်မင်းတရားသည် သိက္ခာတော် ၁၇-ဝါ ၁၈-ဝါ ခန့်သာရှိသေးသော ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒကို များစွာ ကြည်ညို လေးမြတ်ပါသဖြင့် ''တိပိဋကာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇ ဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း လှူဒါန်းဆက်ကပ်တော်မူလေသည်။

မင်းလိုလိုက်မင်းကြိုက်မဆိုတတ်

ဗားကရာဆရာတော်သည် မင်းတရားကိုပင် အလိုလိုက်၍ အကြိုက်ကို ပြောဆိုလေ့ရှိတော် မမူချေ။ အမြဲနီစွ မှန်သည့်ဖက်ကသာရပ်တည်၍ မိန့်ဆိုတော်မူလေ့ရှိတော်မူသည်။ ဘိုးတော်မင်းတရား လက်ထက် တချိန်တွင် ပုံတော်ပြကွဒိန်ကို နှစ်သက်မည်၊ မူလပြကွဒိန်ကို နှစ်သက် မည်လော့ဟု မေးသည်တွင် ''ပုံတော်ပြကွဒိန်သည် ဘုန်းတော်ကြောင့် ပေါ်လာသော ပြကွဒိန်ဖြစ်သည်။ ပြကွဒိန်ဟောင်းသာ မူလဖြစ်သည်'' ဟု မင်းတရားမျက်နှာကို မငဲ့ဘဲ မိန့်ဆိုတော်မူလေ့ရှိသည်။

အဝတ်ဖြူလဲ ဇာတိဌာန ပြိုင်ပြန်ပို့

ဘိုးတော်မင်းတရားကလည်း အာဏာထက်သည်၊ ဗားကရာဆရာတော်ကလည်း စိတ်နေမြင့် ထက်မြက်သည်။ မင်းဇကရာဇ်စိတ်တိုင်းမကျက ဘယ်တော့မှ မခံနိုင်ချေ။ ဗားကရာဆရာတော်သည် ကိစ္စပေါ်လာတိုင်း ဘုရင့်အကြိုက် လိုက်လျောခြင်းမပြုဘဲ ကျမ်းဂန်အလိုက် အမှန်ဖက်က ရပ်တည်၍ ပြတ်သားစွာ မိန့်တော်မူလေ့ရှိသည်။ ထို့ကြောင့် မင်းဇကရာဇ် အမျက်ထွက်သဖြင့် ရာဇဝတ်သင့်ကာ သက်နှံးခွတ်ပြီး အဝတ်ဖြူ လဲပေးခြင်းခံရလေသည်။

လွန်တော်မူခြင်း

ကောဇာသက္ကရာဇ် ၁၁၆၂-ခုနှစ် သက်တော် ၆၂-နှစ် မြို့ရွာတွင် အဝတ်ဖြူနှင့် ကွယ်လွန်တော်မူခဲ့လေသည်။ မီးသင်္ဂြိုဟ်ရာတွင် အလောင်းကျွမ်းပြီးနောက် အရိုးကောက်ရန် မီးသွေးများကို စုပုံသည်တွင် မီးသွေးပုံအတွင်းမှ လုံးပတ် ၆-လက်မ၊ အရှည်တလံခန့်ရှိ ဖြွေဟောက်ကြီးတကောင် ဖြတ်သွားသည်ကို မြင်ရကြောင်း အရိုးလည်း ရှောက်သီးခန့်သာရကြောင်း ပြောရိုးဆိုစဉ်ရှိလေသည်။

ထေရ်ဝါကြီးပုဂ္ဂိုလ်များအား ရင့်သီးစွာပြောဆိုမိသည့် ဝိပါက်

ဗားကရာဆရာတော်သည် သက်တော်အရွယ်ငယ်ငယ် ပညာကလည်းတတ်၊ မင်းဆရာလည်း ဖြစ်သဖြင့် မိမိစိတ်ကို မထိမ်းနိုင်ပဲ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များကို ရံခါ ရင့်ရင့်သီးသီး လျှောက်ဆိုလေ့ရှိသတတ်။ အတင်အရုံ ပြောဆိုငြင်းခုန်ကြစဉ် မိမိထက်အသက်သိက္ခာ ၂၄-နှစ်ခန့်ကြီးရင့်သော အတုလဆရာတော်ကို ငါရှင်ဟု အကြိမ်ကြိမ်သုံးနှုန်းပြော ဆိုခဲ့လေသည်။ ဗားကရာဆရာတော်စသည်တို့၏ အစွမ်းထက်မြက်သဖြင့် အတင်ဂိုဏ်းဆရာတော်ကြီးတချို့ မျက်ရည်ကျကြရလေသည်။ အတင်ဂိုဏ်းဝင် ယမိုက်အရကောက်၊ ပဌာန်းအရကောက် စသည့်ရေးသားပြုစုတော်မူခဲ့သည့် ''တိပိဋကာလင်္ကာရ'' တံဆိပ်တော်ရ အရှင်နန္ဒမေဓာဆရာတော်ကြီး မြို့တော်မှတောရွာ ပြန်လည်နေရသည်။ နောက်လူဝတ်

လဲရသည်။ ၎င်းအပြုအမူများကြောင့် လူဝတ်လဲခံရခြင်း ရာဇဒဏ်ခံရခြင်း ဖြစ်မည်လောဟု တွေးစရာဖြစ်လေသည်။

ကျမ်းဂန်များပြုစုတော်မူခဲ့ခြင်း

ဗားကရာဆရာတော်သည် ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ

၁။ သဒ္ဒတ္ထဇေဒစိန္တာနိသျ
၂။ ကစ္စာယနသာရနိသျ
၃။ ဝါစ္စဝါစကနိသျ
၄။ ဝါစ္စဝါစက ဒီပနီနိသျ
၅။ သမ္ဗန္ဓစိန္တာနိသျ
၆။ ဝိဘတ္တျတ္ထနိသျ
၇။ သဒ္ဒဝုတ္တိနိသျ
၈။ သဒ္ဒပိန္ဓုနိသျ
၉။ ဝါစကောပဒေသနိသျ
၁၀။ ကစ္စာယနဘေဒနိသျ
၁၁။ ဂန္ထာဘရဏနိသျ
၁၂။ ဓမ္မနီတိနိသျ
၁၃။ သုဗောဓာလင်္ကာရနိသျ
၁၄။ ဝုတ္တောဒယ နိသျ
၁၅။ သဒ္ဒမေဓဒီပနီ
၁၆။ သဒ္ဒါကြီးရှစ်စောင်သုတ်နက်
၁၇။ သရာပကတိဗျဥ္ဇနေသုတ်အဖွင့် နျာသနိသျ
၁၈။ ဘိက္ခုပါတိမောက်နိသျ
၁၉။ ခုဒ္ဒသိက္ခာနိသျ
၂၀။ ဒသကနိပါတ်ဇာတ်အဋ္ဌကထာနိသျ
၂၁။ ဧကာဒသကနိပါတ်ဇာတ်အဋ္ဌကထာနိသျ
၂၂။ အဘိဓမ္မတ္ထသင်္ဂဟနိသျ
၂၃။ အဘိဓမ္မတ္ထသင်္ဂြိုဟ်အရကောက်

၂၄။ သင်္ဂြိဟ်ပဏာမဒီပနီ
၂၅။ မာတိကာအရကောက်
၂၆။ ပရမတ္ထဗိန္ဓုစာကိုယ်နိသျ
၂၇။ ပရမတ္ထဗိန္ဓုဋီကာနိသျ
၂၈။ မူလဋီကာ ဒွါရကထာအဖွင့်နိသျ
၂၉။ ဓာတုကထာမူလဋီကာနိသျ
၃၀။ ပါဠိမေတ္တာစာ နှစ်ပုဒ်အဖြေ
၃၁။ ဘိုးတော်မင်းတရား အမေးတော်ပုံအဖြေ
၃၂။ ရုံသင့်တင်သင့်အဆိုစာတမ်း (၁၁၄၁–စဉ့်ကူးမင်းလက်ထက်)
၃၃။ ရုံသင့်တင်သင့်အဆိုစာတမ်း (၁၁၄၆–ဘိုးတော်မင်းလက်ထက်)
၃၄။ ဟံသာဝတီ မင်းရတုအဖြေ စသည်တို့ဖြစ်ကုန်၏။

တပည့်တို့ရေးမှတ်ခဲ့ကြ

ဗာဂရာဆရာတော်ပြုစုသည့် ဟုဆိုသော်လည်း ဆရာတော်ချပို့ပြောဆိုစဉ် တပည့်တို့ရေးသားမှတ်ထားသော ကျမ်းဂန်တို့သာများကုန်၏။ ဘိက္ခုပါတိမောက်နိသျ၊ ပရမတ္ထဗိန္ဓုစာကိုယ်နိသျ၊ ဓာတုကထာ မူလဋီကာနိသျတို့ကို တပည့်နှားပြင်း အရှင်မုနိန္ဒဃောသ ရေးမှတ်ထားခဲ့လေသည်။ မာတိကာ အရကောက်၊ ရုံသင့်တင်သင့် စာတမ်း ၂-မူကို တပည့်အရှင်ဝရတေဇော ရေးမှတ်ခဲ့လေသည်။ အဘိဓမ္မတ္ထ သင်္ဂဟနိသျမှာ သာမဏေ ရှင်ပုညသေဋ္ဌ ရေးမှတ်ခဲ့လေသည်။ သင်္ဂြိဟ် ပဏာမဒီပနီကို ဂူကြီးဆရာတော် ဦးပညာသီဟ ရေးမှတ်ခဲ့လေသည်။

ဗာကရာဝ့ါစရိယော ဟိ၊ ပိဋ္ဌကေသု ဝိသာရဒေါ။
သတ္ထွာသု ကောဝိဒေါ စေဝ၊ ပယာတော မစ္ဆုနော ဝသံ။

သာသနာပိုင်မဲထီးဆရာတော် အရှင်ပရမ

ဆရာတော်သည် တောင်ငူမြို့ မဲထီးရွာတွင် သက္ကရာဇ် ၁၁၀၃-ခုနှစ်တွင် ဖွားမြင်တော်မူလေသည်။ ယင်းသို့ ဖွားမြင်တော်မူသည့် ရွာကိုစွဲ၍ မဲထီးဆရာတော်ဟူ သာသနာတွင် ထင်ရှားခဲ့လေသည်။

ရှင် ရဟန်းပြုခြင်း

အရွယ်ရောက်လေလျှင် သာသနာ့ဘောင်သို့ ဝင်၍ ရှင်သာမဏေပြုတော်မူ၍ သက်တော်စေ့တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော်အရှင်ပရမဖြစ်လေသည်။

ပညာသင်ကြားတတ်မြောက်ခြင်း

မဲထီးရွာ ဆရာတော် အရှင်မဏိမာလာထေရ် မိုင်းလုံအရှင်ပဝရမဇ္ဈထေရ်တို့ထံတွင် ကျမ်းဂန်အရပ်ရပ်တို့ကို သင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ အင်းဝမြို့ ကျမ်းဂန်တတ် မထေရ်မြတ် တို့ထံတွင်လည်း ပညာသင်ကြားခဲ့ဘူးဟန် ရှိလေသည်။

ဝိနယဂရုက သိက္ခာကာမ ရှိသူ

မဲထီးဆရာတော်သည် ဝိနယဂရုက သိက္ခာကာမ ရှိသော ဆရာတော်အဖြစ် ထင်ရှားခဲ့လေသည်။ စဉ့်ကူးမင်းလက်ထက် အတင်အရုံကိစ္စ ရှင်းလင်းပြောဆိုကြရာတွင် အရုံဖက်မှ ပါဝင်ပြောဆိုခဲ့လေသည်။

အမရပူရမြို့တော်ကျောင်းတိုက်အလှူခံ

ဘိုးတော်မင်းတရားလက်ထက်တွင် ရွှေမြို့တော် အရှေ့တောင်ယွန်းတွင် လက်ဝဲဝင်းတော်မှူး ဆောက်လုပ်သည့် ကျောင်းတော်ကို ဘုရင်မင်းမြတ်က မဲထီးဆရာတော် အရှင်ပရမအား တင်လှူတော်မူခဲ့လေသည်။

ရာဇဂုရုဘွဲ့တံဆိပ်ကပ်လှူ

ယင်းကျောင်းတိုက်သည် မဲထီးတိုက်ဟုတွင်သည်။ ကျောင်းတင်လှူပွဲတွင် ''ပရမသီရိဝံသာဘိဓဇ မဟာဓမ္မ ရာဇဂုရု'' ဘွဲ့ တံဆိပ်တော်ကို ကော်ရော်လေးမြတ် ဆက်ကပ်လှူဒါန်းတော် မူခဲ့လေသည်။ မြဝတီမင်းကြီး ဦးစဇ၏ ဆရာရင်းဖြစ်သည်ဟုလည်း ဆိုကြသည်။

သာသနာပိုင်ဆယ်နှစ်ပါးတွင်ပါဝင်

၁၁၄၈-ခုနှစ်တွင် ဘိုးတော်မင်းတရားက မူလရှိပြီး သာသနာပိုင် ဆရာတော်လေးပါးအပြင် နောက်ထပ် ရှစ်ပါးတိုးချဲ့၍ ခန့်အပ်သဖြင့် သာသနာပိုင်၁၂-ပါးရှိခဲ့လေသည်။ ယင်းသာသနာပိုင် ၁၂-ပါးတွင် မဲထီး ဆရာတော် ပါဝင်ခဲ့လေသည်။ ၁၁၅၀-ပြည့်နှစ်တွင် မောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသကို တစ်ပါးတည်း သာသနာပိုင် ခန့်တော်မူလေသည်။

တောင်ငူမြို့သို့သာသနာပြုကြွ

ဉာဏာဘိဝံသ ဓမ္မသေနာပတိ မောင်းထောင်သာသနာပိုင် ဆရာတော်သည် ဘိုးတော်မင်းတရားနှင့် တိုင်ပင်၍ သက္ကရာဇ် ၁၁၅၄-ခုနှစ် တပေါင်းလဆန်း ၈-ရက်နေ့တွင် ကေတုမတီ(တောင်ငူ)မြို့သို့ သက်တော် ၅၁၊ သိက္ခာတော် ၃၁-ဝါရရှိတော်မူသော ''ပရမသီရိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်ရ မဲထီးဆရာတော် အရှင်ပရမ မဟာထေရ်ကို နောက်လိုက်နောက်ပါ ရဟန်းသာမဏေ ၃၇-ပါးနှင့် သာသနာပြုစေလွှတ်တော်မူသဖြင့် တောင်ငူမြို့သို့ သာသနာပြုကြွတော်မူရလေသည်။

တောင်ငူဥဒ္ဒေကျောင်းတိုက်အလှူခံ

တောင်ငူသို့ရောက်၍ မကြာမီ တန်ခူးလဆန်း ၁၅ရက်နေ့တွင် မင်းတရားကြီး၏ သားတော် တောင်ငူဘုရင်ခံ သတိုးဓမ္မရာဇာတင်လှူသည့် ကျီးသဲမည်သော ကုန်းထိပ်တွင် ကျောင်းရံ ၆-ကျောင်းနှင့် တကွ ကျောင်းတော်ကို အလှူခံတော်မူရလေသည်။

တောင်ငူသာသနာထွန်းလင်းခြင်း

မဲထီးဆရာတော်သည် တောင်ငူ၌ စာပေချပို့ခြင်း မကုစားနိုင်သော အာပတ်ရှိသော ရဟန်းတို့ကို စစ်ဆေးမေးမြန်း၍ လူထွက်စေခြင်း၊ ကုစား၍ ရနိုင်သော အာပတ်ရှိသော ရဟန်းတို့ကို ပရိဝါသ်မာနတ်ဆောက်တည် ကျင့်သုံးစေခြင်း၊ အသက်စေ့ သာမဏေများကို ရဟန်းခံပေးခြင်း သြဝါဒ ပေးခြင်း စသည်တို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်။ မဲထီးဆရာတော်၏ ဆောင်ရွက်ချက်ကြောင့် တောင်ငူ၌ သာသနာ ထွန်းလင်း စည်ပင်ခဲ့လေသည်။

ဝံသဒီပနီကျမ်းကို ပြုစုတော်မူခြင်း

မဲထီးဆရာတော် အရှင်ပရမ မဟာထေရ်သည် ဘုရားသာသနာတည်ထောင်သည်မှစ၍ တောင်ငူသာသနာကို သုတ်သင် ထွန်းလင်းစေသည်အထိ ပါဝင်ထည့်သွင်း၍ သာသနာ့သမိုင်း သာသနာဝင် သာသနာ့အနွယ်အဆက်ပြ ဝံသဒီပနီကျမ်းကို ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်း၏ကျမ်းမှာ ဒီမိုင်းဆိုက် ၁၇၇–မျက်နှာရှိလေသည်။

ကျမ်းဦးဌ် –

နီဗ္ဗာနပုရပဝိသာနံ၊ ဓမ္မရာဇံ နမာမဟံ။
ဇိနာနမနုဝံသာနိ၊ ပဒီပံ လောကနာယကံ။

ဓမ္မံ နိသေဝိတန္တေန၊ ယထာနုသိဋ္ဌစာရိတံ။
သင်္ကာနမပတဓာရေန်္တံ၊ နမေ အပါယမုတ္တရံ။

မုနိန္ဒော ရသပုတ္တတ္တံ၊ ကတံ သုတံ နိရင်္ကဏံ။
အနုတ္တရံ ဝရံ လောကေ၊ ပုညက္ခေတ္တံ ဂဏံ နမေ။

ဥဘယဟိတတ္ထသြဝါဒံ၊ သေလဆင်္ကံ စ ဝါစကံ။
ဂရုံဘာသံတိသင်္ကစ္ဆံ၊ နတ္ထာ သိရေန မေ ဂရုံ။

ရစယိသံ ကထာမဂ္ဂံ၊ မတိဝုနကာရဏံ။
လောကဓမ္မပကိဏ္ဏကံ၊ နာမေန ဝံသဒီပကံ။

သဒါ ဓာရေန္တု တံ ဓီရာ၊ သန္တိကာ မေ သုတေသိနော။

ဟူသော ၅-ဂါထာခွဲဖြင့် ရတနာတ္တယပဏာမ၊ ဂုရုပဏာမ၊ ပဋိညာဉ်၊ ဥယျာဇဉ်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ပျံလွှန်တော်မူခြင်း

မဲထီးဆရာတော်အရှင်ပရမသည် သာသနာပြုဆဲဖြစ်တော် မူစဉ် သက္ကရာဇ် ၁၁၅၉-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

သာသနဇောတနတ္ထာယ၊ ကရောန္တော ထေရကုဋ္ဌရော။
လောကဂ္ဂသ သဗ္ဗညုနော၊ မစ္စု အာဒါယ ဂစ္ဆတိ။

ဘိုးတော်မင်းတရား ရဟန်းတော်များ သာသနာပြုစေလွှတ်

"ဂုဏာဘိလက်ာရ သဒ္ဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းအိုဆရာတော် အရှင်ဂုဏသီရိ "ဂုဏမုနိန္ဒာဓိပတိ ပဝရသာမိ မဟာဓမ္မ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မန်လည်ဆရာတော် အရှင်ဂုဏ အစရှိသော သာသနာ့ဥယျောင် ဆရာတော်ကြီးများနှင့် တိုင်ပင်၍ သာသနာပြု သီရိဓမ္မာသောက မင်းကြီး၏ထုံး နှလုံးတော်မူကာ အနယ်နယ် အစုံစုံ အပြုံပြုံ အရွာရွာတို၌ သာသနာတည်ထွန်း စိမ့်သောငှာ ဒေသအသီးသီးတို့သို့ သာသနာပြု စွမ်းနိုင်မည့် ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော ရာဇဂုရုဘွဲ့ တံဆိပ်တော်ရ ဆရာတော်သံဃာတော်တို့ကို ၁၁၄၇-ခုနှစ် နယုန်လ လောက်တွင် သာသနာပြုစေလွှတ်တော်မူခဲ့လေသည်။ သာသနာပြု အဖွဲ့များမှာ အောက်ပါ အတိုင်းဖြစ်လေသည်။

ဝိဒေဟတိုင်း ကိုင်းမားမြို့ သာသနာပြုအဖွဲ့

ဝိဒေဟတိုင်း အပါအဝင်ဖြစ်သော ကိုင်းမားမြို့သို့ "ဂုဏာဘိဝံသဓမ္မဟာဓမ္မရာဇဂုရု" ဆရာတော်နှင့် သံဃာတော် ၅-ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

ဂုဏာဘိဝံသပပ္ပမူခါ၊ ထေရာ ထိရေသု သတ္ထိတာ။
ကိုင်းမား နာဂရံ ဂန္ဒာန၊ ဇိနသာသနဇောတကာ။



ကျိုင်းရုံမြို့မိုင်းလျဉ်မြို့ သာသနာပြုအဖွဲ့

ကျိုင်းရုံမြို့သို့ ''ပုညာဘိဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာတော်၅-ပါးတို့ကို စေလွှတ်တော်မူလေသည်။ မိုင်းလျဉ်မြို့သို့ ''သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာတော် ၅-ပါး တို့ကို စေလွှတ်တော်မူခဲ့လေသည်။

ပုညာဘိဓဇပဉမူခံ၊ ကျိုင်းရုံတိ နဂရမ္ဍိ စ။
သိရိသဒ္ဓမ္မပမူခံ၊ မိုင်းလျဉ်ပူရံ အပေသယိ။



မိုင်ညောင်းမြို့၊ ကျိုင်းတုံမြို့သာသနာပြုအဖွဲ့

မိုင်ညောင်းမြို့သို့ ''သိရိပုညဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာတော်၄ပါးတို့ကို စေလွှတ်တော်မူ၍ ခေမာရဋ္ဌ တိုင်းဖြစ်သော ကျိုင်းတုံမြို့သို့ ''သိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဂုရု''ဆရာတော်နှင့် သံဃာတော်၄ပါးကို စေလွှတ်တော်မူခဲ့လေသည်။

သိရိပုညပဉမာနမ္ဍိ၊ မိုင်ညောင်းဝှသုပုရမ္ဍိ စ။
သိရိသဒ္ဓမ္မပမာနေ၊ ကျိုင်းတုံဝှ သုပုရမ္ဍိ စ ။



ကျိုင်းသဉ်မြို့ ကျိုင်းတောင်းမြို့ သာသနာပြုအဖွဲ့

ဟရိဘုဥ္ဇတိုင်းဖြစ်သော ကျိုင်းသဉ်မြို့သို့ ''အဂ္ဂပုညဝေ မဟာဝမ္မ ရာဇဂုရု'' ဆရာတော်နှင့် သံဃာ တော် ၅–ပါးတို့ကို စေလွှတ်တော်မူခဲ့လေ သည်။ **ကမ္မောဇတိုင်း**ဖြစ်သော ကျိုင်းတောင်းမြို့သို့ ''ဇိနာဘိဝေ မဟာဝမ္မ ရာဇဂုရု'' ဆရာတော်နှင့် သံဃာတော်ငါးပါးတို့ကို စေလွှတ်တော်မူခဲ့ လေသည်။

ဟရိဘုဥ္ဇမှိ ပေသေတိ၊ အဂ္ဂပုညာဒယော ယတီ။
ဇိနာဘိဓရာဒယော ဘိက္ခူ။ ကျိုင်းတောင်းတိ သုဒေသံ သုဘံ။



သန္နီမြို့ ၊ လဲခြားမြို့ သာသနာပြုအဖွဲ့

သန္နီမြို့သို့ ဆရာတော် ''ဇိနာဘိဝေ မဟာဝမ္မရာဇဂုရု'' နှင့် သံဃာ တော် ငါးပါးကိုလည်းကောင်း၊ လဲခြားမြို့သို့ ဆရာတော်''မေဓာဘိဝေ မဟာဝမ္မရာဇဂုရု'' နှင့် သံဃာတော် ငါးပါးကိုလည်းကောင်း သာသနာပြု စေလွှတ်တော်မူခဲ့ပါသည်။

မိုင်းစံမြို့သို့ '' ဉာဏာဘိဝေ မဟာဝမ္မရာဇဂုရု အမှူးရှိ သော သံဃာတော်၅–ပါးကိုလည်းကောင်း တောင်ပိုင်မြို့သို့ ''သိရိမုနိန္ဒဝေ မဟာဝမ္မရာဇဂုရု'' ဆရာတော်အမှူးရှိသော သံဃာတော် ၅–ပါးကို၎င်း သာသနာပြု စေလွှတ်တော်မူခဲ့လေသည်။

ဉာဏာဘိဓရာဒိထေရေ၊ မိုင်းစံဒေသံ မနောရမံ။
တောင်ပိုင်နဂရံ ပေသေသိ၊ မုနိန္ဒာဒိယတုတ္တမေ။



မိုင်းကိုင်မြို့၊ နောင်ပွန်မြို့ သာသနာပြုအဖွဲ့

''ဒေဝိန္ဒာဘိဝဇ မဟာဓမ္မရာဇာဂုရု ''ဆရာတော်နှင့် သံဃာတော် ၅-ပါးတို့ကို မိုင်းကိုင်မြို့သို့ ၎င်း၊ ''ဂုဏဝံသဝဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်အမှူးရှိသော သံဃာတော် ၅-ပါးတို့ကို နောင်မွန်မြို့သို့ ၎င်း သာသနာပြု စေလွှတ်တော်မူခဲ့လေသည်။

မိုင်းကိုင်ပုရံ မနုညမ်ပိ၊ ဒေဝိန္ဒပုဂ်ဝံ ဂဏ်။
နောင်ပွန်ပုရံ ရှစိရမ်ပိ၊ ဂုဏာဒယော ယတီ ဝိဒူ။



ညောင်ရွှေမြို့ ရပ်စောက်မြို့ သာသနာပြုအဖွဲ့

ညောင်ရွှေမြို့သို့'' ဝိရိယာဘိဝဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာတော်၅-ပါးတို့ကိုငင်း၊ ရပ်စောက်မြို့သို့ ''သာရကိတ္တိဝဇ မဟာဓမ္မရာဇာဂုရု ''ဆရာတော်အမှူးရှိသော သံဃာတော် ၅-ပါးတို့ကို သာသနာပြုစေလွှတ်တော်မူသည်။

ညောင်ရွှေနဂရံ ဝိရိယ၊ ပမုခံ ယတိဂဏမ်ပိ စ။
သာရကိတ္တာဒယော ယတီ၊ ရပ်စောက်ဝှ သုပုရမ်ပိ စ။



မိုင်းလုံမြို့ သီပေါမြို့သာသနာပြုအာဇဲ့

မိုင်းလုံမြို့သို့ ''ဥတ္တမာဘိဓဇ မဟာဓမ္မရာဇာဂုရု'' အမှူးရှိသော သံဃာတော် ၅-ပါးကို စေလွှတ်တော်မူ၍ သီပေါမြို့သို့ ''မုနိသာရဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်အမှူးရှိသော သံဃာတော် ၅-ပါးတို့ကို သာသနာပြု စေလွှတ်တော်မူသည်။

ပေသေသိ မိုင်းလုံနဂရံ၊ ဥတ္တမပဟုခမွိ စ။
သီပေါနဂရံ ပါဟေသိ၊ မုနိသာရပဓာနကံ။



စကားမြို့ တိကျစ်မြို့သာသနာပြုအာဇဲ့

စကားမြို့သို့ ''ပုညဂမ္ဘီရဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာတော်၅-ပါးကို စေလွှတ်တော်မူသည်။ တိကျစ်မြို့သို့လည်း ''အရိယဝံသဓဇ မဟာဓမ္မရာဇာဂုရု '' ဆရာတော်နှင့်သံဃာတော် ၅-ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

စကား နဂရံ ပုည- ထေရေန ထိရသဏ္ဌိတော။
တိကျစ် နဂရံ တထေဝ ၊ အရိယဝံသာဒယော ယတီ။



တပတ်မြို့ ကျိုင်းခံမြို့ သာသနာပြုအဖွဲ့

တပတ်မြို့သို့ ''ကကုန္ဓသာရဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာတော် ၅–ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။ ကျိုင်းခံမြို့သို့မူကား ''သီရိနန္ဒဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာ တော် ၅–ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

တပတ်ဝှ နဂရံ ကကုန္ဓ – သာရာဒိယတယော ပိစ။
ကျိုင်းခံဝှယပုရံ သီရိ – ထေရာဒယော သုပေသယိ။



ဟဲလုံမြို့၊ မိုးနဲမြို့ သာသနာပြုအဖွဲ့

ဟဲလုံမြို့သို့ ''ကဝိဝံသဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာတော် ၅–ပါးတို့ကို စေလွှတ်တော်မူ၍ မိုးနဲမြို့သို့ ''အဂ္ဂသီရိဓဇ မဟာဓမ္မရာဇာဂုရု'' ဆရာတော်နှင့် သံဃာတော် ၅–ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

ဟဲလုံဝှ နဂရံ ကဝိ – ဝံသေန ယတယော ပိစ။
မိုးနဲဒေသံ အဂ္ဂသိရိ – အာဒယော ပေသယိ သုဒီ။



မိုင်းပွန်မြို့ မိုးကောင်းမြို့ သာသနာပြုအဖွဲ့

မိုင်းပွန်မြို့သို့ "ဥတ္တမသီရိဓဇ မဟာဓမ္မရာဇဂုရု" ဆရာတော်နှင့် သံဃာတော် ၅-ပါး၊ ဇောတိနဂရတိုင်းဖြစ်သော မိုးကောင်းမြို့သို့ "ဓမ္မသာမိဓဇ မဟာဓမ္မရာဇဂုရု "ဆရာတော်နှင့် သံဃာတော် ၅-ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

မိုင်းပွန်ဒေသံ ရုစိရမ္မိ၊ ဥတ္တမသီရိအာဒယော။
မိုးကောင်းပုရံ ဓမ္မသာမိ၊ အာဒယော ပေသယီ သုဓီ။



မိုးမိတ်မြို့၊ ဗန်းမော်မြို့ သာသနာပြုအဖွဲ့

စိန့်တိုင်းဖြစ်သော မိုးမိတ်မြို့သို့ "ကဝိန္ဒာဘိဓဇ မဟာဓမ္မရာဇဂုရု" ဆရာတော်နှင့် သံဃာတော် ၅-ပါး၊ ဗန်းမော်မြို့သို့ "ဓမ္မိန္ဒရဓဇ မဟာဓမ္မရာဇဂုရု" ဆရာတော်နှင့် သံဃာတော် ၅-ပါးတို့ကို စေလွှတ်တော် မူခဲ့လေသည်။

မိုးမိတ်ကွတိ ဝိဿုတမ္မိ၊ ကဝိန္ဒာဘိယတုတ္တမေ။
ဗန်းမော်နဂရံ ပေသေသိ၊ ဓမ္မိန္ဒရာဒယော ယတီ။



ကောင်းတုံမြို့. သောင်သပ်မြို့. သာသနာပြုဖွဲ့.

ကောင်းတုံမြို့သို့ "ဝိမလာဘိဝဇ မဟာဓမ္မရာဇာဂုရု "ဆရာတော်နှင့် သံဃာတော်၅-ပါး၊ သုနာပရန္တတိုင်းဖြစ်သော သောင်သပ်မြို့သို့ "ဝရသဒ္ဓမ္မဝဇ မဟာရာဇာဂုရု" ဆရာတော်နှင့် သံဃာ တော် ၅-ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

ကောင်းတုံဝှ ဥတုသမ္ပန္နံ၊ ပုရံ ဝိမလအာဒယော။
သောင်သပ်ဘိဓာနံ သုပုရံ၊ ဝရာဒီ ပေသယီ သုဓီ။



ကောင်းတုံကြီး. ကလေးမြို့. သာသနာပြုအဖွဲ့.

ကောင်းတုံမြို့သို့ "မုနိန္ဒဝဇ မဟာဓမ္မရာဇာဂုရု" ဆရာတော်နှင့် သံဃာတော် ၅-ပါး၊ ယောနကတိုင်းဖြစ်သော ကလေးမြို့သို့ "အာသဘဝဇ မဟာဓမ္မရာဇာဂုရု" ဆရာတော်နှင့် သံဃာတော်၅-ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

ကောင်းတုံကြီ ပသိဒ္ဓိမ္မိ၊ ပုရံ မုနိန္ဒအာဒယော။
ကလေးနာမကံ သုပုရံ၊ အသဘာဒိ သုပေသယီ။



ပုသိမ်မြို့၊ မုတ္တမမြို့ သာသနာပြုအဖွဲ့

ရာမညတိုင်း ပုသိမ်မြို့သို့ ‘‘ကဝိသာရဓဇ မဟာဓမ္မရာဇာဂုရု’’ ဆရာတော်နှင့် သံဃာတော် ၅–ပါး၊ မုတ္တမမြို့သို့ ‘‘ကဝိန္ဒာဘိဓဇ မဟာဓမ္မ ရာဇာဂုရု’’ ဆရာတော်နှင့် သံဃာတော် ၅–ပါးတို့ကို စေလွှတ် တော်မူခဲ့ လေသည်။

ပုသိမ်နာဂရံ ပေသေသီ၊ ကဝိန္ဒာဒိပဘူတယော။
မုတ္တမံ မုတ္တကာ မောသော၊ ကဝိသာရာဒီယတယော။



ထားဝယ်မြို့ ၊ မြိတ်မြို့ သာသနာပြုအဖွဲ့

ထားဝယ်မြို့သို့ ‘‘ ပုညသာရဓဇ မဟာဓမ္မရာဇာဂုရု’’ ဆရာတော်နှင့် သံဃာတော် ၅–ပါး၊ မြိတ်မြို့သို့ ‘‘ဂုဏသာရဓဇ မဟာဓမ္မရာဇာဂုရု’’ ဆရာတော်နှင့် သံဃာတော် ၅–ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

ထားဝယ် နဂရံ ပုညာဒိ–ယတယော ယတိကုဉ္ဇရေ။
မြိတ်ပုရံ ဂုဏသာရာဒိ–ယတယော ပေသယီ ဝိဒွါ။



ဧည၀တီမြို့၊ ရမ္မတီမြို့ သာသနာပြုအဖွဲ့

မဟာဝိဟိကတိုင်းဖြစ်သော ရခိုင်ဧည၀တီမြို့သို့ "ဂုဏာဓမ္မာဘိဓဇ မဟာဓမ္မရာဇဂုရု" သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု" "နန္ဒသာရဓဇ မဟာဓမ္မရာဇာဂုရု" ဆရာတော်နှင့် သံဃာတော် ၁၅-ပါး၊ ရခိုင် ရမ်းဗြဲ ရမ္မ၀တီမြို့သို့ "ဆန္ဒမေဓာဘိဓဇ မဟာဓမ္မရာဇဂုရု" "ပ၀ရသီရိဓဇ မဟာဓမ္မရာဇဂုရု" ဆရာတော်နှင့် သံဃာတော် ၁၀-ပါးတို့ကို စေလွှတ် တော်မူခဲ့လေသည်။

ဧည၀တီနဂရမှိ၊ သုဓညေ ပဋ္ဌ ဘိက္ခ၀ေါ။
ရမ္မ၀တီ နဂရမှိ၊ ရမ္မတံ ပဋ္ဌ ဘိက္ခ၀ေါ။



မေဃ၀တီမြို့ ဒွါရ၀တီမြို့သာသနာပြုအဖွဲ့

ရခိုင်ပြည် မာရ်အောင်ကျွန်း မေဃ၀တီမြို့သို့ "စန္ဒသာရဓဇ မဟာဓမ္မရာဇဂုရု' 'ဉာဏဝံသဓဇ မဟာဓမ္မရာဇဂုရု' ဆရာတော်နှင့် သံဃာတော် ၁၀-ပါး၊ ရခိုင် ဒွါရာ၀တီမြို့သို့ "ဝိမလဝံသဓဇ မဟာဓမ္မရာဇဂုရု" 'ပုညဝံသဓဇ မဟာဓမ္မရာဇာဂုရု'ဆရာတော်နှင့် သံဃာတော် ၁၅-ပါးတို့ကို စေလွှတ်တော်မူခဲ့လေသည်။

မေဃ၀တီ သုပုရမှိ၊ ထေရေ ထိရေသု သတ္ထိတေ။
ဒွါရ၀တီ သော ပေသေသိ၊ ယတိသေဋ္ဌေ ဇိနတြဇေ။



ယင်းသို့ဖြင့် ဘိုးတော်မင်းတရားသည် နယ်ပယ်အနှံ့ အပြားတို့၌ ဘုရားသာသနာ အရှည် တည်ရေးအတွက် သာသနာပြု ရဟန်းတော်များကို စေလွှတ်တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။ တမြို့,တစ်ခရိုင်လျှင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာပိဋကတ်တော်အစုံ တစ်စုံစီပါပေး၍ စေလွှတ်တော်မူခြင်း ဖြစ်လေသည်။ ယင်းဘိုးတော် မင်းတရားကြီး၏ သာသနာပြုစေလွှတ်ချက်ကြောင့် ယခုတိုင် ထိုဒေသတို့၌ သာသနာရောင်တောက်ပြောင် လင်းလက်လျှက်ရှိပေသည်။ [၁]

တဿ ရညော သုနိဿာယ၊ ဝီရိယံ ဝီရသန္တကံ။
တေသု တေသု ပဒေသေသု၊ အဓုနာပိ သုဇောတနံ။



၁။ အမေးတော်အမြေး ၄၃၁-၄၃၄

သာသနာပိုင် ဆင်တဲဆရာတော် အရှင်ဥာဏ

ဆင်တဲဆရာတော်ဘုရားကြီးသည်လည်း ထူးခြားသည့် ပရိယတ္တိသာသနာ့ဝန်ဆောင် ဆရာတော်ကြီးဖြစ်တော်မူသည်။

ပခန်းကြီးမြို့ အရှေ့တောင်ဖက်ရှိ မိုးထူးကဲရွာ၌ သက္ကရာဇ် ၁၁၀၆-ခုနှစ် နယုန်လတွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ရွှဲ ဖြစ်လေသည်။

ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရှင်သာမဏာဘွဲ့ ရှင်ဉာဏသဒ္ဓမ္မ ဖြစ်လေသည်။ ရဟန်းဖြစ်သော် အရှင်ဉာဏသဒ္ဓမ္မဖြစ်လေသည်။ ဆင်တဲဆရာတော် ဦးဉာဏဟုလည်း သဒ္ဓမ္မဖြုတ်၍ခေါ်ကြ၏။ 'လင်္ကာရ'ထည့်၍ အရှင်ဉာဏာလင်္ကာရဟူ၍လည်း ခေါ်ဝေါ်ကြကြောင်း သိရလေသည်။ ဥပဇ္ဈာယ်ဆရာတော် ပေးရင်း ဘွဲ့တော်ကား အရှင်ဉာဏသဒ္ဓမ္မ ဖြစ်လေသည်။

စာပေတတ်ခြောက်ကျမ်းကျင်

ဖွားမြင်ရာ ဆင်တဲရွာကိုစွဲ၍ ဆင်တဲဆရာတော်ဟု တွင်လေသည်။ ဆရာတော်သည် စာပေချပို့ ကျမ်းဂန်ပြုဆရာတော်မြတ်တို့ထံ နည်းနာခံ၍ သင်ယူခဲ့သည့်အပြင် လျင်စွာဖောက်ထွင်းနိုင်သော ဉာဏ်ပညာရှင်၊ ရဲရင့်သော ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်သဖြင့် ငယ်ငယ်ရွယ်ရွယ်က စာပေတတ်မြောက် ကျွမ်းကျင်တော်မူခဲ့လေသည်။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ သဒ္ဒါဗျာကရဏ်း ကျမ်းဂန်များကို အစပြု၍ ကျမ်းစာမရွေး နိုင်နှင်းတတ်မြောက်တော်မူခဲ့လေသည်။ အထူးအားဖြင့် စုဒ်,စောဒနာ အာဘော်ထုတ်ကောင်းလှပေသည်။

သာသနာပိုင် ၁၂-ပါးတွင် ပါဝင်ခဲ့

သက္ကရာဇ် ၁၁၄၈-ခုနှစ်တွင် ဘိုးတော်မင်းတရားက သာသနာပိုင် ၁၂-ပါး ခန့်အပ်လေရာ ဆင်တဲဆရာတော်အရှင်ဉာဏသဒ္ဓမ္မ ပါဝင်တော်မူခဲ့လေသည်။ ထိုစဉ်က ဆင်တဲဆရာတော်ကလေးဟု ထင်ရှားခဲ့လေသည်။

အတွင်းဝန်မင်းကြီးကျောင်းဌိတင်းသုံး

ဘိုးတော်မင်းတရားကြီးလက်ထက်တွင် အမရပူရမြို့တော် မြောက်ဖက်၌ အတွင်းဝန် မင်းကြီးသက်တော်ရှည် ဆောက်လုပ်လှူဒါန်းသည့် ရွှေပိန်းချ ဘုံသုံးဆင့်ရှိကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေချပို့ခြင်း၊ ကျမ်းစာပြုစုခြင်း စသည်တို့ဖြင့် ဘုရားမြတ်စွာ သာသနာတော်ကို မျှားစွာ ချီးမြှောက်တော်မူခဲ့လေသည်။ နောက်တွင် ရွှေတောင်ကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။

ရာဇဂုရုဘွဲ့တံဆိပ်တော်

ဆင်တဲဆရာတော်ဘုရားကြီးသည် အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရားက ဆက်ကပ်လှူဒါန်းသည့် “ ဉာဏာလင်္ကာရာဘိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု” ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

ကျမ်းဂန်များပြုစုတော်မူခြင်း

ဆင်တဲဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ စန္ဒသူရိယဂတိဒီပနီနိသျ
၂။ ဓာတုကထာမူလဋီကာနိသျ နံကျယ်
၃။ မူလဋီကာနိသျ (ဒွါရကထာ အထိသာပြီးသည်)
၄။ သဒ္ဒါကြီး နိသျ
၅။ သမ္မန္ဓစိန္တာချနက်နိသျ
၆။ သစ္စသံခိပ်နိသျ
၇။ အသီတိနိပါတ် ဇာတ်အဋ္ဌကထာနိသျ
၈။ ပါရာဇိကဏ် အဋ္ဌကထာ ဂဏ္ဌိ
၉။ ပါစိတျာဒိအဋ္ဌကထာဂဏ္ဌိ
၁၀။ မဟာဝါအဋ္ဌကထာဂဏ္ဌိ
၁၁။ စူဠဝါအဋ္ဌကထာဂဏ္ဌိ
၁၂။ ပရိဝါအဋ္ဌကထာဂဏ္ဌိ

၁၃။ နျာသနိသျ
၁၄။ ပရမတ္ထဝိနိစ္ဆယနိသျ
၁၅။ ဝဇိရဗုဒ္ဓိဋီကာနိသျ – စသည်တို့ဖြစ်ကုန်၏။

ပါရာဇိကဏ်အဋ္ဌကထာဂဏ္ဌိ

ဖေါ်ပြပါကျမ်းများအနက် ပါရာဇိကဏ်ဂဏ္ဌိကျမ်းကြီးမှာလည်း ကြီးကျယ်စုံလင်သည့် ဂန္ဆဝင်မြောက်ကျမ်းဂန်ကြီးဖြစ်လေသည်။ ဆရာတော်သည် ဝိနည်းဋီကာကြီးများနှင့် အခြားကျမ်းဂန်များ၊ ဆရာသခင် ကျေးဇူးရှင်တို့၏ နည်းနာနိသယကို မှီငြမ်းပြု၍ စောဒနာအဖြေ အနုသန္ဓေ စသည်တို့ဖြင့် တန်ဆာဆင်၍ ရေးသားစီရင်တော်မူခဲ့လေသည်။

ကျမ်းဦးဌ –

ဗာတ္တိ သာသီတျာဘိသုတံ၊ မဟာဒယာဒိကံ ဇိနံ။
နတွာ သဒ္ဓမ္မမသာမိ၊ ဒက္ခိဏေယျံ နုတံ ဂတံ။
သီလာဒိကေစ ဂုရွဝေါ၊ ပရိယတ္တိဝိသာရဒေ။
သိရသာ မေ ဒရံ နတွာ၊ ဗဟုဂန္ဆကရေ ဓိရေ။
မူလသောတူဟိ ယာစိတော၊ ဟာသညာဏေဟိ ဝဏ္ဏနေ။
နိသာယေဝ ကရိသာမိ၊ ဂဏ္ဌိကပ္ပံ ယထာဗလံ။
ဓိရေဟေဝ ပုရာဏေဟိ၊ အာစရိယေဟိ နိသယေ။
သုဝဏ္ဏိတေ ဝရစိတေ၊ ဝိဇ္ဇမာနေပိ သောတူနံ။
ညာဏဝုဿ ကတတ္တာ၊ တေန သောတူဟိ ဇာနိတုံ။
နှ သက္ကာဌကထာ နျာယံ၊ တသ္မာ တေသံ သုဗောဓိတုံ။
သာဓုကာနံ သုခေနေဝ၊ ဝိစိနန္တော စ သာဓုကံ။
တံဝဏ္ဏနေပိ နိသာယ၊ ဂုရု တံ ပသတံ နယံ။
ဂဏ္ဌိကပ္ပံ ကရိသာမိ၊ ပါရာဇိကသ စောဒနာ ။
ဝိသဇ္ဇနာနုသန္ဓီဟိ၊ မဏ္ဍေတွာ ယုဝသောတူနံ။

မနာပံ ဉာဏသောဘံ ဝါ၊ တမ္ပိ ပဿန္တု စက္ခုနာ။
ပညာယ စ ဝိစိနန္တု၊ သမာ ဆန္ဒာဝ သဇ္ဇနာ။

ဟူသော ၈–ဂါထာတို့ဖြင့် ရတနတ္တယပဏာမ၊ ဂုရုပဏာမ၊ အဘိယာစက၊ ပကရဏဟေတု၊ ပကရဏ နိဿယ၊ ပယောဇဉ်၊ ပဋိညာဉ်စသည်တို့ကို ပြတော်မူခဲ့လေသည်။ ၎င်းပြင် –

သဗ္ဗလောကသုခပဒေါ၊ ဇိနော ဒေတု သုခံ မမ။
သဗ္ဗဝေရဘယာတီတော၊ ဗုဒ္ဓေါ ဝိနေတု မေ ဘယံ။

ဟူသော ဂါထာဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘထပ်မံ၍ ပြုတော်မူခဲ့လေသည်။ ၎င်းပြင် ဗာဟိရနိဒါန်း ဂဏ္ဌိဌာနအပြီး အဇ္ဈတ္တိကနိဒါန်းဂဏ္ဌိကို ဆက်၍ ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းအဇ္ဈတ္တိကနိဒါန်း ဂဏ္ဌိအစဉ်လည်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဇိနော ဒေတု ဇယံ မမ။
ဓမ္မေ ဟာသေတု သဒ္ဓမ္မော၊ သံဃော ရက္ခတု မေ ဘယံ။

ဖြင့် အာသီသပြုတော်မူခဲ့လေသည်။ ဆရာတော်သည် စတုတ္ထပါရာဇိက ဂဏ္ဌိအပြီးတွင် –

သဗ္ဗဂုံပဂတံရမ္မံ၊ ပုညကမ္မီနမာဝါသံ။
အမရံ ပူရနဂရံ၊ ကာရိတော စက္ကဇောတိတံ။
စတုက္ကဏ္ဏေသု ဣဒ္ဓိဇ – ပုညစေတိယ သောဘာနံ။
ရက္ခပုရာမဟာမုနိ၊ သဂ္ဂမဂ္ဂမောက္ခတိတ္ထံ။
မဟိဒ္ဓိကော သွာဘိသေကော၊ ဗဟုသေတဿ သာမိကော။
အဘိန္နခတ္တိယဝံသော၊ စက္ကာတုလ မမာယိတော။
ရဇ္ဇံ ကာရေသိ ဓမ္မေန၊ ဝရဆန္ဒော သုပညဝါ။
အဗ္ဘူတစ္ဆရိယဂုဏော၊ တဿ ဒက္ခိဏ ဗာဟုနာ။
ဓိတိမာ တိက္ခဇဝန– ဉာဏိကေန ဒယာလူနာ။
သတိပညာဒိဘိတ္ထဝ– ဗျာပိတကိတ္တိတေန စ။
ရာဇာတိမဟာ ဒီဃာယုက– နာမေန အန္တေပုရိကေန။
သုကာရိတေ တိဘုမ္မိကေ၊ သောဝဏ္ဏကေ မနောရမေ။

ဒေဝဝိမာနသဒိသေ၊ ဝိဟာရေ အတိသောဘိတေ။
သီမာစေတျာလင်္ကတေ၊ ဝသန္တေန သတာသနေ။
ဆင်တဲကွတျာဘိဂါမကေ၊ နိပ္ပေဓသူရညာဏေန။
သာသနစက္ကဇောတိတံ၊ နိစ္စပတ္ထိတ မာနသာ။
ဗဟုဝါစက သုဓမ္မေန၊ ဝိသုဒ္ဓစာရကဒိနာ။
ဂုရုဟိ ညာဏသဒ္ဓမ္မောတိ၊ ကတနာမေန ဘိက္ခုနာ။
စက္ကာနုဂုဟကာမာနံ၊ ဝရဆန္ဒာန သောတူနံ။
ညာဏတ္ထာယ ဝိစိနန္တော၊ ဝဏ္ဏနေ စ ယထာ ဗလံ။
ပါရာဇိကဂဏ္ဌိကပ္ပံ၊ မနာပံ ညာဏသောဘိတံ။
သောတူနံ သဗ္ဗတ္ထနယ– ဂ္ဂါဟေနေဝ သုဆေကိတံ။
ဇိနစက္က ဘဂ္ဂလက္ခေ၊ သက္ကရာဇေ ခသကေ။
သမ္ဗတ္တေ ဝိသာခမာသေ၊ ပုဏ္ဏမေက ပဟာရိကေ။
နိဋ္ဌိတံ သုဋ္ဌုတံ မယာ၊ ပဋ္ဌစက္ကသဟာသံဝ။
မဟာဇနဟိတာဝဟံ၊ ဇောတေတု သဗ္ဗထာ သာဓုံ။

ဟူသော ၁၃–ဂါထာဖြင့် ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ဌင်းပါရာဇိကကဏ္ဍ အဋ္ဌကထာဂဏ္ဌိကျမ်း ပဌမတွဲကို မန္တလေးမြို့ ပိဋကတ်စာပုံနှိပ်တိုက်တွင် ဆရာတော်ဦးနိကြောဓက တည်းဖြတ်၍ ၁၂၆၄–ခုနှစ်က ရိုက်နှိပ်ခဲ့ရာ ရွှေဆိုက်စာမျက်နှာ ၆၆၉–ရှိလေသည်။

တေရသကဏ်ဂဏ္ဌိ

ဆင်တဲဆရာတော် အရှင်ညာဏသဒ္ဓမ္မသည် စတုတ္ထပါရာဇိကဂဏ္ဌိ အပြီးတွင် သံဃာဒိသိသ် ၁၃–ပါး၏အဖွင့် ဂဏ္ဌိကိုဆက် လက်ရေးသား စီရင်တော်မူခဲ့လေသည်။ ယင်းကို တေရသကဏ်ဂဏ္ဌိ ဟု အမည်တပ် တော်မူခဲ့လေသည်။ ယင်းတေရသဏ် ဂဏ္ဌိ၌ –

ဝရညံ် ဝရဒံ ဝရံ၊ ဇယညံ် ဇယဒံ ဇေတံ။
သုခညံ် သုခဒံ သုခံ၊ ဝန္ဒာမမဟာဒရံ နာထံ။

ပါရာဇိကဿ ကတ္ထာဿ၊ ဂဏ္ဌိဌာနံ သုလိက္ခိတံ။
ဒါနိ တေရသကတ္ထာဿ၊ ဂဏ္ဌိဌာနံပိ သာဓုကံ။
ဂန္ဆန္တေရ စ လိခိဿံ၊ ဝဏ္ဏနေပိ စ မေကိယ။
သောတူနဉ္စ မေ အတ္ထာယ၊ နိဿာယ ဂရုပဒေသကံ။

ဟူသော ၃-ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ သံဃာဒိသိသ် ၁၃-ပါးတို့၏ ဂဏ္ဌိဌာနကို ရေးသားစီရင်တော်မူပြီး နိဿဂ္ဂိယပါစိတ် ၃၀-တို့၏ ဂဏ္ဌိဌာနကို ဆက်လက်ရေးသားတော်မူခဲ့လေသည်။

ပါစိတ္တာဒိအဋ္ဌကထာဂဏ္ဌိ

ဆရာတော်သည် ပါစိတ္တာဒိဂဏ္ဌိကျမ်းကိုလည်း ဆက်လက်ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ် -

ယေသံ နဝဟိ ဝဂ္ဂေဟိ၊ သင်္ဃော သုပ္ပတိဋ္ဌိတော။
ခုဒ္ဒကာနံ အယံ ဒါနိ၊ တေသံ ဘဝတိ သင်္ဃော။

ဟူသော ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူ၍ ရေးသားတော်မူခဲ့လေသည်။ ယင်းပါစိတ္တာဒိဂဏ္ဌိသည်လည်း ပေဖြင့်သာတည်ရှိခဲ့လေသည်။ စာအုပ်အဖြစ် မရောက်ခဲ့ပါချေ။

မဟာဝါအဋ္ဌကထာဂဏ္ဌိ

ပါစိတ္တာဒိဂဏ္ဌိကျမ်းအပြီး ဝိနည်းမဟာဝါအဋ္ဌကထာ ဂဏ္ဌိကျမ်းကိုလည်း ဆက်လက်ရေးသား စီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ်

သုသောဓိတသဒ္ဒတ္ထာဓိ-ပ္ပါယဝိနိစ္ဆယသန္ဓိကံ။
သောတုဇနညာဏသောဘံ၊ ဝိဘင်္ဂဒွယဂဏ္ဌိကံ။
ဒုဝိညေယျ နိစ္ဆယာနံ၊ ဂဏ္ဌိကာနဉ္စ ဂဏ္ဌိကံ။
ဝရာစရိယုပဒေသံ၊ နိဿာယေဝ သုဝဏ္ဏိတံ။
သဇ္ဇနာနံ ညာဏသောဘာ၊ ဝဏ္ဏနေ စ သုဝေဂ္ဘိယ။
သမာဆန္ဒပမုခါနံ၊ လဒ္ဓိဿံ သာဓုကံ အဟံ။

ဟူသော ၃-ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းမှာလည်း ပေဖြင့်သာတည်ရှိခဲ့လေသည်။

စူဠဝါအဋ္ဌကထာဂဏ္ဌိ၊ ပရိဝါအဋ္ဌကထာဂဏ္ဌိ

စူဠဝါအဋ္ဌကထာဂဏ္ဌိကျမ်းနှင့် ပရိဝါအဋ္ဌကထာဂဏ္ဌိ ကျမ်းများကို ဆက်လက် ရေးသားစီရင်တော်မူခဲ့လေသည်။ မဟာဝါအဋ္ဌကထာ ဂဏ္ဌိကျမ်း၊ စူဠဝါအဋ္ဌကထာ ဂဏ္ဌိကျမ်း၊ ပရိဝါအဋ္ဌကထာဂဏ္ဌိကျမ်းတို့မှာ ပေဖြင့် တထုပ်တည်း တည်ရှိလေရာ ၁၁-ကြောင်း ပေ၂၅-အင်္ဂါခန့်ရှိ လေသည်။ ယင်းပရိဝါဂဏ္ဌိကျမ်း ပြီးစီးချိန်မှာ ၁၁၆၁-ခု သီတင်းကျွတ် လဆုတ် ၅-ရက်နေ့တွင်ဖြစ်ကြောင်း နိဂုံး၌ ဖော်ပြပါရှိလေသည်။

နျာသနိဿ

ဆင်တဲဆရာတော်ဘုရားကြီးသည် မုခမတ္တဒီပနီမည်သော ကစ္စည်း သဒ္ဒါကြီးကျမ်းအဖွင့် နျာသပါဠိ၏ နိဿကျမ်းကို ကြိုးပမ်းရေးသားတော် မူခဲ့လေသည်။ ကျမ်းဦး၌ -

မဟာဒယံ မဟာညာဏံ၊ မဟာဝံသံ မဟာကုလံ။
မဟာဝဏ္ဏံ မဟာဗုဒ္ဓံ၊ မဟာဂုဏံ မဟံ နမေ။
မဟာပူဇံ မဟာသုဒ္ဓံ၊ မဟာသုခံ မဟာဒီပံ။
မဟာတာဏံ မဟာဓမ္မံ၊ မဟာဂုဏံ မဟံ နမေ။
မဟာသီလံ မဟာပညံ၊ မဟာခေတ္တံ မဟာသုတံ။
မဟာရမ္မံ မဟာသံဃံ၊ မဟာဂုဏံ မဟံနမေ။
ကတသေဝံ ပဏာမသာ၊ ဝတ္ထုတ္တယေ နတာရဟော။
အာနုဘာဝေန ယာတာတန္တ - ရာ ယော ဟုတွာစ သာဓုကံ။
နျာသသာဟံ ကသာမိ၊ သာဓိပွါယံဝ နိဿယံ။
နိဿယံ ဂရုပွ ဒွေသံ၊ ဝိစိနန္တော စ ဝဏ္ဏနေ။

ဟူသော ၅-ဂါထာဖြင့် ရတနတ္တယပဏာမ၊ ပဋိညာဉ်တို့ကို ပြုတော်မူခဲ့ လေသည်။ ၎င်းပြင်-

တမိုသဏ္ဌာနိပေါဏာတ္ထ-ဓိပွါယတ္ထာဝဒုက္ကရံ။
တထာပိ ဂရုပဒေသော၊ သံဝဏ္ဏနာ စ ဒီသတိ။

ဟူသော ၆-ဂါထာခွဲဖြင့်လည်း ရေးသားရခြင်းအကြောင်း၊ အဘိယာစက စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ကျမ်း၏အဆုံးနိဂုံး၌လည်း -

ရညော အမရပူရဿ၊ မဟိဒ္ဓိကဿ ကာရိနော။
အန္တေပုရိကဧဇ္ဇေန၊ မဟာဒီဃာယုနာမိနာ။

စသော ၈-ဂါထာဖြင့်ဂုဏ်း၊ နေရာဌာနစသည်တို့ ဖော်ပြ၍ နိဂုံးအုပ်တော် မူခဲ့လေသည်။ ဤနျာသနိဿယ ရေးသားပြီးချိန်မှာ သက္ကရာဇ် ၁၁၆၈-ခုနှစ် ပြာသိုလဆန်း ၄-ရက်နေ့တွင် ဖြစ်လေသည်။

ဂုဏ်းပြင် ဆရာတော်သည် -

ကွမိနာ ကတပုညေန၊ ကွတော ပဌာယ ယာဝတာ။
တိဋ္ဌတေ သာသနံ သာဓု၊ ဇကောပိ တာဝတာ အဟံ။

အပွမာဒေါ သာသနံ၊ ဇောတေယျ် သဏ္ဌဝါစာယ။
ဝိနယဿ္တောဝ သာဓုကံ၊ ဓမ္မတ္ထ ပစ္စတ္ထိကေပိ။

သာသနဿ္တရမာနတော၊ ပရံ သဗ္ဗဘဝေသုပိ။
ဗုဒ္ဓမတာနုလောမိကံ၊ ဝါဒံ ကမ္မဉ္စ ကရေယျ်။

အဋ္ဌဝိဉာဏဟုပေတော၊ ခေဒကပွကရော သဒါ။
သုဝဏ္ဏိတံ အနဝဇ္ဇံ၊ မဟာသုခံ အနုဗ္ဘဝံ။

အရိမေတ္တေယျ ဗုဒ္ဓဿ၊ အနေကဝဏ္ဏထောမိတော။
သန္တိကေဝ ဗဟုဿုတော၊ သုခပွဋ္ဌိပဒေါ ခိပ်ံ။

ဘိညော ပရသုခဒ္ဒဒေါ၊ ဘဝါမိ ဇေါဘိက္ခုကော။
သဗ္ဗေပိ ပါဏိနော ဟောန္တု၊ ဓမ္မမာမကမာနသာ။

ဓမ္မရာဇာ စ ဓမ္မေန၊ သမ္မာ ရက္ခတု မေဒနီ။

ဟူသော ၆-ဂါထာခွဲဖြင့် သာသနာတော်ကို သုတ်သင်နှိုင်းသူဖြစ်ရလို ကြောင်းကိုလည်းကောင်း အရိမေတ္တေယျဘုရားလက်ထက် သုခပဋိပဒါ ခိပ္ပါဘိညာဖြင့် ဇောတိက္ခုဖြစ်ရလိုကြောင်းကိုလည်းကောင်း၊ သတ္တဝါ အားလုံးတို့ တရားကို မြတ်နိုးကြစေရန်လည်းကောင်း၊ မင်းတရား၏ တရား သဖြင့် တိုင်းသူပြည်သားတို့ စောင့်ရှောက်ရန်လည်းကောင်း၊ တောင်းဆု ခွေတော်မူခဲ့လေသည်။ ယင်းနျာသနိဿ ကို ၁၂၇၁-ခုနှစ်က ရန်ကုန်မြို့ ကဝိမျက်မှန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ရာ ပဌမတွဲ၊ ဒုတိယတွဲ ၂-တွဲရှိ စာမျက်နှာ ၉၅၀-ကျော်ရှိလေသည်။

ပရမတ္ထဝိနိစ္ဆယနိဿ

ဗုဒ္ဓဝံသအဋ္ဌကထာစသည် ကျမ်းများစွာတို့ကို ပြုစုတော်မူခဲ့သော မဟာကဝိဗုဒ္ဓဒတ္တသည် ပရမတ္ထဝိနိစ္ဆယပါဠိကိုလည်း ဂါထာပေါင်း ၁၁၄၀ (နိဂုံးပါ–၁၁၄၄) ဂါထာတို့ဖြင့် တန်ဆာဆင်၍ ရေးသားစီရင်တော်မူခဲ့လေသည်။ ဆင်တဲဆရာတော်ဘုရားကြီး အရှင်ဉာဏသဒ္ဓမ္မသည် ဖော်ပြပါ ပရမတ္ထဝိနိစ္ဆယပါဠိ၏ အနက်မြန်မာပြန်နိဿကို ရေးသားစီရင်တော်မူခဲ့လေသည်။

ကျမ်းဦးဌိ –

မဟာဒယံ မဟာဉာဏံ၊ မဟာဝံသံ မဟာကုလံ။

စသော ၄–ဂါထာဖြင့် ရတနတ္တယပဏာမ ပြုတော်မူခဲ့လေသည်။ [၁]

ၚင်းပြင် –

ပရမတ္ထဝိနိစ္ဆယပကရဏသ နိဿယံ။

ကရိဿာမိ နိဿာယေဝ၊ တံ ဝဏ္ဏနေ ယထာဗလံ။

တန္တိ ဂမ္ဘီရနိပုဏတ္ထာ–ဓိပ္ပါယံ ဂုဠ္ဟသခ္ခိကံ။

လိနပ္ပဒတ္ထဂံ တသ၊ နိဒယော နတ္ထိ နဿုတာ။

တသ္မာဝ ဓမ္မသိရိနာ၊ သမ္မာဆန္ဒပမောဂ္ဂိနာ။

သိဿေန ယာစိတော သာဓုံ၊ ကရိဿာမိဿ နိဿယံ။

ဝဏ္ဏနေ စ သုနိဿာယ၊ ဂရုနံ ပဿတံ နယံ။

ဉာဏပါဋဝေ သောဘာယ၊ သောတုနဉ္စေဝ ယောဂိနံ။

တမ္မိ ပဿန္တိ စက္ခုနာ၊ ပညာယ စ ဝိစိနန္တိ။

ဟူသော ၄–ဂါထာခွဲဖြင့် ပဋိညာဉ် ရေးသားရကြောင်း တောင်းပန်သူ ကျမ်းဇော်မှိရာ တိုက်တွန်းချက်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ပရမတ္ထဝိနိစ္ဆယပြီးချိန်

ယင်းပရမတ္ထ ဝိနိစ္ဆယနိဿ ရေးသားပြုစု၍ ပြီးစီးချိန်မှာ သက္ကရာဇ် ၁၁၆၃–ခု ပြာသိုလဆန်း ၃–ရက် တနင်္ဂနွေနေ့က ဖြစ်လေသည်။

၁။ ယင်းဂါထာများမှာ ချာသနိဿယ ဝန္ဒာရမ္ဘနှင့်

ယင်းကျမ်းကြီးကို ၁၂၇၃-ခုနှစ်က ရန်ကုန်မြို့ ကဝိမျက်မှန် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ရာ ရွှေဆိုက် ၄၁၅-မျက်နှာရှိလေသည်။ ကျမ်း၏ အဆုံးဥဒ္ဒါလည်း နျာသနိသျနည်းတူ ပြည့်စုံစွာ ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ဝဇိရဗုဒ္ဓိဋီကာနိဿျ

ဆရာတော်သည် ဘာသန္တရ စကားတို့ဖြင့် ရောပွမ်းရှုပ်ထွေး ခက်ခဲသော ဝဇိရဗုဒ္ဓဋီကာပါဠိ၏ နိဿျကို ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဥ် -

ဝဇိရဗုဒ္ဓိဂန္ဆဿ၊ နိဿယဥ္စ ယထာဗလံ။
ကရိဿာမိ သုနိဿာယ၊ အာစရိယပဒေသကံ။

စသော ဂါထာတို့ဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည် ယင်းဝဇိရဗုဒ္ဓိဋီကာနိဿျကို သက္ကရာဇ် ၁၁၆၆-ခုနှစ် နယုန်လဆုတ် ၁၃-ရက်နေ့တွင် ပြီးဆုံးခဲ့လေသည်။

ပျံလွန်တော်မူခြင်း

ဖော်ပြပါ ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့သော အမရပူရခေတ်တွင် သာသနာ့ရောင် ထွန်းပြောင်စေတော်မူခဲ့သော ဆင်တဲ ဆရာတော် ဘုရားကြီး အရှင်ဉာဏသဒ္ဓမ္မသည် သက်တော် ၇၂-နှစ်ရှိရာ သက္ကရာဇ် ၁၁၇၈-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဉာဏသဒ္ဓမ္မော ဉာဏေန၊ ဇိနစက္ကသုဇောတကော။
သာသနံ ဇောတယိတ္ဝာန၊ ယထာကမ္မံ ဂမီ ဂ္ဂတော။

မာတိကာအရကောက်ကိုရေးမှတ်ခဲ့သူ ဆရာတော်အရှင်ဝရတေဇော

အရှင်ဝရတေဇောသည် ''တိပိဋကာလင်္ကာရ သီရိဓဇ မဟာဓမ္မရာဇာဂုရု'' ဘွဲ့တံဆိပ်တော်ရ ဗားကရာဆရာတော်ဘုရားကြီး အရှင်ဓမ္မာနန္ဒ၏ တပည့်ဖြစ်လေသည်။

ဖွားမြင်ခြင်း ရှင်ရဟန်းပြုခြင်း

ကန္ဒီမြို့ကျေး ပြားကိုးသုံးရွာ၌ သက္ကရာဇ် ၁၁၁၀–ခု ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်ဝရတေဇော ဖြစ်လေသည်။

ပညာသင်ကြားခြင်း

အင်းဝမြို့ ဗားကရာကျောင်းတိုက်၌ အရာမက များစွာသော တပည့်တပန်း ရဟန်းသာမဏေတို့အား ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ လက်သန်း၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ ကလာပ်စသောကျမ်းဂန်များကို ချပို့တော်မူသော ဗားကရာ ဆရာတော်ဘုရားကြီးထံ ငယ်စဉ်ကပင် ရောက်ရှိ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသောကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။ ဆရာတော်ကြီး အမရပူရမြို့သို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူသောအခါတွင် လိုက်ပါခဲ့လေသည်။

ဗားကရာဆရာတော်၏စာရေးတော်

ဗားကရာဆရာတော်ကြီး၌ ချပို့သည့်စာပေများ ဆုံးဖြတ်သည့် ဝိနိစ္ဆယများကို ရေးသားရသည်။ စာရေး ရဟန်းသာမဏေများ တော်တော်များများရှိလေသည်။ ၎င်းတို့မှာ –

၁။ အရှင်ပညာသီဟ (နောက်ဂူကြီးဆရာတော်အဖြစ် လွန်စွာထင်ရှား၏)

၂။ အရှင်မုနိန္ဒသာရ (နွားပြင်းဦးမုနိန္ဒ)

၃။ သာမဏေရှင်ပုညသေဋ္ဌ

၄။ အရှင်ဝရတေဇော စသူတို့ဖြစ်ကုန်၏။

ဖော်ပြပါ စာရေးတော်များအနက် အရှင်ဝရတေဇောသည် ၁၁၄၁-ခုနှစ် စဉ့်ကူးမင်း လက်ထက် ရုံသင့်, တင်သင့်အဆိုစာတမ်း၊ ၁၁၄၆-ခုနှစ် ဘိုးတော်မင်းတရားလက်ထက် ရုံသင့်,တင်သင့် အဆိုစာတမ်း စသည်တို့ကိုလည်း ရေးသားခဲ့ရလေသည်။ ၎င်းပြင် အဘိဓမ္မာမာတိကာ အရကောက်၊ သုတ္တန္တိကမာတိကာ အရကောက်ကျမ်းများကိုလည်း ဗားကရာဆရာတော်ချပို့သည့်အတိုင်း ရေးသားခဲ့ရလေသည်။

ယခုလက်ရှိမာတိကာအရကောက်နှစ်ကျမ်း

ပဌမပြန်စာမေးပွဲ ပဌမငယ်တန်း၌ ပြဓာန်းသည့် တိကမာတိကာအရကောက်၊ ဒုကမာတိကာ အရကောက်၊ ပဌမလတ်တန်း၌ ပြဓာန်းထားသည့် သုတ္တန္တိက ဒုကမာတိကာအရကောက် ကျမ်းတို့မှာ ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒချပို့သည့်အတိုင်း အရှင်ဝရတေဇော ရေးမှတ်ခဲ့သည့် အရကောက် ကျမ်းများဖြစ်လေသည်။ အဘိဓမ္မာ ညဝါများကို လေ့လာသူတိုင်း ယင်းအရကောက်များကို လေ့လာကြရသည်။ သီဟိုဠ်ဘာသာ၊ ယိုးဒယားဘာသာတို့ဖြင့် ပြန်ဆိုထားကြကုန်၏။ အရှင်ဝရတေဇော၏ ကြိုးပမ်းမှုသည် လွန်စွာအောင်မြင် အကျိုးကြီးမားလှပေသည်။

အရှင်ဝရတေဇောသည် ကျမ်း၏အဆုံး၌ အမရပူရမြို့တော်ကို ခိုးကျူးဖွဲ့ဆို၍လည်းကောင်း၊ ကျေးဇူးရှင် ဗားကရာ ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်ဂုဏ်ပုဒ်တို့ကို ဖော်ထုတ်ခိုးကျူး၍လည်းကောင်း၊ ယင်းကျမ်းစာဖြစ်ပေါ် လာပုံကိုလည်းကောင်း၊ ကျမ်းပြီးချိန်ကိုလည်းကောင်း ဖော်ပြ၍-

၁။ သာသနောဘာသိတေ ရမ္မေ၊ ပုရေ အမရနာမကေ။
ရာဇဂ္ဂာနိယဝတ္ထိမှိ၊ သေဋ္ဌေ ဝိဟာရဗာကရေ။

၂။ တိပေဋကအလက််ာရ-သီရိဓမ္မဟာဓမ္မ။
ရာဇဂုရုတိနာမေန၊ သုတော ယော ဂရု မေဓာဝိ။

၃။ နာနာဂန္ထေသု ကုသလော၊ ပရဝါဒပွမဒ္ဒနော။
အနေကသတသိဿာနံ၊ ဝါစေန္တော သုစိဝုတ္တိကော။

၄။ မလနိဿဋ္ဌစန္ဒာဝဝ ၊ ဝိဟာသိ မူလသာသနံ။
ဝိတိမေရုသမောစက္ကေ ၊ ဂရုနာ တေန ဝါစိတံ။

၅။ နာနာနယေဟိ သမွန်း၊ မာတိ.ကာ ဒွယပါဋိယာ။
ယုဝသောတူန မတ္ထာယ၊ သရူပတ္ထနိဿယတံ။[၁]

၆။ လိခါမဟံ ယထာသည်း၊ ဝရတေဇောတိနာမိကော။
ဒွိသဟဿ သတတိဏ္ဍော၊ သာသနေ ဇကတိသိယေ။

၇။ သက္ကရာဇေ နဝကာလိ–သိယေ ဇကသဟဿကေ။
သတေ အာသဋ္ဌိမာသဿ ၊ဇုဏှပက္ခေ တိဒသိကေ။

၈။ ဗုဓဝါရေဝ[၂]သော ခေမံ၊ တိသေဝံ နိဋ္ဌိတော သုခါ။
သိက္ခန္တ္ရ သဗ္ဗပါဏီနံ၊ ရာဇာ ရက္ခတု ဘူမိကံ။

ဟူသော ၈–ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ပညာရှိပဂ္ဂိုလ်အရှင်ဝရတေဇော

ဖော်ပြပါ ဂါထာများနှင့် ယင်းဂါထာများ၏ နိဿကို ထောက်၍ အရှင်ဝရတေဇော၏ အရည်အချင်းကို အကဲခတ်မိပါသည်။ အရှင်ဝရတေဇောကား အမရပူရခေတ်ပေါ် ပညာရှိ ပုဂ္ဂိုလ်များတွင် ပါဝင်သည့် ကဝိပါတည်း။ ဗားကရာဆရာတော်အရှင်ဓမ္မာဘိနန္ဒ၏ လက်ရုံးတပည့် တစ်ဦးတည်း။

ဝရတေဇော မဟာထေရော၊ တေဇဝါ ပဝရော သုဓီ။
အမရေ တေဇဝန္တာနံ၊ အဗ္ဘန္တရော မဟာကဝီ။

လွန်တော်မူခြင်း

ဘုရားမြတ်စွာ သာသနာတော်ရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရေးကို တထောင့်တကွေးကနေ၍ အားပေးခဲ့သော အမရပူရ သာသနာ့ရောင်ကို တောက်ပြောင်စေခဲ့သော အရှင်ဝရတေဇောသည် မိမိမြတ်နိုးလှသည့် စာပေအလုပ်ကိုထားခဲ့ကာ တချိန်တွင် လွန်တော် မူခဲ့လေသည်။

ဝရတေဇော မဟာထေရော၊ ဇိနသာသန ဇောတကော။
သာသနံ ဇောတေတွာန၊ မစ္စုရာဇဝသံ ဂမိ။

၁။ သရူပတ္ထနိဿယတံ = မိုရာအတ္ထနိဿယသရုပ်အရကောက်ကို။
၂။ ဗုဓဝါရေဝ = သုံးလွှထိပ်တင် ချစ်ရှင်ဘုန်းဟော့ ပွင့်သည့်နေ့၌။

“ ဇနိန္ဒာဘိ သီရိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု”
ဘွဲ့တံဆိပ်တော်ရ
ရေစကြိုဆရာတော် အရှင်ဇနိန္ဒာဘိ

ဆရာတော်သည် ပခန်းကြီးမြို့ ရေစကြိုရွာ (ယခုပခုက္ကူ ခရိုင် ရေစကြိုမြို့) ၌ သက္ကရာဇ် ၁၁၁၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။

ရှင် ရဟန်းပြု ပညာသင်

သက်တော် ၁၅-နှစ်သားအရွယ်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းရွက်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ဇနိန္ဒ ဖြစ်လေသည်။ သာမဏော ၅-ဝါအရ သက်တော် ၂၀-ပြည့်မြောက်သဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ဇနိန္ဒာဘိ ဖြစ်လေသည်။

ကျမ်းဂန်တတ် ဆရာတော်များထံ ပညာသင်ကြားတတ် မြောက်တော်မူခဲ့လေသည်။ အမရပူရမြို့တည် မင်းတရားကြီး၏ သမီးတော်အကြီး ကဒ္ဒိမြို့စား အိမ်ရှေ့မိဖုရားကြီး၏ ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်။

မိုးထိတိုက်၊ ဆင်တဲတိုက်တို့၌ သီတင်းသုံး

ဆရာတော်သည် အမရပူရမြို့ မိုးထိတိုက် မင်္ဂလာစံလွှတ်ကျောင်းနှင့် ဆင်တဲတိုက်တို့၌ သီတင်းသုံးတော်မူ၍ စာပေချပို့ခြင်း၊ ကျမ်းစာရေးသားခြင်း စသည်တို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်။

ဦးကာကျော်နိသျ

ဆရာတော်သည် ဦးကာကျော်နိသျစသော ကျမ်းပေါင်းများစွာတို့ကို ပြုစိရင်တော်မူခဲ့လေသည်။ ဦးကာကျော်နိသျကျမ်းကြီးမှာ လွန်စွာကျယ်ဝန်းလှပေသည်။ ပေနှင့်ကိုးပိုင်း ကိုးထုပ်ရှိဟန်တူပါသည်။ ယင်းနိသျများကို ရန်ကုန်မြို့ မြန်မာသံတော်ဆင့် မီးစက်ပုံနှိပ်တိုက်တွင် ၁၂၅၂-ခုနှစ်က ရိုက်နှိပ်ခဲ့ဘူးလေသည်။ ဤစာပြုသူသည် ယင်းဦးကာကျော်နိသယစိတ်ပိုင်းတစ်အုပ်၊ စေတသိတ်ပိုင်းတစ်အုပ်၊ ပကိဏ်းပိုင်းတစ်အုပ် အားဖြင့် ၃-တွဲ တွေ့ဘူးလေသည်။

ကုန်းဘောင်ခေတ်စာချနည်းပြကျမ်းကြီး

ယင်းဦကာကျော်နိသျကျမ်းကြီးမှာ အနုသန္ဓေဆိုနည်း စာထွက်နည်း ဝိဂြိုဟ်ဆို၍ ဉာသ်ကောက်နည်း စသည်တို့ဖြင့် ဆန်းဆန်း ကြယ်ကြယ် ရေးသားထားလေရာ ကုန်းဘောင်ခေတ် စာချနည်းကျမ်းကြီး ဖြစ်လေသည်။ စာပြောချသူတို့ ဤကျမ်းကြီးကို လေ့လာသင့်ပေသည်။

ကျမ်းဦး၌–

ကရိဿံ မြမ္မဘာသာယ၊ ဝန္ဒိတွာ ရတနတ္တယံ။
အဘိဓမ္မတ္ထသင်္ဂဟ–သံဝဏ္ဏနာယ နိဿယံ။

လီနတ္ထဉာပနတ္ထောဟံ၊ ဂန္ထောတိဓာရိတော သမာ။
နိဿယောတွာဿသခေ်ပေါ ၊ တေန သခ်တံ ယထာဗလံ။

မယာ နိဿာယတ ်ကံ၊ နာတိသခေ်ပဝိတ္ထာရံ။
မန္ဒဗုဒ္ဓီနမတ္ထာယ၊ သုဏာထ နိဿယံ သာဓု။

ဟူသော ၃–ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းဦကာကျော် နိသျသည် ဆင်တဲဦကာကျော် နိသျဟုတွင်လေသည်။

ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်ရရှိခြင်း၊ ပျံလွန်ခြင်း

ဆရာတော်သည် ရတနာပူရစတုတ္ထမြို့တည် မင်းတရားဆက် ကပ်လှူဒါန်းသည့် ''ဇနိန္ဒာဘိ သီရိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။ သက်တော် ၇၄–နှစ် ဝါတော် ၅၄–ဝါရရှိရာ သက္ကရာဇ် ၁၁၈၄–ခုနှစ်၌ ပျံလွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တဇနိန္ဒော ထေရော၊ ဇနိန္ဒဗုဒ္ဓသာသနေ။
ဓုရေ သော ပူရယိတွာန၊ ယထာကမ္မံ ဂမီ ဂ္ဂတော။



ဆီးဗန်းနီဆရာတော် အရှင်သီရိ

ဆရာတော်သည် အနောက်ဖက်တိုက် ဆီးဗန်းနီရွာ၌ သက္ကရာဇ် ၁၁၁၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော် သောကြာသား ဖြစ်လေသည်။ ငယ်မည် မောင်ကံပေါ်ဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်ကြားခြင်း

အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ကျမ်းဂန်တတ် ဆရာတော်များထံ ပညာသင်ကြားခဲ့လေသည်။

ရတနာပူရစတုတ္ထမြို့တည် မင်းတရားလက်ထက် ကျိုင်းဝန် အတွင်းဝန် မောင်ပါရောက်က ကိုးကွယ်လေသည်။ အမရပူရမြို့တော် အရှေ့တောင်ယွန်း ဆီဗန်းနီရွာသား သီတင်းသုံးရာဖြစ်သဖြင့် ကျောင်းတိုက်လည်း ဆီးဗန်းနီကျောင်းတိုက် မည်လေသည်။

“ ဝိမလဓဇ မဟာဓမ္မရာဇဂုရု” အရှင်ဝိမလာဘိရ

ဆီးဗန်းနီဆရာတော် အရှင်ဝိမလာဘိရဟူ၍လည်း အမရပူရခေတ်တွင် ထင်ရှားသော ဆရာတော်တပါး ပေါ်ထွန်းခဲ့သည်။ ယင်းဆရာတော်သည် ဆီးဗန်းနီတိုက်၌ သီတင်းသုံးသဖြင့် ဆီးဗန်းနီ ဆရာတော်ဟု ထင်ရှားဟန်တူပေသည်။ သက္ကရာဇ်၁၁၈၁-ခုနှစ်တွင် နန်းတက်သော ရတနာပူရ စတုတ္ထမြို့နန်းတည် ဘကြီးတော်မင်းတရား လှူဒါန်းသည့် ‘‘ဝိမလဓဇ မဟာဓမ္မရာဇဂုရု’’ တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ မန္တလေးမြို့တော် တောင်ပြင် ဆီးပန်းနီတိုက်များသည် ဖော်ပြပါတောင်မြို့ ဆီးပန်းနီတိုက် အဆက်အနွယ်ဖြစ်လေသည်။

သီရိဝိမလဓဇော စ၊ ဥဘော တေ ထေရကုဉ္ဇရာ။
ပသိဒ္ဓါ ဆီးပန်းနီထေရာတိ၊ ပုရေ မရဝရေ သုဘေ။

သာသနာပိုင် ပဌမမောင်းထောင်ဆရာတော်
အရှင်ဉာဏာဘိဝံသ

ပဌမမောင်းထောင်သာသနာပိုင် ဆရာတော်အရှင် ဉာဏာဘိဝံသသည် အမရပူရမြို့နန်းတည် မင်းတရားကြီးလက်ထက်တွင် လျှမ်းလျှမ်းတောက် ကျော်စောထင်ရှားသည့် သာသနာပြု ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။ ပါဠိစာပေ အရေးအသားဌာလည်း တစ်ဖက်ကမ်းခတ် တတ်မြောက်သည့် မထေရ်ဖြစ်လေသည်။

ဖွားမြင်ခြင်းစသည်

အလုံမြို့ကျေး မောင်းထောင်ရွာ၌ အဖဦးစံသူ၊ အမိ ဒေါ်အေးခွေးတို့မှ သက္ကရာဇ် ၁၁၁၅-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်မြတ်နေဖြစ်လေသည်။ ၁၀-နှစ်သားအရွယ်တွင် ကျောင်းနေ ပညာသင်ကြားခဲ့လေသည်။

ရှင် ရဟန်းပြုခြင်း

သက်တော် ၁၃-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏော ၇-ဝါအရ သက်တော် ၂၀-အရှိတွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ကျမ်းဂန်တတ် ဆရာတော်များထံ ပညာသင်ကြားခဲ့ရာ ရဟန်းသိက္ခာ ငယ်ရွယ်စဉ်ကပင် ကျမ်းဂန်တတ်မြောက်တော်မူခဲ့လေသည်။

မောင်းထောင်၌စာပေချပို့

အရှင်ဉာဏာဘိဝံသည် စာပေအရအမိလည်း မျှားလှသည်။ ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်လည်း နှံ့စပ်တတ်မြောက်တော်မူသည်။ သက္ကတဘာသာကိုလည်း ကျွမ်းကျင် တတ်မြောက်တော်မူသဖြင့် မောင်းထောင်၌ ရဟန်း သာမဏေတို့အား စာပေချပို့၍ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။

ဘိုးတော်မင်းတရား ကြားသိပြီ

ဘိုးတော်မင်းတရားသည် သက္ကရာဇ် ၁၁၄၃–ခုနှစ် တပို့တွဲလဆုတ် ၁၅–ရက်နေ့တွင် ရွှေနန်းတက်တော်မူသည်။ မောင်းထောင် ဦးပဉ္စင်းငယ် အရှင်ဉာဏာဘိဝံသ၏ စာပေကျမ်းဂန် အရအမိများကြောင်း၊ ပိဋကတ် ကျမ်းဂန် နှံ့စပ်တတ်သိကြောင်း၊ သက္ကတဘာသာ တတ်မြောက်ကြောင်း လူဆရာဦးညို၊ ဦးပြစ်စသည်တို့ သံတော်ဦးတင်သဖြင့် ကြားသိခဲ့လေသည်။ ယင်းသို့ကြားသိရ၍ မိမိနှင့်ဆီလျော် စပ်ဟတ်သဖြင့် ကိုးကွယ် ဆည်းကပ် လိုစိတ်များ မပြတ်ဖြစ်ပေါ်နေလေသည်။

အင်းဝမြို့တော်သို့ပင့်ဖိတ်ခြင်း

သက္ကရာဇ် ၁၁၄၃–ခုနှစ် တန်ခူးလဆန်း ၂–ရက်နေ့တွင် ယင်းသို့ စာပေတတ်မြောက်သဖြင့် ကျော်စောလှသော မောင်းထောင် ပဉ္စင်းငယ် ဘယ်မှာရှိသနည်းဟု မှူးတော်မတ်တော်တို့အား မေးမြန်းလေရာ မှူးတော်မတ်တော်တို့က မောင်းထောင်မှာရှိကြောင်း သံတော်ဦးတင်ကြကုန်၏။ ထိုအခါ ဘိုးတော်မင်းတရားက ယခုသွားပင့်ကြရမည်ဟု အမိန့်တော်ပြန်၍ တောင်ဖက်တိုက်ဝန် မင်းကျော်ရွှေတောင်ကို ပင့်စေတော်မူလေသည်။ ရောက်ခဲ့သည်ဟူ၍လည်း အတွင်းတော်လွှတ်တော်က အကြိမ်ကြိမ် ဆင့်ရလေသည်။

စာသင်တပည့် ရှစ်ဆယ့်ငါးပါးနှင့်တကွ အင်းဝကြွခဲ့

မောင်းထောင်ရဟန်းတော်ကလေး အရှင်ဉာဏာဘိဝံသသည် ယင်းသက္ကရာဇ် ၁၁၄၃–ခုနှစ် တန်ခူးလဆုတ် ၈–ရက်နေ့တွင် စာသင်သား ရဟန်း သာမဏေ ၈၅–ပါးနှင့်တကွ ရတနာပုံရှေ့မြို့တော်သို့ ရောက်တော်မူ၍ မိုးထိကျောင်း အနောက်မြောက် စာသင်တိုက်ယာယီ ကျောင်းတွင် တည်းခိုနေထိုင်တော်မူခဲ့လေသည်။ ထိုအခါ ရဟန်းသိက္ခာ ၆–ဝါကျော် ၇–ဝါအဝင်ရှိလေပြီ။

ပိဋကတ်တော် ရေးကူးရာ၌ တာဝန်ခံတည်းဖြတ်ခဲ့

မင်းတရား၏ လျှောက်ထားချက်အရ ရဟန်းသိက္ခာ ၇-ဝါအရတွင် ယာယီကျောင်း၌ သီတင်းသုံးတော်မူစဉ် ပိဋကတ်တော်များကို စာရေး ၁၀၈-ယောက်၊ ပေလုပ်မျဉ်းကိုင် ၅၄-ယောက်၊ စာကြည့်ဆရာတော် ၅၀၊ နောက်ပါသံဃာတော် ၅၀၊ ရွှေရေး၊ မင်ရေး၊ ကညစ်ရေး အကွာရာသုံးမျိုးဖြင့် ရေးသားစေရာတွင် နောက်ဆုံးသုတ်သင်သူအဖြစ်ဖြင့် စောင်မသုတ်သင်တော်မူရလေသည်။

ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်အလှူခံရခြင်း

ယင်းသက္ကရာဇ် ၁၁၄၃-ခုနှစ်တွင် ဝါဆိုလဆန်း ၈-ရက်နေ့တွင် စာသင်ကျောက်ကို မှူးတော် မတ်တော်များနှင့်တကွ အိမ်ရှေ့မင်းထွက်တော်မူ၍ ရွှေကရားဖြင့် ရေစက်သွန်းချလှူဒါန်းသဖြင့် ကျောင်းတော်ကို အလှူခံတော်မူရလေသည်။ ၎င်းပြင် မင်းတရားကြီး ဆက်ကပ်သည့် "ဉာဏာဘိ သာသနဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံတော်မူရလေသည်။

သာသနာပိုင် ၁၂ပါး တွင် ခန့်အပ်ခံရခြင်း

ဘိုးတော်မင်းတရားသည် သက္ကရာဇ် ၁၁၄၈-ခုနှစ်တွင် မူလရှိရင်းစွဲ မင်းအိုဆရာတော်၊ မန်လည်ဆရာတော်၊ ဆုံထားဆရာတော်၊ မင်းရွာဆရာတော်ဟူသော သာသနာပိုင် ၄-ပါးအပြင် သာသနာပြု ဆရာတော် ငယ်ရှစ်ပါး ခန့်အပ်တော်မူရာတွင် မောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသ ပါဝင်တော်မူခဲ့လေသည်။

သာသနာပိုင်အရာအပ်ခံရခြင်း

သက္ကရာဇ် ၁၁၅၀-ပြည့်နှစ်တွင် ယခင်သာသနာပိုင် ၁၂-ပါးတို့ ပြုစိရင်သောအရာသည် အမှားဖြစ်၍ အလုပ်လုပ်၍ ခက်ခဲသော အရာများကို တွေ့ရသဖြင့်လည်းကောင်း၊ ပုထုဇဉ်ဂတိအားဖြင့် တစ်ပါးပါးသို့လိုက်၍ ပြုစိရင်သည်များကို တွေ့ရသဖြင့်လည်းကောင်း ဘိုးတော်မင်းတရားသည်

''ဉာဏာဘိ သာသနဓဇ မဟာဓမ္မရာဇာဂုရု'' ဘွဲ့တံဆိပ်တော်ရ မောင်းထောင် ဆရာတော်ကလေး အရှင်ဉာဏာဘိဝံသအား ဆင်ကြိုးရွှေဂူဘုရား မဟာရံတံတိုင်းအတွင်း သုဓမ္မာစရိပ်တော်၌ ဆရာတော်သံဃာတော် မင်းညီမင်းသား မှူးတော်မတ်တော် သူဌေးသူကြွယ် ပုဏ္ဏားအစရှိ ပရိသတ်အစုံအညီရွှေ့မှောက်တွင် ဓမ္မသေနာပတိ ချီးမြှောက်တော်မူ၍ သာသနာပိုင်တစ်ပါးတည်း အပ်နှင်းတော်မူလေသည်။ ယင်းသို့ မင်းတရား အပ်နှင်းသဖြင့် အရှင်ဉာဏာဘိဝံသ သာသနာပိုင်ဖြစ်တော်မူခဲ့လေသည်။

သာသနာပိုင်အဓိဌာန်တော်

ယင်းသို့ သာသနာပိုင်ဖြစ်သည့်နေ့မှာပင် သံဃာတော် များစွာတို့၏အလယ် ကျောင်းဦး ဘုရားဆင်းတုတော် ရှေ့မှောက်၌ အောက်ပါအတိုင်း အဓိဌာန်ပြုတော်မူခဲ့လေသည်။

''သာသနာ့ရေးရာ သာသနာမှုနှင့် စပ်သမျှကို ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာ၊ အဂတိလေးပါး မလားပဲတရားရှိရာ ရွှက်ဆောင်မည်။ အသက်ကိုသော်လည်းစွန့်မည်။ တရားကိုမစွန့်ပြီ၊ သာသနာ ဒါယကာတရားမင်းမြတ်က အမိန့်တော် အထူးပြန်သော်လည်း မှန်ရာကိုသာလိုက်မည်၊ တရားကိုစွန့်၍ မလိုက်ပြီ မနာခံသော် ခပ်မဆိတ် သာနေမည်။

အသောကာရာမကျောင်းတိုက်ကြီးအလှူခံရပြီ

သက္ကရာဇ် ၁၁၅၁–ခုနှစ် တပေါင်းလဆန်း ၁၄–ရက် စနေနေ့တွင် မဟာမြတ်မုနိရုပ်ရှင်တော်တောင်ဖက် လေးပယ်ရှိ မြေမျက်နှာ၌ တံတိုင်း ၂–ထပ်၊ ဝန်းရံလျှက် စမြင်မော်ကွန်းချိုးနှင့်အတူ ဘုံငါးဆင့် မှန်ကင်းရုစ်ဆူ၊ စိန်ဖူး၊ စိန်ပွင့်တို့ဖြင့် တင့်တယ်သာယာလှသော ကျောင်းဦးပြာသာဒ်ဓမ္မပါသာဒဖြင့် တန်ဆာဆင်အပ်သော ကျောင်းတော်ကြီးကို ''ရတနာဘုံကျော်'' သမိုက်စေတော်မူ၍ အသောကာရာမကျောင်းတိုက်ကြီးတည်ဆောက်စေရာ ပြီးစီးသဖြင့် မောင်းထောင်သာသနာပိုင် ဆရာတော် အရှင်ဉာဏာဘိဝံသအား သဘင်ပွဲကြီးခံ၍ တင်လှူတော်မူခဲ့လေသည်။

တေနေဝ ကာရိတေ ရမ္မေ၊ ဆာယူဒကသမပ္ပိတော။
ဒ္ဒိပါကာရပရိက္ခိတ္တော၊ ဘာဝနာဘိရတာရဟော။
မဟာမုနိသမညာယာ၊ သမ္မဒ္ဒဿမ္မခါ ကတာ။
ပဋိမာ တိ ပါသာဒမ္ပာ၊ ဥဇု အာသန္နဒက္ခိဏော။
အသောကာရာမအာရာမေ၊ ပဥ္စဘူမိမဟာလယေ။

&w eb ɨd ∅ &a, ? "r℗℗p m'v u Ew / ၁

ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်အလှူခံ

''ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း မင်းတရား ဆက်ကပ်သဖြင့် အလှူခံရရှိတော်မူခဲ့လေသည်။

ကျောင်းလှူပွဲ ဆရာတော် ၂၅-ပါးတို့
ဘွဲ့တံဆိပ်လှူရန် မေတ္တာစာသွင်း

အသောကာရာမတိုက် လှူဒါန်းပွဲတွင် သာသနာပိုင် မောင်းထောင် ဆရာတော် အရှင်ဉာဏာဘိဝံသသည် သီလဝန္တ သိက္ခာကာမဂုဏ်နှင့် ပြည့်စုံသည့် တံဆိပ်တော်ထိုက်သည့် ဆရာတော် သံဃာတော် ၂၅-ပါးတို့အား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရန် မင်းတရားထံ မေတ္တာစာသွင်းတော်မူလေသည်။ ယင်းသို့ မေတ္တာစာသွင်းချက်အရ ဘိုးတော် မင်းတရားသည် အောက်ပါဆရာတော် ၂၅-ပါးတို့အား ''မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်များ လှူဒါန်းတော်မူလေသည်။

၁။ သီ၊ ဋီ၊ သဒ္ဒါဒဂ္ဃ။

ကျောင်းတိုက်လှူပွဲတံဆိပ်တော်ဆက်ကပ်ခံရသော ဆရာတော်များနှင့်ဘွဲ့တံဆိပ်တော်များ

၁။	ဒရယ်ခေါင်းဂိုဏ်းအုပ် စန္ဒသီရိဝံသ မဟာဓမ္မရာဇာဂုရု	အရှင်စန္ဒိမာ	၇၀–၅၀
၂။	အောင်ပန်းဂိုဏ်းအုပ် ဂ္ဂနာဘိသဒ္ဓမ္မ မဟာဓမ္မရာဇာဂုရု	အရှင်ဂ္ဂနဝံဇရာ	၇၆–၅၆
၃။	ဆင်ဖြူကျွန်းဂိုဏ်းအုပ် ဂုဏာဘိလင်္ကာရ မဟာဓမ္မရာဇာဂုရု	အရှင်ဂုဏဝံသ	၆၁–၄၁
၄။	ကတိုးဂိုဏ်းအုပ် ဂုဏာဘိသီရိဓမ္မ မဟာဓမ္မရာဇာဂုရု	အရှင်ဂုဏဝါ	၄၅–၂၅
၅။	မောင်းထောင်ဂိုဏ်းအုပ် ဉာဏာဘိလင်္ကာရ မဟာဓမ္မရာဇာဂုရု	အရှင်စန္ဒသာရ	၇၃–၅၃
၆။	ပုဂံဂိုဏ်းအုပ် လင်္ကာဘိဝံသဓဇ မဟာဓမ္မရာဇာဂုရု	အရှင်လင်္ကာဒီပ	၅၆–၃၆
၇။	တန်ဘိုးဂိုဏ်းအုပ် ဂုဏသီရိဝံသ မဟာဓမ္မရာဇာဂုရု	အရှင်ဂုဏသာရ	၅၀–၃၀
၈။	ဝက်စုတ်ဂိုဏ်းအုပ် မဏိသာရဓမ္မ မဟာဓမ္မရာဇာဂုရု	အရှင်မဏိမဇ္ဈိသာ	၅၁–၃၂
၉။	သတ္တတ်ဂိုဏ်းအုပ် ဝရသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဂုရု	အရှင်ဝရစိတ္တ	၅၀–၃၀
၁၀။	နေရင်းဂိုဏ်းအုပ် ပညာဘိသီရိဓဇ မဟာဓမ္မရာဇာဂုရု	အရှင်ပညာရံသီ	၆၀–၄၀
၁၁။	တပယင်းဂိုဏ်းအုပ် သုမနာဘိစာရ မဟာဓမ္မရာဇာဂုရု	အရှင်သုမန	၆၁–၄၁

၁၂။ မင်းတဲကိုဏ်းအုပ် အရှင်ဝိမလာစာရ ၄၂-၂၂
ဝိမလသဒ္ဓမ္မ မဟာဓမ္မရာဇဂုရု

၁၃။ အမြင့်ကိုဏ်းအုပ် အရှင်သာရမဏ္ဍ။ ၆၁-၄၁
သာရသဒ္ဓမ္မ မဟာဓမ္မရာဇဂုရု

၁၄။ ပဒုံကိုဏ်းအုပ် အရှင်စန္ဒိမာ ၆၃-၄၀
စန္ဒာဘိသီရိဓဇ မဟာဓမ္မရာဇဂုရု

၁၅။ ကန်နီကိုဏ်းအုပ် အရှင်ဥတ္တမသာရ ၄၄-၂၄
ဥတ္တမဝံသဓဇ မဟာဓမ္မရာဇဂုရု

၁၆။ ရတနာသိဃ်ကိုဏ်းအုပ် အရှင်ဉာဏဝိလာသ ၆၁-၄၁
ဉာဏဝိလာသဓဇ မဟာဓမ္မရာဇဂုရု

၁၇။ ဇကျောက်ဆောက်ကိုဏ်းအုပ် အရှင်သီရိမဏ္ဍ။ ၅၆-၃၆
သီရိဝံသာလင်္ကာရ မဟာဓမ္မရာဇဂုရု

၁၈။ လယ်ကိုင်းကိုဏ်းအုပ် အရှင်ဂုဏဝန္တ ၅၀-၃၀
ဂုဏဝံသဓဇ မဟာဓမ္မရာဇဂုရု

၁၉။ မောက်တက်ကိုဏ်းအုပ် အရှင်ဇေမာစာရ ၆၃-၄၃
ဇေမာဘိဓမ္မာစာရ မဟာဓမ္မရာဇဂုရု

၂၀။ ပျဉ်ကျကိုဏ်းအုပ် အရှင်ကလျာဏ ၄၃-၂၃
ကလျာဏဓဇ မဟာဓမ္မရာဇဂုရု

၂၁။ စလင်းကိုဏ်းအုပ် အရှင်ဝိစိတ္တာလင်္ကာရ၅၀-၃၀
ဝိစိတ္တာလင်္ကာရ မဟာဓမ္မရာဇဂုရု

၂၂။ ကျပင်းကိုဏ်းအုပ် အရှင်ဝရသမ္ဘောဓိ ၅၆-၃၆
ဝရဝံသဓဇ မဟာဓမ္မရာဇဂုရု

၂၃။ ကျအိုကိုဏ်းအုပ် အရှင်ဓမ္မဝိလာသ ၄၃-၂၃
ဓမ္မာဘိလင်္ကာရ မဟာဓမ္မရာဇဂုရု

၂၄။ ငလည်ငေါက်ကိုဏ်းအုပ် အရှင်မုနိန္ဒယောသ ၄၃-၂၃
မုနိန္ဒာလင်္ကာရမဟာဓမ္မရာဇဂုရု

၂၅။ ရေစကြိုဂိုဏ်းအုပ် အရှင်ဇောတယန္တ ၄၀-၂၀
ဇောတာဘိသာသန
မဟာဓမ္မရာဇဂုရု [၁]

အောင်မြေဘုံကျော် ကျောင်းတိုက်အလှူခံ

သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီးသည် ဘိုးတော်မင်းတရား၏ မိဖုရားခေါင်ကြီး ဆောက်လုပ်လှူဒါန်းသည့် မြို့တော်အနီး အရှေ့မြောက်ဖက်တွင် ဆောက်လုပ်လှူဒါန်းအပ်သော အောင်မြေဘုံကျော် ကျောင်းတော်ကို အလှူခံတော်မူရလေသည်။

တထာ ဒက္ခိဏာ ဒေဝိယာ၊ နဂရသမီပေ ကတော။
ပုဗ္ဗုတ္တရေ ဇယဘူမိ-ကျတျာဘိဓာနကေပိ စ။ [၂]

စကျောင်းတော်အလှူခံ

သက္ကရာဇ် ၁၁၅၂-ခုနှစ် နတ်တော်လဆန်း ၁၅-ရက်နေ့ တနင်္ဂနွေနေ့တွင် အမရပူရမြို့တော်တွင် ဆင်ကြိုးရွှေဂူဘုရားအနီး မြောက်ဆောင်ရွှေရေးဆောင်မိဖုရား၏ စံကျောင်းတော်ကိုလည်း အလှူခံတော်မူခဲ့လေသည်။

တထေဝုတ္တရဒေဝိယာ၊ နဂရုဗ္ဘန္တရေ ကတော။
သောဏ္ဍဂုဟထူပန္တိကေ၊ ပရိမာဏကနာမကေ။

မင်္ဂလာဝေယျန်ကျောင်းတော်အလှူခံ

ၚင်းပြင် မြို့တော်အနောက်ဖက် ဂူကြီးဘုရားအနီး အိမ်ရှေ့မင်း ဆောက်လုပ်လှူဒါန်းသည့် မင်္ဂလာဝေယျန်ကျောင်းတော်ကိုလည်း အလှူခံတော်မူ၍ ရံဖန်သီတင်းသုံးတော်မူခဲ့လေသည်။

တထာ စ ဥပရာဇေန၊ ကတော နဂရပစ္ဆိမေ။
မဟာဂုဟထူပန္တိကေ၊ မင်္ဂလာဝါသနာမကေ။ [၃]

၁။ အမေးတော် အဖြေ ၃၄၊၃၄။
၂။ သီ၊ ဦ၊သစ်၊ ၂။၄၃၆
၃။ သီ၊ ဦ၊သစ်၊ ၂။၄၃၇

အောင်ပင်လယ်တောရကျောင်းတော်အလှူခံ

ထိုပြင် ဝန်ရှင်တော် အသည်ဝန်မင်းကြီး ဆောက်လုပ် လှူဒါန်းသည့် အောင်ပင်လယ် တောရကျောင်းကိုလည်း အလှူခံတော်မူရလေသည်။

ယင်းအောင်ပင်လယ်တောရကျောင်းတည်ရာကား ယခုမန္တလေးမြို့မဟာနွယ်စဉ်ရပ် ဗောဓိကုန်းရှိ ဗောဓိပင်များ တည်ရာဝင်းပင် ဖြစ်ကြောင်း သိရလေသည်။ ယခင်ကအောင်ပင်လယ် တောရဟူ၍လည်းကောင်း ဘူမိအဘယာရာမ ကျောင်းတော်ဟူ၍လည်းကောင်း ထင်ရှားခဲ့လေသည်။

ကျောင်းတိုက်ငါးတိုက်တို့၌ လှည့်လည်သီတင်းသုံးခဲ့

မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသသည် ဖော်ပြပါ ကျောင်းတိုက်၅-တိုက်၌ လှည့်လည် သီတင်းသုံးတော်မူ၍ သာသနာစည်ပင်ကြောင်း လုပ်ငန်းတို့ကိုပြုတော်မူခဲ့လေသည်။

ဘွဲ့တံဆိပ်တော်သုံးထပ်အလှူခံရ

မောင်းထောင်သာသနာပိုင် ဆရာတော်သည် "ဉာဏာဘိဝံသသာသနဓဇ မဟာဓမ္မရာဇဂုရု" တံဆိပ်တော်နှင့် "ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို သာသနာပြုစုရန်အပ်စဉ်ကတစ်ကြိမ်၊ အသောကာရာမ ကျောင်းတိုက်တော်ကြီး လှူဒါန်းစဉ်ကတစ်ကြိမ်အားဖြင့် အကြိမ်ပေါင်း ၃-ကြိမ် ၃-ထပ် အလှူခံရရှိတော်မူခဲ့လေသည်။

ကွတိ သောဏ္ဍဝိဟာရေသု၊ ဝသံနေကေသု ဝါရတော။
သက္ကတော သဗ္ဗရာဇူနံ၊ တိက္ခတ္တုံလဒ္ဓလဉ္ဆနော။[၁]

၁။ သီ၊ ဋီ၊ သစ်၊ ၂။ ၄၃၇။

ကြည်ညိုဖွယ်ဂုဏ်တော်များ

ဆရာတော်သည် ဘိက္ခုဝိဘင်း၊ ဘိက္ခုနီဝိဘင်း ၂-ကျမ်းကိုလည်း အမြဲဆောင်တော်မူသည်။ တပည့်တပန်းတို့အားလည်း နေ့ဝါညဝါမပြတ် ပို့ချတော်မူလေသည်။ ဇကာသနိက်ဓုတင်ကိုလည်း မပြတ် ဆောက်တည် တော်မူသည်။ မိမိထံမှောက်ရောက်ရှိလာသော ရှင်၊ ရဟန်း ပုဂ္ဂိုလ်တို့အား သင့်သလိုလျှာဒါန်း ပေးကမ်းလေ့ရှိတော်မူသည်။ စာဆိုစာလိုက် တပည့်တို့အားလည်း ဓမ္မာနုဂ္ဂဟဖြင့်သာမက အာမိသာနုဂ္ဂဟဖြင့်လည်း ချီးမြှောက်တော်မူသည်။ သာသနာတော် စည်ပင်ရေးကိုလည်း များစွာအလိုရှိတော်မူသည်။ သီဟိုဠ်ကျွန်းစသော နိုင်ငံရပ်ခြား တိုင်းတပါးမှ ရောက်ရှိလာကြသော ရဟန်းသာမဏေတို့အား စာပေချ ပို့ပေးခြင်း၊ သင်္ကန်း၊ထီး၊ ဘိနပ်စသည် လျှာဒါန်းခြင်း စသည်တို့ ဖြင့်လည်း ချီးမြှောက်တော်မူသည်။

ဉာဏာဘိဝံသော သယံနော၊ သံဃသ္သ ဟိတကာရကော။
နေကဓာ ပဂ္ဂဟီ ဓီရော၊ ဒုလ္လဘံ ဇိနသာသနံ။

သီဟိုဠ်ကျွန်းအမရပူရဂိုဏ်းအမွန်အစပုဂ္ဂိုလ်ဖြစ်ခြင်း

မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသသည် သီဟိုဠ်ကျွန်း အမရပူရဂိုဏ်း၏ အမွန်အစ ပုဂ္ဂိုလ်မြတ်လည်း မှန်လှပေသည်။ သက္ကရာဇ် ၁၁၆၂-ခုနှစ် နယုန်လဆန်း(၁၄) ရက်နေ့တွင် သီဟိုဠ်ကျွန်း အမွဂဟပိတိယရွာသား သာမဏော ရှင်ဉာဏာဝိမလတိဿသည် အဖေါ်သာမဏော ၅-ပါး၊ ကပ္ပိယဒါယကာ ၁၃-ဦးနှင့်အတူ အမရပူရမြို့တော်သို့ ရောက်ရှိလာကြသည်။

ကပ္ပိယဒါယကာနှင့် ယင်းသီဟိုဠ်ရဟန်းတော်များတွင် ဓာတ်တော်မွေတော်များပါလာရာ ဘိုးတော်မင်းတရားအား လက်ဆောင်အဖြစ် ချီးမြှင့်ကြကုန်၏။ မင်းတရားသည် ယင်းဓာတ်တော် မွေတော်များကို ကောင်းမွန်ရိုသေစွာ ကိုးကွယ်တော်မူလေသည်။ သီဟိုဠ်မှ ရောက်ရှိလာကြသော ဉာဏဝိမလတိဿအမှူးရှိသော သာမဏေတို့သည် မောင်းထောင်သာသနာပိုင်ဆရာတော် အရှင်ဉာဏာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ဆင်ကြိုးရွှေဂူသိမ်၌ ရဟန်းအဖြစ်ကို ရယူကြကုန်၏။ ယင်းရဟန်းတော်များက

သီဟိုဠ်ပြန်ရောက်သောအခါ အမရပူရဂိုဏ်းဟု သီးခြားထောင်ကာ သာသနာပြုကြရာ ယနေ့တိုင် အရှင်ဉာဏဝိမလတိဿထေရ် အဆက်အနွယ် အမရပူရဂိုဏ်းဝင် သံဃာတော်များ သီဟိုဠ်၌ ထောင်ပေါင်းများစွာ သာသနာပြုလျှက် ရှိကြကုန်၏။

၎င်းပြင် သီဟိုဠ်ကျွန်းရှိ ဥဒ္ဓရဌ အမရပူရနိကာယ သံဃာ့ဂိုဏ်း၊ သီရိသဒ္ဓမ္မဝံသ နိကာယသံဃာ့ဂိုဏ်း ဓမ္မရက္ခိတနိကာယ သံဃာ့ဂိုဏ်းတို့ ၏ အမွန်အစလည်း ဖြစ်တော်မူသည်။

လူ့ဘဝသို့ရောက်မင်းတိုင်ပင်အမတ်ဖြစ်

မောင်းထောင်သာသနာပိုင် ဆရာတော် အရှင်ဉာဏာဘိဝံသ သည် သက်တော် ၅၉–နှစ်ရှိရာ သက္ကရာဇ် ၁၁၇၄–ခုနှစ်တွင် ရဟန်းဘဝမျှ ရွှေ့လျှောကာ လူ့ဘဝသို့ ရောက်ရှိတော်မူခဲ့လေသည်။ လူဖြစ်သောအခါ မဟာဇေယျသင်္ကြံဘွဲ့နောက် မဟာဓမ္မသင်္ကြံဘွဲ့ဖြင့် မင်းတိုင်ပင်အမတ် အဖြစ် ခန့်အပ်ခြင်းကို ခံရလေသည်။ ချည်ပါတောင်ရွာ မြောက်ရွာကိုလည်း စားရလေသည်။

ကွယ်လွန်အနိစ္စရောက်ခြင်း

မောင်းထောင်သာသနာပိုင်ဘဝမှ မဟာဓမ္မသင်္ကြံအဖြစ်သို့ ရောက်ရှိသော ပညာရှိကြီးသည် ဘကြီးတော်မင်းတရားလက်ထက် သက်တော် ၇၉–နှစ်ရှိရာ သက္ကရာဇ် ၁၁၉၄–ခုနှစ် ပြာသိုလဆုတ် ၄–ရက် နေ့တွင် ကွယ်လွန် အနိစ္စရောက်တော်မူခဲ့လေသည်။

ဓမ္မသေနာပတီတိ စ၊ ရာဇသင်္ကြံဝှယေန စ။
ပါကဋ္ဌော ဒွီဟိ နာမေဟိ၊ ကိတ္တိသေသတ္တမဂမီ။

ပြုစုခဲ့သောကျမ်းဂန်များ

မောင်းထောင်သာသနာပိုင် ဆရာတော်သည် ကျမ်းဂန်များစွာတို့ကို ပြုတော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ကာမရတနဆေးကျမ်း
၂။ ဆဒ္ဒန်ဆင်မင်းဝတ္ထု
၃။ ဇောတိသုဇာတကနိဿျ
၄။ တိဂုမ္ဘ စေတိယထောမနာ
၅။ တေသကုဏ္ဍဇာတ်ဝတ္ထု
၆။ ဒဗ္ဗဂုဏ္ဍပကာသဆေးကျမ်း
၇။ လဃုသံဂြဟနိဿျ
၈။ ဓာတုပြဿံသနိဿျ
၉။ နာနတ္ထဓွနိနိဿျ
၁၀။ ပကိဏ္ဏကဇာတ်အဋ္ဌကထာနိဿျ
၁၁။ ဗာလပ္ပဗောဓနိဿျ
၁၂။ ဗြိုဟဇ်နိဿျ
၁၃။ ဘာသုတိကိန်းဆန်း
၁၄။ ဘာသုတိစကားပြေ
၁၅။ ဘာသုတိဗေဒင်ကျမ်းနိဿျ
၁၆။ မဟာသကျသီဟသမိုင်းပါဠိအနက်
၁၇။ မာတိကာဂဏ္ဌိ
၁၈။ ဓာတုကထာဂဏ္ဌိ
၁၉။ ရာဇာဘိသေကနိဿျ
၂၀။ ရာဇမတ္တဏ္ဍဗေဒင်ကျမ်း
၂၁။ ရာဇောဝါဒဝဏ္ဏနာ
၂၂။ ရာဇိန္ဒရာဇ သုဓမ္မစာရဒီပနီ
၂၃။ လက္ခဏာကျမ်းနိဿျ
၂၄။ ဝုတ္ထောဒယစာကိုယ်နိဿျ
၂၅။ သရဒွေဗေဒင်ကျမ်း
၂၆။ သာရရတုကထနနိဿျ

၂၇။ သာရသတိဗျာကရဏ်းနိသျ
၂၈။ သာရကောမုဒိဆေးကျမ်းနိသျ
၂၉။ သာရကောမုဒိဆေးကျမ်းအဖွင့်ဋီကာ
၃၀။ သုပိနာဓျာယဗေဒင်ကျမ်းနိသျ
၃၁။ သူရိယသိဒ္ဓန္တစာကိုယ်ဗေဒင်
၃၂။ အရိယဝံသာလင်္ကာရကျမ်း
၃၃။ ဇေကဋ္ဌရကောသစာကိုယ်နိသျ
၃၄။ ဩသဓရတနာကရဆေးကျမ်း
၃၅။ ရာဇာဓိရာဇဝိလာသိနီပါဋ္ဌ
၃၆။ မောင်းထောင်နိယံ
၃၇။ ပိဋကတ်ဆင်ကြန်တော် (ပိဋကတ်မြင်းကြံတော်)
၃၈။ ဓနုဗ္ဗေဒစာတမ်း
၃၉။ ဆေးသစ်ပင် ၇ ပင်–ကျော်စာတမ်း။
၄၀။ လောကသင်္ကေတဒီပနီ
၄၁။ သရဏာဒိဝိနိစ္ဆယ
၄၂။ ပရမတ္ထရတနာဝလိပုစ္ဆာဝိသဇ္ဇနာ
၄၃။ ပေဋကာလင်္ကာရမည်သောနေတ္တိမဟာဋီကာပါဋ္ဌ
၄၄။ ဓမ္မောပဒေသကျမ်း
၄၅။ သာမဏေကျော်လေးပါးဝတ္ထု
၄၆။ သာသနာလင်္ကာရစာတမ်း
၄၇။ သာသနာဝံသစာတမ်း
၄၈။ အမေးတော်အဖြေ
၄၉။ သီလက္ခန်ဓီကာသစ်ပါဋ္ဌ(သီလက္ခန္ဓဝဂ္ဂအာဘိနဝဋီကာ)
၅၀။ အမရကောသနိသျ
၅၁။ ပါရာဇိကဏ်ဂဏ္ဌိ
၅၂။ မူလဆေးအာဘိဓာန် စသည်တို့ဖြစ်ကုန်၏။

ပေဋကာလင်္ကာရမည်သော နေတ္တိမဟာဋီကာပါဠ်

ပေဋလင်္ကာရမည်သော နေတ္တိမဟာဋီကာပါဠ်ကို ရဟန်း ၆-ဝါအရတွင် ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းကြီးမှာ ၅၆-ဘာဏဝါရရှိ ကျယ်ဝန်းသော ကျမ်းကြီးဖြစ်လေသည်။ ကျမ်းဦးဌိ -

ဘဝနေတ္တိဇဟောဓမ္မ-နေတ္တိပကာသယံ ဇနံ။
ဘဝနေတ္တိမုတ္တံ အကာ၊ ဝန္ဒေ တံ ဓမ္မသာမိကံ။

စသော ဂါထာများဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်း နေတ္တိမဟာဋီကာကျမ်းကြီးမှာ ၁၀-ကြောင်းပေ ၂၅-အင်္ဂါခန့်ရှိလေသည်။

ဓမ္မောပဒေသကျမ်း

ဓမ္မောပဒေသကျမ်းကို မဟာဓမ္မသကြီးအဖြစ်နှင့် ကွယ်လွန်ခါနီး ၃-နှစ်ခန့်အလို ၁၁၉၀-ခုနှစ် ဘကြီးတော်မင်းတရား လက်ထက်တွင် အတွင်းဝန် ဆောမြို့စားမင်းကြီး သီရိဓမ္မနန္ဒသကြံက မင်းတရားနှင့်တကွ အမျိုးလေးပါးတို့အတွက် သင့်လျော်သော ကျမ်းစာတစ်စောင် ရေးသားချီးမြှင့်ပါရန် တောင်းပန်တိုက်တွန်း ဆင့်ဆိုသဖြင့် ရေးသားခဲ့လေသည်။

ကျမ်းဦးဌိ -

မုနိန္ဒက္ကောတမံ မောတံ၊ ဟန္ဒာ ဗောဓေသိ ပက်ံ ဇံ။
ဇနံ သဒ္ဓမ္မရံသီဟိ၊ သော သမ္မာလေတု မံ ဇိနော။

ဟူသော သီဟိုဠ်ကျွန်းအရှင်သံဃရက္ခိကထေရ်၏ သုဗောဓာလင်္ကာရဂန္ထာရမ္ဘဂါထာဖြင့် ထောမနာပုဗ္ဗင်္ဂမ အာသီသကို ပြုတော်မူခဲ့လေသည်။ ယင်းကျမ်းကို တိုင်းပြည်ခေါင်းဆောင်များနှင့် တကွ အရာရာခေါင်းဆောင်လုပ်သူတို့ လေးလေးမြတ်မြတ်ဖတ်ရှုလေ့လာသင့်သော ကျမ်းစာကောင်းဖြစ်လေသည်။ ယင်းကျမ်းမှာ ကရောင်း ၁၆-ချိုး ဆိုက် ၂၁၁-မျက်နှာရှိလေသည်။

သာမဏေကျော်လေးပါးဝတ္ထု

သာမဏေကျော်လေးပါးဝတ္ထုကို မဟာဓမ္မသင်္ကြံ အဖြစ်ဖြင့် ဘိုးတော်မင်းတရားကြီး နန်းစံ ၂၅–နှစ်မြောက်တွင် မင်းတရားတိုက်တွန်းသဖြင့် ရေးသားခြင်းဖြစ်လေသည်။ ယင်းကျမ်းမှာ ဝနဝါသီတိသာသာမဏော၊ ပဏ္ဍိတသာမဏော၊ သံကိစ္စသာမဏော၊ သုမနသာမဏော ဟူသော သာမဏေကျော်လေးပါးတို့၏ အဖြစ်တော်စဉ်ကို ဓမ္မပဒပါဠိ၊ အဋ္ဌကထာစသော ကျမ်းဂန်များမှ ထုတ်နှုတ်၍ ရေးသားခဲ့လေသည်။ ယင်းကျမ်းမှာ ကရောင်း ၁၆–ချိုးဆိုက် စာမျက်နှာ ၁၆၀–ရှိလေသည်။

သာသနာလင်္ကာရစာတမ်း

သာသနာလင်္ကာရစာတမ်းကို ရတနာပူရ စတုတ္ထမြို့တည် နန်းတည်မင်းတရား လက်ထက်တွင် ယင်းမင်းတရားကြီး အမိန့်တော်မြတ်ဖြင့် အတွင်းဝန်မင်းကြီး သီရိမဟာနန္ဒက တိုက်တွန်းသဖြင့် မဟာဓမ္မသင်္ကြံအဖြစ်ဖြင့် ရေးသားတော်မူခဲ့လေသည်။ ကျမ်းဦး၌ –

ယော နေကဝါရမ္ပိ မရမ္မမဏ္ဍာလံ။
အာဂမ သဒ္ဓမ္မဇုတိ အကာ စိရံ။
ဇန္တူနမတ္ထံ ဒီယဒဿီ တဿိဒံ။
ဇောတေတု မောဟန္ဓိဓံသိ သာသနံ။

ဟူသော ဂါထာဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘပြုခဲ့လေသည်။ ယင်းကျမ်း၌ ပဌမ၊ ဒုတိယ၊ တတိယသံဂါယနာသမိုင်း ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ခန်း စသည်နှင့်တကွ သီဟိုဠ်မြန်မာသာသနာဝင် သာသနာ့သမိုင်းကို တော်တော်စုံလင်အောင် ရေးသားထားလေသည်။ ယင်းသာသနာလင်္ကာရ စာတမ်းကျမ်းမှာ သင်္ကရာဇ် ၁၁၉၃–ခုနှစ် ဝါခေါင်လဆုတ် ၁၄–ရက်နေ့တွင် ပေထက်သို့ ရေးတင်၍ ပြီးဆုံးခဲ့လေသည်။ ယင်းကျမ်းမှာ ဒီမိုင်းဆိုက် ၂၄၇–မျက်နှာရှိလေသည်။

သာသနာဝံသစာတမ်း

သာသနာဝံသစာတမ်းကို ရဟန်းဘဝ၌တည်၌ သာသနာပိုင်အဖြစ်ဖြင့် ရေးသားတော်မူခဲ့လေသည်။ ကျမ်းကိုလည်း –

ယော နေကဝါရမ္ပိ မရမ္မမဏ္ဍလံ။
အာဂမ္မ သဒ္ဓမ္မဇုတိံ အကာ စိရံ။
ဇန္တျုနမတ္ထံ ဒီဃဒဿီ တဿိဒံ
ဇောတေတု မောဟန္ဓဝိဒ္ဓံသိ သာသနံ။

ဟူသော ဂါထာဖြင့် ဂန္ထာရမ္ဘာပြု၍ ရေးသားတော်မူခဲ့လေသည်။ ယင်းကျမ်းစာကား မကျယ်ဝန်းလှချေ။ ယင်းစာတမ်း၌ ပဌမသံဂါယနာကစ၍ သာသနာပြု ပြည်ထောင်ဆက်၊ သာသနာပြုမင်းဆက်၊ သာသနာပြု ဆရာဆက်စသည်ကို ဖော်ပြထား၏။ ယင်းကျမ်းစာအုပ်အဖြစ်သို့ ရောက်သည်ကိုမတွေ့ရချေ။ ပေဖြင့်သာ တွေ့ရ၏။ ကျမ်း၏အဆုံး၌ –

ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ လောကေ တိဋ္ဌတိ သတ္ထုနော။
တာဝ တိဋ္ဌတု ဇေသောပိ၊ ဒဿေန္တော သာသနာနွယံ။

ဟူသော ဂါထာဖြင့် ဆန္ဒပြုတော်မူခဲ့လေသည်။

အမေးတော်အဖြေ

အမေးတော်အဖြေကျမ်းကြီးမှာ လွန်စွာကျယ်ဝန်း၏။ အမရပူရမြို့နန်းတည် ဘိုးတော်မင်းတရား၏ အမေးတော်များနှင့် သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီး၏ အဖြေများကို စုပေါင်းထားသော ကျမ်းကောင်း စာမွန်ဖြစ်လေသည်။ ဓမ္မောပဒေသ၊ သာမဏေကျော်လေးပါးဝတ္ထု၊ သာသနာလင်္ကာရစာတမ်း စသည်တို့၌ကဲ့သို့ ဤအမေးတော်အဖြေ ကျမ်း၌လည်း သာသနာပိုင် မောင်းထောင်ဆရာတော်၏ မြန်မာစကားပြေ စုဏ္ဍိယအရေးအသား ရှင်းလင်းချောပြေမှုကို တွေ့နိုင်လေသည်။ ယင်းကျမ်းကြီးမှာ မန္တလေးမြို့ ပဒေသာပိဋကတ်ပုံနှိပ်တိုက်ရိုက် ရွိုင်ဆိုက် ၇၀၁–မျက်နှာရှိလေသည်။ ၁၃၆၉ (၂၀၀၇)ခုနှစ် ရွှေသုဝဏ်ဆရာတော် ဦးဆောင်တည်းဖြတ်၍ ကွန်ပျူတာစာစီပြီး ဦးသက်နိုင် + ဒေါ်မာလာဦး မိသားစု မင်းသီတာ ကုမ္ပဏီကရိုက်နှိပ် လှူဒါန်းခဲ့ပါသည်။ ရွိုင်ဆိုက် စာမျက်နှာ ၇၈၀ ရှိပါသည်။

သီလကွန်ဦးကာသစ်ပါဠ်

မောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီးသည် ဒီဃနိကာယ်အဝင်အပါ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၏အဖွင့် ဦကာကိုလည်း သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ "သီလက္ခန်ဦကာသစ်"အမည်ဖြင့် ရေးသားစီရင်တော်မူခဲ့လေသည်။ အရှင်ဓမ္မပါလထေရ်၏ သီလက္ခန္ဓဝဂ္ဂဋီကာကိုလည်း အတွင်းပြု၍ ပေါ်လွင်ထင်ရှားသော ပါဠိုအသုံးအနှုန်း စကားလုံးတို့ဖြင့် ရေးသားတော်မူခဲ့လေသည်။ ဆဋ္ဌသံဂါယနာ တင်စဉ်ကယင်းသီလက္ခန်ဦကာသစ်ကြီးကိုလည်း သံဂီတိကာရကဆရာတော်တို့ သံဂါယနာတင်တော်မူခဲ့ကြကုန်၏။ လွန်စွာကျယ်ဝန်းပြည့်စုံသော ကျမ်းကောင်း ကျမ်းမွန်ကြီးဖြစ်လေသည်။ ကျမ်းဦးဌိ -

ယော ဒေသေတွာန သဒ္ဓမ္မံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ ဂရုံ။
ဒီဃဒဿီ စိရံ ကာလံ၊ ပတိဋ္ဌာပေသိ သာသနံ။

စသော ၁၀-ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံးဌိလည်း -

သဒ္ဓမ္မေ ပါဠဓတ္ထာယ၊ သာသနဿ စ ဝုဒ္ဓိယာ။
ဝဏ္ဏနာ ယာ သမာရဒ္ဓါ၊ သီလက္ခန္ဓကထာယ သာ။[၁]

စသော ၂၂-ဂါထာဖြင့် ပြည့်စုံစွာ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းကျမ်းကြီးကို ဆရာတော်သည် သာဓု ဝိလာသိနီဟု အမည်ပေးတော်မူခဲ့လေသည်။ ယင်းသို့ဖြစ်ကြောင်း -

ဗျဉ္ဇနဋ္ဌေဝ အတ္ထော စ၊ ဝိနိစ္ဆယော စ သဗ္ဗထာ။
သာဓကေန ဝိနာ ဝုတ္တော၊ နတ္ထိ စေတ္ထ ယတော တတော။
သမ္ပသဒံ သုဗိမတံ၊ သာဓူနံ စိတ္တတောသနံ။
ကရောတိ ဝိဝိဓံ သာယံ၊ တေန သာဓု ဝိလာသိနီ။[၂]

ဟူသော ၂-ဂါထာဖြင့် ဖော်ပြတော် မူခဲ့လေသည်။ ကျမ်းကြီးမှာ ဘာဏဝါရပါဠိး ၅၀-ကျော်ရှိလေသည်။ ဆဋ္ဌသံဂါယနာ စာတော်မူ

၁။ သီ၊ ဋီ၊ သစ်၊ ၂။ ၄၃၆။

၂။ သီ၊ ဋီ၊ သစ်၊ ၂။ ၄၃၅။

စာမျက်နှာ ပဌမအုပ် ၅၀၀၊ ဒုတိယအုပ် ၄၃၇-ရှိလေရာ ၂-အုပ်ပေါင်း ၉၃၇-မျက်နှာရှိလေသည်။

မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသကား တခေတ်တယောက်ဟု ဆိုလောက်သည့် အံ့လောက်စရာပုဂ္ဂိုလ် အာဇာနည်ပါတည်း။

ယင်းပုဂ္ဂိုလ်သည် သီလက္ခန်ဋီကာသစ်ကျမ်းနှင့် နေတ္တိမဟာဋီကာကျမ်းကြီး ၂-ကျမ်းရေးသားရခြင်းကို ဂုဏ်ယူကြောင်း ဗုဒ္ဓါဘိသေကဒီပနီနိဂုံးနှင့် လောကသင်္ကေတဒီပနီနိဂုံးလာ -

နေတ္တိကာယတာ ယေန၊ သီလက္ခန္ဓဋီကာ သုတာ။
တေနေဝါယံ ကထာ တန္တိ၊ မုဒ္ဓါဘိသေကဒီပနီ။

နေတ္တိကာယတာ ယေန၊ သီလက္ခန္ဓဋီကာသုတာ။
သံသကြိတနေကဂန္ထ - နိဿယာပိ စ ဒုလ္လဘာ။

မဟာဓမ္မသင်္ကြံ့ကူတိ နာမေန တေန မန္တိနာ။
ကတာယံ ပုရိမာတန္တိ၊ လောကသင်္ကေတဒီပနီ။

ဟူ၍ မိန့်ဆိုခဲ့လေသည်။

သီလက္ခန်ဋီကာသစ် နိဂုံး၌လည်း -

ပေဋ္ဌကာလင်္ကာရဝှယံ၊ နေတ္တိ သံဝဏ္ဏနံ သုဘံ။
ကူမဥ္စ သခ်ရောန္တေန၊ ယံ ပုညံ ပသုတံ မယာ။[၁]

ဟူ၍ ဖော်ပြခဲ့လေသည်။

အမရကောသနိသျ

သာသနာပိုင်ဆရာတော်ဘဝဖြင့် အမရသီဟဆရာ၏ အမရကောသ သက္ကတအဘိဓာန်ပါဌ်၏ နိသျကိုလည်း ရေးသားစီရင် တော်မူခဲ့လေသည်။ ကျမ်းဦး၌ -

ပြဏမျ ဝိဝိဓဘာဂါ-ကောဂလ္လဇ္ဇာနဒံ ဇိနံ။
မူလဘာဂါယ တောယ၊ နေကသဘာဂတ္တိ ဗောဓကံ။

၁။ သီ၊ ဋီ၊ သစ်၊ ၂။၄၃၇။

စသော ဂါထာများဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းသည် ပေဖြင့်သာ တည်ရှိခဲ့လေသည်။ အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသထေရ်အမရကောသနိသျရေးသားစဉ် ဖော်ပြပါ မောင်းထောင် ဆရာတော်၏ အမရကောသနိသျကိုလည်း ကြည့်ရှုမှီငြမ်းပြုတော်မူခဲ့လေသည်။

ပါရာဇိကဏ်ဂဏ္ဌိ

မောင်းထောင်ဆရာတော် အရှင်ဉာဏာဘိဝံသသည် ပါရာဇိကဏ် အဋ္ဌကထာဂဏ္ဌိကျမ်းကိုလည်း ဝဇိရဗုဒ္ဓိဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ ဝိမတိဝိနောဒနီဋီကာဟူသော ဝိနည်းဋီကာကြီး သုံးစောင်ကို မှီငြမ်းပြု၍ ရေးသား စီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ် –

ပညာယ ယဿ ဓမ္မေသု၊ ဒယာ သတ္တေသု ယာ ဂတာ။
သဗ္ဗေသု တာယ သညုတ္တော၊ ဝိနယံ ယော အဒေသယိ။
သဒါ ဥဿုက္ကမာပန္နံ၊ ဝိနေယျ ဝိနယာယ တံ။
နတွာ နာထံ သသဒ္ဓမ္မ–ဂဏံ ဂါရဝဘာဇနံ။

စသော ဂါထာများဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။

ယင်းပါရာဇိကဏ်ဂဏ္ဌိမူကို ဤစာရေးသူ စာအုပ်အဖြစ်ဖြင့် မတွေ့ဘူးပါပေ။ ပေမူဖြင့် ဗာဟိရနိဒါန်း အစိပ်အဝက်အထိ တွေ့ဘူးပါသည်။

မူလဆေးအဘိဓာန်

သက္ကတ၊ ဟိန္ဒီ ဆေးကျမ်းတို့ကို မှီငြမ်းပြု၍ ဆေးဝေါဟာရ ပုဒ်များကို စုပေါင်းကာ ဆေးအဘိဓာန် ကျမ်းငယ်ကိုလည်းပြုစုတော်မူခဲ့လေသည်။ ယင်းကျမ်းကို ရန်ကုန်မြို့ ကြည့်မြင်တိုင် အမျိုးသားမှတ်ပုံတင်တိုက်က ရိုက်နှိပ်ခဲ့ရာ ကရောင်းဆိုက်ငယ် ၁၃၄–မျက်နှာရှိလေသည်။

စွယ်စုံပညာတတ်

အရှင်ဉာဏာဘိဝံသ ဓမ္မသေနာပတိသည် သာသနာပိုင် အဖြစ်ဖြင့်ငင်း၊ မဟာဓမ္မသကြီးအဖြစ်ဖြင့်ငင်း၊ ထင်ရှားခဲ့သောမောင်း ထောင်ပုဂ္ဂိုလ်

ကျော်ကား ပါဠိ၊ သင်္ကတ၊ မြန်မာဘာသာစသည်တို့၌ နိုင်နင်းကျွမ်းကျင်သည့် စွယ်စုံပညာရှင်ကြီး စစ်မှန်လှပေသတည်း။

ဘုရားဆုပန်ပုဂ္ဂိုလ်များ

မောင်းထောင်ပုဂ္ဂိုလ်သူမြတ်သည် မထင်မရှား သာဝကတစ်ပါး အနေဖြင့် နိဗ္ဗာန်ပြည်ဝင်မည့် ပုဂ္ဂိုလ်မဟုတ်ပါချေ။ ဝေနေယျပေါင်း နှစ်ဆယ့်လေးသခေါ်၊ ကုဋ္ဌေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်းတို့ကို ကိလေသာ အပူဘေးတို့မှ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ဆောင်ပို့ကာ နိဗ္ဗာန်ပြည် ခွင်ဝင်မည့် ဘုရားဆုပန် ပုဂ္ဂိုလ်မြတ်ကြီးပေတည်း။ ယင်းသို့ဖြစ်ကြောင်း

အညမ္မိ တေန ပုညေန၊ ပတ္တာန ဗောဓိမုတ္တမံ။
တာရယိတ္တာ ဗဟူ သတ္တေ၊ မောစေယျံ ဘဝဗန္ဓနာ။

ဟူသောဂါထာဖြင့် သိလက္ခန်ဒီကာသစ်နိဂုံး၌ ဖော်ပြတော်မူခဲ့လေသည်။

“ ကဝိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု”
ဘွဲ့တံဆိပ်တော်ရ
ညောင်ကန်ဆရာတော်အရှင်ကဝိန္ဒ

ဆရာတော်သည် ပဒုံမြို့ကျေး (ယခုမုံရွာခရိုင် ဘုတလင် မြို့နယ်) ညောင်ကန်ရွာ၌ သက္ကရာဇ် ၁၁၁၅-ခုနှစ်တွင် ဖွားမြင်တော်မူလေသည်။ ငယ်မည် မောင်ရောင်ဖြစ်လေသည်။

ပညာသင်ကြားခြင်း၊ ရှင်သာမဏေဝတ်ခြင်း

ကျောင်းသားအရွယ်တွင် ကျော်အောင်စံထားဆရာတော် ဘုရားကြီးဇ၀်တပည့် ညောင်ကန်အနောက်တိုက် မင်းအိုဆရာတော်ဘုရားကြီးထံရောက်ရှိ ပညာသင်ကြားခဲ့လေသည်။ သက်တော် ၁၅-နှစ်သား အရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော်မှာ ရှင်ကဝိန္ဒဖြစ်လေသည်။

ရှင်ကဝိန္ဒသည် သာမဏေဘဝဖြင့် သဒ္ဒါ၊ သဂြိုဟ်၊ အဘိဓာန်၊ အလင်္ကာ၊ ဆန်းစသောကျမ်းဂန်များနှင့် ညဝါသင်ရိုး ကျမ်းစာတို့ကို သင်ယူပြီးဆုံးစေခဲ့လေသည်။

ရဟန်းအဖြစ်သို့ ရောက်ခြင်း၊ ဆက်လက်စာပေသင်၊ စာပေချပို့ခြင်း

သာမဏော ၆-ဝါရပြီး အသက် ၂၀-ပြည့်မြောက်သောအခါ ရဟန်းပြု၍ ဥပဇ္ဈာယ် မင်းအိုဆရာတော်ထံတွင် ဆက်လက်၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများကို ဆက်လက်၍ သင်ယူတော်မူခဲ့လေသည်။ တပည့်တပန်း ရဟန်းသာမဏော တို့အားလည်း စာပေချပို့၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

နှီးယက်ရင်းစာချ၊ ညဗေဒင်ချပေး

အရှင်ကဝိန္ဒသည် စာပေနိုင်နင်းသည် အရအမိလည်း များလှသည်။ သို့ဖြစ်၍ နေ့အခါ နှီးယက်ရင်း စာပေချပို့လေ့ရှိ၏။ ညအချိန်တွင် ဗေဒင်ကျမ်းများကို ချပို့ပေးလေ့ရှိလေသည်။ ယင်းအကြောင်းကို

အမရပူရမြို့တည်နန်းတည် ဘိုးတော်မင်းတရားကြီး ကြားသိခဲ့လေသည်။

အမရပူရမြို့တော်၌ သီတင်းသုံးခြင်း

ဆရာတော်သည် ဘိုးတော်မင်းတရား ပင့်လျှောက်ချက်အရ အမရပူရမြို့တော်သို့ ကြွရောက်တော်မူခဲ့လေသည်။ ဘိုးတော် မင်းတရား၏ မြောက်နန်းမတော်မိဖုရား၊ အိမ်ရှေ့မင်း၏မယ်တော် ''သီရိစန္ဒာရတနာဒေဝီ'' တင်လှူကိုးကွယ်သည့် မဟာမုနိရုပ်ရှင်တော်အရှေ့ အမိုး ဘုံလေးဆင့်ရှိသော ကျောင်းမကြီး မာရဘင်ခန်းဆီးနှင့် ဦးကင် ရာဇပလ္လင်တည် ဆောက်ကာ ဝဲယာနှစ်ဖက် ထီးဖြူစိုက်လျက် တွင်းပြင်ထက်အောက် ရွှေဘိန်းချ မင်္ဂလာဘုံကျော် ကျောင်းတော်ကြီးကို သက္ကရာဇ် ၁၁၅၃-ခု နှစ် ပြာသိုလဆန်း ၁၀-ရက်နေ့တွင် အလှူခံ၍ သီတင်းသုံးတော်မူခဲ့လေသည်။

မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

''ကဝိန္ဒာဘိ သီရိသဒ္ဓမ္မဇဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။ ဆရာတော်သည် မောင်းထောင်သာသနာပိုင် ဓမ္မသေနာပတိ အရှင်ဉာဏာဘိဝံသနှင့် ခုနှစ်တူဖြစ်၏။ သာသနာရေး စာပေးရေးရာတို၌ ဆွေးနွေးဖက်လည်း ဖြစ်သတတ်။

ကျမ်းဂန်များစွာတို့ကိုပြုစုခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ

၁။ သတိပဋ္ဌာန်ပါဠိတော်နီသျှ

၂။ ဗြို့ဟတ်နီသျှ

၃။ ရာဇမတ္တံနီသျှ

၄။ မဟာဝံသနီသျှ

၅။ သဒ္ဒါငယ်နီသျှ

၆။ ဝံသမာလာကျမ်း

၇။ သခ်္ကာပကာသကစာကိုယ်နီသျှ

၈။ ငါးရှဉ်းဆယ်ဇာတ်တော်ကြီး ဝတ္ထု

၉။ မင်္ဂလတ္ထဒီပနီကျမ်း စသည်တို့ဖြစ်ကုန်၏။

ငါးရှဉ်းဆယ်ဇာတ်တော်ကြီး ဝတ္ထု

ဖော်ပြပါ ကျမ်းများအနက် ငါးရှဉ်းဆယ် ဇာတ်တော်ကြီးဝတ္ထုမှာ လွန်စွာကြီးကျယ်၏။ ယင်းအလုပ်မှာ ကြီးမားသော တာဝန်ဖြစ်လေသည်။ သာမန် ဇွဲ, ဝီရိယ သာမန်သမာဓိဖြင့် မလုပ်နိုင်ပေ။ ကြီးမားသော ဝီရိယ ပိုင်ရှင်ဖြစ်၍ ရေးနိုင် လုပ်ဆောင်နိုင်ခြင်းဖြစ်လေသည်။ ယင်းဇာတ် ဝတ္ထုတော်ကြီးမှာ စာမျက်နှာ ၆၀၀၊ ၇၀၀-ပတ်ဝန်းကျင် အတွဲပေါင်း ၆-တွဲခန့်ရှိလေသည်။ မျက်နှာဖွဲ့လျှင် ၄၀၀၀-ထောင်ခန့်ရှိပေမည်။ ဇကကနိပါတ်ဇာတ်ဝတ္ထုအစဉ် -

အသေချေ်ယျာသု ဇာတိသု၊ ပုရေတ္ထာ ပါရမီ သဗ္ဗာ။
ပတ္တံ သမ္မောဓိမုက္ကဋ္ဌံ၊ ဝန္ဒိတ္ထာ ဓမ္မံသံဃဉ္စ။
သေတိဘဿာမိနော ရညော၊ ဇေဋ္ဌပုတ္တောန ဘူပါလော။
ဥပရာဇေန ဝုတ္တောဟိ၊ ဒွိဟာမစ္စေဟိ ယာစိတော။
မြိမ္မာဘာသာယ ဘာသိဿံ၊ နိဗ္ဗာနဝဟဇာတကံ။

ဟူသော ၂-ဂါထာခွဲဖြင့် ပဏာမ၊ ပဋိညာဉ်ပြုတော်မူခဲ့လေသည်။ ဆရာတော်သည် နိပါတ်တစ်ခုဆုံးတိုင်း ဆုံးတိုင်းတွင်

မင်္ဂလာဘူမိကိတ္တိဒ္ဓျ၊ ဝသတာ မန္ဒိရေ ရမ္မေ။
ဂုရုနာ မြိမ္မဘာသာယ၊ ဝုတ္တဂန္ဆော ဂတော နိဋ္ဌံ။

ဟူသော ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

မင်္ဂလတ္ထဒီပနီကျမ်း

မင်္ဂလတ္ထဒီပနီကျမ်းကြီးမှာလည်း လွန်စွာကျယ်ဝန်း ပြည့်စုံ၏။ ဝတ္ထုသက်သေ သာဓကတို့ဖြင့် တန်ဆာဆင်၍ ရေးသားတော် မူခဲ့လေသည်။ မင်္ဂလသုတ် ဂါထာ၁၃-ပုဒ်ကို ဤမျှကျယ်ဝန်းစွာ ချဲ့တွင်၍ ရေးသားခဲ့သည်မှာ သီဟိုဠ်ကျွန်း၌ ရှေ့ခေတ်က ပညာရှင်များက ဘုရားရှင်၏ ဂုဏ်တော်၉-ပုဒ်ကို ကိုးအုပ်, ကိုးကျမ်းရေး၍ ပူဇော်သည့်နှင့်

တူလေသည်။ ကျမ်းဦး၌ –

အနန္တဉာဏသမ္ပုဒ္ဓံ၊ မင်္ဂလံ ဝဒတံ ဝရံ။
မင်္ဂလဉာဏသမ္ပုဒ္ဓံ၊ ဝန္ဒာမိ မုနိကုဥ္ဇရံ။

ဒေသိတမမလံ တေန၊ ဝဋ္ဋဒုက္ခုဒ္ဓရံ ဝရံ။
မောဟံ ဝိဒ္ဓံ သေတွာ လောကံ၊ ဓမ္မက္ကရံပဟံ နမေ။

နိရင်္ဂဏံ သုတံ တေန၊ သံဃံ ခေတ္တံ သုသံဝရံ။
သီရိဇေယျကျော်စွာဝှ – ယာ မစ္စေနာဘိယာစိတော။

နာနာဂန္ထေယျုဒ္ဓရိယ၊ ဟိန္ဒဂူနံ သုခါဝဟံ။
မင်္ဂလတ္ထဒီပနျာဝှံ၊ ဘာသိဿာမိ ယထာဗလံ။

ဟူသော ၄–ဂါထာဖြင့် ပဏာမ၊ အဘိယာစက၊ ပဋိညာဉ်စသည် ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ပျံလွန်တော်မူခြင်း

ဆရာတော်သည် ကျမ်းဂန်ပြုစုခြင်း၊ စာပေပို့ချခြင်း စသည်တို့ဖြင့် သာသနာ့အလုပ်ကို ကြိုးကုတ်အားသစ်တော်မူဆဲဖြစ်စဉ် သက်တော် ၆၈၊ သိက္ခာတော် ၄၈–ဝါရရှိရာ သက္ကရာဇ် ၁၁၈၃–ခုနှစ် သီတင်းသုံးတော်မူရာ မင်္ဂလာဘုံကျော်ကျောင်း၌ ပျံလွန်တော်မူခဲ့လေသည်။

ဘဒန္တ ကဝိန္ဒော ထေရော၊ ကဝိနံ ဣန္ဒကော သုဓီ။
သုဓိသာသနံ ဇောတေတွာ၊ အဂမာ မစ္စုနော မုခံ။



သာသနာပိုင် မုံတောဆရာတော်အရှင်ဝရ

ဆရာတော်သည် အင်းရင်းမုံတောရွာ၌ သက္ကရာဇ် ၁၁၂၀–ခုနှစ်တွင် ဖွားမြင်တော်မူသည်။ နံတော် ဗုဒ္ဓဟူးသားတည်း။ ငယ်မည် မောင်ပျော်ဖြစ်လေသည်။

သုံးဘဝတိုင် မိခင်တစ်ဦးတည်း၏ဝမ်းပျော်

ဟံသာဝတီရောက် မင်းတရားလက်ထက်တွင် မုံတောရွာ မိဖငယ်တို့မှ မွေးဖွားကြီးပြင်းခဲ့ပြီး ၁၀–နှစ်သား အရွယ်တွင် ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိ ပညာသင်ကြားခဲ့လေသည်။ သက်တော် ၂၀–ပြည့် မြောက်ရာ အခါတွင် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ ရဟန်း ၁–ဝါအရတွင် ဆွမ်းခံကြွစဉ် ခွေးနက်ရူးကိုက်သဖြင့် ပျံလွန်တော်မူခဲ့သည်။

နောက်တဖန် မကြာမီပင် ဆရာတော်လောင်းလျာသည် မူလမိခင်၏ ဝမ်း၌ပင် သန္ဓေတွယ်ခဲ့လေသည်။ ရ–နှစ်သားအရွယ်တွင် ကျောင်းပို့ပါဟု အတန်တန်ပူဆာလေသည်။ ယင်းသို့ ပူဆာသဖြင့် မောင့်ဆရာဘယ်မှာနည်းဟု မိဖတို့က မေးမြန်းကြလေရာ မူလဆရာရင်း၏ အမည်ကိုလည်းကောင်း၊ ခွေးနက်ရူးကိုက်၍ ကွယ်လွန်ခဲ့ပုံလည်းကောင်း ပြောပြလေသည်။ ၁၁–နှစ်အရွယ်တွင် ရှင်သာမဏေပြုခဲ့လေသည်။ သာမဏေ ၂–ဝါအရ ညကုဋ္ဌီသွားစဉ် မြွေခဲသဖြင့် လွန်တော်မူခဲ့လေသည်။

ယင်းသို့လွန်ပြီးနောက် မူလမိခင်ဝမ်း၌ပင် ပဋိသန္ဓေတည် နေခဲ့ပြန်သည်။ မိခင်သည်လည်း မိမိသားဟောင်း ရောက်လာကြောင်း အိပ်မက်မြင်မက်ခဲ့လေသည်။ ၁၀–လစေ့၍ ဖွားမြင်လေလျှင် မိဖတို့က သုံးဘဝတိုင် ဆက်တိုက် မိခင်တစ်ဦးတည်းဝမ်း၌ ပဋိသန္ဓေတည်နေ ပျော်ပိုက်သည်ကို အကြောင်းပြု၍ မောင်ပျော်ဟု မှည့်ခေါ်ကြလေသည်။

ရှင် ရဟန်းပြုခြင်း

သက်တော် ၁၃–နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့မည် ရှင်ဝရဖြစ်လေသည်။ သာမဏော ၈–ဝါရ သက်တော် ၂၁–နှစ်တွင်

ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ဝရဖြစ်လေသည်။

ပညာတတ်မြောက်၊ ကျမ်းဂန်ပြုခြင်း

မုံတောဆရာတော်သည် စာပေပိဋကတ် တတ်မြောက် ကျွမ်းကျင်တော်မူလေသည်။ ကျမ်းဂန်များကိုလည်း ပြုစုရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ဝိသတိနိပါတ် ဇာတ်အဋ္ဌကထာနိသျ

၂။ တိသနိပါတ် ဇာတ်အဋ္ဌကထာနိသျ စသည်တို့ဖြစ်ကုန်၏။

သာသနာပိုင် ၁၂–ပါး တွင် ပါဝင်ခဲ့

သက္ကရာဇ် ၁၁၄၈–ခုနှစ်တွင် ဘိုးတော်မင်းတရား သာသနာပိုင် ၁၂–ပါးခန့်အပ်လေရာ မုံတောဆရာတော် အရှင်ဝရ ပါဝင်ခဲ့လေသည်။ အမရပူရမြို့နန်းတည် အိမ်ရှေ့မင်း၏ လေးမြတ်ကြည်ညိုခြင်းကို ခံတော်မူရလေသည်။ အမရပူရမြို့ ရွှေတောင်ကျောင်းတိုက်အတွင်း ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့လေသည်။

မင်းလိုမလိုက် မင်းကြိုက်မပြော

မုံတောဆရာတော်သည် မင်းလိုလိုက် မင်းကြိုက် ပြောဆိုရိုးမရှိပဲ အမှန်ဖက်က ရပ်တည်လေ့ရှိကြောင်း သိရလေသည်။ ဘိုးတော် မင်းတရား လက်ထက် ပုံတော်ပြက္ခဒိန်၊ မူလပြက္ခဒိန်ကိစ္စ၌ သုဓမ္မာသဘင်တွင် မင်းမြတ်၏အမိန့်အာဏာဖြင့် လက်ဝဲသခ်ဓိုလ်မေးသည်တွင် မူလပြက္ခဒိန်ကိုသာ ကြိုက်သည်ဟု ဗားကရာဆရာတော်ကဲ့ သို့ပင် မင်းတရားမျက်နှာကို မငဲ့ဘဲမိန့်တော်မူလေသည်။

အင်းဝမြို့၌ သီတင်းသုံး၊ ရာဇဓိရာဇဂုရုဘွဲ့တံဆိပ်အလှူခံရခြင်း

ရတနာပူရ စတုတ္ထမြို့နန်းတည် ဘကြီးတော်မင်းတရား လက်ထက်တွင် အင်းဝမြို့ အရှေ့တောင်ထောင့်ရှိ မင်္ဂလာရွှေဘုံ မိုးထိ ကျောင်းတော်ကို အလှူခံတော်မူရလေသည်။ ''ဝံသာဘိ သီရိသဒ္ဓမ္မာ လင်္ကာရဓဇ မဟာဓမ္မ ရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူလေသည်။

ဂါထာအရေးအသားမြန်လှ

မုံတောဆရာတော်သည် ဂါထာအရေးအသား လျှင်မြန်လှ နှိုင်နင်းလှသည်ဟုအဆိုရှိသည်။ အလိုရှိက တမူဟုတ်ချင်း ဂါထာများစွာ ဖွဲ့ဆိုနိုင်သတတ်။

ပိဋကတ်တော်သုတ်သင်ရာခေါင်းဆောင်ဆရာတော်ဖြစ်

ရတနာပူရ စတုတ္ထမြို့နန်းတည် ဘကြီးတော်မင်းတရား လက်ထက် ပိဋကတ်တော် အစုံများစွာ ရေးကူးစေတော်မူသည်တွင် မုံတောဆရာတော်သည် အခြားကျမ်းဂန်တတ် တံဆိပ်တော်ရဆရာတော် ၂၁-ပါးနှင့်အတူ ဦးဆောင်ပြု၍ သုတ်သင်ပြင်ဆင်တော်မူခဲ့လေသည်။

ပျံလွှန်တော်မူခြင်း

ယင်းသို့ သာသနာရေးကိစ္စအရပ်ရပ်ကို ထမ်းဆောင်တော်မူစဉ် သက်တော် ၈၂၊ သိက္ခာတော် ၆၂-ဝါ အရ သက္ကရာဇ် ၁၁၈၄-ခုနှစ်တွင် အင်းဝမြို့တောင်ထောင့် မိုးထိတိုက် မင်္ဂလာရွှေဘုံကျောင်းတော်၌ ပျံလွန်တော်မူခဲ့လေသည်။

ဘဒန္တဝရထေရော ဟိ၊ ဝရဗုဒ္ဓသာ သာသနေ။
ဓုရေ သော ဘာဝယိတ္ဝာန၊ ယာတော သော မစ္စုနော မုခံ။

သာသနာပိုင် ကတိုးဆရာတော်အရှင်ပညာ

ဆရာတော်သည် အလုံမြို့ကျေး ကတိုးကူတောရွာ၌ သက္ကရာဇ် ၁၁၂၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ရွှေကြာဖြစ်လေသည်။

ရှင် ရဟန်းပြု သာသနာဝန်ထမ်းဆောင်ခြင်း

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော် အရှင်ပညာဖြစ်လေသည်။ ပဌမကတိုးဆရာတော် အရှင်ဓမ္မဓရကိုထောက်၍ ဒုတိယ ကတိုးဆရာတော်ဟု တွင်လေသည်။

အတင်အရုံ ပြဿနာဖြစ်စဉ် ရဟန်းငယ်ဘဝတည်ရှိ

စဉ့်ကူးမင်းလက်ထက် ဘိုးတော်မင်းတရားလက်ထက် အတင်အရုံပြဿနာ ပေါ်ပေါက်စဉ် ရဟန်းငယ်ဘဝသာလျှင် တည်ရှိလေသည်။ စာပေကျမ်းဂန် ကျွမ်းကျင်တော်မူသည်။

အစမ်းလေ့ကျင့်

ရဟန်းဖြစ်စ သက္ကရာဇ် ၁၁၄၁-ခုနှစ် စဉ့်ကူးမင်း လက်ထက်တွင် သုဓမ္မာတွင် ဟားကရာ ဆရာတော် အရှင်ဓမ္မာဘိနန္ဒနှင့် အစမ်းလေ့ကျင့် အချေအတင်ပြောရလေသည်။ သို့ရာတွင် ဟားကရာ ဆရာတော်လောက် အရည်အချင်း မမှီသဖြင့် ဟားကရာကချည်းနှိုင်လေသည်။ ကတိုးဆရာတော် အရုံဖက်ကနေ၍ ဟားကရာဆရာတော်ကို အတင်ဖက်ကပြောရာ၌လည်း ဟားကရာဆရာတော်က နှိုင်လေသည်။ တဖန် ဟားကရာဆရာတော်ကို အရုံဖက်ကထားပြီး ကတိုးဆရာတော်ကို အတင်ဖက်ကထား၍ ပြောဆိုရာ၌လည်း ဟားကရာဆရာတော်ကပင် နှိုင်လေသည်။

သာသနာပြုဆရာတော်များတွင်ပါဝင်

ဘိုးတော်မင်းတရား ၁၁၄၈-ခုနှစ် သာသနာပြု ၁၂-ပါးလွှဲအပ် ရာတွင် ကတိုးဆရာတော်ကလေး အရှင်ပညာပါဝင်ခဲ့လေသည်။

မန်လည်ဆရာတော်၊ မင်းအိုဆရာတော်ကြီးစသော သာသနာပြု ဆရာတော်ကြီးများကိုလည်း အထောက်အကူပြုရရန် ရည်ရွယ်၍ခန့်ဟန်တူပေသည်။

ကျမ်းဂန်များပြုစုတော်မူခြင်း

ကတိုးဆရာတော် အရှင်ပညာသည် ကျမ်းဂန်များကို လည်းပြုစုတော်မူခဲ့လေသည်။

၎င်းတို့မှာ –

၁။ အဋ္ဌကနိပါတ်ဇာတ်အဋ္ဌကထာနိသျှ

၂။ နဝကနိပါတ်ဇာတ်အဋ္ဌကထာနိသျှ

၃။ ပါဋိဇာတ်ပါဠိတော်နိသျှဟောင်း စသည်တို့ဖြစ်ကုန်၏။

ရာဇဂုရုဘွဲ့တံဆိပ် ၂–ထပ်ရ

ကတိုးဆရာတော်သည် အရှင်ပညာသည် ဘိုးတော်မင်း တရားလှူဒါန်းသည့် ‘‘ သာသနဝံသ သီရိဓဇ မဟာဓမ္မရာဇဂုရု’’ ဘွဲ့တံဆိပ်တော်ကိုဌင်း၊ ရတနာပူရစတုတ္ထမြို့တည် နန်းတည်မင်းတရား လှူဒါန်းသည့် ‘‘ ပရမသီရိမဟာဓမ္မရာဇဂုရု’’ဘွဲ့တံဆိပ်တော်ကိုဌင်း အလှူခံရရှိတော်မူခဲ့လေသည်။

ပုံလွှန်တော်မူခြင်း

ကတိုးဆရာတော်သည် အရှင်ပညာသည် သက်တော် ၎၆ ဝါတော် ၅၆ဝါရှိရာ သက္ကရာဇ် ၁၁၉၅–ခုနှစ် အင်းဝမြို့ အရှေ့မြောက်ထောင့် အုဋ္ဌကျောင်းတွင် ပုံလွှန်တော်မူခဲ့လေသည်။

အမရပူရသာသနာပြု

ကတိုးဆရာတော်သည် အင်းဝကတိုးတိုက်၊ အမရပူရက ကတိုးတိုက်တို့၌ လဲလှယ်၍ သီတင်းသုံးဟန်တူပါသည်။ ဘိုးတော် မင်းတရား လက်ထက် သုဓမ္မာစည်းဝေးစဉ်ကာလများ ရက်ရှည်အမရပူရမြို့၌ သီတင်းသုံး၍ သာသနာပြုသည့် အမရပူရသာသနာပြု ပုဂ္ဂိုလ်တည်းဖြစ်လေသည်။

အမရပူရကတိုးတိုက်

အမရပူရမြို့နန်းတော်ရာ မြောက်ဖက်တွင် ကတိုးတိုက် တည်ရှိလေသည်။ ယင်းကတိုးတိုက်သည် အင်းဝ ကတိုးတိုက်ခွဲဖြစ်စရာ ရှိပေသည်။ ယင်းကျောင်းတိုက်၌ အောင်မြေဘုံစံဟု ကျောက်စာချပ် စိုက်ထူထားသည်လည်း တွေ့ရလေသည်။ ယင်းကတိုးတိုက်၌ ပုဂံမင်း လက်ထက် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းလက်ထက် ‘‘ သာသနဇောတာဘိ ကဝိ ဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု’’ ဘွဲ့တံဆိပ်တော်ရ ကြီခင်းဆရာတော် သီတင်းသုံး တော်မူခဲ့လေသည်။ ယင်းဆရာတော်မှာ သက္ကရာဇ် ၁၂၁၉ခုနှစ် နတ်တော်လတွင် ပျံလွန်တော်မူခဲ့လေသည်။

နွားပြင်းဆရာတော် အရှင်မုနိန္ဒသာရထေရ်

ဆရာတော်သည် မြင်းခြံခရိုင် နွားပြင်းရွာ၌ သက္ကရာဇ် ၁၁၂၀-ကျော်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။

ရှင်၊ ရဟန်းပြုခြင်း၊ ပညာသင်ကြားခြင်း

အရွယ်ရောက်သော် ရှင်၊ ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်မုနိန္ဒသာရဖြစ်လေသည်။

သက်တော်ငယ်စဉ်ကပင် ရတနာပူရအင်းဝမြို့ ဗားကရာကျောင်းတိုက်၌ သီတင်းသုံး၍ စာပေပို့ချသီတင်းသုံးတော်မူသော ''တိပိဋကာလင်္ကာရပဝရ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဗားကရာ ဆရာတော် ဘုရားကြီး အရှင်ဓမ္မာဘိနန္ဒထံ ရောက်ရှိ ပညာသင်ကြားတော်မူခဲ့လေသည်။

အရှင်ပညာသီဟနှင့်အတူပညာသင်

အရှင်မုနိန္ဒသာရသည် ဗားကရာဆရာတော်ကြီးထံ ပဋ္ဌမကြိုဏ် အဋ္ဌကထာနိသျနှင့် ဝိဘင်းမူလဋီကာနိသျစသည့် ကျမ်းပေါင်း များစွာကို ပြုစီရင်တော်မူခဲ့သော ဂူကြီးဆရာတော်လောင်းလျာ အရှင်ပညာသီဟနှင့် ချစ်ခင်ရင်းနှီးသည့် ပညာသင်ဖက်ဖြစ်လေသည်။

ပညာတတ်မြောက်ခြင်း

အရှင်မုနိန္ဒသာရသည် ဉာဏ်လည်းကောင်းသည်။ ထက်မြက်သည်။ ဝီရိယလည်းကောင်းသည်။ သို့ဖြစ်၍ ငယ်စဉ်ကပင် ပညာတတ် ရဟန်းတော်အဖြစ် ထင်ရှားခဲ့လေသည်။

(ဗာကရေ၊ နှစ်ပါးသာသနာ ဖြည့်စွမ်းရာဖြစ်ခြင်းကြောင့် ဗာကရာအမည်ရှိသော။ ဓညာဓိဝါသအာယေ၊ ဘုန်းရှိသောသူတို့၏နေရာ ဖြစ်သောကျောင်းကြီး၌။ (မူလဋီ၊သျ။ နိဂုံးမှ)

အမရပူရမြို့ကြွရောက်သီတင်းသုံးခြင်း

ဘိုးတော်မင်းတရားသည် အမရပူရမြို့ နန်းကိုတည်ထောင်စံတော်မူသောအခါ ဗားကရာတိုက်ကြီးသို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။ ထိုစဉ်က အရှင်မုနိန္ဒသာရသည်လည်း မိမိဆရာအရင်း ဗားကရာဆရာတော်နှင့်အတူ ကြွရောက်သီတင်းသုံးတော် မူခဲ့လေသည်။

စာပေချပို့ခြင်း

အရှင်မုနိန္ဒသာရသည် အမရပူရမြို့ ဗားကရာတိုက်၌ သီတင်းသုံးတော်မူ၍ တပည့်တပန်းများစွာတို့ကို စာပေချပို့တော်မူ၍ သာသနာတော်ပြုတော်မူခဲ့လေသည်။ အရှင်မုနိန္ဒသာရကား စာချကောင်း စာချဆရာတော် တစ်ပါးလည်း ဖြစ်တော်မူလေသည်။

ကျမ်းဂန်ပြုစုခြင်း

အရှင်မုနိန္ဒသာရသည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ ဘိက္ခုပါတိမောက်နိသျ

၂။ ဆန်းနိသျ

၃။ ဓမ္မသင်္ဂဏီဒွါရကတာ မူလဋီကာနိသျ

၄။ ပရမတ္ထဗိန္ဒုနိသျ– စသည်တို့ဖြစ်ကုန်၏။

ဓမ္မသင်္ဂဏီဒွါရကထာ မူလဋီကာနိသျ

ဆရာတော်သည် ဓမ္မသင်္ဂဏီ မူလဋီကာ၏ မှီရာနိသျကိုလည်း ရေးသားတော်မူခဲ့လေသည်။ မူလဋီကာနိသျများမှာ ၆–တွဲရှိလေသည်။ ဓမ္မသင်္ဂဏီ မူလဋီကာ ဒွါရကထာနိသျကို နွားပြင်းဆရာတော် အရှင်မုနိန္ဒရေး၍ ဓမ္မဒ္ဒေသဝါရကထာမှစ၍ ဓမ္မသင်္ဂဏီမူလဋီကာအားလုံး နိသျနှင့် ဝိဘင်းမူလဋီကာနိသျ၊ ဓာတုကထာမူလ ဋီကာနိသျ၊ ပုဂ္ဂလပညတ် မူလဋီကာနိသျ၊ ကထာဝတ္ထုမူလဋီကာနိသျ၊ ယမိုက်မူလဋီကာနိသျ၊ ပဋ္ဌာန်းမူလဋီကာနိသျတို့ကိုမူ ဂူကြီးဆရာတော် အရှင်ပညာသီဟ ရေးသားစီရင်တော်မူခဲ့လေသည်။

ကျမ်းဦးဌိ–

ပဏာမျဟံ ဗုဓံသံ မေ၊ ဂရုံ စ ယာစိတော လိက္ခံ။
ယူဝသောတူနမတ္ထာယ၊ နိဿယံ ဒွါရဋ္ဌကာယ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ၊ အာစရိယပဏာမ၊ အဘိယာစက စသည်တို့ကိုဖော်ပြ၍ ဂန္ဆာရမ္ဘ ပြုတော်မူခဲ့လေသည်။

‘‘ နိဿယံ၊ မှိရာ ဆရာတော်ဘုရား ချနက်နိသျည်းကို။ လိက္ခံ–လိခိဿာမိ၊ ရေးပေအံဟု ဆိုသဖြင့် ယင်းနိသျမှာ ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ ၏ ချနက်ဖြစ်ကြောင်းသိနိုင်လေသည်။

ကျမ်းအဆုံးဌိ–

ရမ္မေ ရတနာပူရဝေ့၊ နာနာကုလသမာဂတော။
ဒေဝပုရပဋိဗိမ္ဗေ၊ သာသနုဇ္ဇောတနုတ္တမေ။
ဂဇသောဘိန္ဒရာဇသ၊ ဩရသသ မဟိဒ္ဓိနော။
သာသနာဘိပွသန္နသ၊ သောဓကသ စ ရာဇိနော။
သဗ္ဗဝေရံ ဇိနိတွာန၊ ရဇ္ဇသိရိ နုဘာဝတော။
အန္တေပုရိကမစ္စေန၊ ဝိသုဒ္ဓကုလစာရိနာ။
သဒ္ဓါဒိဂုဏယုတ္တေန၊ ကာရိတေနေကသောတူနံ။
မနောရမ္မေ စတုဘုံမ္မေ၊ ဓညာဝါသနမာလယေ။
ဗာကရေ တမ္မဒီပသ၊ ကေတုမှိ အတိသောဘိတေ။
ဝသတိ ယော မဟာထေရော၊ ဝါစေန္တောနေကသောတူနံ။
သီလာဒိဂုဏသမ္ပန္နော၊ ပေဋကောဂဉ္ဇာဏိကော။
နာနာနယေသုတိစ္ဆေကော၊ ပရဝါဒူပမဒ္ဒနော။
သာသနောဒဂ္ဂကရိသ၊ မုနိန္ဒသာရနာမိနာ။
တဒါဒိန္နောပဒေသေန၊ နာနာဂန္ထေသု ပေက္ခိယ။
သိသ္သေန ပရိယတ္တိမှိ၊ ကတုသာဟေန နိဿယံ။
ကတော မေ နိသယော၊ ဒွါရကထာ ဋ္ဌကာယ သာဓုကံ။
နိဋ္ဌိတော ဃမနာယာသာ၊ ယထာတထာ မေ ဂရုနော။
သမိဇ္ဈန္တု သုသက်ပွါ၊ သပရဟိတ အာဝဟာ။

ပသေယျံ သက္ကရေယျံ စ၊ ဇောတယန္တံ သဒါ ဂရုံ။
ယဒိဒံ မေ ကတံ ပုညံ၊ သမ္မာသမ္ဗောဓိ ပါဒတံ။
သဗ္ဗေသတ္တာ ပမုစ္စန္တု၊ သဗ္ဗဒုက္ခေဟိ တေန စ။

ဟူသော ၉–ဂါထာဖြင့် ပြည့်စုံစွာ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းမူလဋီကာ ဒွါရကထာနိသျမှာ ရွိုင်ဆိုက် စာမျက်နှာ ၃၈၂–ရှိလေသည်။

ပရမတ္ထဗိန္ဒုနိသျ

ပရမတ္ထဗိန္ဒုနိသျကိုလည်း ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ၏ ချနက်အတိုင်း ရေးသားတော်မူခဲ့လေသည်။

ကျမ်းဦး၌ –

ပရမတ္ထဗိန္ဒုနောဟံ၊ ကဿံ နတ္ဝာန နိဿယံ။
သမ္ဗုဒ္ဓဥ ဥေယျန္တရံ၊ ဓမ္မဥ္စဿ ဂဏံ ဝရံ။

အဟံ၊ နွားပြင်းရွာဌာန မုနိန္ဒသာရအမည်ရှိသောငါသည်။ ဥေယျန္တရံ၊ သခီရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ဥေယျဓံတရားငါးပါး၏ အဆုံးသို့ရောက်တော်မူပြီးထသော။ သမ္ဗုဒ္ဓဥ၊ မြတ်စွာဘုရားကိုလည်းကောင်း။ တဿ၊ ထိုမြတ်စွာဘုရား၏ ။ ဝရံ၊ သွက္ခာတတာ အစရှိသောဂုဏ်တို့နှင့် ပြည့်စုံခြင်းကြောင့် မြတ်ထသော။ ဓမ္မဥ၊ ဆယ်ပါးသောတရားကိုလည်းကောင်း။ ဝရံ၊ သုပ္ပဋိပန္နတာ အစရှိတော ဂုဏ်တော် တို့နှင့် ပြည့်စုံခြင်းကြောင့်မြတ်ထသော။ ဂဏဥ၊ ရှစ်ယောက်သော အရိယာ သံဃာတော်ကိုလည်းကောင်း။ နမာမိ၊ သုံးပါးသောစေတနာ သုံးပါးသောဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါရှိခိုးပါ၏။ နတ္ဝာ၊ ရှိခိုးပြီး၍။ ပရမတ္ထဗိန္ဒုနော၊ ပရမတ္ထဗိန္ဒုအမည်ရှိသောကျမ်း၏။ နိဿယံ၊ တိပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု တံဆိပ်နာမံတော်ရှိသော ဆရာတော်ဘုရားကြီး၏ အထံတော်မှ ရအပ်သော ချနက်နိသျကို။ ကရိဿံ–ကရိဿာမိ ၊ပြုပေအံ့။ ဟု ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။

ကျမ်းအဆုံး၌ –

နလဂါဒ္ဓိတ ဝဿကေ၊ သာသနေ အဋ္ဌယေတကေ။
သက္ကရာဇေ စ သမ္ပတ္တေ၊ သုဒဿနံဝ သောဘိတေ။
နာမေန အမရပူရေ၊ နဂရေ အတိသောဘိတေ။
ဗာကရာနာမ ဝိဟာရေ၊ သာသနဿ ဟိတေသနေ။
ဟိတတ္ထိကော စ တေနေဝ၊ မုနိန္ဒသာရနာမေန။
တဿ နယံ ဥဂ္ဂဏ္ဌိတွာ၊ သုကာရိတောယ နိဿယော။
အနာကုလာ သမာသေန၊ တံ သိက္ခန္တု ဟိတေသကာ။
အနေန သဗ္ဗဘဝေသု၊ ပဿိတွာဝ ဧကက္ခရံ။
နာနာနယံ သဘာဝေန၊ ဓာရိတော ဟောမိ ပဏ္ဍိတော။
ပုညဿိမဿ ဘာဂမ္ပိ၊ သတ္တာ လဘန္တု နိဿေသံ။
မာတာပိတာစရိယာဒိ–ဘူမျာကာသဒကာ ဘဝါ။

ဟူသော ၅–ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ဤပရမတ္ထဗိန္ဒုနိသျ ပြီးချိန်မှာ သာသနာသက္ကရာဇ် ၂၃၃၀–ခုနှစ်တွင်ဖြစ်၍ ကောဇာသက္ကရာဇ် ၁၁၄၈–ခုနှစ်တွင် ဖြစ်လေသည်။ ၎င်းနိသျကို ပေဖြင့်သာတွေ့ရလေသည်။

ဘုရားဆုပန်ပုဂ္ဂိုလ်

အရှင်မုနိန္ဒသာရကား သမ္မာသမ္ဗောဓိဘုရားဆုပန်ပုဂ္ဂိုလ် ဖြစ်လေသည်။

ယင်းသို့ဖြစ်ကြောင်း

ယဒိဒံ မေ ကတံ ပုညံ၊ သမ္မာသမ္ဗောဓိပါဒတံ။

ဟူသော ဒွါရကထာမူလဋ္ဌီကာနိသျလာ ဂါထာဝက်ဖြင့် သိသာလေသည်။

သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ် လွှန်တော်မူခြင်း

အရှင်မုနိန္ဒသာရကား စာပေချပို့ချခြင်း၊ ကျမ်းစာပြုစုခြင်း စသည်ဖြင့် သာသနာပြုတော်မူခဲ့သည့် သာသနာ့ဝန် ထမ်းဆောင်သော ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ တချိန်တွင် သာသနာ့ကိစ္စရေးရာတို့ကို ထားတော်မူခဲ့ကာ လွှန်တော်မူခဲ့လေသည်။

ဘဒန္တ မုနိန္ဒော ထေရော၊ သာရော မုနိန္ဒသာသနေ။
သာရံ သော ကရိတ္ဝာယေဝ၊ ပဝိဋ္ဌော မစ္စုနော မုခံ။



ပဌမကျော် ဂူကြီးဆရာတော် အရှင်ပညာသီဟ

ဆရာတော်သည် ယိုးဒယားပြည် ဒွါရာဝတီမြို့၌ ယိုးဒယားလူမျိုး မိဖ၂-ပါးတို့မှ သက္ကရာဇ် ၁၁၂၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။

မြန်မာပြည်ရောက်ရှိခြင်း

တတိယမြောက် ရတနာပူရ အင်းဝမြို့တည်နန်းတည် ဆင်ဖြူရှင် မင်းတရားသည် သက္ကရာဇ် ၁၁၂၆-ခုနှစ်တွင် ယိုးဒယားနိုင်ငံကို လက်နက် နိုင်ငံတော် ပြုတော်မူသောအခါ ဆရာတော်လောင်းလျာသည် သံဖံပန်း အဖြစ်ဖြင့် ရတနာပူရအင်းဝမြို့သို့ မိဖဆွမျိုးတို့နှင့်တကွ ရောက်ရှိခဲ့ လေသည်။ ငယ်မည် မောင်ယာဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်ကြားခြင်း

မိဖတို့သည် ဆရာတော်လောင်းလျာကို ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒထံ အပ်နှံ၍ ပညာသင်ကြားစေခဲ့ကြကုန်၏။ မောင်ယာ သည် အရွယ်ရောက်သော် ဗားကရာဆရာတော်ထံ ရှင်သာမဏေဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ပညာသီဟ ဖြစ်လေသည်။ သက်တော် ၂၀-ပြည့်မြောက်တွင် ရဟန်းပြု၍ သာသနာ့ ဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်။ ရဟန်းဘွဲ့မှာ သာမဏေဘွဲ့ အတိုင်း ရှင်ပညာသီဟမှ အရှင်ပညာသီဟဖြစ်လေသည်။

ပဌမကျော်အောင်မြင်ခြင်း

ဆရာတော်လောင်းလျာသည် ဝိရိယကောင်းသည်၊ ဉာဏ်ပညာ လည်း လွန်စွာထက်မြက်လှသည်။ သာမဏေဝတ်နှင့် ပဌမကျော် အောင်မြင်ခဲ့ လေသည်။ ယင်းသို့ ပဌမကျော် အောင်မြင်သဖြင့် ပဌမကျော် အရှင်ပညာသီဟဟု ငယ်စဉ်က ကျော်စောကီတို့ ရှိခဲ့လေသည်။

နိကာယ်ငါးရပ် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများနှင့်တကွ ဆန်း၊ အလင်္ကာ၊ အဘိဓာန်နှင့် ဗေဒင်ကျမ်းတို့ဌ်လည်း ကျွမ်းကျင်တတ် မြောက်တော်မူသည်။

ဂူကြီးဆရာတော်ဟူထင်ရှားခြင်း

အမရပူရမြို့တော် အနောက်မျက်နှာရှိ ဂူကြီးတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေချပို့ခြင်း၊ ကျမ်းဂန်ရေးသားခြင်း စသည်တို့ကို ပြုတော်မူခဲ့သဖြင့် ဂူကြီးဆရာတော် အရှင်ပညာသီဟဟူ၍ ကျော်ကြားခဲ့လေသည်။

ကျမ်းဂန်များပြုစုခြင်း

ဂူကြီးဆရာတော်သည် အရှင်ပညာသီဟသည် ကျမ်းဂန် များစွာတို့ကို ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ဓာတုကထာအဋ္ဌကထာနိသျ
၂။ ပုဂ္ဂလပညတ်အဋ္ဌကထာနိသျ
၃။ ကထာဝတ္ထုအဋ္ဌကထာနိသျ
၄။ ယမိုက်အဋ္ဌကထာနိသျ
၅။ ပဋ္ဌာန်းအဋ္ဌကထာနိသျ
၆။ သီလက္ခန်ဋီကာနိသျ
၇။ ဇိနာလင်္ကာရဋီကာနိသျ
၈။ မူလဋီကာနိသျ (ဒု ၊ တ၊ စ၊ မ၊ သ)
၉။ အနုဋီကာနိသျ
၁၀။ လောကီပဏ္ဏာသ ဇာတ်နိသျ
၁၁။ နာဋီကာဝိနိစ္ဆယ စသည်တို့ဖြစ်ကုန်၏။

ဓာတုကထာအဋ္ဌကထာနိသျ

ဆရာတော်သည် ဓာတုကထာအဋ္ဌကထာ၌ ကာလကြာညောင်း ခြင်းစသည်ကြောင့် ချွတ်ယွင်းသော ပုဒ်ပါဠိတို့ကို မူလဋီကာစသည် ဋီကာကျမ်းများကိုလည်း မှီငြမ်းပြု ပြင်ဆင်၍ ဓာတုကထာ အဋ္ဌကထာနိသျကို ရေးသားတော်မူခဲ့လေသည်။ ကျမ်းဦး၌–

ဓာတုဘေဒပကာသကံ ၊ ပဝရံ မာရဘဉ္ဇကံ။
နာထံ ဓမ္မမလဉ္ဆဿ ၊ ဝန္ဒေ သဲဃံ တဒေါရသံ။

စသော ၄–ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌

ပညာသီဟာဘိဓာနေန၊ ထေရေနာယံ သုသခ်ံတာ။
ဓာတုကထာ ဌကထာယ၊ ဂမ္ဘီရာယတ္ထ ယောဇနာ။
ယံ မဟာကရုဏာပတ္တံ၊ ပုညေတံ တဿ တေဇသာ။
မညန္တု သုဇနာ တေံ၊ ဤဒိသံ ယတ္ထ ကာရိထာ။
ဂူကြီး ကူတျာဘိဓာနသ္မိံ၊ အာရာမေ ဝသတာ သတာ။
သဒ္ဓမ္မဋ္ဌိတိကာမေန၊ ကူမိဿာ အတ္ထယောဇနာ။

ဟူသော ၃–ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းနိသျသည် ရွိုင်ဆိုက်စာမျက်နှာ ၅၂–ရှိလေသည်။

ပုဂ္ဂလပညတ်အဋ္ဌကထာနိသျ

ပုဂ္ဂလပညတ်အဋ္ဌကထာနိသျကိုလည်း ဋီကာကျမ်းများ အနုဂဏ္ဌိကျမ်းများ၊ အဂ်ုတ္ထိုရ်အဋ္ဌကထာ၊ ဋီကာကျမ်းများနှင့် တိုက်ဆိုင်နှီးနှောရှိ ရေးသားတော်မူခဲ့လေသည်။

ကျမ်းဦးဌ် –
ဝန္ဒိတွာ သိရသာ ဗုဒ္ဓံ၊ ပညတ္တိဘေဒ ဒေသကံ။
လောကေကပုဂ္ဂလံ သေဋ္ဌံ၊ ဥေယျသာဂရပါရဂုံ။

စသော ၇–ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံးဌ်
ပုဂ္ဂလပညတ္တိယဋ္ဌ – ကထာယ အတ္ထယောဇနာ။
ပညာသီဟာဘိဓာနေန၊ ထေရေန သာဓု သခ်ံကာ။

စသော ၅–ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ဖြစ်ရန် တောင်းဆုချေခဲ့

၎င်းပြင် –
ယမေတံ ပကတံ ပုညံ၊ ပဥ္စညံ ပသုတံ ပုရေ။
သမ္မာသမ္ဗောဓိယာ မူလံ၊ ဘဝတံ တံ ယထိစ္ဆိတံ။

ဟူသော ပဌမမြောက်ဂါထာဖြင့် မိမိတောင့်တအပ်သော သယမ္ဘူဉာဏ်၊ သဗ္ဗညုတဉာဏ်၏ အကြောင်းရင်း ဖြစ်စေကြောင်း တောင်းဆုခွေတော်မူခဲ့လေသည်။ ယင်းကျမ်းသည် ရွှိုင်ဆိုက် ၁၉၁–မျက်နှာ ရှိလေသည်။

ကထာဝတ္ထုအဋ္ဌကထာနိဿျ

ဆရာတော် အရှင်ပညာသီလသည် မူလဋီကာ၊ အနုဋီကာ၊ ဂဏ္ဌိပုဒ်၊ မဓုဋီကာတို့ကို မှီငြမ်းပြု၍ ကထာဝတ္ထုအဋ္ဌကထာနိဿျကို ရေးသား စီရင်တော်မူခဲ့လေသည်။

ကျမ်းဦးဌိ –

ဗုဒ္ဓံ မုနိန္ဒံ နရဒေဝနာထံ၊ လောကေကစက္ခုံ ဝရဓမ္မဝါဒိံ။
နာနာပဝါဒေသု အဃာတဉာဏံ၊ ဝန္ဒာမိ သေဋ္ဌံ ပရဝါဒဘင်္ဂံ။

စသော ၁၀–ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းဂန္ဆာရမ္ဘဋ္ဌ ဘုရား၊ တရား၊ သံဃာတို့ကို ရှိခိုးပြီး အဋ္ဌကထာကျမ်းပြု အရှင်မဟာ ဗုဒ္ဓဃောသထေရ်နှင့် မူလဋီကာကျမ်းပြု အရှင်အာနန္ဒာမထေရ်မြတ် တို့ကို–

ဝန္ဒာမိ ထေရံ ဝရံ ဗုဒ္ဓဃောသံ၊ ဝိသုဒ္ဓသီလာဒိဂုဏောဃယုတ္တံ။
ယုတ္တံ ပယုတ္တပဋိဘာနကေန၊ အသံဟီရံ နေကပဝါဒဝါတေ။

ထေရဉ္စ အာနန္ဒသမညမဂ္ဂံ ၊ သုဂမ္ဘီရာ ယေန မတာဘိဝမိ။
သံဝဏ္ဏနာယဋ္ဌကထာဟိမိသာ၊သုသဒ်္ဓတာ မူလဋီကာ သုစိတ္တာ။

ဟူသော ဂါထာတို့ဖြင့် အသီးသီးရှိခိုး ဦးချထောမနာပြုတော်မူခဲ့လေသည်။

ကထာဝတ္ထုကျမ်းနိဿျအဆုံဌိလည်း –

ကထာဝတ္ထုပကရဏ – ဋ္ဌကထာယ သုဂမ္ဘီရာ။
နာနာဝါဒသမောကိဏ္ဏာ၊ ဝိစိတြနယမဂ္ဂိတာ။

ဆရာတော်အရှင်ပညာသီဟသည် ပညာရှင်အပေါင်းတို့.ကို ရွှင်လန်းအားရစေလျက် ခွတ်ယွင်းပျက်ကွက်သော ပါဠိကိုလည်း ပြင်ဆင်တော်မူ၍ ယမိုက်အဋ္ဌကထာနိဿျကျမ်းကြီးကိုလည်း ကြိုးပမ်းအားသစ် ရေးသားတော်မူခဲ့လေသည်။ ကျမ်းဦးဌိ –

ယမဿ ဝိသယာတီတံ၊ ယမကဿ သုဒေသကံ။
ဝန္ဒိတွာ သိရသာ ဗုဒ္ဓံ၊ ဓမ္မဉ္စဿ ဂဏံဝရံ။

ယမကတ္ထဝတ္ထုနာယ၊ ကရိဿာမျတ္ထယောဇနံ။
ပေါရာဏေဟိ ကတာ ကာမံ၊ အတ္ထေတိဿာတ္ထယောဇနာ။

စသော ၄-ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။

ယင်းအမိုက်အဋ္ဌကထာနိသျသည် ရှိုင်ဆိုက် ၁၂၄- မျက်နှာရှိလေသည်။

ပဋ္ဌာန်းအဋ္ဌကထာနိသျ

ပဋ္ဌာန်းအဋ္ဌကထာနိသျကိုလည်း ဆက်လက်၍ ရေးသားတော်မူခဲ့လေသည်။ သီးခြားဂန္ဆာရမ္ဘ စကားများ မပါရှိပါချေ။

ပဋ္ဌာနပကရဏဿ၊ သတ္ထမဿ မဟေသိနာ။
ဒေသိတဿ ဂမ္ဘီရဿ၊ ဒုက္ခော ဂါဟဿ သဗ္ဗသော။

စသော ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းပဋ္ဌာန်းအဋ္ဌကထာနိသျမှာ ရှိုင်ဆိုက် ၃၆၁-မျက်နှာ ရှိလေသည်။ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန် ၅-ကျမ်း အဋ္ဌကထာတို့၏ နိသျဖြစ်သောကြောင့် ပဋ္ဌမကြိုဏ် အဋ္ဌကထာနိသျ ဟုလည်း တပေါင်းတည်းခေါ်ကြသည်။ ပဋ္ဌမကြိုဏ် အဋ္ဌကထာနိသျ နိဂုံးအဖြစ်ဖြင့်လည်း -

ဇော်ဇာဝတာစ-

နိဋ္ဌိတာယံ ဇိနစက္ကေ၊ စမ္ဘာလဋ္ဌယောဇနာ။
ပဋ္ဌပကရဏဿေဝ၊ ဋ္ဌကထာယ သုသခ််တာ။

စသော ၄-ဂါထာဖြင့် သာသနာသက္ကရာဇ် ၂၃၄၆-ခုနှစ်တွင် ပြီးကြောင်းစသည်တို့ကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

မူလဋီကာနိသျ ၆-တွဲ

ဆရာတော်အရှင်ပညာသီဟသာသနသည် မူလဋီကာနိသျ ကျမ်းများကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။

မူလဋီကာနိသျကျမ်းများမှာ ပဌမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ၊ ပဉ္စမတွဲ၊ ဆဋ္ဌတွဲအားဖြင့် ၆-တွဲရှိလေသည်။ ယင်း ၆-တွဲအနက် ဒွါရကထာအဆုံးအထိ ပဌမတွဲကို ''တိပိဋကာလင်္ကာရ ပဝရ

မဟာဓမ္မရာဇာဂုရု'' ဘွဲ့တံဆိပ်တော်ရ ဗားကရာဆရာတော်၏ ချနက်နိသျှ အဖြစ်ဖြင့် နွားပြင်း အရှင်မုနိန္ဒသာရ စီရင်တော်မူခဲ့လေသည်။

မူလဋီကာနိသျဒုတိယတွဲ

ဓမ္မသင်္ဂဏိအဋ္ဌကထာအဖွင့် ဓမ္မဒ္ဒေသဝါရကထာမှစ၍ မူလဋီကာ ဆုံးသည်တိုင်အောင် နိသျ ၅-တွဲကိုမူ ဆရာတော်အရှင် ပညာသီဟထေရ် ရေးသားတော်မူခဲ့လေသည်။ အဋ္ဌသာလိနီ မူလဋီကာနိသျ (ဒုတိယအုပ်) အဆုံး၌-

ရမ္မေ အမရပူရတ္ဝေ၊ ဥတ္တမေ ရာဇဋ္ဌာနိယေ။
ဖီတေ နာနာ ဇနာကိဏ္ဏေ၊ နဂရေ တဿ ပစ္ဆိမေ။

ကူကြိုးဝုယော[၁] -မဟာရာမော၊ သာသနဿဘိဇောတနော။
ယော တတ္ထ ဂိဠကာဝသထေ၊ မဟာမတ္တေန ကာရိတေ။

စသော ၈-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းမူလဋီကာနိသျ ဒုတိယတွဲမှာ ရွှေဆိုက်စာမျက်နှာ ၃၈၂-ရှိလေသည်။

မူလဋီကာနိသျတတိယတွဲ

မူလဋီကာနိသျ တတိယတွဲကိုလည်း ဆက်လက်ရေးသားတော်မူခဲ့လေသည်။ တတိယတွဲမှာ ဝိဘင်းမူလဋီကာအစမှစ၍ ပဋ္ဌိစ္စသမုပ္ပါဒ ဝိဘင်း သခါရပစ္စယာ ဝိညာဏပဒ ပြီးသည်အထိ ပါရှိလေသည်။

ကျမ်းဦး၌ -

အဋ္ဌာရသဟိ ဓမ္မေဟိ၊ ဥပေတံ လောကနာယကံ။
သမ္မဒ္ဒမဘိဝန္ဒိတွာ၊ ဓမ္မဒ္ဓသောရသံ ဂဏံ။
အာနန္ဒဒ္ဓ မဟာထေရံ၊ ယေန အယံ ဋီကာ ကတာ။
ဓမ္မပါလဒ္ဓ ဥတ္တမံ၊ ယေနသာတ္ထပကာသိနီ။
နာနာဂန္ထေသု ဆေကဒ္ဓ၊ ဂရုံ မေ ဂဏဝါစကံ။
ယံ နိဿာယ ဝသန္တောဟံ၊ ဗုဒ္ဓိပတ္တောမှိ သာသနေ။

၁။ ကူကြိုးစေတီနှင့် နီးသည်ဖြစ်၍ "ကူကြိုးတိုက်" မည်၏။
(မူလဋီကာ၊ ၂။ နိသျနိဂုံး။)

ဝိဘင်္ဂတ္ထဝဏ္ဏနာယ၊ သာ လီနတ္ထပကာသိနီ။
မူလဋီကာ သနာမေန၊ ဂမ္ဘီရတ္ထဝိနိစ္ဆယာ။
တသာတ္ထယောဇနံ သာဓုံ၊ ဝါစနာနယနိသိတံ။
ကရိသ်ံ ဓမ္မရာဇသ်၊ သဒ္ဓမ္မစိရဋ္ဌိတိယာ။
ယသ်ာစာယံ ဂမ္ဘီရတ္ထ-ဝိနိစ္ဆယာန နိသယော။
အတ္ထိတိ သုတပုဗ္ဗော မေ၊ ဇေတိသာ စတ္ထ ဒီပကော။
တသ်ာ စ တံ ကရိသာမိ၊ အတ္ထာယ ယုဝသောတူနံ။
ပုဗ္ဗာစရိယသီဟာနံ၊ နိသာယော ဝေါ ပဒေသကံ။

ဟူသော ရ-ဂါထာဖြင့် ရတနတ္ထယပဏာမ၊ ဂုရုပဏာမစသည်တို့ကို ပြုတော်မူ၍ ဂန္ဆာရမ္ဘကို အားထုတ်တော်မူခဲ့လေသည်။ ယင်းမူလ ဋီကာနိသျ တတိယတွဲမှာ ရှိုင်ဆိုက် ၃၈၃-မျက်နှာရှိလေသည်။

မူလဋီကာနိသျစတုတ္ထတွဲ

ဆက်လက်၍ မူလဋီကာနိသျကို ရေးသားတော်မူရာ ဝိဘင်းမူလ ဋီကာပြီးဆုံးသည်အထိ စတုတ္ထတွဲအဖြစ် သာသနာတော်၌ တည်ရှိခဲ့လေသည်။ ကျမ်း၏အဆုံး၌ -

သမ္မောဟဝိနောဒနိယာ၊ ဝိဘင်္ဂကထာယ တံ။
ဂမ္ဘီရာ ယာ ရတီကာတုံ၊ ဋီကာယ အတ္ထယောဇနံ။

စသော ၉-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်း ၉-ဂါထာအနက် -

ပညာသီဟာဘိဓာနေန၊ ထေရေန ရစိတော အယံ။
ဝိဘင်္ဂမူလဋီကာယ၊ နိသယော ဉာဏဝဍ္ဎနော။

ဟူသော ဂန္ဆကတ္တူပြု ဂါထာလည်း ပါဝင်ခဲ့လေသည်။ ယင်းမူလဋီကာနိသျ စတုတ္ထတွဲမှာ ရှိုင်ဆိုက် စာမျက်နှာ ၃၅၀-ရှိလေသည်။

မူလဋ္ဌီကာနိဿ ပဋ္ဌမတွဲ

ပဋ္ဌမကြိုက် မူလဋ္ဌီကာနိဿကိုလည်း ဆက်လက်ရေးသား တော်မူခဲ့လေသည်။ ယင်းနိဿသည် မူလဋ္ဌီကာနိဿ ပဋ္ဌမတွဲ၊ ဆဋ္ဌမတွဲ အဖြစ် ထင်ရှားလေသည်။

ကျမ်းဦးဌိ –

ဓာတုတ္တ ယာတိဂံ နာထံ၊ ဝန္ဒိတ္တာ မဟုဒေသကံ။
ဓာတုတ္တယာတိက္ကမနံ၊ ဓမ္မံ သံဃဉ္စနုတ္တရံ။
တတိယသာ ဘိဓမ္မသ၊ ဋီကာယ အတ္ထယောဇနံ။
ကရိဿံ မန္ဒဗုဒ္ဓိနံ၊ အတ္ထာယ အဘိယာစိတော။
သဒ္ဓမ္မဋ္ဌိတိကာမေဟိ၊ သိဿေဟိ ပုဗ္ဗကာ ဗဟူ။
ကိဉ္စာပိ နိဿယာ ယသ္မာ၊ ယာစိတောနုက္ကမေန တု။
သတ္တပကရဏဋ္ဌီကာယ၊ အာရဒ္ဓါ အတ္ထယောဇနာ။
တသ္မေတံ ဝိဝဇ္ဇေထွာ၊ ကရိဿံ တမ္မိ သာဓုကံ။

ဟူသော ၄-ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံးဌိလည်း ပဋ္ဌမတွဲတွင် ကထာဝတ္ထု၊ မူလဋ္ဌီကာပြီး ဆုံးလေသည်။

ကျမ်း၏အဆုံးဌိ –

ကထာဝတ္ထု ပကရဏဿ၊ လီနတ္ထပဒဝဏ္ဏနာ။
မူလဋ္ဌီကာယဂမ္ဘီရာ၊ နိပုဏာဉာဏဂေါစရာ။
တဒတ္ထံ ယာရဘိီ ကာတုံ၊ သာယံ နိဋ္ဌာနမဂတာ။
ယထာ အနုန္တရာယေန၊ တထာ သိဒ္ဓန္တု ပါဏိနံ။
မနောရထာ ဝိသုဒ္ဓါနော၊ ဘူပေါစ ဇိတဝေရိကော။
သမ္မာလေတု ဇိနစက္ကံ၊ ဩရသံစိဝ ဇန္တဝေါ။
ယမိဒံ ပကတံ ပုညံ၊ ယဉ္စညံ ပသုတံ ပုရေ။
သမ္မာသမ္ဗောဓိယာ မူလံ၊ ဘဝတံ တံ ယထိစ္ဆိတံ။

ဟူသော ၄-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းမူလဋ္ဌီကာနိဿ ပဋ္ဌမတွဲမှာ စာမျက်နှာ ၃၂၂-ရှိလေသည်။

မူလဋီကာနိဿဆဋ္ဌမတွဲ

မူလဋီကာနိဿ ဆဋ္ဌမတွဲတွင် မူလဋီကာနိဿ ပြီးဆုံးလေသည်။ ယင်းဆဋ္ဌမတွဲ၌ ယမိုက် မူလဋီကာနိဿ ပဌာန်းမူလဋီကာနိဿတို့ ပါဝင်လေသည်။ ယင်းမူလဋီကာနိဿများကို ရန်ကုန်မြို့ ကြည့်မြင်တိုင် လေးကျွန်းသီရိပုံနှိပ်တိုက်က ၁၂၇၂-ခုနှစ်တွင် ရိုက်နှိပ်ခဲ့ရာ သာသနာတော်၌ လွန်စွာကျေးဇူးများကုန်၏။

ပညာရှိကဝိသူမွန်

ဂူကြီးဆရာတော် အရှင်ပညာသီဟကား ပညာရှိကဝိသူမွန်ကြီးမှန်လှပေသတည်း။ သာမန် ဉာဏ်ရည်စွမ်းဖြင့် ဤနိဿကျမ်းများကို ရေးစီရင်ရန် မဖြစ်နိုင်ပါချေ။

ရာဇဂုရု၊ ရာဇဓိရာဇဂုရုဘွဲ့တံဆိပ်တော်နှစ်ထပ်

ဆရာတော်အရှင်ပညာသီဟသည် ဘိုးတော်မင်းတရား လက်ထက် လှူဒါန်းသည့် ''ပညာသီဟ မဟာဓမ္မရာဇဂုရု'' ပဌမဘွဲ့တံဆိပ်တော်နှင့် '' ပညာသီဟာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု'' ဒုတိယ ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ် ၂-ထပ် အလှူခံတော်မူခဲ့လေသည်။

လူထွက်ခြင်း

ကျမ်းဂန်တတ်၊ ရာဇာဂုရု၊ ရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ဂူကြီးဆရာတော် အရှင်ပညာသီဟသည် သက္ကရာဇ် ၁၁၆၃-ခုနှစ်၌ သာသနာ့ဘောင်၌ မမွေ့ပျော်ပိုက်သဖြင့် လူထွက်ခဲ့လေသည်။ ဘိုးတော်မင်းတရားက ''သီရိနန္ဒသက္ကြံ''ဘွဲ့ဖြင့် မဟာဒါန်ဝန် ခန့်တော်မူသည်။

ကွယ်လွန်ခြင်း

သက္ကရာဇ် ၁၁၆၆-ခုနှစ်၌ မုတ္တမမြို့ရုံထက်တွင် တလိုင်းယိုးဒယားတို့ လက်ချက်ဖြင့် ကွယ်လွန်ခဲ့လေသည်။

ပုဗ္ဗေ ဂူကြီးဆရာတော်တိ၊ ပစ္ဆာ နန္ဒသက္ကြံတိဝိ။
ကွတိ ဟိ ပသိဒ္ဓါ သန္တော၊ ပဝိဌော မစ္စုနော မုခံ။

“ကဿသာရဿဒ္ဓမ္မဓရ မဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ကဿဒ္ဓမဇ္ဇု (ပဌမမိုးထိဆရာတော်)

ဆရာတော်သည် ပင်းတလဲမြို့ စီရင်စု ခွေးမြောင်ရွာတိုက်ဝင် လှည်းကူးမြောက်ရွာ၌ ဖခင် ဦးအင်း၊ အမိရှင်ကြီးတို့မှ သက္ကရာဇ် ၁၁၂၃-ခုနှစ် ပြာသိုလဆုတ် ၁၅-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ကွယ်ဖြစ်လေသည်။

ပညာသင်၊ ရှင်ရဟန်းပြုခြင်း

ငယ်စဉ်က မန်လည်ရွာ၌ သီတင်းသုံးသော ဦးရိုး ရဟန်းတော် အရှင်အာစာရထံတွင် ပညာသင်ကြားတော်မူခဲ့လေသည်။ သက်တော် ၁၅-နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ စဉ့်ကူးမင်းလက်ထက် သက်တော် ၂၂-နှစ်တွင် “ဂုဏာမုနိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့ တံဆိပ်တော်ရ သာသနာပိုင် မန်လည်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုတော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ကဿဒ္ဓမဇ္ဇု ဖြစ်လေသည်။ ထိုစဉ်က မဲထီးဆရာတော်၊ မုံတောဆရာတော်၊ တောင်ငူဆရာတော်တို့သည် အရှင်ကဿဒ္ဓမဇ္ဇု၏ ကမ္မဝါဆရာများ ဖြစ်တော်မူကြကုန်၏။

မိုးထိတိုက်၌သီတင်းသုံးခြင်း

အမရပူရမြို့ မိုးထိတိုက်၌ သီတင်းသုံးတော်မူသည်။ ပဌမမိုးထိဆရာတော်ဟု ထင်ရှားလေသည်။ ဘကြီးတော်မင်းတရား လက်ထက်တွင် ပြည်ကြီးဝန် မောင်စံပျော် ကိုးကွယ်လေသည်။ သာယာဝတီမင်း လက်ထက် လက်ျာဝင်းမှူး စစ်တောင်းမြို့စားမင်းကြီးက ကိုးကွယ်လေသည်။

ရာဇဂုရုတံဆိပ်တော်ရရှိခြင်း၊ ပျံလွန်ခြင်း

ဆရာတော်သည် “ကဿသာရဿဒ္ဓမ္မဓဇမဟာဓမ္မ ရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ အမရပူရမြို့တော်၌ ထင်ရှားသည် သာသနာပြုဆရာတော်တစ်ပါး ဖြစ်တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၀၅–ခု သီတင်းကျွတ်လဆုတ် ၁၁–ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

ဣန္ဒမဥ္ဇူဝှယောထေရော၊ ဇိနစက္ကသုဇောတကော။
ဝိနီတော မစ္စုရာဇေန၊ သခီရာ စဥ္စလာ ဟိ ခေါ။



သာသနာပိုင်စလင်းဆရာတော်

ဆရာတော်သည် စကုမြို့အနီး ကန့်ကလာရွာ၌ အဖဦးညို အမိဒေါ်မိတို့မှ သက္ကရာဇ် ၁၁၂၅–ခုနှစ် တော်သလင်းလဆန်း (၈)ရက်ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည် ငယ်နာမည် မောင်ချစ်လောက်ဖြစ်လေသည်။

မောင်ချစ်လောက်တွင်ခြင်းအကြောင်း

မောင်ချစ်လောက်တွင်ခြင်းအကြောင်း ဤသို့တည်း မီးရှူးသန့်စင်ဖွားမြင်တော်မူပြီး၍ ဆန်ကောတွင် သိပ်ထားရာ ချက်ပေါ်၌ တိရစ္ဆာန်လောက်ကောင်များ တက်နေသည်ကိုအစွဲပြု၍ မှည့်ခေါ်ကြသည်။ နောက်တွင် မောင်ချစ်လောက်ဟု တွင်လေသည်။

ရှင် ရဟန်းပြုခြင်း

သက်တော် ၈–နှစ်သားအရွယ်တွင် ကြက်သွန်ခင်းဆရာတော် ဘုရားကြီး၏တပည့် အရှင်မေဓိယထံတွင် ပညာသင်ကြား တော်မူခဲ့လေသည်။ ၁၆–နှစ်သားအရွယ်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ရှင်ပညာ ဖြစ်လေသည်။ သာမဏေ၅–ဝါအရ သက်တော်စေ့သဖြင့် ၁၁၄၆–ခုနှစ်တွင် ဆရာရင်း အရှင်မေဓိယကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုတော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော် အရှင်ပညာသီဟဖြစ်လေသည်။

ပညာသင်ကြားတတ်မြောက်ခြင်း

ဥပဇ္ဈာယ်ဆရာတော် အရှင်မေဓိယနှင့် ပန်းလွှာကိုဏ်းအုပ်ဆရာတော် အရှင်ဂုဏာဝန္တထံ ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။ တပည့်တပန်း ရဟန်း သာမဏေတို့အား လည်း စာပေပို့ချတော်မူခဲ့လေသည်။ ရဟန်း ၈-ဝါအရတွင် စလင်းမြို့ သူကြီးသမက် ဦးပန်းညို၏ ကွန်းသုံးစဉ် ဘုံသုံးဆင့်ရှိ ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်း ကိုးကွယ်ခြင်းကို ခံတော်မူရလေသည်။

အမရပူရမြို့တော်ကြွ ဥဘတောဝိဘင်းပြန်ဆို

ရဟန်းသိက္ခာ ၉-ဝါအရတွင် အမရပူရမြို့တော်သို့ ကြွတော်မူ၍ သုဓမ္မာဇရပ်တွင် ဥဘတောဝိဘင်းကို ပြန်ဆိုတော် မူခဲ့လေသည်။ ယင်းသို့ ဥဘတောဝိဘင်းကို ပြန်ဆိုတော်မူနိုင်ခြင်းကြောင့် မောင်းထောင်သာသနာပိုင် ဆရာတော် အရှင်ဉာဏာဘိဝံသ၏ နိဿယည်း တိုက်အုပ်ဆရာတော် စာချုန် ပေးအပ်ခြင်းကို ခံတော်မူရလေသည်။

ကျောင်းတိုက်များအလှူခံသီတင်းသုံးခြင်း

၎င်းနောက် စလင်းမြို့ သူကြီးသား ဦးချင်းလှူဒါန်းသည့် ကွန်းသုံးစဉ် ဘုံလေးဆင့်ရှိ ကျောင်းကြီးကိုလည်းကောင်း၊ ဝင်းမနားရွာ သူကြီးအမိ ဒေါ်သွယ်လှူဒါန်းသည့် ကွန်းသုံးစဉ် ဘုံလေးဆင့်ရှိ ကျောင်းကြီးကို လည်းကောင်း၊ ဆင်ဖြူကျွန်းမြို့နေ လှေဦးစီးဦးဝ လှူဒါန်းသည့် ကျောင်းကြီးကို လည်းကောင်း အလှူခံတော်မူ၍ လှည့်လည် သီတင်းသုံးတော်မူခဲ့လေသည်။

ဘိုးတော်မင်းတရား ရဟန်းဒါယကာခံထပ်မံချီးမြှောက်

သက္ကရာဇ် ၁၁၈၈-ခုနှစ်တွင် ဘိုးတော်မင်းတရားက အမရပူရမြို့တော်သို့ပင်၍ ဒါယကာခံယူကာ ရဟန်းအဖြစ်ထပ်မံ၍ ချီးမြှောက်တော်မူခဲ့လေသည်။

အသောကာရာမတိုက်အလှူခံသာသနာပိုင်ဖြစ်

ဘကြီးတော်မင်းရားလက်ထက် ဘိုးတော်မင်းတရား ကောင်းမှုတော် အသောကာရာမတိုက် ရတနာဘုံကျော် ကျောင်းကြီးကို လှူဒါန်းသဖြင့် အလှူခံတော်မူရလေသည်။ သက္ကရာဇ် ၁၁၈၂-ခုနှစ် တန်ခူးလဆန်း ၁-ရက် စနေနေ့ နံနက်တွင် သုဓမ္မာစရိပ်၌ မင်းညီမင်းသား သူဌေးသူကြွယ် ပရိသတ် အစုံအညီရှေ့တွင် ဘကြီးတော်မင်းတရား၏ ''မုနိန္ဒာဘိသီရိသဒ္ဓမ္မဇေ မဟာရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်၍ သာသနာပိုင်ခန့်အပ်ခြင်းကို ခံတော်မူရလေသည်။

အင်းဝမြို့ကျောင်းအလှူခံ၊ ဘွဲ့တံဆိပ်ထပ်မံအလှူခံ

နောက်တွင် အင်းဝမြို့အနောက်တောင်ယွန်း ရွှေစည်းခုံ ဘုရားအနီး တံတိုင်းမဟာရံ မုခ်လေးမျက်နှာနှင့်တကွ ဝါဆိုကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။ သက္ကရာဇ် ၁၁၉၀-ပြည့်နှစ် တပေါင်းလဆန်း ၁၃-ရက်နေ့တွင် ကျောင်းဦးပြာသာဒ် ဘုံခုနှစ်ဆင့်ရှိကျောင်းမ အမိုးစမြင့်ပါ ဘုံလေးဆင့် ဥကင်ရာဇပလ္လင်တည် ဝဲယာထီးဖြူစိုက် နာရဏီရွှေပိန်းချ၊ ဖလ်မှန်တို့ဖြင့် တင့်တယ်ဆန်းကြယ်သော စံကျောင်းတော်ကို ''မဟာအောင်မြေဘုံသာ'' ကမ္ဘည်းတပ်၍ ထီးဖြူအုပ်မိုးလျှက် မင်းတရားကိုယ်တိုင် ရေစက်ချ လှူဒါန်းခြင်းကို ခံတော်မူရလေသည်။ '' မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခြင်းလည်း ခံတော်မူရလေသည်။ ၁၁၉၇-ခုနှစ်တွင် အင်းဝမြို့တော်အတွင်း အနောက်တောင်ထောင့်ရှိ ဘိုးတော်မင်းတရား ကောင်းမှုတော် ဘုံကျော် ကျောင်းတော်ကြီးကိုလည်း အသစ်ပြင်ဆင်မွမ်းမံ တင်လှူခြင်းကို ခံတော်မူရပြန်လေသည်။

ရွှေဘိုမင်းတရားဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း

ရွှေဘိုမင်းတရားလက်ထက်တွင် သာသနာပိုင်အရာမှ ကျတော်မူသည်။ သို့ရာတွင် မင်းတရားသည် မနိမ့်ကျစေပဲ ကိုးကွယ်တော်မူသည်။ '' မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ သီရိသဒ္ဓမ္မပါလ မဟာဓမ္မ ရာဇာဓိရာဇဂုရု''

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းတော်မူသည်။ ရတနာဘုံကျော်ကျောင်းကြီးကိုလည်း လှူဒါန်းတော်မူသည်။ ကျောင်းတိုက်အတွင်း ဝါဆိုကျောင်း အသစ်ကိုလည်း ဆောက်လုပ် လှူဒါန်းတော်မူခဲ့လေသည်။

ကျမ်းဂန်များပြုစုတော်မူခြင်း

စလင်းသာသနာပိုင် ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များကို ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ အဘိဓမ္မာဝတာရအဋ္ဌကထာနိဿယ

၂။ ရာဇိန္ဒရာဇဝုညဒီပနီ စသည်တို့ဖြစ်ကုန်၏။

အဘိဓမ္မာဝတာရ အဋ္ဌကထာနိဿယ

ဖော်ပြပါ ကျမ်းများအနက် အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယ ကျမ်းကြီးမှာ ကျယ်ဝန်းပြောင်မြောက် ပြည့်စုံကောင်းမွန်သည့် ကျမ်းကြီးဖြစ်လေသည်။ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ၁၃၃၃–ခုနှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့ရာ စာမျက်နှာ ၆၈၄–ရှိလေသည်။

ဆရာတော်သည် ကျမ်းဦးဌိ –

(က) ဝိသုဒ္ဓကရဏာ ဉာဏံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။
ဓမ္မံ သဒ္ဓမ္မသမ္ဗျတ်၊ ဝန္ဒေ သံဃံ နိရင်္ဃံ။

(ခ) ဝန္ဒန္တေန မယာ ဇဝံ၊ ယာ လဒ္ဓါ ပုညသမ္ပဒါ။
ဟိတွာ တဿာနုဘာဝေန၊ အန္တရာယေ အသေသတော။

(ဂ) ထေရေန ဗုဒ္ဓဒတ္တေန၊ ရစိတံ ယံ မနောရမံ။
ပိဋကေ အဘိဓမ္မသ္မိံ၊ သြတာရပါယဘာဝတော။

(ဃ) အဘိဓမ္မာဝတာရောတိ၊ လဒ္ဓနာမေန ဝိသုတံ။
နာနာနိပုဏကမ္ဘီရ – နယံ ပကရဏုတ္တမံ။

(င) နိဿာယာ ဟံ သုဘန္တဿ၊ အာရဘိဿံ ယထာဗလံ။
ပါမောဇ္ဇဇနနတ္ထာယ၊ အာဘိဓမ္မိကဘိက္ခုနံ။

ဟူသော ၅–ဂါထာတို့ဖြင့် ရတနတ္တယပဏာမ၊ ပဋိညာဉ် တို့ကို ပြုတော်မူခဲ့လေသည်။

ကျမ်းစာပြီးချိန်

ယင်း အဘိဓမ္မဝတာရ အဋ္ဌကထာနိဿျသစ် ပြီးစီးချိန်မှာ အင်းဝမြို့ ဘကြီးတော်မင်းတရား ကောင်းမှုတော် စံကျောင်းတော်၌ သီတင်းသုံး တော်မူစဉ် သာသနာသံ့ကျရာဇ် ၂၃၇၀-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၈၈-ခု ဒုတိယဝါဆိုလဆုတ် ၁၀-ရက်နေ့တွင် ပြီးဆုံးခဲ့လေသည်။ ကျမ်းရေးချိန်မှာ ၅၅-ရက် ကြာညောင်းကြောင်း ဖော်ပြခဲ့လေသည်။

ကျမ်း၏အဆုံး၌ -

ဇတ္ထ စ နိဿယေ ကိဉ္စိ၊ ပဒတ္ထယောဇနာဒိတော။
အယုတ္တံ ဝါ ဝိရုဒ္ဓံ ဝါ၊ ယဒိ ဒိဿတိ တံ ပန။

စသော ၁၁-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ဖီတေ သဗ္ဗဂ်သမ္ပန္နေ၊ ရာဇာဓိရာဇမာပိတေ။
ဒဿနေယျေ မနောရမ္မေ၊ နာနာဇနသမာကုလေ။
နာနာရတနသမ္ပုဏ္ဏေ၊ သဗ္ဗကာမမုပါဂတေ။
နဂရေ ရတနာပူရေ၊ ဝိဟာရစေတျသောဘိတေ။
တေနေဝ ဓမ္မရာဇေန၊ သာသနုဇ္ဇောတ ကာရိနာ။
ကာရိတေ ဝိဝိဓာကာရ-စာရုပါသာဒလင်္ကတေ။
ရွှေစည်းခုံ ဝန္ဒမာရ်အောင်ရ-တနာဒီ ပဘာသိတေ။
ပုညကမ္မီနမာဝါသေ၊ စံကျောင်းတိ အာလယေ သုဘေ။
သဒါ မယာ ဝသန္တေန၊ ယာစိတေန သုသာဒရံ။
သီလာဒိဂုဏသောဘေဟိ၊ ကတောယံ သာဓုနိဿယော။

ဟူသော ၄-ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

စုတိကမ္မဇရုပ်ချုပ်တော်မူခြင်း

ဖော်ပြပါ ကျမ်းဂန်တတ်၊ ကျမ်းဂန်ပြု စလင်းသာသနာပိုင် ဆရာတော်ဘုရားကြီးသည် သက်တော် ၇၈၊ သိက္ခာတော် ၅၉-ဝါရရှိရာ ၁၂၀၂-ခုနှစ် တော်သလင်းလဆုတ် ၈-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

စလင်းသံဃအဂ္ဂညော ဟိ၊ သာသန ဇောတကော ဝိဒ္ဒါ။
သာသနဇောတေန္တောယေဝ၊ ဝိနိတော ယောရမစ္စုနာ။

သဒ္ဓမ္မဝံသာဘိ သီရိဓ မဟာဓမ္မရာဇဂုရှန့်
သူရိယဝံသာဘိ သီရိပဝရာလင်္ကာရ ဓမ္မဒေသနာပတိ
မဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ သာသနာပိုင် သဲအင်းဆရာတော်ဘုရားကြီး
အရှင်သူရိယာဘိဝံသ

သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသသည် အင်းဝသာသနာ့ဝန်ဆောင် အဖြစ်ဖြင့်လည်း ထင်ရှားသည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ ပခန်းကြီး သာသနာ့ဝန်ဆောင် အဖြစ်ဖြင့်လည်း ထင်ရှားခဲ့လေသည်။ သို့ဖြစ်၍ ပခုက္ကူသာသနာဝင်ကျမ်းဌာနင်း၊ မဟာဝိသုတာရာမ နိကာယသာသနာဝင်ကျမ်းဌာနင်း၊ ပခန်းကြီးသာသနာ့ ဝန်ဆောင် အဖြစ် ဖော်ပြခဲ့ပြီးဖြစ်လေသည်။ ဤအမရပူရ သာသနာဝင် ကျမ်းဌာလည်း ဖော်ပြန်ရန် အခွင့်အခါရောက်လာသဖြင့် အကျဉ်းမျှဖော် ပြဦးအံ့။

ဖွားမြင်တော်မူခြင်း

ပခန်းကြီးမြို့ (ပခုက္ကူခရိုင်) သဲအင်းရွာ၌ အဖဦးအောင်စံ၊ အမိဒေါ်ရှင်တို့မှ သက္ကရာဇ် ၁၁၂၅-ခုနှစ် နတ်တော်လဆန်း ၇-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

သာမဏေဝတ်ရဟန်းပြုခြင်း

သာသနာပိုင်လောင်းလျာ သတိုးသားသူငယ်သည် တဖြည်းဖြည်း ကြီးပြင်းလာရာ သာမဏေ အရွယ်ရောက်သောအခါ အင်းဝမြို့ဘုံကျော်တိုက် စရစ်ဆရာတော်၊ မိုးထိတိုက် ထန်းတပင် ဆရာတော်တို့ထံတွင် သာမဏေဝတ်တော်မူ၍ ပညာသင်ကြားဆည်းပူးခဲ့လေသည်။ ပဌမဗားကရာ ဆရာတော်ဘုရားကြီး ''တိပိဋကာလင်္ကာရ သီရိဓဇမဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ဓမ္မာဘိနန္ဒထံတွင် ဆက်လက်ပညာသင်ကြားခဲ့လေသည်။ သက်တော် ၂၅-နှစ်တွင် ရဟန်းပြု သာသနာ့ဝန်အားသွန်ကြိုးပမ်းထမ်းဆောင် တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်သူရိယဖြစ်လေသည်။ နောက်တွင် အရှင်သူရိယာဘိဝံသ ဟူ၍ ထင်ရှားလေသည်။

စာပေတတ်မြောက်ခြင်း

အရှင်သူရိယာဘိဝံသသည် ဉာဏ်ထက်သည့် ဝိရိယကောင်းသည့် ဆရာကောင်းတို့ကိုလည်း ဆည်းကပ်မိလိုက်ရကား ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့၌ ရွံ့ရှားခြင်းကင်း နှိုင်နင်းတတ်မြောက် ကျွမ်းကျင်တော်မူခဲ့လေသည်။

သဲအင်းဆရာတော်ဟု ကျော်စောခြင်း

သက္ကရာဇ် ၁၁၆၁–ခုနှစ်မှစ၍ မွေးရပ်မြေ သဲအင်းရွာ၌ စာသင်တိုက်တည်ထောင်ဖွင့်လှစ်တော်မူ၍ လာလာသမျှ စာသင်သားတို့အား နေ့ဝါညဝါ မရွေး ကျမ်းစာအမျိုးမျိုးတို့ကို ချပို့တော်မူခဲ့လေသည်။ ထိုအချိန်တွင် ဒုတိယဗားကရာ သာသနာပိုင် ဆရာတော်လောင်းလျာ အရှင်ပညာဇောတစသော ရဟန်းတော်များ သဲအင်းဆရာတော်ထံ လာရောက်တပည့်ခံယူပညာသင်ကြားကြကုန်၏။

သဲအင်းကျောင်းတိုက်၌စာပေပို့ချ

နောက်မကြာမီအတွင်း မြို့တော်မြောက်မျက်နှာ လောက သယမ္ဘူဘုရားအရှေ့ဖက် သဲအင်းကျောင်းတိုက် တည်ဆောက်၍ လှူဒါန်းခြင်းကို ခံတော်မူရလေသည်။ ဆရာတော်သည် ယင်းသဲအင်းကျောင်းတိုက် အတွင်း သာယာဝတီမင်းသား ဆောက်လုပ်လှူဒါန်းသည့် ကျောင်းတော်၌ သီတင်းသုံး တော်မူခဲ့လေသည်။

ဉာဏ်ထက်တပည့်ရဟန်းများ ပညာသင်ရောက်ရှိကြ

ယင်းသို့ အင်းဝမြို့ သဲအင်းကျောင်းတိုက်၌ နေညမစဲ စာပွဲသဘင် ချပို့ဆင်ယင်ချိန်တွင်

- ဒုတိယမောင်းထောင်သာသနာပိုင် လောင်းလျာ အရှင်ဥယျဝမ္ဗ''
- ''မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဝမ္ဗရာဇ ဓိရာဇဂုရု'' ခင်မကန်ဆရာတော်လောင်းလျာ၊ အရှင်မဏိဇောတ၊
- ''ပညာသာမိ ကဝိသာရဝဇ မဟာဝမ္ဗရာဇာ ဓိရာဇဂုရု''

ဘုံကျော်ဆရာတော်လောင်းလျှာ၊ အရှင်ပညာသာမိ၊
– မေဓာလင်္ကာရ ပရမဓဇ မဟာဓမ္မရာဇ ဂုရု'' စသောဘွဲ့တံဆိပ်တော်၂-ထပ်ရ ပြည်ဆရာတော်လောင်းလျှာ အရှင်မေဓိယဓဇ၊
– ''ဝိရိယာဘိဝံသ မဟာဓမ္မ ရာဇဓိရာဇဂုရု' ဘွဲ့ တံဆိပ်တော်ရ ထီးလင်းဆရာတော်လောင်းလျှာ၊ အရှင်ဝိမလဗုဒ္ဓိ၊
– ''အာစာရာရမ္ဘဓဇ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ စတုတ္ထမိုးထိဆရာတော်လောင်းလျှာ၊ အရှင်အာစာရ စသော ဉာဏ်ထက်တပည့်ရဟန်းတော်တို့ သဲအင်းဆရာတော် အရှင်သူရိယာဘိဝံသထံ ရောက်ရှိပညာ သင်ကြားကြကုန်၏။

သာသနာပိုင်ဖြစ်ခြင်း

သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် လောကမဏိစူဠာစေတီ ဒါယကာသာယာဝတီမင်းတရား အထွတ်အမြတ်သို့ရောက်သောအခါ ထိုသည့် ၁၁၉၉-ခုနှစ် နယုန်လဆန်း ၅-ရက်နေ့တွင် ဣန္ဒနန်းတော် အနောက်တောင်ထောင့် မာရ်အောင်ရတနာဘုရားအတွင်း သုဓမ္မာစရပ်၌ ဆရာတော်၊ သံဃာတော်၊ ဝန်ကြီး၊ ဝန်ထောက် မှူးမတ်ပရိသတ် အစုံအညီတွင် သာသနာပိုင်အပ်နှင်းခြင်းကို ခံတော်မူရလေသည်။

''သူရိယဝံသာဘိ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇဓိရာဇဂုရု''
ဘွဲ့တံဆိပ်တော်အလှူခံရခြင်း

ယင်းသည့် ၁၁၉၉-ခုနှစ် နယုန်လဆန်း ၁၃-ရက် ဗုဒ္ဓဟူးနေ့တွင် မင်းတရားသည် ပရိယတ်၊ ပဋိပတ်အရာ၌ သတ္တိဗျတ္တိနှင့် ပြည့်စုံသည့် ပိဋကတ်စာပေ စာကြည့် စာတည်းဆရာတော် ၁၂-ပါးနှင့်တကွ သဲအင်းဆရာတော်ဘုရားကြီးကို ဇေယျာပုရ စစ်ကိုင်းမြို့စံ နန်းတော်သို့ပင့်၍ ''သူရိယာဝံသာဘိ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို ကပ်လှူပူဇော်ခဲ့လေသည်။

အမရပူရသို့ပြောင်းရွှေ့သီတင်းသုံးခြင်း

ဆရာတော်သည် နောက်တွင် မင်းတရားလျှောက်ထားချက် အရ အမရပူရမြို့တော်သို့ ကြွရောက်တော်မူ၍ မြို့တော်အနောက်ဖက်ယွန်း အရှင်မိဖုရားခေါင်ကြီး ကုသိုလ်တော် မင်းအိုတိုက် အောင်မြေဘုံကျော် ကျောင်းကြီးကို တင်လှူသဖြင့် ယင်းအောင်မြေဘုံကျော် ကျောင်းကြီး၌ သီတင်းသုံးတော်မူခဲ့လေသည်။

ယင်းသို့ မင်းအိုတိုက်၌ သီတင်းသုံးတော်မူစဉ် ''သုဒဿန ဝရ ဓမ္မသာမိမဟာဓမ္မရာဇာဓိ ရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ စံကျောင်း ဆရာတော် လောင်းလျာ စံကျောင်းဆရာတော် အရှင်သုဒဿန စသော ဉာဏ်ထက် တပည့်တို့ ရောက်ရှိပညာသင်ကြားကြကုန်၏။

ကျမ်းဂန်ပြုစုတော်မူခြင်း

သဲအင်းဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ပဌာန်းသုံးချက်စု
၂။ ပဌာန်းပစ္စည်းပြိုင်
၃။ ပဌာန်းရာသီစု
၄။ ယမိုက်အရကောက်ကျမ်း
၅။ ပဌာန်းအရကောက်ကျမ်း
၆။ ဝီထိလက်ရိုးကျမ်း
၇။ ဥယ်ကောက်ကျမ်း စသည်တို့ ဖြစ်ကုန်၏။

ပျံလွန်တော်မူခြင်း

ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကို ချပို့မှု၌ ကျွမ်းကျင် ကျမ်းစာပြုမှု လုပ်ငန်းတို့၌ လိမ္မာတော်မူသော 'ရာဇဂုရု၊ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ် တော်ရ များစွာသောပညာရှိ ရဟန်းတော်ထို့၏ဆရာ သံဃာ ထွတ်ထိပ် သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီးသည် သက်တော် ၇၆နှစ် ဝါတော် ၅၁–ဝါရရှိရာ သက္ကရာဇ် ၁၂၀၁ ခုနှစ်၊ သီတင်းကျွတ် လဆုတ်

၁၃-ရက်ညဉ့် ၁-ချက်တီးကျော်အချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

သဲအင်း သံဃအဂ္ဂညော ဟိ၊ သံဃဇေဋ္ဌော မဟာယတိ။
ကဝိနံ သော ကိစ္စံကတွာ၊ မစ္စုရာဇဝသံ ဂမိ။

ကြီးကျယ်လှသော သာဓုကီဠနပွဲသဘင်

သဲအင်းဆရာတော်ဘုရားကြီးအလောင်းတော်ကို ယင်းသည့် သက္ကရာဇ် ၁၂၀၁-ခုနှစ် တပို့တွဲ လဆုတ် ၁-ရက်နေ့မှစ၍ ၇-ရက်နေ့အထိ ၇-ရက်တိုင်တိုင် ခမ်းနားစွာ ကျင်းပပူဇော်ကြကုန်၏။ ယင်းသဲအင်း သာသနာပိုင် သာဓုကီဠနပွဲသဘင်၌ ရထားပြာသာဒ်ဆူရေ ၁၈၅၊ ထမ်းပြာသာဒ်ဆူရေ ၄၉၃-တို့ ပါရှိလေသည်။ အမရပူရခေတ်တွင် အစည်ကားဆုံး ဘုန်းကြီးပျံအဖြစ် မှတ်သားသင့်ပေသည်။

ထေရဿ ဝိဂ္ဂဟဋ္ဌာ ပိ၊ မဟာတာ ပူဇယုံ တဒါ။
ဥဿဝေန အနေကေပိ၊ ရာဇာမစ္စာဒယော နရာ။

ဝိရိယာဘိဝံသ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ
ထီးလင်းဆရာတော် အရှင်ဝိမလဗုဒ္ဓိ

၁၁၉၉-ခုနှစ် ပဌမဝါဆိုလဆုတ် ၁၃-ရက်နေ့တွင် သာယာဝတီမင်းက သဲအင်းဆရာတော် ဘုရားကြီး အရှင်သူရိယာဘိဝံသအား သာသနာပိုင်အရာအပ်၍ "သူရိယဝံသာဘိ သိရိပဝရာလင်္ကာရ ဓမ္မဓေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော် လှူဒါန်းစဉ် ထီးလင်းဆရာတော် အရှင်ဝိမလဗုဒ္ဓိသည် "ဝိရိယာဘိဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

သက်တော် ၆၁- ဝါတော် ၄၁-နောက်တွင် ပျံလွန်တော်မူကြောင်း သိရလေသည်။

အမရပူရမြို့၌ "ဝိရိယဝရအရိယဝံသ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ထီးလင်း ဆရာတော်နှင့် "သိရိန္ဒာဘိဓောတဓမ္မာလင်္ကာရ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်သိရိန္ဒ ထီးလင်းဆရာတော်တို့ ပေါ်ထွန်းခဲ့ကြကုန်၏။

ထီးလင်း မဟာစရိယောတိ၊ ပသိဒ္ဓါ ထေရသေခရာ။
သာသနံ ဓောတယိတွာန၊ ဂတော ဒေဝမဟုဿဝံ။

"ပညာဘိဓဇ မဟာမွေရာဇဂုရု" မြင်းဝန်ဆရာတော်

ဆရာတော်သည် မန္တလေးမြို့တောင်ပြင် မဟာမြတ်မုနိ ဘုရား မြောက်ဖက်၊ ဘုရားဈေး အနောက်ဖက်၌ တည်ရှိသော မြင်းဝန်တိုက်ကြီး ကို တည်ထောင်တော်မူခဲ့သော မထေရ်မြတ်ဖြစ်လေသည်။

အလုံမြို့ကျေး မောင်းထောင်ရွာ၌ သက္ကရာဇ် ၁၁၂၅–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်မြတ်ညို ဖြစ်လေသည်။ ဆွေမျိုး တော်စပ်သူ မရွဲက ကောက်ယူမွေးစားခဲ့လေသည်။ ငယ်ရွယ်စဉ်က မိခင် ဆုံးဟန်တူလေသည်။ မြောက်မြို့ မုဆိုးဘိုသားဟု တွင်လေသည်။

ရှင် ရဟန်း ပညာသင်ခြင်း

အရွယ်ရောက်သော် ရှင်၊ ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင် တော်မူခဲ့လေသည်။ ရဟန်း ဘွဲ့တော်မှာ အရှင်ပညာဖြစ်လေသည်။ ကျမ်းဂန်တတ်ဆရာတော်များထံ ပညာသင်ကြားခွင့်ရခဲ့လေသည်။ အမရပူရမြို့ မြောက်မျက်နှာ မဟာမြတ်မုနိဘုရား မြောက်ဖက်၌ မြင်းစုကြီး ဝန် မဟာမင်းခေါင် ဆောက်လုပ်လှူဒါန်းသည့် ကျောင်းတိုက်၌ သီတင်း သုံးတော်မူခဲ့လေသည်။

ရာဇဂုရုဘွဲ့တံဆိပ်အလှူခံရရှိခြင်း ပျံလွန်ခြင်း

''ပညာဘိဓဇ မဟာမွေရာဇဂုရု'' ဘွဲ့တံဆိပ်ကို အလှူခံရရှိ တော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၁၂–ခုနှစ် နတ်တော်လဆုတ် ၂–ရက်နေ့တွင် သီတင်းသုံးနေကြ ကျောင်းပေါ်တွင် ပျံလွန်တော်မူခဲ့လေသည်။

ပညာဝှယော မဟာထေရော၊ မြင်းဝန်အာရာမမာပကော။
ဓုရေ သော ပူရယိတွာန၊ ပဝိဌော မစ္စုနော မုခံ။



“အာစိဏ္ဏာဘိစက္က သဒ္ဓမ္မကိတ္တိမဟာဓမ္မရာဇဂုရု”
အရှင်အာစိဏ္ဏ

အရှင်အာစိဏ္ဏသည်လည်း မြင်းဝန်ဆရာတော်ဟု ထင်ရှားသော ဆရာတော်တစ်ပါး ဖြစ်ခဲ့ဘူးလေသည်။ ယင်းဆရာတော်သည်လည်း အမရပူရမြို့စီးတော်မြင်းဝန်တိုက် (ကျောက်မြောင်းတိုက်)၌ သီတင်းသုံး၍ သာသနာပြုသည့် မထေရ်တပါး ဖြစ်ဟန်ရှိပေသည်။ သက္ကရာဇ် ၁၂၁၆-ခုနှစ်တွင် မင်းတုန်းမင်းတရား ဆက်ကပ်လှူဒါန်းသည့် “ အာစိဏ္ဏာဘိစက္က သဒ္ဓမ္မကိတ္တိမဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။

ဘဒ္ဒန္တအာစိဏ္ဏော ထေရော၊ အာစိဏ္ဏသီလိကော ဝိဒူ။
သာသနေ ကိစ္စံ ကတ္တာန၊ ယထာကမ္မံ ယာတော သုဓီ။



“ ပရမဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ”
မြသိန်းတန်ဆရာတော် အရှင်ပရမသီရိ

ဆရာတော်သည် အလုံမြို့ကျေး ကင်းစမ်းရွာ၌ သက္ကရာဇ် ၁၁၂၇-ခုနှစ်တွင် ဖွားမြင်တော် မူခဲ့လေသည်။ ငယ်မည် မောင်ဟန် ဖြစ် လေသည်။ အရွယ်ရောက်သော် ရှင်၊ ရဟန်းပြု၍ သာသနာ့ဝန်ထမ်း ဆောင်တော် မူခဲ့လေသည်။ ဘွဲ့တော် အရှင်ပရမသီရိဖြစ်လေသည်။ ကျမ်းဂန်တတ် ဆရာတော်များထံ ပညာသင်ကြားခဲ့လေသည်။ ရတနာပူရ စတုတ္ထမြို့တည် မင်းတရားလက်ထက် မြတောင်မြို့စား မင်းသမီးက ကိုးကွယ်သည်။ မြသိန်းတန်ကျောင်းတိုက်၌ ဓားမဦးချ သီတင်းသုံး၍ စာပေပို့ချ သာသနာပြုခဲ့လေသည်။ ထို့ကြောင့်ပင် ပဌမမြသိန်းတန် ဆရာတော်အဖြစ် ထင်ရှား

ခဲ့လေသည်။

ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း၊
ပုံလွန်တော်မူခြင်း

ဆရာတော်သည် ‘‘ ပရမဝံသာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု’’ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၀၁-ခုနှစ်တွင် အမရပူရမြို့တော် အနောက်ဖက်မျက်နှာ သရက်တောကျောင်းတိုက်အတွင်း၌ ပုံလွန်တော်မူခဲ့လေသည်။

ဘဒန္တပရမော ထေရော၊ ပရမောစက္ခ ဘာရဓော။
စက္ခံ သော ဇောတယိတွာန၊ ပတ္တော ဒေါ် မစ္စုနော ဝသံ။

"ဂုဏာမုနိန္ဒာဘိ သဒ္ဒမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု"
ဘွဲ့တံဆိပ်တော်ရ
အရှင်ဂုဏာမုနိန္ဒ (ဘုတ်ကန်ဆရာတော်)

ဆရာတော်သည် အမရပူရ မင်းများလက်ထက်တွင် ထင်ရှားသည့် သာသနာပြုဆရာတော် တစ်ပါးဖြစ်လေသည်။ ကောလင်းမြို့၌ အဖဦးတော၊ အမိ ဒေါ်ထွေး (ရှင်ထွေး)တို့မှ သက္ကရာဇ် ၁၁၂၈-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

ရှင်ရဟန်းပြုခြင်း

သက်တော် ၁၆-နှစ်သားအရွယ်တွင် ရှင်သာမဏေပြုခဲ့ လေသည်။ ရှင်သာမဏေဘွဲ့ ရှင်ကဝိ ဖြစ်လေသည်။ သက်တော်စေ့တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဘွဲ့မှာ အရှင်ဂုဏာမုနိန္ဒ ဖြစ်လေသည်။

အမရပူရမောင်းထောင်ဆရာတော်ထံတွင်ပညာသင်

အမရပူရမြို့ မောင်းထောင်သာသနာပိုင်ဆရာတော် ဘုရားကြီး အရှင်ဉာဏာဘိဝံသထံ ရောက်ရှိပညာသင်ကြားတော်မူခဲ့လေသည်။ ပညာတတ်မြောက်ပြီးနောက် မောင်းထောင်ဆရာတော်ထံတွင်ပင် နေထိုင်၍ စာပေချပို့တော်မူခဲ့လေသည်။

ဘုတ်ကန်ဆရာတော်တွင်ခြင်း

ဘိုးတော်မင်းတရားသည် မင်းကွန်းမှ အင်းဝမြို့သို့ ဝင်တော်မူသည်တွင် မြို့တော်အရှေ့မြောက် ဘုတ်ကန်ကြီးရွာ၌ သီတင်းသုံးတော်မူသဖြင့် ဘုတ်ကန် ဆရာတော်ဟုတွင်လေသည်။ ၎င်းပြင် ရတနာပူရ စတုတ္ထမြို့တည်မင်းတရားလက်ထက်တွင် အင်းဝမြို့ ခါးပန်းနီကျောင်းတိုက်၌လည်း သီတင်းသုံးတော်မူလေသည်။ သာယာဝတီမင်းလက်ထက်တွင် အမရပူရမြို့တော်အရှေ့တောင်ထောင့် ကျောက်မြောင်း တိုက်အတွင်း အသည်ဝန်ထောက်မင်း မဟာစည်သူဆောက်လုပ်သည့် လေးထပ်ကျောင်းဘော်တွင် သီတင်းသုံးတော်မူခဲ့လေသည်။

ရာဇာဓိရာဇဂုဏအလှူခံခြင်း ပျံလွန်ခြင်း

ဆရာတော်သည် " ဂုဏမုနိန္ဒာဘိ သဒ္ဓမ္မ မဟာဓမ္မရာ ဇာဓိရာဇ ဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရလေသည်။ သက်တော် ၈၄-နှစ်၊ ဝါတော် ၆၄-နှစ်ဝါအရ သက္ကရာဇ် ၁၂၁၂-ခုနှစ် ပဌမဝါဆို လဆုတ် ၁၃-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

ဂုဏမုနိန္ဒထေရော ဟိ၊ မုနိန္ဒဝရသာသနေ။
ဝရံ ဝရံ သကတွာန ၊ ဂုဏသေသတ္တမဂမီ။

"ဂမ္ဘီရဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်ဂုဏာဘိဇေရ်

အမရပူရသာသနာရောင်ကို ထွန်းပြောင်စေသော မဟာထေရ်တို့တွင် အရှင်ဂုဏာဘိထေရ်လည်း ပါဝင်ခဲ့လေသည်။ အရှင်ဂုဏာဘိထေရ်သည် ပင်းတလဲမြို့ စီရင်စု အုတ်ဖိုကန်ရွာ၌ အဖဦးခဲ၊ အမိဒေါ်လှထွန်း (ရှင်လှထွန်း)တို့မှ သက္ကရာဇ် ၁၁၂၈-ခု နယုန်လဆန်း ၅-ရက်နေ့တွင် ဖွားမြင်တော် မူခဲ့လေသည်။ ငယ်မည် မောင်ကျော်လှဖြစ်လေသည်။

ရှင်၊ ရဟန်းပြု၊ ပညာသင်

အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ဂုဏာဖြစ်လေသည်။ ၁၁၄၉-ခုနှစ် ပြာသိုလဆုတ် ၆-ရက်နေ့တွင် ရွှေပြို၊ တော် ထန်းသုံးခွရပ် နဒီသိမ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေ ည်။ ရဟန်းဘွဲ့ အရှင် ဏာဘိ

ဖြစ်လေသည်။ အမရပူရမြို့ မင်းရွာဆရာတော်ထံတွင် ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ ရတနာပူရ စတုတ္တမြို့တည် မင်းတရား လက်ထက်တွင် မြို့တော်အရှေ့မြောက်ထောင့် မဟာအောင်မြေဘုံစံကျောင်း ၌ သီတင်းသုံးတော် မူခဲ့လေသည်။ ၎င်းနောက် ကျီဝန် မောင်ပါရောက် ဆောက်လုပ်လှူဒါန်းသည့် မုံရွာကျောင်းတိုက်အတွင်း အုတ်ကျောင်း ၌သီတင်းသုံးတော်မူခဲ့လေသည်။

ဂမ္ဘီရဓဇမဟာမေဃရာဇဂုရုရှိခြင်း၊ ပျံလွန်ခြင်း

ဆရာတော်သည် " ဂမ္ဘီရဓဇမဟာမေဃရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော် မူခဲ့လေသည်။ မင်းရွာသာသနာပိုင်မှ ဆင်းသက်လာသော တပည့်မြတ်ပုဂ္ဂိုလ်တပါးဖြစ်၏။

ဂုဏာဘိထေရသေဌောဟိ၊ ဂုဏေဟိ သံယုတော သုမီ။
ဂုဏတ္တံ သဂာဟေတွာန၊ တံ မစ္စုရာဇာဘိမဒ္ဒယိ။



"သီရိပရမဝံသာဘိဓဇ မဟာမေဃရာဇာဓိရာဇဂုရု"
ဘွဲ့တံဆိပ်တော်ရ
ဆရာတော်အရှင် သီလာစာရ (သက်ကယ်ကျင်းဆရာတော်)

ဆရာတော်သည် စရစ်ရွာ အဖ ဦးရွှေလုံး၊ အမိဒေါ်ရွှေလုံး (ရှင်လုံး) တို့မှ သက္ကရာဇ် ၁၁၃၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ရွှေပုဖြစ်လေသည်။

ရှင်၊ ရဟန်းပြု၊ ပညာသင်

သက်တော် ၁၆-နှစ်အရွယ်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့အမည် ရှင်သီလဖြစ်လေ သည်။ သက်တော်စေ့တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူလေသည်။

ရဟန်းဘွဲ့ အရှင်သီလာစာရဖြစ်လေသည်။ ရတနာပူရ စတုတ္ထမြို့တည် မင်းတရားလက်ထက် သမီးတော် စစ်ကိုင်းစား၏ ကိုးကွယ်ခြင်းကို ခံယူတော်မူလေသည်။ အင်းဝမြို့ အရှေ့တောင် တာဝတီသာ ကျောင်း တိုက်အတွင်း ဆောက်လုပ်တင်လှူအပ်သော လယ်ပေါ်ကျောင်း၌ သီတင်းသုံး တော်မူခဲ့လေသည်။

အမရပူရ ကတိုးတိုက်၌ သီတင်းသုံးတော်မူခြင်း

နောက်တွင် အမရပူရမြို့သို့ ကြွတော်မူ၍ မြောက်ပြင် (ယခုမန္တလေး တောင်ပြင်)ကတိုးတိုက်အတွင်း ဝါဆိုကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေချပို့၍ သာသနာပြုတော်မူခဲ့လေသည်။

ကျမ်းဂန်ပြုစုခြင်း၊ ရာဇာဓိရာဇဂုရုအလှူခံရခြင်း၊ ပျံလွန်ခြင်း

ဆရာတော်သည် ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနိသျ

၂။ သဒ္ဒါရှစ်စောင်နိသျ

စသည်တို့ဖြစ်ကုန်၏။

" သီရိပရမဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံ ရရှိတော်မူခဲ့လေသည်။ ၁၂၀၀–ပြည့်နှစ်တွင် ပျံလွန်တော်မူခဲ့ လေသည်။

သီလာစာရော မဟာထေရော၊ သီလာစာရေ သဒါ ရတော။
သာသနေ သော စရိတွာန၊ အန္တကဿ ဝသံ ဂတော။

"ကလျာဏဝံသာဘိဓေမဟာမဏိရာဇဂုရု"
ဘွဲ့တံဆိပ်တော်ရ
အရှင်ကလျာဏဝံသ (ပဌမကျောင်းတော်ကြီးဆရာတော်)

ဆရာတော်သည် ပင်းပြို့ မဲထီးရွာ၌ သက္ကရာဇ် ၁၁၃၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော် တနလ်ံသားဖြစ်လေသည်။ ငယ်မည် မောင်ဝက်ဖြစ်လေသည်။

ရှင်ရဟန်းပြုခြင်း

သက်တော် ၈-နှစ်သားခန့်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ကလျာဏဖြစ်လေသည်။ သာမဏေဝါ ၁၂-ဝါရရှိခဲ့လေသည်။ အရွယ်ရောက်သော် ရဟန်းပြုတော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ကလျာဏဝံသဖြစ်လေသည်။

ရတနာပူရအင်းဝပြို့တော် အနောက်တောင်ထောင့် မဟာအောင်မြေဘုံစံကျောင်းတိုက် စလင်းသာသနာပိုင် ဆရာတော်ထံ၌ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ စလင်းသာသနာပိုင် ဆရာတော် အမရပူရမြို့ အသောကာရာမတိုက်၌ သီတင်းသုံးတော်မူသော အခါ သာသနာပိုင်စလင်း ဆရာတော်နှင့်အတူ ကြွရောက်တော်မူ၍ ရတနာဘုံကျော် ကျောင်းကြီးတွင် သီတင်းသုံးတော်မူလျက် ဆက်လက် ပညာသင်ကြားတော်မူခဲ့လေသည်။ နောက်တွင် မဟာရံတံတိုင်းအတွင်း အနောက်တောင်ထောင့် သုံးထပ်ကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူခဲ့လေသည်။

အခြားကျောင်းတိုက်များ၌သီတင်းသုံးခြင်း

ဆရာတော်သည် အင်းဝပြို့ သူကြွယ်မောင်ရွှန်း ဆောက်လုပ် လှူဒါန်းသည့်ကျောင်း၊ ကောင်ဟန်ဝန် မောင်ဖါ ဆောက်လုပ် လှူဒါန်းသည့် ကျောင်း၊ အမရပူရမြို့ မဟာဝိဇယာရာမတိုက်တို့၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

"ကလျာဏဝံသာဘိဓေ မဟာမွေရာဇဂုရု"
ရရှိခြင်း ပျံလွန်ခြင်း

သက္ကရာဇ် ၁၂၁၀-ခုနှစ်တွင် ပုဂံမင်းတရား ဆက်ကပ် လှူဒါန်းသည့် " ကလျာဏဝံသာ ဘိဓေ မဟာမွေရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ သက်တော် ၈၂-နှစ်အရောက် ဝါတော် ၆၀-ရရှိရာ ၁၂၁၂-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

ကလျာဏော မဟာထေရော၊ ကလျာဏေသု ရတော သုဓီ။
ကလျာဏံ သော ကရိတွာန၊ ကလျာဏဘုဝနံ ဂတော။



"မုနိန္ဒပရမဓေ မဟာမွေရာဇဂုရု"
ဘွဲ့တံဆိပ်တော်ရ အရှင်မုနိန္ဒသာရ

ဆရာတော်သည် ဗဒုံမြို့ကျေး (ယခုမုံရွာခရိုင် ဗုတလင်မြို့နယ်) ညောင်ကန်ရွာ၌ သက္ကရာဇ် ၁၁၃၁-ခုနှစ်တွင် ဖွားမြင်တော် မူခဲ့လေသည်။ ငယ်မည် မောင်သာပုံဖြစ်လေသည်။

ရှင် ရဟန်းပြုခြင်း ပညာသင်ကြားခြင်း

အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်မုနိန္ဒဖြစ်၍ ရဟန်းဘွဲ့မှာ အရှင်မုနိန္ဒသာရ ဖြစ်လေသည်။ ငယ်စဉ်ကမှစ၍ ကျမ်းဂန် အရပ်ရပ်တို့ကို သင်ကြားတတ်မြောက်တော်မူလေသည်။

စာပေချပို့ခြင်း

ညောင်ကန်ရွာ၌ ကြာမြင့်စွာသီတင်းသုံး၍ တပည့်တပန်း ရဟန်း သာမဏေတို့အား စာပေပို့ချ သာသနာပြုတော်မူခဲ့လေသည်။ ဆရာတော် အရှင်မုနိန္ဒသည် ညောင်ကန်ဆရာတော် ဦးဗုဒ္ဓ၏ ဒုတိယ ဆရာဖြစ်သည်ဟု သိရလေသည်။ ဆရာတော်ဦးဗုဒ္ဓသည် ဆရာတော် အရှင်မုနိန္ဒသာရထံတွင် ရဟန်းပြုသတတ်၊ ရဟန်းခံစဉ် အရှင်မုနိန္ဒသာရ အနုသာသကဆရာအဖြစ် ဆောင်ရွက်ခဲ့သည်ဟု ကြားဘူး၏။

နက်နဲသောဉာဏ်နှင့်ပြည့်စုံခဲ့

ဆရာတော်သည် ပါဠိအဋ္ဌကထာဋီကာ အနုမဓုဖောက်ခွဲ နက်နဲသော ဉာဏ်ပညာနှင့်လည်း ပြည့်စုံတော်မူလေသည်။ ဆန်း, အလင်္ကာ၊ သဒ္ဒါ၊ လက်သန်းနည်း ဆန်းမကြွင်း ချင်းနင်းဖောက်ခွဲ လွန်စွာနက်နဲသော ဉာဏ်ပညာနှင့် ပြည့်စုံလေသည်။

အမရပူရညောင်ကန်တိုက်၌သီတင်းသုံးခြင်း

အရှင်မုနိန္ဒသာရသည် နောက်တွင် အမရပူရမြို့တော်သို့ ကြွရောက်၍ ညောင်ကန်တိုက် အမိုးဘုံလေးဆင့်ရှိ မဂ်လာဘုံကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေပို့ချ ကျမ်းစာကိုပြု၍ ဂန္ထဓုရဝန်ကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့လေသည်။

ကျမ်းဂန်ပြုစုအားထုတ်မှု

ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ကစ္စာယန ဘေဒနီသျ

၂။ သခ္ခ်ာပကာသကနီသျ

၃။ ဝိနယသာရဂဏ္ဌိကျမ်း စသည်တို့ဖြစ်ကုန်၏။

ဝိနယသာရဂဏ္ဌိကျမ်း

ဖော်ပြပါ ကျမ်းများအနက် ဝိနယသာရဂဏ္ဌိကျမ်းကြီးမှာ ကျယ်သော ကျမ်းဂန်ကြီးဖြစ်လေသည်။ ဝိနည်း၅-ကျမ်း ဂဏ္ဌိကြီးဖြစ်လေသည်။ ခရစ်နှစ် ၁၉၃၃-ခုနှစ်က ရန်ကုန်မြို့ သုဓမ္မဝတီ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ရာ ရွှေဆိုက်စာမျက်နှာ ၄၇၆-ရှိလေသည်။ ကျမ်းဦး၌-

(၁) မဟာဒယံ မဟာပညံ၊ မဟာတေဇံ မဟာဝိရံ။
ဂုဏာလယံ သတာပုညံ၊ ဓမ္မရာဇံ နမေ ဗိရံ။

(၂) ပရံ ဝရံ စရံ ဓမ္မံ၊ နမေ သုခဿ ဒါယကံ။
ဒိဋ္ဌံ ဝိတ္တံ နယံ ရမ္မံ၊ စိတ္တေမောဟဿ ဓံသကံ။

(၃) ဝိဝိဓေဟေဝ သိလေဟိ၊ သမ္ပန္နော ယော ဂဏောဝိဓိ။
ဝိဝိဓေဟနိ စက္ကာရေ၊ နမာဟံ သိရသာ ဝိဓိ။

(၄) ဝန္ဒနာမယ မိစ္ဆေဝံ၊ ပုညံ ယံ ရတနတ္တယေ။
အန္တရာယေ အသေသေန၊ ဟန္ဒာ တဿာနုဘာဝတော။

(၅) မဟာပညော မဟာပုညော၊ မဟာယသော မဟာဝိရော။
မဟာယောသော မဟာဓိရော၊ မဟာထေရော မဟာသယော။

(၆) ရစိတာ ဗုဒ္ဓယောသော ယော၊ တေန သဒ္ဓမ္မဋ္ဌိတိယာ။
ပါသာဒိကာ မနောရမ္မာ၊ ဝိနယသတ္ထဝဏ္ဏနာ။

(၇) တဿာ ဂမ္ဘီရညာဏေန၊ သြဂါဟေတဗ္ဗဘာဝတော။
ကိဉ္စာပိ ဒုက္ကရံ ကာတုံ၊ ဂဏ္ဌိဋ္ဌာနဝိနိစ္ဆယံ။

(၈) သဟ သံဝဏ္ဏနံ ယသ္မာ၊ တိဋ္ဌတေ သတ္ထုသာသနံ။
တသ္မာ သြဂယုတံ သဗ္ဗံ၊ ကရိဿမတ္ထနိစ္ဆိတံ။

ဟူသော ၈-ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

၎င်းပြင် ကျမ်းအမည်ကိုလည်း-

ကိန္နာမိဒံ ပကရဏံ၊ ဇာနေယျ နယကောဝိဒေါ။
ဝုစ္စမာနံ ဣမံ ဟုတွာ၊ ကတမံ ပန ကံ ဓိရ။
ကော အဋ္ဌမုပသဂ္ဂေါ စ၊ ဒန္တဇေ ပဠမော ကော စ။
အာဒိမော တော အဝဂ္ဂေသု၊ ကေကွရော သုကတ္ထော ကော။
ကော နာမော မုဒ္ဓဇေ ဆဋ္ဌော၊ ဣံ ပဠုံ ယထာဣံ။
ဝိစက္ခဏော ဝိဒိတွာန၊ ဒီပေယျ တာသ တံ နာမံ။

ဟူသော လျှို့ဝှက်စွာ ဖော်ပြတော်မူခဲ့လေသည်။

အမရပူရမြို့ဘွဲ့

ဆရာတော်အရှင်မုနိန္ဒာသာရသည် အမရပူရမြို့တော်၏ ထူးမြတ်သော ဂုဏ်နှင့် ပြည့်စုံကြောင်း အလုံးစုံသော မြို့အင်္ဂါနှင့် ကုံလုံကြောင်း ဆန်ကျင်ဖက်လိုလား ရန်သူများတို့ အောင်နိုင်ရန်ခက်ခဲကြောင်း၊ တိုင်းပြည်ရွာ အသီးသီးတို့မှ အခွန်ဆက်သရာဖြစ်ကြောင်း၊ နတ်ပြည်တမျှ လှုပတင့်တယ် သာယာကြောင်း၊ အလုံးစုံသော ဝတ္ထုကာမတို့နှင့် လောက်ငကြောင်း လူမျိုးပေါင်းစုံ ရောပြွမ်းထွေးယှက်ကြောင်းတို့ကို ဖော်ပြ၍

မရမ္မဒေသေ မာပိတံ၊ နဂရံ အမရမ္ပုရံ။
သေဋ္ဌံ သဗ္ဗင်္ဂသမ္ပန္နံ၊ ပစ္စတ္ထိကေဟိ ဒုဇ္ဇယံ။
နာနာရဋ္ဌပဝိဋ္ဌာယံ၊ ဒေဝပုရံဝ သောဘိတံ။
သဗ္ဗကာမေဟိ သမိဒ္ဓံ၊ နာနာကုလသမာကုလံ။

ဟူသော ၂-ဂါထာဖြင့် ဝိနယသာရဂဏ္ဌိနိဂုံး၌ အတိဝုတ္တဒေါသကို ကျော်ခိုင်း၍ အမရပူရမြို့ကို စာဖွဲ့တော်မူခဲ့လေသည်။

ကိုယ်ရည်သွေးခဲ့

၎င်းပြင် ယင်းဝိနယဂဏ္ဌိနိဂုံး၌ပင် "အတိဂမ္ဘီရညာဏောနာ၊ပါဠို အဋ္ဌကထာဋီကာအနု မဓုဖောက်ခွဲ အလွန်နက်နဲသော ဉာဏ်ရှိထသော။ ဝါ၊ ဆန်း, အလင်္ကာ, သဒ္ဒါ, လက်သန်း နည်းဆန်းမကြွင်း ချင်းနင်းဖောက်ခွဲ အလွန်နက်နဲသော ဉာဏ်ရှိထသော။ နာထေန၊ ကိုးကွယ်ရာဖြစ်သော။

ဝါ၊ အစီးအပွားကို ဆောင်တတ်သော။ ဝါဒီဝရေန၊ မိစ္ဆာမကပ် မြတ်သော အယူရှိထသော။ မုနိန္ဒသာရသည်နာ၊ မုနိန္ဒသာရ အမည်ရှိသော။ ထေရေန ၊ထေရ်သည်'' ဟူ၍ ကိုယ်ရည်သွေးတော်မူခဲ့လေသည်။

ဤကျမ်းကြီးမှာ သာသနာသက္ကရာဇ် ၂၃၄၆-ခုနှစ် တော်သလင်း လဆန်း ၅-ရက်နေ့တွင် ပြီးဆုံးကြောင်းလည်း ဖော်ပြတော် မူခဲ့လေသည်။ ၎င်းပြင် -

ကျမိနာ ဂန္ဆကာရေန၊ အညေန ကုသလေန စ။
ကျတော စုတောဟံ ဒုတိယေ၊ အတ္တဘာဝမှိ အာဂတော။
ဒိဝေ ဓုဝံ ဘဝိဿာမိ၊ အညေ ဒေဝေ ရူပါဒီဟိ။
ဒသဌာနေဟာဘိဘူတော၊ တဒညေစိ စ ဌာနေဟိ။
တေနေဝ အတ္တဘာဝေန၊ ယာဝါဟံ ဗုဒ္ဓုပ္ပါဒတော။
တိဋ္ဌန္တော ဗုဒ္ဓုပ္ပါဒမှိ၊ ဘဝိဿာမိ မနုဿကေ။
ဥစ္စေကုလေ မဟာဘောဂေ၊ မဟာယသေ သုဒိဋ္ဌကေ။
သဗ္ဗကာမေဟိ သမိဒ္ဓေ၊ ရတနတ္တယ မာမကေ။
ဇိနသာရိမိတ္တောယျဿ၊ ပဗ္ဗဇိတ္တွာန သာသနေ။
သမ္ဘိဒါဟာသဂမ္ဘီရ- ဉာဏာဒီဟိ ဥပါဂတော။
မဟိဒ္ဓိကော မဟာလာဘော၊ သုပါကဋ္ဌော ဗဟုဿုတော။
မဟာယသော သုဒ္ဓယသော၊ ခိပ္ပံ ဟောမိ အနာသဝေါ။

ဟူသော ၆-ဂါထာဖြင့် မိမိလိုအပ်ချက်တို့ကို ပြည့်စုံစွာ တောင့်တတော်မူခဲ့လေသည်။

ပျံလွန်တော်မူခြင်း

ယင်းသို့ ကျမ်းဂန်ကိုရေး စာပေကိုချ ထူးမြတ်သည့် သာသနာ့ဝန်ဆောင် အရှင်မုနိန္ဒသာရသည် မိမိကိစ္စကိုထားခဲ့ကာ ပျံလွန်တော်မူခဲ့လေသည်။

ဘဒန္တမုနိန္ဒသာရော၊ သာရော သာရဿ သာသနေ။
သာရသာရံ ကရိတ္ဝာန၊ သာရကိစ္စံ ကရီ သုဓီ။

ဒုတိယမင်းရွာဆရာတော် အရှင်သီရိမာလာ

အရှင်သီရိမာလာသည် ထူးခြားသည့် သာသနာ့ဝန်ဆောင် ဆရာတော်တစ်ပါး ဖြစ်တော်မူသည်။

မတ္တရာမြို့၌ သက္ကရာဇ် ၁၁၃၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့ လေသည်။ သက်တော် ၁၃-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်သီရိ ဖြစ်လေသည်။ သက်တော်စေ့တွင် ရဟန်းပြုတော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်သီရိမာလာ ဖြစ်လေသည်။

မင်းရွာဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်လေသည်။ စာပေ လွန်စွာ တတ်မြောက်သည်ဟု အဆိုရှိသည်။ ဝိနည်းလည်း လေးစား သည်ဟုသိရ၏။ မင်းရွာကျောင်းတိုက်အတွင်း အရှေ့တောင်တောင့် သုံးထပ်ကျောင်း၌ သီတင်းသုံးတော်မူသည်။

တောရဆောက်တည် စဉ့်ကူး၌သီတင်းသုံး

အမရပူရ မီးသင့်သောအခါ ဒကာတို့က ကျောင်းဆောက်ရန် လျှောက်သော်လည်း လက်ခံတော်မမူပဲ တောသို့ကြွ၍ တောရဆောက် တည် သီတင်းသုံးတော်မူခဲ့လေသည်။ တဖန် တပည့်ဒကာတို့ ပင့်ဆောင်၍ စဉ့်ကူးမြို့ ခဲကြီးရပ်တွင် တိုက်တာတည် ကျောင်းဆောက် လှူဒါန်းကြ ကုန်၏။

နေပြည်တော်သို့မကြွလို

ရတနာပူရ စတုတ္ထမြို့နှန်းတည် မင်းတရားကြီးက နေပြည်တော် ကြွရောက် သီတင်းသုံးရန် လျှောက်ထားလေရာ မကြွလိုဟုဆို၍ နေရင်းစွဲ ကျောင်းမှာသာ သီတင်းသုံးတော်မူခဲ့လေသည်။ သက်တော် ၆၄- ဝါတော် ၄၄-ဝါရရှိရာ ၁၁၉၄-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

အလောင်းတော်မပုပ်မသိုး

ပျံလွန်တော်မူခါနီးတွင် ဆရာတော်က ''တပည့်တို့ ငါ့အလောင်းကို မစိုးမနှောင်ပဲ ခေါင်းသွင်း၍ အတော်အသင့်ထား သင်္ဂြိုဟ်ရမည်'' ဟု မှာထားတော်မူခဲ့လေသည်။ ပျံလွန်တော်မူလေသော် တပည့်တို့က အလောင်းကို မစိုးမနှောင် မပြုပြင်ပဲ ခေါင်းသွင်း၍ ၁၀-ရက် ထားပြီးမှ သင်္ဂြိုဟ်သမှု ပြုကြကုန်၏။ မသင်္ဂြိုဟ်ခင် အလောင်းကို ဖွင့်လှစ်ကြည့်ရှုလေရာ မပုပ်မသိုးပဲ ပကတိအတိုင်း သွေ့ခြောက်လေသည်ကို တအံ့တသြ တွေ့မြင်ရကုန်၏။ ဒကာတို့သည် ပြဿဒ်ကြီးငယ် ၂၀၀-ကျော်ဖြင့် ခမ်းနားစွာ ပူဇော်သင်္ဂြိုဟ်ကြကုန်၏။

သီရိမာလာဝှယော ထေရော၊ ဝိသေသပုဂ္ဂလော သုဓီ။
ဝိသေသံ သော ကရိတ္ဝာန၊ ဝိသေသဘဝနံ ဂတော။

"ဓမ္မာဘိဓေ မဟာဓမ္မရာဇဂုရု"
ဘွဲ့တံဆိပ်တော်ရ
အရှင်ဓမ္မဒိပ (ဒုတိယမိုးထိဆရာတော်)

ဆရာတော်သည် စလင်းမြို့၌ သက္ကရာဇ် ၁၁၃၃-ခုနှစ် တပေါင်း လဆန်း ၆-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မှာ မောင်ပေါအိ ဖြစ်လေသည်။

ရှင်၊ ရဟန်းပြု၊ ပညာသင်ကြားခြင်း

သက်တော် ၁၅-နှစ်သားအရွယ်တွင် ရှင်သာမဏေပြုတော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ဓမ္မဖြစ်လာလေသည်။ သာမဏော ငါးဝါရပြီးနောက် သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၁၅၃-ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ဓမ္မဒိပ ဖြစ်လေသည်။ ထင်ရှားသော ဆရာတော်များထံ ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

အမရပူရ၌ သီတင်းသုံး ဂုဏ်ရှိ အလှူခံ၊
ပျံလွန်တော်မူခြင်း

နောက်တွင် အမရပူရမြို့တော်သို့ ကြွရောက်တော်မူ၍ မြို့တော်အရှေ့တောင်ထောင့် မိုးထိတိုက်အတွင်း ဘုံသာဝေယန်ကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။ "ဓမ္မာဘိဓေ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ် တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

သက်တော် ၆၄-နှစ် ဝါတော် ၅၄-ဝါရရှိရာ သက္ကရာဇ် ၁၂၀၉-ခုနှစ် ပြာသိုလဆန်း ၉-ရက် နေ့တွင် မိုးထိကျောင်းတိုက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဓမ္မာ ဒီပေါ မဟာထေရော၊ ဓမ္မေန စက္ကဒီပကော။
ဓမ္မဒီပဿ စက္ကဿ၊ ဗုဒ္ဓိယာ ကိစ္စကာရကော။

“ဝိစိတ္တာလင်္ကာရ မဟာမေ္ဓရာဇာဓိရာဇဂုရု”
ဘွဲ့တံဆိပ်တော်ရ
ဂူကြီးဆရာတော်အရှင်ဝရာလင်္ကာရ

အရှင်ဝရာလင်္ကာရသည် အမရပူရမြို့ ဂူကြီးတိုက်၏ တတိယမြောက် နာယကဆရာတော် ဖြစ်လေသည်။ စာပေကျမ်း ဂန်တတ်မြောက်လိမ္မာသည့် သာသနာ့ဝန်ဆောင် တစ်ပါးဖြစ်လေသည်။

အလုံမြို့ သာစည်ရွာ၌ အဖ ဦးမြတ်သာ အမိ ဒေါ်ပြေ (ရှင်ပြေ) တို့မှ သက္ကရာဇ် ၁၁၄၁–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ရွှေမင်း ဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်ကြားခြင်း

သက်တော် ၁၄–နှစ်သားအရွယ်တွင် သာမဏေဝတ်၍ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေ ၆–ဝါအရ သက်တော်စေ့တွင် ရဟန်းပြုတော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ဝရာလင်္ကာရ ဖြစ်လေသည်။ ကျမ်းဂန်တတ် ဆရာတော်များထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

စာပေပို့ချခြင်း

အမရပူရမြို့ ဂူတိုက်ကြီး၌ ကြည်ရှည်စွာ သီတင်းသုံးတော်မူ၍ စာပေချပို့ သာသနာချီးမြောက် တော်မူခဲ့လေသည်။ ဂူကြီးတိုက်၌ မနေမီက အင်းဝမြို့၌ အတွင်းဝန် ဆောမြို့စား မင်းကြီးသီရိမဟာနန္ဒသင်္ကြံ ဦးရစ်ဆောက်လုပ်လှူဒါန်းသည့် အုတ်ကျောင်း၌ သီတင်းသုံးတော်မူဘူးသည်။ များသောအားဖြင့် ဝိနည်းကျမ်းဂန်များကို ချပို့လေ့ရှိတော်မူလေသည်။

ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ–

၁။ ကခ်ါဝိတရဏီဋ္ဌီကာသစ်နိသျ

၂။ သာရတ္ထဒီပနီ ဋ္ဌီကာနိသျစသည်တို့ ဖြစ်ကုန်၏။

သာရတ္ထဒီပနီဋီကာနိဿျ

သာရတ္ထဒီပနီဋီကာနိဿျမှာ သံဃာဒိသိသ်ပြီးသည့် တိုင်အောင် ပြီးဆုံးသည့်ဟုသိရ၏။ သို့ရာတွင် ဤစာပြုသူသည် ပါရာဇိကကဏ္ဍ အဖွင့်ဆုံးသည်အထိ တွေ့ဘူးပါသည်။ ဆရာတော်သည် ပါရာဇိက ကဏ္ဍအဖွင့် နိဿျအဆုံး၌ -

နိဋ္ဌိတော စဿ သာရတ္ထ-ဒီပနိယာ ပါရာဇိကကဏ္ဍော။
မရမ္မဝိသယေ ရမ္မေ၊ တမ္မဒီပေ ဒိဝါလယံ။
အမရပူရနာမေန၊ သုပါကဋ္ဌံ သတာရမံ။
နဂရီ တဿ ပစ္ဆိမေ၊ ဤသံ ဥတ္တရနိဿိတေ။
ဘူဘာဂေ စတုယောဇနေ၊ ပေါက္ကာရာမ ပတိဋ္ဌနာ။
မဟိဒ္ဓိနာ နရပတိ- ဇေယျသူရသုရာဇိနာ။
သုကာရိတံ မဟာထူပံ၊ စေတိလုတျာဘိဓာနကံ။
ထူပါရာမဒါယကေန၊ ရတနာပူရသာမိနာ။
ဒုတိယိမံ ဝသန္တေန၊ နရာနရသုပူဇိတံ။
ရတနာသယ်ာဋ္ဌပုရဿ၊ ကာရိနော ဓမ္မရာဇဿ။
ဒုတိယပုတ္တဘူတေန၊ သေတဂဇပတိဋ္ဌနာ။
ရမ္မော ဖိတော စ ယော ဂါမော၊ အနေကယရသမ္ပုဏ္ဏော။
အာကာသ ဒီပဘူတေန၊ ဝေရိဒုဇ္ဇယဋ္ဌာနိယော။
သုပါကဋ္ဌော ပတိဋ္ဌိတော၊ တသ္မိ ဇာတေန ဇာတိယာ။
ဝရာလင်္ကာရနာမိနာ၊ ဘိက္ခုနာ လဒ္ဓလဋ္ဌိနာ။
သီလာဒိဂုဏသံယုတ္တ- ဘိက္ခုသံဃသုသေဝိတေ။
မဟာဂုဟာဘိဓာနမှိ၊ အာရာမေ ဝသတာ မယာ။
သာသနုဇ္ဇောတိတံ နိစ္စံ၊ ကဩန် ယတိန် ဆေကံ။
အာဂမ္မ ဝိနယေ သာဓုံ၊ ယံ ပါရာဇိကကဏ္ဍသ။
သာရတ္ထဒီပနိယံ၊ လိခိတံ အတ္ထယောဇနံ။
အဒ္ဓဂ္ဂရေ သာသနမှိ၊ သင်္ကရာဇေ ဥပါဂတေ။
စသော ဂါထာများဖြင့် ပြည့်စုံစွာ နိဂုံးအုပ်တော်မူခဲ့လေသည်။

“ ဝိစိတ္တာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု”
ဘွဲ့တံဆိပ်အလှူခံရခြင်း
ပျံလွန်တော်မူခြင်း

ဆရာတော်သည်“ ဝိစိတ္တာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု” ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။ သက်တော်ကြီးရင့်သည့်တိုင် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူပြီး စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

ဝရာလင်္ကာရထေရော ဟိ၊ လင်္ကာရော ဗုဒ္ဓသာသနေ။
သာသနံ သော အလံ ကတွာ၊ ပယာကော မစ္စုနော ဝသံ။

ဂူကြီးတိုက် ရာဇဂုရုဆရာတော်များ

ဂူကြီးတိုက်ကား ရာဇာဓိရာဇဂုရု၊ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်များစွာတို့ သီတင်းသုံးရာ ပေါထွန်းရာဖြစ်လေသည်။ မူလ ဦးကာနိသျကျမ်းပြု အရှင်ပညာသီဟ၊ အရှင်ဝရာလင်္ကာရ တို့အပြင်

- “ ဉာဏာဘိ ပရမဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု” အရှင်စန္ဒ၊
- “ဝိစိတ္တာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု” အရှင်စန္ဒသီရိ၊
- “သူရိယဝံသာဘိဓဇ မဟာဓမ္မရာဇဂုရု” ဒီပဲရင်းမြို့ ဆရာတော် အရှင်သူရိယ၊
- “မေဓာလင်္ကာရ သီရိဓဇမဟာဓမ္မ ရာဇဂုရု” ရွာသစ်ကြီးဆရာတော် အရှင်မေဓာ
- “ ကလျာဏာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ကလျာဏ၊
- “စန္ဒာဘိသီရိကဝိဓဇ မဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒ ထေရ် စသည် တို့သည်လည်း ဂူကြီးတိုက်ထွက် ဂူကြီးတိုက်နေ ပညာရှင်တို့ဖြစ်ကုန်၏။ ယင်းဆရာတော်တို့သည်လည်း တတ်စွမ်း သမျှ သာသနာပြုတော်မူကြပြီး အနိစ္စသင်္ခေါသို့လျှောက်ကြတော် မူခဲ့ကြကုန်ပြီ။

ဂူကြီးဝိဟာရသေဋ္ဌေပိ၊ ဝသန္တာ ထေရကုဋ္ဌရာ။
သာသနံ ဇောတယိတ္ထာန၊ ယာတာ အနိစ္စတာ ဝသံ။



"ကဝိန္ဒာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"
ဘွဲ့တံဆိပ်တော်ရ
စတုတ္ထကျော်အောင်စံထားဆရာတော်အရှင်ကဝိန္ဒ

သက္ကရာဇ် ၁၁၄၄-ခုနှစ်တွင် အမရပူရမြို့ နန်းကိုတည်ထောင်တော်မူခဲ့ စိုးစံတော်မူခဲ့သော ဘိုးတော်မင်းတရားသည် အမရပူရမြို့၌ ကျော်အောင်စံထား ကျောင်းတိုက်ကြီးကို တည်ဆောက်တော်မူ၍ အင်းဝမြို့ ကျော်အောင်စံထား ကျောင်းတိုက်မှ အဆက်အနွယ် ဆရာတော်များအား တင်လှူတော်မူခဲ့လေသည်။ ယင်းကျောင်တိုက်ကြီး၌ စတုတ္ထကျော်အောင်စံထား ဆရာတော်အဖြစ် သီတင်းသုံးတော်မူသော ဆရာတော်မှာ အရှင်ကဝိန္ဒဖြစ်လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဆရာတော်သည် မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဗန်ကျီတိုက် ငလည်ငေါက် (ငလယ်ငေါက်) ရွာ၌ အဖ ဦးရွှေသူ၊ အမိ ဒေါ်မြို့တို့မှ ၁၁၄၃-ခုနှစ် တော်သလင်းလဆုတ် ၁၅-ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ရွှဲဖြစ်လေသည်။

သက်တော် ၁၅-နှစ်သားအရွယ်တွင် သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ကဝိန္ဒ ဖြစ်လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၁၆၃-ခုနှစ်တွင် ရဟန်းအဖြစ်သို့

ရောက်တော်မူခဲ့လေသည်။ ရတနာပူရမြို့၌ ထင်ရှားသော ဆရာတော်များထံ ပညာသင်ကြားတော်မူခဲ့လေသည်။

အမရပူရကျော်အောင်စံထားတိုက်၌ သီတင်းသုံးခြင်း

အင်းဝမြို့ ရေကြည်တော်မှူး မဟာမင်းလှစည်သူ ဆောက်လုပ်လှူဒါန်းသော အမိုးဘုံလေးဆင့်ရှိ ကျောင်း၌ သီတင်းသုံး၍ စာပေချပို့တော်မူခဲ့လေသည်။ သာယာဝတီမင်းတရား လက်ထက်တွင် မင်းတရားပင့်လျှောက်သဖြင့် အမရပူရမြို့ ကျော်အောင်စံထားကျောင်းတိုက်၌ သီတင်းသုံး၍ စာပေချပို့တော်မူခဲ့လေသည်။

ကျမ်းပြုခြင်း၊ တံဆိပ်အလှူခံရခြင်း

ဆရာတော်သည် –

၁။ အာကာသသျှတ္တရကျမ်း

၂။ ဂါထာတထောင်ကျမ်း

၃။ ပဋိစ္စသမုပ္ပါဒ်ဆိုင်ရာကျမ်း

စသည့် ကျမ်းဂန်တို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ မင်းဧကရာဇ်လှူဒါန်းသည့် ‘‘ ကဝိန္ဒာဘိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု’’ ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

ပုံလွှန်တော်မူခြင်း

ယင်းသို့ဖြင့် စာပေပို့ချခြင်း၊ ကျမ်းဂန်ပြုစုခြင်းတို့ဖြင့် သာသနာပြုဆဲဖြစ်စဉ် သက်တော်–၈၆၊ ဝါတော် ၆၆–ဝါရှိရာ ၁၂၂၉–ခုနှစ်တွင် ပုံလွှန်တော်မူခဲ့လေသည်။

ဘဒန္တကဝိန္ဒော ထေရော၊ ကဝိန္ဒော ကဝိမာနီတော။
ကဝိနံ သော ကိစ္စံ ကတ္တာ၊ ယထာကမ္မံ ဂမီ က္ကတော။

ကျော်အောင်စံထားဆရာစဉ်

ကျော်အောင်စံထားဆရာစဉ်ကို အောက်ပါအတိုင်း မှတ်ရှုရာ၏။

၁။ ပဌမ ကျော်အောင်စံထားဆရာတော်
အရှင်ဉာဏဝရ (၁၀၆၇–၁၁၁၅)

၂။ ဒုတိယကျော်အောင်စံထား ဆရာတော်
အရှင်ဂုဏာစာရ (၁၀၈၀–၁၁၆၉)

၃။ တတိယ ကျော်အောင်စံထား ဆရာတော်
---------- (၁၁၃၅–၁၂၀၁)

၄။ စတုတ္ထကျော်အောင်စံထားဆရာတော်
အရှင်ကဝိန္ဒ (၁၁၄၃–၁၂၂၉)

၅။ ပဉ္စမကျော်အောင်စံထားဆရာတော်
အရှင်ဉာဏိန္ဒ (၁၂၁၂–၁၂၉၆)

၆။ ဆဋ္ဌကျော်အောင်စံထား ဆရာတော်
အရှင်အဂ္ဂဝံသ (၁၂၄၇–၁၃၁၂)

၇။ သတ္တမ ကျော်အောင်စံထား ဆရာတော်
အရှင်ဝါယမ (၁၂၈၇)



“ပရမညာဏဓဇ မဟာမွေရာဇာဓိရာဇဂုရု”

ဘွဲ့တံဆိပ်တော်ရ

ဝေယန်သာလွှတ်ဆရာတော်အရှင်ပရမ

ဝေယန်သာလွှတ် ဆရာတော် အရှင်ပရမသည်လည်း အမရပူရ သာနာရောင် ထွန်းပြောင်စေတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်လေသည်။ ပခန်းကြီးမြို့ (ပခုက္ကူခရိုင်) မြေခဲတောင်ရွာ၌ သက္ကရာဇ် ၁၁၄၄-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ကြဲဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်

အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော်မှာ အရှင်ပရမဖြစ်လေသည်။ ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဇနိန္ဒာဘိထံတွင် ပိဋကတ် ကျမ်းဂန် အရပ်ရပ်ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

ဆရာတော်များကချီးမွမ်းကြ

ရတနာပူရ စတုတ္ထမြို့တည် မင်းတရားလက်ထက်တွင် ကျမ်းဂန်တတ် ဆရာတော်ကြီးများက အရှင်ပရမကို ပိဋကတ်မ သုဓမ္မာစရိပ်တွင် စာထောက်စာမဆရာတော် အသိအမြင်ဉာဏ်ပညာနှင့် ပြည့်စုံသော ဆရာတော်ဟူ၍ ချီးမွမ်းကြကုန်၏။ နောင်တော်မင်းတရား လက်ထက်တွင် အတွင်းဝန်မောင်သာ သူဌေးမောင်ရွှေတောင်တို့၏ ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်။

ဝေယန်သာလွှတ်ဆရာတော်တွင်ခြင်း

အင်းဝမြို့ မဟာမြတ်မုနိဘုရား အရှေ့ဝေယန်သာလွှတ် ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသဖြင့် ဝေယန်သာလွှတ်ဆရာတော် ဟု တွင်လေသည်။ အမရပူရမြို့တော်သို့ ရောက်သည့်အခါ သားတော် ပခန်းမင်းသားက ကိုးကွယ်တော်မူ၍ ရွှေမြို့တော်အရှေ့မြောက်တွင် တိုက်သစ်တည်၍ ဝါဆိုကျောင်း ဆောက်တင်လှူတော်မူလေသည်။

ရာဇာဓိရာဇဂုရုအလှူခံရခြင်း၊ ပုံလွန်ခြင်း

ဆရာတော်သည် ရတနာပူရစတုတ္ထမြို့တည် မင်းတရားကြီး လှူဒါန်းသည့် ''ပရမဉာဏဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရလေသည်။ သက်တော် ၆၅၊ ဝါတော် ၄၅-ဝါရရှိရာ သက္ကရာဇ် ၁၂၀၅-ခုနှစ်တွင် သီတင်းသုံးရာ အမရပူရမြို့တော်အရှေ့မြောက်တိုက်သစ် ဝါဆိုကျောင်းတွင် ပုံလွန်တော်မူခဲ့လေသည်။

ဘဒန္တပရမောထေရော၊ ပရမော ဗုဒ္ဓသာသနေ။
ပရမံ သော ပူရယိတွာန၊ ဂတော ဒေဝသဟဗျတံ။

'အဂ္ဂါစာရကဝိဓ မဟာဓမ္မရာဇာဓိရာဇဂုရု"

ဘွဲ့တံဆိပ်တော်ရ

ပိဋကနာထကျောင်းဆရာတော် အရှင်အဂ္ဂါစာရ

အရှင်အဂ္ဂါစာရသည် အင်းဝခေတ်နောက်ပိုင်း ကျမ်းပြုစာဆို သာသနာ့ဝန်ဆောင်တစ်ပါး ဖြစ်တော်မူသည်၊ သက္ကရာဇ် ၁၁၄၄-ခုနှစ် ဘိုးတော်မင်းတရားလက်ထက်တွင် ထင်ရှားခဲ့လေသည်၊ ဘိုးတော်မင်းတရား အမရပူရမြို့သစ် တည်ထောင် ရွှေ့ပြောင်းစံနေသောအခါ အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။

အတွင်းပိဋကနာထကျောင်းတိုက်နေ

အရှင်အဂ္ဂါစာရသည် အင်းဝမြို့၏ စဉ်းငယ်အနောက်ဖက်ယွန်း၌ တည်ရှိခဲ့သော အတွင်း ပိဋကနာထကျောင်း၌ စာပေချပို့၍ သာသနာပြုတော်မူခဲ့လေသည်။ နောက်တွင် အမရပူရမြို့မှ အနောက်တောင် စဉ်းငယ်ယွန်းသောအရပ်၌ ပိဋကနာထကျောင်းတိုက်၌ သီတင်းသုံး၍ စာပေပို့ချတော်မူခဲ့လေသည်။

ကာရိကာနိဿျ

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊

ၚင်းတို့မှာ-

၁။ ကာရိကာနိဿျ

၂။ ဇာတတ္ထကီနိဿျ

၃။ ဧကကဇာတ်ပါဠိတော်နိဿျ စသည်တို့ဖြစ်ကုန်၏။

ကာရိကာသဒ္ဒါငယ်နိဿျကို လူတို့၏အရှင်မင်းတရား တောင်းပန်သဖြင့် ပြုစုတော်မူခဲ့ရာ ကျမ်းဦး၌ တစုံတရာမဖေါ်ပြပဲ ကျမ်း၏အဆုံး၌သာ-

သာသနုဇ္ဇောတကာမေန၊ ဗဟုသုတာဒိလကီနာ။
နရာဓိပတိရာဇေန၊ စောဒိတော စက္ကဝုမိုယာ။
အဝါတိချာတပူရဿ၊ မဟာထေရာနမာလယေ။
ဤသံ ပစ္ဆိမဌာနမှိ၊ ပိဋကနာထနာမကေ။

အဂ္ဂါစာရမဟာထေရော၊ ဇိနသာသနဝဗုနော။
နိသိန္နောသိ အနာကုလော၊ တေနာယံ ရစိတော ယဒါ။
တဒါ သော နိဋ္ဌတော သီဃံ၊ တံ ပမောဒန္တု သာဓဝေါ။
စိရံ တိဋ္ဌတု စက္ကမှိ၊ သဒါ ပါလေန္တု ဒေဝတာ။

ဟူသော ၄-ဂါထာဖြင့် မင်းတရားတော်းပန်သဖြင့် ရေးရကြောင်းနှင့် မိမိ၏နေရာဌာန စသည်ကို ဖေါ်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ပညာဓိကဘုရားအလောင်း

ကာရိကာနိသျကျမ်းပြု အရှင်အဂ္ဂါစာရထေရ်သည် သာမန်ပုဂ္ဂိုလ်မဟုတ်ပါချေ။ အရိမေတ္တေယျ ဘုရားရှင်ထံ ဘုရားဖြစ်အံ့ဟု ဗျာဒိတ်စကားကိုရရှိပြီး ပညာဓိကဘုရားဖြစ်အံ့ဟူ၍ ဟိန္ဒူ နှစ်ဆဲ့လေး သချေ် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်းတို့ကို နိဗ္ဗာန်ကြဉ်နှီး စံမြန်းစေမည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။ ယင်းသို့ဖြစ်ကြောင်း-

ဇေတေန ပုညကဓမ္မေန၊ မေတ္တေယျ ပါဒမူလကေ။
ဗျာကရဏံ လဘိတ္ဝာန၊ ပညာဓိကော ဘဝါ မဟံ။

ဟူသောဂါထာဖြင့် ကာရိကာနိသျနိဂုံး၌ နောက်ဆုံးတောင်းဆု ချွေတော်မူခဲ့လေသည်။

ဇာတတ္ထကိနိသျ

ဆရာတော် အရှင်အဂ္ဂါစာရသည် ဘိုးတော်မင်းတရား ၁၁၄၄-ခုနှစ်တွင် အမရပူရမြို့နန်းကို တည်ထောင်တော်မူ၍ ရတနာပူရအင်းဝမြို့မှ ရွှေပြောင်းစံတော်မူပြီးနောက် မကြာမီ အမရပူရမြို့သို့ ပြောင်းရွှေ့သီတင်းသုံး တော်မူခဲ့လေသည်။ အမရပူရမြို့တော်၌ သီတင်းသုံးတော်မူသောအခါလည်း မူလအင်းဝအတွင်း ပိဋကနာထကျောင်းတိုက်၏ အမည်ကိုပင်မှည့်ခေါ်ကာ ကျောင်းတိုက်တည်ထောင် သီတင်းသုံးတော်မူခဲ့လေသည်၊ အမရပူရမြို့ယင်းအတွင်း ပိဋကနာထကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ဘိုးတော်မင်းတရားတောင်းပန်သဖြင့် ဇာတတ္ထကို ပါဠိနိသျကိုရေးသားစီရင်တော်မူခဲ့လေသည်။

ကျမ်းဦးဌ်–

၁။ အနုန္တမုပစေတေန၊ ပါရမိတာနုဘာဝေန။
ဥစ္စောဒိတသဗ္ဗညုတာ၊ ဗုဒ္ဓံ လောကေကပုဂ္ဂလံ။

၂။ အနုသိဋ္ဌပဇ္ဇမာနံ၊ ပဇံ သံသာရဒုက္ခတော။
ပမောစေတွာန မာရိတံ၊ ဗုဒ္ဓ ဒေသိတသဒ္ဓမ္မံ။

၃။ ကုသလတ္ထိကဇနာနံ၊ ပုညက္ခေတ္တမနုတ္တရံ။
အဌ အရိယသမူဟံ၊ သံဃံ နမာမိ သာဒရံ။

၄။ သီလပါရမီသမ္ပုတံ၊ ပူဇာရဟပုထုဇ္ဇနံ။
ကလျာဏသံဃမုတ္တမံ၊ ဂုရုံ ဂါရဝဘာဇနံ။

၅။ သာသနာနုမဏ္ဍာတော၊ သတ္တဝိသဝဿာဓိကော။
ဒွိသဟဿေ စ တြိသတော၊ သက္ကရာဇေဝ သမွတ္တော။

၆။ ပုညိဒ္ဓိယာနုဘာဝေန၊ မာပိတော ရာဇဌာနိယေ။
မနောရမေ ဆာယူဒကော၊ အမရပူရနာမကော။

၇။ အတ္တနော ဝသဝတ္တေန္တော၊ ဝသဝတ္တိရာဇာ ဝိယ။
ဘူတလဋ္ဌံ သဗ္ဗဇနံ၊ ဝသံ အနုဝတ္တာပေန္တော။

ဓမ္မသမေနေဝ ရဇ္ဇံ၊ ကရောန္တော အာဒိကမ္မိကော။
၈။ သတ္ထုသာသနာဘိသဒ္ဓါ၊ သာသနဝုဒ္ဓိမိစ္ဆန္တော။
အနုသိဋ္ဌံ ပဋိပန္နော၊ ဘဇန္တော စ မိစ္ဆာဂတံ။

၉။ သဗ္ဗလောကဟိတတ္ထာယ၊ လောကုပ္ပန္နဗုဒ္ဓါဒိကံ။
ရတနတ္တယမုဒ္ဒိဿ၊ တတ္ထတတ္ထေဝ ပေါရာဏော။

၁၀။ သဓာတုကေ နဝေစေဝ၊ စေတိယေ စ ကာရာပေန္တော။
ဓမ္မိကော နော ဓမ္မရာဇာ၊ ဇဝံ စိန္တေယျမေကဒါ။

၁၁။ သုတ္တန္တောဂဓရာတကံ၊ လောကဝတ္တသာနုလောမံ။
တဇေဝ ဓမ္မပတ္တသ၊ ပညာဝဓုန သမတ္တံ။
တံ ပဋိစ္စ ပဋိပန္နော၊ သာဓေယျံ သဂ္ဂမောက္ခဒံ။

၁၂။ စိန္တေတွာ ပဏိဓာဂတံ၊ အနဝဇ္ဇတ္ထံ ဂဟေတွာ။
ပဋိပန္နေန သာဒရံ၊ သက္ကာရေနေဝ ပူဇေယျံ။

၁၃။ ပစ္စေကဗုဒ္ဓေန ပူဇေတွာ၊ ယာစိတော ပရိစက္ကေန။
သဟော ဇာတတ္ထကိယာ၊ နိဿယာဟံ ကရိဿာမီတိ။

ဟူသော၁၃-ဂါထာဖြင့် ခမ်းနားစုံလင်စွာ ဂန္ဓာရမ္မပြုတော်မူခဲ့လေသည်။ ၎င်းပြင် ကျမ်း၏ အဆုံး၌လည်း-

ဇမ္ဗုဒီပတရေ ရမ္မေ၊ သုနာပရန္တရဋ္ဌမိ။
အမရပူရနာမကေ၊ ဇိနသာသနပဇ္ဇောတေ။

သာသနုဇ္ဇောတ ကာမေန၊ ဗဟုဿုတာဒိလက်ခဏာ။
နရာဓိပတိရာဇေန၊ စောဒိတော စက္ကဝုမိုယာ။

အမရပူရဝှယဿ၊ မဟာထေရာနမာလယေ။
ဤသံ ပစ္ဆိမဌာနမှိ၊ ပိဋကတ္တယနာမကေ။

ရာဇဂုရုမဟာထေရော၊ ဇိနသာသနဝဟုနော။
နိသိန္နာသိ အနာကုလော၊ တေနာယံ ရစိတော ယဒါ။

တဒါ သော နိဋ္ဌိတော သီယံ၊ တမှ မောဒေန္တု သာဓဝေါ။
စိရံ တိဋ္ဌတု စက္ကမှိ၊ တံ နိဿာယ ဗုဒ္ဓဗီဇံ။

ဝပ္ပန္တု သာသနက္ခေတ္တေ၊ သဒါ ပါလေန္တု ဒေဝတာ။

ဟူသော၅-ဂါထာခွဲဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည် ယင်းဇာတတ္ထကို နိဿကို ခရစ်သက္ကရာဇ် ၁၉၂၇-ခုနှစ်က သုဓမ္မဝတီပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ရာ ရွှေဆိုက် ၄၆၀-ရှိလေသည်။

အခြားဇာတတ္ထကိနိဿများ

အခြား ဇာတတ္ထကိနိဿများရှိသေးကြောင်းလည်း သိရသေးသည်။ ၎င်းတို့မှာ "ကေတုဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ် တော်ရ တောင်တွင်း ဆရာတော်ရေး ဇာတတ္ထကိနိဿ "မဏိသာရဓမ္မ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဝက်စုတ်ဆရာတော်ရေး ဇာတတ္ထကိနိဿ စသည် တို့ဖြစ်ကုန်၏။

အဂ္ဂါစာရကဝိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်အလှူခံရခြင်း

ဆရာတော်အရှင်အဂ္ဂါစာရသည် အမရပူရမြို့ နန်းတည် ဘိုးတော်မင်းတရား လှူဒါန်းသည့် ''အဂ္ဂါစာရကဝိဓေ မဟာဓမ္မ ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

လွန်တော်မူခြင်း

စာချု ကျမ်းပြု၊ ရတနာပူရအင်းဝသာသနာရောင်ကိုဌင်း၊ အမရပူရ သာသနာရောင်ကိုဌင်း၊ ထွန်းပြောင်စေတော်မူခဲ့သော ဆရာတော် အရှင် အဂ္ဂါစာရသည် မိမိမြတ်နိုးသည့် သာသနာပြုလုပ်ငန်းတို့ကို ထားရစ်ကာ လွန်တော်မူခဲ့လေသည်။

အဂ္ဂါစာရော မဟာထေရော၊ သာသနဘာရဓေါ ဝိဒွါ။
ဘာရေ သော ဌပယိတွာန၊ မစ္စုရာဇဝသံ ဂမိ။

" ပဏ္ဍိတမွေ မဟာမွေရာဇဂုရု"
ဘွဲ့တံဆိပ်တော်ရ
အရှင်ပဏ္ဍိတ (ရွှေတောင်တိုက်အုပ်ဆရာတော်)

အမရပူရမြို့သာသနာ လွန်စွာထွန်းလင်းစဉ်က ရွှေတောင် ဆရာတော်အမည်ဖြင့် ပညာတတ် ဆရာတော်များစွာတို့ ပေါ်ထွန်းခဲ့ကုန်၏။ ယင်းဆရာတော်များအနက် အရှင်ပဏ္ဍိတလည်း ပါဝင်ခဲ့လေသည်။

ဆရာတော်သည် ဒီပဲရင်းမြို့ကျေး နဂါးပို (နဂါးဗိုလ်)ရွာ၌ သက္ကရာဇ် ၁၁၄၈–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ထွေး ဖြစ်လေသည်။

ရှင် ရဟန်းပြုပညာသင်

အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ပဏ္ဍိတဖြစ်လေသည်။ ကျမ်းဂန်တတ် ဆရာတော်များထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ ဘကြီးတော် မင်းတရားလက်ထက် အင်းဝမြို့တော်၌ မင်းကင်းမြို့စား မင်းသမီး၏ ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်။ အမရပူရမြို့တော် ရောက်သည့်ကာလ မြို့တော်အရှေ့တောင်ထောင့် ရွှေတောင်ကျောင်း တိုက်၌ တိုက်အုပ်ဆရာတော် အဖြစ်ဖြင့် သီတင်းသုံးတော်မူခဲ့လေသည်။

ရာဇဂုရုဘွဲ့တံဆိပ်တော်ရ၊ ပျံလွန်ခြင်း

ဆရာတော်သည် "ပဏ္ဍိတမွေ မဟာမွေရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ သက်တော် ၆၅–နှစ်အရွယ်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘဒန္တပဏ္ဍိတောထေရော၊ ပဏ္ဍိတော သူရတော ရုတော၊
ပဏ္ဍိစွံ အသလ္လ[illegible]တွာ၊ ဝိနီတော တော[illegible]။



ရွှေတောင်ဆရာတော်များ

သာသနာတော်၌ ရွှေတောင်ဆရာတော်အမည်ဖြင့် ရာဇဂုရု ဆရာတော်များ များစွာပေါ်ထွန်းခဲ့ ကုန်၏။ ၎င်းတို့ကား ---

- ''ဂုဏာမုနိန္ဒာလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု''
  ဘွဲ့တံဆိပ်တော်ရ ရွှေတောင် ဆရာတော် အရှင်ဂုဏာစာရ၊
- ''မုနိန္ဒဓဇ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ရွှေတောင် ဆရာတော် အရှင်ပုညမဇ္ဈ။၊
- '' ဝိရိယာရမ္ဘ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစာရိန္ဒ၊
- '' ပဏ္ဍိတဓဇ မုနိန္ဒယောသ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော် ရွှေတောင်ဆရာတော် စသည်တို့ဖြစ်ကုန်၏။ ၎င်းဆရာတော်တို့လည်း ယထာဗလ၊ ယထာသတ္တိ သာသနာတော်ပြုတော်မူခဲ့ကြပြီး လွန်တော်မူခဲ့ကြကုန်၏။

ရွှေတောင်ဆရာတော်နာမေန၊ ပါကဋ္ဌာ ရာဇဂုရုဝေါ။
လောကဂ္ဂသာသနေ ကမ္မံ၊ ကတွာ မစ္စုမုခံ ဂတာ။

“ ပညာသာမိ ကဝိသာရဒေ မဟာဓမ္မရာဇာဓိရာဇဂုရု”

ဘွဲ့တံဆိပ်တော်ရ ဘုံကျော်ဆရာတော်အရှင်ပညာသာမိ

ဘုံကျော်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိသည် ဘွဲ့တံဆိပ် ၄-ထပ်ရ သာသနာပိုင် တောင်ခွင် ဆရာတော်ဘုရားကြီး၏ ဥပဇ္ဈာယ်ဆရာရင်းဖြစ်တော်မူသည်။

ပင်းမြို့ကျေး ဆင်ခေါင်းရွာ၁၌ အဖ ဦးရွှေနီ၊ အမိ ဒေါ်ဒေါင်းဖြူတို့မှ သက္ကရာဇ် ၁၁၄၈-ခုနှစ် ဝါခေါင်လဆန်း ၁၂-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မောင်ရွှေလှေး ဖြစ်လေသည်။

ရှင် ရဟန်းပြုခြင်း ပညာသင်ကြားခြင်း

သက်တော် ၁၅-နှစ်ခန့်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ပညာဖြစ်လေသည်။

သာမဏေ ၅-ဝါအရ သက်တော် ၂၀-တွင် တာဝန် (တာလုဝန်) ကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ပညာသာမိဖြစ်လေသည်။

ပညာသင်ကြားခြင်း

အင်းဝမြို့ လောကသယမ္ဘုဘုရား အရှေ့ကျောင်းတိုက် သဲအင်းဆရာတော်ထံတွင်ငင်း၊ မြို့တော် အနောက်တောင်ထောင့် ရွှေစည်းခုံအနီး မဟာအောင်မြေဘုံသာ စံကျောင်းတိုက် စလင်းသာသနာပိုင် ဆရာတော်ထံတွင်ငင်း ပညာသင်ကြားတော်မူခဲ့လေသည်။ ငင်းနောက်တွင် ရတနာပူရမြို့ မဟာအောင်မြေဘုံကျော် ကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့လေသည်။

အမရပူရမြို့ သီတင်းသုံးဓာဝေချပို့

နောက်တွင် အမရပူရမြို့တော်သို့ ပြောင်းရွှေ့တော်မူပြီး မြို့အရှေ့တောင်ထောင့် ပုဂံမင်းသမီးတိုက် (ဘုံကျော်တိုက်) ပုဂံမင်းသမီးကျောင်းနှင့် ပုသိမ်မင်း သမီးကျောင်းများတွင် သီတင်းသုံးတော်မူခဲ့လေသည်။ ငင်းနောက် ကျောက်မော်မြို့စား မင်းသမီးဆောက်လုပ်သည့် ကျောင်းတွင်

၁။ ဆင်အောင်းရွာ၊ သင်အောင်းရွာ (မူကွဲများ)

သီတင်းသုံးတော်မူခဲ့လေသည်။ ဘုံကျော်ဆရာတော်ဟု ကျော်ကြားထင်ရှားခဲ့လေသည်။

တောင်ခွင်သာသနာပိုင်ဆရာတော်၏ဆရာ

ဘုံကျော်ဆရာတော် အရှင်ပညာသာမိသည် –

– ''ဝိသုဒ္ဓ သီလာစာရ ကဝိဓဇ မဟာဓမ္မရာဇဂုရု ဟူသော ပဌမတံဆိပ်တော်၊

– ''ဝိသုဒ္ဓသီလာစာရဓဇ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဟူသော ဒုတိယတံဆိပ်တော်၊

– ''ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ'' ဟူသော တတိယတံဆိပ်တော်၊

– ''[illegible]'' = ဟူသော စတုတ္ထတံဆိပ်တော်တို့ကို ရရှိသော တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါစာရ၏ သာမဏေဉပဇ္ဈာယ် ရဟန်းဉပဇ္ဈာယ်ရင်း ဖြစ်လေသည်။ ဘုံကျော် ဆရာတော်သည် အသိတိဓာတ်ကျမ်းကို ပြုစုတော်မူခဲ့သည်ဟုသိရ၏။

ပညာသာမိ ကဝိသာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်အလှူခံရခြင်း

၁၂၁၆–ခုနှစ် ဝါဆိုလဆန်း ၂–ရက်နေ့တွင် ရတနာပုံ ပဌမမြို့နန်းတည် မင်းတရားကြီး လှူဒါန်းဆက်ကပ်သည့် ''ပညာသာမိ ကဝိသာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

မင်းလေးဆက်တိုင်ကျော်စောသီတင်းနှံ့ခဲ့

ဘုံကျော်ဆရာတော်ဟုရားကြီးသည် ရတနာပူရ စတုတ္ထမြို့တည်နန်းတည်ဘကြီးတော်မင်းတရား၊ သာယာဝတီမင်းတရား၊ ပုဂံမင်းတရား၊ ရတနာပုံပဌမမြို့တည် မင်းတရားဟူသော မင်းလေးဆက်တို့၏ အလေးအမြတ်ကို ခံယူကျော်စော ထင်ရှားခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

ပျံလွန်တော်မူခြင်း

သက်တော် ၈၅-နှစ် သိက္ခာဝါတော် ၆၅-ဝါရရှိရာ သက္ကရာဇ် ၁၂၃၄-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဘုံကျော်မဟာစရိယောတိ၊ ပသိဒ္ဓါ အမရေ ယုဂေ။
ဓုရေ သောပိ ဝဟိတ္ထာန၊ ပဝိဋ္ဌော မစ္စုနော မုခံ။



မဏာဇောတသဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
စသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ
ခင်မကန်ဆရာတော်အရှင်မဏိဇောတ

ခင်မကန်ဆရာတော်ဘုရားကြီး အရှင်မဏိဇောတသည် အမရပူရ ခေတ်ကပင် ထင်ရှားသည့် ဆရာတော်ဖြစ်တော်မူသည်။

တရုပ်မြို့ကျေး (ယခုမြင်းခြံခရိုင်)ခင်ပုဂံရွာ အဖ ဦးသာမင်း၊ အမိ ဒေါ်ဂုံတို့မှ သက္ကရာဇ် ၁၁၄၉-ခုနှစ်၊ တပေါင်းလဆုတ် (၁)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မောင်ပျား ဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်ကြားခြင်း

အရွယ်ရောက်သော် ရှင် ရန်ဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်မဏိဇောတဖြစ်လေသည်။ အရှင်မဏိဇောတာလင်္ကာရဟုလည်း ခေါ်ကြသည်။ ငယ်စဉ်ကမှ စ၍

အင်းဝမြို့ လောကသယမ္ဘူဘုရား အရှေ့ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သဲအင်းဆရာတော် ဘုရားကြီး အရှင်သူရိယထံ ရောက်ရှိပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

အမရပူရမြို့၌ သီတင်းသုံးခြင်း

နောက်တွင် အမရပူရမြို့တော်သို့ ကြွရောက် သီတင်းသုံးတော်မူခဲ့လေသည်။ ပုဂံမင်းဇ၀ိမိဖုရား ကနောင်မြို့စား မင်းသမီး၏ သမီးတော် ပင်းတလဲမြို့စားမင်းသမီး၊ ယင်းခဲမင်းသမီးတို့က မြို့တော် အရှေ့မြောက် ယွန်း မင်းအိုကျောင်းတိုက် တောင်ဖက်တွင် ကျောင်းဆောက် ကိုးကွယ် ကြကုန်၏။

မန္တလေးမြို့ ခင်မကန်တိုက်များ၌ သီတင်းသုံးခြင်း

ဆရာတော်သည် မန္တလေးမြို့သစ် တည်ထောင်သောအခါ ပဋ္ဌမသံဂါယနာတင် မင်းတရားကြီး လျှောက်ထားချက်အရ မန္တလေးမြို့သို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူခဲ့လေသည်။ ယင်းမန္တလေးမြို့၌ အနောက်ပြင် ခင်မကန်ကျောင်းတိုက်၌ လည်းကောင်း၊ အရှေ့ပြင်ခင်မကန် ကျောင်းတိုက်၌ လည်းကောင်း သီတင်းသုံးတော်မူ၍ စာပေပို့ချခြင်း၊ ကျမ်းဂန်များ ရေးသားခြင်းတို့ဖြင့် ပရိယတ္တိသာသနာကို များစွာချီးမြှောက်တော်မူခဲ့လေသည်။

ကျမ်းဂန်ပြုစုခြင်း

ဆရာတော်ပြုစုသောကျမ်းတို့မှာ–

၁။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာနိဿျ

၂။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာနိဿျ

၃။ မူလဋ္ဌကာဒွါရကထာနိဿျ

၄။ ဝိနည်းအဆုံးအဖြတ် စသည်တို့ဖြစ်ကုန်၏။

သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာနိဿျ

လောကမဏိစူဠာ စေတီတော်ဒါယကာ အမရပူရ ဒုတိယမြို့နန်းတည် ရွှေဘိုမင်းတရားကြီးလက်ထက် "သူရိယဝံသာဘိ သီရိပဝရာ

လင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ သာသနာပိုင် သဲအင်းဆရာတော် ဘုရားကြီးသည် ''နိသျ မရေးရသေးသည့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များကို နိသျပြုစု ရေးသားကြပါရန်'' သုဓမ္မာသံဃာ့အစည်းဝေးဦ ကျမ်းဂန်တတ်မဟာထေရ်မြတ်တို့အား ကိုယ်တိုင်တိုက်တွန်း တောင်းပန်တော်မူခဲ့လေသည်။ တပည့်ဖြစ်သူ ခင်မကန်ဆရာတော်အရှင်မဏိဇောတသည် သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာနိသျနှင့် နိဒါနိဝဂ္ဂ သံယုတ်အဋ္ဌကထာ နိသျရေးရန် တာဝန်ယူ၍ ရေးသားစီရင်တော်မူခဲ့လေသည်။ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ နိသျကျမ်းဦး၌ –

အနန္တကရဏာဉာဏံ၊ ဒိဋ္ဌဗန္ဓနဝေဓကံ။
ဝေနေယျဟိတ သံယုတ္တံ၊ ဓမ္မရာဇံ နမာမဟံ။
ယဿ ဓမ္မော သုဒေသိတော၊ အဝိဇ္ဇာဒိ ဝိဒ္ဒံသနော။
နိယျာနံ တံ ဝရုတ္တမံ၊ ဘာဝိတံ သစ္ဆိကာတဗ္ဗံ။
ယဿ သံယော ပဠီပန္နော၊ ဥဒုပန္နော စ သာမိစိ။
ဥတ္တမံ ဉာယမနော စ၊ တံ သေဋ္ဌံ ဒက္ခိဏေယျကံ။
သာဂရံဂ္ဂဝ မဏ္ဍော ယော၊ သာသနဂရုဘာဇနံ။
နေရုဿမော ဂုဏောယေန၊ သိရသာ မေ ဟိတေသိနံ။
ပရိယတ္တိသုကောဝိဒံ၊ သန္တိဋ္ဌေယေသု သံရက္ခံ။
ရာဇာမိ ရာဇပူဇိတံ၊ ဂဏိသမိတံ သံဃရာဇံ။
ယော ဘူပတိဗလပ္ပဏ္ဍော၊ ဒေနေကစ္ဆတ္တသာမိနော။
ယဋ္ဌာနုဂ္ဂဟိတံ သက္ကစ္စံ၊ ပါလေသိ ဇိနသာသနံ။

စသော ဂါထာတို့ဖြင့် ပြည့်စုံစွာ ဂန္ထာရမ္ဘ ပြုတော်မူခဲ့လေသည်။ ယင်းနိဿယကြီးမှာ ပေဖြင့်သာ တည်ရှိလေသည်။[၁]

၁။ မန္တလေးသာသနာဝင်ကျမ်း၊ အနောက်ပြင်ခင်မကန်သာသနာဝင်လည်းကြည့်။

နိဒါနဝဂ္ဂ သံယုတ်အဌကထာနိသျ

သဂါထာဝဂ္ဂ သံယုတ်အဌကထာနိသျရေးအပြီး နိဒါနဝဂ္ဂ သံယုတ်အဌကထာနိသျကိုလည်း ဆက်လက်ရေးသားတော်မူခဲ့လေသည်။

ယင်းသို့ရေးသားရာ၌လည်း -

အာဒိမှိ သုပဋိညာတံ၊ သဂါထာဝဂ္ဂဝဏ္ဏနာ။
မူလတ္ထနိဿယံ လိခိ၊ ဝိသောဓိကမနာသယာ။
နိဒါနဝဂ္ဂတ္ထံ ဒါနိ- သမ္ပတ္တော ကထနောကာသော။
တသ္မာ တဿာ ကထာယာမိ၊ နိဿယံ ရစယိဿာမိ။

စသောဂါထာများဖြင့် သဂါထာဝဂ္ဂသံယုတ်အဌကထာနိသျ ရေးခဲ့ပုံနှင့် နိဒါနဝဂ္ဂ သံယုတ်အဌကထာနိသျကို ရေးမည်ဖြစ်ကြောင်း ပဋိညာဉ်စသည်တို့ဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ဘွဲ့တံဆိပ်တော်များ

ဆရာတော်သည် ရွှေဘိုမင်းတရား ဆက်ကပ်လှူဒါန်းသည့် မဏိဇောတာလင်္ကာရ မဟာမ္မေ ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုငှင်း၊ ငှင်းပြင် ရွှေဘိုမင်းတရားသည်ပင် ထပ်မံလှူဒါန်းသည့် ''မဏိဇောတသီရိသဒ္ဓမ္မဓဇ မဟာမ္မေရာဇာဓိရာဇဂုရု'' ဘွဲတံဆိပ်တော်ကိုငှင်း၊ ရတနာပုံမြို့တည် နန်းတည်မင်းတရား ဆက်ကပ်လှူဒါန်းသည့် '' မဏိဇောတသဒ္ဓမ္မာ လင်္ကာရ မဟာမ္မေရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုငှင်း အလှူခံရရှိတော်မူခဲ့လေသည်။

ပျံလွန်တော်မူခြင်း

ယင်းသို့ စာပေတတ်မြောက် မုံသောက်မာတင် ပညာရှင် ဖြစ်တော်မူ သော အမရပူရ မန္တလေး သာသနာ့ဝန်ဆောင် ခင်မကန်ဆရာတော်ကုရားကြီးသည် သက္ကရာဇ် ၁၂၂၇-ခုနှစ် ကဆုန်လဆုတ် ၈-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

မဏိဇောတော မဟာထေရော၊ ဇိနစက္က သုဇောတနော။
ကောဝိဒေါ နေကသတ္ထေသု၊ ကိတ္တိသေသတ္တနံ ဂတော။



“ဉာဏသဒ္ဓမ္မဓရ မဟာဓမ္မရာဇဂုရု”
ဘွဲ့တံဆိပ်တော်ရ
အရှင်ဉာဏ(ဒုတိယ မန်ကျည်းတောဆရာတော်)

အရှင်ဉာဏသည် ဒုတိယမြောက်ထင်ရှားသည့် မန်ကျည်းတောဆရာတော်ဖြစ်လေသည်။ ဒီပဲရင်းမြို့ မြောက်ဖက်လေးရွာ၌ အဖ ဦးမြတ်အမိ ဒေါ်သဒ္ဓါတို့မှ သက္ကရာဇ် ၁၁၅၀-ပြည့်နှစ် ဒုတိယဝါခေါင် လဆုတ် ၁၃-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

အရွယ်ရောက်သော် ရှင်သာမဏေပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေ ၆-ဝါအရ သက်တော် ၂၃-နှစ်တွင် ရဟန်းပြုတော်မူ၍ စာပေသင်ကြားတော်မူခဲ့လေသည်။

အမရပူရမြို့အနောက်တောင်မျက်နှာ မန်ကျည်းတောကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ စာပေကျမ်းဂန်ချပို့၍ သာသနာပြုတော်မူခဲ့လေသည်။

“ ဉာဏသဒ္ဓမ္မဓရ မဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ သက်တော် ၆၄- နောက်တွင် လွန်တော်မူခဲ့လေသည်။

ဉာဏသဒ္ဓမ္မထေရော ဟိ၊ ထိရစိတ္တော မဟာယတိ။
ယတိဟိ ကတ္တာဗ္ဗံ ကတ္တာ၊ ယာတော အနီစ္စတံ ဝသံ။

" မေဓာလင်္ကာရ ပရမဇေ မဟာမ္မေရာဇာဓိရာဇဂုရု၊
မေဓာဘိဝံသသဒ္ဓမ္မဇေမဟာမ္မေရာဇာဓိရာဇဂုရု"
ဘွဲ့တံဆိပ်တော် ၂-ထပ်ရ
အရှင်မေဓာလင်္ကာရ

ပဒုံမြို့ကျေး (ယခုမုံရွာခရိုင် ဗုဓလင်မြို့နယ်) အပါအဝင် ညောင်ကန်ရွာကြီးသည် တခေတ်က ဓမ္မပါလရွာကြီးကဲ့သို့ တင့်တယ်လျောက်ပတ် ထူးမြတ်ခဲ့လေသည်။ ပိဋကတ်ကျမ်းဂန်တတ်သော သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့ ဆက်ကာဆက်ကာပေါ် ထွန်းရာဖြစ်ခဲ့လေသည်။

ကျမ်းဂန် မြောက်မြားစွာတို့ကို ပြုစီရင်တော်မူခဲ့သော ပြည်ဆရာတော် အရှင်မေဓာလင်္ကာရသည်လည်း ဖော်ပြပါ ညောင်ကန်ရွာကြီး၌ အဖ ဦးဖြူ၊ အမိ ဒေါ်ညွန့်တို့မှ သက္ကရာဇ် ၁၁၅၀-ပြည့်နှစ် ဝါဆိုလဆုတ် (၇)ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော် မူခဲ့လေသည်။

ဆရာတော်ငယ်မည်မောင်ကျီးညို

ဆရာတော်လောင်းလျာ ဖွားသန့်စင်ကာစ မိခင်ကြီး ဒေါ်ညွန့်၏ ကိုယ်ပေါ်၌ ကျီးကန်းလာရောက်နားသည်ကို အစွဲပြု၍ ကြာသပတေးသား ဖြစ်လျက် မောင်ကျီးညိုဟု မှည့်ခေါ်ခဲ့ကြလေသည်။

မာတုယာ ဂဗ္ဘဝုဌာယ၊ အဌာသီ ကာကကာဋကော။
တေန မောင်ကျီးညိုသမည်၊ အကံသု ဉာတိကာ ဇနာ။

ကျောင်းနေ ပညာသင် ရှင်သာမဏေပြု

၉-နှစ် ၁၀-နှစ်ခန့်အရွယ်တွင် ညောင်ကန်ရွာ ရတနာမဥ္ဇူတိုက် ဆရာတော် ဦးမုနိန္ဒထံတွင် မိဖတို့အပ်နှံသဖြင့် ရောက်ရှိပညာသင်ကြားခဲ့လေသည်။ ၁၂-နှစ်အရွယ်ရှိရာ သက္ကရာဇ် ၁၁၆၂-ခုနှစ်တွင် ရှင်သာမဏေပြုတော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်မေဓိယဓဇ ဖြစ်လေသည်။

ဆက်လက်ပညာသင်ကြားရဟန်းပြုခြင်း

သာမဏေပြုပြီးနောက် လိင်, ဒဏ်, သေခိယ စသည့် ဥဿုံအလုံးစုံနှင့် နှုတ်ငုံဆောင် သင်ကြားပြီးလျှင် သဒ္ဒါ၊ သင်္ဂဟ၊ ဋီကာကျော်၊ အဘိဓာန်၊ အလင်္ကာဆန်းစသော ကျမ်းဂန်တို့ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။ သက်တော် ၁၉-နှစ်ကျော် ၂၀-ပြည့်မြောက်သည့် တွင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ 'အရှင်မဓာလင်္ကာရ' ဖြစ်လေသည်။

မေဓိယဇောလင်္ကာရပဉ္ဇင်းကျော်

ရဟန်းဖြစ်ပြီးနောက် ရတနာပူရ အင်းဝမြို့သို့ ကြွရောက်တော်မူ၍ ရတနာပူရ စတုတ္ထမြို့နန်း ဖန်ဆင်းတည်ထောင်တော်မူသော မင်းတရားကြီး၏ မိဖုရားခေါင်ကြီး၏ မဟာအောင်မြေဘုံစံ ကျောင်းတော်ကြီးကို အလှူခံရသော "ပုညာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ညောင်ကန် ဆရာတော်ဘုရားကြီး အရှင်ပုညရံသီထံ နည်းခံသင်ကြား၍ ပိဋကတ်သုံးသွယ် ငါးနိကာယ်ကို ကော်နှယ်ကြို၍ ဒိုးနှယ်မွှေ့လျက် စေ့မြတ်ချက်လုံ အာရုံပွားများ ကျက်စားထွင်းဖောက်တော်မူနိုင်ရကား " မေဓိယဇောလင်္ကာရ" ပဉ္ဇင်းကျော်ဟု ထင်ပေါ်ကျော်စောခြင်းဖြစ်လေသည်။

သဲအင်းတိုက်၌ အပင်ပမ်းခံ၍ ပညာသင်ကြားခြင်း

ယင်းသို့ ပဉ္ဇင်းကျော်အဖြစ် ထင်ရှားသော်လည်း သဲအင်းဆရာတော်ထံ နည်းခံလိုသေးသဖြင့် သဲအင်းတိုက်သို့ ပြောင်းရွှေ့ကာ သဲအင်းဆရာတော်ဘုရားကြီးထံ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို အချောသတ် သင်ယူတော်မူခဲ့လေသည်။ ယင်းသို့ သဲအင်းတိုက်၌ ပညာသင်ကြားစဉ် ဘကြီးတော် မင်းတရားလက်ထက်တွင် သရောခိုင်းသောအခါ ကြုံကြိုက်ရကား ဆွမ်းလောင်းနိုင်သူ ဒကာ၊ ဒကာမ နည်းပါးလှ၍ ရဟန်းတော်များမှာ ဆွမ်းမရအောင်ဖြစ်လေသည်။

ထိုအခါ သဲအင်းတိုက်၌ သံဃာတော်များ ဆွမ်းဘောဇဉ်များ ပြည့်စုံရာဒေသသို့ ရွှေ့ပြောင်းကြသဖြင့် သဲအင်းဆရာတော်ကြီးနှင့်တကွ သံဃာ၂၀-မျှ ရှိလေတော့၏။ အခြားသံဃာများ ဆွမ်းမရပဲရှိရာ သဲအင်းဆရာတော်နှင့် အရှင်မေဓာလင်္ကာရ ၂-ပါးတို့သာ တစလယ်ချက် ဆွမ်းတစ်ဝတ်စီရှိလေသည်။ ယင်းအဆိုပါ တစလယ်ချက်ဆွမ်းဝတ် ၂-ဝတ်ကို ပေါင်း၍ သံဃာတော် ၂၀-ခန့် ဘုဉ်းပေးလောက်အောင် ကြွာရွက်နု ကြွာရွက်ဖူးတို့ကို ဓားနှင့်လှီးစင်းကာ ဆွမ်းနှင့်ရောနှော ကြိုချက်ပြီးမှ သံဃာအားလုံးဝေငှ၍ သုံးဆောင်ကြ၍ စာတက်ကြရကုန်၏။ အရှင်မေဓိယ ဓဇသည်လည်း အမျှားနည်းတူ အဆင်းရဲခံ ဖြစ်သလို စားသောက်တော်မူ၍ ပညာတတ်ရေး ရှေးရှုကာ မျှတတော်မူခဲ့လေသည်။

သာယာဝတီမင်းသား၊ ပြည်မြို့စား မင်းသားတို့ ဆရာတော်ထံ ပညာသင်

ဆရာတော်ကလေး အရှင်မေဓာလင်္ကာရ၏ သတင်းကုဏ်ကြောင့် မင်းမျိုးမင်းဆွေတို့ ချဉ်းကပ်၍ ပြဿနာမေးကြ ပညာသင်ကြကုန်၏။ ဘကြီးတော် ဖလ်နန်းရှင်၏ ညီတော်သာယာဝတီ မင်းသားသည် လည်းကောင်း သားတော်ပြည်မြို့စားမင်း မဟာသီဟသူရဓမ္မရာဇာဘွဲ့ခံ မောင်ဘေပုသည်လည်းကောင်း ဆရာတော် အရှင်မေဓာလင်္ကာရထံ ချဉ်းကပ် ပညာသင်ကြကုန်၏။

သဲအင်းတိုက်၌ စာပေချပို့ခြင်း

သဲအင်းဆရာတော်ထံ ပညာသင်ရင်း ၎င်းပညာသင်ကြားတတ် မြောက်ပြီးသော အခါတွင် ၎င်းသဲအင်းတိုက်၌ တပည့်တပန်း ရဟန်း သာမဏေတို့အား လည်း စာပေပို့ချတော်မူခဲ့လေသည်။

ညောင်ကန်ရွာ ရတနာမဉ္ဇူကျောင်းတိုက်၌စာချခြင်း

သိက္ခာဝါ ၂၀-ကျော်အရွယ်တွင် အင်းဝမြို့ သဲအင်းတိုက်မှ ညောင်ကန်ရွာပြန်ကြွတော်မူခဲ့ပြီး ညောင်ကန်ရွာ ရတနာမဉ္ဇူတိုက်ဝယ် ဆရာရင်း ဦးမုနိန္ဒကျောင်းတွင် သီတင်းသုံးတော်မူ၍ ရဟန်းသာမဏေတို့အား နေ့ဝါညဝါ စာဝါများကို ပို့ချတော်မူ၍ သာသနာ့ဝန်ကို

ထမ်းဆောင်မူခဲ့လေသည်။ ထိုစဉ်က ရတနာမဉ္ဇူတိုက်၌ သံဃာတော် ရဝ-ကျော်ရှိသည်ဟု အဆိုရှိလေသည်။

ဗေဒင်ကျမ်းများတတ်မြောက်ခြင်း

ဆရာတော်သည် ဗေဒင်ကျမ်းဂန်တို့၌လည်း ကျွမ်းကျင်တတ်မြောက် သည်ဟု ကြားဘူး၏။ မင်းတုန်းမင်းတရားကြီး၏ မြောက်နှန်းမတော် မိဖုရားဖြစ်သည့် မည္ဆန့်သည် ငယ်စဉ်က ဆရာတော်ထံ ပညာသင် ကြားဘူးသတတ် ဆရာတော်က ကြီးလျှင်မိဖုရားဖြစ်လိမ့်မည်ဟု လည်း ဗေဒင်ဟောကြားခဲ့သည်ဟု ကြားဘူး၏။

ကျောင်းဆောက်တင်လှူ

သက္ကရာဇ် ၁၁၉၀-ကျော်တွင် ညောင်ကန်ရွာ ရတနာမဉ္ဇူတိုက်၌ စာပေချဖို့စဉ် မင်းတုန်းမင်းတရား၏ မြောက်နှန်းမတော်မိဖုရား လောင်းလှာ ဒေါ်ညွန့်သည် ကွန်းသုံးဆင့်စမြင့်ခံ အမိုးဘုံလေးထပ်ရှိ ကျောင်းကြီးကို ဆောက်လုပ်၍ ဆရာတော်အရှင်မေဓိယဓဇအား တင်လှူခဲ့လေသည်။

အမရပူရမြို့တော်သို့ကြွတော်မူခြင်း

သက္ကရာဇ် ၁၁၉၉-ခုနှစ် ကဆုန်လဆုတ် ၁၂-ရက်နေ့တွင် ဘကြီးတော်ဖလန်းရှင် နန်းကျ၍ ညီတော်သာယာဝတီမင်းသား အင်းဝမြို့၌ နန်းတက်လေသည်။ ၁၂၀၀-ပြည့်နှစ်ကစ၍ အမရပူရမြို့သို့ ပြောင်းရွှေ့ စိုးစံတော်မူခဲ့လေသည်။ သာယာဝတီမင်းတရားသည် မိဖိုဆရာ ဖြစ်သော အရှင်မေတလင်္ကာရကို အမရပူရမြို့သို့ ကြွရောက်သီတင်းသုံးရန် ပင့်လျှောက်လေသည်။ ယင်းသို့ပင့်လျှောက်ချက်အရ သီကျွာ ၃၁-ဝါရှိရာ ၁၂၀၀-ခုနှစ်တွင် အမရပူရမြို့တော်သို့ ကြွရောက်သီတင်းသုံးတော် မူခဲ့လေသည်။

ပြည်မြို့စား မင်းသားကိုးကွယ်သဖြင့် ပြည်ဆရာတော်ဟုတွင်ခြင်း

ပြည်မြို့စားမင်း ဦးဘေပုသည် အမရပူရမြို့တော် အရှေ့တောင်ထောင့်အရပ်တွင် စကြာနှစ်ဆောင်ပြိုင် စမြင့် ၄-မျက်နှာ ရွှေဗိန်းချကျောင်းတော်ကြီး ဆောက်လုပ်စေပြီး အရှင်မေဓာလင်္ကာရအား တင်လှူကိုးကွယ်ခဲ့လေသည်။ ယင်းသို့ ပြည်မြို့စားမင်းက ကိုးကွယ်သဖြင့် ပြည်ဆရာတော်ဟု ယခုတိုင်ထင်ရှားလေသည်။

ပြည်နဂရဘောဇကေန၊ မာနိတော သက္ကတော ဟိ သော။
တေန ပြည်ဆရာတော် ဣတိ၊ အဓုနာပိ ပဝတ္တတိ။

ပြည်ဆရာတော်၏ ဋီကာကျော်နိသျ ပုံနှိပ်ခြင်းနိဂုံး၌လည်း -

မဂဓသဘော ဗောဓောဒဓိ ပါဋိအနက်ပြန် ရွာညောင်ကန်၌ ပဋိသန်ဇာတ် ဖွားမြင်လတ်သည့် စာတတ်အကျော် ဆရာတော်ကို တေဇော်ဘုန်းရောင် နေနှုန်းပြောင်သည့် ကုန်းဘောင်မင်းဖျား လောင်းဘုရားမှ ဆင့်ပွားညွှန့်ညှောက် ရှစ်ဆက်မြောက်သည့် ရှေ့မှောက်ဘုရင် ရွှေနန်းရှင်၏ ရွှေရင်တော်ဘွား ပြည်မင်းသားက ဘုရားတဆူ တလုံးဂူသို့ ကြည်ဖြူဆက်သွယ် စ,ကိုးကွယ်၏ '' စသည်ဖြင့် လာရှိလေသည်။

မေဓာလင်္ကာရ ပရမသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု

သာယာဝတီမင်းတရားကလည်း '' မေဓာလင်္ကာရပရမ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို လေးမြတ်ကြည်ဖြူ ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။ ဆရာတော်သည် အမရပူရမြို့ ပြည်တိုက်၌ စာပေချပို့၍ သီတင်းသုံးတော်မူရာ ထိုစဉ်က အမရပူရမြို့ ပြည်တိုက်၌ သံဃာတော် ၈၀၀-ခန့် ရှိသည်ဟု ဆိုကြလေသည်။

စာပေလည်းချ တရားလည်းဟော ရသမျှလှူဒါန်း

ဆရာတော်သည် စာပေလည်းအမြဲနိစ္စချပို့တော်မူ၏။ အလှူအတန်း ဆွမ်းစဉ် ရိတ်ရွတ်ပင့်လျှင်လည်း ဒကာ၊ ဒကာမတို့ကို

ငဲ့ညှာ၍ ကြွလိုက်တော်မူလေ့ရှိသည်။ အလှူအတန်းမှ ရလာသော ပစ္စည်းဝတ္ထု၊ ပဒေသာပင်စသည်တို့ကို တိုက်သံဃာအား မဲချလှူဒါန်း လေ့ရှိတော်မူသည်။

မန္တလေးမြို့ ယာယီကျောင်း၌ သီတင်းသုံးခြင်း

မင်းတုန်းမင်းတရားကြီးသည် ရတနာပုံမန္တလေးမြို့ကို အသစ် တည်ထောင်၍ စံနေတော်မူမည်ဖြစ်ရာ ဆရာတော် သံဃာတော် များကိုလည်း ''နှစ်သက်တော်မူပါက မန္တလေးမြို့တော်သို့ ပြောင်းရွှေ့ နေထိုင် သီတင်းသုံးတော်မူရန် ဒကာတော်ကပင် သင့်သလိုကျောင်းဒါယကာ ခံမည်ဖြစ်ကြောင်း'' အမရပူရမြို့၌ သီတင်းသုံးတော်မူကြသော ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ, မရ ကျမ်းဂန်တတ်ဆရာတော်တို့အား ၁၂၁၉-ခုနှစ်တွင် လျှောက်ထားသဖြင့် ပြည်ဆရာတော်ဘုရားကြီးသည် မန္တလေးတောင်ခြေ အနောက်ဖက် မဏ္ဍာလာရာမတိုက်တော်ကြီးတွင် ယာယီကျောင်းဖြင့် သီတင်းသုံးတော်မူခဲ့လေသည်။

ကျောင်းရုံနှစ်ဆယ်နှင့် လေးထပ်စမြင့်ခံ ကျောင်းကြီးအလှူခံခြင်း

သက္ကရာဇ် ၁၂၀၀-ပြည့်နှစ်ကစ၍ မြောက်နန်းမတော် မိဖုရားကြီး ''သုသီရိပဘာ မဟာရဇနာ မင်္ဂလာဒေဝီ''သည် ၄-ထပ် စမြင့်ခံ မာရဘင်ဆီး ဦးကင် ရာဇပလ္လင်ပါရှိသည့်, ရွှေကျောင်းတော်ကြီးကို ကျောင်းရုံ ၂၀-နှင့်တကွ ကုသိုလ်တော်ပွားဆောက်လုပ်စေပြီး ၁၂၀၃-ခုနှစ်တွင် ''မေဓာလင်္ကာရပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ် တော်ရ ပြည်ဆရာတော် ဘုရားကြီးအား ရေစက်ချတင်လှူတော်မူခဲ့ လေသည်။

မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု

မင်းတုန်းမင်းတရားကြီးသည် ပြည်ဆရာတော် ဘုရားကြီးအား ''မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ် တော်ကိုလည်း လေးပြတ်ကြည့်သို့ ဆက်ကပ်လှူဒါန်းတော် မူခဲ့လေသည်။

မြောက်နှန်းမိဖုရားကြီး သိမ်,အမအဖြစ် ခံယူခြင်း

မြောက်နှန်းမတော်မိဖုရားကြီးသည် ကျောင်းဒါယိကာမ၊ ကျောင်းတိုက်ဒါယိကာမ အဖြစ်သာ ခံယူသည်မဟုတ်သေး သိမ်ဒါယကာအဖြစ်လည်း ခံယူတော်မူခဲ့လေသည်။ မဏ္ဍလာရာမတိုက်အတွင်း သိမ်သမုတ်စဉ် ပင့်သံယာတို့အား ဆွမ်းစသည်ဝတ်ပြုခြင်း၊ လှူဒါန်းဖွယ်တို့ကို လှူဒါန်းခြင်း၊ သိမ်အဆောက်အဦလှူဒါန်းခြင်း စသည်တို့ဖြင့် သိမ်ဒါယိကာမကြီးအဖြစ်လည်း အစလသဒ္ဒါဖြင့် ခံယူတော်မူခဲ့လေသည်။ ယင်းသိမ်သည် ''**ဓမ္မမဏ္ဍ**သိမ်'' မည်လေသည်။

ဓမ္မမဏ္ဍသိမ်ကျောက်စာ

ဓမ္မမဏ္ဍကျောက်စာမှာ ဤသို့တည်း -

ရွှေမြို့တော်မှ ဇေယျအရပ် မန္တလေးတောင်မှ နရပတိအရပ် ''မေဓာဘိဝံသ သဒ္ဓမ္မဇဂ မဟာဓမ္မ ရာဇာဓိရာဇဂုရု'' တံဆိပ်တော်ရှိသော ဆရာတော်သီတင်းသုံးနေသော ကိုးကွယ်တော်မူသည့် တိုက်တော်အတွင်း သာယာညီညွတ်သော မြေအပြင်တွင် အဆန်းအထူးကြိုးဖူး၊ ကြိုးမြှောင် စိန်တောင်၊ စိန်ပွင့်အဆင့်ဆင့် နိမ့်၊ မြင့်၊ ကြီး၊ ငယ် ရစ်သွယ်ရှက်ထွေး ပြောက်နုပြောက်သေး ကြေးထွေးတုရင် မွမ်းဖျင်စေ့စပ် ဘုံခုနှစ်ထပ် ဖာလ်တပ်မှန်တပ် သပ်ယပ်သေခွေ ဥပဒေထုံးဟောင်း မပြောင်းမလွဲ နည်းကွဲမရှိ သိကြားပြုသို့ သိမ်ပြာသာဒ်တော်ကို ကောဇာသက္ကရာဇ် ၁၂၁၉-ခု တန်ခူးလဆုတ် ၁၄-ရက် စနေနေ့တွင် သမုတ်သည်။

ကောဇာသက္ကရာဇ် ၁၂၂၀-ပြည့် တပေါင်းလပြည့်ကျော် ၁-ရက် နေ့ ပရိသတ်မင်းပြင်ရှေ့တွင် ခင်းကျင်းလင့်သောမာန်ဖြင့် လှူဒါန်းကောင်းမှုပြုတော်မူသည်။

ပါဠို၊ အဋ္ဌကထာ၊ ဋီကာပို့ချသာသနာပြု

ပြည်ဆရာတော်ဘုရားကြီးသည် မဏ္ဍလာရာမကျောင်း တိုက်ကြီးဌာနကြာမြင့်စွာသီတင်း သုံးတော်မူ၍ ရောက်ရှိမှီခို ပညာသင်ကြသော တပည့်တပန်း ရဟန်းသာမဏေတို့အား ပါဠို၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာတို့ကို ချပို့၍လည်း ပရိယတ္တိသာသနာကို စွမ်းစွမ်းတမန်ပြုတော်မူခဲ့လေသည်

မဟာဇောတိကာရာမတိုက်တင်လှူခြင်းခံရခြင်း

၁၂၂၅–ခုနှစ်တွင် မင်းတုန်းမင်းတရားသည် မဟာဇောတိကာရာမတိုက် ဆရာတော် ဦးစန္ဒိမာ ပျံလွန်တော်မူသဖြင့် မဟာဇောတိကာရာမတိုက်ကြီးကို စောင့်ရှောက်ထိန်းသိမ်းပါရန် လွှဲအပ်တင်လှူတော်မူခဲ့လေသည်။

ကျမ်းဂန်များစွာပြုစုခြင်း

ပြည်ဆရာတော်ဘုရားကြီးသည် စာပေချပို့၍ သာသနာ ပြုခဲ့သည့်သာ မဟုတ်သေး ကျမ်းဂန် များစွာတို့ကို ရေး၍သည်း သာသနာပြုတော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ သဒ္ဒတ္ထဘေဒစိန္တာနိသျ
၂။ သမ္ဗန္ဓစိန္တာနိသျ
၃။ ကစ္စာယနသာရနိသျ
၄။ ကစ္စာယနသာရ သရူပတ္ထဒီပနီ
၅။ ပါဌဇာတ်ပါဠိတော်နိသျ
၆။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိသျ
၇။ အဋ္ဌသာလ်နီအဋ္ဌကထာနိသျ
၈။ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိသျ
၉။ သဋ္ဌာယတနဝဂ္ဂသံယုတ်အဋ္ဌကထာနိသျ
၁၀။ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာနိသျ
၁၁။ ဋီကာကျော်နိသျ
၁၂။ ဓာတုမာလာလက်သန်းပါဠိနိသျ
၁၃။ ခန္ဓဝိဘာဝိနီဋီကာပါဌ် စသည်ကို့ဖြစ်ကုန်၏။

သမ္ဗန္ဓစိန္တာနိသျ

ဆရာတော်ဘုရားကြီးသည် သမ္ဗန္ဓစိန္တာနိသျကိုလည်း မကျဉ်းမကျယ်သော အဆုံးအဖြတ်တို့ဖြင့် တန်ဆာဆင်၍ ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

ဝတ္ထုတ္တယံ နမဿိတွာ၊ တိဘဝါဘိနတာရဟံ။
သမ္မန္ဓစိန္တတ္ထဒီပနီ၊ ကဿံ သောတုဟိတာယ စ။

ဟူသော ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

စကားပြေလင်္ကာဖြင့်လည်း ဂန္ထာရမ္ဘပြုခဲ့

ဆရာတော်ဘုရားကြီးသည် လူနတ်ဗြဟ္မာ သုံးရွာသားတို့ နှစ်လိုကြည်နူး ဦးတိုက်ခိုက်၍ ချမ်းသာစေလို လွေ့လွေ့များများ သွားသွားကြက လိုတိုင်းရသည့် ပုညအခင်း သန့်ရှင်းပေါင်းမြက် ခွန်ထွက်သန်သန် လယ်ကောင်းမှန်သည် သုံးတန်ရတန ဘက်မရလို ဝမ်းကနှစ်သိမ့် ပီတိစိမ့်လျက် မြိန့်ဆိမ့်စေတနာ ဦးခိုက်ပါ၏ သဒ္ဓါဆပွား ထပ်မနားလျှင် ဘုရားဘုရား မြွက်စကားဖြင့် ပြားပြားတုံ့ဝပ် စပ်စပ်လက်ချ ဦးညွှတ်ခ၍ သမ္မန္ဓစိန္တာ သဒ္ဒါငယ်ကျမ်း နက်ကျယ်ဝှမ်း၏ စွဲလမ်းအနက် ဓိပ္ပါယ်ချက်ကို မဝှက်မကွယ် မကျယ်လှစွာ လိုရင်းသာလျှင် ပညာစက်သွား သံလျက်ဓါးဖြင့် လွှားလွှားပိုင်းဖြတ် မခက်တတ်အောင် မြတ်ပြန်သေချာ စွဲစိတ်ဖြာ၍ ပြရာပြကြောင်း ကျမ်းပေါင်းအဆီ ဒီပနီကို ဂါဝီရသ ဖြင်းဖြင်း ချသို့ မငသဒ္ဒါ နုသေးစွာသား ပညာလိုလား စာသင်သားတို့ မှတ်သားထေ့ ထေ့ တစေ့စေ့လျှင် လွေ့လွေ့သရဇ္ဈယ် ဉာဏ်ဖြင့်နယ်က အသွယ်အသွယ် ရလွယ်ပယောင် သဒ္ဒါငံ၍ မလျှံထက်မြိုက် ထိုးလှည့်ရိုက်သို့ သင်ထိုက် ကျမ်းဂန် တတ်ကြေပွန်မူ သုံးတန်အောင်မြို့ ထွန်းလင်းတို့လိမ့် ဤသို့ လည်းရည် ငါမထေရ်သည် ရွှင်ကြည်ဇောပြေး ကရဏာရှေး၍ ရေးသားစီရင် ပေအံ့'' ဟူသောစကားပြေ လင်္ကာဖြင့်လည်း ဂန္ထာရမ္ဘ ထပ်မံပြုတော်မူခဲ့ လေသည်။

ပြည်ဆရာတော်ဘွဲ့ရင်းအရှင်မေဓိယဓဇ

ပြည်ဆရာတော်ဘုရားကြီး၏ ဘွဲ့တော်အရင်းမှာ အရှင် မေဓိယဓဇဖြစ်လေသည်။ယင်းသို့ဖြစ်ကြောင်း''မေဓိယဓဇောတိ = မေဓိယဓဇဟူ၍။ ဂရူဟိ=ဆရာကျော်တို့သည်။ ဂဟိတနာမေဓေယျန= မှည့်ခေါ်အပ်သော အမည်ရှိသော'' [၁]ဟူသည့် သမ္မန္ဓစိန္တာနိဂုံး စကားစသည် တို့ဖြင့် သိသာလေသည်။

၁။ သဒ္ဒါငယ် ၁၅-စောင်နိသျ။၄၂၆-နှာ။

ကစ္စာယနသာရနိသျနှင့်ကစ္စာယနသာရသရူပတ္ထဒီပနီ

ပြည်ဆရာတော်ဘုရားကြီးသည် ကစ္စာယနသာရပါဠိ၏ နိသျနှင့်(ကစ္စာယနသာရသရုပ်ပြ) ကစ္စာယနသာရသရူပတ္ထဒီပနီကျမ်းကိုလည်း တပေါင်းတည်းပြု၍ ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌–

သိဒ္ဓံ သိယံ သမာရဒ္ဓံ၊ နမော ဗုဒ္ဓါယ သာဒရံ။
ဇိနစက္ကံ စိရံ ဌာတံ၊ ဣဒ္ဓံ ဖီတံ သုနိမ္မလံ။
သဏ္ဏေသွခလိတဗ္ဗေဓံ၊ ပရပ္ပဝါဒမဒ္ဒနံ။
ပါရဂုံ သဒ္ဒါဘေဒါနံ၊ သာရဒဿီ နမေ ဇိနံ။

သဏ္ဏေသု= သိမ်မွေ့စွာသော သစ္စာ,ပစ္စယာကာရစသော တရားတို့၌။ အခလိတဗ္ဗေဓံ= ဝဇိရစိန် ချိန်၍လွှတ်သို့ ချွတ်သည်မရှိ ထိုးထွင်း၍သိနိုင်ထသော။ ပရပ္ပဝါဒမဒ္ဒနံ= သူတပါးတို့၏ အထွေထွေသော မိစ္ဆာအယူကို လွယ်ကူနိုင်နင်းတော်မူနိုင်ထသော။ သဒ္ဒဘေဒါနံ= သဒ္ဒါအထူးအပြား တို့၏။ ပါရဂုံ= ကမ်းတဖက်သို့ ရောက်တော်မူထသော။ သာရဒဿီ= အနှစ်ကိုမြင်လေ့ရှိထသော။ ဇိနံ=မြတ်စွာဘုရားကို။ နမေ= ရှိခိုးပါ၏'' ဟူသော၂–ဂါထာအနက်ဖြင့် ဂန္တာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း ပြည့်စုံစွာဖေါ်ပြ နိဂုံးအုပ်တော်မူခဲ့လေသည်။

ဤကစ္စာယနသာရနိသျနှင့် ကစ္စာယနသာရ သရူပတ္ထဒီပနီ ကျမ်းပြီးစီးချိန်မှာ သက္ကရာဇ် ၁၁၉၉–ခုတော်သလင်း လဆုတ် ၇–ရက်နေ့က ဖြစ်လေသည်။ ယင်းကျမ်းမှာ ဒီမိုင်းဆိုက် ၂၄၆–မျက်နှာရှိလေသည်။

ပါဌဇာတ်ပါဠိတော်နိသျ

ပါဌဇာတ်ပါဠိတော်နိသျကိုလည်း မိုင်းခိုင်းမြို့စား သံတော်ဆင့် အမတ်နှင့် ဒိသာပါမောက္ခဟု ထင်ရှားသော ကေရာဇ်မင်းဆရာတို့ တောင်းပန်သဖြင့် ရေးသားစီရင်တော်မူခဲ့လေသည်။ ဆရာတော်သည် ကျမ်းဦး၌–

ဇာတိကောဋ္ဌိသဟသေဟိ၊ ပမာဏရဟိတံ ဟိတံ။
လောကဿ လောကနာထေန၊ ကတံ ယေန မဟေသိနာ။
တဿ ပါဒေ နမဿိတွာ၊ ကတွာ ဓမ္မဿစဋ္ဌလီ။
သံဃဉ္စ ပဋ္ဌိမာနေတွာ၊ သဗ္ဗသမ္မာနဘာဇနံ။

နမဿနာဒိနော အဿ၊ ပုညဿ ရတနတ္တယေ။
ပဝတ္တာဿာနုဘာဝေန၊ ဆေတ္ဝာ သဗ္ဗေ ဥပဒ္ဒဝေ။

အစရှိသော ၁၀-ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းဇာတ်ပါဠိတော်နိဿျမှာ လွန်စွာကောင်းမွန်သည်၊ ဝတ္ထုကြောင်းအကျဉ်းကိုလည်း ဖေါ်ပြထား၏။ ဇာတ်ပါဠိတော် ဂါထာအားလုံးကိုလည်း ကျန သေချာစွာ အနက်ယောဇနာထားရာ စာပြုစာဆိုပုဂ္ဂိုလ်တို့ အလိုရှိ အပ်သော ကျမ်းစာကောင်း ကောန်စင်စစ်တည်း။ ယင်းကျမ်းကြီးမှာ စာမျက်နှာ၄၀၀-ကျော်စီရှိ ပ-ဒု-တ-စ လေးတွဲရှိလေသည်။ ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်တိုက်က သက္ကရာဇ် ၁၂၆၉-ခုနှစ်က ပဌမတွဲကို စတင် ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿျ

ပြည်ဆရာတော်ဘုရားကြီးသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၏ မှီရာအနက် မြန်မာပြန်နိဿျကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ နောက်နောင် ဝိသုဒ္ဓိမဂ်နှင့်စပ်သော ကျမ်းစာဟူသမျှသည် ပြည်ဆရာတော်ဘုရားကြီး၏ နိဿျကိုမှီရသည်ချည်းသာများကုန်၏။ ယင်းနိဿျကြီးမှာ မူလကပေနှင့်သာ တည်ရှိခဲ့လေသည်။ နောက်တွင်ပုံနှိပ်လုပ်ဆောင်ကြရာ ပ-ဒု-တ-စ-မ ငါးတွဲရှိလေသည် တတွဲလျှင်စာမျက်နှာ ၅၀၀-ခန့်ရှိလေသည်။ ကျမ်းဦးဌ်-

သိဒ္ဓံ သိဃံ သမာရဒ္ဓံ၊ နမော ဗုဒ္ဓါယ သာဒရံ။
ဇိနစက္ကံ စိရံ ဌာတု၊ က္ကဒ္ဓံ ဖီတံ သုနီမ္မလံ။
ဝိသုဒ္ဓိဒါယကံ ဗုဒ္ဓံ၊ မဂ္ဂါမဂ္ဂဿ ကောဝိဒံ။
ဝိသုဒ္ဓိပါပကံ ဓမ္မံ၊ နမေ သံဃံ ဝိသုဒ္ဓိဂံ။
ဝတ္ထုတ္တယံ နမဿိက္ခာ၊ ဝိသုဒ္ဓိမဂ္ဂနိဿယံ။
ကရိဿံ တရုပန္ဒီနံ၊ ကုလပုတ္တာန နိဿယံ။

ဟူသော ၃-ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းဝိသုဒ္ဓိမဂ် အဋ္ဌကထာနိဿျ အဆုံးဌ်လည်း-

ယေ နန္တာတန္တာမန္တာယ၊ မန္တာနေရှ သုဗုဒ္ဓိယာ။
လဒ္ဓါ ကျွတိ မတာသာရာ၊ သုခိတာ သုခယန္တိ စ။

စသောဂါထာ၊ စုဏ္ဏိယတို့ဖြင့် ကျယ်ဝန်းပြည်စုံစွာ နိဂုံးအုပ်တော်မူခဲ့လေသည်၊ ၎င်းပြင် ကျမ်းစာရေးရသော ကောင်းမှုနှင့် အခြားကောင်းမှုအစုစုကြောင့် အနုတ္တရအစစ် သဗ္ဗညု ဘုရားဖြစ်ရလိုကြောင်း–

သပရတ္ထကောဝိဒေါဟံ၊ စရန္တော ဗောဓိယာစကံ။
သဗ္ဗညုတံ ဝရံ ပတ္ထော၊ တာရေမိ ဇနတံ ဗဟုံ။

အဟံ၊ ငါမူကား၊ သပရတ္ထကောဝိဒေါ၊ မဟာသေနက ဝိဓူရ ပညာရှင်သို့ မိမိစီးပွားဌ ရေးခြားလိမ္မာသည်ဖြစ်၍။ ဗောဓိပါစကံ၊ အရဟာတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ်သော ပါရမီစာဂ စရိယကို။ စရန္တော၊ မဆုတ်မနစ်ကျင့်နိုင်သည်ဖြစ်၍။ သဗ္ဗညုတံဝရံပတ္ထော၊ သဗ္ဗညုတဉာဏ်သို့ ရောက်လတ်၍။ ဇနတံဗဟုံ၊ သြဃလေးဖြာ ဗလဝါမုခ် ရည်ထုတ်ဒီမှုန် ရေအဟုန်ဖြင့် ပျက်ကုန်တန်တန် အားမသန်သား မကျန် ပြောထူ ဘော်သုံးလူကို။ တာရေမိ၊ ဆယ်ယူကယ်တင်ရလိုဇ်။ ဟူသော စကားဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်။

အဋ္ဌသာလိနီအဋ္ဌကထာနိဿျ

အဋ္ဌသာလိနီအဋ္ဌကထာနိဿျကိုလည်း မန္တလေးမြို့ မန္တလေးတောင် အနောက်ဖက်၌ ထင်ရှားခဲ့ဘူးသော မဏ္ဍလာရာမတိုက်၌ သီတင်းသုံးတော်မူစဉ် ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းနိဿျမှာလည်း ရွှေဆိုက် စာမျက်နှာ ၄၀၀–ကျော်၊ ၅၀၀–ကျော်ရှိ ပ၊ဒု၊တ–သုံးတွဲ ရှိလေသည်။ ကျမ်းဦး၌ –

ဇိနေန္ဒြမတ္ထေဘသကုမ္ဘစာရိနီ။
ဇိနောရသာနံ မုခပက်ဇာလိနီ။
သွရသတိ မေ မုခဂဗ္ဘေ ဂဗ္ဘိနီ။
ရမတွနာယာသာ သဒတ္ထသူဒနီ။

ဟူသော ဇိနာလင်္ကာရစာကိုယ် ဂန္ထာရမ္ဘဂါထာကို အောက်ပါအတိုင်း အနက်ယောဇနာ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ဇိနေန္ဒြမတ္တေဘသကုမ္ဘစာရိနီ၊ ငါးပါးမာရ်ကို အောင်တော်မူပြီး သည်ဖြစ်၍ လောကသုံးပါး၌ အစိုးရတော်မူသော ရှစ်ပါးသော ပရိသတ်တို့၏ အလယ်ဖြစ်၍ လောကသုံးပါး၌ အစိုးရသော ရှစ်ပါးသော ပရိသတ်တို့၏အလယ်၌ ရဲရင့်သည်ဖြစ်၍ အမုန်ယစ်သော ဆဒ္ဒန်ဆင်မင်းနှင့်

တူတော်မူသော မြတ်စွာဘုရား၏ ပါးစောင်နှစ်ဖက်မှ ဆင်းသက်လျှာ၍ အသောက်ယိုစီးသော ဆင်မုန်နှင့်တူသော မကြောက်မရွံ့ လုံမစောက်ဆိုအပ်သော စကားတော်သံ၌ဖြစ်ခြင်း အလေ့ရှိတော်မူထသော။ ဇိနောရသာနံ၊ ငါးမာရ်အောင်မြင် သုံးလူ့ရှင်၏ ရွှေရင်တော်နှစ် သားရင်းအစစ် ဖြစ်တော်မူကုန်သော အရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပအစရှိကုန်သော အရှင်မြတ်တို့၏။ မုခပက်ဇာလိနီ၊ ခံတွင်းတော်တည်းဟူသော ပုဏ္ဏာရိုက်ကြာတိုက်၌နေလျက် ပန်းရက်အရသာကို ယူဆောင်တတ်သော ပိတုန်းနှင့်တူသည့် တမူလည်း ဖြစ်ထသော။ ဂဇ္ဇိနီ၊ မြတ်စွာဘုရား၏ စကားတော်သံတည်းဟူသော နတ်ယောက်ျားနှင့် ပေါင်းမိခြင်းကြောင့် ယူအပ်သော နိယတ် နိတတ်အစရှိသော မြတ်သောအနက်တည်းဟူသော သားကောင်းရတနာဖွားခါနီး ကိုယ်ဝန်ရှိထသော။ သွရသတီ၊ သူရသတီနတ်သမီးတည်းဟူသော ပိဋ္ဌကတ်သုံးပုံသည်။ ဝါ– ပိဋ္ဌကတ်သုံးပုံတည်းဟူသော သူရသီ နတ်သမီးသည်။ အနာယာသာ ၊ငြိုငြင်ပင်ပန်းခြင်းမရှိသည်ဖြစ်၍။ မေ၊ငါ၏။ မုခဂဇ္ဇော၊ ခံတွင်းတည်းဟူသော ပုဏ္ဏာရိုက်ကြာတိုက်၌ ။ ဝါ – ပုဏ္ဏာရိုက်ကြာတိုက် တည်းဟူသော ခံတွင်း၌။ သဒတ္ထသူဒနီ၊ မိမိ၏နိယတ်၊ နိတတ်အစရှိသော မြတ်သောအနက်တည်းဟူသော ရွှေတုန်းရွှေခဲ သားရတနာကို ကောင်းစွာဖွားလျက်။ ရမတု၊ မွေ့လျော်ပါလှည့်။

ပြည်ဆရာတော်ဘုရားကြီးအား နက်နဲသောပညာဉာဏ် ရှိတော်မူ၏။ ဆရာတော်အနက် မထင်သောပါဠိ စကားဝါကျ၊ ဂါထာဟူ၍ ရှိမည်မဟုတ်ပါချေ။

နိဂုံးသီးခြားမရေးဘဲ

အဋ္ဌသာလိနီအဋ္ဌကထာ နိဿအဆုံး၌ တခမ်းတနားနိဂုံး အုပ်တော်မမူတော့ချေ။ ကျမ်းအဆုံး၌ မန္တလေးရတနာပုံမြို့တည် နန်းတည် ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားလက်ထက် မဏ္ဍလာရာမတိုက်အတွင်း သီတင်းသုံးနေပျော်သော ပြည်ဆရာတော်ဘုရားကြီးသည် စီရင်ရေးသားအပ်သော အဋ္ဌသာလိနီအဋ္ဌကထာနိဿသစ်ကား ဤမျှလောက်သော စကားအစဉ်ဖြင့် အောင်မြင်ပြီးဆုံးပြီဟူ၍ တွေ့ရှိ ရလေသည်။ ယင်းစကားလည်း ပြည်ဆရာတော်ကြီးရေးသားသည့် စကားဟုတ်ဟန်မတူပါချေ။

သံယုတ်အဋ္ဌကထာနိဿျများ

သံယုတ်အဋ္ဌကထာမှာ ငါးကျမ်းရှိလေသည်။ ယင်းကျမ်း အနက် သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာနှင့် နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ၏ မှီရာနိဿျကို ခင်မကန်ဆရာတော်အရှင်မဏိဇောတထေရ် ရေးသား စီရင်တော်မူခဲ့လေသည်။ ကျန်ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနှင့် သဠာယတန ဝဂ္ဂသံယုတ်အဋ္ဌကထာ၊ မဟာဝဂ္ဂသံယုတ်အဋ္ဌကထာတို့၏ မှီရာနိဿျကို ပြည်ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းနိဿျတို့မှာလည်း နိဿျကောင်းတို့သာတည်း။ သို့ရာတွင် ပေမူဖြင့်သာ အနည်းငယ်တည်ရှိခဲ့လေသည်။

ဋီကာကျော်နိဿျ

ပြည်ဆရာတော်ဘုရားကြီးသည် အဘိဓမ္မတ္ထဝိဘာဝိနီ မည်သော ဋီကာကျော်ပါဠိ၏အနက် မြန်မာပြန်နိဿျကိုလည်း အဆန်းတကျယ် ရေးသား စီရင်တော်မူခဲ့လေသည်။

ကျမ်းဦးဠှ–

သေဋ္ဌော ဇေဋ္ဌော တိလောကဿ၊ ဝသဝတ္တိရုစိသဿရော။
နိပ္ပါဒကော ယထာကာမံ၊ ဆန္ဒံ ပုရေတု မေ ဇိနော။
နမတ္ထာနန္တဉာဏဿ၊ သဒ္ဓမ္မစက္ကဝတ္တိနော။
ဂုဏောဃပရိပုဏ္ဏဿ၊ ဝန္တသံသာရစာရိနော။

ဟူသော ၂–ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံးဠှ ဆရာတော်ကိုယ်တိုင်ရေး နိဂုံးစကား မပါရှိချေ။ ပုံနှိပ်ခြင်း နိဂုံးကိုသာလျှင် “ မှတ်လော့နောက်နောင် သံပိုင်းထောင်ပိမ့် ဘုန်းရောင်လျှံပတ် မင်းမန္တတ်၏။” စသည်ဖြင့် စကားပြေလင်္ကာကြီးကိုသာ ဖတ်ရှုရလေသည်။ ယင်းနိဿျကြီးမှာ ရှိုင်ဆိုက်စာမျက်နှာ ၆၀၀–ကျော်ရှိလေသည်။

စာတုမာလာလက်သန်းပါဠိနိသျနှင့် ခန္ဓဝိဘာဝိနီဋီကာပါဠိ

ယင်းကျမ်းကို ၁၂၁၃–ခုနှစ်က ရေးသားစီရင်တော်မူခဲ့လေလည်။ ယင်းမှာ နှုတ်ရဆောင်ရန် ကောင်းလှသည့် စာပေမွန်ဖြစ် လေသည်။ ခန္ဓဝိဘာဝိနီဋီကာပါဠိမှာ ပါဠိဘာသာရေး ကျမ်းကောင်းတဆူ ဖြစ်လေသည်။ ၁၂၂၃–ခုနှစ်က ရေးသားစီရင်တော်မူခဲ့ခြင်းဖြစ်သည်။

စာချ၊ ကျမ်းပြုထူးမြတ်သည့်စာဆိုတော်

ပြည်ဆရာတော်ဘုရားကား ထူးမြတ်သည့် စာချကျမ်းပြု ကဝိစာဆိုတော် စစ်မှန်လှပေသည်။ သာသနာတော်၌ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးများစွာ ပေါ်ထွန်းရန်လိုလှပေသည်။

ပျံလွန်တော်မူခြင်း

ယင်းသို့ဖြင့် စာပေချပို့ ကျမ်းဂန်ပြုစုတော်မူ၍ သာသနာပြုတော်မူခဲ့သော ပြည်ဆရာတော်ဘုရားကြီး အရှင်မေဓာလင်္ကာရသည် သက်တော် ၇၅–နှစ် သိက္ခာတော် ၅၅–ဝါရရှိရာ သက္ကရာဇ် ၁၂၂၅–ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃–ရက် စနေနေ့တွင် စုတိကမ္မဇရုပ်ချုပ်ငြိမ်းတော်မူခဲ့လေသည်။

မေဓာဝှယော မဟာထေရော၊ မေဓာဝီ ဓိတိမာ သုဓီ။
သုဓိသာသနံ ဇောတေတွာ၊ ယာတော ဒေဝါနသန္တိကံ။

မိဖုရားကိုယ်တိုင်သင်္ဂြိုဟ်ခြင်း

ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ကဆုန်လဆုတ် ၃-ရက်နေ့တွင် မြောက်နန်းမတော်မိဖုရားကိုယ်တိုင်ထွက်၍ သင်္ဂြိုဟ်တော်မူလေသည်။ အရိုးဓာတ်ကို ခံကုန်းသင်္ချိုင်းအနီး စေတီကြီးတည်၍ ဌာပနာခဲ့ရာ ယခုတိုင်ဖူးမြင်နိုင်လေသည်။

အန္တောကတွာန ထေရသ၊ အဋ္ဌိနိ စေတိယံ ကတံ။
ဥတ္တရဒေဝိယာ တဒါ၊ အဓုနာပိ ပဒိဿတေ။



"ဉာဏာဘိဝံသဇေ မဟာမ္မေရာဇဂုရု"
ဘွဲ့တံဆိပ်တော်ရ အရှင်ဉာဏာဘိဝံသ
တောင်တွင်းဆရာတော်ကလေး

ဆရာတော်သည် တောင်တွင်းကြီး နားတော်ရွာ၌ သက္ကရာဇ် ၁၁၅၁-ခုနှစ် ပြာသိုလဆန်း ၆-ရက် အဂါနေ့တွင် ဖွားမြင် တော်မူခဲ့လေသည်။ ငယ်မည် မောင်ကျော်စံလှဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်

အရွယ်ရောက်သော် ရှင်သာမဏေပြုတော်မူခဲ့လေသည်။ သက်တော် ၂၂-နှစ်တွင် ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဉာဏာဘိဝံသဖြစ်လေသည်။ အင်းဝမြို့ ပဒုံကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ စာပေချပို့တော်မူသော စလင်းဆရာတော် "မ္မောဘိဇေ မဟာမ္မေရာဇဂုရု" ဆရာတော်ထံ ပိဋကတ်ကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

အမရပူရမြို့သို့

နောက်တွင် အမရပူရမြို့သို့ ကြွရောက်တော်မူ၍ မြို့တော် အရှေ့တောင်ထောင့် ခံတောကျောင်းတိုက်အတွင်း ဘကြီးတော်ဦးရွှေခြူး ဆောက်လုပ်တင်လှူသည့် ကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေချပို့၍ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။ တောင်တွင်းကြီး ရောက်ဖြစ်သဖြင့် တောင်တွင်းဆရာတော်ကလေးဟု ထင်ရှားလေသည်။

'ဉာဏာဘိဝံသဇေ မဟာမ္မေရာဇဂုရု'ရရှိခြင်း၊ ပျံလွန်ခြင်း

"ဉာဏာဘိဝံသဇေ မဟာမ္မေရာဇဂုရု" ဘွဲ့တံဆိပ် တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။ သက်တော် ၆၂-နောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဉာဏာဘိပံသထေရော ဟိ၊ ဇိနဝံသမှိပါကဋ္ဌော။
သဝံသံ ပါလယိတွာန၊ ဂတော ဒေဝါသဘံ သုဘံ။

''ဝိရိယာဘိဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ဝိမလဗုဒ္ဓိ (ထီးလင်းဆရာတော်)

ဆရာတော်သည် အနောက်ဖက်တိုက် ပြင်းမရွာ၌ သက္ကရာဇ် ၁၁၅၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော် ဗုဒ္ဓဟူးသားတည်း။ ငယ်မည် မောင်မြတ်ရွှဲဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်

ငယ်စဉ်ကပင် ကျောင်းနေပညာသင်ကြားတော် မူခဲ့လေသည်။ သက်တော် ၁၅-နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ သာမဏော ၆-ဝါရပြီးနောက် သက်တော် ၂၀-တင်းတင်းပြည့်မြောက်သဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရတနာပူရအင်းဝ လောကသယမ္ဘူ အရှေ့ကျောင်းတိုက် သဲအင်းဆရာတော် ဘုရားကြီး အရှင်သူရိယာဘိဝံသထံတွင် ပိဋကတ် ကျမ်းဂန်များကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

သဲအင်းဆရာတော်ကြီး၏ အမိန့်အရ တပည့်တပန်း ရဟန်း သာမဏေတို့အားလည်း စာပေပို့ချတော်မူရလေသည်။

အမရပူရမြို့သို့

သဲအင်းဆရာတော်ဘုရားကြီး အမရပူရမြို့သို့ ကြွရောက် သီတင်း သုံးတော်မူသောအခါ အတူလိုက်ပါ၍ အမရပူရမြို့ အရှေ့မြောက်ထောင့် အောင်မြေဘုံကျောက် ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ စာပေချပို့ တော်မူခဲ့လေသည်။

''ဝိရိယာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်တော်

၁၁၉၉-ခုနှစ် ပဉ္စမဝါဆိုလဆုတ် ၁၃-ရက်နေ့တွင် သာယာဝတီမင်းက သဲအင်းဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသအား သာသနာပိုင်အရာအပ်၍'' သူရိယဝံသာဘိသိရိပဝရာလင်္ကာရမဟာ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'' တံဆိပ်တော်လှူဒါန်းစဉ် ထီးလင်း ဆရာတော် အရှင်ဝိမလဗုဒ္ဓိသည် ''ဝိရိယာဘိဝံသ မဟာဓမ္မရာဇာဓိရာဇဂုရု''

ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

သက်တော် ၆၁- ဝါတော် ၄၁-နောက်တွင် ပျံလွန်တော်မူကြောင်း သိရလေသည်။

အမရပူရမြို့၌ " ဝိရိယဝရ အရိယဝံသမဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ထီးလင်းဆရာတော်နှင့် "သီရိနွာဘိဇောတ ဓမ္မာလင်္ကာရ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်သီရိနွ ထီးလင်း ဆရာတော်တို့ ပေါ်ထွန်းခဲ့ကြကုန်၏။

ထီးလင်း မဟာစရိယော တိ၊ ပသိဒ္ဓါ ထေရသေခရာ။
သာသနံ ဇောတယိတွာန၊ ဂတာ ဒေဝမဟုသ္သဝံ။



ကျောင်းတော်ကြီးတိုက်

တိုက်အုပ်ဆရာတော်အရှင်ဂုဏာဓဇမထေရ်

အရှင်ဂုဏာဓဇသည် ကျောင်းတော်ကြီးတိုက် ဒုတိယ တိုက်အုပ် ဆရာတော်အဖြစ် ထင်ရှားခဲ့လေသည်။ လယ်ကိုင်းမြို့ ကျောင်းကုန်းရွာ၌ အဖဦးနီ၊ အမိဒေါ်အိုတို့မှ သက္ကရာဇ် ၁၁၅၃-ခုနှစ် ပြာသိုလဆန်း ၂-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ လူမည် မောင်ကံပေး ဖြစ်လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ကရဝိက ရဟန်းဘွဲ့ အရှင်ဂုဏာဓဇ ဖြစ်လေသည်။

ပညာသင်ကြားစာပေပို့ချခြင်း

အင်းဝမြို့ မဟာအောင်မြေဘုံသာ စံကျောင်းတိုက်၌ သီတင်းသုံး တော်မူ၍ စလင်းသာသနာပိုင် ဆရာတော်ဘုရားကြီးထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ စလင်းဆရာတော်ကြီး အမရပူရ အသောကာရာမတိုက်၌ သီတင်းသုံးတော်မူသောအခါ လိုက်ပါကြွရောက်၍ စာပေချပို့ သီတင်းသုံးတော်မူခဲ့လေသည်။ အမရပူရမြို့ အသောကာ ရာမတိုက် စာချဆရာတော်အဖြစ် ထင်ရှားခဲ့လေသည်။ သက်တော် ၆၀-နောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဂုဏာဓဇော မဟာထေရော၊ ဂုဏေဟိ ပါကဋော သုဓီ။
သုဓီသာသနံ ဇောတေတွာ၊ မစ္စုရာဇဝသံ ဂမီ။

အရှင်ဉာဏသီရိဓဇ (မဲထီးဆရာတော်)

အရှင်ဉာဏသီရိဓဇသည် ကျောင်းတော်ကြီးတိုက် မဲထီးဆရာတော်ဟု ထင်ရှားလေသည်။ သို့ရာတွင် ဘွဲ့တံဆိပ်ရသည့် မထင်ရှားချေ။ အမရပူရမြို့၌ သာသနာရောင်ကို တောက်ပြောင် လင်းလက်စေသည့် မထေရ်မြတ်တို့တွင် ပါဝင်ထင်ရှားခဲ့လေသည်။

ကျောက်ပန်းတောင်းမြို့ စိရင်စု လက်ပန်ခြင်းရွာ၌ အဖဦးအိတ်၊ အမိဒေါ်ဖွားတို့မှ သက္ကရာဇ် ၁၁၅၈-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်အရှင်ဉာဏသီရိဓဇ ဖြစ်လေသည်၊ နောင်တော်မင်းလက်ထက် ရတနာပူရအင်းဝမြို့ စံကျောင်းတိုက်၌ စလင်းသာသနာပိုင်ဆရာတော်ထံတွင် ပညာသင်ကြား တော်မူခဲ့လေသည်။ ညီတော်မင်းတရား လက်ထက်တွင် အမရပူရမြို့ အသောကာရာမတိုက် စလင်းသာသနာပိုင် ဆရာတော်ထံတွင် ဆက်လက်ပညာသင်ကြားတော်မူခဲ့လေသည်။ စာပေတတ်မြောက်ပြီးနောက် စာပေပို့ချ သာသနာပြုတော်မူခဲ့လေသည်၊ မဟာရံတံတိုင်းအတွင်း တောင်ဖက်မုခ်အဝ အနောက်ဖက်ကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။ သက်တော် ၅၅-နှစ်နောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဉာဏသီရိဓဇော ထေရော၊ ဉာဏိကော ဗုဒ္ဓသာသနေ။
ဉာဏေန ဒီပေတွာ စက္ကံ၊ မစ္စုရာဇဝသံ ဂမီ။

ရာဇဂုရု၊ ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော် ၂-ထပ်ရ ပင်းဆရာတော် အရှင်ကဝိန္ဒ

ဆရာတော်သည် အမရပူရမြို့၌ ကြာရှည်စွာ သီတင်းသုံးတော်မူ၍ စာပေချပို့ကျမ်းစာ ပြုစုတော်မူ၍ သာသနာပြုတော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

မိတ္ထီလာခရိုင် သပြေကုန်းရွာနေ အဖဦးကြာထွား၊ အမိ ဒေါ်ဖြူတို့မှ သက္ကရာဇ် ၁၁၅၅-ခု၊ နတ်တော်လဆန်း ၁၄-ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်လွမ်းပြေ ဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်

အရွယ်ရောက်သော် ရှင်၊ ရဟန်းပြု သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ကဝိန္ဒဖြစ်လေသည်။ ရဟန်းဘွဲ့ အရှင်ကဝိန္ဒာဘိဝံသ ဖြစ်လေသည်။ ကျမ်းဂန်တတ် ဆရာတော်ကြီး တို့ထံ ပိဋကတ်ကျမ်းဂန်များကို သင်ကြားနာယူ တတ်မြောက်တော်မူခဲ့လေသည်။ အကျင့်အာစာရနှင့်လည်း ပြည့်စုံတော်မူလေသည်။

မဲထီးကျောင်းတိုက်နှစ်တိုက်၌ သီတင်းသုံးခဲ့

ရတနာပူရ စတုတ္ထမြို့တည် မင်းတရားလက်ထက်တွင် မြို့တော်တောင်ထောင့်အတွင်း လောကထိပ်ဦးဘုရားတောင်ဖက် မဲထီးကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ စာပေချပို့ခြင်း စသော သာသနာပြုလုပ်ငန်းများကို ပြုတော်မူခဲ့လေသည်။ ရွှေဘိုမင်းတရား လက်ထက်တွင် အမရပူရနန်းမြို့တော် အရှေ့တောင်ယွန်း မဲထီးကျောင်းတိုက်အတွင်း ရေနံချောင်းမြို့စား ဝန်ကြီး သတိုးမင်း လှကျော်ထင်ဘွဲ့ခံ ဦးတုတ်ကြီး ဆောက်လုပ်သည့် သုံးထပ်ကျောင်းမ၌ သီတင်းသုံးတော်မူ၍ စာပေချပို့ခြင်း၊ ကျမ်းစာပြုစုခြင်းတို့ဖြင့် သာသနာစည်ပင်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။

ပင်းဆရာတော်ကလေးဟုတွင်

ဆရာတော်အရှင်ကဝိန္ဒာဘိဝံသသည် ပင်းဆရာတော် ကလေးဟု လည်းတွင်သည်။ ထိုစဉ်က ပင်းဆရာတော်ကြီးဟု ရှိဘူးလေသည်။ ယင်း ပင်းဆရာတော်ကြီးကိုထောက်၍ ပင်းဆရာတော်ကလေးဟု တွင်ခြင်းဖြစ် လေသည်။

ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နီသျ

၂။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နီသျ

၃။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်နီသျ

၄။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်နီသျ

၅။ မဟာဝဂ္ဂသံယုတ်ပါဠိတော်နီသျ

၆။ ခုဒ္ဒကပါဌပါဠိတော်နီသျ

၇။ ဥဒါန်းပါဠိတော်နီသျသစ် (၁၂၀၂–ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၀–ရက်နေ့ပြီး)

၈။ ကုတိဝုတ္တကပါဠိတော်နီသျသစ် (၁၂၀၂ခု တောင်သလင်း လဆန်း ၈–ရက်နေ့ပြီး)

၉။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်နီသျသစ်

၁၀။ ဗုဒ္ဓဝံသပါဠိတော်နီသျသစ်

၁၁။ ဝိသုဒ္ဓိသင်္ဂဟပါဌ (၁၂၁၉–ခု ကဆုန်လဆန်း ၈–ရက် နေ့ပြီး)

၁၂။ ရာဇကြာဟိတဒီပနီ (၁၁၈၃–ခု ဝါခေါင်လဆုတ် ၈–ရက် နေ့ပြီး)

၁၃။ အဘိဓမ္မတ္ထဒီပနီ (၁၁၉၀–ပြည့်နှစ် တော်သလင်းလဆန်း ၅–ရက်နေ့ပြီး) စသည်တို့ ဖြစ်ကြကုန်၏။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နိသျ

ပင်းဆရာတော်ကလေး အရှင်ကဝိန္ဒာဘိဝံသ၏ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်နိသျကို ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်၌ ၁၉၄၀-ခုနှစ်က ရိုက်နှိပ်ခဲ့လေသည်။ ရွိုင်ဆိုက် စာမျက်နှာ ၄၂၉-ရှိလေသည်။ ကျမ်းဦး၌ -

ကရဏာသီတလ ဟဒယံ-စသော အရှင်မဟာဗုဒ္ဓဃောသ၏ ဒီဃ၊ မဇ္ဈိမ၊သံယုတ္တ၊ အင်္ဂုတ္တရနိကာယအဋ္ဌကထာဂန္ထာရမ္ဘ ၅- ဂါထာနှင့်တကွ

သုသံယုတ္တနိကာယဿ၊ နိဿယံ သံကရိဿာမိ။
တဗ္ဗဏ္ဏနံ သုနိဿာယ၊ နာနာနယဥ္ဇ ပေါရာဏံ။

ဟူသော ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ယင်းနိသျနိဂုံး၌ -

"နောက်နောင်ရှည်ကြာ သူတော်စွာတို့ ဤစာသာရ စန္ဒနတို့ လုံ့လသတိ သမာဓိဖြင့် ယှဉ်ဘိမယွင်း စိတ်တံတင်းဝယ် ထည့်သွင်းသဖြင့် အဆင့်ဆင့်လျှင် ပွားရင့်ဝါသနာ သဒ္ဓါရနံ့ ပျံ့ပျံ့ဝဝ မွှေးမွှေးကြိုင်ကြိုင် လှိုင်လှိုင်ကြူကြူ လူလူဝေဆာ ပညာငုံရင့် လန်းလန်းပွင့်အောင် အသင့်လေ့ကျက် ကြည့်ရှုလျှက်လျှင် နှစ်သက်ရိုးရိုး အားထုတ်ကြိုး၍ မြတ်နိုးကြစေကုန်သတည်း" ဟူသော ဧကပိုဒ်ရတုကို တွေ့ရလေသည်။

ဘွဲ့တံဆိပ်တော်နှစ်ထပ်အလှူခံရရှိခြင်း

ပင်းဆရာတော်ကလေး ဆရာတော်အရှင်ကဝိန္ဒာဘိဝံသသည် ဘကြီးတော်မင်းတရား လက်ထက် "ကဝိန္ဒာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ တဖန် ရွှေဘိုမင်းလက်ထက်တွင် "ကဝိန္ဒာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇ ဂုရု" ဟူသောဘွဲ့တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

ပုံလွန်တော်မူခြင်း

ဆရာတော်သည် မိမိဇာတိရပ်ရွာ မိတ္ထီလာသို့ ကြွရောက်၍ ဘုရားတည်ရင်း မိတ္ထီလာမြို့နယ် မိုးကောင်းနောင်နှာ မောင်းတောကျောင်းတွင် သီတင်းသုံးတော်မူစဉ် သက်တော် ၅၈-နှစ် ဝါတော် ၃၈-ဝါအရတွင် တောမီးသင့်လောင်၍ ပုံလွန်တော်မူခဲ့လေသည်။

လှပစွာသင်္ဂြိုဟ်ခြင်း

ပုဂံမင်းတရား၏ ခွင့်ပြုချက်အရ မြို့တော်ဝန်နောက်ပါ မြင်းဝန်ယင်းတော်မြို့စားက ဆရာတော်အလောင်းကို ယင်းတော်မြို့နယ် ရှမ်းမငယ်ရွာသို့ ပင့်ဆောင်၍ လှပစွာသင်္ဂြိုဟ်ခဲ့လေသည်။

ဘဒန္တကဝိန္ဒော ထေရော၊ ကဝိနံ စိတ္တတောသကော။
ကမ္မံ သော ကဝိနံ ကတွာ၊ ပယာတော မစ္စုနော ဝသံ။

‘ဇမ္ဗုဒီပဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ မဟာတုလွတ်ဘုံကျော်ဆရာတော် အရှင်ဇမ္ဗု

ဆရာတော်သည် စာပေချပို့၊ ကျမ်းစာပြု၍ သာသနာပြုတော်မူခဲ့သည့် အမရပူရသာသနာ့ ဝန်ဆောင်တစ်ပါး ဖြစ်တော်မူခဲ့လေသည်။

ဖွားမြင်ခြင်း ရှင် ရဟန်းပြုခြင်း

ပခန်းကြီးတိုက်နယ် နေရင်းရွာ၌ သက္ကရာဇ် ၁၁၆၀–ခုနှစ် ပတ်ဝန်းကျင်တွင် ဖွားမြင်တော် မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဇမ္ဗု (အရှင်ဇမ္ဗုဒီပဓဇ) ဖြစ်လေသည်။

ပညာသင်ကြားခြင်း

အရွယ်တော်ငယ်စဉ်မှစ၍ “ သူရိယဝံသာဘိ သီရိပဝရာ လင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယထံ ရောက်ရှိ ပညာသင်ကြားခဲ့လေသည်။ အထူးသဖြင့် ဖော်ပြပါ သဲအင်းဆရာတော် ဘုရားကြီးထံ၌ အဘိဓမ္မာကျမ်းဂန် များစွာတို့ကို နှုတ်တက်အာဂုံတတ် မြောက်အောင်သင်ယူတော်မူခဲ့လေသည်။

စာပေတတ်မြောက်ခြင်း

အရှင်ဇမ္ဗုသည် လွန်စွာမှ ဉာဏ်ထက်မြက်လှပေသည်။ ရဟန်းငယ်ဘဝကပင် ပိဋကတ် ကျမ်းဂန်စာပေများကို တတ်မြောက်တော် မူခဲ့လေသည်။ တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေချပို့၍ သာသနာပြုတော်မူခဲ့လေသည်။

မဟာတုလွတ်ဘုံကျော်တိုက်၌သီတင်းသုံးခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၁၉၉–ခုနှစ်တွင် အမရပူရမြို့တော်၌ နန်းတက်သော အမရပူရ ဒုတိယမြို့တည် နန်းတည်မင်းတရားကြီး၏ ဌာနန္တရအရာ၌ထားအပ်သော မိတ္တီလာမြို့ကို ခွန်ယူပိုင်သ အစိုးရသော

တောင်ရွှေရေးဆောင် မိဖုရားကြီး၏ ကြည်ညိုလေးမြတ်ခြင်းကို ခံယူတော်မူရလေသည်။ မင်းတရားကြီး၏ တောင်ညာတင်ထား မိဖုရားကြီး ဆောက်လုပ်လှူဒါန်းအပ်သော မြို့တော်အရှေ့မြောက်ထောင့်ရှိ မဟာတုလွတ်ဘုံကျောက်ကျောင်းတိုက်ကို အလှူခံတော်မူ၍ ယင်းကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူခဲ့လေသည်။

ဇမ္ဗုဒီပဝဇ မဟာဝမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် အမရပူရ ဒုတိယမြို့တည် နန်းတည် သာယာဝတီမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော “ ဇမ္ဗုဒီပဝဇ မဟာဝမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ကျမ်းဂန်ပြုစုတော်မူခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ -

၁။ ဓာတုကထာပါဠိတော်နိသျ

၂။ ပုဂ္ဂလပညတ်ပါဠိတော်နိသျ

၃။ ကထာဝတ္ထုပါဠိတော်နိသျ

၄။ ယမိုက်ဆယ်ကျမ်းပါဠိတော်နိသျ

၅။ ပဋ္ဌာန်းနှစ်ဆယ့်လေးကျမ်း ပါဠိတော်နိသျ- စသည်တို့ဖြစ်ကုန်၏။

ဓာတုကထာပါဠိတော်နိသျ

ယင်းနိသျများအနက် ဓာတုကထာပါဠိတော်နိသျမှာ ၃-ရက်၊ ၄-ရက်ခန့်ဖြင့် အပြီးရေးသားခဲ့ကြောင်း ယင်းနိဂုံးစကားဖြင့် သိရလေသည်။ စာရေးလွန်စွာမြန်သော ဆရာတော်ဖြစ်လေသည်။

ယင်း ဓာတုကထာ ပါဠိတော်နိဿျ ကျမ်းဦး၌ -

အနန္တဂုဏံ သမ္ဗုဒ္ဓံ၊ ဓမ္မံ သမ္ဗုဒ္ဓပူဇိတံ။
နိရုဂ်္ဃောရသံ သံဃံ၊ နတွာ မေ သိရသာ ဂုရုံ။
သောတုဇနေဟိ သက္ကစ္စံ၊ ရစယိဿာမိ ယာစိတော။
ဓာတုကထာယ ဉာဏဝ-ဗုနတ္ထံ နဝနိဿယံ

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ၊ ဂုရုပဏာမ၊ အဘိယာစက၊ ပဋိညာဉ်စသည်တို့ကို ဖော်ပြခဲ့လေသည်။ ယင်းကျမ်းရေးသားပြီးစီးချိန်မှာ ၁၂၁၅-ခုနှစ် ဝါဆိုလဆန်း ၁၄-ရက်နေ့က ဖြစ်လေသည်။ ဝါဆိုလဆန်း ၁၁-ရက်နေ့ကစ၍ ရေးရာ ၁၄-ရက်နေ့တွင် ပြီးစီးခဲ့လေသည်။ ယင်းကျမ်းမှာ ပုံနှိပ်ပြီး ရွှိုင်ဆိုက် ၁၉၅၅-မျက်နှာရှိလေသည်။

ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်ဇမ္ဗုသည် သက္ကရာဇ် ၁၂၁၅-ခုနှစ် နောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဇမ္ဗုဓဇော မဟာထေရော၊ ပိဋကသု ဆေကော သုဓီ။
သုဓိသာသနံ ဇောတေတွာ၊ ပယာတော မစ္စုနော ဝသံ။

ဓမ္မသင်္ကိုပါဠိတော်နိသျကျမ်းပြု ထနောင်းဝန်းဆရာတော် အရှင်အဂ္ဂဓမ္မ

အရှင်အဂ္ဂဓမ္မသည် အမရပူရခေတ်တွင် ထင်ရှားသည့် ဆရာတော် ဖြစ်သည်ဟု ယူဆဖွယ်ရှိလေသည်။ ဆရာတော်ပြုစုတော်မူသော ဓမ္မသင်္ကိ ပါဠိတော်နိသျ၌ ဆရာတို့ကား ဤသို့ဆို၏ဟု ဆိုအပိန့်မှာ သင်္ဂြိဟ်နိသျစသည်ပြု နာမည်ကျော် ဗားကရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ အဆို အပိန့်များနှင့် ဆင်တူနေသည်ကို တွေ့ရလေသည်။

ဆရာတော်သည် သက္ကရာဇ် ၁၁၄၅–ခုနှစ်လောက်တွင် လွန်စွာ ထင်ရှားသည့် ဗားကရာ ဆရာတော်၏ တပည့်အဆက်အနွယ် သို့မဟုတ် သက္ကရာဇ် ၁၁၉၀–ကျော်တွင် ထင်ရှားသည့် ဓာတုကထာ ပါဠိတော်နိသျ စသည်ပြု ''ဇမ္ဗုဒီပဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ဇမ္ဗုဒီပဓဇ၏ အဆက်အနွယ် ဖြစ်နိုင်သည်ဟု မှန်းဆမိပေသည်။

ထနောင်းဝန်းရွာ၌ သီတင်းသုံးခြင်း

အမရပူရမြို့တော်၌ ဖော်ပြပါဆရာတော်များ သို့မဟုတ် ထို ဆရာတော်များ၏အဆက်အနွယ် ကျမ်းဂန်တတ်ဆရာတော်များထံ ပညာသင်ကြားတော်မူပြီး ထနောင်းဝန်းရွာ၌ သီတင်းသုံး၍ စာပေပို့ချ သာသနာပြုသည်ဟု ယူဆသင့်ပေသည်။

ဓမ္မသင်္ကိပါဠိတော်နိသျရေးသားပြုစုခြင်း

ထနောင်းဝန်းဆရာတော် အရှင်အဂ္ဂဓမ္မသည် သာသနာ စည်ပင် ကြီးပွားလိုသူ မထေရ်မြတ်တစ်ပါး၏ တောင်းပန်မှုကို အကြောင်းပြု၍ အဘိဓမ္မာပိဋကတ်၏ ပဌမလက်ဦးကျမ်းတဆူဖြစ်သော ဓမ္မသင်္ကိပါဠိ တော်၏ အနက်မြန်မာပြန်နိသျကို ရေးသားတော်မူခဲ့လေသည်။ ယင်း ကျမ်းကြီးမှာ ရွှိုင်ဆိုက် စာမျက်နှာ ၃၆၈–မျက်နှာရှိလေသည်။

ယင်းနိသျကျမ်းဦး၌–

နမဿိတ္တာန သမ္ဗုဒ္ဓံ၊ အတုလ မုတ္တမံ ဓမ္မံ။
ဂဏံသဒ္ဓမ္မသမ္ပတ္တံ၊ ဂရုဂါရဝ အာဓာရံ။

ဣစ္စေဝမစ္စန္တနမဿနေယျံ၊
နမဿမာနော ရတနတ္တယံ ယံ။
ပုညာဘိသန္ဒံ ဝိပုလံ အလတ္ထံ၊
တဿာနုဘာဝေန ဟတန္တရာယော။

ယာစိတော ဝဗုကာမေန၊ သိဟာနုဘာဝ နိဿာယ။
နိဿယံ ပီတိဝဗုနံ၊ ရစိဿံ ယထာဗလံ ဆေဒံ။

ပေါရာဏေဟိ ကာမဥ္စ၊ နိဿယံ ရစိတံ တေန။
သက္ကာမုဒုမတီနံ န၊ အတ္ထနယဥိသဗ္ဗတ္ထ။

ရစိတံ မြမ္မဘာသာယ၊ အထ္ထနယံ ယထာသတ္တိ။
သမာဟိတာဟိ သုဏာထ၊ သာသနဝဗုတ္ထံ တုမှေ။

ဟူသော ၅–ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌လည်း

စိတ္တံ ရူပဥ္စနိက္ခေပံ၊ အတ္ထုဒ္ဓါရံ မနောရမ္မံ။
ယံ လောကနာထော ဘာဇေန္တော၊ ဒေသေသိ ဓမ္မသင်္ဂဏိ။

စသော ၇–ဂါထာဖြင့်၎င်း " ထနောင်းဝန္တိ ဂါမတော ဥတ္တရနိဿိတေ ပုရတ္ထိမေ သက္ကေန သဒ္ဓိံ မန္တေတွာ ဝိသုကမ္မုနာ နိမ္မိတသဒိသေ သုဇနရတေ ပဒေသေ စာရိတ္တသောဘိတဝိသာလဂုဏောဒယေန သဒ္ဓါဘိဝုဒ္ဓိ ပရိသုဒ္ဓကုလောဒယေန ဂါမာဓိပတိနာ ကတေ ဝိစိတ္တာလင်္ကာရေ တိဘူမကေ သုခါလယေ သန္တသေဝိတေ ဝိဟာရေ ဝသန္တေန ဝိသုဒ္ဓသဒ္ဓါဗုဒ္ဓိ ဝီရိယသတိမဏ္ဍိတေန သီလာစာရဇ္ဇဝါဒီဂုဏသမုဒယသမုဒိတေန သကသမယ သမယန္တရဂဟနဇ္ဈောဂါဟဏသမတ္ထေန ကရဏသမ္ပတ္ထိ ဇနိတသုခ ဝိနိဂ္ဂတမဓုရေန ယုတ္တမုတ္တဝါဒိနာ ဝါဒီဝရေန အဂ္ဂဓမ္မောတိ ဂရူဟိ ဂဟိတနာမေန ထေရေန သာသနဝဗုနတ္ထံ ကတာ ဓမ္မသင်္ဂဏိယာ အတ္ထယောဇနာ။

တာဝ တိဋ္ဌတု လောကသ္မိံ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တီ ကုလပုတ္တာနံ၊ နယံ ပညာဝိသုဒ္ဓိယာ။

ယာဝ ဗုဒ္ဓေါတိနာမမ္ပိ၊ သုဒ္ဓစိတ္တဿ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနော။

ဟူသော အရှင်မဟာဗုဒ္ဓယောသ အဌကထာနိဂုံးများလာ မြင့်မား သောစကား လုံးတို့ပါရှိသော စကားတို့ဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ပံ့လွန်တော်မူခြင်း

ယင်းသို့ စာပေချပို့ သာသနာတော်၌ ရွှင်ပျော်ပျို့တော်မူခဲ့သော အရှင်အဂ္ဂဓမ္မသည် အချိန်စေ့သော တနေ့တွင် သေမင်း၏ အလို အကြိုက်သို့ လိုက်ရပါလေပြီ။

အဂ္ဂဓမ္မော မဟာထေရော၊ အဂ္ဂဓမ္မသု သဏ္ဌိတော။
ဘာဝေတွာ အဂ္ဂဓမ္မံ သော၊ ယထာကမ္မံ ဂတော သုဓီ။

သာရတ္ထဒီပနီဋီနိကာသျကျမ်းပြု အရှင်ဓမ္မသီရိ

ဆရာတော်သည် အမရပူရသာသနာဝင်တွင် ထင်ရှားသည့် ကျမ်းဂန်တတ်ဆရာတော် တစ်ပါးဖြစ်တော်မူလေသည်။ သက္ကရာဇ် ၁၁၆၀-ခုနှစ် ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်။

ရှင် ရဟန်းပြု ပညာသင်ကြားခြင်း

အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ဓမ္မသီရိဖြစ်လေသည်။ ငယ်စဉ်ကပင် ဆင်တဲဆရာတော်ဘုရားကြီး " ဉာဏာလင်္ကာရာဘိသဒ္ဓမ္မမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆင်တဲဆရာတော်ဘုရားကြီး အရှင်ဉာဏထံရောက်ရှိ၍ ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

စာပေပို့ချသာသနာပြု

ဆင်တဲဆရာတော်ဘုရားကြီး လွန်တော်မူပြီးနောက် ဆင်တဲတိုက်၌ သီတင်းသုံးတော်မူ၍ စာပေပို့ချသာသနာပြုတော်မူခဲ့လေသည်။ အများအားဖြင့် ဝိနည်းပါဠိ၊ အဌကထာ၊ ဋီကာကျမ်းများကို ချပို့တော်မူဟန်ရှိပေသည်။

သာရတ္ထဒီပနီဋီကာနိသျရေးသားခြင်း

ဆရာတော်သည် ဆရာတော်အရှင်ပဝရာလင်္ကာရ ရေးသားခဲ့မပြီးပြတ်သော သာရတ္ထဒီပနီဋီကာနိသျကြီးကို အပြီးသတ်ရေးသား စီရင်တော်မူခဲ့လေသည်။ အရှင်ပဝရာလင်္ကာရ ရေးသားခဲ့သည်မှာ ပါရာဇိတ်လေးပါးအဖွင့် ဆုံးရုံသာရှိပေသည်။ အရှင်ဓမ္မသီရိသည် သံဃာဒိသိတ် ၁-ပါးမှ စ၍ ပရိဝါဋီကာ ဆုံးသည့်တိုင်အောင် ရေးသားစီရင်တော်မူခဲ့လေသည်။

ယင်းသို့ဖြစ်ကြောင်း -

ဝိနယသံဝဏ္ဏနာယ၊ ဋီကာတေရသကဏ္ဍတော။
ယာဝ စ ပရိဝါရယံ၊ ယော နိဿယော သုလိခိတော။

ဟူသော သာရတ္ထဋီကာနိဿုနိဂုံးဖြင့် သိနိုင်လေသည်။ ဤစာပြုစုသူသည် အရှင်ဓမ္မသိရိရေးသည့် သာရတ္ထဒီပနီဋီကာ တေရသကဏ်ပေထုပ် မတွေ့ရဘဲ မဟာဝါဋီကာမှစသည့် နိဿုထုပ်ကိုသာ တွေ့ရပါသည်။ ယင်းနိဿုဂန္ထာရမ္ဘ၌-

ဇိနာဒိစ္စော တိလောကန္ဓံ၊ ဟန္ဒာန သမဇောဓယိ။
ဓမ္မပဘာဟိဝါရိဇံ၊ မနံ ပုရေတု မေ သဒါ။

ဟူသော ဂါထာဖြင့် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

နိဿု၏ အဆုံးဌ္ဌလည်း-

နာနာရတနသမ္ပန္နံ၊ နာနာရဋ္ဌေဟိ ဝါရိတံ။
အမရပူရနဂရံ၊ သတ္တူဟိ ဒုပ္ပဓံသိယံ။

စသည့်ဂါထာပေါင်းများစွာတို့ဖြင့် ပြည့်စုံစွာ နိဂုံးအုပ်တော်မူခဲ့လေသည်။

ပံ့လွှန်တော်မူခြင်း

ဆရာတော်အရှင်ဓမ္မသိရိသည် သက်တော် ၉၀-ကျော် ခန့်တွင် ပံ့လွန်တော်မူသည်ဟု မှန်းမိလေသည်။ စာချကျမ်းပြု သာသနာ့ ဝန်ဆောင်ပုဂ္ဂိုလ်မြတ်ပါတည်း။

ထေရော ဓမ္မသိရိနာမော၊ ဇိနသာသနဇောတတော။
ဇောတေတွာ မုနိနော စက္ကံ၊ မစ္စုမုခံ ဂတော သုဓီ။

''သုဓမ္မာလင်္ကာရာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရု''

ဘွဲ့တံဆိပ်တော်ရ

အရှင်သုဓမ္မာလင်္ကာရ (အရှင်သုနန္ဒ)

ဆရာတော်သည် တလုပ်မြို့ကျေး ချောင်းဒေါင်းရွာ၌ သက္ကရာဇ် ၁၁၆၁–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ရွှေသီး ဖြစ်လေသည်။

ရှင်ရဟန်းပြု ပညာသင်

သက်တော် ၁၆–နှစ်သားအရွယ်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော်စေ့တွင် ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်သုဓမ္မာလင်္ကာရ ဟူ၍လည်းကောင်း၊ အရှင်သုနန္ဒ ဟူ၍လည်းကောင်း တွင်လေသည်။ ပညာတတ်ဆရာတော်များထံ ချဉ်းကပ်၍ ပညာသင် ကြားခဲ့ရာ စာပေတတ်မြောက်တော်မူလေသည်။

မြင်းဝန်ဆရာတော်ဟု တွင်

အမရပူရမြို့တော် အရှေ့တောင်ယွန်း (အရှေ့အရပ်မျက်နှာ အဖို့)၌ တလုပ်မြို့စား မင်းကြီးမဟာမင်းလှ သခ်ၤယာအမည်ရှိသော စီးတော်မြင်းဝန် လှုံဒါန်းအပ်သော ကျောင်းတိုက်(ကျောက်မြောင်းတိုက်) ၌လည်းကောင်း၊ သိရိသုရတနာစန္ဒာဒေဝီ အနောက်နန်းမတော်မမြလေး ဆောက်လုပ် လှုံဒါန်းသည့်ကျောင်းတော်၌ လည်းကောင်း လှည့်လည် သီတင်းသုံး တော်မူခဲ့လေသည်။

စာပေချပို့

ဆရာတော်သည် ဖော်ပြကျောင်းတိုက် ၂–တိုက်တို့၌ လှည့်လည် သီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူခဲ့လေသည်။ စီးတော်မြင်းဝန် ဆရာတော်ဟု ထင်ရှားလေသည်။ အထူးအားဖြင့် သင်္ဂြိဟ်၊ ဋီကာကျော်ကျမ်းတို့ကို အထပ်ထပ်အခေါက်ခေါက် ချတော်မူဟန်ရှိပေသည်။

ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်။ ထင်ရှားသောကျမ်းမှာ သင္ဂြိဟ်နိသျသစ်မူကျယ် ကျမ်းကြီးဖြစ်လေသည်။ ယင်းသင္ဂြိဟ်နိသျသစ်မူကျယ် ကျမ်းကြီးမှာ ရွှိုင်ဆိုက် စာမျက်နှာ-၄၆၀ ခန့်စီရှိ၍ ပဌမ၊ ဒုတိယ၊ ၂-တွဲရှိလေသည်။ ယင်းသင္ဂြိဟ်နိသျသစ်မူကျယ် ကျမ်းကြီးကို -

ဥပမာ ဥပမေယျ အတ္ထယောဇနာနည်း အထွေထွေ အနုသန္ဓေ သမ္ဗန္ဓဆိုရန်အချက်ချက် ကျမ်းထွက်ကျမ်းတက်နည်းအဖြာဖြာ ဌပနာ, ပါပနာ, ရောပနာ, စောဒနာ အသွယ်သွယ် ပရိဟာရ် သောဓနာအရပ်ရပ် စာစပ်ပုံအနည်းနည်း ၎င်းနည်း၌ အစိတ်စိတ်သိရန် အဓိပ္ပါယ် ပေါရယ် ဝစနတ္ထ ဝိဂ္ဂဟဝိဂြိုဟ် ထိုထိုဓာတ်ပစ္စည်းအရကောက်များ သရုပ်ကြား ခွဲဝေပုံအဝဝ ဝိနိစ္ဆယ, အဓိပ္ပါယတ္ထ အမျိုးမျိုး ဒိုးသို့မွေနှောက် ပရိယတ် ပေါက်တော်မူကြသော ဆရာတော်ကြီးတို့၏ ဝါဒတော်အဖုံဖုံ အာဂုံ သာဓက ဥပကဆိုင်ရာ ပါဠိအဋ္ဌကထာ ဋီကာစသော ဂန္ထန္တရ အဝယဝ ပိဏ္ဍတ္ထ သံဝဏ္ဏနာ များစွာသောနည်းနယတို့ဖြင့် တန်ဆာဆင် ရေးသား တော်မူခဲ့လေသည်။

ရာဇာဓိရာဇဂုရု အလှူခံရခြင်း ပံ့လွှန်ခြင်း

ဆရာတော်သည် အမရပူရ တတိယမြို့နန်းတည် မင်းတရား လက်ထက်တွင် သုဓမ္မာလင်္ကာရာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု''ဘွဲ့ တံဆိပ်တော်ကို အလှူခံတော်မူရလေသည်။ သက်တော် ၄၈၊ ဝါတော် ၂၈-ဝါရရှိရာ ၁၂၀၀-ခု တော်သလင်းလဆန်း ၈-ရက်သောကြာနေ့တွင် သီတင်းသုံးရင်း ကျောင်း၌ ပံ့လွန်တော်မူခဲ့လေသည်။

ဘဒန္တသုဓမ္မော ထေရော၊ ဓမ္မသု ဂရုကော သုဓီ။
သုဓိသာသနံ ဒီပေတွာ၊ ယာတော ဒေါ မစ္စုနော ဝသံ။

“ဥယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု”
“ဥယျဓမ္မာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ
မဟာဓမ္မရာဇာဓိရာဇဂုရု”
“ဥယျဓမ္မာဘိ မုနိဝရ ဉာဏကိတ္တိ သီရိဓဇ ဓမ္မသေနာပတိ
မဟာဓမ္မရာဇာဓိ ရာဇဂုရု”
ဘွဲတံဆိပ်တော် သုံးထပ်ရ မောင်းထောင်သာသနာပိုင်
အရှင်ဥယျဓမ္မ

ဆရာတော်သည် ရတနာပူရအင်းဝ သာသနာ့ဝန်ဆောင် ဆရာတော် အဖြစ်ဖြင့်လည်းကောင်း ရတနာပုံ မန္တလေးမြို့ သာသနာ့ဝန်ဆောင် အဖြစ်ဖြင့်လည်းကောင်း ထင်ရှားလေသည်။ ဖော်ပြပါ မောင်းထောင်သာသနာပိုင်ဆရာတော် အရှင်ဥယျဓမ္မ၏ အဖြစ်တော်စဉ်ကို မန္တလေးသာသနာဝင် ကျမ်းကြီးဌာလည်းကောင်း၊ ပခုက္ကူမဟာ ဝိသုတာရာမ နိကာယသာသနာဝင်ကျမ်းကြီးဌာလည်းကောင်း။ ရေစကြိုဆရာတော် ဘုရားကြီး အရှင်ဂန္ဓသာရ၏ အဖြစ်တော်စဉ်ပြု မဟာထေရဝုတ္တန္တဒီပိကာ ကျမ်းဌာလည်းကောင်း ဤစာရေးသူပင်လျှင် ကျယ်ဝန်းစွာ မှတ်တမ်းတင်ပြီး ဖြစ်သဖြင့် အမရပူရသာသနာဝင်ကျမ်းဌာ အကျဉ်းမျှသာ မှတ်တမ်းတင် အပ်ပါသည်။

ဗွားမြင်တော်မူခြင်း

ဆရာတော်သည် ကန္ဒီမြို့ကျေး နတ်ရဲတောင်ရွာဌာ အဖ ဦးထွန်းဝါ အမိ ဒေါ်ယာတို့မှ သက္ကရာဇ် ၁၁၆၁-ခုနှစ် ပဌမဝါဆိုလဆန်း ၁၀-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည်မောင်သံမှိ ဖြစ်လေသည်။

ရှင် ရဟန်းပြုခြင်း

၁၀-နှစ်သားအရွယ်တွင် မိ,ဖနှစ်ပါးတို့က ဦးရီးတော်ဖြစ်တော်မူကြသော အရှင်ကလျာဏဝံသ၊ အရှင်ပုညဇေသီ၊ အရှင်သာရဇေသီတို့ထံ အပ်နှံ၍ ပညာသင်ကြားစေကြကုန်၏။ ၁၆-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

သာမဏေဘွဲ့ ရှင်ဥယျဖြစ်လေသည်။ သက်တော် ၂၀-ပြည့်ရာ ၁၁၈၀-ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့တွင် ကန္ဒီမြို့ အနောက်တောင်ယွန်း တောင်ပေါ်ကျောင်းသိမ်၌ တောင်ပေါ်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ဥယျဝမ္ဗဖြစ်လေသည်။

ပညာသင်ကြားခြင်း

ဆရာတော်သည် ၁၁၈၂-ခုနှစ်တွင် အမရပူရမြို့သို့ ရောက်ရှိတော်မူ၍ မဟာမြတ်မုနိစေတီမြတ်၏ အနောက်ဖက် ရွှေရေးဆောင်ကျောင်းတိုက်၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့ကို သင်ယူတော်မူခဲ့လေသည်။ ၁၁၈၄-ခုနှစ်တွင် အမရပူရမြို့ ဆင်တဲတိုက်၌ ပညာသင်ကြားတော်မူခဲ့လေသည်။ တဖန် ထိုနှစ်မှာပင် ရတနာပူရအင်းဝမြို့ သဲအင်းတိုက်၌ သဲအင်းဆရာတော်ထံ ဆက်လက်ပညာ သင်ကြားတော်မူခဲ့လေသည်။

စာပေချပို့ခြင်း

အမရပူရမြို့ ရွှေရေးဆောင်တိုက်၊ ဆင်တဲတိုက်၊ အင်းဝမြို့ သဲအင်းတိုက်တို့၌ သီတင်းသုံးတော်မူ၍ စာပေသင်ယူတော်မူစဉ် လက်အောက်ငယ်သား တပည့်တို့အားလည်း စာပေပို့ချတော်မူခဲ့လေသည်။ စာပေတတ်မြောက်သည့် စာချကောင်း ဆရာတော်အဖြစ် ထင်ရှားခဲ့လေသည်။

ဘွဲ့တံဆိပ်တော်သုံးထပ်ရရှိခြင်း သာသနာပိုင်ဖြစ်ခြင်း

ဆရာတော်သည် အမင်းမင်းတို့၏ လေးမြတ်ရာ ပူဇော်ပတ္တာပုဂ္ဂိုလ်ဖြစ်တော်မူသည်။ ဘွဲ့ တံဆိပ်တော် ၃-ထပ်ကိုလည်း ရရှိတော်မူခဲ့လေသည်။ ၁၁၉၉-ခုနှစ်တွင် ''ဥယျဝမ္ဘာလင်္ကာရ မဟာဝမ္ဘ ရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်ကို အလှူခံတော်မူခဲ့လေသည်။ ၁၂၀၁-ခုနှစ် သာယာဝတီမင်းလက်ထက်တွင် ''ဥယျဝမ္ဘာဘိဝံသ သီရိပဝရာလင်္ကာရ ဝမ္ဘသေနာပတိ မဟာဝမ္ဘရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကို ဒုတိယအကြိမ် အလှူခံရရှိတော်မူခဲ့လေသည်။ သာသနာပိုင်အရာကိုလည်း အပ်နှင်းခြင်း

ခံတော်မူရလေသည်။ ပုဂံမင်းလက်ထက်တွင် သာသနာပိုင် အရာမှ ကျတော်မူ၍ တဖန် မင်းတုန်းမင်းတရား လက်ထက် ၁၂၁၅-ခုနှစ်တွင် သာသနာပိုင်အဖြစ် အပ်နှင်းခြင်းကို ခံတော်မူရလေသည်။ " ဥယျဓမ္မာဘိမုနိဝရ ဉာဏကိတ္တိ သီရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော တတိယအကြိမ် ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

အမရပူရမြို့၌ စာပေပို့ချသာသနာ့ဝန်ဆောင်ခြင်း

ဆရာတော်သည် အမရပူရမြို့ မဟာအဘယာရာမတိုက်၊ မဟာဝိဇိတာရာမတိုက်တို့၌ သီတင်းသုံးတော်မူ၍ ရာပေါင်းများစွာသော စာလိုက်သံယာတော်တို့အား စာပေချပို့တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

ကျမ်းဂန်များပြုစုတော်မူခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ သုရာဇမဂ္ဂဒီပနီကျမ်း
၂။ အတ္ထကာတဝိနီစ္ဆယကျမ်း
၃။ စိတ္တနိဂ္ဂဟကျမ်း
၄။ သီဟိုဠ်သန္နေသကထာကျမ်း
၅။ ဓုရာရမ္ဘကျမ်း
၆။ မဂ္ဂါမဂ္ဂပဋိပဒါကျမ်း
၇။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်နီသျှ
၈။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနီသျှ
၉။ ဥပရိပဏ္ဏာသပါဠိတော်နီသျှ
၁၀။ ဥပရိပဏ္ဏာသအဋ္ဌကထာနီသျှ
၁၁။ မဟာနိဒ္ဒေသအဋ္ဌကထာနီသျှ
၁၂။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနီသျှ
၁၃။ သဗ္ဗာသဝသုတ်စောဒနာစာစပ်ဝိဂြိုဟ်ကျမ်း
၁၄။ ဝါသမာလိနီကျမ်း စသည်တို့ဖြစ်ကုန်၏။

ပျံလွန်တော်မူခြင်း

ဆရာတော်သည် ၁၂၁၉-ခုနှစ်တွင် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်ကြီးသို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူခဲ့လေသည်။ ယင်းကျောင်းတိုက်ကြီး၌ပင် သက်တော် ၆၆-နှစ် သိက္ခာတော် ၄၇-ဝါရရှိရာ ၁၂၂၇-ခုနှစ် တပို့တွဲလဆန်း ၁-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

ဥေယျဓမ္မော မဟာထေရော၊ ဥေယျသု ကောဝိဒေါ ဝိဒ္ဓါ။
သာသနံ သော ဇောတယိတွာန၊ မစ္စုရာဇဝသံ ဂမိ။



“ဒီပါလင်္ကာရ မဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်နှင့် “ဒီပဓရ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ဒီပ

အရှင်ဒီပသည်လည်း အမရပူရသာသနာ့ဝန်ဆောင် ဆရာတော်တစ်ပါး ဖြစ်တော်မူသည်။ သာသနာ့ဝန်ဆောင်များသည် အမျိုးမျိုးရှိ၏။ တချို့ရဟန်းတော်တို့က စာပေချပို၍ ဘုရားသာသနာရောင် ထွန်းပြောင်စေတော်မူကြကုန်၏။ တချို့ရဟန်းတော်တို့က ကျမ်းစာရေး၍ သာသနာပြုတော်မူခဲ့ကြကုန်၏။ တချို့ရဟန်းတော်တို့ကမူ တရားဓမ္မ ဟောပြ၍သာသနာပြုတော်မူခဲ့ကြကုန်၏။ တချို့ရဟန်းတော်တို့ကမူ ပဋိပတ်အကျင့်ကိုကျင့်၍ သာသနာတော်ကို ချီးမြှောက်တော်မူကြကုန်၏။ အရှင်ဒီပကား စာပေချပို၍ သာသနာရောင်ကို တောက်ပြောင်စေသည့် ပုဂ္ဂိုလ်မြတ်ပေတည်း။

ဖွားမြင်ခြင်းစသည်

ရှေးအခေါ် ဗဒုံမြို့ ယခုအခါ မုံရွာခရိုင် ဗုတလင်မြို့နယ် ညောင်ကန်ရွာ၌ အဖ ဦးစံရာ၊ အမိ ဒေါ်ဦးတို့မှ သက္ကရာဇ် ၁၁၆၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ကြက်သွန်ခင်း ကန်ဘောင်ရိုး၌ ဖွားမြင်တော်မူသဖြင့် ငယ်မည်မောင်ကန်ရိုးဟု မိ,ဖတို့က မှည့်ခေါ်ကြကုန်၏။ ငယ်စဉ်ကပင် ဆရာတော်အရှင် ပုညရံသီ(ဦးပိုး)ထံရောက်ရှိ ပညာသင်ကြားတော်မူခဲ့လေသည်။

ရှင် ရဟန်းပြု ဆက်လက်ပညာသင်ကြားခြင်း

၁၅-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ဒီပဖြစ်လေသည်။ သက်တော် ၂၀-တွင် ရဟန်းပြုတော်မူခဲ့လေသည်။ ရဟန်းဘွဲ့ပေါ်လည်း သာမဏေဘွဲ့အတိုင်းပင် ဖြစ်လေသည်။ ရဟန်းဖြစ်သဖြင့် [illegible]ဒီပ ဟုခေါ်ဝေါ်ကြသည်။ အရှင်ဒီပသည် ဆရာရင်းဖြစ်တော်မူသော [illegible]ရှင် ပုညရံသီအထံ၌ ပိဋကတ်အခြေပြုကျမ်းစာများနှင့်တကွ ပိဋကပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူတော်မူခဲ့လေသည်။

အင်းဝသို့ကြွရောက်ခြင်း

အရှင်ဒီပသည် ရဟန်းအဖြစ်သို့ရောက်ပြီးနောက် ဆရာတော်အရှင်ပုညရံသီ(ဦးပိုး)နှင့်အတူ အင်းဝနေပြည်တော်သို့ လိုက်ပါ ကြွရောက်၍ အောင်မြေဘုံစံကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့လေသည်။ ကိုယ်တိုင်လည်း ဆရာတော်အရှင်ပုညရံသီထံ ဆက်လက်၍ ကျမ်းဂန်များ သင်ယူ၍ တပည့်တပန်း ရဟန်း သာမဏေတို့အားလည်း စာပေပို့ ချတော်မူခဲ့လေသည်။ ဆရာတော် ဦးဗုဒ္ဓလက်ထက်တွင်မူ ဆရာတော် ဦးဗုဒ္ဓလက်အောက်ကနေ၍ တိုက်အုပ်ဆရာတော် တာဝန်ကို ထမ်းဆောင်၍ တိုက်တာအုပ်ချုပ်ရေးကိုပါ ဆောင်ရွက်တော်မူခဲ့လေသည်။

ရာဇဂုရု ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ် အလှူခံရခြင်း

အရှင်ဒီပသည် ဘကြီးတော်မင်းတရား ဆက်ကပ်လှူဒါန်းသည့် ‘‘ ဒီပါလင်္ကာရ မဟာဓမ္မရာဇဂုရု’’ ဘွဲ့တံဆိပ်တော်နှင့် ညီတော် ကုန်းဘောင်မင်း ဆက်ကပ်လှူဒါန်းသည့် ‘‘ ဒီပဓဇသဒ္ဓမ္မာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု’’ ဘွဲ့တံဆိပ်တော်များကို အလှူခံရရှိတော်မူခဲ့လေသည်။

ညောင်ကန်တိုက်လေးထပ်ကျောင်း၌ သီတင်းသုံးခြင်း

ဆရာတော်သည် အမရပူရမြို့တော် အရှေ့မြောက်ယွန်း မဟာမုနိရုပ်ရှင်တော် မြတ်ဘုရား၏ အရှေ့မျက်နှာရှိ မဟာဘုံကျော် ညောင်ကန်တိုက်အတွင်း ရွှေကူ၊ မြတောင် ၂-မြို့စား မင်းသမီး၏မိခင် ဒါယိကာမကြီး တင်လှူအပ်သော အမိုးဘုံလေးဆင့်ရှိကျောင်းမ၊ မာရဘင်၊ ဦးကင်၊ ရာဇပလ္လင်နှင့်တကွ ဆောက်လုပ်လှူဒါန်းအပ်သော လေးထပ်ကျောင်း၌ ကြာမြင့်စွာသီတင်းသုံးတော်မူ၍ စာပေချပို့သာသနာပြုတော်မူခဲ့လေသည်။

ပျံလွန်တော်မူခြင်း

ယင်းသို့ မဟာဘုံကျော် ညောင်ကန်တိုက် လေးထပ် ကျောင်း၌ သီတင်းသုံး၍ စာပေပို့ချ သာသနာပြုစဉ် သက်တော် ၅၁၊ သိက္ခာတော် ၅၁-ဝါရှိရာ ၁၂၁၃-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။ ကြွင်းကျန်ရစ်သော အရိုးဓာတ်ကို ညောင်ကန်တိုက် အနောက်ဖက် ကပ်လျက်ရှိသော အရပ်၌ စေတီတည်ထားခဲ့ကြကုန်၏။

ဒီပါလင်္ကာရ ထေရော ဟိ၊ ပဒီပေါ ဇိနသာသနေ။
ဒီပေတွာ သာသနံ တေန၊ ဒီပိတံ ဟိ အနိစ္စတံ။

"ဓမ္မာဘိလင်္ကာရ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သစ်ဆိမ့်ဆရာတော်အရှင်ဓမ္မ

ဆရာတော်သည် တောင်ဖက်မြင်းမြေ ရန်အောင်မြို့သစ်၌ သက္ကရာဇ် ၁၁၆၃-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်မည် မောင်ရွှေလူဖြစ်လေသည်။

ရှင်၊ ရဟန်းပြု၊ ပညာသင်

သက်တော် ၁၅-နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်၊ သာမဏေ ၆-ဝါရပြီး သက်တော် ၂၁-နှစ်ထည်းတွင် ရဟန်းပြုတော်မူခဲ့လေသည်၊ ဘွဲ့တော် အရှင်ဓမ္မ ဖြစ်လေသည်။

အင်းဝမြို့တော် အနောက်တောင်ထောင့် မန်ကျည်းတောကျောင်း၌ နေထိုင်၍ ပညာသင်ကြားတော်မူခဲ့လေသည်၊ မြောက်နန်းမိဖုရားဆရာတော်ထံ၌လည်း ပညာသင်ကြားဖူးလေသည်။

အမရပူရသစ်ဆိမ့်တိုက်အလှူခံ

ညီတော်မင်းတရားလက်ထက် အမရပူရရွှေမြို့တော် အရှေ့တောင်ယွန်းရှိ ညီတော်မင်းတရား၏ မိဖုရားကြီးက ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဦးပြဿာဒ် အမိုးဘုံ(၇)ဆင့်တပ် ကျောင်းမစမြင့်ပါ အမိုးဘုံ(၅)ဆင့်တပ် မာရဘင်ဆီး ဦးကင်ရာဇပလ္လင်တည် ထီးဖြူစိုက်များနှင့် ဆောက်လုပ်သည့် မဟာဘုံကျောက်ကျောင်းကို 'မဟာဓမိကာရာမသစ်ဆိမ့်တိုက်' တပ်၍ တင်လှူခြင်းကို ခံယူတော်မူရလေသည်။

ကျမ်းဂန်ပြုခြင်း၊ ဘွဲ့တံဆိပ်အလှူခံရခြင်း

ဆရာတော်သည် ရာဇဝံသဋီကာပါဠိနိဿကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်၊ ''ဓမ္မာဘိလင်္ကာရ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၁၃-ခုနှစ်တွင် ပံ့လွန်တော်မူခဲ့လေသည်။

သစ်ဆိမ့်ဆရာတော်များ

သစ်ဆိမ့်ဆရာတော်အမည်ဖြင့်ဆရာတော်များ တော်တော်များများ ပေါ်ထွန်းခဲ့လေသည်။

၁။ ရမည်းသင်း ရန်အောင်ဇာတိဟုအဆိုရှိသော“ တောဇောသာရာဘိ ပဏ္ဍိတပရမ မဟာဓမ္မရာဇာ မိရာဇုရု” ဘွဲ့တံဆိပ်တော်ရ အရှင်တောဇောသာရ။

၂။ ပရိဝါပါဠိတော်နိဿ္သ စသည့်ကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူခဲ့သော “ပညာသီဟာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာမိရာဇုရု” ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့မြောက်ပြင် သစ်ဆိမ့်တိုက် ဒုတိယမြောက် ဆရာတော် အရှင်ပညာသီဟ။

၃။ “သာသနဝံသာဘိဓဇ မဟာဓမ္မရာဇုရု” ဘွဲ့တံဆိပ်တော်ရ အရှင်သာသန။

၄။ “ သာသနဝံသာဘိဓဇ မဟာဓမ္မရာဇုရု” ဘွဲ့တံဆိပ်တော်ရ အရှင်သာသန။

၅။ “အရိယာဝံသ သဒ္ဓမ္မ မဟာဓမ္မရာဇာမိရာဇုရု” ဘွဲ့တံဆိပ်တော်ရ အရှင်ဥက္ကံသ။

ဖော်ပြပါ ဆရာတော်တို့သည် သစ်ဆိမ့်ဆရာတော်များအဖြစ် သာသနာတော်၌ ထင်ရှားခဲ့ကုန်၏။ မန္တလေးသာသနာဝင်ကျမ်း သစ်ဆိမ့်သာသနာဝင်လည်းကြည့်။

သစ်ဆိမ့်ဆရာတော်နာမေန၊ အနေကေ ထေရကုဋ္ဌရာ။
ကတွာ သာသနကိစ္စာနိ၊ ပယာတာ မစ္စုသန္တိကံ။

“ ဉာဏာလင်္ကာရ သီရိပရမဓရ မဟာဓမ္မရာဇာဓိရာဇဂုရု”
ဘွဲ့တံဆိပ်တော်ရအရှင်ဉာဏာလင်္ကာရ

ဆရာတော်သည် ပဌမဆင်တဲဆရာတော်ဘုရားကြီး အရှင်ဉာဏသဒ္ဓမ္မကိုထောက်၍ ဆင်တဲ ဆရာတော်ကလေး အရှင်ဉာဏာလင်္ကာရဟုတွင်လေသည်။

ပုခန်းကြီးမြို့ကျေး အနောက်ဘက် ကျည့်ကန်ရွာ (ယခု ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျည့်ကန်ရွာ) ၌ အဖဦးမြတ်စံပေါ်၊ အမိဒေါ်နိုး (ရှင်နိုး)တို့မှ သက္ကရာဇ် ၁၁၆၂-ခုနှစ် ဝါဆိုလဆန်း ၁၁-ရက်နေ့တွင် ဖွားမြင်တော်မူသည်။ ငယ်မည် မောင်သာနိုးဖြစ်လေသည်။

ရှင်ရဟန်းပြုပဉာသင်ခြင်း

အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ဉာဏဖြစ်လေသည်။ သက်တော်စေ့တွင် ရဟန်းပြုတော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ဉာဏာလင်္ကာရဖြစ်လေသည်။ ပဌမဆင်တဲဆရာတော် အရှင်ဉာဏသဒ္ဓမ္မစသည်တို့ထံတွင် ပဉာသင်ကြားတော်မူခဲ့လေသည်။

ပေါက်မြိုင်မြို့စား ဦးမှုံ၏ ကိုးကွယ်ခြင်းကိုလည်း ခံယူတော်မူရလေသည်။ ပဌမဆင်တဲ ဆရာတော် သိတင်းသုံးရာ ဆင်တဲတိုက် အတွင်းရှိ ကျောင်းဦးပြဿဒ်တပ်ဆင်ပါရှိသည့် အမိုးဘုံလေးထပ်ရှိ ကျောင်းကြီးကို တင်လှူခြင်းကို ခံတော်မူရလေသည်။

ဂုဏာဓိဂုဏဂုရုဘွဲ့အလှူခံရခြင်း၊ ပျံလွန်ခြင်း

ဆရာတော်သည် ‘‘ဉာဏာလင်္ကာရသီရိပရမဓရ မဟာဓမ္မရာဇာဓိရာဇဂုရု’’ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရလေသည်။ သက်တော်၅၁-နှစ်၊ ဝါတော်၃၁-ဝါအရတွင် ပျံလွန်တော်မူလေသည်။

ဆင်တဲတိုက်ထွက် ရာဇဂုရုဆရာတော်များ

အမရပူရမြို့ဆင်တဲတိုက် (ယခုမန္တလေးမြို့တောင်ပြင်ဆင်တဲတိုက်)မှ ရာဇာဓိရာဇဂုရု ကျမ်းပြုဆရာတော်များစွာတို့ ပေါ်ထွန်းခဲ့လေသည်။ ၎င်းတို့မှာ-

- ''ဉာဏာလင်္ကာရာဘိ သဒ္ဓမ္မဇဓ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ပဌမဆင်တဲဆရာတော်ကြီး၊
- ''ဉာဏာလင်္ကာရ သီရိပရမဓဇ၊ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ဉာဏာလင်္ကာရ၊
- ''ဇနိန္ဒာဘိသီရိပရမဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဦးကာကျော်နိသျကျမ်းပြု ဆရာတော်၊
- ''ပဏ္ဍိတမဟာ ဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ပဏ္ဍိတထေရ်၊
- ''ဉာဏကိတ္တိ ယတိသာရဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်ဉာဏကိတ္တိထေရ်၊
- ''သာဂရဝံသဓဇ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်သာဂရထေရ်၊
- သာရတ္ထဒီပနီ ဦးကာနိသျကျမ်းပြု အရှင်ဓမ္မသီရိ-စသည်တို့ဖြစ်ကုန်၏။

ဆင်တဲဝိဟာရေ ဝသန္တာ၊ ထေရာ ဟိ ကဝိကောသရာ။
နာထသာ သာသနံ ကတွာ၊ ပဝိဋ္ဌာ မစ္ဆုနော ဝသံ။

“ဉာဏဝဇိရဓဇ မဟာဓမ္မရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ ဂွေးချိုဆရာတော် အရှင်ဉာဏဝံသ

ဆရာတော်သည် ဗန့်ကျီတိုက်နယ် ကျားတက်ရွာ၌ သက္ကရာဇ် ၁၁၆၃-နှစ် နယုန်လဆန်း ၈-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်အရှင်ဉာဏဝံသဖြစ်လေသည်။

ပညာသင်ကြားတတ်မြောက်ခြင်း

အင်းဝမြို့ ပုဂံနတ်ထောင့်ဆရာတော်ဘုရားထံတွင် ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။ ဥဘတောဝိဘင်းကိုလည်း ငယ်စဉ်ကပင် ပြန်ဆိုတော်မူခဲ့လေသည်။ အမရပူရမြို့တော်၌ သာသနာ ထွန်းလင်းချိန် ပုဂံမင်းလက်ထက်လောက်တွင် အမရပူရမြို့မြောက် ဂွေးချိုတိုက်အတွင်း ဒါယိကာ မြင်းစိုင်း၊ မြင်းကွန်းမြို့စားမင်းသမီးက ဆောက်လုပ်လှူဒါန်းသည့် ကျောင်း၌ သီတင်းသုံးတော်မူခဲ့လေသည်။

ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် အသိတိပေဒဒီပနီစသည့် ကျမ်းဂန်များကို ပြုစုတော်မူခဲ့လေသည်။ အသိတိပေဒဒီပနီ ကျမ်းဦး၌ -

အနန္တကရုဏာ ဉာဏ်၊ ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။
ဓမ္မံ နတ္ထာပိ သံဃဉ္စ၊ ပုညခေတ္တံ အနုတ္တရံ။

ဟူသော ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။

ရာဇဂုရုဘွဲ့တံဆိပ် ၃-ထပ် အလှူခံခြင်း၊ ပံ့လွန်ခြင်း

“ဉာဏဝဇိရဓဇ မဟာဓမ္မရာဇဂုရု” စသော ဘွဲ့ တံဆိပ်တော် ၃-ထပ်ကို အလှူခံရရှိတော်မူခဲ့လေသည်။ သက္ကရာဇ် ၁၂၂၃-ခုနှစ် နောက်ဝှေး ပံ့လွန်တော်မူခဲ့လေသည်။

ဉာဏဝံသော မဟာထေရော၊ ပိဋ္ဌကေသု သုကောဝိဒေါ။
ကုသလော ဝေဒသတ္ထေသု၊ တေဇသီ ဉာဏဝါ သုဓီ။
ကတ္တာန ဇနဟိတံ သော၊ အဂါ [illegible] သန္တိကံ။

‘အာစာရာရမ္ဘကဝိဇေ မဟာမ္မေရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ အရှင်အာစာရ (စတုတ္ထမိုးထိဆရာတော်)

ဆရာတော်သည် ပင်းမြို့ကျေး ဆပ်ချုံရွာ အဖဦးအိ၊ အမိဒေါ်စိန် တို့မှ သက္ကရာဇ် ၁၁၆၈–ခုနှစ် တပို့တွဲလဆန်း ၉–ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ပြောင်ဖြစ်လေသည်။

ရှင် ရဟန်းပြု ပညာသင်

အရွယ်ရောက်သော် သာမဏေဝတ်၍ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်အာစာရဖြစ်လေသည်။ သက်တော်စေ့တွင် ရဟန်းပြုတော်မူခဲ့လေသည်။ ရဟန်းဘွဲ့အရှင် အာစာရဖြစ်လေသည်။

ရတနာပူရအင်းဝမြို့တော်၌ လောကသယမ္ဘူဘုရား အရှေ့ကျောင်း တိုက်ကြီး၌ သီတင်းသုံး တော်မူသော သဲအင်းဆရာတော် အရှင်သူရိယာ ဘိဝံသထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ အမရပူရမြို့သို့ ရောက်သည်တွင် မြို့အရှေ့တောင်ထောင့် မိုးထိတိုက် အတွင်း ငွေခွန်ဝန် ဦးမှုံ၏ ကျောင်းဆောက်တင်လှူခြင်းကို ခံတော်မူရလေသည်။ နောက်တွင် ပုသိမ်မြို့ ကန္ဒီမြို့များကို အသုံးကံကျွေးခံရသော မင်းသမီး၏ ကျောင်းမ ကျောင်းဦးပြာသာဒ်နှင့်တကွ ဘုံသာဝေယန်မိုးထိ ကျောင်းကို တင်လှူခြင်းခံရပြန်လေသည်။ စတုတ္ထ မိုးထိဆရာတော်ဟု ထင်ရှားလေသည်။

မဟာမ္မေရာဇဂုရုအလှူခံရခြင်း ပျံလွန်ခြင်း

“ အာစာရာရမ္ဘ ကဝိဇေ မဟာမ္မေရာဇဂုရု” ဘွဲ့တံဆိပ် တော်ကို အလှူခံတော်မူရလေသည်။ ဆရာတော်သည် အမရပူရ၌ သာသနာတော် ပြုတော်မူဆဲဖြစ်စဉ် ပျံလွန်တော်မူခဲ့ရလေသည်။

ဘဒန္တအာစာရော ထေရော၊ သွာစာရော ဗုဒ္ဓသာသနေ။
သမ္မာ သော အာစာရံ ကတွာ၊ ယထာကမ္မံ ဂမီ ဣတော။



အရှင်မုနိန္ဒာဘိဓေ (ကျီးသဲလေးထပ်ဆရာတော်)

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးသည် အမရပူရ သာသနာ့အောင်မြေ၌ ရဟန်းအဖြစ်သို့ရောက် ပညာသင်ကြားတတ် မြောက်တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

ရွှေတောင်မြို့ ကျီးသဲရွာ ရှမ်းတန်းကလေးရပ်၌ သက္ကရာဇ် ၁၁၆၆-ခုနှစ် သီတင်းကျွတ် လဆုတ် ၈-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်းကင်းဖြစ်လေသည်။

ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၉-နှစ်သားအရွယ်တွင် သစ်နီတောကျောင်းတိုက် ဆရာတော်ဦးပညာသာမိ ထံတွင် စတင်ပညာသင်ကြားတော် မူခဲ့လေသည်။ သာမဏေအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ သက်တော် ၁၉-နှစ် ၆-လအရှိတွင် ‘‘ကဝိန္ဒာဘိ သဒ္ဓမ္မပဝရ မဟာ ဓမ္မရာဇဂုရု’’ ‘‘ဂုဏာမုနိန္ဒာလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု’’ ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ အမရပူရ ရွှေတောင်ဆရာတော် ဘုရားကြီး အရှင်ဂုဏာစာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်မုနိန္ဒာဘိဓေဖြစ်လေသည်။ မင်းတဲဆရာတော် ပဌမကျော် အရှင်လင်္ကာဒီပစသည်တို့သည် ကမ္မဝါစာဆရာတော်များ ဖြစ်ကြကုန်၏။

အမရပူရမြို့၌ ပညာသင်

ရဟန်းဖြစ်ပြီးနောက် ဆက်လက်၍ အမရပူရမြို့ မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသ ဆရာတော်နှင့် ‘‘ဥတ္တမ စက္ကိန္ဒဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု’’ ဘွဲ့တံဆိပ်တော်ရ မိတ္ထီလာဆရာတော်, ‘‘မဏိဇောတာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု’’ ဘွဲ့တံဆိပ်တော်ရ ခင်မကန်ဆရာတော်, အရိန္ဒမဂုဏာဘိ သီရိဓဇမဟာဓမ္မရာဇဂုရု’’ ဘွဲ့တံဆိပ် တော်ရ ရွှေတိုက်ဝန်ဆရာတော်တို့ထံ ပညာသင်ကြားတော်မူခဲ့လေသည်။ ဥယျဓမ္မာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာ ဇဂုရု’’ဘွဲ့တံဆိပ်တော်ရ မောင်းထောင်သာသနာပိုင်

ဆရာတော် အရှင်ဉေယျ ထံ၌လည်း ပါရာဇိကဏ်အဋ္ဌကထာ သာရတ္ထ ဒီပနီ ဋီကာတို့ကို သင်ယူတော်မူခဲ့လေသည်။

ကျိုးသဲရွာလေးထပ်ကျောင်း၌ သီတင်းသုံးခြင်း

စာပေတတ်မြောက်သောအခါ ရွှေတောင်မြို့သို့ ပြန်လည် ကြွတော်မူခဲ့လေရာ မင်းကြီးမဟာ မင်းလှမင်းခေါင်ကျော် နော်ရထာဘွဲ့ခံ ဝန်ကြီးဦးမှူ ဆောက်လုပ်လှူဒါန်းသည့် ကျိုးသဲရွာအရှေ့မျက်နှာရှိ လေးထပ် ကျောင်းကြီးကို အလှူခံတော်မူ၍ သီတင်းသုံးတော်မူကာ ဂန္ထဓုရ၊ ဝိပဿနာဓုရများကို ကြိုးပမ်းတော်မူခဲ့လေသည်။ ထိုစဉ်ကစ၍ ရွှေတောင် ကျိုးသဲလေးထပ် ဆရာတော်ဟု ထင်ရှားလေသည်။

ကျမ်းဂန်များပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ ဇိနတ္ထပကာသနီကျမ်း
၂။ စွယ်စုံကျော်ထင်အဖြေကျမ်း
၃။ မဟာဝင်ဝတ္ထုတော်ကြီး
၄။ မနောရထပူရဏီ
၅။ ပုရဏ်ဓမ္မဂန်ဖတ်စာ
၆။ ပကိဏ္ဏကနက္ကာရအစိန္တေယျကြီး
၇။ မင်္ဂလတ္ထဒီပနီဋီကာနိသျ
၈။ ဂန္ဆဝံသနိသျ
၉။ သီလဘေဒပကာသနီ
၁၀။ ဒိဋ္ဌဒီပကကျမ်း
၁၁။ ပဥ္စိပျာကရဏကျမ်း
၁၂။ နီဗ္ဗာန်လမ်းပြကျမ်း
၁၃။ ဝိမတိစ္ဆေဒနီကျမ်း
၁၄။ အဘိဓမ္မတ္ထသင်္ဂဟနိသျ
၁၅။ ဝိနည်းငါးကျမ်းပါဠိတော်နိသျ

၁၆။ ကဝိသာရဆန်းဦးကာနိသျ
၁၇။ ကဗျာသာရတ္ထသင်္ဂဟ
၁၈။ မဟာသာရပျို့သစ်
၁၉။ သဇ္ဇနဝိလာသိနီ
၂၀။ ဆပဒ္ဓကိကကျမ်း
၂၁။ သုပိနာမျာယကျမ်း
၂၂။ သံသယဝိသောဓနာ
၂၃။ သံသယဝိသောဓနာကျမ်း
၂၄။ ဓမ္မဒေသနာကျမ်း
၂၅။ ကျီးသဲမေတ္တာစာ
၂၆။ ဇမ္ဗုဒီပစာတမ်း
၂၇။ ဖ၊ ဘ ရေးထုံးကျမ်း စသည်တို့ဖြစ်ကုန်၏။

ဇိနတ္ထပကာသနီကျမ်း

ယင်းကျမ်းများအနက် ဇိနတ္ထပကာသနီကျမ်းကြီးမှာ ဗုဒ္ဓဘာသာဝင်တို့၏ လက်ကိုင်ပြုရသည့် ဗုဒ္ဓဘာသာ၏ အခြေအမြစ် ကျမ်းကြီးဖြစ်လေသည်။ စာမျက်နှာ ရိုင်ဆိုက်နှင့် ၎၀၀-ခန့်ရှိ ကျမ်းကြီးပေတည်း။

စွယ်စုံကျော်ထင်အဖြေကျမ်းကြီး

စွယ်စုံကျော်ထင် အဖြေကျမ်းကြီးမှာ လောကဓမ္မသိပ္ပံကုံလုံ ဉာဏ်စွယ်စုံဖြစ်စေခြင်းငှာ ကျည့်ကန်ရွာ သာမဏေကျော် ရှင်နန္ဒဓဇ အမေးပြုခဲ့သည့် စွယ်စုံကျော်ထင် ပုစ္ဆာများကို ဖြေဆိုရာကျမ်းကြီးဖြစ်လေသည်။ ယင်းကျမ်းကြီးမှာ ပဌမ၊ ဒုတိယ ၂-တွဲရှိရာ ပထမတွဲ ရိုင်ဆိုက် စာမျက်နှာ ၄၅၀-ခန့်၊ ဒုတိယတွဲစာမျက်နှာ ၄၅၀-ကျော်ရှိလေသည်။

မဟာဝင်ဝတ္ထုတော်ကြီး

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးသည် သီဟိုဠ်ကျွန်း မဟာနာမထေရ် စသည်မထေရ် မြတ်တို့၊ ပါဠိဂါထာတို့ဖြင့် ဆန်းကျယ်စွာ ပြုစီရင်တော်မူခဲ့သည့် မဟာဝံသပါဠိကိုလည်း မြန်မာစကား ပြေပြန်ဆို

ရေးသားတော်မူခဲ့လေသည်။ မဟာဝံသတကျမ်းလုံး ပြန်ဆိုခြင်း မဟုတ်ပဲ ၂၈၃၇-ဂါထာပြီးသည့် အထိသာ ပြန်ဆိုတော်မူခဲ့ခြင်းဖြစ်လေသည်။ ယခုအခါ သီဟိုဠ်ကျွန်း၌ မဟာဝံသ၊ စူဠဝံသ ၂-ကျမ်းလုံးကို ပေါင်း၍ မဟာဝံသဟုခေါ်ရိုးရှိသည်။ ယခုခေါ်ရိုးတိုင်းဆိုလျှင် ဂါထာ ၉၀၀၀-ကျော်ရှိလေသည်။ ကျီးသဲဆရာတော်ဘုရားကြီးသည် အပိုင်း ၃၇-အတွင်း

တသ္မာ အသာဓုသံသဂ္ဂံ - အာရကာ ပရိဝဇ္ဇိယ။
အဟိဝါသီ ဝိသံ ခိပ္ပံ၊ ကရေယျတ္တဟိတံ ဗုဓေါ။

စသော ၄-ဂါထာဖြင့် ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းဂါထာတွင် အဖအရာထင်မှတ်ရသော မင်းကြီးမဟာမင်းလှမင်းခေါင်ကျော် နော်ရထာတောင်းပန်၍ ရေးသားမည်ဖြစ်ကြောင်းကို ဖော်ပြသည့် ဂါထာလည်း ပါဝင်ခဲ့လေသည်။ ကျမ်း၏အဆုံး၌ -

စတုစက္ကသမ္ပုဏ္ဏဿ၊ ကဉ္စနဂိရိနဂ္ဂဿ။
စက္ကဋ္ဌေ တိလကဘူတေ၊ ကျီးသဲက္ကတျာဘိဿမွတေ။

ဟူသော ဂါထာနှင့် မဟာနိဂမေ ဇာတတ္တာစသော စုဏ္ဏိယစကားတို့ဖြင့် ပြည့်ပြည့်စုံစုံ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းသည် မဟာဝင် ဝတ္ထုမည်လေသည်။ ယင်းကျမ်းကို ဟံသာဝတီပုံနှိပ်တိုက်စသည်တို့၌ အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ကြကုန်၏။

မနောရထပုရဏီ

သင်္ဂြိဟ်ခက်ဆစ်အလင်းပြ အမေးအဖြေကျမ်းကိုလည်း မနောရထပူရဏီအမည်ဖြင့် ရေးသားတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ကရောင်းချိုးဆိုက် ပဌမတွဲ ဒုတိယတွဲ ၂-တွဲရှိ၍ ပဌမတွဲမှာ စာမျက်နှာ ၃၅၅-ကျော် ဒုတိယတွဲမှာ ၄၅၀-ကျော်ရှိလေသည်။ ဆရာတော်သည် ယင်းကျမ်းကို ၁၂၃၅-ခုနှစ် တော်သလင်းလဆန်း ၁၀-ရက်နေ့တွင် အပြီးသတ်ရေးသားစီရင်တော်မူခဲ့လေသည်။ ၁၃၁၉-ခုနှစ်ကျမှ ပေမှကူးယူ ရိုက်နှိပ်သဖြင့် စာအုပ်အဖြစ်သို့ ရောက်ခဲ့လေသည်။ [၁]

၁။ ရန်ကုန်ပြို။ ကြည့်မြင်တိုင် ဖွေပြည်ညွှန့်ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

ကျမ်းဦးဌိ– တိကတိဏ္ဍံ တိရတနံ နိစ္စံ နမာမိ။
တိကတိဏ္ဍံ တိရတနံ နိစ္စံ နမာမိ။
ဂန္ဆာရမ္ဘံ ပဏာမံ ဘယံ နာသတိ။
ဂဏ္ဌိပဒံ သဇ္ဇနံ ခေမံ လိက္ခာမိ။
သောတာရာနံ တံဂန္ဆံ အတ္ထံဟောသတိ။
မနောရထံ ပူရဏံ ကွဒံ ဟောသတိ။

ဟူသော ပါဠိသံပေါက်ဖြင့် ခေတ်မှီဆန်းသစ်စွာ ဂန္ဆာရမ္ဘပြုတော်မူခဲ့လေသည်။

ပူရဏ်ဓမ္မဂန်ဖတ်စာ

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးသည် ပူရဏ်ဓမ္မဂန် ဖတ်စာကို အမျိုးသားအမျိုးသမီးတို့ ပစ္စုပ္ပန်၊ တမလွန်အကျိုးအတွက် နှုတ်ရဆောင်၍ လိုက်နာရန် ရည်သန်၍ ရေးသားတော်မူခဲ့လေသည်။ လင်္ကာပုဒ်ပေါင်း ၃၁–ပုဒ်ပါရှိလေသည်။ ဆရာတော်သည် ရှင်းရှင်းနှင့် ဘွင်းဘွင်းရေးသားတော်မူလေ့ရှိ၏။

- ငယ်ကပျော်လွန် ကျမ်းဂန်တရား မသင်ကြားသော် မင်းပါးစိုးခွင် မဝင်နိုင်ဘဲ ဆင်းရဲဖန်တောင်း မကောင်းသက်မွေး မယဉ်ကျေးသည် လူရေးလူရာ မတုံးလား။
- မိဘမသင် ပွဲတွင်မတည် ကုန်စည်မသွား လူငွေး မယားချင့်ကို မမုန်းလား။
- မင်းစေလုပ်ကြား လျင်ဖြတ်စားသည် ယောကျ်ားလူလေ လူငမွေကို ရွာနေလူများ မမုန်းလား။
- မိုးမရွာခင် သစ်ပင်ငုတ်ဝါးရင်း ကျင်းကျိုင်စင်အောင် မိုးတည်းရွာမူ သစ်စေ့မျိုးရင်း တွင်းကျင်းဝင်အောင်မြုပ်။
- ဇီဝကပင် ဖြစ်လျှင်ကစား မခေါ်ကြားသော် သွား၍လွတ်အောင် မကူနှင့်။
- နတ်သမီးပင် ဖြစ်လျင်ကစား သူ့မျောက်သားကို ဖြောင်းဖျားပြော ဆိုမလုနှင့်။
- သူငွေးသားပင် ဖြစ်လျင်ကစား မင်းဝတ်စားကို မတုနှင့်။

– သမီးကညာ ရွှယ်ရောက်လာ အခါမလင့်ပါစေနှင့်။
– အခါလင့်က အသင့်မရ ယုတ်သောသူနှင့် ညားတတ်စွ။
စသည်ဖြင့် ရှင်းရှင်းဘွင်းဘွင်း ရေးသားလေ့ရှိကြောင်း သိနိုင်လေသည်။

ပကိဏ္ဏကနမက္ကာရအစိန္တေယျကြီး

ပကိဏ္ဏကနမက္ကာရအစိန္တေယျကြီးမှာ ပိဋကတ်အမ ဒေါ်ခါး တောင်းပန် လျှောက်ထားသဖြင့် ရေးသားစီရင်တော်မူခဲ့သော ဘုရားရှိခိုးကြီး ဖြစ်လေသည်။ ယင်းမှာ အပိုဒ်ပေါင်း ၁၁–ပိုဒ်ရှိ လွန်စွာ ကောင်းမွန်သော ဘုရားရှိခိုးဖြစ်လေသည်။

ထူးမြတ်သည့်ပညာရှင်

ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇကား ထူးခြားသည့် ပညာရှိကြီးဖြစ်လေသည်။ ယင်းဆရာတော်ဘုရားကြီး ပေါ်ပေါက်လာခြင်း အတွက် မြန်မာဘွားတို့ အတိုင်းမသိ လောကုတ္တရာကျိုးတို့ တိုးပွား လေကုန်၏။

ထိုထိုဒေသ၌ သီတင်းသုံးခြင်း

ဆရာတော်ဘုရားကြီးသည် ပန်းတောင်း၊ မော်လမြိုင်၊ အင်္ဂပူ (အုတ်ဖို)၊ ဟသ်ာတ၊ ကျီးသဲ အထက်မြောက်ထိပ်ဒေသတို့၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

စုတိကမ္မဇရုပ်ချုပ်တော်မူပြီ

သက်တော်အရွယ်ကြီးရင့်လာ၍ ဇရာဗျာဓိ ဖိစီးနှိပ်စက် ခံရသော ခန္ဓာကိုယ်ကား တောင်ဝှေး အကူအညီပါမှ သွား,လာ,ရပ်မူကို ပြုနိုင်လေ သည်။ တောင်ဝှေးနှင့် အထောက်ထောက်ကြွလှမ်းတော်မူရာ တောင်းဝှေး နှင့်တကွ လဲသောကြောင့် သက်တော် ၇၇–နှစ် ဝါတော် ၅၇–ဝါရှိရာ ၁၂၉၆–ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

မုနိန္ဒာဘိဓဇော ထေရော၊ မုနိန္ဒဗုဒ္ဓသာသနေ။
ဓုရေ သော ပူရယိတ္ဝာန၊ အဟော မစ္စုဝသံ ဂတော။

အဘိဓမ္မပိဋက ဝိဘင်းပါဠိတော်နိသျကျမ်းပြု အရှင်သာရဓမ္မ

ဆရာတော်အရှင်သာရဓမ္မသည် အဘိဓမ္မာကျမ်းတတ် အမရပူရ သာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်။ သက္ကရာဇ် ၁၁၈၀-ခု၊ ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်သာရဓမ္မဖြစ်လေသည်။

ပိဋကတ်ကျမ်းဂန်များသင်ကြားခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၂၀၀-ကျော်လောက်တွင် ဓာတုကထာ ပါဠိတော်နိသျ ပုဂ္ဂလပညတ်ပါဠိတော်နိသျ ကထာဝတ္ထုပါဠိ တော်နိသျ စသည်ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့သော " ဇမ္ဗုဒီပဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အမရပူရမြို့ မဟာတုလွတ် ဘုံကျော် ဆရာတော်ဘုရားကြီး အရှင်ဇမ္ဗူဒီပဓဇ ထံရောက်ရှိ၍ ပိဋကတ် ကျမ်းဂန်များကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

စာပေချပို့ ကျမ်းဂန်များပြုစု၍ သာသနာပြုခဲ့

ဆရာတော်အရှင်သာရဓမ္မသည် စာပေချပို့ခြင်း ကျမ်းဂန်များပြုစု ခြင်းတို့ဖြင့် ပရိယတ္တိသာသနာ စည်ပင်အောင် ပြုလုပ်ဆောင်ရွက် ပေးတော် မူခဲ့လေသည်။

ဝိဘင်းပါဠိတော် နိသျကျမ်းကြီး

မိမိဆရာရင်း မရေးဘဲကြွင်းကျန်နေသည့် အဘိဓမ္မ ပိဋကဝိဘင်း ပါဠိတော်နိသျကျမ်းကြီးကို ရေးသားတော်မူခဲ့လေသည်။ ယင်းကျမ်းကြီး သည် နှောင်းခေတ် ဝိဘင်းပါဠိတော်ကို ပြင်ဆင်တည်း ဖြတ်ရာ၌လည်း ကောင်း၊ ချပို့ရာ၌လည်းကောင်း၊ မြန်မာပြန်ရာ၌ လည်းကောင်း၊၊ အင်္ဂလိပ် ဘာသာပြန်ရာ၌လည်းကောင်း၊ အဘိဓမ္မာဝေါဟာရ မြန်မာစကားလုံး ရှာရာ ၌ လည်းကောင်း များစွာထောက်အပံ့ ပေးခဲ့လေသည်။ ယင်းကျမ်းကြီးမှာ ရွိုင်ဆိုက်စာမျက်နှာ ၄၄၀-ရှိလေသည်၊ ပြည့်စုံကောင်းမြတ်သည့်

ကျမ်းကောင်းကြီးဖြစ်လေသည်။ ဆရာတော် အရှင်သာရဓမ္မသည် ကျမ်းဦးဌ–

တိလောကမကုဋ္ဌံ နာထံ၊ နတ္ထာ ဓမ္မံ နိရုဏ်ဏံ။
တိလောကမကုဋ္ဌံ နာထံ၊ နတ္ထာ ဓမ္မံ နိရုဏ်ဏံ။
ဂဏ္ဌုတ္တမဋ္ဌ ဝက္ခာမိ၊ ဝိဘဂ်ပါဠိနိဿယံ။
ဇမ္ဗုဓဇံ မဟာထေရံ၊ ဂုရုံပိ မမဝန္ဒိယ။
အန္ဓရာယေ ဝိသောသေတွာ၊ ရစယိဿံ သမာသတော။

ဟူသော ၂–ဂါထာဖြင့် ရတနတ္တယပဏာမကိုလည်းကောင်း မိမိဆရာရင်း "ဇမ္ဗုဒီပဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဇမ္ဗုဒီပဓဇ မဟာထေရ်အား ရှိခိုးခြင်း ပဏာမကိုလည်းကောင်း ပဋိညာဉ် စသည် တို့ကိုလည်းကောင်း ပြုတော်မူခဲ့လေသည်။

ပံ့လွန်တော်မူခြင်း

ဆရာတော်အရှင်သာရဓမ္မသည် ဝိဘင်းပါဠိတော်နိဿျကို သာမက အခြားကျမ်းစာများကို ရေးသားပြုစုမည်ဟု မှန်းဆမိပါသည်။ ယင်းသို့ စာပေပြုစုခြင်း၊ ချပို့ခြင်းဖြင့် သာသနာပြုတော်မူပြီး လုပ်ငန်းတို့ကို ထားရစ်၍ လွန်တော်မူခဲ့လေသည်။

သာရဓမ္မော မဟာထေရော၊ သာရေသု ကောဝိဒေါ ဝိဒူ။
ဝိဒုသာသနံ ဇောတေတွာ၊ ကိတ္တိသေသတ္တမဂမိ။

ဝိသုဒ္ဓသီလာစာရ ကဝိဇ ဗဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်
ဝိသုဒ္ဓသီလာစာရဇဇ သီရိပဝရ ဗဟာဓမ္မရာဇာဓိရာဇဂုရု
ဒုတိယတံဆိပ်တော်၊
ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ
တတိယတံဆိပ်တော်များနှင့် ဒီလစ်ဘွဲ့ရ
တောင်ခွင်သာသနာပိုင်ဆရာတော် အရှင်ဝိသုဒ္ဓ

ဆရာတော်သည် မြန်မာနိုင်ငံတွင်နောက်ဆုံး သာသနာပိုင်ဖြစ်တော်မူလေသည်။ ဘုန်းကံကြီးမား ထူးခြားသည့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူလေသည်။

ဖွားမြင်တော်မူခြင်း

ဆရာတော်သည် အမရပူရမြို့ ရွှေစကားဘုရားအနီး မင်္ဂလာရပ်၌ အဖ မင်းတန်းတောင်စဉ် ခုနစ်ခရိုင် စစ်ကဲတော်ကြီး ရခိုင်လေးမြို့စာရေးတော်ကြီး အင်းယဉ်ဇေယျရွှေတောင်နော်ရထာ အမတ်ကြီး၏သား ဦးမောင်မောင်နှင့် အမိ ရတနာပူရစတုတ္ထမြို့တည် မင်းတရားကြီး၏ ရိုးရင်းတော်ဖက် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် ကျောက်ဆောက်မြို့စားပင်းကြီး မဟာသီဟသူ၏သမီး ဒေါ်ရွှေဝတို့မှ သက္ကရာဇ် ၁၂၀၆-ခုနှစ်၊ နတ်တော်လဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၄-ဗဟိုရ်အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

ကျောင်းနေပညာသင်သာသနာ့ဘောင်ခိုဝင်

သက်တော် ၁၀-နှစ်သားအရွယ်တွင် အမရပူရမြို့ အရှေ့တောင်ယွန်း မြစ်ကွေ့မြို့စား ဝန်ကြီးမင်း ဆောက်လုပ်အပ်သော ဘုံကျော်ကျောင်းကြီး၌ သီတင်းသုံးတော်မူသော "ပညာသာမိ ကဝိသာရဇဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဘုံကျော်ဆရာတော် ဘုရားကြီး အရှင်ပညာသာမိထံ အပ်နှံ၍ ပညာသင်ကြားခဲ့လေသည်။ ၁၄-

နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော် ရှင်ဝိသုဒ္ဓါစာရဖြစ်လေသည်။ သက်တော် ၂၀-ပြည့်တွင် ဘုံကျော်ဆရာတော် ဘုရားကြီး အရှင်ပညာသာမိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုတော်မူခဲ့လေသည်။

ပညာသင်ကြားခြင်း

ရဟန်းအဖြစ်ဖြင့် ဥပဇ္ဈာယ်ဆရာတော်နှင့် ဂဏဝါစကဆရာတော် အရှင်မေဓာဝီတို့ထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့ကို ဆက်လက်သင်ယူတော်မူခဲ့လေသည်။ ရဟန်းသိက္ခာ ၇-ဝါရသော အခါတွင် မန္တလေးမြို့ မြောက်ပြင်မဟာ ဇေတိကာရာမတိုက် မဂ််လာစံ ကျောင်း၌ သီတင်းသုံးတော်မူသော ‘‘ သုဒဿနဝရမ္မသာမိ မဟာဓမ္မ ရာဇာဓိရာဇဂုရု’ ဘွဲ့တံဆိပ်တော်ရ စံကျောင်းဆရာတော် အရှင်သုဒဿနထံ ဝိနည်း ၅-ကျမ်း ပါဠိ၊ အဋ္ဌကထာ၊ အာဘိဓမ္မာ ၇-ကျမ်းပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူတော်မူခဲ့လေသည်။

ဝိဘင်းပါဠိတော်နှင့် ပဋ္ဌာန်းပါဠိတော် ပြန်ဆိုခြင်း

ရဟန်းသိက္ခာ ၈-ဝါအရတွင် မင်းတုန်းမင်းတရားကြီး လက်ထက် မြေနန်းတော်တွင် ကျင်းပပြုလုပ်သည့် စာပြန်ပွဲတွင် အာဘိဓမ္မာဝိဘင်းပါဠိတော်နှင့် ပဋ္ဌာန်းပါဠိတော်တို့ကို ပြန်ဆိုအောင်မြင်တော်မူသဖြင့် ဆယ်စွယ်တံဆိပ်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ဂဏဝါစကဖြစ် စာပေချပို့

ရဟန်းသိက္ခာ ၁၀-ဝါအရတွင် ဂဏဝါစက ပဋ္ဌမစာချဖြစ်၍ စံကျောင်းတိုက်ကြီးအတွင်း မိဖုရားခေါင်ကြီး ဆောက်လုပ်လှူဒါန်းသောကျောင်း၌ ၅-ဝါပတ်လုံး သီတင်းသုံးတော်မူ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကို ချပို့တော်မူခဲ့လေသည်။ မိဖုရားခေါင်ကြီးကလည်း စတုပစ္စယဒါယကာ ခံယူ၍ ချီးမြှောက် လှူဒါန်းခဲ့လေသည်။

မန္တလေးမြို့ဘုံကျော်ကျောင်းတိုက်၌ သီတင်းသုံးခြင်း

ရဟန်းသိက္ခာ ၁၅-ဝါရပြီးနောက် မန္တလေးမြို့တောင်ပြင် ဒုတိယဘုံကျော်ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူရာ ဘုံကျော်ကျောင်းတိုက်၌ အခွန်ဝန်ဦးရွှေဇံ ဆောက်လုပ်လှူဒါန်းသည့် ကျောင်း၌ ၂-နှစ်ပတ်လုံး သီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူခဲ့လေသည်။

တောင်ခွင်ကျောင်းတိုက်၌သီတင်းသုံးခြင်း

ရဟန်းသိက္ခာ ၁၆-ဝါရပြီးနောက် မန္တလေးမြို့ အနောက်တောင်ပြင်၌ ဝန့်ရှင်တော်မင်း တောင်ခွင်မြို့စား သတိုးမင်းကြီး မဟာမင်းထင်စည်သူ ဆောက်လုပ်လှူဒါန်းအပ်သော တောင်ခွင်ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ သာသနာ့ကိစ္စ အဝဝတို့ကို ပြုလုပ်တော်မူခဲ့လေသည်။ ယင်းတောင်ခွင် ကျောင်းတိုက်၌ ၃၃-ဝါပတ်လုံး သီတင်းသုံးတော်မူခဲ့လေသည်။

ဘွဲ့တံဆိပ် ၃-တန် အလှူခံရရှိခြင်း

ဆရာတော်သည် ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှင့် ဓမ္မသေနာပတိ မဟာသံဃရာဇာဟူသော ဘွဲ့တော်တို့ကို အလှူခံရရှိတော်မူလေသည်။ သိက္ခာတော် ၁၈-ဝါအရ သက္ကရာဇ် ၁၂၄၄-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် “ ဝိသုဒ္ဓသီလာစာရ ကဝိဇ ဓဇာဓိရာဇဂုရု” ဟူသော ပဌမဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော် ၂၁-ဝါအရ ၁၂၄၇-ခုနှစ်တွင် သီပေါဘုရင်ပင် ဆက်ကပ်လှူဒါန်းအပ်သော “ ဝိသုဒ္ဓသီလာစာရဇဇ သီရိပဝရ ဓဇာဓိရာဇဂုရု” ဒုတိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော် ၃၉-ဝါ သက္ကရာဇ် ၁၂၆၅-ခုနှစ်တွင် အင်္ဂလိပ်အစိုးရ လက်ထက်တွင် “ဝိသုဒ္ဓသီလာစာရ သီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ” ဟူသော တတိယဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း၊ အလှူခံရရှိတော်မူခဲ့လေသည်။

သာသနာပိုင်ဖြစ်ခြင်း

အင်္ဂလိပ်အစိုးရလက်ထက် ၁၂၆၃-ခုနှစ်သို့ ရောက်သော အခါ လစ်လပ်နေသော သာသနာပိုင် တစ်ပါးရွေးချယ်ရန် ရှေးမြန်မာမင်းတို့ လက်ထက်က ရာဇဂုရု ဘွဲ့တံဆိပ်တော်များ ရရှိသော ဆရာတော် ၃၃-ပါးတို့ကို သာသနာပိုင်အရွေးချယ်ခံ ပုဂ္ဂိုလ်များအဖြစ် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ကျောင်းတိုက်များမှ တိုက်အုပ် တိုက်ကြပ်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်တို့ကို ဆန္ဒပေးပုဂ္ဂိုလ်များအဖြစ် အများသဘောတူ သတ်မှတ်ပြဓာန်ပြီးလျှင် ယင်းသည့် ၁၂၆၃-ခု သီတင်းကျွတ်လဆန်း ၈-ရက်နေ့နံနက် ၉-နာရီတွင် မန္တလေးတောင်ခြေရှိ သုဓမ္မာစရပ်၌ မဏ္ဍပ်ကြီးဆောက်လျက် မဲဆန္ဒပေး၍ သာသနာပိုင်ရွေးကြရာ မိုးထား ဆရာတော်က ၃၉၆-ပဌမ၊ တောင်ခွင်ဆရာတော်ဘုရားကြီးမှာ ၁၉၅-မဲ ဒုတိယရပြီး တုတ်လှမ်းဆရာတော်မှာ မဲပေါင်း ၈၆-တတိယရရှိလေသည်။ မိုးထားဆရာတော်မှာ အစိုးရသာသနာပိုင်အဖြစ် အသိအမှတ်ပြုရန် စီစဉ်ဆဲတွင် ပျံလွန်တော်မူခဲ့လေသည်။

ယင်းသို့ မိုးထားဆရာတော် ပျံလွန်တော်မူသဖြင့် ဒုတိယရရှိတော် မူသော တောင်ခွင်ဆရာတော်ဘုရားကြီးသည် ၃၉-ဝါမြောက် ၁၂၆၅-ခုနှစ် တဆောင်မုန်းလဆုတ် ၁၀-ရက် သောကြာနေ့တွင် သတ္တမဒွေက် ဘုရင်ကိုယ်စား အိန္ဒိယဘုရင်ခံချုပ်က မြန်မာနိုင်ငံဘုရင်ခံ မင်းကြီး ဆာကျူးဗန့်သို့ လွှဲအပ်ကာ မန္တလေးတောင်ခြေရှိ သုဓမ္မာ ဇရုံတော်တွင် ခမ်းနားကြီးကျယ်စွာ မင်းပွဲသဘင် ဆင်ယင်ကျင်းပ၍ ဆာနပ်အမိန့် တော်နှင့်တကွ သံဃာ့ဦးကိုင် သာသနာပိုင်ခန့်အပ်ခြင်း ခံတော်မူရ လေသည်။ ယင်း သံဃာ့ဦးကိုင် သာသနာပိုင်ဖြစ်ကြောင်း အသိအမှတ်ပြု သည့် အနေဖြင့် အထက်က ဖော်ပြခဲ့ပြီးဖြစ်သည့် " ဝိသုဒ္ဓ သီလာစာရ သီရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ " ဟူသော ဘွဲ့တံဆိပ်တော်ကို အင်္ဂလိပ်အစိုးရကိုယ်စား ဘုရင်ခံမင်းကြီးက ကပ်လှူ ဆက်ကပ်ခြင်း ဖြစ်လေသည်။

တဖန် သက္ကရာဇ် ၁၂၉၄-ခုနှစ်တွင် လောကီ လောကုတ္တရာ ကျမ်းဂန်တို၌ လိမ္မာတတ်မြောက်တော်မူသော သာသနာပိုင် တောင်ခွင် ဆရာတော် ဘုရားကြီးအား ဘုရင်ခံမင်းကြီး ဆာအချာအင်းနစ် အမှူးရှိသော ရန်ကုန်တက္ကသိုလ် ဆီးနိတ်လူကြီးများအဖွဲ့က မြန်မာစာပေ ကျမ်းဂန် ပိဋကတ်အရာ ပါရဂူမြောက်ဟူသော ဘွဲ့တံဆိပ်တော်ကို လှူဒါန်း အပ်နှင်းကြပြန်၏။

ဝိသုဒ္ဓါ ဝိသုဒ္ဓါစာရော၊ သံဃရာဇဂုရုန္ဒရော။
သောဘနော ဗဟူပါဒိဟိ၊ သမ္မဒ္ဒသာသနန္ဒရော။

ကျမ်းဂန်ပြုတော်မူခြင်း

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာ တို့ကိုလည်း ပြုစိရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ –

၁။ သြသဓသင်္ဂဟဆေးကျမ်း
၂။ ပဋိပတ္တိက္ကမဒီပနီကျမ်း
၃။ ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်း ပဌမတွဲ
၄။ ဂုဋ္ဌတ္ထဝိနိစ္ဆကျမ်း ဒုတိယတွဲ စသည်တို့ဖြစ်ကုန်၏။

သြသဓသင်္ဂဟဆေးကျမ်း

ဖော်ပြပါ ကျမ်းများအနက် သြသဓသင်္ဂဟ ဆေးကျမ်းမှာ ပဌမ၊ ဒုတိယ ၂-တွဲရှိလေသည်။ ယင်းကျမ်းကို ဘေသဇ္ဇကပ္ပဒုမ (ဆေးပဒေသာပင်) ဟု အမည်မှည့်တော်မူခဲ့လေသည်။ ယင်းကျမ်း၌ –

၁။ ဗုဒ္ဓတိကိစ္ဆောပဒေသ
၂။ ဇိဝက တိကိစ္ဆောပဒေသ
၃။ နာနာဘေသဇ္ဇဂဏ္ဌ တိကိစ္ဆောပဒေသ
၄။ အာစရိယမုဋ္ဌိတိကိစ္ဆောပဒေသ
၅။ ဓာတုဘေဒါဒိပကိဏ္ဏကသင်္ဂဟ – ဟူ၍လည်း ငါးပိုင်း ငါးကဏ္ဍတို့ဖြင့် တန်ဆာဆင်၍ ရေးသားစီရင်တော်မူခဲ့လေသည်။

ပဋိပတ္တိဂ္ဂမဒီပနီကျမ်း

ပဋိပတ္တိဂ္ဂမဒီပနီကျမ်းကို ရဟန်းသိက္ခာ ဂ–ဝါအရတွင် အရှင်နန္ဒမာလာ၊ အရှင်တိလောက အစရှိသော ရဟန်းတော်အပေါင်းတို့ တောင်းပန်လျှောက်ထားသဖြင့် ဘုရားမြတ်စွာအား ဓမ္မပူဇာဖြင့် ပူဇော်သည့်အနေဖြင့် ရေးသားစီရင်တော်မူခဲ့လေသည်။

ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်းကြီးပဌမတွဲ

ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်းကြီးမှာ ပဌမ၊ ဒုတိယအားဖြင့် ၂–တွဲရှိလေသည်။ ရောမစာအုပ်ကြီး မျှားဖြစ်ကုန်၏။ ပဌမတွဲမှာ ရှိုင်ဆိုက် စာမျက်နှာ ၆၅၆–ရှိလေ၏။ ယင်း ပဌမတွဲ၌ သုတ္တန်ဆိုင်ရာ ဝိနိစ္ဆယ ၁၈၊ ဗျာကရဏ်းဆိုင်ရာ ဝိနိစ္ဆယ ၉၊ အဘိဓမ္မာဆိုင်ရာ ဝိနိစ္ဆယ ၁၃–အားဖြင့် ဝိနိစ္ဆယပေါင်း ၄၀–ပါရှိလေသည်။ ဝိနိစ္ဆယညှဖြစ်လိုသူတို့ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုသင့်၏။ ကျမ်းဦး၌ –

(၁) ဝိမတိစ္ဆေဒကံ ဗုဒ္ဓံ၊ သုဒ္ဓံ နိပုဏ္ဏကမ္ပီရံ။
တသောရသံ သုအာစာရံ၊ ဓမ္မံသံဃံ နမာမဟံ။

(၂) အာစေရ္ဆ ဂုရုံ ထေရံ၊ တိပေဋကေ ဝိသာရဒံ။
သီလာဒိဂုဏသမ္ပန္နံ၊ မမ္ဆ ဝုဒ္ဓိပါပကံ။

(၃) ဇဝနံ တိက္ခံ ဂမ္ဘီရံ၊ မေဓာဝိတိ စ ပါကဋံ။
ဓမ္မာစေရံ သုမေဓာဝိ၊ မဟာထေရံ မဟာဝိရံ။

(၄) သုဒဿနာဒိလဋ္ဌိတံ၊ ပရိယတ္တိဝိသာရဒံ။
သောဟဋံ ဒုတိယာစေရံ၊ ပုညဝံဗဟုဝါစကံ။

(၅) ဝန္ဒိတွာ သိရသာဒရံ၊ ဘာဝံ နိဿာယ သိဟာနံ။
နာနာဂန္ထေသု ဂုဋ္ဌတ္ထံ၊ ဥဒ္ဓရိတွာ ယထာဗလံ။
ဂဏ္ဌိဋ္ဌာနံ ရစိဿာမိ၊ မန္ဒဗုဒ္ဓိနမတ္ထယာ။

ဟူသော ၅–ဂါထာခွဲဖြင့် ရတနတ္တယပဏာမ အာစရိယပဏာမ၊ ပဋိညာဉ်စသည်တို့ကို ပြုတော်မူခဲ့လေသည်။

ယင်းပဌမအုပ်အဆုံးဌ်လည်း -

စတုတ္ထရတနာပူရ-မာပိတ ရညောပဘုတိ။
ရတနပုဇ္ဇာယိနော၊ ကာလမဟာစွ သာသနေ။

စသော ၂၁-ဂါထာဖြင့် ခမ်းနားပြည့်စုံစွာ နိဂုံးအုပ်တော်မူခဲ့လေသည်။

ဂုဇ္ဇတ္ထ ဝိနိစ္ဆယ ဒုတိယအုပ်

ဂုဇ္ဇတ္ထဝိနိစ္ဆယဒုတိယအုပ်ကြီးကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ယင်းဒုတိယအုပ် ကျမ်းကြီးဌ် ဝိနယဂဏ္ဌိသာရသန်ပဌာန ဝိနိစ္ဆယ ၂၉၊ မဇ္ဈိမဌာနဝိနိစ္ဆယ ၆၊ ဝိတ္ထာရဌာန ဝိနိစ္ဆယ ၄၁-အား ဖြင့် စုစုပေါင်း ဝိနိစ္ဆယပေါင်း ၎၆-ပါရှိလေသည်။ ယင်းဒုတိယအုပ် ကျမ်းဦးဌ်လည်း -

(၁) ဝိနီတံ ဝိနီတံ နီတံ၊ ဝိနယံ ဝိနယံ နယံ။
ဒေသေန္တံ မုနိပုင်ဝံ၊ နတွာ ဗုဒ္ဓံ မဟာဒယံ။

(၂) ဓမ္မဉ္စ သုဓမ္မံ ဓမ္မံ၊ ရာဂါဒိ ဝိနယံ နယံ။
သံယံသံယံသုသံယိန္ဒံ၊ ရာဂါဒိ ဝိဟတံ ဟတံ။

(၃) ဥပါလိ မုနိဝဏ္ဏိတံ၊ ဝိနယဓရာနမဂ္ဂံ။
ဝန္ဒေမျာစရိယာသဘေ၊ သွာစာရေ ဝိနယေ နယေ။

(၄) ပါရာဇိကသာနန္တရံ၊ သံယောအာဒိမှိ သေသသေ။
ကွစ္ဆိတဗ္ဗောတိ ယော ဝုတ္တော၊ တသောကာသမနုပဗ္ဗတ္တော။

(၅) တသ္မာ ဟိသေ ဂဏ္ဌိသာရံ၊ ရစယိသံ သုဘံ သုဘံ။
သိက္ခာကာမာနမတ္ထာယ၊ နိသယာစေရာနုဘာဝံ။
တံ နိသာမေထ သာဓဝေါ၊ ပသန္နာ ဉာဏစက္ခုနာ။

ဟူသော ၅-ဂါထာခွဲဖြင့်ပင် ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ယင်းကျမ်းကြီးမှာလည်း ရွှိုင်ဆိုက်စာမျက်နှာ ၅၂၈-ရှိလေသည်။

ယင်းဒုတိယတွဲ၏ အဆုံးဌ်လည်း -

ပုရေအပရသံကာသံ၊ မင်းကွန်းထူပသေ ကာရိနော။
အမရပူရ နာမကေ၊ တမာပကာသ တပသေ။

စသော ၃၃-ဂါထာဖြင့် ကျယ်ဝန်းစွာနိဂုံးအုပ်တော်မူခဲ့လေသည်။

အမရပူရဘုံကျော်ကျောင်းတိုက်၌သီတင်းသုံးခြင်း

ဆရာတော်ဘုရားကြီးသည် ဝါတော် ၆၁-ဝါ သက်တော် ၈၂-နှစ်ထည်း ရောက်ရှိသောအခါ သက်တော်ကြီးရင့်နေပြီဖြစ်သဖြင့် သာသနာရေး သာသနာမှုတို့ကို စီရင်ဆုံးဖြတ်ရန် ကိစ္စများကို သုဓမ္မာဆရာတော်များအား လွှဲအပ်တော်မူကာ အေးချမ်းစွာနေတော်မူလိုသဖြင့် ငယ်စဉ်ကသာမဏေပြုရာ ရဟန်းဖြစ်ခဲ့ရာ အမရပူရမြို့ ဘုံကျော်ကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။

ပုံလွှန်တော်မူခြင်း

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် သက်တော် ၉၄-နှစ် သိက္ခာတော် ၇၅-ဝါ ရှိရာ ၁၂၉၉-ခုနှစ် တပေါင်းလဆုတ် ၂-ရက် ကြာသပတေးနေ့ နံနက် ၇-နာရီ ၁၅-မိနစ်အချိန်တွင် အမရပူရမြို့ ဘုံကျော် ကျောင်းတိုက်တွင် ပုံလွှန်တော်မူခဲ့လေသည်။

ဘဒန္တဝိသုဒ္ဓါ ထေရော၊ ဝိသုဒ္ဓါ ဝိသုဒ္ဓါသယော။
ဝိသုဒ္ဓံ သော ကမ်ံ ကတွာ၊ ပယာတော မစ္စုနော ဝသံ။

ပဌမစာချ ပဌမကျော်

ဆရာတော်အရှင်အာဒိစ္စ(ပဌမကျော်ဦးအုံး)

ပဌမကျော် အရှင်အာဒိစ္စသည် အမရပူရမြို့၌ အဘိဓမ္မာညဝါ ကျမ်းများကို ချပို့၍ ယထာဓမ္မ သာသနာတော်ကို ထွန်းလင်းအောင် ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

ဖွားမြင်ခြင်း ပညာသင်ခြင်း

နွားထိုးကြီးတိုက် အပါအဝင် ရမည်းသင်းစီရင်စု အလယ်ကုန်းရွာ၌ သက္ကရာဇ် ၁၂၀၈-ခုနှစ် တော်သလင်းလဆန်း ၈-ရက် တနင်္ဂနွေနေ့ နေ့ ၁-ချက်တီးကျော်အချိန်တွင် ဖွားမြင်ခဲ့လေသည်။ ၁၂၁၇-ခုနှစ်၊ ၉-နှစ်သားအရွယ်တွင် အင်းကုန်းကျောင်းတိုက် ဂိုဏ်းထောက်ဆရာတော် အရှင်သုဒဿနထံတွင် စတင်ရောက်ရှိပညာသင်ကြားခဲ့လေသည်။

ရှင်သာမဏေဝတ်ခြင်း မန္တလေးမြို့မဏ္ဍလာရုံမတိုက် ပညာသင်ခြင်း

၁၄-နှစ်သားအရွယ်ရောက်ရှိရာ ၁၂၂၃-ခုနှစ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်း ဆောင်ခဲ့လေသည်။ သာမဏေဘွဲ့ ရှင်အာဒိစ္စဖြစ်လေသည်။ သာမဏေဝတ်ပြီးနောက် ၄-နှစ်တိုင် ဥပဇ္ဈာယ်ဆရာတော် ခြေရင်း၌ ပညာသင်ကြားဆည်းပူးခဲ့လေသည်။ အသက် ၁၈-နှစ်ရှိရာ ၁၂၂၇-ခုနှစ်တွင် မန္တလေးမြို့သို့ကြွရောက်၍ မန္တလေးတောင် အနောက်ဖက်ရှိ မဏ္ဍလာရာမ(ပြည်)တိုက် ဝိစိတ္တာဘိဓဇာဓိပတိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု “ အရှင်ဝိစိတ္တဆရာတော်ဘုရားကြီးထံ ပါဠို အဋ္ဌကထာ ဋီကာကျမ်းများကို သင်ယူခဲ့လေသည်။

ပဌမကျော်အောင်မြင်ခြင်း

သက္ကရာဇ် ၁၂၂၈-ခုနှစ် နယုန်လ၌ ကျင်းပသော ပဌမပြိုန် စာမေးပွဲကြီးတွင် ပဌမကျော်တန်း ကျမ်းစာများဖြစ်သော သဒ္ဒါ၊ သဂြိုဟ်မှစ၍ ပဌာန်း ၆-တိုက်တို့ကို နှုတ်ရပြန်ဆို အောင်မြင်သဖြင့် ပဌမကျော်ဘွဲ့ကို

ရရှိခဲ့လေသည်။ ရှင်အာဒိစ္စသည် ယင်းသို့ပဌမကျော် အောင်မြင်ဖြင့် မန္တလေးသံဃာ လောကတွင် ထင်ရှားခဲ့လေသည်။

ရဟန်းပြုခြင်း

ပဌမကျော်အောင်မြင်ရာ ယင်းသည့် ၁၂၂၈-ခုနှစ်တွင်ပင် သက်တော် ၂၀-ပြည့်မြောက်သဖြင့် ပြည်ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။

ဆက်လက်ပညာသင်ကြားခြင်း

ရဟန်းဖြစ်ပြီးနောက် ပြည်ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တ ထံတော်၌လည်းကောင်း ညဝါအကျော် မှော်ဘီအရှင်တေဇထံ၌လည်းကောင်း မဟာဇောတိ ကာရာမတိုက် စံကျောင်းဆရာတော်ဘုရားကြီး ''သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ အရှင်သုဒဿန ထံတော်၌လည်းကောင်း လိုအပ်သော နေ့ဝါ ညဝါကျမ်း ကျမ်းစာအရပ်ရပ် တို့ကို သင်ယူတော်မူခဲ့လေသည်။ အထူးသဖြင့် အဘိဓမ္မာညဝါများကို ပိုမို၍ စိတ်ဝင်တစား သင်ကြားခဲ့လေသည်။

ပဌမစာတော်ချဖြစ်ခြင်း

၁၂၃၅-ခုနှစ်တွင် ပဌမစာတော်ချအဖြစ် ပဋ္ဌမသံဂါယနာတင် မင်းတရားကြီး၏ လေးမြတ်ကိုးစား ထောက်ပံ့လှူဒါန်းခြင်းကို ခံယူရလေသည်။ ၁၂၄၀-ပြည့်နှစ် ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်း တရားကြီးလွန်ပြီးနောက် သားတော်သီပေါမင်းလက်ထက်တွင်လည်း ဆက်လက်ကိုးကွယ်ခြင်းကို ခံယူရလေသည်။

ပဌမကျော်ဦးအုံးတဖြစ်လဲခြင်း

၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈-ရက်နေ့တွင် သီပေါမင်း ပါတော်မူသဖြင့် စိတ်စက် မရှင်ဖြစ်၍ ၁၂၄၈-ခုနှစ်တွင် သာသနာ့ဘောင်မှ သက်ဆင်းခဲ့လေသည်။ ထိုအခါ ပဌမကျော်ဆရာကြီး ဦးအုံးအဖြစ် ထင်ရှားခဲ့ပြန်လေသည်။

မင်္ဂလာတိုက်ဦးအဘိဓမ္မညဝါပို့ချခြင်း

ကံမကောင်းအကြောင်းမလှ၍ လူ့ဘောင်သို့ရောက်ရသော်လည်း ဥပုသ်သီတင်း စောင့်သုံးခြင်း၊ ရဟန်းသံဃာတို့အား စာပေ ပို့ချခြင်းဖြင့် သာသနာတော်ကို ချီးမြှောက်ခဲ့လေသည်။ ဆရာကြီးဦးအုံးသည် အမရပူရမြို့ ပန်းဘဲတန်းရပ်တွင် အိမ်ထောင်ကျ၍ သမီးတယောက် ထွန်းကားခဲ့လေလည်း သို့ရာတွင် အိမ်ထောင်နှင့် မမြဲခဲ့ချေ။ သို့ဖြစ်၍ မင်္ဂလာတိုက်ဒကာများ၊ ရဟန်းတော်များက တောင်းပန်သဖြင့် ၁၂၆၇-ခုနှစ်တွင် သံဃာတော် ၁၀-ပါးနှင့်အတူ မင်္ဂလာတိုက်သို့ ရောက်ရှိခဲ့လေသည်။ ဦးအုံးသည် မင်္ဂလာတိုက် စရပ်ပေါ်၌ နေထိုင်၍ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း အဘိဓမ္မာညဝါများကို ချပို၍ သာသနာ ချီးမြှောက်ခဲ့လေသည်။

အဘိဓမ္မာတံခွန်ကျမ်းကြီးပြုစုခြင်း

ပဋမကျော်ဆရာကြီး ဦးအုံးသည် မိမိ၏လုပ်ရပ်များ ကြံရစ်စေရန် ရည်သန်၍ အဘိဓမ္မာ တံခွန်ကျမ်းကြီးကိုလည်း ရေးသား စီရင်တော်ခဲ့လေသည်။

ယင်းကျမ်းကြီး၌ -

၁။ ဓာတုကထာဥဒါနသင်္ဂဟဂါထာပါဠိနိဿျ၊

၂။ ယမိုက် ၁၀-ကျမ်း မှတ်စုမှတ်ရန်များ၊

၃။ ပဋ္ဌာနသင်္ခေပ နယ သင်္ချာဒီပနီကျမ်း စသည်တို့ ပါဝင်လေသည်။

ယင်းကျမ်းကြီးအပိုင်းအခန်းများအနက် ဓာတုကထာ ဥဒါနသင်္ဂဟဂါထာပါဠိကို ကျမ်းဦး၌ -

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ နာနာနယဝိစိတ္တိတံ။
ဝန္ဒိတွာ ဓာတုကထာယ၊ ကဿံ ဥဒါနသင်္ဂဟံ။

ပေါရာဏာစရိယေဟိ၊ ကတော ယော ပဒနီဆ္ဆယော။
ကတတ္တာ မြမ္မဘာသာယ၊ သုစိနဋ္ဌော စ သော ကွတိ။

အသတိပိ ယာစကညေ၊ ပိတိပါမောဇ္ဇအာဒိဟိ။
ယာစိတော မမ သန္တိာနေ၊ ကွတိ ဉာတာယ သောတူနံ။
ဟူသော ၃-ဂါထာဖြင့် ဂန္ဆာရမ္ဘပြုခဲ့လေသည်။

ယမိုက်ဆယ်ကျမ်းမှတ်စုများ၏ ကျမ်းဦးဌိလည်း -
သခေ်ပနယာနုသာရ - ဒီပနီ ယမကဿ တု။
ကရိဿံ သုခဇာနတ္ထံ၊ ပါဠိဥ္စ တဿ လဒ္ဓတံ။
ဟူသော ဂါထာဖြင့် ဂန္ဆာရမ္ဘပြုခဲ့လေသည်။

ဂင်းပြင် ပဌာနသခေ်ပနယ သခ်္ကာဒီပနီကျမ်းဌိလည်း -
သခေ်ပနယသခ်္ကာယ၊ ဒီပနီ ပဌာနဿတု။
ကရိဿံ သုခဇာနတ္ထံ၊ ပါဠိ စ တဿ လဒ္ဓကံ။
ဟူသော ဂါထာဖြင့် ဂန္ဆာရမ္ဘပြုခဲ့လေသည်။
ယင်းအဘိဓမ္မာတံခွန်ကျမ်းကြီးမှာ အကြိမ်ကြိမ် ပုံနှိပ်ခဲ့ရာ ရွှင်ဆိုက် စာမျက်နှာ ၄၅၀-ကျော်ရှိလေသည်။

ကွယ်လွန်ခြင်း

အမရပူရမြို့၌ အဘိဓမ္မာသာသနာရောင် ထွန်းပြောင်စေခဲ့သော မူလက ရဟန်းတော် ပဌမကျော် အရှင်အာဒိစ္စ၊ နောက်တွင် ပဌမကျော် ဦးအုံးဟု ထင်ရှားခဲ့သော ပုဂ္ဂိုလ်မွန်သည် တနှစ်နီးပါး ဝေဒနာခံစားရပြီး အသက် ၆၉-နှစ်ရှိရာ သက္ကရာဇ် ၁၂၈၆-ခုနှစ်၊ ကဆုန်လဆုတ် ၈-ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်ခဲ့လေသည်။

ဦးအုံးတိ ဥပါသကောတိ၊ ဝါစနေ လေခနေ ဝိဒူ။
တာနိ သော ကရိတွာန၊ ပယာတော နိဓနံ သုဗိ။

ပရိယတ္တိသာသနဟိတဓမ္မာစရိယအရှင်ဝိမလ

ဆရာတော်သည် အမရပူရမြို့ မန်ကျည်းပင်စျေးရပ်၌ အဖပွဲစားကြီး ဦးအုန်းခိုင်နှင့် ပွဲကတော်ဇနီး တို့မှ သက္ကရာဇ် ၁၂၁၅–ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ကြီးဖြစ်လေသည်။

၁၂၃၄–ခုနှစ် နတ်တော်လဆန်း ၁၁–ရက်နေ့တွင် မန္တလေးမြို့ စကုတိုက် ပဌမဆရာတော် ဘုရားကြီး ''မုနိန္ဒပရမကဝိဓဇ ရာဇဂုရု''ဘွဲ့ တံဆိပ်တော်ရ ဆရာတော်ဦးမုနိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

စာပေတတ်မြောက်စာချကောင်း

ဆရာတော်သည် သာမဏေဘဝငယ်စဉ်ကစ၍ ပဌမစကု ဆရာတော်ဘုရားကြီး, ဒုတိယ စကုဆရာတော်ဘုရားကြီး ဦးပဒုမ, ဝဲပျံဆရာတော်ဦးသုနန္ဒတို့ထံတွင် ပညာသင်ကြားခဲ့လေသည်။ စာပေတတ်မြောက်သဖြင့် ရဟန်းငယ်ဘဝကပင် စာပေချပို့တော်မူခဲ့လေသည်။ စာချပုဂ္ဂိုလ်ကောင်း အဖြစ် ၅–ဝါ ၆–ဝါ ကပင် ကျော်ကြားခဲ့လေသည်။ မန္တလေးမြို့ ထီးလင်းတိုက်၊ မော်လမြိုင်မြို့ ဝဂ်ဘာကျောင်းတိုက်တို့၌ လည်း သီတင်းသုံးစာချခဲ့ဘူးလေသည်။

ဆင်တဲတိုက်ဟောင်းသို့

၁၂၅၂–ခုနှစ်တွင် မန္တလေးမြို့ ဆင်တဲတိုက်ဟောင်းသို့ ကြွရောက် သီတင်းသုံး စာပေပို့ချတော်မူခဲ့လေသည်။ ထိုစဉ်က စာလိုက်သံဃာ ၆၀၀–ကျော် ရ၀၀–ခန့်တို့ ဆရာတော်ဦးဝိမလထံ စာလိုက်ကြသည်ဟု သိရ၏။

သက္ကသီဟမူလဓမ္မာစရိယ

၁၂၆၀–ပြည့်နှစ်တွင် သက္ကသီဟအသင်းကြီး၏ ''ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ မူလ–စာချ'' အဖြစ်ဖြင့် ကိုးကွယ်ခြင်းကို ခံယူတော် မူရလေသည်။ ၁၂၆၉ခုနှစ်တွင် မဟာဓမ္မာဘယဆင်တဲတိုက်သစ်ကို လက်ခံတော်မူ၍ စာပေချပို့တော်မူခဲ့လေသည်။

စာပေကျမ်းဂန်များစွာနှုတ်ရဆောင်

ဆရာတော်အရှင်ဝိမလသည် သဒ္ဒါ၊ သင်္ဂြိဟ်၊ နျာသ၊ ဘေဒစိန္တာ၊ ကစ္စာယနသာရ၊ မောဂ္ဂလ္လာန်၊ အဘိဓာန်၊ ဆန်း၊ သဒ္ဒနီတိသုတ္တမာလာ၊ ဋီကာကျော်၊ ခုဒ္ဒသိက္ခာ မူလသိက္ခာကျမ်းများနှင့် အဘိဓမ္မာဥဝါကျမ်းစသည်တို့ကို နှုတ်ရဆောင်လေ့ရှိသည်ဟု သိရ၏။

စုတိကမ္မဇရုပ်ချုပ်တော်မူခြင်း

ဖော်ပြပါ ဂန္ဆဆေကဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အရှင်ဝိမလသည် သက်တော် ၆၅-နှစ် ဝါတော် ၄၆-ဝါရှိရာ ၁၂၇၉-ခုနှစ် ဝါခေါင်လဆုတ် ၁၄-ရက်နေ့ ညနေ ၅-နာရီတွင် စုတိကမ္မဇရုပ်ချုပ်တော်မူခဲ့လေသည်။

ဘဒန္တဝိမလောထေရော၊ ပါကဋော ဝါစကော ဝိဒူ။
ပါစေတွာ သာသနံ ကတွာ၊ ပယာတော မစ္စုနော မုခံ။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလ) စာချ

အရှင်ဇာဂရာဘိဝံသ

ဆရာတော်သည် မန္တလေးမြို့တောင်ပြင် ဒကွိဏ်ရာမ ဘုရားကြီး တိုက်၌ စာပေချပို့၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ဖွားမြင်ခြင်း ရဟန်းပြုခြင်း

အမရပူရမြို့ ဒါးတန်းရပ်နေ အဖ ဆရာဦး၊ ဆရာကတော် အမိ ဒေါ်ဖားတို့မှ သက္ကရာဇ် ၁၂၂၈-ခုနှစ် နတ်တော်လဆန်း (၈)ရက် နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ၁၂၄၉-ခု တပေါင်းလဆန်း (၈)ရက်နေ့ မိုးထားဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မင်းတင်ဆရာတော်, ဒကွိဏ်ရာရာမတိုက်အုပ် ဆရာတော်, ဒကွိဏ်ရာရာမတိုက် ကန့်ဆရာတော်တို့ ကမ္မဝါစာဆရာဖြစ်၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ပညာသင်ကြားတတ်မြောက်ခြင်း စာပေပို့ချခြင်း

ဘုရားကြီး တိုက်အကြီးအကဲဆရာတော်များထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။ စာပေချပို့၍ သာသနာ့ဝန်ကို ထမ်းဆောင် တော်မူခဲ့လေသည်။ မန္တလေးမြို့၌ ထင်ရှားသည့် စာချဆရာတော်တပါး ဖြစ်တော်မူလေသည်။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ

၁၂၆၀-ခုနှစ် တပို့တွဲလတွင် "ပရိယတ္တိသာသနဟိတိ ဓမ္မာစရိယ မူလစာချ" အဖြစ်ဖြင့် သက္ကသီဟအသင်းကြီး၏ ကိုးကွယ်ခြင်းကို ခံယူတော်မူခဲ့လေသည်။ သက်ဆုံးတိုင်စာပေဖြင့် မွေ့လျော်၍ လွန်တော် မူခဲ့လေသည်။

ဘဒန္တဇာဂရော ထေရော၊ ဇာဂရော ဗုဒ္ဓသာသနေ။
သာသနေ ဓုရေ သော ကတွာ၊ ယထာကမ္မံ ဂမီ ဣတော။

“ပရိယတ္တိ သာသနဟိတမ္မာစရိယ အရှင်သာသနာဘိဝံသ”

ဆရာတော်သည် အမရပူရမြို့ ပန်းဆိုးတန်းရပ် အဖဦးသော့၊ အမိဒေါ်စိန်တို့မှ ၁၂၆၄-ခုနှစ်တွင် နယုန်လဆုတ် ၇-ရက်၊သောကြာနေ့ ၄-ချက်တီးကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်။

အသက် ၇-နှစ်အရွယ်ခန့်တွင် အမရပူရမြို့ မင်္ဂလာရာမတိုက်သစ် ဆရာတော်ထံတွင် ပညာသင်ကြားခဲ့လေသည်။ ၁၃-နှစ်သား အရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်။ ၁၅-နှစ်သားအရွယ်တွင် မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက် အဂ္ဂမဟာ-ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဦးသောမထံ ရောက်ရှိ ပညာသင်ကြားတော်မူခဲ့လေသည်။ သက်တော်စေ့တွင် ရဟန်းပြုတော်မူခဲ့လေသည်။

စာမေးပွဲများအောင်ခြင်း

ငယ်၊ လတ်၊ ကြီး အစိုးရစာမေးပွဲများကို ငယ်စဉ်ကပင် အောင်မြင်တော် မူခဲ့လေသည်။ ၁၂၈၈-ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သက္ကသီဟစာမေးပွဲ စာသင်တန်းကို အောင်မြင်၍ ၁၂၉၂-ခုနှစ်တွင် ကျမ်းကြီး သုံးကျမ်းကို ဖြေဆိုအောင်မြင်တော်မူသဖြင့် “ဘဒန္တသာသနာ-ဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ” (သီးခြားစာ၌) ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

အရှင်သာသနဘိဝံသသည် ဉာဏ်ထက်၊ ဝိရိယကောင်းသည့် အမရပူရမြေမှ ပေါက်ဖွားသည့် စာချသာသနာ့ ဝန်ဆောင်တစ်ပါး ဖြစ်လေသည်။

ဘဒန္တသာသနော ထေရော၊ သာသနေဟိတကာရကော။
ဝါစယိတ္ထာန ဂန္ထေပိ၊ သမ္မဒ္ဒသာသနဒ္ဓရော။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ အရှင်နာရဒါဘိဝံသ

အရှင်နာရဒသည် ကျမ်းပြုစာချ ပဌမသုဓမ္မာဝင် အနုဝိဇ္ဇက စသော သာသနာ့ကိစ္စတာဝန်တို့ကို ဆောင်ရွက်တော်မူခဲ့သည့် သာသနာ့ဝန် ဆောင်တပါး ဖြစ်တော်မူသည်။

ဗွားမြင်ခြင်းစသည်

အမရပူရမြို့အရှေ့ပြင် တံခွန်တိုင်ရွာ၌ အဖ တိုက်သူကြီးမင်း ဦးစံလူ အမိတိုက်သူကြီး ကတော် ဒေါ်ငွေပွင့်တို့မှ သက္ကရာဇ် ၁၂၆၅-ခု နယုန်လဆန်း ၅-ရက်နေ့ စနေနေ့၊ ၄-ချက်တီးကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ကေဘီအင်-ကျောင်း၌ ၇-တန်းအောင်မြင်သည်အထိ လောကီစာပေကို သင်ကြားခဲ့လေသည်။

သာသနာဘောင်ရောက်ရှိခြင်း ပညာသင်ကြားခြင်း

အမရပူရပြည်တိုက် ဆရာတော် ဦးအာစိဏ္ဏထံ ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်း ဆောင်ရွက်တော်မူခဲ့လေသည်။ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက် ရွှေကူကျောင်းဆရာတော် ဦးဝံသထံ ပညာသင်ကြားခဲ့လေသည်။ အစိုးရပဌမငယ် ပဌမလတ်တန်းတို့ကို သာမဏောဘဝကပင် အောင်မြင်တော်မူခဲ့လေသည်။

ရဟန်းပြုခြင်း သက္ကသီဟဓမ္မာစရိယဖြစ်ခြင်း ကျမ်းပြုခြင်းစသည်

သက်တော် ၂၀-တွင် ဆားထုံးဆရာတော် ဦးဇာနေယျကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ၁၂၈၈-ခုနှစ်တွင် သက္ကသီဟ စာမေးပွဲကို စာသင်တန်းကို အောင်မြင်တော်မူ၍ ၁၂၉၅-ခုနှစ်တွင် သက္ကသီဟစာချတန်းကို ဖြေဆို အောင်မြင်တော်မူသဖြင့် "ဘဒန္တနာရဒါဘိဝံသ ပရိယတ္တိ သာသနဟိတဓမ္မာစရိယ(သီးခြားစာချ)" ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူခဲ့လေသည်။ တောင်ခွင် သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဝိနည်းစာပြန်ပွဲတွင် ဝိနည်းငါးကျမ်းပြန်နှင့် ပိဋကသုံးပုံပြန် အကျော်တန်းကို ပြန်ဆိုအောင်မြင်တော်မူခဲ့လေသည်။

တောင်ခွင်သာသနာပိုင် ဆရာတော်လက်ထက်တွင် ပဌမသုဓမ္မာဝင် အနုဝိဇ္ဇကဆရာတော်လည်း ဖြစ်တော်မူခဲ့လေသည်။

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး ၁၂၉၉-ခုနှစ် တပေါင်းလဆုတ် ၂-ရက်နေ့ တွင် ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော် အရှင်နာရဒသည် ဖော်ပြပါ တောင်ခွင်သာသနာပိုင် ဆရာတော် ဘုရားကြီး၏ အတ္ထုပ္ပတ္တိအဖြစ်တော်စဉ် ကျမ်းကိုးရေးသားစီရင်တော် မူခဲ့လေသည်။ ယင်းကျမ်းမှာ ရွှိုင်ဆိုက် စာမျက်နှာ ၁၁၁-ရှိလေသည်။

ဘဒန္တနာရဒေါထေရော၊ ဝိသာရဒေါ ဗဟုဿုတော။
ဝါစယိတ္ထာ လိခိတ္ထာန၊ သာသနေ ကိစ္စကာရကော။

ညဝါတံခွန်ကျမ်းပြု မင်္ဂလာရာမတိုက်သစ်
ဆရာတော်အရှင်ဓမ္မသာမိ

ဆရာတော် အရှင်ဓမ္မသာမိသည် မာတိကာ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းဟူသော ညဝါကျမ်းများကို တတ်မြောက်ကျွမ်းကျင်သည့် အမရပူရ သာသနာ့ဝန်ဆောင် ဆရာတော်တပါးဖြစ်လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရမည်းသင်းမြို့ တောင်ဖက် ၄-မိုင်ခန့်ကွာလှမ်းသော တေးပုလဲကုန်းရွာ၌ သင်္ကရာဇ် ၁၂၇၅-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ညဝါအကျော် မင်္ဂလာတိုက် ပဌမကျော်ဆရာကြီး ဦးအုံး၏ တူအရင်း ဖြစ်လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဓမ္မသာမိဖြစ်လေသည်။

တောင်မြို့အဘိဓမ္မာညဝါနည်း

ကုသလာ,ဝေဒနာနှင့် ဝိပါက,ဥပါဒိဏ် သံကိစ္စက် ဝိတက်ပါ ပီတိငယ်ဒဒါနှင့် အာစယာ,သေက္ခတွဲ ဟောမြဲမှန်စွာ။ ။

ပရိတ္တာ အာရမ္မဏာဟိနော ။ ။ မိ၊ မ၊ ဥပ္ပန်နှင့် အတိတံ အဇ္ဈတ္တံကို တွေးသိသဘော စသည် မာတိကာတုတ်လှမ်းချိုးများနှင့် လေးသစ္စာ ငုံအာပွင့်လို့ ခုနှစ်ဆင့်မြောက်သည့်ဝါ။ တို့ဆရာ ကိုယ်တော်ဖျား ဟောကြားသည့်စာ ခုနှစ်ဖြာ ဘိဓမ္မာမည်ဆန်းလို့ သုံးကျမ်းမြောက်သည်ာတော် ဓာတ်ကျမ်းတွင်ခေါ် ဂမ္ဘီရနက်ကျော်သည် သဘောတော်ခက်ခဲညာဏ်နုသည့်စာသင်ငယ်မှာ နားမဝင်မျောက်အုံးရန်။ စသည်ဖြင့် ဓာတုကထာ တုတ်လှမ်းချိုးတို့ကို ရေးသားတော်မူခဲ့သော ရတနာပူရအင်းဝမြို့ တုတ်လှမ်းဆရာတော် ဘုရားကြီး အရှင်စန္ဒမာလာသည် တောင်မြို့အဘိဓမ္မာညဝါနည်းများကို လက်မွန်မဆွစတင်သည့် ပုဂ္ဂိုလ်အဖြစ် မှတ်တမ်း တင်ခဲ့ကြကုန်၏။

တုတ်လှမ်းဆရာတော်တပည့်များညဝါသာသနာပြု

ၚင်းဆရာတော်ဘုရားကြီးတပည့် ပုဂံမင်းတရား လက်ထက်နှင့် မင်းတုန်းမင်းလက်ထက် ၂-ဆက်တိုင် ကျော်စောထင်ရှားသည့် မြို့ပြင်ကြီးဆရာတော် အရှင်အရိန္ဒမသည် အဘိဓမ္မာညဝါများကို တွင်တွင် ချပို့တော်မူ၍ အဘိဓမ္မာညဝါသာသနာကို လင်းလက်ပြန့်ပွားစေတော် မူခဲ့လေသည်။ ၚင်းပြင် ပဌမတုတ်လှမ်းဆရာတော်ဘုရားကြီး၏ ညီရင်းတပည့် အရှင်အရိယဝံသ (မန္တလေးရတနာမဇ္ဈ။ တုတ်လှမ်းဆရာတော်) သည်လည်း အဘိဓမ္မာညဝါများ တွင်တွင်ချ၍ အဘိဓမ္မာညဝါသာသနာရောင်ကို တောက်ပြောင် ထိန်လင်းစေတော်မူခဲ့လေသည်။[၁]

မြို့ပြင်ကြီးဆရာတော်၏တပည့်များညဝါသာသနာပြု

မြို့ပြင်ကြီးဆရာတော်ဘုရားကြီး အရှင်အရိန္ဒမ၏ တပည့်များဖြစ်ကြသော အမရပူရမြို့ ရွှေကြူပေါက်ရွာ ဝါဆိုဆရာတော် အရှင်ဝိသုဒ္ဓ၊ အမရပူရမြို့ ပြည်တိုက် ရွှေတောင်ဆရာတော် အရှင်နာရဒ စသည် ပုဂ္ဂိုလ်တို့သည် အဘိဓမ္မာညဝါများကို မပြတ်ချပို့၍ အဘိဓမ္မာညဝါသာသနာကို စောင့်ရှောက်ထိမ်း သိမ်းခဲ့ကြကုန်၏။

အဆက်ဆက်ထိမ်းသိမ်းခဲ့ကြခြင်း

ၚင်းဆရာတော်အရှင်နာရဒ၏ တပည့် မဏ္ဍလာရာမပြည်တိုက် ပဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ အကိုးကွယ်ခံ မှော်ဘီဆရာတော် အရှင်တေဇ၊ ၚင်းအရှင်တေဇ၏ တပည့်များဖြစ်ကြသော မန္တလေးမြို့အနောက်ပြင် မိုးကောင်းဆရာတော် အရှင်နာဂိန္ဒ၊ မန္တလေးမြို့အနောက်ပြင်ရွှေပြည်ဆရာတော်အရှင်ဉာဏ ရန်ကုန်မြို့နော်မံကျောင်းကြီးဆရာတော် အရှင်ပညာ၊ မင်္ဂလာတိုက် ညဝါ စာချအကျော် ပဌမကျော်ဦးအုံး[၂] ပဌမစာချ အရှင်ဝိသုဒ္ဓ စသည်တို့သည် အဘိဓမ္မာညဝါများ မကွယ်မပျောက်အောင်ချပို့ စောင့်ရှောက်တော်မူခဲ့ကြကုန်၏။

၁။ မန္တလေးသာသနာဝင်ကျမ်း ဒုတ်လှမ်းသာသနာဝင်ကြည့်။

၂။ အရှင်အာဒိစ္စ (ပဌမကျော်ဦးအုံး)ကြည့်

ဦးအုံးမှ တဖန်ပြန့်ပွားခဲ့ခြင်း

တဖန်ဆရာကြီးဦးအုံးမှတဆင့် မင်္ဂလာတိုက်အုပ်ဆရာတော် အရှင်သုဇာတ၊ ဆရာတော် အရှင်ဝိမလ၊ တူးမောင်းဆရာတော် အရှင်နန္ဒိယ စသည်တို့က ဆက်ခံ၍ အဘိဓမ္မာညဝါများကို အပတ်တကုတ်ချပို့ စောင့်ရှောက်တော်မူခဲ့ကြကုန်၏။

အရှင်ဓမ္မသာမိ ညဝါကိုသင်ယူခြင်း

ဆရာတော်အရှင်ဓမ္မသာမိသည် မင်္ဂလာရာမတိုက်အုပ် ဆရာတော် အရှင်သုဇာတ စသူတို့ထံ အဘိဓမ္မာညဝါကျမ်းများကို အထပ်ထပ် သင်ယူတော်မူခဲ့ရာ သက်တော် ငယ်ရွယ်စဉ်ကပင် မာတိကာ,ဓာတုကထာ,ယမိုက်, ပဋ္ဌာန်းညဝါ ကျမ်းများကို ဖက်ကမ်းခပ် တတ်မြောက်တော်မူခဲ့လေသည်။

အဘိဓမ္မာညဝါများ မပြတ်ချပို့ခြင်း

မင်္ဂလာရာမတိုက်ဟောင်း၊ မင်္ဂလာရာမတိုက်သစ်တို့၌ လှည့်လည် သီတင်းသုံးတော်မူလျှက် မာတိကာ,ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း ညဝါများကို မပျက်မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက် ချပို့တော်မူခဲ့လေသည်။

တပည့်တပန်းများစွာတို့သင်ယူကြခြင်း

ဆရာတော်အရှင်ဓမ္မသာမိထံ၌ များစွာသောတပည့် တပန်း ရဟန်း သာမဏေတို့ အဘိဓမ္မာ ညဝါများကို သင်ယူကြကုန်၏။ ဆရာတော်အရှင် ဓမ္မသာမိအထံမှ သင်ယူကြပြီး ၄-ပါးတစု၊ ၅-ပါးတစု၊ ၁၀-ပါးတစု စသည့် စာဆိုစာလိုက် ရဟန်း သာမဏေများအချင်းချင်း တိုင်ပင်ညှိညွတ်၍ အာဂုံနှုတ်တက် ရွတ်အံ၊ သရဇ္ဈာယ်ကြကုန်၏။

ကျောင်းတိုက်ရှိကြောက်များ

အမရပူရ(တောင်ပြို) ညဝါစာသင်တိုက်များရှိ ကြောက်တို့ပင် ညဝါရွတ်သံများ ကြားဖန်များ နားရည်ဝသဖြင့် "ပစ္စယော ... ပစ္စယော" .... ဟူ၍ မြည်ကြကြောင်းဖြင့်လည်းကောင်း၊ "အောက်အိုးအိုး အာမန္တာ" ဟူ၍ တွန်ကြကြောင်းဖြင့်လည်းကောင်း၊ ပြောရိုးဆိုစဉ်ပင် ပေါ်ထွက်ခဲ့လေသည်။

ညဝါတံခွန်ကျမ်းကြီးပြုစုခြင်း

ဆရာတော်အရှင်ဓမ္မသာမိသည် တောင်မြို့ညဝါ ချရိုးပို့စဉ် နည်းနာနီသမျှား ကြာလျှင်ကွယ်ပလိမ့်မည်။ မကွယ်မပျောက် တောင်မြို့ ညဝါချနည်းမျှား စုပေါင်းလျက်ကျမ်းကြီးတစ်ကျမ်း ရေးသားပြုစုပါရန် ကျိုက်ထိုမြို့ မုပွလင်ဓမ္မပါလရွာဇာတိ တပည့်ရဟန်းတော် အရှင်တိသနှင့် ကနောင်မြို့ဇာတိ အရှင်ဝါယာမိန္ဒအစရှိသော တပည့်တပန်းတို့နှင့် ကျောင်း ဒါယကာ ဦးစံရွှေ,ဦးအောင်လှအစရှိသော အဘိဓမ္မာဘာဏက အသင်း သားတို့၏ တောင်းပန်ခြင်းကို အရင်းပြုကာ ဤမည်သော ပဌာနသာရမဉ္ဇရီ ညဝါတံခွန်ကျမ်းကြီးကို ရေးသားပြုစုတော် မူခဲ့လေသည်။ ယင်း ညဝါ တံခွန်ကျမ်းကြီးမှာ ပထမတွဲ၊ ဒုတိယတွဲဟု ၂-တွဲရှိလေသည်။ တောင်မြို့ နည်း ညဝါစစ်စစ်လေ့လာလိုလျှင် ဤကျမ်းကြီး၂-ကျမ်းတွဲကို ကြည့်ရှု လေ့လာရမည်သာ ဖြစ်လေသည်။ ပဌမတွဲမှာ ရှိုင်ဆိုက်စာမျက်နှာ ၂၆၆-မျက်နှာရှိ၍ ဒုတိယတွဲမှာ ၂၇၄-မျက်နှာ ရှိလေသည်။

ပဌမတွဲ၌ ဓာတုကထာဥဒါနဂါထာ သင်္ဂဟဂါထာပါ၍ ဓာတုကထာ ဥဒါန သင်္ဂဟဂါထာနိသျှ၊ ဓာတုကထာမှတ်ရန် ဓာတုကထာချိုးလက်ာ ဓာတုကထာချိုးအဖြေ မူလယမိုက်အစ ဤန္ဒြိယယမိုက်အဆုံး ယမိုက် ဆယ်ကျမ်းလုံးအတွက် မှတ်ရန်များပါရှိလေသည်။ ဒုတိယတွဲ၌ ပဌာန်း ၃ချက်စု၊ ဆဝါရနှစ်ချက်စု၊ ပဥ္စာဝါရနှစ်ချက်စုမှစ၍ ပဌာန်းဆိုင်ရာ အဆုံးအဖြတ်မှတ်သားဖွယ်များ ပဌာန်းပစ္စည်းမှတ် ရန်များကို စုံလင်စွာ ရေးပြထားသည့် ကျမ်းဦး၌ -

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ တိဟိ ဒွါရေဟိ ဝန္ဒိတွာ။
ဂမ္ဘီရနယမတ္ထိတ္တံ၊ လိခိဿာမိ ဂဏ္ဌိပဒ္ဗံ။

ဟူသော ဂါထာဖြင့် ပဏာမ၊ ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

ဘုရားအလောင်းသူတော်ကောင်း

ဆရာတော်အရှင်ဓမ္မသာမိသည် ပညာဓိက ဘုရားအလောင်းသူတော်ကောင်း ဖြစ်တော်မူလေသည်။

ယင်းသို့ဖြစ်ကြောင်း

ကျွမိနာ ပုညကမ္မေန၊ ပညာဓိကော ဘဝါမဟံ။
ဗုဒ္ဓတ္တံ ပါပုဏိတွာန၊ သန္တာရေသံ သဒေဝကံ။

ဟူသော ညဝါတံခွန်နိဂုံး ဆုတောင်းဂါထာဖြင့် သိသာလှသည်။

ကျမ်း၏နိဂုံး၌ ညဝါတံခွန်ကျမ်းကို ရဟန်းဘုရား-ဝါက စတင်ရေးသားပြုစုကြောင်း ၁၂၈၉-ခုနှစ် နတ်တော်လဆုတ် ၁၂-ရက်နေ့တွင် ပြီးဆုံးကြောင်း ဖော်ပြခဲ့လေသည်။

ပုံလွှန်တော်မူခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၃၁၀-ခုနှစ်တွင် ကဆုန်လတွင် သွေးဒူလာရောဂါဖြင့် မိမိချစ်မြတ်နိုးလှသော အဘိဓမ္မညဝါကျမ်း ချပို့မှုကို ထားရစ်ကာ ပုံလွှန်တော်မူခဲ့လေသည်။

ဓမ္မသာမိကဝိသေဋ္ဌော၊ ဓမ္မသာမိသဿ သာသနေ။
ပတ္ထေတွာ ဓမ္မသာမိတ္တံ၊ သုဓုရကိစ္စကာရကော။



မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာများ သမုဒ္ဒာပက
အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဘဝဖြစ်တော်စဉ် အကျဉ်း

ဖွားမြင်တော်မူခြင်း

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အလောင်းအလျာကို မန္တလေးတိုင်း၊ အမရပူရမြို့နယ် ဥယျာဉ်တော်ရွာ၌ အဘ-ဦးအောင်ထွန်း + အမိ-ဒေါ်ရွှေအိမ်တို့မှ ၁၂၆၁-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၁)ရက်၊ (ခရစ်နှစ် ၁၈၉၉-ခု၊ ဒီဇင်ဘာ ၂၇-ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၂း ၃၀)နာရီအချိန်တွင် ဖွားမြင်တော်မူသည်။

ဆရာတော်လျောင်းလျာသည်-

၁။ မတင်
၂။ မလုံး
၃။ မရွှေပင်
၄။ မောင်လှဒင်
၅။ <u>မောင်လှဘော်</u>
၆။ မလှရှင်
၇။ မလှခင်
၈။ မောင်သောင်း-

ဟူသော သားသမီး (၈)ယောက်တို့တွင် ပဉ္စမမြောက် သားမြတ်ရတနာ ဖြစ်ပါသည်။

ပညာသင်ယူခြင်း

အရွယ်ရောက်လျှင် မိဖနှစ်ပါးတို့က ဥယျာဉ်တော်ရွာထိပ်ရှိ အစိုးရမူလတန်းကျောင်း ဆရာကြီး ဦးစံရထံသို့ အပ်နှံ၍ မူလတန်းပညာရပ်များကို သင်ယူစေခဲ့ပါသည်။

ပဗ္ဗဇ္ဇာဘိသေကမင်္ဂလာ ပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် အသက် (၈)နှစ်သားအရွယ်တွင် ဥယျာဉ်တော်ရှာ၏ အနောက်မြောက်ဖက်ရှိ ''**ဂွေးပင်တောရကျောင်း**'' ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ရှင်သာမဏေပြုခဲ့လေသည်။ ဥပဇ္ဈာယ် ဆရာတော်က ''ရှင်ဝိမလ'' ဟု ဘွဲ့တော် ပေးခဲ့ပါသည်။ ရှင်ဝိမလသည် သက်တော် (၁၄)နှစ်အရွယ်တိုင်အောင် ဥပဇ္ဈာယ်ဆရာ ဂွေးပင်တောရ ဆရာတော် ဘဒ္ဒန္တဇာဂရ မဟာထေရ်ထံတော်၌ သဒ္ဒါ, သင်္ကြံဟ်, မာတိကာအစရှိသော အခြေခံကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

မင်္ဂလာတိုက်သမိုင်း
ကြက်သွန်ခင်းတောရမှ မင်္ဂလာတိုက်

အလောင်မင်းတရားကြီး၏ စတုတ္ထမြောက်သားတော် ပဒုံမင်းသားသည် နောက်ပိုင်းတွင် ဘိုးတော် ဦးဝိုင်းဟူ၍ ထင်ရှားလာလေ၏။ ဘိုးတော် ဦးဝိုင်းသည် အင်းဝနေပြည်တော်၌ မင်းဖြစ်သောအခါ ဇောဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ငယ်မြစ်တို့ ပေါင်းဆုံ၍ ရေအားကောင်းလာသောအခါ မြေပြင်ပေါ်သို့ ရေလျှံတက်သဖြင့် သောက်ရေ/သုံးရေများ မသန့်မရှင်း ဖြစ်ကုန်တော့သည်။ နှစ်စဉ်လိုပင် ရေလွှမ်းမိုးမှုကို ခံရသောကြောင့် အင်းဝနေပြည်တော်၌ နန်းစံဖို့ရန် မနှစ်သက်တော့ချေ။ သို့ဖြစ်၍ ကုန်းမြေမြင့် နေရာမျိုးကို ရွေးချယ်ပြီး မြို့သစ်, နန်းသစ် တည်ထောင်ရန် စိတ်ကူးတော်မူနေစဉ်–

''အင်းဝက ရေငံ
တွင်းချေးစော်နံ
တောင်သမန်ရေချို့တွင်း
သောက်ပါလေ ကိုရန်ရှင်း
ဘေးရန်မှကင်း ...'' ဟူ၍ အတိတ်တဘောင် ပေါ်လာလေသည်။

ထို့ကြောင့် အမတ်ကြီး ဦးပေါဦးကို ခေါင်းဆောင်စေ၍ အမတ်ပေါင်းများစွာ ခြံရံလျက် နောက်လိုက် နောက်ပါ မြင်းသည်တော်များနှင့် တကွ ဗိသုကာများပါ ရွေးချယ်ပြီး မြို့သစ်, နန်းသစ်တည်ဖို့ မြေနေရာ ရှာဖွေရန် ဘုရင်ကစေလွှတ်လိုက်ပါသည်။

အမတ်ကြီး ဦးပေါဦးတို့အဖွဲ့သည် ၁၁၄၄-ခုနှစ်တွင် အင်းဝမြို့တော်မှ အရှေ့ဖက်ကမ်းသို့ကူး၍ စိုင်တမော့လယ်ပြင်ကြီးကို ဖြတ်ကျော်ပြီး လာခဲ့ကြပါသည်။ အခြေအရံ ပရိသတ်, ထမင်းအိုးထမ်း, ဟင်းအိုးထမ်း, တို့နှင့် တကွ ဟိုမျှော်သည်ကြည့် မလစ်သောသတိဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ရင်း လာခဲ့ကြရာ ''**ကြက်သွန်းခင်းဆရာတော်**''၏ တောရကျောင်း နေရာသို့ ရောက်လာခဲ့ကြပါသည်။

ဆရာတော်ဘုရားထံ ခွင့်ပန်လျှောက်ထားကြပြီး ကျောင်းဝင်းအတွင်း အရိပ်ကောင်းသော ညောင်ပင်ကြီးအောက်တွင် တည်းခို၍ စခန်းချကြလေသည်။ ထိုနေရာမှနေ၍ မျက်စိတို့ကိုဖွင့်လျက် ပတ်ဝန်းကျင်တစ်ခုလုံးကို အမြဲမပြတ် အကဲခတ်လျက် မင်္ဂလာနိမိတ်များ ယူနေကြပေသည်။

ထိုသို့ မင်္ဂလာနိမိတ်များ ယူနေကြစဉ် ထိုတောရကျောင်းခြံဝင်းအတွင်းမှ ရွှေရောင်အဆင်းရှိသော လိပ်ပြာကောင်ကလေးများ အကောင်ရေ ၅၀၀-ခန့်တို့သည် ဝုန်းခနဲ ထပျံကြကုန်၏။ ပြီးလျှင် အမရပူရ နန်းတည်မည့်နေရာ အရပ်သို့သွား၍ ခြံကြီးတစ်ခုကို ဝိုင်းအုံစုပြုံ၍ နားနေကြလေကုန်၏။ ထိုနေရာ၌ နန်းမြို့နေရာ သတ်မှတ်ကြပြီး ဗိသုကာပညာရှင်တို့ဖြင့် ပန္နက်ရိုက်ကြလေတော့သည်။ အမရပူရမြို့အတွက် စခန်းချ၍ မင်္ဂလာယူရာအရပ်ဖြစ်သောကြောင့် ကြက်သွန်ခင်းတောရမှ ''**မင်္ဂလာကျောင်းတိုက်**''ဟု ပြောင်းလဲ၍ ခေါ်တွင်လာကြပါသည်။

မင်္ဂလာတိုက်ဟောင်း/တိုက်သစ်

တစ်နေ့တွင် မင်္ဂလာကျောင်းတိုက်၏ အနောက်ဖက်ကပ် လျက်ရှိသော ပင်းတလဲမင်းသား တည်ထားဆောက်လုပ် လှူဒါန်းအပ်သော ပင်းတလဲကျောင်းတိုက် အကြီးအကဲဆရာတော်ကြီး ပျံလွန်တော်မူသွား သဖြင့် မင်္ဂလာတိုက်သို့ လာရောက်အပ်နှံပါသည်။ ဦးဓမ္မသာမိ လိုက်ပါ ကျောင်းထိုင်ပြီး ''မင်္ဂလာတိုက်သစ်'' ဟူ၍ အမည်ပြောင်းလိုက်ပါသည်။ ထိုအချိန်မှစ၍ လက်ရှိ မင်္ဂလာကျောင်းတိုက်သည် ''မင်္ဂလာတိုက်ဟောင်း'' ဖြစ်သွားပါသည်။

အမရပူရမင်္ဂလာတိုက်သို့ ရောက်ရှိ ပညာသင်ယူခြင်း

ဆရာတော်လောင်းလျာ ရှင်ဝိမလသည် သက်တော် (၁၄)နှစ် အရွယ်တွင် မန္တလေးတိုင်း၊ အမရပူရမြို့ မင်္ဂလာတိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုဇာတ မဟာထေရ်ထံ၌ အမ,လေး မသုစာရိမှ အပ်နှံသဖြင့် ပညာဆက်လက် သင်ယူ ဆည်းပူးခဲ့လေသည်။ ဆရာတော် ဘဒ္ဒန္တ သုဇာတမထေရ်၏ ညွှန်ကြားချက်အရ ပထမကျော် အဘိဓမ္မာဆရာကြီး ဦးအုံးအထံ၌ အဘိဓမ္မာကျမ်းစာတို့ကိုလည်း သင်ယူတော်မူခဲ့လေသည်။

ဥပသမ္ပဒါဘိသေကမင်္ဂလာ ပြုတော်မူခြင်း

ဆရာတော်အလောင်းအလျာ ရှင်ဝိမလသည် သက်တော် (၁၉)နှစ် (၅)လရှိရာ ၁၂၈၁-ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်၊ (ခရစ်နှစ် ၁၉၁၉-ခု၊ ဇူလိုင်လ ၄-ရက်) သောကြာနေ့ နံနက်ပိုင်းအချိန်တွင် မင်္ဂလာတိုက်ကျောင်း၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုဇာတထေရ်ကို ဥပဇ္ဈာယ်ပြု၍ အမရပူရမြို့၊ သိမ်ကြီးစေ့းတောင်ဘက်၊ အိုးတော်ရပ်နေ ကုန်သည်ကြီး ဦးဝင်း+ ဇနီး- ဒေါ်ဒေါ်စောတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ပျားစဲ့ခြင်း

ဆရာတော်အလောင်းအလျာ ရှင်ဝိမလ (၁၂)နှစ်သား အရွယ်တွင် သင်္ကန်းတန်းပေါ် ခေါက်တင်ထားသော သင်္ကန်းပေါ်၌တစ်ကြိမ်၊ ရဟန်းခံပြီး ချွေးစွန်းသဖြင့် သင်္ကန်းတန်း၌ လွှမ်းတင်ထားသော အရှင်ဝိမလ၏ သင်္ကန်းပေါ်၌ ဒုတိယအကြိမ် ပျားစွဲပြန်သည်။

ပညာဆက်လက် သင်ယူတော်မူခြင်း

အရှင်ဝိမလသည် ဆရာကြီး ဦးအုံးအထံ၌ အဘိဓမ္မာညဝါ ကျမ်းစာများကို အခေါက်ပေါင်းများစွာ သင်ယူခဲ့လေသည်။ ဆရာကြီး ဦးအုံးက နေ့ဝါအတွက် မန္တလေးသို့ နေ့ချင်းပြန် သွားရောက်သင်ယူရန် စီစဉ်ပေးစေသည်။

အရှင်ဝိမလသည်-

၁။ မန္တလေးမြို့၊ အနောက်ပြင်၊ ခမာသီဝံကျောင်းဆရာတော်

၂။ မန္တလေးမြို့၊ တောင်ပြင်၊ ဘုရားကြီးတိုက်ဆရာတော်များ

၃။ မန္တလေးမြို့၊တောင်ပြင်၊ ရွှေရေးဆောင်ဆရာတော် အရှင်အာဒိစ္စရံသီ

၄။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ တိုက်အုပ်ဆရာတော် (အဘိဓမ္မာညဝါ သင်ယူရန်ရောက် ရှိနေသော) အရှင်နန္ဒိယတို့ အထံ၌ မန္တလေး နည်း၊ ပခုက္ကူနည်းတို့ကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူတော်မူခဲ့ပါ သည်။

ဒုတိယအကြိမ် သိက္ခာထပ်ခြင်း

ဆရာတော်အလောင်းအလျာသည် ၁၂၈၃-ခုနှစ်၊ ဝါဆိုဦးတွင် သီလရှင်ဆရာကြီး ဒေါ်ဝိစာရီ၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ သိက္ခာထပ် ပုနောပသမ္ပဒါဘိသေက မင်္ဂလာသဘင် ဆင်ယင်ကျင်းပခဲ့လေသည်။

ဆရာကြီးဦးအုန်းက လက်ထောက်စာချအဖြစ် ဆောင်ရွက်ခြင်း

ဆရာကြီးဦးအုံးသည် အရှင်ဝိမလကို မာတိကာညဝါ၊ အရှင် ဓမ္မသာမိကို ယမက(ယမိုက်ဘာသာ) ညဝါတို့ကို မိမိ၏ အနီးဌာနေစေ၍ မိမိကိုယ်စား အဘိဓမ္မာညဝါဆိုင်ရာ သဘောအဓိပ္ပါယ်များကို စာသင်သား တို့အား သင်ကြားစေပါသည်။ လိုအပ်သည့် အရာများ၌သာ ပြင်ဆင်ပေးပါ သည်။ ပဌာန်းတစ်ဝါကို အများနည်းတူ ဆက်လက် သင်ယူစေပါသည်။ နောက်ပိုင်းတွင် အရှင်ဝိမလ, အရှင်ဓမ္မသာမိတို့ကို မိမိရွေ့မျောက်၌ ပဌာန်း စာဝါများကို ပို့ချသင်ပေးစေပါသည်။ လိုအပ်သည့် အချက်များကိုသာ ပြင်ဆင် ပေးပါသည်။ ဦးအာစယ, ဦးကောသလ္လ, ဦးဉာဏိန္ဒတို့ကိုလည်း အရှင်ဝိမလနည်းတူ စာချနည်း သင်ပေးပြီး မာတိကာ ဓာတုကထာ, ယမကတို့ကို ပို့ချစေပါသည်။

ပိဋကတ်တိုက်ကျောင်းဘုန်းကြီး

အရှင်ဝိမလ သက်တော် ၂၆–နှစ်၊ သိက္ခာတော် (၆)ဝါ ရရှိပြီးသည့် ၁၂၈၆–ခုနှစ်၌ အမရပူရမြို့၊ ပွဲတော်ရပ်၊ ဒေါ်ဒေါ်သစ်နှင့် သားသမီးတစ်စုတို့ က မင်္ဂလာကျောင်းတိုက်ကြီးအတွင်း၌ ပိဋကတ်တိုက်ကျောင်း တစ်ဆောင် ဆောက်လုပ်ပြီး အရှင်ဝိမလအား လှူဒါန်းကြပါသည်။ အရှင်ဝိမလသည် ထိုကျောင်းပေါ်၌ သီတင်းသုံး၍ အဘိဓမ္မာညဝါများကို ရောက်ရှိလာကြသော စာသင်သားတို့အား ပို့ချသင်ပေးတော်မူခဲ့ပါသည်။ ရဟန်းတော်အရှင်ဝိမလ သည် ရဟန်းဝါ (၃)ဝါ ရချိန်မှစ၍ ဆရာကြီးဦးအုန်း၏ အဘိဓမ္မာညဝါ စာချနည်းကို အနီးကပ် သင်ယူခဲ့ပြီး စာချလာခဲ့ပါသည်။ အရှင်ဝိမလသည် စာဝါနှားသည့်အခါ ရဟန်းအမ သီလရှင်ဆရာကြီး ဒေါ်ဝိစာရိက မင်းကွန်းသို့ကြွရောက်၍ အနားယူပါရန် ပင့်လျှောက်မှုကြောင့် မင်းကွန်း၌ သီတင်းသုံးတော်မူသော်လည်း ဆရာကြီးဦးအုန်းထံ စာလိုက်စဉ်က မရှင်းမလင်းသည့် အချက်များ မေးမြန်းမှုများကို ဖြေရှင်းပေးရခြင်း၊ အမရပူရသို့ မလာမရောက်နိုင်သော သီလရှင် ဆရာကြီး ဆရာလေးများ အတွက် အဘိဓမ္မာညဝါများကို ပို့ချသင်ပေးရသည့်အတွက် အနားယူရ သည့် အနေအထား မရှိခဲ့ပါ။

ထိုခေတ်ထိုအခါက ရဟန်းငယ်များ၏ တိုးတက်သောအယူအဆ အရ အတူနေလည်းဖြစ် ၁၀-တန်းအောင်ပြီးသော ရဟန်းငယ်လည်းဖြစ် သည့် ဦးနန္ဒိယထံ၌ အင်္ဂလိပ်စာကိုလည်း တဖန်သင်ယူ၍ ကိုရင်အောင်ကြီး အား ထပ်ဆင့်သင်ပေးပါသည်။

ဓမ္မကထိကလေး ဦးဝိမလ

ဆရာတော်အလောင်းအလျာ စာချဘုန်းကြီးလေး ဦးဝိမလသည် ရဟန်းသိက္ခာ ၆-ဝါ ရပြီးချိန်တွင် အဘိဓမ္မာဥဝါများကို ပို့ချရုံမျှမကဘဲ ဟိုနားဒီနားက လာပင့်သော တရားပွဲများသို့လည်း ကြွရောက်၍ တရား ဟောပေးရသည်။ သာမဏေဘဝက တရားဟောမှုကို ဆရာကြီး ဦးအုန်း နှင့် ဆရာသမားများက ပိတ်ပင်တားမြစ်ခဲ့လေသည်။

ပဋိပတ်လုပ်ငန်ခွင်သို့ ဝင်ရောက်

ဆရာတော်အရှင်ဝိမလသည် ရဟန်းသိက္ခာ (၈)ဝါရပြီးသောအခါ ငယ်စဉ်ကစ၍ ညီကိုအရင်းပမာ စောင့်ရှောက်လာခဲ့သော အောင်ခြင်းရှစ်ပါး ကျောင်းတိုက်ဆရာတော် အရှင်နာဂဝံသထေရ်၏ မိန့်ကြားချက်အရ - ကျေးဇူးရှင် ဆရာကြီးဦးအုံး၊ ခမည်းတော်ကြီး ဦးအောင်ထွန်း၊ မယ်တော်ကြီး ဒေါ်ရွှေအိပ်တို့က ပြခဲ့သော အနိစ္စသဘာဝကို ရှုမြင်ပြီး ကိုယ့်ကိစ္စ, ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် စိတ်ချရအောင် စာချချိန်၊ စာရေးချိန်၊ တရားဟောချိန်တို့ကို ကန့်သတ်လိုက်ပြီး ကျန်ရှိသောအချိန်ဟူသမျှ "ကိုယ့်ကိစ္စအတွက်" ဟုချည်း နှလုံးသွင်းယူထား၍ တစ်စ တစ်စ ကြည်ကြည်လင်လင် ပဋိပတ်လုပ်ငန်းခွင်သို့ ဝင်ရောက်နေပါတော့သည်။

ကျမ်းဂန်များ ရေးသားပြုစုတော်မူခြင်း

စာချဆရာတော် အရှင်ဝိမလထေရ်သည် ရဟန်းသိက္ခာ (၈)ဝါအရ ၁၂၈၈-ခုနှစ်တွင် စာသင်သား သံဃာတော်များအတွက် ယမကမဉ္ဇရိကျမ်း" ကို ရေးသား၍ ၁၂၈၉-ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။ သိက္ခာတော် (၉)ဝါအရတွင် တရားကိစ္စ၌ မိမိကဲ့သို့ တရားအားထုတ်လိုသောစိတ်

ဖြစ်ပေါ်လာအောင် ''ပုထုဇဉ်အလင်းပြကျမ်း'' ဟူသော ကျမ်းငယ်တစ်စောင်ကို ရေးသားပြုစု ထုတ်ဝေခဲ့ပါသည်။

မင်းကွန်း, ညောင်လေးပင်, မိုးကုတ်မြို့များသို့ လှည့်လည်၍ သာသနာပြုတော်မူခြင်း

စာချဆရာတော် အရှင်ဝိမလထေရ်သည် ရဟန်းသိက္ခာ (၅)ဝါရသည့် အချိန်မှစ၍ ဝါတွင်းကာလဝယ် အမရပူရ မင်္ဂလာတိုက်၌ နတ်တော်လ ရောက် သည်အထိ အဘိဓမ္မာဝတ္ထု ကျမ်းစာများကို ရောက်ရှိလာသော စာသင်များအား ပို့ချသင်ပေးခဲ့ပါသည်။ မင်းကွန်းမိုးကုတ်ချောင်သို့ ကြွရောက်တော်မူပြီး ဆောင်းရာသီ၌ အဘိဓမ္မာဝတ္ထု ကျမ်းစာများကို သီလရှင်များအား ပို့ချပေးပါသည်။ ဆောင်းရာသီ စာဝါများ ပို့ချပေးပြီးလျှင် တပေါင်းလဆန်း (၈)ရက်နေ့တွင် ညောင်လေးပင်သို့ကြွရောက်၍ အဘိဓမ္မာတရားများကို ဟောကြားတော်မူပါသည်။

ညောင်လေးပင်တရားပွဲအပြီးတွင် မိုးကုတ်မြို့သို့ နှစ်စဉ်ကြွရောက်၍ တရားချီးမြှင့် ဟောကြားတော်မူပါသည်။ တရားပွဲများ၌ အဘိဓမ္မာတရားတော်, ပဋ္ဌာန်စွသမုပ္ပါဒ်တရားတော်တို့ကို ဟောကြားတော်မူပါသည်။ တရားနာ ပရိသတ်က လည်း ဆရာတော်၏ တရားဓမ္မများကို လိုလိုလားလား နှစ်သက်၍ လက်ခံနာယူ ကြပါသည်။

မိုးကုတ်ဆရာတော်ဟု အမည်တွင်

ဆရာတော်သည် အဘိဓမ္မာစာဝါများကို ပို့ချသင်ပေးရာ၌ အမရပူရမြို့ မင်္ဂလာတိုက်နှင့်, မင်းကွန်း, မိုးကုတ်ချောင်တို့၌ စာဝါလိုက်သည့် စာသင်သားများ နေရာအခက်အခဲနှင့် ကြုံကြရပါသည်။ ထိုနေရာတို့၌ မိုးကုတ်မှ အလှူရှင်များက ဓမ္မာရုံကြီးများ၊ ကျောင်းဆောင်များ၊ အဝိစိတွင်းနှင့်ရေဂျန်များ၊ မီးစက်များကို ဆောက်လုပ် လှူဒါန်း၍ ပံ့ပိုးပေးကြပါသည်။ အမရပူရ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ကျောင်းကြီးပေါ်၌ သီတင်းသုံး၍ စာပေပို့ချသောကြောင့် ''မိုးကုတ်ဆရာတော်'' ဟူ၍ တစတစဖြင့် အမည်တင်ကျန်ခဲ့ပါသတည်း။

ကြီးမားသော ပြည်တွင်း/ပြည်ပ သာသနာရေးဆောင်ရွက်ချက်များ

ဆရာတော်သည် ညောင်လေးပင်မြို့မှ အရှေ့ဖက် ၁၅-မိုင်ခန့် ဝေးသော သောင်ကြီးရွာ၌ ဖြစ်ပေါ်နေသော သာသနာတော်ရေးရာ ပြဿနာကိုလည်း အားလုံးကျေနပ် ပြေလည်အောင် ဟောပြောဆောင် ရွက်တော်မူခဲ့ပါသည်။ ဆရာတော်သည် ကောဇာသက္ကရာဇ် ၁၂၉၈-ခု နှစ်တွင် သီဟိုဠ်ကျွန်း မဟာစေတီတော် ဂေါပကအဖွဲ့၏ မဟာစေတီ စိန်ဖူးတော်အား လှူဒါန်းပေးရန် အကူအညီတောင်းခံလာ သည့်အတွက် မိုးကုတ်မြို့၊ သုသာန်ကျောင်းဆရာတော်နှင့် တွဲဖက်၍ မြို့မျက်နှာဖုံးလူကြီး မင်းများကို စုစည်း၍ ထိုခေတ်ကာလ တန်ဖိုး တစ်သိန်းကျော်တန် ဥဏ်တော် ၁၈-လက်မ၊ လုံးပတ် ၂၅-လက်မခွဲ၊ အလေးချိန် ၁၂-ပိသာခွဲ၊ ၁၃-လက်မရှိသော ရတနာကလာပ်တော်ကြီး၌ အကောင်းဆုံး စီချယ်ထားသော စိန်ဖူးတော်ကြီးကို လှူဒါန်းနိုင်ရန်လည်း စီမံ ဆောင်ရွက် တော်မူခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေချိန် ကိလေသာစစ်ပွဲ ဆင်နွှဲတော်မူခြင်း

လွန်ခဲ့သော နှစ်ပေါင်း (၂၀)ကျော် (၁၉၁၄-၁၉၁၈)တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ခဲ့သည်။ ကမ္ဘာကြီးတစ်ခုလုံး မီးဟုန်းဟုန်း တောက်ခဲ့သည်။ ၄-နှစ်ပတ်လုံး ကြိမ်မီးအုန်းမျှ ပူလောင်ကြရသည်။ ကြေမွ ပျက်သုဉ်း၍ ယူကျုံးမရ ဘဝပျက်စီးကြရသည်။

ဒုတိယကမ္ဘာစစ်ကြီး

၁၃၀၁-ခုနှစ်၊ ဝါခေါင်လဆုတ် (၅)ရက်၊ (၁၉၃၉-ခု၊ စက်တင်ဘာ လ ၃-ရက်)နေ့တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဂျာမနီအား စစ်ကြေငြာ လိုက်တော့သည်။ ၁၃၀၃-ခုနှစ်၊ နတ်တော်လဆုတ် (၆)ရက်၊ (၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလ ၈-ရက်)နေ့တွင် အမေရိကန်တို့က ဂျပန်အား အတိအလင်း စစ်ကြေငြာလိုက်ပြန် သည်။ အင်္ဂလိပ်နှင့် ဒတ်ချ်တို့ကလည်း

ဂျပန်ကို စစ်ကြေငြာတော့၏။ ဂျာမနီနှင့် အီတလီတို့ကလည်း (ဂျပန်ဘက်က နေ၍) အမေရိကန်ကို စစ်ကြေငြာပြန်သည်။

ဂျပန်နိုင်ငံသို့ ရောက်နေကြသော ရဲဘော်သုံးကျိပ်တို့သည် ဂျပန်တိုနှင့် အတူတကွ မြန်မာပြည်သို့ ပြန်လာကြ၍ တိုက်ခိုက်ကြသည်။ ၁၃၀၃-ခုနှစ်၊ တပေါင်းလဆုတ် (၈)ရက်၊ (၁၉၄၂-ခု၊ မတ်လ ၈-ရက်) နေ့တွင် ရန်ကုန်မြို့ကြီးသည် အင်္ဂလိပ်အုပ်ချုပ်ရေးမှ ကျရှုံးသွားခဲ့ပေသည်။ ဂျပန်တို့သည် လေယာဉ် အစင်းပေါင်း ၉၀-ခန့်ဖျဉ့် ရန်ကုန်မြို့ကြီးပေါ်တွင် ပျံဝဲကြပြီး ဗုံးများအဆက်မပြတ် ကြဲချကြပေသည်။ ဒုတိယကမ္ဘာစစ် မီးတောက်မီးလျှံများသည် မြန်မာပြည်တစ်ခုလုံးသို့ အနှံ့အပြား တောက်လောင်လာသည်။

စစ်ပြေးဒုက္ခသည်များသည် ဘုန်းကြီးကျောင်းတိုက်များအတွင်းသို့ ရောက်ရှိလာကြသည်။ ထို့ကြောင့် အန္တရာယ်များ ပိုမိုများပြားလာသည့် အတွက် ဒကာများက အကြောင်းအကျိုးများ တင်ပြ လျှောက်ထားကြပြီး ဆရာတော် ဦးဝိမလကို မင်္ဂလာတိုက်မှ ဇွတ်အတင်း ပင့်ဆောင်ကြလေတော့သည်။ ထိုအခါကျမှ ဆရာတော် ဦးဝိမလသည် အမရပူရမြို့တွင်း ပွဲတော်ရပ်သို့ လိုက်ပါကြွရောက်တော်မူပါသည်။ ထိုအရပ်၌လည်း စိတ်မချရသဖြင့် မင်းကွန်း မိုးကုတ်ချောင်သို့ ပင့်ဆောင်ကြရသည်။

မိုးကုတ်သို့ ကြွရောက်တော်မူခြင်း

ထိုအချိန်တွင် မိုးကုတ်မြို့မှ ကျောင်းဒကာကြီးဦးလယ်သည် စိတ်မချနိုင်လွန်း၍ ကိုယ်တိုင်ဆင်းလာ၍ အမရပူရမှ မင်းကွန်းသို့လိုက်သွားပြီး မိုးကုတ်မြို့သို့ ဆရာတော်အား မရအရ ပင့်ဆောင်လေတော့သည်။ ထို့ကြောင့် ဆရာတော်လေး ဦးဝိမလသည် ၁၃၀၃-ခု နှစ်ကုန်ခါနီး တန်ခူးလဆန်းပိုင်း (၁၉၄၂-ခု၊ မတ်လအတွင်း) စစ်ဘေးခိုလှုံရန် မိုးကုတ်မြို့၊ သုသာန်ကျောင်း၌ သီတင်းသုံးတော်မူပါသည်။ ထိုအချိန်၌ ဆရာတော်၏ သက်တော်မှာ (၄၂)နှစ်ရှိပြီး သိက္ခာတော်မှာ (၂၃)ဝါ ရရှိပြီးဖြစ်လေသည်။

မိုးကုတ်မြို့၌လည်း လေယာဉ်ပျံများ ဝဲလာပြန်သဖြင့် တစ်နေ့ထက် တစ်နေ့ အခြေအနေက ပိုဆိုးလာရာ ကျောင်းဒကာကြီးဦးလယ်, ဦးဘိုးလုံး နှင့် ဘောပတန်းရွာမှ ဒကာမကြီး ဒေါ်ကြီးလာတို့ ရောက်လာကြပြီး ဘော်ပတန်းရွာသို့ မဖြစ်မနေ ပင့်ဆောင်သွားကြပြန်သဖြင့် ၁၃၀၄–ခုနှစ်၊ နယုန်လဆုတ် (၁၉၄၂–ခုနှစ်၊ မတ်လ)တွင် မိုးကုတ်မြို့မှ ၄–မိုင်ခန့်ဝေးသော ဘော်ပတန်းရွာလေးသို့ လိုက်ပါ သီတင်းသုံးတော်မူသည်။

ပဒုံပတ္တိလုပ်ငန်း အားထုတ်တော်မူခြင်း

ဘောပတန်းရွာ၏ အရှေ့ဖက် တောင်တန်းကြီး၏ တစ်ဝက်ခန့်၌ မြေပြင်မှအထက် ပေ ၂၀၀–ခန့်အမြင့်အတွင် ကျောက်လိဏ်ဂူကြီးတစ်ခု ရှိပေသည်။ ထိုကျောက်လိဏ်ဂူကြီးအတွင်း၌ အလျား ၁၅–ပေ၊ အနံ ၁၀–ပေခန့် ကျယ်ဝန်း၍ လူတစ်ရပ်အမြင့်ရှိသော ခန်းမတစ်ခုလည်း ရှိပါသည်။ ဆရာတော်သည် ထိုလိဏ်ဂူကြီးပေါ်သို့ တက်ရောက်တော်မူပြီး မိမိသည် ''ဤလိဏ်ဂူကြီး၌ သီတင်းသုံးမည် ဖြစ်ကြောင်း ကျောင်းဒကာများ အား မိန့်ကြားတော်မူပါသည်။ ကျောင်းဒကာများက ကျန်းမာရေးနှင့် ညီညွတ်အောင် လိဏ်ဂူအပြင်ဖက် ဆင်ခြေလျော၌ ယာယီဝါးတဲကျောင်း လေး တစ်လုံးကို ဆောက်လုပ်လှူဒါန်းကြလေသည်။

၁၃၀၄–ခုနှစ်၊ ပထမဝါဆိုလဆန်းပိုင်းမှစ၍ ကျောက်လိဏ်ဂူကြီး အတွင်းသို့ ရောက်ရှိတော်မူပြီး ထိုကျောက်လိဏ်ဂူတော်ကြီး အတွင်း၌ပင် ဝါကပ်တော်မူသည်။ ဆရာတော်ဦးဝိမလ ဘော်ပတန်းသို့ ရောက်ရှိ သီတင်းသုံးတော်မူကြောင်း ကြားသိရသဖြင့် ဒေါ်ဒေါ်အုံ, ဒေါ်ဒေါ်ဖုံတို့ မိသားစုဝင်များ ဘော်ပတန်း ရွာသို့ ပြောင်းရွှေ့လာကြပြီး တောင်ကြီး၏ အောက်ခြေ လျှိုမြောင်ထဲ၌ တဲထိုးနေကြပြီး ဆရာတော်အား ပြုစုလုပ်ကျွေးကြပါသည်။

၁၃၀၇–ခုနှစ်၊ ဝါခေါင်လဆန်း (၆)ရက် (၁၉၄၅–ခုနှစ်၊ ဩဂုတ်လ ၁၄–ရက်)နေ့ကျမှ ဒုတိယကမ္ဘာ စစ်ကြီး ပြီးစီး ငြိမ်းအေးသွားပေတော့သည်။

၁၃၀၇–ခုနှစ်၊ တော်သလင်းလ (၁၉၄၅–ခု၊ စက်တင်ဘာလ)၌ မိုးကုတ်မြို့မှ ဦးဘိုးလုံး+ဒေါ်ကူးတို့နှင့် ဒေါ်အုံ,ဒေါ်ဖုံတို့မိသားစုများ

မိုးကုတ်မြို့သို့ပြန်ရန် ပြင်ဆင်ကြသည်။ တပါတည်း လိုက်ပါကြွတော်မူရန် ဆရာတော်အား လျှောက်ထားကြပါသည်။ ဆရာတော်က ''ဝါမကျွတ်သေး၊ ဝါကျွတ်မှကြွခဲ့မည်'' ဟုသာ မိန့်တော်မူလိုက်လေသည်။ ဆရာတော်သည် ကျောက်လိုဏ်ဂူကြီးအတွင်း၌ (၄)နှစ်လုံးလုံး ပဋ္ဌိပတ်လုပ်ငန်းကိုသာ အစဉ်တစိုက် ကြိုးပမ်းအားထုတ်တော်မူပါသည်။

၁၃၀၇–ခုနှစ်၊ သီတင်းကျွတ်ပြီးမှ ဆရာတော်သည် ဘော်ပတန်းရွာမှ မိုးကုတ်မြို့ သုသာန်ကျောင်းသို့ ပြန်ကြွတော်မူလာသည်။ သက်တော် (၄၆)နှစ်၊ သိက္ခာတော် (၂၇)ဝါ ရရှိတော်မူပြီးဖြစ်သည်။

တရားပွဲ ကျင်းပတော်မူခြင်း

ဒကာ ဒကာမများက ပုံမှန်အနေအထားသို့ ရောက်ရှိပြီဖြစ်၍ တရားနာလိုကြသဖြင့် မိုးကုတ်မြို့၊ ဂျော့တောင်ရပ်၊ ဒကာကြီး ဦးလယ်+ ဒကာမကြီး ဒေါ်သိုင်းခြုံတို့၏ နေအိမ်၌ ည (၈း၀၀)နာရီမှ (၈း၀၀)နာရီအထိ နေ့စဉ်နေ့တိုင်း တရားပွဲများ ကျင်းပကြပါသည်။ ဆရာတော်က ဝိပဿနာ အလုပ်ပေးတရားတော်ကိုသာ ဟောကြားတော်မူပါသည်။

ရန်ကုန်မြို့ ဗိုလ်တထောင်စေတီ စိန်ဖူးတော် လှူဒါန်းကြခြင်း

၁၃၀၉–ခု (၁၉၄၇)ခုနှစ်က ရန်ကုန်မြို့၊ ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ယင်းစေတီတော်၏ စိန်ဖူးတော် လှူဒါန်းနိုင်ရန် ဆရာတော်ဦးဝိမလက ဦးဆောင်ရပြန်သည်။ ထိုအချိန်၌ သက်တော် (၄၈)နှစ်၊ သိက္ခာတော် (၂၉)ဝါ ရရှိတော်မူပြီဖြစ်သည်။

ယခင်သီဟိုဠ် မဟာစေတီစိန်ဖူးတော် လှူစဉ်ကကဲ့သို့ မိုးကုတ်မြို့မှ ဒကာများကို မိန့်ကြားတော်မူရာ စုပေါင်း၍ ဝိုင်းဝန်းလှူဒါန်းကြပါသည်။ ထိုစိန်ဖူးတော်ကြီးအတွက် မိုးကုတ်မြို့၏ မျက်နှာဖုံးဖြစ်သော ဒေါ်ဒေါ်အုံ, ဒေါ်ဒေါ်ဖုံ သား–ကိုမြင့် မိသားစုက အများဆုံး ပါဝင်လှူဒါန်းကြပါသည်။

ဆရာတော်၏တန်ခိုးကြောင့် ကျောက်သလင်းစိန်ကြီးကို ရရှိကြပါသည်။ ယင်းစိန်ကြီးကို စိန်ဖူးပြုလုပ်ကြပါသည်။

ယင်းစိန်ဖူးတော်မှာ-

= အချင်းထိပ်ဝ = ၅-လက်မ
= လုံးပတ်တော် = ၁၅-လက်မ
= ဉာဏ်တော်အမြင့် = ၁၈-လက်မ
= အလေးချိန် = ၂-ပိဿာ ရှိပါသည်။

ယင်းစိန်ဖူးတော်ကြီးကို မိုးကုတ်မြို့မှ အမရပူရမြို့သို့ အဆင့်ဆင့်ပင့်ဆောင်ကြပြီး မန္တလေးမှ ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပင့်ဆောင်ကြပါသည်။ မင်္ဂလာဒုံလေဆိပ်၌ အသင့်စောင့်ကြိုနေကြသော ဗိုလ်တထောင် စေတီတော် ဂေါပကအဖွဲ့လက်ထဲသို့ လွှဲအပ် လှူဒါန်းကြပါသည်။

အမရပူရသို့ပြန်ကြွလာ

ဆရာတော်သည် ၁၃၀၇-ခုနှစ်မှ ၁၃၁၄-ခုနှစ်အထိ မိုးကုတ်မြို့၌သာ သီတင်းသုံးတော်မူ၍ ဓမ္မသဘင်များကို ဆင်ယင်ကျင်းပတော်မူသည်။ အမရပူရမြို့ ကျောင်းအမကြီး ဒေါ်သက်ရင်၏ တောင့်တချက်အရကြီးကဲသော ဒကာများကမိုးကုတ်မြို့သို့ သွားရောက်၍ ပင့်ဆောင်ကြပါသည်။ သို့ဖြစ်၍ ၁၃၁၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၉၅၂-ခုနှစ်၊ နိုဝင်ဘာလ)အတွင်း အမရပူရမြို့သို့ ဆရာတော် ပြန်လည်ကြွရောက်တော်မူသည်။

အဘိဓမ္မာညဝါများ ပြန်လည်ပို့ချတော်မူ

ဆရာတော်သည် ရှေ့တုံးကလို အဘိဓမ္မာညဝါတွေ ပို့ချပေးမည်-ဟု မိန့်ကြားတော်မူပြီး စာလိုက်သံဃာ ၅၀-ကျော်, ၆၀-ခန့် ရောက်လာကြသည်။ အရပ်ထဲက ဒကာတွေကလည်း နာယူကြသည်။ ကျောင်းအမကြီး ဒေါ်ဒေါ်ဖုံ၏ မိုးကုတ်ကျောင်းကြီး အပေါ်ထပ်၌ ပို့ချ သင်ကြားပေးတော်မူပါသည်။

အဓရပူရ ဝိပဿနာတရားပွဲ

ဆရာတော်သည် လူပုဂ္ဂိုလ်များအတွက် ညနေ (၄)နာရီအချိန်၌ သီးသန့်တရားပွဲ တစ်ပွဲကို ဟောပေးပါသည်။ အဘိဓမ္မာ၏အခြေခံသဘောများကို အောက်ခြေကစပြီး လွယ်လွယ်ဟောတော်မူပါသည်။ တဖြည်းဖြည်း ဝိပဿနာ လုပ်ငန်းခွင်ဝင်လာသည့် ဓမ္မများကိုပါ ဟောကြားတော်မူပေးပါသည်။ ဝိပဿနာ အားထုတ်ပုံ အားထုတ်နည်း, ရှုပုံရှုနည်းများကိုပါ ရောစွက်၍ ဟောပြရာက စပြီး ဝိပဿနာတရားပွဲ ဖြစ်မှန်းမသိ ဖြစ်သွားပါသည်။

ဓမ္မာရုံအလှူရှင်

၁၃၁၄-ခု၊ နှစ်ဟောင်းကုန်၍ ၁၃၁၅-ခု နှစ်သစ်ဘက်သို့ ကူးပြောင်းလာသည့်အခါ တရားနာ ပရိသတ်များ အဆမတန်များပြားလာသည်။ တရားဟောစက တရားနာပရိသတ် (၄၀-၅၀)က စခဲ့ရပါသည်။ ကျောင်းအမကြီး ဒေါ်ဒေါ်ဖုံ၏ ကျောင်းကြီးမဆန့်တော့ပါ။ အမရပူရမြို့ အိုးတော်ရပ်၊ ပိုးကုန်သည် ဦးထွန်းကြည်နှင့် ဇနီး ဒေါ်စောဦးတို့က ဒေါ်ဒေါ်ဖုံလှူဒါန်းထားသည့် ကျောင်းကြီး၏ တောက်ဖက်၌ကပ်လျက် ဓမ္မာရုံကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဓမ္မာရုံအမည်ကို ''**ဓမ္မသုခရိပ်သာ**''ဟု အမည်ပေးထားပါသည်။

တရားဟောရန် အသံခွဲ့စက်လှူဒါန်းကြ

ကျိန်းစက်သည့် ခင္ဒင်ပေါ်၌ထိုင်လျက် ပရိသတ်အများကြားအောင် ဟောနေရသဖြင့် ချွေးတလုံးလုံးဖြင့် ဆရာတော်၏ပင်ပန်းမှုကို တွေ့မြင်နေကြ သဖြင့် ဒကာတွေအားလုံး ညှိနှိုင်းကြပြီး မီးစက်ငှါး၍ အသံခွဲ့စက် တပ်ဆင် လှူဒါန်းကြပါသည်။ အသံတွေ မဖမ်းနိုင်ကြသေးပါ။ ၁၃၁၅-ခုနှစ်၊ တပို့တွဲလ (၁၉၄၅-ခု၊ ဖေဖော်ဝါရီလ)တွင် ရင်းနှီးသော ဒကာ ဒကာမများက ''ဆရာတော် ဟောလာခဲ့သော တရားပွဲပေါင်းများလှပြီ၊ ဟောပြီးသမျှ ပျောက်ကုန်ခဲ့သည်။ ဤမျှ တန်ဖိုးမဖြတ်နိုင်သော သစ္စာလေးပါး တရားတော်များ ဟောပြီးလျှင် ပျောက်သွား၊ နာယူကြသည့်

ပုဂ္ဂိုလ်များဘက်ကလည်း နာပြီးလျှင်ပျောက်သွား၊ ဤနည်းဖြင့် မဖြစ်ထိုက်။ အသံဖမ်းစက်ဖြင့် ဖမ်းယူထားရပါမူ ခဏခဏဖွင့်၍လည်း နာယူနိုင်၏။ ဘယ်အချိန်မဆို ဆရာတော် ရှိနေသလိုလည်း ဖြစ်နိုင်၏ ''ဟု တိုင်ပင်ပြီး တိတ်ရိကော်ဒါကြီး ဝယ်ယူ၍ အသံဖမ်းထားကြပါသည်။

တစ်ခါတွင် အမရပူရမှ ဦးထွန်းတင်အား ဆရာတော်က ''မောင်ထွန်းတင် ရ ယခုလို သိပ်ပံတွေ ထွန်းကားလာပြီးတော့ အသံတွေ ဖမ်းယူနိုင်တယ်ဆိုတာ သုံးတတ်ရင် နိဗ္ဗာန်အထိ ရောက်နိုင်တယ်ကွ၊ မသုံးတတ်ရင်လည်း ဒယ်အိုးထဲ သွားကြမှာဘဲ''ဟု အမိန့်ရှိခဲ့ဖူးပါသည်။

အဘိဓမ္မာညဝါ တာဝန်လွှဲအပ်ခြင်း

ရှေးခေတ်က ပဋ္ဌာန်းကို ကုန်အောင် ၃-နှစ်သင်ရပါသည်၊ ထိုနောက် ၂-နှစ်ခွဲ,၊၂-နှစ်၊ ၁-နှစ်ခွဲ, ၁-နှစ် သင်ယူလာရာက တောင်မြို့ဆရာကြီး ဦးအုန်းတို့ခေတ်၌ ၆-လနှင့်အပြီး သင်ပေးနိုင်သည်၊ ထို့ကြောင့် နာမည်ကြီးခြင်း ဖြစ်ပါသည်။

ထိုမှတစ်ဆင့် 'တောင်မြို့'နည်းကို အခြေခံ၍ ကုံဆတီထွင်လာကြရာ ၅-လ၊ ၄-လ၊ ၃-လ မှ ယခုအခါ ၄၅-ရက်ဖြင့် အပြီးသင်ပေးနေကြပြီဟု သိရပါသည်။

ထို့ကြောင့်ပင် စစ်ပြီးခေတ်၌ မင်္ဂလာတိုက်ထဲတွင် လက်ရှိပို့ချပေးနေသော အဘိဓမ္မာညဝါတွင် စာသင်သား နည်းပါးလာပါသည်။ မိုးကုတ်မှ အပြန် ဆရာတော် ဦးဝိမလကိုယ်တိုင် ပို့ချပေးသောပဋ္ဌာန်း စာဝါသည်ပင် ရှေးကလို ပရိသတ် မများတော့ပါ။

ဤကဲ့သို့သုံးသပ်ပြီးလျှင် ၁၃၁၆-ခု၊ သီတင်းကျွတ်လ(၁၉၅၄-ခု၊ အောက်တိုဘာလ) သင်္ကြာတော် ၅၅-နှစ်၊ သီကျွာတော် ၃၆-ဝါ ရရှိချိန်တွင် အဘိဓမ္မာ ညဝါပို့ချမှုတို့ကို တပည့်ကြီးများဖြစ်ကြသော ဘုန်းကြီးဦးပဏ္ဍိတ၊ ဘုန်းကြီး ဦးဇောတိကကြီးတို့အား လွှဲအပ်လိုက်ပါတော့ပါသည်။ မိမိကိုယ်တိုင်ကား ဝိပဿနာတရား သက်သက်ကိုသာ ဟောတော်မူတော့သည်။

မင်္ဂလာမင်္ဂဇင်ရိပ်သာ

မိုးကုတ်ဝိပဿနာ နာယူကြသောပရိသတ်သည် အမရပူရတွင် မကပဲ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မြစ်ငယ်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ စသည်တို့ကပါ ကားကြီး, ကားငယ်တို့ဖြင့် လာရောက် နာယူကြလေသည်။ ဒေါ်ဒေါ်ဖုံ၏ မိုးကုတ်ကျောင်းကြီး၊ ဦးထွန်းကြည်+ဒေါ်စောဦးတို့၏ ဓမ္မာရုံကြီးများ မဆန့်တော့ပါ။

သို့ဖြစ်၍ ၁၃၁၆-ခု၊ တန်ဆောင်မုန်းလ(၁၉၅၄-ခု၊ နိုဝင်ဘာလ) အတွင်းက မင်္ဂလာတိုက်ဟောင်း၏ အနောက်မြောက်ဖက်၊ မင်္ဂလာတိုက်သစ်၏ မြောက်ဖက် မြေကွက်လပ်ကို မန္တလေးမြို့ ရွှေမြင်းလဘက်ခြောက် ဦးထွန်းလှိုင် အစရှိသော ဒါယကာတို့ စုပေါင်း၍ ဝယ်ယူပြီးလျှင် ဆရာတော် အား လှူဒါန်းကြသည်၊ ထိုအခါဆရာတော်က ယင်းမြေကွက်ပေါ်၌ ပဋိပတ္တိသာသနာ ဝိပဿနာသက်သက် အလုပ်လုပ်နိုင်ရန် ''**မင်္ဂလာမင်္ဂဇင်ရိပ်သာ**''ဟု အမည် ပေးလိုက်ပါသည်။

ညောင်လေးပင်နှင့် ပဲခူးသို့ကြွတော်မူ

ဆရာတော်သည် နှစ်စဉ်နှစ်တိုင်း ညောင်လေးပင်မြို့သို့ကြွ၍ တပေါင်း လဆန်း ၈-ရက်နေ့တိုင်း ၉-နှစ်ဆက်တိုက် အဘိဓမ္မာတရား ဟောနေကျဖြစ်ပါသည်။ စစ်ဖြစ်လာသည့်အတွက် တရားပွဲ မကျင်းပနိုင်တော့ပါ၊ စစ်ပြီး၍ပုံမှန် အနေအထား ဖြစ်နေပြီဖြစ်၍ ၁၃၁၆-ခုနှစ်ကစပြီး ညောင်းလေးပင်းမှ ဒကာများရောက်လာကြပြီး ရှေးတုန်းကလို တရားဟောကြတော်မူရန် ပင့်လျှောက်လာကြပါသည်။

ဆရာတော်သည် ၁၃၁၆-ခုနှစ်၊ တပေါင်းလ(၁၉၅၅-ခု၊မတ်လ) တွင် ညောင်လေးပင်သို့ ကြွရောက်၍ ပြည်လုံးချမ်းသာ စေတီတော်ရင်ပြင်၌ တရားဟောတော်မူပြီး အစ်မ,လေး သီလရှင်ဒေါ်သုစာရီ ခေါ် ဒေါ်ကိုတို့ ရှိရာ ပဲခူးမြို့၊ လိပ်ကြာကန်ရပ်ကွက်သို့ ကြွရောက်၍ ဒေါ်သုစာရီနှင့် အခြားကျောင်းမှ ဒေါ်ပုညတို့အား တစ်နေ့ ၂-ကြိမ်၊ ၁၅-ရက် တရားဟော၍ ကျေးဇူးဆပ်ခဲ့ပါသည်။

လေနှိုးရောဂါ ခွဲကပ်ခြင်း

၁၃၁၇-ခုနှစ်တွင် ကျန်းမာရေး ဂရုစိုက်နေသည့်အကြားမှာ သက်တော် ၅၆-နှစ်တွင် လေနှိုးရောဂါ စွဲကပ်ခဲ့ပါသည်။ တရားဟောမှုခေတ္တ ရပ်နားထားရပါသည်။ ဆရာဝန်ကြီးများက ဂရုတစိုက်ကုသပေးကြပါသည်။ အစစ အရာရာ အဆင်ပြေစေရန် မန္တလေးဝါးတန်းစခန်းသာ ပွဲရုံပိုင်ရှင် ဦးချစ်ဆွေ+ ဒေါ်မမတို့က အမရပူရမှ မန္တလေးနန်းမြို့ရိုးတောင်ဖက် ရွှေလှံရပ်နေအိမ်သို့ ဆရာတော်အား ပင့်ဆောင်ပြီး အိမ်ဦးခန်းဆင်ဝင်ဆောင်ကြီးကို ကျောင်းအဖြစ်သိတင်းသုံးရန် လှူဒါန်းကြပါသည်။ ညအိပ်ချိန်များတွင် ဆရာတော်ကြီးအတွက် ဝိနည်းနှင့် မဆန့်ကျင်စေရန် အိမ်ရှင်တို့က အိမ်ခြံကြီးဘေးတွင် ကပ်လျက်ဆောက်ထားသော ဂိုဒေါင်တန်းလျားသို့ သွား၍အိပ်ကြပါသည်။

ကျန်းမာရေး ကောင်းမွန်လာသည့်အခါ တရားဝမ္မများ ဟောကြားတော်မူပါသည်။ မန္တလေး၌ အမြဲတရားပွဲများ ချီးမြှင့်ပေးရန် လျှောက်ထားကြသဖြင့်-

(က) မိုးတွင်း ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ အမရပူရမြို့မှာ (၄)လ၊

(ခ) ဆောင်းတွင်း တန်ဆောင်းမုန်းလပြည့်ကျော်(၁)ရက်နေ့မှ တပေါင်းလပြည့်အထိ မန္တလေးမြို့ ဦးချစ်ဆွေ+ဒေါ်မမတို့နေအိမ်၌(၄)လ၊

(ဂ) နွေပိုင်း တပေါင်းလပြည့်ကျော် ၁-ရက်မှ ဝါဆိုလပြည့်နေ့အထိ မိုးကုတ်မြို့၌ ၄-လဟူ၍ တရားဟောပေးဖို့ရန် အချိန် ကာလကိုသတ်မှတ်ပေးတော်မူလိုက်ပါသည်။

မိုးကုတ်မြို့ မဂ်လာတိုက်

မိုးကုတ်မြို့ မြို့မရပ် ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ဖုံ မိသားစုတို့သည် ဆရာတော် သီတင်းသုံးရန်အတွက် ၁၂၉၇-ခုနှစ်က အမရပူရ မဂ်လာတိုက်ဟောင်းအတွင်း၌ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်း

ခဲ့ပါသည်။ ၁၃၁၆-ခုနှစ်တွင် ဆရာတော်သီတင်းသုံးရန် ထင်းရှူးခြံရပ် ဖောင်တော်ဦးဘုရားအနီး၌ တိုက်ကျောင်းကြီး တစ်ဆောင်ကို ဆောက်လုပ်ပြီး ၁၃၁၇-ခုနှစ်တွင် လှူဒါန်းကြ ပါသည်။ ထိုကျောင်းကြီး၏အထက်ပိုင်းတောင်ကမ်းပါယံတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ဦးအောင်ကျော် ဇနီးဒေါ်ဒေါ်စိန်တို့ ကောင်းမှုဖြစ်သော သိမ်ကိုလည်း ဆရာတော်ကိုယ်တိုင် ဦးစီးသမုတ်ခဲ့ပါသည်။

ကျောင်းအမကြီး အမေဖုံ၏သား-ဦးမြင့်ဇနီးဒေါ်သန်းသန်းတို့က မီးစက်ကြီးတစ်လုံးနှင့် အသံချဲ့စက် တစ်လုံးဝယ်ယူ၍ လှူဒါန်းကြပါသည်။ မိုးကုတ်၊ မန္တလေး၊ အမရပူရတို့၌ တရားဟောသမျှတွင်လည်း ဤအသံချဲ့စက်ကိုပင် အသုံးပြုသဖြင့် ကျေးဇူးများလှပါသည်။ ကိုမြင့်နှင့် အမရပူရမှ လိုက်ပါလာသော ဦးအေးမောင်တို့သည် ဆရာတော် စိတ်ချမ်းသာအောင် ဝေယျာဝစ္စ ပြုလုပ်တတ်ကြသည်။

၁၃၁၇-ခု၊တပေါင်းလ(၁၉၅၆-ခု၊မတ်လ)သို့ ရောက်သောအခါ ညောင်လေးပင်မြို့ ပြည်လုံးချမ်းသာ စေတီတော်ရင်ပြင် မြို့မမီးသတ်ကွင်းကြီး၌ ၁၆-ရက်တိုင်တိုင် တရားဟောပြတော်မူခဲ့ပါသည်။

အမရပူရမင်္ဂလာမဂ္ဂင်ရိပ်သာ ဓမ္မာရုံအလှူရှင်

၁၃၁၇-ခုနှစ်၌ မန္တလေးမြို့မှ ဦးချစ်ဆွေ+ဒေါ်မမတို့က အမရပူရ မင်္ဂလာ မဂ္ဂင်ရိပ်သာ၌ သံဝေဇနိယဌာန ဓမ္မာရုံတော်ကြီးကို ဆောက်လုပ်လှူဒါန်းကြ ပါသည်။

စင်္ကြန်ကျောင်းအလှူရှင်

၁၃၁၈-ခုနှစ်၊ အမရပူရ မင်္ဂလာတိုက်ဟောင်း၌ အလျား ပေ ၁၀၀, အနံ ၁၂-ပေ၊ ဝရံတာအကာနှင့် အလယ်ခေါင်တွင် နားခိုစရာ အပန်းဖြေစရာ အခန်းတစ်ခုပါရှိသော စင်္ကြန်ကျောင်းဆောင်ကို မန္တလေးမြို့ ကိုင်းတန်းရပ် ဦးပေါက်ကျော်+ဒေါ်ဒေါ်စီတို့က ဆောက်လုပ် လှူဒါန်းကြ ပါသည်။

ထေရာသနကျောင်းတော်

မန္တလေးမြို့၊ ဦးကျော်သိန်းဇနီး ဒေါ်တင်လှတို့သည် ၁၃၈-ခုနှစ်က စတင်၍ ဆရာတော် သီတင်းသုံးရန် ကျောင်းဆောက်လုပ်ကြသည်။ ၁၃၉-ခုနှစ်တွင် ကျောင်းပြီးသော်လည်း အလှူမခံသေးပဲ တစ်ဝါတွင်းလုံး တရားအား ထုတ်ခိုင်းထားသည်။ ၁၃၂၀-ခုနှစ်၊ ပြာသိုလပြည့် (၁၉၅၉-ခု၊ ဇန်နဝါရီလ ၂၃-ရက်)နေ့တွင် သံဃာတော်(၂၀၀)အား လှူဖွယ်ဝတ္ထုများနှင့် ဆွမ်းကပ်ပြီး ရောက်လာသော ပရိသတ်တို့အား တရားဟောပြီးမှ ''ထေရာသနကျောင်းဆောင်'' လှူဒါန်းခြင်းကိစ္စအတွက် ရေစက်ချပေးသည်။ ''ဒုက္ခသစ္စာကို သိအောင်လုပ်ပြီးမှ လှူပါ'' ဟု အလှူရှင်များ သဘောပေါက်ကြပါသည်။

ဒေသနာအထောက်အကူပြု ကွမ်းသီးလုံးများ

ဆရာတော်ဘုရားသည် တရားဟောရာ၌ တရားဟောပလ္လင်သီးခြား မရှိပါ၊ ကျိန်းစက်သည့် ကုတင်ပေါ်တွင်ထိုင်လျက် ဟောတော်မူပါသည်။ ကွမ်းသီးလုံးကလေး (၁၂)လုံးကို ချပြု၍ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာကို အများနားလည်အောင် ဟောတော်မူပါသည်။

ကွမ်းသီးတစ်လုံးမှ ပလပ်စတစ်ခွက်သို့

ထိုသို့ ကွမ်းသီးလုံးလေးများဖြင့် ဟောတော်မူသည်မှာ- ၁၃၂၂-ခု၊ တန်ဆောင်မုန်းလ (၁၉၆၀-ခု၊ နိုဝင်ဘာလ) ရန်ကုန်မြို့မှ ဦးသံဒိုင်နှင့်ဦးထွန်းရင်တို့ ရောက်လာကြသည့် အချိန်တိုင်အောင်ပင် ဖြစ်ပါသည်။

တရားဟောပလ္လင် လှူဒါန်းကြ

ပရိသတ်ထဲက ဒကာများက တရားဟောပလ္လင် သီးသန့်ရှိသင့်ကြောင်း၊ ကွမ်းသီးကလေးများ ချပြဖို့ရာ ရှေ့မှာ စားပွဲရှိသင့်ကြောင်း ဆွေးနွေးကြပြီး စီစဉ်ကြပါသည်။ တရားဟောပလ္လင်ဆိုသော်လည်း အများသုံးနေကြသည့် မြန်မာမှုများဖြင့် ခြယ်ထားသည့် ပလ္လင်မျိုး မဟုတ်ပါ။ စားပွဲပေါ်မှ ကွမ်းသီးလေးများကို ပရိသတ်မြင်နိုင်အောင် စီစဉ်ပြနိုင်သည့် ထိုင်ခုံဖြစ်ပါသည်။ ထိုအခါကျမှ အစစ အရာရာ အဆင်ပြေလာပါသည်။

ဦးသံဒိုင်နှင့်အတူ ပါလာသော ဦးထွန်းရင်က သေသေချာချာ စေ့စေ့စပ်စပ် ကြည့်ရှု၍ နာယူပါသည်။ ရန်ကုန်မြို့တွင် ပန်းချီဘလောက်၊ ဒီဇိုင်းလုပ်ငန်းပိုင်ရှင် တစ်ဦးဖြစ်သောကြောင့် ပန်းချီမျက်စိဖြင့် ကြည့်ရှုပြီး ဆရာတော်ဘုရားကြီးနှင့် ရင်းနှီးလာသောအခါ အကျိုးအကြောင်း လျှောက်ထားပြီး မျက်နှာဝ အချင်းတစ် လက်မခွဲခန့် အမြင့် ၂–လက်မခန့်ရှိ အရောင်မျိုးစုံ ပြောင်ပြောင်လက်လက်နှင့် မျက်စိပသာဒ ရှိသော ပလတ်စတစ် ခွက်ငယ်ကလေး များကို စျေးသို့သွားဝယ်ပြီး ဆရာတော်အား ဆက်ကပ်လိုက်ပါသည်။ ကိစ္စပြီး၍ သိမ်းထားလျှင်လည်း နေရာမကျယ်တော့ပါ။ ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်ပြရာ၌ ကွမ်းသီးလုံး ကလေးများက ပလတ်စတစ်ခွက်ငယ်သို့ ပြောင်းလဲလာပါသည်။

စက်ဝိုင်းကြီးပေါ်လာ

ဦးထွန်းရင်၏ ပဋိစ္စသမုပ္ပါဒ်လည်ပုံ, ပြတ်ပုံနှင့်စပ်၍ လျှောက်ထားချက်အရ စာရွက်ငယ်ပေါ်၌ သပ်သပ်ရပ်ရပ် ဝိုင်းထားသော စက်ဝိုင်းကလေးအတွင်း၌ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ပါး၊ သူ့နေရာနှင့်သူ အကန့်အကန့်ခြား၍ ထည့်သွင်းပြထားပြီး သစ္စာအားဖြင့်လည်းကောင်း၊ အလွှာအားဖြင့်လည်းကောင်း၊ ကာလအားဖြင့် လည်းကောင်း၊ အစပ်အားဖြင့်လည်းကောင်း၊ ဝဋ်အားဖြင့်လည်းကောင်း၊ အခြင်းအရာအားဖြင့် လည်းကောင်း၊ ခွဲခြားစိတ်ဖြာ၍ စီစဉ်ထားသော စက်ဝိုင်း ကလေးကို ဦးထွန်းရင်အား ပေးအပ် ချီးမြှင့်တော်မူပါသည်။

ဦးထွန်းရင်က သုံးထပ်သားပေါ်၌ ပုံကြီးချဲ့ကာ ဆရာတော်ညွှန်ပြသည့် အတိုင်းစက်ဝိုင်းကြီး ရေးလိုက်ပါသည်။ ထိုအခါမှစ၍ ဆရာတော်၏ဘေးဌ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီး ပေါ်လာပါသည်။ ပို၍စိတ်ဝင်စားပြီး နားလည် လာကြပါသည်။

၁၃၂၂–ခု၊ တပေါင်းလဆန်း၁၄–ရက်(၁၉၆၁–ခု၊ဖေဖော်ဝါရီလ ၂၇–ရက်)နေ့တွင်ဟောသော တရားပွဲ၌ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးကို ဆရာတော်ကြီး ထောက်ပြနေပြီ၊ ထိုအချိန်မှစတင်၍ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို အသုံးပြု၍ တရားဟောတော်မူပါသည်။

နောက်ပိုင်းတွင် ဝေးတဲ့သူများ မြင်ရအောင် ကိုယ့်အိမ်မှာကိုယ် ပြန်၍ လေ့လာနိုင်အောင် ရည်ရွယ်၍ စက္ကူစက်ဝိုင်းအသေးစားများကို စီစဉ်ရိုက်နှိပ် ဖြန့်ဝေပေးရာ တစ်နိုင်ငံလုံး ပျံနှံ့သွားပါသည်။

ဒုတိယအကြိမ် ကျန်းမာရေးထိခိုက်ပြန်

၁၃၂၂-ခု ဆောင်းတွင်း၌ မန္တလေး ဦးချက်ဆွေ+ဒေါ်မမတို့ နေအိမ် စံကျောင်း၌ အအေးမိသဖြင့် တရားပွဲ ခေတ္တနားပြီး ဆရာဝန်ကြီးများ, မြန်မာအနှိပ်သမား, အကြောပြင်ဆရာများဖြင့် ပြုပြင်နေရပြန်သည်။

၁၃၂၂-ခု၊ တပို့တွဲလပြည့်(၁၉၆၀၊ ဇန်နဝါရီလ-၃၀-ရက်)နေ့တွင် ကျန်းမာရေး ကောင်းလာသဖြင့် တရားပွဲများကို ပြန်လည် ချီးမြှင့်တော် မူပါသည်။ ပရိသတ်ငါးထောင်ကျော်, ခြောက်ထောင်ခန့် ရှိလာပါသည်၊ တရားပွဲအပြီးတွင် တရားနာပရိသတ်အား အခမဲ့ နိဗ္ဗာန်ကူးတို့ပို့ ကားများဖြင့် ကုသိုလ်ယူကြသူများလည်း ရှိလာပါသည်။

၁၃၂၂-ခု၊ တန်ခူးလပြည့်ကျော် ၂-ရက် (၁၉၆၁-ခု၊ ဧပြီလ ၁-ရက်)နေ့ အအေးမိသဖြင့် လေငန်း ရောဂါစွဲကပ်ခြင်းကြောင့် ရန်ကုန်မှ ဦးအောင်ဇံဝေ၊ ဦးသံဒိုင်တို့သည် မန္တလေးမှ ဦးချစ်ဆွေနှင့် တိုင်ပင်ပြီး ဒေါက်တာဆိုနီ၊ လက်နှိပ်ဆရာကြီး ဦးထူးတို့ကိုပင့်၍ ကုသကြပါသည်။ ဆရာဝန်ကြီးများက တရားဟော ရပ်ထားရန် လျှောက်ထားသော်လည်း တရားပွဲတွေ ဆက်လက်ကျင်းပ ဟောတော်မူ နေတော့သည်သာ။

ကိုယ့်ကိုယ်ကို မုန်းတာကြာပြီ (သို့မဟုတ်)

လောကခံကြောင့် မတုန်လှုပ်ပုံ

ဆရာတော်ဘုရားကြီး၏ ပွင့်ပွင့်လင်းလင်း တရားဟောမှုနှင့် ပတ်သက်၍ သဘောမကျသူ တချို့ ရှိနေသဖြင့် ရင်းနှီးသောဒကာများက ''အရှင်ဘုရားကို ကြည့်ကြမလို့တဲ့ သတိပြုတော်မူပါ''ဟု လျှောက်ထားကြ လေသည်။ ဆရာတော်ဘုရားက ''သူတို့က အခုမှ ကျုပ်ကိုကြည့်ကြတာ၊ ကျုပ်က ကျုပ်ကို ကျုပ် ကြည့်တာကြာလှပြီဟု'' မျက်နှာမပျက် အေးအေးပင် ဝိုင့်တော်မူသည်။

ကျောင်းအမကြီး ဒေါ်ဒေါ်ဖုံကလည်း ''အရှင်ဘုရားကို မုန်းနေကြတယ်''ဟု လျှောက်ထားရာ ဆရာတော်က ''ကျုပ်ကို မုန်းကြသတဲ့လား၊ သူတို့က အခုမှမုန်းကြတာပါ၊ကျုပ်ကကျုပ်ကိုကျုပ် မုန်းနေတာကြာပြီ''ဟု အေးအေး ဆေးဆေးပင် ပြန်၍ မိန့်တော်မူပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ခံယူတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ရင်းနှီးသောဒကာကြီးများ၏ တောင်းပန် လျှောက်ထားချက်အရ– တော်လှန်ရေးအစိုးရ ဆက်ဂပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်အလှူခံရန် ၁၃၂၄-ခု၊ ဝါဆိုလဆန်း ၅-ရက်(၁၉၆၂-ခု၊ဇူလိုင်လ ၆-ရက်)နေ့ ညနေတွင် ကြည်ညိုသော ဒကာ,ဒကာမတို့ စီစဉ်ကြသော သီးသန့်ရထားတွဲလုံးဖြင့် မန္တလေးမြို့မှ ရန်ကုန်မြို့တော်သို့ ကြွတော်မူလာပါသည်။ အဆင့်ဆင့် ကြားသိကြသဖြင့် ရထားရပ်သည့် ဘူတာတိုင်း ဒကာ,ဒကာမများ များစွာ လာရောက် ပူဇော်ကြပါသည်။ ပန်းများဖြင့် ပူဇော်ကြသဖြင့် ပန်းရထားကြီး ဖြစ်ခဲ့ပါသည်။ ဒကာ, ဒကာမတို့အား သြဝါဒကထာကိုလည်း မိန့်ကြားတော် မူပါသည်။

ရန်ကုန်ဘူတာကြီး၌ အထူးအစီအစဉ်ဖြင့် မီးရထားမှပင့်ဆောင်သည့် ကားပေါ်အထိ မြေကြီးပေါ်၌ ခြေတော်မချရအောင် ဗန်းမော်တာဘက် အကောင်းစား အမွှေးစုတ်ဖွားကြီးများကို အပြည့်ခင်း၍ ပရိသတ် (၆၀၀၀)ခန့် ကြိုဆို ပူဇော်ကြပါသည်။

ရန်ကုန်ဓမ္မသဘင်

ဆရာတော်ဘုရားကြီးသည် ဦးသံဒိုင်+ဒေါ်တင်တင်တို့၏ တိုက်အိမ် (ယာယီစံကျောင်းတော်)၌ နံနက်ပိုင်း ၇-နာရီမှာ-နာရီ၊ ညပိုင်း ၇-နာရီမှာ-နာရီ တစ်နေ့ ၂-ကြိမ် တရားဟောပေးမည်ဟု သတ်မှတ်ထားသော်လည်း ပရိသတ်က မစဲသဖြင့် တစ်နေ့လုံး တရားပြခြင်း၊ ပြဿနာ မေးလျှောက်သည်များကို ဖြေရှင်းပေးခြင်းတို့ဖြင့် အချိန်ပြည့် ဓမ္မသဘင် ဆင်ယင်ဟောကြားတော်မူပါသည်။

ရန်ကုန်မြို့၌ ဂ-ရက်လုံးလုံး တရားပွဲကြီး ချီးမြှင့်တော်မူခဲ့ပါသည်။ (၁၄ ဂ ၆၂)နေ့၌ မန္တလေးမြို့တော် သို့ပြန်ကြွတော်မူရာ ၁၃၂၄-ခု၊ ဝါဆိုလဆန်း ၁၄-ရက် (၁၅ ဂ ၆၂)နေ့လည်တွင် မန္တလေးဘူတာကြီးသို့ ရထားဆိုက်တော်မူပါသည်။

မော်တော်ယာဉ် လှူဒါန်းခြင်း

ဆရာတော်ဘုရားကြီးသည် ကျန်းမာရေးကို ဂရုစိုက်တော်မူပါသည်။ ညနေတိုင်း အပြင်သို့ထွက်၍ လမ်းလျှောက်တော်မူပါသည်။ ယင်းကိစ္စအတွက် အမရပူရမြို့ အိုးတော်ရပ် ရက်ကန်းပိုင်ရှင် ဦးဘတုတ်+ ဒေါ်ခင်ငြိမ်းတို့က ကားကလေးတစ်စီး ဝယ်ယူပြီး ဆရာတော်အား လှူဒါန်းကြပါသည်။ ဆရာတော်က လက်မခံပဲ ပြန်၍ စွန့်လိုက်ပါသည်။ လိုအပ်သည့်အခါတွင်မှ ခေါ်၍ အသုံးပြုတော်မူပါသည်။

တွယ်တာကပ်ငြိမှုမထား

ဆရာတော်၏ အလေ့အထမှာ ဝါပကာလတွင် လာရောက်လှူကြသော အဖိုးတန် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် စသည့်တို့ကို နှစ်စဉ်နှစ်တိုင်း ဝါဆိုဦးဝါကပ်ချိန်တွင် မင်္ဂလာတိုက်သံဃာတော်များနှင့် အခြားကျောင်းတိုက်မှ လေးစားဖွယ်ရှိသော ထေရ်ကြီး, ဝါကြီးအရှင်မြတ်တို့အား တစ်ခုမကျန် အကုန်မဲချ၍ လှူဒါန်းတော်မူပါသည်။

ဝါတွင်းကာလ လှူဒါန်းကြသော သင်္ကန်းအစရှိသော ပစ္စည်းတို့ကိုလည်း ဝါကျွတ်ကထိန်ပွဲတွင် အထက်ပါအတိုင်းတစ်ခုမကျန် လှူဒါန်းတော်မူပါသည်။ ဤသို့လျှင် ပစ္စည်းပစ္စယနှင့် ကျောင်းကန် အဆောက်အအုံတို့အပေါ်၌ တွယ်တာကပ်ငြိမှု လုံးမထားတော့ပါ။

ခန္ဓာချုပ်မည့်နေ့ကို ကြိုတင်သိတော်မူ

ဆရာတော်ဘုရားကြီးသည် ၁၃၂၄-ခုနှစ်တော်သလင်း လဆန်းပိုင်းမှစ၍ ဝေယျာဝစ္စလုပ်ငန်းများ ဆောင်ရွက်ပေးနေသူ ဦးဘတုပ်နှင့်

ကျောင်းဒါယကာ ဦးကျော်သိန်းတို့အား ပရိယာယ်ဖြင့် လုပ်ငန်းများပြီးစီးရေးအတွက် ဘဝနေဝင်ချိန်ကို ကြိုတင် အသိပေးတော်မူခဲ့ပါသည်။

၁၃၂၄-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နေ့ သားရှင်ပြု, ၄-ရက်နေ့ ကထိန်အလှူရှင်များ ဖြစ်ကြသော မိုးကုတ်မြို့မှ ဦးချစ်လှ+ဒေါ်ဆောင်းတို့ အလှူကိုလည်း ၁၃၂၄-ခု၊သီတင်းကျွတ်လပြည့် ကျော်၂-ရက်နေ့၊ နေ့လယ်တွင် အကြိုရေစက်ချတရား ချီးမြှင့်ပေးတော်မူပါသည်။

သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နေ့ နေ့လယ်တွင်လည်း ရှင်ပြုအလှူနှင့် ကထိန်အလှူကို ထပ်မံ၍ ဟောပြော ရေစက်ချပေးပါသည်။

ညပိုင်းဝတ်ဖြည့်ပေးကြသော ဦးလှဘူး၊ ဦးကြည်၊ ဦးချစ်စိန်၊ဦးတင်၊ ကိုတင်ငွေတို့ကိုလည်း "နက်ဖန် အရေးကြီးတယ် လာခဲ့ကြ၊ ကိစ္စဘယ်လောက် အရေးကြီးကြီး ထားခဲ့ပြီး အားလုံးလာခဲ့ကြ"ဟု မိန့်ကြားတော်မူပါသည်။

ဘဝနောက်ဆုံးနေ့ (သီတင်းကျွတ်လဆုတ် ၄-ရက်နေ့)

နံနက်ပိုင်း၌ ကျောင်းဒကာ ဦးကျော်သိန်း+ဒေါ်တင်လှတို့အား တရားနာဖို့၊ တရားရှုဖို့ သတိပေး မိန့်ကြားတော်မူပါသည်။

ဆရာတော်သည် မင်္ဂလာမဂ္ဂင်ရိပ်သာမှ တစ်ဖာလုံဝေးသောမင်္ဂလာတိုက်ဟောင်းသို့ နံနက်-၆နာရီတွင် သံဃာတော်များအား ဆွမ်းကပ်နေသော ဆွမ်းပွဲများသို့ ကြွရောက်ကြည့်ရှုပြီး ဟင်းနည်းနေသော ဆွမ်းပွဲ၌ ဝေယျာဝစ္စ ပြုလုပ်သူထံမှ ဟင်းချိုင့်ကိုယူပြီး ကိုယ်တိုင် ထည့်ပေးပါသည်။ မိမိနှင့် ရင်းနှီး၍ ကြည်ညိုလေးစားသော ဆရာတော်များပွဲသို့ ကြွရောက်၍ ညှဉ်ခံတော်မူပါသည်။

နောက်ဆုံးနှုတ်ဆက်

ဆရာတော်သည် လဘက်ရည်ပွဲမှ ထခါနီးတွင် ငယ်စဉ်မှစ၍ အစ်ကိုကြီး ပမာ တစ်ဘဝလုံး ဆုံးမ သွန်သင်လာခဲ့သော အောင်ခြင်းရှစ်ပါး ဆရာတော် ဘုရားကြီး ဦးနာဂဝံသ၏ ခြေဖမိုးကို နဖူးဖြင့်တိုက်ပြီး ပျပ်ပျပ်

ဝပ်ဝပ် ကန်တော့ပါသည်။ ပါးစပ်မှလည်း ''အရှင်ဘုရားကို အခုလို ကန်တော့ခြင်းဟာ တပည့်တော်တို့အတွက် နောက်ဆုံးကန်တော့ခြင်း ဖြစ်ပါလိမ့်မည်ဘုရား''ဟု လျှောက်ထားပါသေးသည်။

မင်္ဂလာတိုက်ဟောင်း မိုးကုတ်ကျောင်းကြီးပေါ်တွင် ဆွမ်းဘဉ်း ပေးပြီး ပြန်ကြွမည့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းရာ၌ လေးစားအပ်သော ဆရာတော်ကြီးများအား လက်အုပ်ချီ ဦးညွှတ်လိုက်ပြီးမှ ကျောင်းပေါ်ကကျောင်းအောက် မော်တော်ကားအနီးသို့ ရောက်အောင် နှုတ်ဆက် လိုက်ပို့တော်မူပါသည်။

ကိုအေးမောင်ကိုခေါ်၍ နေ့လည် (၁၂)နာရီ ကထိန်တရားပွဲအတွက် အသံချဲ့စက်များ ပြင်ဆင်စမ်းသပ်ရန် စီစဉ်မိန့်ကြားတော်မူသည်။

နံနက်(၁၁)နာရီတွင် ကျောင်းအမ ဒေါ်တင်လှနှင့် ဒေါ်ကုမာရီတို့ ကပ်လှူသော ကော်ဖီကို ဘဉ်းပေးတော်မူပြီး ''ငါလို ခံနိုင်ရည်ရှိအောင် တရားကို နာနာအားထုတ်ထားကြ''ဟု မိန့်ကြားတော်မူပါသည်။

ကျောင်းဒကာ ဦးကျော်သိန်းကို ခေါ်ယူ၍ ''တရားကို ဆက်လက် အား ထုတ်ရန် မိန့်ကြားတော်မူပြီး ဦးကျော်သိန်း၏ လျှောက်ထားချက်အရ တယ် နေမကောင်းဘူး''ဟု မိန့်တော်မူပါသည်။

(၁၁း၃၀)တွင် စွပ်ပြုတ် ဘဉ်းပေးတော်မူပြီး ကျောင်းအမ ဒေါ်တင်လှနှင့် ယောဂီတစ်စုအား တရားနှင့်စပ်သော သြဝါဒစကား မိန့်ကြား တော်မူစဉ် ''ဖိစီး နှိပ်စက်သော ဝေဒနာ ရုတ်တရက်ပေါ်လာပါသည်၊ ဦးသန်းမောင်အား ဝမ်းချုပေးရန်မိန့်ပြီး ကုဋီခန်းသို့ တစ်ပါးတည်း ဝင်တော်မူသည်။ နံဘေးမှ ထိန်းရန်လည်း မလိုပါ။ အသံလည်း မပျက်ပါ။

နေ့လည်(၁၂း၃၀)နာရီ မန္တလေးမှ ပင့်လာသောဆရာဝန်ကြီး ဒေါက်တာဆိုနီ ရောက်လာပါသည်၊ ရောက်လျှင်ရောက်ချင်း ရောဂါ အခြေအနေကို စမ်းသပ်၍ လိုအပ်သော ဆေးများကို ထိုးပေးပါသည်။ ဒေါက်တာဆိုနီက ပင့်ခိုင်းသဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဆရာဝန်ကြီး ဦးစောမြအောင်လည်း ပစ္စည်းကိရိယာ, ဆေးပစ္စည်း အစုံအလင်ဖြင့်ရောက်လာပြီး ဒေါက်တာဆိုနီနှင့် တိုင်ပင်၍ ဆေးကုသ

ပေးကြပါသည်။ အနီးဥ်ရောက်ရှိနေကြသော ပရိသတ်အား ''ခန္ဓာရတဲ့ သူတိုင်း ခံစားရတဲ့ဝေဒနာကို ကြည့်ထားလိုက်ကြ''ဟု မိန့်တော်မူပါသည်။

အနီးအနားရှိ စာချဘုန်းကြီး ဦးပဏ္ဍိအား တရားဟော၍ ဦးကုဏ္ဍလအား ရေစက်ချရန် တာဝန်ပေး စေလွှတ်လိုက်ပါသည်။

မိုးကုတ်မှ ရောက်ရှိလာသော ဦးအောင်ချိအား နှုတ်ဆက်တော်မူပြီး အနည်းငယ် ငြိမ်သက်နေရာ ''ကဲနောက်ထပ်ဆေးထိုးပေးစရာ ရှိသေးလျှင် မြန်မြန်ထိုးပေးကြ၊ အချိန်မရှိဘူး၊ ဆရာဝန်ကြီးတို့ ဆေးတွေလဲ ဘာမျှ တတ်နိုင်မှာ မဟုတ်ပါဘူး''ဟု မိန့်တော်မူပြီး ဦးချစ်ဆွေနှင့်ဒေါ်မမတို့အား ''မောင်ချစ်ဆွေ ဒီတခါတော့ မရတော့ဘူးကွဲ့၊ ဟဲ့မမ ကြည့်ထား၊ ခန္ဓာရတဲ့သူတိုင်း ဒီလိုပဲ ဝေဒနာနဲ့တွေ့ရမယ်''ဟု မိန့်တော်မူပါသည်။

ထိုနောက် အနီးဥ်ပိုင်းအုံ လက်အုပ်ချီကန်တော့နေကြသော ရဟန်း သံဃာတော်များနှင့် ဒကာ, ဒကာမတို့အား---

''ခန္ဓာရှိသူတိုင်း ခံစားရမည့် ဝေဒနာတွေကို ကျော်လွန်အောင် (ဝေဒနာဖြစ်ပျက် တို့ရဲ့ အဆုံးကိုတွေ့အောင်) ရှုကြ၊ မမေ့မလျော့နေရစ်ကြ''ဟု ဩဝါဒပေးတော်မူပြီးနောက် လက်ျာဘက် နံစောင်းဖြင့် စောင်းလျက် သီတင်းသုံးတော်မူပြီး တရားကို နှလုံးသွင်း ဆင်ခြင်တော်မူပါသည်။

ဆရာတော်ဘုရား၏ ထွက်သက်၊ ဝင်သက်တို့သည် တဖြည်းဖြည်း နူးညံ့ သိမ်မွေ့သွားပါသည်၊ ခန္ဓာကိုယ် လှုပ်ရှားမှုသည်လည်း ညင်းသာ သွားသည်။ ဤသို့လျှင် တဖြည်းဖြည်း တရွေ့ရွေ့နှင့် နူးညံ့နူးညံ့ သိမ်မွေ့သွားရာမှ နောက်ဆုံးတွင် လုံးဝလှုပ်ရှားမှု မရှိတော့ပဲ ငြိမ်သက် ငြိမ်းအေးသွားတော်မူပါသည်။

အချိန်ကား= နေမွန်းလွဲ(၁)နာရီ မိနစ်(၂၀)ရှိလေပြီ။

တစ်ဘဝတာထူးခြားချက် အံ့သြဖွယ် ဖြစ်ရပ်များ

၁။ ကိုရင်ဝိမလာဘ-နှစ်သား အရွယ်က ညီငယ် မောင်ဘရင်နှင့်အတူ လှေငယ်တစ်စီးဖြင့် ရွာတောင်ဘက်က ဒုဋ္ဌဝတီမြစ်အတွင်းရှိ ရေဝဲကတော့ကြီး၏ နယ်နိမိတ်အတွင်း ချင်းနင်း ဝင်ဇရောက်ခဲ့သော်လည်း ဘေးမသီရန်မခ သေရမည့်အန္တရာယ်က လွတ်မြောက်ခဲ့ပါသည်။

၂။ ကိုရင်ဝိမလ ၁၂-နှစ်သားအရွယ်က သင်္ဘောတန်းပေါ် လှမ်းထားသည့် သင်္ဘောကိုလာ၍ ပျားစွဲပါသည်။ ထိုစဉ် ဆရာတော်ကြီး အရှင်ဇာဂရမထေရ်က "အေး ... မောင်ဝိမလလေးဟာ မခေဘူးကွယ်၊ ဘုန်းကံကြီးမားလိမ့်မယ်၊ ပျားတွေ ဝိုင်းအုံကြသလို သူ့ကို ပရိသတ်တွေက ဝိုင်းအုံ မှီခိုကြမယ့် နိမိတ်တွေပဲကွယ့်" ဟု မိန့်ကြား တော်မူခဲ့ပါသည်။ (၄၂)

၃။ ရဟန်းခံပြီးသိမ်မှအထွက် ချွေးစိုနေသောသင်္ဘောသားကို မကုဋ္ဌကျောင်း သင်္ဘောတန်းဝါးလုံး ပေါ်၌ လွှားထားလိုက်ပြီးချိန်၌ ပျားကောင်ပေါင်းများစွာ သိုက်ဖွဲ့အုံကာ ဒုတိယအကြိမ် စွဲလာပါသည်။ ထိုအခါစာချဘုန်းတော်ကြီး ဦးနာဂဝံသက "အခုလို ပျားစွဲတာဟာ ကောင်းတဲ့ လက္ခဏာပါပဲ၊ အခုဘဝမှာပဲ တရားထူးရမယ်၊ ကိစ္စပြီးစီးအောင်မြင်မယ်၊ ပြီးတော့ သူဟာ ကြားမည့် တရားထူး အမြိုက်ရည်၊ အချိုအပြုန်တွေကိုလဲ ရဟန်းရှင်လူ ပြည်သူတွေ ဝိုင်းအုံသောက်သုံးကြမယ့် နိမိတ်လက္ခဏာပဲ" ဟု မိန့်ကြားတော်မူပါသည်။ (၈၂)။

၄။ ညောင်လေးပင်မြို့မှာ တရားဟောနေခိုက် တစ်နေ့သော ညအခါတွင် "တရားဟောပလွှင့် အမြင့်ပေါ်တွင် သီတင်းသုံးထိုင်နေ၍ တရားဟောတော်မူနေစဉ် ဒကာ, ဒကာမတွေက ရှေ့ကို ဝိုင်းအုံတိုး လာကြပြီးလျှင် ဆရာတော်ကလေး၏ ဝဲဘက် ယာဘက် နို့အုံနှစ်ဖက်ကို အလှအယက်ဆွဲ၍ အလှအယက် သောက်စို့ကြတော့သည်။ ဆရာတော်ကလေး ဦးဝိမလကလည်း အစို့ခံနေမိသည်။ ခဏကြာတော့မှ ဘွားကနဲ နိုးလာလေတော့သည်။

နံနက်မိုးလင်းသည့်အခါ ညောင်လေးပင်တောရ ဆရာတော် ဘုရားကြီး အရှင်အရိယမဟာထေရ်အား သွားရောက် လျှောက်ထားရာ ဆရာတော်ဘုရားကြီးက – ''...လက်ခမောင်းသာ ခတ်ပေရော့ ဟဲ ..၊ တယ်ကောင်းတဲ့ နိမိတ်ပါလား မောင်ပဉ္စင်းရဲ့ ဟင် .... ဒီအတိတ်နိမိတ်က မောင်ပဉ္စင်းရဲ့ သစ္စာတရား၊ အမြုတ်နှံ့ချို့တွေကို တိုင်းသူပြည်သား ဒကာ ဒကာမများက ဝိုင်းအုံသောက်စို့ကြမယ့် အဓိပ္ပါယ်ပဲကွယ့်, မကြုံစဖူး ထူးထူးကဲကဲ သိပ်ကောင်းတာပဲ၊ မပျော်ပါနဲ့ မောင်ပဉ္စင်းရဲ့၊ ဒီထက်မကကြိုးစားပြီး တရားကိုသာ အားထုတ်ပါတော့...''ဟု ဆရာတော်ဘုရားကြီးက စိတ်ဝင်တစား အံ့အားသင့်ပြီး လေးလေးနက်နက် တိုက်တွန်းတော် မူခဲ့ပါသည်။

၅။ ရင်းနှီးသောဒကာ, ဒကာမများကို တရားအားထုတ်လာအောင် မငဲ့မညှာ ကြမ်းကြမ်းတမ်းတမ်း မိန့်သင့်ပါက ကြမ်းကြမ်းတမ်းတမ်း မိန့်တော်မူပါသည်။ တရားဟော တရားပြရာ၌ လည်း ချက်ခြင်းနားလည်အောင် အပင်ပန်း အဆင်းရဲခံပြီး ဟောပြောပြသပါသည်။

၆။ အိပ်ခန်းအပြင်ဘက်၌ ဒကာများ ဝတ်ဖြည့်နေကြစဉ် မြွေဆိပ် နှိုင်သော ဦးလှဘူးအား ''အိပ်ခန်းတံခါး လက်ကိုင်ကွင်း၌ မာန်ဖီနေသော မြွေပြဒါးကို အဖမ်းခိုင်းပြီး သင့်တော်ရာသို့ အလွှတ် ခိုင်းခဲ့ပါသည်။

၇။ ၁၃၂၄–ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၃)ရက်၊ (၁၁၊ ၁၀၊ ၆၂)နေ့ သီတင်းကျွတ်လဆုတ် (၁)ရက်နေ့နှင့် သီတင်းကျွတ်လဆုတ် (၂)ရက်နေ့ ညများ ည (၁၂)နာရီအချိန်တွင် အလင်းရောင်များကို တွေ့ရပြီး ဆရာတော်၏အခန်းထဲ၌ ဆရာတော်နှင့် စကားပြောသံများကိုလည်း ဒကာ ဦးလှဘူးကိုယ်တိုင် ကြားသိရသဖြင့် မေးလျှောက်ရာ ''လှဘူးရာ မင်းအသိသားနဲ့''ဟုသာ ပြန်၍ မိန့်ကြားတော်မူပါသည်။

ဆရာတော်ကြီး ခန္ဓာဇော် ရုတ်သိမ်းတော်ခြင်း

ဆရာတော်ကြီးသည် သက်တော် (၆၃)နှစ်၊ သိက္ခာတော် (၄၃)ဝါ အရတွင်ကောဇာသက္ကရာဇ် ၁၃၂၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက်၊ (ခရစ်နှစ် ၁၉၆၂-ခုနှစ်၊ အောက်တိုဘာလ ၁၇-ရက်) ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ (၁)နာရီ၊ မိနစ် (၂၀)အချိန်၌ ခန္ဓာဝန်ချုပ်ငြိမ်း၍ တစ်ဘဝ ဇာတ်သိမ်းကာ ခန္ဓာဝန် ချတော်မူသွားပါသည်။

ခန္ဓာဝန်ချပြီးနောက်

(၈) အန္တိမအဂ္ဂိစျာပနပွဲ တစ်ရက်အလို ကျောင်းဒကာ ဦးကျော်သိန်း+ ဒေါ်တင်လှတို့၏ မဏ္ဍပ်၌ ဆရာတော်ဘုရားကြီး၏ ဥတုဇ ရုပ်ကလာပ် တော်ကို အပူဇော်ခံနေစဉ် မဏ္ဍပ်မျက်နှာကြက်၌ တတိယအကြိမ် ပျားကောင်များ လာ၍စွဲပြန်သည်။ (၄၆၂/၅၃၃)

(၉) ရုပ်ကလာပ်တော်ကို မီးမပူဇော်ဘဲ ထားရှိရေးအတွက် စနစ်တကျ စီစဉ်ခဲ့သော အလောင်းလုပ်ပွဲ ပျက်စီးသွားခဲ့ပါသည်။ (၄၆၉-၄၇၀)

(၁၀) ၁၃၂၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃)ရက်နေ့ မင်္ဂလာမဂ္ဂင်ရိပ်သာ စျာပနကော်မတီ အစည်းအဝေး၌ အများရှေ့မှောက်ဝယ် အရိုးကောက်ပြီး ယူလာသော ဆာလာအိတ်ကြီးများကို ဖွင့်လိုက်ရာ၌-

(က) မီးမစွဲဘဲ သူငယ်အိမ်မပျက် တည်ရှိနေသော (အစိုဓာတ် မပြယ် သေးသော) မျက်လုံးတော်တစ်စုံ။

(ခ) ချိတ်ဆက်ဖြစ်နေသော လက်ဆစ်ရိုးတော်များ၊

(ဂ) အရိုးပိုင်းကလေးများတွင် တစ်ပိုင်းက ငါးဥကလေးများ ကဲ့သို့ ဓာတ်တော်အလုံးကလေးများ စုနေ၍ ကျန်တစ်ပိုင်းက အရိုးဓာတ်သက်သက်များ။

(ဃ) အရိုးတော်မှဖြစ်သော အရွယ်အစား အရောင်အမျိုးမျိုး ရှိသော ဓာတ်တော်များ။

(ဂ) အသွေးတော်မှဖြစ်သော အနီရောင်ဓာတ်တော်များ။ ဤသို့ ဓာတ်တော်အမျိုးအစားပေါင်းစုံတို့ကို မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ကြရပါသည်။ (၄၇၃)။

နိဂုံးကဗျာ အဆုံးသတ်ခြင်း

ဤသို့လျှင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်ဖြစ်သော မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဖြစ်တော်စဉ်အကျဉ်းကို လက်စသတ်လိုက်ပြီ ဖြစ်ပါသည်။ ဆရာတော် အရှင်ဃောသိတထေရ်က ''တစ်ဘဝသာသနာကျမ်းကြီး'' ၌ ပြည့်ပြည့်စုံစုံ ရေးသားပူဇော်ပြီး ဖြစ်ပါသည်။ ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကို ထိုကျမ်းစာကြီးမှ ကောက်နှုတ်၍ ဤမျှဖြင့်သာ တင်ပြပူဇော် လိုက်ရပါသည်။

ဝိမလော ဝိမလတ္ထေရော၊ ဝိမလေ သာသနေ ရတော။
ဝိမလေ သော ကရိတ္ဝာန၊ ဝိမလော ဝိမလံ ဂတော။



အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သည် တောင်သမံအင်းနှင့် ဦးပိန်တံတားအနီး ဆင်စွယ်ပွတ်ရပ် တိုက်နယ်အုပ်စု ပန်းဘဲတန်း ရပ်ကွက်၌ တည်ရှိပါသည်။ ဧရိယာအကျယ်အဝန်းမှာ ၎က ၅၀-ကျော် ရှိပါသည်။ ဤကျောင်းတိုက်ကို တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရား လက်ထက် ၁၂၆၆ (၁၉၁၅)ခုနှစ်က တည်ထောင်ခဲ့သည်ဟု ခန့်မှန်းကြပါသည်။

ဤကျောင်းတိုက်၌ စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံ ဆရာတော်ဘုရားကြီး စတင်သီတင်းသုံးတော်မူရာ ဖြစ်ခြင်းကြောင့် "မဟာဂန္ဓာရုံကျောင်းတိုက်" ဟု အမည်တွင်ခဲ့ပါသည်။ ပထမမဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် ပဋိပတ္တိလုပ်ငန်းကို တစိုက်တမတ်ကြိုးစား အားထုတ်တော်မူခြင်းကို အကြောင်းပြု၍ အများက "**ကမ္မဋ္ဌာန်းတိုက်**"ဟု သိကြပါသည်။

ဆရာတော် အရှင်ဇနကာဘိဝံသ ကြွရောက်သီတင်းသုံးတော်မူခြင်း

ဆရာတော် အရှင်ဇနကာဘိဝံသ မထေရ်မြတ်သည် စာချ,စာရေးပြီး အေးချမ်းစွာသီတင်းသုံးတော်မူလိုသဖြင့် မဟာဂန္ဓာရုံကျောင်းတိုက်၌ သီတင်းသုံးတော်မူသော အတိသုခဆရာတော်ထံ သွားရောက် လျှောက်ထားပြီး ၁၃၀၂ (၁၉၄၁)ခုနှစ်တွင် သီတင်းသုံးနေမြဲ မန္တလေးမြို့ အဘယာရာမ ကျောင်းတိုက်မှ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်သို့ တပည့်ရဟန်း တစ်ပါး၊ ကိုရင် ၂-ပါးတို့နှင့်အတူ ပြောင်းရွှေ့သီတင်းသုံး နေထိုင်တော်မူပါသည်။

အမရပူရမဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်ရှိသည့်အခါ တိုက် ၂-လုံးပေါ်၌ သက်တော်ကြီးဆရာတော် ၂-ပါး သီတင်းသုံးတော်မူပြီး ဆရာတော်က ကျောင်းအိုတစ်ဆောင်ပေါ်မှာ ဘုန်းကြီး ဦးကောဏ္ဍည နှင့်အတူ သီတင်းသုံးတော်မူသည်။ တပည့်များက စေတီတောင်ဖက် တစ်ထပ်တိုက်ပြားလေး၌ တောကွက်ကိုယ်တော်ကြီးနှင့် အတူနေကြ

ပါသည်။ ကျောင်းအိုကြီး အောက်ထပ်၌ ဝါးကပ်များကာရံပြီး ဆရာတော်က စာရေးတော်မူပါသည်။

ဆရာတော်ရောက်ရှိတော်မူချိန် မဟာဂန္ဓာရုံကျောင်းတိုက်၌ ဆရာတော်ကြီး ၂-ပါး၊ ဘုန်းကြီးဥူးကောဏ္ဍညနှင့် တောထွက် ရဟန်း တစ်ပါးအားဖြင့် သံဃာ ၄-ပါးသာ ရှိနေပါသည်။

အမရပူရမဟာဂန္ဓာရုံ ကျောင်းတိုက်သည် ဆရာတော် ဒုတိယ အကြိမ် သိမ်ထပ်ခဲ့သောကျောင်းတိုက် ဆရာတော် ရဟန်းအမကြီး၏ မိဘများ တည်ဆောက်လှူဒါန်းခဲ့သော ကျောင်းတိုက်လည်းဖြစ်ပါသည်။ ဆရာတော်ပြောင်းရွှေ့သီတင်းသုံးတော်မူချိန်၌ အမွေခံ ရဟန်းအမလေး အသက်ထင်ရှား ရှိနေပါသေးသည်။ ဝါတွင်း၌ တပည့်သံဃာ ၇-ပါးအား စတင်၍ ပရိယတ္တိစာပေများ ပို့ချခဲ့ပါသည်။

စစ်အတွင်းကာလ

၁၃၀၃-ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်စဉ် တိုက်ကျောင်းဆရာတော်ကြီး ဦးသီလဝဏ္ဏနှင့် ဘုန်းကြီး ဥူးကောဏ္ဍညတို့ ရှေ့ဆင့်နောက်ဆင့် ပုံလွှန်တော်မူသွားကြပါသည်။ တောထွက် ဦးဇင်းကြီးသည် သူ့ရွာသို့ပြန် သွားပါသည်။ စာသင်သားများကို မိဖများက လာရောက်၍ ခေါ်သွားကြပါသည်။ အတိသုခဆရာတော် ဆရာတော် ဦးဇနကနှင့် ဦးပဉ္စင်း ၂-ပါးသာ ကျန်ရှိခဲ့ပါသည်။

စစ်အတွင်း ဆရာတော်သည် ရေးလက်စစာများကို ဆက်လက် ရေးသားခဲ့ပါသည်။ စစ်ပြေးသူတွေထဲက ရင်းနှီးသော ဒကာလှမောင် ကပ်သည့် ဆွမ်းနှင့် မုရင်းစပါးလုပ်သည့်တဲက ဒကာကြီး ကပ်လှူသည့် ဝမ်းဘဲဥဟင်း, ဆွမ်းတို့ဖြင့်သာ မျှတတော်မူခဲ့ပါသည်။

စစ်ပြီးကာလ

၁၃၀၇–ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင်အခြား ဆရာတော်ကြီးများ လွန်သဖြင့် အရှင်ဇနကာဘိဝံသသည် မဟာဂန္ဓာရုံဆရာတော်ဖြစ်လာသည်။ စစ်ပြီးကာလမှစ၍ စာသင်သားသံဃာများ တစတစ ရောက်ရှိလာသဖြင့် နေထိုင်ဖို့ ကျောင်းပြဿနာရှိလာပါသည်။ ကျောင်းငယ်ကလေးကို ဆွမ်းစားကျောင်းနှင့် စာသင်သားသံဃာများ နေထိုင်နိုင်ရန် ဒကာကြွယ်ကို ရှိသမျှပစ္စည်းများ အပ်နှံပြီး ဒကာကြွယ်နှင့် ကျောင်းသံဃာများလုပ်အားဖြင့် ချဲ့ထွင်ဆောက်လုပ်ရပါသည်။ သံဃာများလာသဖြင့် ကျောင်းအစ်မကြီးက အုဋ္ဌံကပ် ၂–ထပ်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းလာပါသည်။

တိုးချဲ့ဖြေအလှူရှင်များ

၁၃၁၂ (၁၉၅၁)ခုနှစ် နတ်တော်လဆုတ် ၃–ရက်နေ့၌ ဦးကျော်ဝင်း + ဒေါ်သိန်းတင်တို့က (၁.၂၁)ကော မြေဝယ်၍ မဟာဂန္ဓာရုံ တိုက်၏ ဥပစာမြေအဖြစ် လှူဒါန်းကြပါသည်။ ထိုနှစ်၌ ရဟန်း ၂၉–ပါး သာမဏေ ၄၈–ပါး နှစ်ရပ်ပေါင်းသံဃာ (၇၇)ပါး ဝါကပ်ကြပါသည်။

၁၃၁၄ (၁၉၅၃)ခုနှစ်တွင်

- မန္တလေးမြို့ နန္ဒဝန်သစ်စက်ပိုင်ရှင် ဦးဘတင် + ဒေါ်မိမိလေး တို့က မြေရိုင်း (၈.၃၂)ကော၊
- ဒေါ်စိန်ရှင်၊ ဆရာလေး ဒေါ်တုန္၊ ဒေါ်ဝါယမီ၊ ဒေါ်ရီတို့က (၂.၁၃)ကော၊
- ဆရာထွန်း +ဒေါ်လှကြည်တို့က (၄.၁)ကော လှူဒါန်းကြပါသည်။

စစ်ပြီးလို့ တဖြည်းဖြည်း သံဃာတစ်ရာကျော်လာသည့်အခါ ဆွမ်းစားကျောင်းသာမက ကုဋီ (ကျင်ကြီးအိမ်) လည်းလိုလာပါသည်။ သံဃာ ၂၀၀–နီးပါးရှိလာသည့်အခါ ထန်းရွက်, ဝါးများရအောင်စီစဉ်ပြီး ကျောင်းတိုက်သံဃာတော်များ မတတ်တတတ်နှင့် ဆွမ်းစားကျောင်းနှင့် ကုဋီဆောက်လုပ်ပြီး အသုံးပြုကြရပါသည်။

ထေရာသနစံကျောင်းတော်

၁၃၁၀ (၁၉၄၈)ခုနှစ်တွင် စစ်ကိုင်း ဒုတိယမဟာဂန္ဓာရုံ ချမ်းအေး ဆရာတော်ဘုရားကြီး ပေးစွန့်အပ်သော ၂–ခန်းပတ်လည်ရှိ ကျောင်း ကလေးနှင့် ပဌမမဟာဂန္ဓာရုံဆရာတော်နှင့် အတိသုခဆရာတော်တို့ သိတင်းသုံးဘူးသော တောင်မြို့ကျောင်းဟောင်း ပစ္စည်းအခို့တို့ စုပေါင်းပြီး အနံ ပေ–၃၀၊ အလျား–၃၆ ပေ၊ အမြင့် ၂၅–ပေရှိသော သစ်သား စံကျောင်းငယ်ကို လိုအပ်သောသစ်သားများ ဖြည့်စွက်၍ ဆောက်လုပ် တော်မူပါသည်။ ကျောင်းပတ်လည်၌ ၅–ပေခန့် စင်္ကြံန်ရှိပါသည် အတွင်းဗဟို ၁၅–ပေ × ၂၆–ပေရှိ အခန်း၌ ကျမ်းပြုရန်စားပွဲ၊ ပိဋကတ် ကျမ်းစာအုပ်ဗီရို၊ ဆွမ်းဘုဉ်းပေးရန်စားပွဲ၊ ကုလားထိုင်၊ ကျိန်းစက်ရန် ခုတင်ငယ်နှင့် အခင်းပါး ခေါင်းအုံး စောင်ပါး၊ စင်္ကြံတွင် တစ်ခါတစ်ရံ နားနေရန် ပက်လက်ကုလားထိုင်နှင့် ခုံတန်းငယ် စသည်တို့သာရှိသည်။ စံကျောင်း၏ အရှေ့မြောက် ထောင့်တွင် ရေချိုးခန်း ကုဋီရှိသည်။ ထိုစဉ်က စံကျောင်းငယ်ပေါ် ကျမ်းပြုသည့်နေရာမှ တောင်သမန်အင်း ရှုခင်းကျယ် ကိုမြင်နိုင်ခဲ့သည်။ စင်္ကြံပတ်လည်တွင် အလင်းရောင်,လေ,မိုးအကြောင်းပြု၍ လွယ်ကူစွာ တင်ချနိုင်သော မှန်ပြတင်းပေါက်များ ပတ်လည်ဆက်လျက် ရှိသည်။ ဆရာတော်သည် ဤစံကျောင်းတော်၌ ကျမ်းစာပေါင်းများစွာကို ရေးသားပြုစုတော်မူ၍ ပုံလွန်တော်မူသည်အထိ သိတင်းသုံးတော်မူခဲ့ပါ သည်။

ဆရာတော်သပ္ပါယဖြစ်အောင် တည်ဆောက်စေခဲ့သော ထို စံကျောင်း ငယ်၏ ဗိသုကာဟန်မှာ ဝိနည်းလေးစား၍ ပကာသန မလို လားသော ဆရာတော်၏ စိတ်ဆန္ဒတော်ရင်းကို ပေါ်လွင်စေပါ၏။ ထိုထိုသော ဂုဏ်ကို အောက်မေ့နိုင်ရန်အလို့ငှာ ယနေ့တိုင် ပြခန်းသဖွယ် ပြသထားလျက် ရှိပါသည်။ မဟာဂန္ဓာရုံကျောင်းတိုက်၌ ရာပြည့်ပွဲအထိ သာသနိက အဆောက်အအုံပေါင်း ၁၄၁–ခုရှိပါသည်။

မဟာဂန္ဓာရုံကျောင်းတိုက်ဆောင်ပုဒ်

ဤကျောင်းတိုက်၌

၁။ စိတ်ကောင်းရှိဘို့က – ပဌမ။
၂။ ဝိနည်းလေးစားဘို့က – ဒုတိယ။
၃။ ကျန်းမာဘို့က – တတိယ။
၄။ သန့်ရှင်းဘို့က – စတုတ္ထ။
၅။ အဝတ်အစားတတ်ဘို့က – ပဉ္စမ။
၆။ အနေအထိုင်တတ်ဘို့က – ဆဋ္ဌမ။
၇။ အပြောအဆိုတတ်ဘို့က – သတ္တမ။
၈။ အသွားအလာတတ်ဘို့က – အဋ္ဌမ။
၉။ စည်းကမ်းလိုက်နာဘို့က – နဝမ။
၁၀။ စာတတ်ဘို့က – ဒသမ။

ဤဆယ်ချက်ကို အစဉ်အတိုင်း ဂရုစိုက်ပါ။

ဤကျောင်းတိုက်၌နေလိုသူသည်

၁။ အဂီါကြီးငယ် ခို့ယွင်းချက် မရှိစေရ။
၂။ ကုသိုလ်များများ ရလိုသော ဆန္ဒရှိခြင်း။
၃။ ရှင်ဖြစ်လျှင် (က)ရတနာဂုဏ်ရည်လာရတနာသုံးပါး ဂုဏ်တော်ကိုလည်းကောင်း, (ခ) ရုပ်ပုံရှင်ကျင့်ဝတ်လာ ကျက်စရာများကိုလည်းကောင်း ရရှိပြီးဖြစ်ခြင်း။
၄။ (ဂ) ရဟန်းဖြစ်လျှင် ပါတိမောက်ဘာသာဋီကာလာနိသယဖြင့် ဘိက္ခုပါတိမောက် ပါဠိ, အနက်ကို ရပြီးဖြစ်ခြင်း။
၅။ သင်္ကန်းများကို ပိန္ဒဲရင့်ရောင်(ညောင်ခါးရောင်) ဆိုးခဲ့ရခြင်း။
၆။ သပိတ်နှင့် (ဆွမ်းခံဖြစ်လောက်အောင်) သပိတ်အိတ်, ဝတ်ခွက် ၅-လုံးခန့်ပါရခြင်း။

၇။ အရောင်ဆိုးပြီးသော သက်နှံ, နေရာထိုင်နှင့် ရေချိုးခွက်, ဆပ်ပြာခွက်, လက်သုတ်ပုဝါ, ဖွနှံး (လက်ဘက်ရည် စသည် သောက်ဖို့ရန် ကိုင်းပါသောခွက် (အလတ်စားမတ်ခွက်) ပါရခြင်း။

၈။ သက်နှံး, ခဲတံ, ဗလာစာအုပ်စသော ပစ္စည်းအားလုံးပင် ရဟန်း သာမဏေတို့ ကိုယ်တိုင်ဝယ်ထားသော နိဿဂ်ပစ္စည်း မဟုတ်ဘဲ မိဘ, ဆွေမျိုး ပစ္စည်းလေးပါးဒကာ, ဒကာမများက လှူအပ်သော ပစ္စည်းများ ဖြစ်စေရခြင်း။

၉။ ဆရာ, မိဘစသော အုပ်ထိန်းသူဖြစ်စေ သူတို့ကခိုင်းစေအပ် သောအကြိုးအကဲဖြစ်စေ လိုက်ပါအပ်နှံရခြင်း။ (ရဟန်းတော် များလိုက်ပို့လျှင် ကပ္ပိယကာရကပါစေရမည်။)

၁၀။ ကျောင်းတိုက်သို့ ရောက်သောအခါ ငွေကို မိမိကိုယ်တိုင် မကိုင်မသိမ်းဘဲ, ဖိုးသူတော်စသော ကပ္ပိယတို့ထံ လွှဲအပ်ထား ရခြင်း။

၁၁။ မြို့တွင်းမှ ကျောင်းတိုက်သို့လာသောအခါ ဆိုက်ကား, မြင်းလှည်း နွားလှည်းတို့ကို မစီးခဲ့ရခြင်း။

ခြွင်းချက်။ ကျောင်းတိုက်၌ နေလိုသော ဆန္ဒပြင်းပြခြင်းရဲ့ အထိန်း အမှတ်အဖြစ်ဖြင့် ထင်ရှားအောင် နံပါတ် ၃, ၄–အချက် များကိုပြထားပါသည်။ ထို့ကြောင့် ကျောင်းတိုက်၌ နေဆဲလည်းဖြစ် စောင့်ရှောက်မည့်ပုဂ္ဂိုလ်လည်းဖြစ်သူနှင့် အတူလာလျှင် ကျောင်းတိုက်ရောက်မှလည်း စာကျက် မှတ်နိုင်ပါသည်။



အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်
အဂ္ဂမဟာပဏ္ဍိတ
ကျေးဇူးတော်ရှင် အရှင်ဇနကာဘိဝံသမဟာထေရ်
သာသနာတော်အတွက် ဆောင်ရွက်ချက်များ

၁၂၆၁ (1900) ခုနှစ်

– စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် သရိုင်ရွာ ခမည်းတော် ဦးဇောတိ, မယ်တော် ဒေါ်အုန်းလှိုင်တို့မှ တပို့တွဲလပြည့်ကျော် (၁၄)ရက် အင်္ဂါနေ့ နံနက် (၁၁)နာရီတွင် မီးရှူးသန့်စင်ဖွားမြင်သည်။

– ခမည်းတော် ဦးဇောတိ၏ မိဘသည် ဘိုးခင်မောင် ဘွားစောမေနှင့် မယ်တော် ဒေါ်အုန်းလှိုင်၏ မိဘသည် ဘိုးဆိုးပေ ဘွားနန်းအိမ်တို့ ဖြစ်ကြသည်။

==ooo==

၁၂၆၂ (1901) ခုနှစ်

– မောင်ဌေးလွင်သည် မွေးချင်း (၄) ယောက်အနက် အကြီးဆုံးသားဦး ရတနာဖြစ်သည်။

==ooo==

၁၂၆၃ (1902) ခုနှစ် (၂)နှစ်အရွယ်

– ဤအရွယ်တွင် မိဘ,ဆွေမျိုး, ဉာတိတို့၏ ထိန်းသိမ်း စောင့်ရှောက်မှုကို ခံယူခဲ့ရသည်။

==ooo==

၁၂၆၄ (1903) ခုနှစ် (၃)နှစ်အရွယ်

– အဘိုးဖြစ်သူ၏ ကကြီး,ခခွေး ချပေးခြင်း, ဘုရားရိုးရိုး ချပေးခြင်းတို့နှင့် စာရိတ္တကောင်းမွန်အောင် သင်ပြပေးခြင်းကို ခံယူခဲ့ရသည်။

==ooo==

၁၂၆၅ (1904) ခုနှစ် (၄)နှစ်အရွယ်

– ပတ်ဝန်းကျင်ရှိ ဆွေမျိုး,ညာတိများ၏ ဆုံးမမှုကို ရရှိခဲ့သည်။

==ooo==

၁၂၆၆ (1905) ခုနှစ် (၅)နှစ်အရွယ်

– ဝက်လက်မြို့နယ် သရိုင်ရွာ ပင်းကျောင်း ကျောင်းတိုက် ဆရာတော်အရှင်ဇနိတ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပထမ အကြိမ် ရှင်သာမဏေပြုသည်။

==ooo==

၁၂၆၇ (1906) ခုနှစ် (၆)နှစ်အရွယ်

– သရိုင်ရွာ ပင်းကျောင်းဆရာတော် အရှင်ဇနိတ မဟာထေရ်ထံ အပ်နှံခံရ၍ မြန်မာသင်ပုန်းကြီး စာပေများကို သင်ယူသည်။

==ooo==

၁၂၆၈ (1907) ခုနှစ် (၇)နှစ်အရွယ်

– မင်္ဂလသုတ်, ဆုံးမစာ, လက္ခဏာတော်ကြီး ဘုရားရှိခိုး, ပရိတ်ကြီး ပါဠို, လောကနီတိစာပေများကို အစဉ်သဖြင့် သင်ယူသည်။

==ooo==

၁၂၆၉ (1908) ခုနှစ် (၈)နှစ်အရွယ်

– ပိဋကတ် အခြေခံဖြစ်သော ကစ္စည်းသဒ္ဒါကြီး စာပေများကို စတင် သင်ယူသည်။

==ooo==

၁၂၇၀ (1909) ခုနှစ် (၉)နှစ်အရွယ်

– ပင်းကျောင်း ဆရာတော်ကြီးထံ သဒ္ဒါသမာသ်ပိုင်း သင်ယူ၍ သမာသ်ရုပ် စသော သဒ္ဒါကျမ်းလာပုဒ်များကို ရုပ်တွက်ခဲ့သည်။

==ooo==

၁၂၇၁ (1910) ခုနှစ် (၁၀)နှစ်အရွယ်

– ပိဋကတ် စာပေများသင်ရန် မန္တလေးသို့ရောက်သည်။ ခဏသာ နေခဲ့ရသည်။ သဒ္ဒါကြီး ဥဏာဒိ်ကို တက်ခဲ့ရသေးသည်။ အဖျားရောဂါကြောင့် ရပ်ရွာသို့ ပြန်လိုက်ခဲ့ရသည်။ ရပ်ရွာ ရောက်သောအခါ ကုန်လုနေသော သဒ္ဒါကြီးကို ပြီးဆုံးအောင် သင်ယူ၍ သင်္ဂြိုဟ်ကို ဆက်လက်သင်ယူသည်။

==ooo==

၁၂၇၂ (1911) ခုနှစ် (၁၁)နှစ်အရွယ်

– မောင်ဌေးလွင်သည် သင်္ဂြိုဟ်ကုန်အောင် သင်ယူပြီး သဒ္ဒါကြီး ပုဒ်စစ်ကို ဆက်လက်သင်ယူသည်။

==ooo==

၁၂၇၃ (1912) ခုနှစ် (၁၂)နှစ်အရွယ်

– ဒုတိယအကြိမ် ပိဋကတ်စာပေများသင်ရန် မန္တလေးမြို့သို့ ဝိသုဒ္ဓါတိုက်သစ် ဆီးပင်ကျောင်း ဥုးရာဇာထံရောက်သည်။

==ooo==

၁၂၇၄ (1913) ခုနှစ် (၁၃)နှစ်အရွယ်

– ကျောင်းသားငယ်ဘဝဖြင့် အစိုးရပထမပြန် ပထမငယ်တန်းကို စတင်ဝင်ရောက်ဖြေဆိုသည်။

==ooo==

၁၂၇၅ (1914) ခုနှစ် (၁၄)နှစ်အရွယ်

– (၁၅) နှစ်ပြည့်မှ စာမေးပွဲ ဖြေဆိုရမည်ဟူသော ဥပဒေကြောင့် စာမေးပွဲ မဖြေဆိုသေးဘဲ စာမေးပွဲဆိုင်ရာစာများကို ကောင်းမွန် နှိုင်နင်းစွာ သင်ယူသည်။

==ooo==

၁၂၇၆ (1915) ခုနှစ် (၁၅)နှစ်အရွယ်

– ရွှေဘိုမြို့ မိတ္ထီလာတိုက်သို့ မြောင်းမြ ဆရာတော်လောင်း စာချ ဘုန်းကြီးရှိရာ ရောက်အောင်ပို့ကြသည်။

– ဦးကာကျော် သီလကွန်ပါဠိတော်နှင့် အဋ္ဌကထာ ယမိုက်စာဝါ များတက်သည်။

– ဤနှစ်မှာ ပထမငယ်တန်းကို ကျောင်းသားဘဝဖြင့် ဖြေဆို အောင်မြင်သည်။

==ooo==

၁၂၇၇ (1916) ခုနှစ် (၁၆)နှစ်အရွယ်

– ကဆုန်လတွင် မြောင်းမြ ဆရာတော်လောင်း စာချဘုန်းကြီးနှင့် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့သို့ လိုက်ပါခဲ့သည်။

– ပထမလတ် စာမေးပွဲကို ကျောင်းသားဘဝဖြင့်ပင် ဖြေဆိုအောင်မြင်သည်။

– ပလိပ်မြို့ အေးကျောင်း၌ ဒသမ ရွှေကျင်သာသနာပိုင် ဖြစ်တော်မူမည့် မြောင်းမြဆရာတော်ကြီး အရှင်ဉာနာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရှင်သာမဏေပြုသည်။

==ooo==

၁၂၇၈ (1917) ခုနှစ် (၁၇)နှစ်အရွယ်

– မြောင်းမြဆရာတော်လောင်း စာချဘုန်းကြီးထံတွင် ပထမကြီးတန်း စာမေးပွဲဝင်နိုင်အောင် စာပေလေ့လာသည့်အပြင် ဒီဃနိကာယ် သုံးကျမ်း ပါဠိတော်နှင့် အဋ္ဌကထာများပါကုန်အောင် လေ့လာသင်ယူသည်။

==ooo==

၁၂၇၉ (1918) ခုနှစ် (၁၈)နှစ်အရွယ်

– ပထမကြီးတန်းစာမေးပွဲ ဖြေဆိုအောင်မြင်သည်။

==ooo==

၁၂၈၀ (1919) ခုနှစ် (၁၉)နှစ်အရွယ်

– တပေါင်းလပြည့်နေ့တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ အေးကျောင်း ခဏ္ဍသီမ်မှာ ပထမအကြိမ် ရဟန်းအဖြစ်ခံယူသည်။

==ooo==

၁၂၈၁ (1920) ခုနှစ် (၂၀)နှစ်အရွယ်

– နယုန်လပြည့်နေ့၌ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မူလခဏ္ဍာသိမ်မှာ ဒုတိယအကြိမ် ရဟန်းအဖြစ်ခံယူသည်။

– တပေါင်းလပြည့်နေ့၌ စစ်ကိုင်းတောင် မှန်ကျောင်းအနီး ဇရာဝတီမြစ် ဥဒကုဏ္ဍေပ(ရေ)သိမ်မှာ တတိယအကြိမ် ရဟန်း အဖြစ်ခံယူသည်။

==ooo==

၁၂၈၂ (1921) ခုနှစ် (၂၁)နှစ်အရွယ်

– ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ အထက်တန်း ကျမ်းစာများကို စာဆိုအဖြစ်ဖြင့် လေ့လာသင်ယူသည်။

==ooo==

၁၂၈၃ (1922) ခုနှစ် (၂၂)နှစ်အရွယ်

– ဤနှစ် သီတင်းကျွတ်လမှာ စာကြည့်၍မမြင်အောင် မျက်စိ အားနည်းသောကြောင့် စာဝါများရုပ်နားပြီး မန္တလေးပြန်သည်။ မန္တလေးမှာ ဆေးရုံနှင့် ဆေးခန်းတို့ကိုပြ၏။ ဓာတ်ဆရာအားလည်း မေးမြန်း၏။ ထို့နောက် ရွာပြန်၍ သင့်တင့်သော ဓာတ်စာကို သုံးဆောင်ရင်း နှစ်လကြာလောက်မှာ မျက်စိကောင်းလာသည်။ မျက်စိရောဂါပျောက်သောအခါ သရိုင်မှာ ခေတ္တရောက်နေသော မြောင်းမြ ဆရာတော်လောင်းထံ ဆန်းကျမ်းလာသော ပတ္ထာရ ဖြန့်နည်းကို ထပ်မံလေ့လာသည်။

– ပခုက္ကူပြန်ရန် မန္တလေးရောက်သောအခါ နှစ်ရက်မျှသော အချိန် ဖြင့် အနောက်ပြင် တောင်ပြင်တို့မှ တခြားတိုက် စာချဆရာ တော် လေးပါးထံ စာလိုက်သည်။

– ပခုက္ကူရောက်သောအခါ ဆိုမြဲစာဝါကို ဆက်လက်ဆိုရသည်။

၁၂၈၄ (1923) ခုနှစ် (၂၃)နှစ်အရွယ်

– ကဆုန်လဆန်း (၁) ရက်နေ့၌ ပခုက္ကူဆရာတော်ကြီးများ၏ ပခုက္ကူ စာချအဖြစ် ချီးမြှောက်မှုကို ခံယူရသည်။

==ooo==

၁၂၈၅ (1924) ခုနှစ် (၂၄)နှစ်အရွယ်

– စာချနဲ့တူအောင် ကြည့်ရှုကာ ကြိုးကြိုးစားစား စာချနေရသည့် အပြင် မန္တလေးသကျသီဟ ပရိယတ္တိစာမေးပွဲဝင်ရန်အတွက် ထိုစာမေးပွဲနှင့်ဆိုင်သော အောက်ကျမ်းစာတွေနှင့် အထက် အဋ္ဌကထာတွေကို ကြိုးကြိုး စားစား ပို့ချနေရသည်။

==ooo==

၁၂၈၆ (1925) ခုနှစ် (၂၅)နှစ်အရွယ်

– မန္တလေးပရိယတ္တိ သကျသီဟ စာသင်တန်းကို နံပါတ် (၂)ဖြင့် ဖြေဆို အောင်မြင်သည်။

==ooo==

၁၂၈၇ (1926) ခုနှစ် (၂၆)နှစ်အရွယ်

– အစိုးရ ပထမကျော်ကို ဖြေဆိုအောင်မြင်သည်။

– ပရိယတ္တိသကျသီဟစာချတန်း သီလက္ခန်နှင့် အဋ္ဌသာလိနီ နောက်(၂) ကျမ်းကို အောင်မြင်သည်။

==ooo==

၁၂၈၉ (1927) ခုနှစ် (၂၇)နှစ်အရွယ်

– ပရိယတ္တိသက္ခသီလစာချတန်း ကျန်ပါရာဇိကဏ် အဋ္ဌကထာ ကျမ်းကို ဖြေဆိုရာ နံပါတ် (၁)ဖြင့် အောင်မြင်၍ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ "အဘိဝံသ" ဘွဲ့ကိုရသည်။

==ooo==

၁၂၈၉ (1928) ခုနှစ် (၂၈)နှစ်အရွယ်

– မန္တလေး ဝိသုဒ္ဓါရုံတိုက်သစ်မှ စိန်ပန်း အဘယာရာမ ရွှေဂူတိုက်ကျောင်းတိုက်သို့ ပြောင်းရွှေ့လိုက်ပါတော်မူသည်။

==ooo==

၁၂၉၀ (1929) ခုနှစ် (၂၉)နှစ်အရွယ်

– သင်္ဂြိဟ်အဖွင့်ကျမ်း (သင်္ဂြိဟ်ဘာသာဋီကာ)ကို တပို့တွဲလကွယ်နေ့ (မွေးနေ့) မှာ စတင်ရေးသားပြုစုသည်။

==ooo==

၁၂၉၁ (1930) ခုနှစ် (၃၀)နှစ်အရွယ်

– အဘယာရာမ ရွှေဂူကျောင်းတိုက်တွင် တပည့်သံဃာ တို့ကို အုပ်ချုပ်ကာ စာချခြင်း, စာရေးခြင်းစသော ပရိယတ်, ပဋိပတ် အလုပ်တို့ကို အားထုတ်သည်။

==ooo==

၁၂၉၂(1931) ခုနှစ် (၃၁)နှစ်အရွယ်

- ဇရာဝတီတိုင်း မြောင်းမြမြို့နယ် ကျွန်းကုန်းရွာ ရွှေကျင်တိုက်သစ်၌ လေးလကျော်မျှ သင်္ဂြိုဟ်အဖွင့် (သင်္ဂြိုဟ်ဘာသာဋီကာ) ကို ရေးသားရင်း အနားယူသည်။

==o0o==

၁၂၉၃ (1932) ခုနှစ် (၃၂)နှစ်အရွယ်

- ရတနာ့ဂုဏ်ရည်ကျမ်းစာ ရေးသားပြုစု၍ တပို့တွဲလတွင် ရတနာ့ဂုဏ်ရည်စာအုပ် ရိုက်နှိပ်သည်။ ထိုစာအုပ်ကို အစိုးရက ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းသည်။

စာမျက်နှာ – ၄၀၈
ကျမ်းပြုနှစ် – ၁၂၉၃ (၁၉၃၂)
ရိုက်နှိပ်ခုနှစ် – ၁၂၉၃ (၁၉၃၂)

- ရတနာသုံးပါး၏ ဂုဏ်တော်များကို ထင်ရှားပေါ်လွင်စွာ ရေးသား ဖွင့်ပြထားသည်။ သီလအကြောင်း, ဒုစရိုက်,သုစရိုက်,ကံ,ဉာဏ် ဝိရိယစသည့် အကြောင်းများလည်းပါဝင်သည်။
- ဤနှစ်တွင် ခမည်းတော် ဦးဇောတိ ကွယ်လွန်သည်။

==o0o==

၁၂၉၄ (1933) ခုနှစ် (၃၃)နှစ်အရွယ်

- ရွှေကျင်နိကာယ ပရိယတ္တိ နယူပဒေသ အနုပုဗ္ဗ သိက္ခာကျမ်းကို ရေးသားပြုစုသည်။
- ကိုယ်ကျင့် အဘိဓမ္မာကျမ်းစာကို ထိုနှစ်၌ ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၃၅၃
ကျမ်းပြုနှစ် – ၁၂၉၄ (၁၉၃၃)
ရိုက်နှိပ်ခုနှစ် – ၁၂၉၄ (၁၉၃၃)

– အဘိဓမ္မာ၏ သဘောတရားများကို သာမန်လူများသိမြင် နားလည် စေရန် ရည်ရွယ်၍ အခန်း (၁၁)ခန်း ခွဲရေးသားထားသည်။ အထူး လေ့လာသူများအတွက် မေးခွန်းများစွာ ပါဝင်သည်။

==ooo==

၁၂၉၅ (1934) ခုနှစ် (၃၄)နှစ်အရွယ်

– အခြေပြုသင်္ဂြိဟ်ကျမ်းစာကိုရေးသားပြုစုပြီး အခြေပြုသင်္ဂြိဟ် ပဌမအုပ်ကို မန္တလေးမြို့ ဓာတ်နန်းရပ် လှခင်အင်ဆန်း စာပုံနှိပ် တိုက်၌ ရိုက်နှိပ်သည်။ စာအုပ်တန်ဖိုးမှာ ဒိ ၈ပဲဖြစ်သည်။

စာမျက်နှာ – ၆၅၇
ကျမ်းပြုနှစ် – ၁၂၉၅ (၁၉၃၄)
ရိုက်နှိပ်ခုနှစ် – ၁၂၉၅ (၁၉၃၄)

– အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို သင်္ဂြိဟ်အခြေခံ မရသေးသူများ အတွက် ရည်ရွယ်၍ စီစဉ်ဖွင့်ပြထားသည်။ နိဿယ, အဓိပ္ပါယ်, သရုပ်ခွဲ, လင်္ကာဆောင်ပုဒ်နှင့် လေ့ကျင့်ခန်းမေးခွန်းများ ပါဝင် သည်။

==ooo==

၁၂၉၆ (1935) ခုနှစ် (၃၅)နှစ်အရွယ်

– အခြေပြုသင်္ဂြိဟ် ဒုတိယအုပ်ကို မန္တလေးမြို့ ဓာတ်နန်းရပ် လှခင် အင်ဆန်း စာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။ တန်ဖိုး – ဒိ ၈ပဲ ဖြစ် သည်။

– နွေအခါ မြောင်းမြမြို့နယ် ကျွန်းကုန်းရွာ ကြွ၍အနားယူရင်း အခြေပြုသဒ္ဒါ ကျမ်းစာကို ရေးသားပြုစုသည်။

– သင်္ဂြိုဟ်ဘာသာဋီကာကျမ်းကို စတင် ရေးသားတော်မူသည်။

==ooo==

၁၂၉၇ (1936) ခုနှစ် (၃၏)နှစ်အဂ္ဂယ်

– အခြေပြုသဒ္ဒါ ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၆၄၅
ကျမ်းပြုနှစ် – ၁၂၉၇ (၁၉၃၆)
ရိုက်နှိပ်ခုနှစ် – ၁၂၉၇ (၁၉၃၆)

– ကစ္စည်းသဒ္ဒါကျမ်းကို အခြေပြုသူများနှင့် သင့်လျော်သည့် သုတ်နက်များ, ဥဒါဟရဏ် (ပုံစံ)များ, ရုပ်တွက်ပုံများ, အဓိပ္ပါယ်များနှင့် လိုအပ်သည့် နေရာများတွင် လင်္ကာ,ဆောင်ပုဒ်များဖြင့် တန်ဆာဆင်ရေးသား ဖွင့်ဆိုထားသည်။ စာသင်ငယ်များ သဒ္ဒါ အခြေခံကောင်းရစေသည့် ကျမ်းဖြစ်သည်။

==ooo==

၁၂၉၈ (1937) ခုနှစ် (၃၇)နှစ်အဂ္ဂယ်

– အဘယံသာရာမရွှေဂူတိုက်တွင် စာချခြင်း,စာရေးခြင်းစသော ပရိယတ်, ပဋိပတ် အလုပ်ကို ကြိုးစားအားထုတ်သည်။

– သင်္ဂြိုဟ်ဘာသာဋီကာကျမ်းစာကို ရေးသားတော်မူသည်။

==ooo==

၁၂၉၉ (1938) ခုနှစ် (၃၈)နှစ်အဂ္ဂယ်

– သင်္ဂြိုဟ်ဘာသာဋီကာကျမ်း ရေးသားခြင်းကိစ္စပြီးစီးသည်။

==ooo==

၁၃၀၀ (1939) ခုနှစ် (၃၉)နှစ်အရွယ်

– သင်္ဂြိဟ်ဘာသာဋီကာကျမ်းကို ရိုက်နှိပ်စေတော်မူသည်။
စာမျက်နှာ – ၇၂၈
ကျမ်းပြုနှစ် – ၁၂၉၈ (၁၉၃၆) ဒုတိယအကြိမ်
ရိုက်နှိပ်ခုနှစ် – ၁၃၀၀ (၁၉၃၈)

– အဘိဓမ္မာ (၇)ကျမ်းလာ ပရမတ္ထသဘော သဘာဝများကို အကျဉ်းချုပ် ပြထားပြီး အဋ္ဌကထာ (၅၂)အုပ်တွင် အသေးငယ်ဆုံးလည်းဖြစ်သည့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို မြန်မာဘာသာဖြင့် အရေးအသား, အဓိပ္ပါယ် အယူအဆများ ဖွင့်ဆိုထားသည်။

==ooo==

– ဝိထိနှင့် သုံးချက်စု ဘာသာဋီကာကျမ်းကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။
စာမျက်နှာ – ၄၀၈
ကျမ်းပြုနှစ် – ၁၃၀၀ (၁၉၃၈)
ရိုက်နှိပ်ခုနှစ် – ၁၃၀၀ (၁၉၃၈)

– နာမ်ဝိထိ, ရုပ်ဝိထိအကြောင်းများ , ပဋ္ဌာန်း ၂၄–ပစ္စည်း၏ ပစ္စည်း–ပစ္စယုပ္ပန်–ပစ္စနိက်ဟူသော သုံးချက်စုများကို ရှေးဆရာတော်တို့၏ ဆိုရိုးများ ကိုမှီ၍ မကျဉ်းမကျယ် ဖွင့်ဆိုထားသည်။

==ooo==

၁၃၀၁ (1940) ခုနှစ် (၄၀)နှစ်အရွယ်

– ပါတိမောက်ဘာသာဋီကာကို ပြုစုသည်။

==ooo==

၁၃၀၂ (1941) ခုနှစ် (၄၁)နှစ်အရွယ်

– ပါတိမောက် ဘာသာဋီကာကျမ်းစာကို ရေးသားပြုစုပြီးစီးသည်။

– မန္တလေးမြို့ အဘယာရာမတိုက်မှ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြောင်းရွှေ့တော်မူသည်။ ထိုအချိန် မဟာဂန္ဓာရုံမှာ သံဃာ (၄)ပါးသာရှိသည်။

==ooo==

၁၃၀၃ (1942) ခုနှစ် (၄၂)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၅)ပါး သာမဏေ (၁၀) ပါး နှစ်ရပ်ပေါင်း သံဃာ (၁၅)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

– အမရပူရမြို့ မဟာဂန္ဓာရုံမှာ ဝါဆိုပြီး တပည့် (၂)ပါးအား စာချ၍ ရူပသိဒ္ဓိ ဘာသာဋီကာကျမ်းစာကို ရေးသားပြုစုသည်။

==ooo==

၁၃၀၄ (1943) ခုနှစ် (၄၃)နှစ်အရွယ်

– သင်္ကြန်တွင်း ဆယ်ရွာ၌ ဆရာတပည့်တစ်စု သီတင်းသုံးကာ ကျမ်းစာကို ရေးသားသည်။

– အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း တိုက်မှာဝါဆိုသည်။

– တပည့် (၅)ပါးအား စာချကာ ရူပသိဒ္ဓိဘာသာဋီကာ ကျမ်းစာကို ရေးသားပြုစုသည်

==ooo==

၁၃၀၅ (1944) ခုနှစ် (၄၄)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၇)ပါး သာမဏေ (၁) ပါး နှစ်ရပ်ပေါင်း သံဃာ (၈)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

– ဗုံးသံ,အမြောက်သံ,စက်သေနတ်သံကြားတွင် မဟာဂန္ဓာရုံကျောင်းတိုက်မှာ တစ်ပါးတည်းနေ၍ ကစ္စည်းဘာသာဋီကာကျမ်းစာကို ရေးသားပြုစုသည်။

==ooo==

၁၃၀၆ (1945) ခုနှစ် (၄၅)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၇)ပါး သာမဏေ (၆) ပါး နှစ်ရပ်ပေါင်း သံဃာ (၁၃)ပါးဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင် ကြသည်။

– စစ်ဘေး စစ်ဒဏ်ကြားတွင် တစ်ပါးတည်း ဆင်းဆင်းရဲရဲနေသည် ရုံဖန်ရုံခါ တပည့်ကြီးများ ရောက်ရောက်လာသည်။

==ooo==

၁၃၀၇ (1946) ခုနှစ် (၄၆)နှစ်အရွယ်

– ထိုနှစ်၌ရဟန်း (၂)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ်သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

==ooo==

၁၃၀၈ (1947) ခုနှစ် (၄၇)နှစ်အစွယ်

- ထိုနှစ်၌ ရဟန်း (၁၈)ပါး သာမဏေ (၂၉)ပါး နှစ်ရပ်ပေါင်း သံဃာ (၄၇)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။
- ဝါတွင်းကာလတွင် စာသင်သားသံဃာ (၄၆) ပါးကို အခြေခံမှစ၍ မူသစ် စနစ်သစ်ချကာ မိမိသဘောကျ သာသနာ့ပျိုးခင်းကို ထူထောင်သည်။

==ooo==

၁၃၀၉ (1948) ခုနှစ် (၄၈)နှစ်အစွယ်

- ဤနှစ်တွင် မယ်တော် ဒေါ်အုန်းလှိုင် ကွယ်လွန်သည်။
- ဝါတွင်းကာလတွင် ရဟန်း (၃၂) ပါး သာမဏေ (၂၉)ပါး နှစ်ရပ်ပေါင်း သံဃာ(၆၁)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။
- ယခု မဟာဂန္ဓာရုံ နာယကဆရာတော်များ ဖြစ်ကြသော အရှင် ကုဏ္ဍလာဘိဝံသနှင့် အရှင် ဣန္ဒောဘာသာဘိဝံသတို့ (ရှင်ကုဏ္ဍလ, ရှင်ဣန္ဒောဘာသအမည်ဖြင့်) မဟာဂန္ဓာရုံကျောင်း တိုက်သို့ စာသင်ရန် ရောက်လာကြသည်။
- နတ်တော်လမှာအနာဂတ်သာသနာရေးကျမ်းစာကို စတင် ရေးသား တော်မူသည်။

==ooo==

၁၃၁၀ (1949) ခုနှစ် (၄၉)နှစ်အစွယ်

- ထိုနှစ်၌ ရဟန်း (၃၈)ပါး သာမဏေ (၄၅)ပါး နှစ်ရပ်ပေါင်း သံဃာ (၈၃)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

– မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းအတွက် စာမျက်နှာ (၂၂)မျက်နှာရှိ သာမဏော စာတော်ပြန် စည်းမျဉ်းဥပဒေ ရေးဆွဲပေးသည်။

– ဗြဟ္မဇာလသုတ် မြန်မာပြန် ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၉၄
ကျမ်းပြုနှစ်	–	၁၃၁၀ (၁၉၄၈)
ရိုက်နှိပ်ခုနှစ်	–	၁၃၁၀ (၁၉၄၈)

– သီလက္ခန္ဓဝဂ် ပါဠိတော်၌ သီလအကြောင်း, သုညတာနှင့် သဗ္ဗညုတ ဉာဏ်တော်အကြောင်း, မိစ္ဆာအယူ(၆၂)ပါး အကြောင်း အရာ စသည်များကို ပြဆိုရာ ဗြဟ္မဇာလသုတ်တော်ကို မြန်မာပြန်ဆိုထားသည်။

==ooo==

– အနာဂတ်သာသနာရေးကျမ်းစာကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၅၀၀
ကျမ်းပြုနှစ်	–	၁၃၀၉ (၁၉၄၈)
ရိုက်နှိပ်ခုနှစ်	–	၁၃၁၀ (၁၉၄၉)

– ဗုဒ္ဓဒေသနာတော် အရေးနှင့်စပ်၍ ပြုပြင်သင့်သည့် အချက်အလက်များကို ဖော်ပြထားသည်။ ဗုဒ္ဓရတနာ, ဓမ္မရတနာ, သံဃာ့ရတနာ, မြန်မာပြည်သာသနာ, ကဿပဘုရားရှင်၏ နောက်ပိုင်းသာသနာ, အနာဂတ်သာသနာဟု အပိုင်း (၆)ပိုင်း ပါဝင်သည်။

==ooo==

– ကထာသလ္လာပသိက္ခာကျမ်းစာကို ရေးသားပြုစုတော်မူသည်။

==ooo==

၁၃၁၁ (1950) ခုနှစ် (၅၀)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၂၇)ပါး သာမဏေ (၃၀)ပါး နှစ်ရပ်ပေါင်း သံဃာ (၅၇)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

==ooo==

၁၃၁၂ (1951) ခုနှစ် (၅၁)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၂၉)ပါး သာမဏေ (၄၈)ပါး နှစ်ရပ်ပေါင်း သံဃာ (၇၇)ပါး ဝါကပ်သည်။
- အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အဦးဆုံး ဆက်ကပ်ခံရသည်။
- နတ်တော်လဆုတ် (၃) ရက်နေ့ ဦးကျော်ဝင်း ဒေါ်သိန်းတင်တို့က (၁၀.၂၁) ကေဝယ်၍ ဂန္ဓာရုံတိုက်၏ ဥပစာမြေ အဖြစ်လှူဒါန်းသည်။
- ဗုဒ္ဓဘာသာလက်စွဲ (ပ+ဒု+တ+စ) ကျမ်းစာတို့ကို ရေးသား ပြုစုပြီးစီးသည်။
- အခြေပြုမဂ်လသုတ်ကျမ်းစာများကို ရေးသားပြုစုပြီး ရိုက်နှိပ် စေတော်မူသည်။ ဓမ္မစကြာတရားဟောသည်။

စာမျက်နှာ – ၁၁၆
ကျမ်းပြုနှစ် – ၁၃၁၂ (၁၉၅၀)
ရိုက်နှိပ်ခုနှစ် – ၁၃၁၂ (၁၉၅၀)

- ရန်ကုန်မြို့ ဝိုင်,အမ်,ဘီ,အေအသင်းကြီး၏ လျှောက်ထားချက်အရ ခုဒ္ဒကနိကာယ် ခုဒ္ဒကပါဋ္ဌ, သုတ္တနိပါတပါဠိတို့တွင် ပါဝင်သည့် မင်္ဂလသုတ်လာ မင်္ဂလာတရား (၃၈)ပါးကို ဇာတ်ဝတ္ထုများ ကျက်ချင်စရာ လင်္ကာဆောင်ပုဒ် ကလေးများဖြင့် ရေးသားထားသည်။

- ဗုဒ္ဓဘာသာလက်စွဲကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – (ပ–တွဲ၊ ဒု–တွဲ) ၁၈၇ စီ
တ–တွဲ၊ စ–တွဲ) ၂၉၆ စီ
ကျမ်းပြုနှစ် – ၁၃၁၂ (၁၉၅၁)
ရိုက်နှိပ်ခုနှစ် – ၁၃၁၂ (၁၉၅၁)

- နိုင်ငံတော်အစိုးရ၏ စီမံလျှောက်ထားချက်အရ ကလေး သူငယ်များနှင့် သင့်လျော်၍ လက်တွေ့ ကျင့်သုံးနိုင်စေရန် ရေးသားထားသည်။

==ooo==

၁၃၁၃ (1952) ခုနှစ် (၅၂)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၃၄)ပါး သာမဏေ (၆၁) ပါး နှစ်ရပ်ပေါင်း သံဃာ (၉၅)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။
- သာမညဖလသုတ်တော် မြန်မာပြန်ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ် စေတော်မူသည်။

စာမျက်နှာ – ၁၅၀
ကျမ်းပြုနှစ် – ၁၃၁၃ (၁၉၅၁)
ရိုက်ခုနှစ် – ၁၃၁၃ (၁၉၅၁)

သီလက္ခန္ဓဝဂ္ဂ ပါဠိတော်၌ ဒုတိယသုတ်ဖြစ်ပြီး တိတ္ထိဆရာကြီး (၆)ယောက်၏ ဝါဒများ, ရှင်,ရဟန်းပြုရခြင်း၏ အကျိုးအဆင့်ဆင့်များ ပါဝင်သည့် သာမညဖလသုတ်တော်ကို အောက်ခြေရှင်းလင်းချက်များဖြင့် မြန်မာပြန်ဆိုထားသည်။

==ooo==

– စစ်တပ်တရားတော် ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၃၆
ကျမ်းပြုနှစ် – ၁၃၁၃ (၁၉၅၁)
ရိုက်ခုနှစ် – ၁၃၁၃ (၁၉၅၁)

– ၁၃၁၃–ခု ကဆုန်လဆန်း (၁)ရက် [၆၊ ၅၊ ၅၁] ည (၇)နာရီတွင် ''စစ်တပ်နှင့် သာသနာတော်သည် နိုင်ငံတော်၏အားထားရာဖြစ်ကြောင်း'' ဟူသော ခေါင်းစဉ်ဖြင့် မင်္ဂလာဒုံစစ်တပ်၌ ဟောကြားခဲ့သည့် တရားတော်ဖြစ်သည်။

– ရုပ်စုံဗုဒ္ဓသာသနာဝင်ကို ရေးသားပြုစုတော်မူသည်။

==ooo==

၁၃၁၄ (1953) ခုနှစ် (၅၃)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၄၇)ပါး သာမဏေ (၇၅)ပါး နှစ်ရပ်ပေါင်း သံဃာ (၁၂၂)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

– မဇ္ဈလေးမြို့ နန္ဒဝံသစ်စက်ပိုင် ဦးဘတင် ဒေါ်မိမိလေးတို့က မြေရိုင်း (၈.၃၂) ဧက၊

– ဒေါ်စိန်ရှင်, ဆရာလေးဒေါ်တုန, ဒေါ်ဝါယမီ, ဒေါ်ရီ တို့မှ (၂.၁၃) ဧက၊

– ဆရာထွန်း ဒေါ်လှကြည်မှ (၄.၁) ဧက လှူဒါန်းကြသည်။

– ရုပ်ပုံရှင်ကျင့်ဝတ်ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၂၄၅
ကျမ်းပြုနှစ် – ၁၃၁၄ (၁၉၅၂)
ရိုက်ခုနှစ် – ၁၃၁၄ (၁၉၅၂)

- ရှင်ပြုကိစ္စတွင် လိုရင်းဖြစ်သည့် ခေါင်းရိတ်, သင်္ကန်းဝတ်, သရဏဂုံပေးခြင်းကိစ္စများ ရှင်သာမဏေကလေးများ နေပုံ ထိုင်ပုံ ဝတ်ပုံစားပုံမှ စ၍ အရာရာတွင် စနစ်တကျဖြစ်စေရန် ရည်သန်၍ ရေးသားထားသည်။ လိင်, ဒဏ်, သေဒိယနှင့် ခန္ဓကဝတ်စသည်တို့၏ အဓိပ္ပါယ်, ပါဠိ နိဿယ လေ့ကျင့်ခန်းများ ပါဝင်သည်။

==ooo==

၁၃၁၅ (1954) ခုနှစ် (၅၄)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း(၃၃)ပါး သာမဏေ (၇၆) ပါး နှစ်ရပ်ပေါင်း သံဃာ (၁၀၉)ပါး ဝါကပ်တော်မူ၍ ပရိယတ်, ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။
- ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် ဆဋ္ဌသံဂီတိဩဝါဒစရိယ, သံဃနာယက, ဘာရနိတ္ထာရက, ပါဋိပဋိဝိသောဓက, ဆဋ္ဌသံဂီတိဩသာနသောဓေယျပတ္တပါဋ္ဌက ဆရာတော်အဖြစ် သံဃာ့ဥဿျောင်မထေရ်ကြီးများ၏ တင်မြှောက်မှုကိုခံယူရသည်။
- ရုပ်စုံဗုဒ္ဓသာသနာဝင် ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူခဲ့သည်။

စာမျက်နှာ	–	၆၅
ကျမ်းပြုနှစ်	–	၁၃၁၃ (၁၉၅၁)
ရိုက်ခုနှစ်	–	၁၃၁၅ (၁၉၅၃)

ရန်ကုန်မြို့ ဝိုင်, အမ်, ဘီ, အေအသင်းကြီး၏ လျှောက်ထားချက်အရ ဘုရားရှင် အလောင်းတော်ဘဝမှ စ၍ ဘုရားဖြစ်ပြီး ပရိနိဗ္ဗာန်စံတော်မူချိန် အထိ ဖြစ်တော်စဉ်များ ဘုရားရှင်လက်ထက်တော်မှ သာသနာရေးဖြစ်စဉ်များ, သံဂါယနာတင်ခန်း စသည်များကို အခန်း (၆၅)ခန်းဖြင့် ရေးထားသည်။ အခန်းတိုင်းတွင် ပန်းချီ ဦးဗကြည် ရောင်စုံပန်းချီများဖြင့် ခြယ်မှုန်းထားသည်။

==ooo==

၁၃၁၆ (1955) ခုနှစ် (၅၅)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၄၂)ပါး သာမဏေ (၇၂) ပါး နှစ်ရပ်ပေါင်း သံဃာ (၁၁၄)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။
- မန္တလေး စိန်မေရီကျောင်းတွင် နိုင်ငံခြားသာသနာပြုရေး တင်ပြပြောဆိုသည်။
- တွဲဖက် အခြေပြုသဒ္ဒါ (နာမ်ဂိုဏ်း အာချာတ် ဂိုဏ်း) ကျမ်းစာ, ကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	-	၁၄၁
ကျမ်းပြုခုနှစ်	-	၁၃၁၆ (၁၉၅၄)
ရိုက်နှိပ်ခုနှစ်	-	၁၃၁၆ (၁၉၅၄)

- အခြေပြုသဒ္ဒါကျမ်းနှင့် တွဲဖက်သင်ယူရန် ကစ္စည်းသဒ္ဒါကျမ်းမှ သုတ်စဉ်များ, နာမ်ဂိုဏ်း (၁၃)ဂိုဏ်း, အာချာတ်ဂိုဏ်း (၈)ဂိုဏ်း ရုပ်စဉ်ပုံများ, ဂိုဏ်းဝင်ပုဒ် ဂါထာနှင့် နိဿယများ,ရူပသိဒ္ဓိ,သဒ္ဒနီတိ, မောဂ္ဂလ္လာန် စသည့် သဒ္ဒါကျမ်းတို့နှင့် တိုက်ဆိုင်ထားသည့် ရုပ်ပြီးပုံများ,လင်္ကားများ ပါဝင်သည်။

==ooo==

၁၃၁၇ (1956) ခုနှစ် (၅၆)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၄၈)ပါး သာမဏေ (၈၄)ပါး နှစ်ရပ်ပေါင်း သံဃာ (၁၃၂)ပါး ဝါကပ်တော်မူသည်။
- ဗုဒ္ဓဝင်အမေးအဖြေကျမ်းစာကို ရေးသားပြုစုတော်မူသည်။

==ooo==

၁၃၁၈ (1957) ခုနှစ် (၅၇)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၃၈)ပါး သာမဏေ (၆၉)ပါး နှစ်ရပ်ပေါင်း သံဃာ (၁၀၇)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

– ဗုဒ္ဓဝင်အမေးအဖြေ ကျမ်းစာကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၁၄၅
ကျမ်းပြုနှစ်	–	၁၃၁၇ (၁၉၅၅)
ရိုက်နှိပ်ခုနှစ်	–	၁၃၁၈ (၁၉၅၆)

အလောင်းတော်ဘဝ ပါရမီဖြည့်ပုံမှ စ၍ ဘုရားရှင်၏ (၄၅)ဝါ ကာလအတွင်း ဗုဒ္ဓဖြစ်တော်စဉ်မျှးကို သိနိုင်ရန် ရည်ရွယ်ပြီး အမေးအဖြေ လက်ဘသံပေါက်ကလေးများ အောက်ခြေ ရှင်းလင်း ချက် အဓိပ္ပါယ်များဖြင့် ရေးသားထားသည်။ သာသနာနှစ် ၂၅၀၀– ပြည့်(သာသနာတဝက်ပြည့်)ပွဲကြိုးကို ပူဇော်သည့်အနေဖြင့် ရေးသည်။

==ooo==

– ရူပသိဒ္ဓိဘာသာဋီကာ (ပထမတွဲ)ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	ပတွဲ–၆၀၅။
ကျမ်းပြုနှစ်	–	၁၃၀၅ (၁၉၄၃)
ရိုက်နှိပ်ခုနှစ်	–	၁၃၁၈ (၁၉၅၅)

– ပဒရူပသိဒ္ဓိကျမ်းကို နျာသနှင့် ပါဠိတော်,အဋ္ဌကထာ,ဋီကာကျမ်း များ,မူဒွဗောဓ, ကာတန္တ (ကလာပ်)ဟူသော သက္ကတသဒ္ဒါကျမ်း များ, ထောမနိဓိအဘိဓာန်နှင့် မောဂ္ဂလ္လာန်စာကိုယ် နိဿယသစ် ကျမ်းများကို မှီငြမ်း၍ ဖွင့်ပြထားသည်

==ooo==

– ကစွညး်ဘာသာဋီကာ(ပထမတွဲ) ကျမ်းစာတို့ကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ပတွဲ–၅၄၈။
ကျမ်းပြုနှစ် – ၁၃၀၈ (၁၉၄၆)
ရိုက်နှိပ်ခုနှစ် – ၁၃၁၈ (၁၉၄၆)

– ကစွညး်သဒ္ဒါကြီးကျမ်းကို မုဒ္ဓဗောဓ, ကာတန္တ (ကလာပ်)ဟူသော သက္ကတသဒ္ဒါကျမ်းများ, သဒ္ဒနီတိ, ချာသစသော ဋီကာများ မောဂ္ဂလ္လာန် စာကိုယ် ပဋ္ဌိကာနိဿယသစ် ကျမ်းများကို မှီငြမ်း၍ ဖွင့်ဆိုထားသည်။

==ooo==

– ပါဠိသိက္ခာနှင့် သဒ္ဒါအကျဉ်းကျမ်းစာကို ရိုက်နှိပ်စေသည်။

စာမျက်နှာ – ၂၁၃
ကျမ်းပြုနှစ် – ၁၃၁၈ (၁၉၅၆)
ရိုက်နှိပ်ခုနှစ် – ၁၃၁၈ (၁၉၅၆)

==ooo==

၁၃၁၉ (1958) ခုနှစ် (၅၈)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၄၁)ပါး သာမဏေ (၇၁) ပါး နှစ်ရပ်ပေါင်း သံဃာ (၁၁၂)ပါး ဝါကပ်တော်မူ၍ ပရိယတ်, ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။

– ပြာသိုလပြည့်နေ့ ရန်ကုန် ကမ္ဘာအေး မဟာဂန္ဓာရုံတိုက်အတွင်း သိမ်သမုတ်၍ **"သာသနာ့ ဝိသုဒ္ဓိသိမ်"** ဟု အမည်ပေးတော်မူသည်။

– ဘုရားဥပဒေတော်ကြီးကျမ်းစာကို ရေးသားပြုစုသည်။

– ပါရာဇိကဏ် ဘာသာဋီကာကျမ်းစာကို စတင်ပို့ချ ရေးသားသည်။

– မဟာဂန္ဓာရုံသံဃာ့ပရိသတ်ကို အစိုးရပြန်ကြားရေးဌာနမှ ရုပ်ရှင်ရိုက်ကူး မှတ်တမ်းတင်သွားသည်။

– ရူပသိဒ္ဓိဘာသာဋီကာ (ဒုတိယတွဲ)ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ် စေတော်မူသည်။

စာမျက်နှာ – ၆၀၂
ကျမ်းပြုနှစ် – ၁၃၀၅ (၁၉၄၃)
ရိုက်နှိပ်ခုနှစ် – ၁၃၁၉ (၁၉၅၇)

==ooo==

– ဘုရားဥပဒေတော်ကြီးကျမ်းစာကို ပြုစုရေးသားပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၄၆၂
ကျမ်းပြုနှစ် – ၁၃၁၉ (၁၉၅၇)
ရိုက်နှိပ်ခုနှစ် – ၁၃၁၉ (၁၉၅၇)

– ဝိနည်းပါဠိတော်ရင်းအတိုင်း နားလည်ပြီး ကောင်းမွန်စွာ ကျင့်သုံးတတ်စေရန် လူပုဂ္ဂိုလ်များလည်း ဝိနည်းကို လွယ်ကူစွာ နားလည်ပြီး နားလည်သည့်အတိုင်း သာသနာပြုတတ်ကြစေရန် စသည့် ရည်ရွယ်ချက် (၅)မျိုးဖြင့် ရေးသားထားသည်။

သိက္ခာပုဒ် တိုင်း၏ အမှု, အမှုသည်, ဥပဒေပညတ်ချက် စသည်များကို ရေးသားထားသည့် ကျမ်းဖြစ်သည်။

==ooo==

– ကစ္စည်းဘာသာဋီကာကျမ်းစာ (ဒုတိယတွဲ)ကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၆၀၂
ကျမ်းပြုနှစ် – ၁၃၀၈ (၁၉၄၆)
ရိုက်နှိပ်ခုနှစ် – ၁၃၁၉ (၁၉၅၇)

==ooo==

၁၃၂၀ (1959) ခုနှစ် (၅၉)နှစ်အရွယ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ဝါကပ်တော်မူကြသော ရဟန်း (၃၆)ပါး သာမဏေ (၈၀) ပါး နှစ်ရပ်ပေါင်း (၁၁၆) ပါးသောသံဃာ တို့ကို အုပ်ချုပ်လျှက် ပရိယတ် ပဋိပတ်အလုပ်အားထုတ်စေတော်မူသည်။

– ပါတိမောက်ဘာသာဋီကာကျမ်းစာကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၄၇၃
ကျမ်းပြုနှစ်	–	၁၃၀၂ (၁၉၄၀)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၀ (၁၉၅၈)

– ဒွေမာတိကာ သိက္ခာပုဒ်တော်များကို သဒ္ဒါနည်းကျသော နိဿယများ, အောက်ခြေရှင်းလင်းချက် ခက်ဆစ်အဓိပ္ပါယ်များ လင်္ကာဆောင်ပုဒ်များ, လေ့ကျင့်ခန်း မေးခွန်းများ,သိက္ခာပုဒ် အဂ်ိများ စသည်တို့ဖြင့် ဝိနည်းနှင့်စပ်သည့် လိုရင်းအဓိပ္ပါယ်များကို ဖွင့်ပြထားသည်။

==ooo==

– ပါရာဇိကဏ်ဘာသာဋီကာ (ပထမတွဲ)ကျမ်းစာကို ရေးသားတော်မူသည်။

==ooo==

၁၃၂၁ (1960) ခုနှစ် (၆၀)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၄၉)ပါး သာမဏေ (၈၁) ပါး နှစ်ရပ်ပေါင်း သံဃာ (၁၃၀)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

– သီတင်းကျွတ်လဆန်း (၈) ရက် ပရဟိတ သံဃာ့အစည်းအဝေး၌ လျှောက်ထားပန်ကြားသည်။

– အဘိဓမ္မတ္ထသင်္ဂဟပါဠိ (အရှင်ဇနကာဘိဝံသမူ) ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၁၈၈
ကျမ်းပြုနှစ် – ၁၃၂၁ (၁၉၅၉)
ရိုက်နှိပ်ခုနှစ် – ၁၃၂၁ (၁၉၅၉

– အဘိဓမ္မတ္ထသင်္ဂဟပါဠိတို့ကို စာအထားအသို ရှင်းလင်းပြီး ခေတ် မီမြင့်ဆင်ကာ လိုအပ်သည့်နေရာများ၌ အခြေပြုသရုပ်ဟော်ကျမ်း လာ လင်္ကာ,ဆောင်ပုဒ်များကို အောက်ခြေမှ ထည့်သွင်းလျက် ''အရှင်ဇနကာဘိဝံသ''မူ အဖြစ် စီစဉ်ထားသည်။

==ooo==

– အလင်္ကာဘာသာဋီကာကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေ တော်မူသည့်

စာမျက်နှာ – ၅၇၆
ကျမ်းပြုနှစ် – ၁၃၂၁ (၁၉၅၉)
ရိုက်နှိပ်ခုနှစ် – ၁၃၂၁ (၁၉၅၉)

==ooo==

– ဘာသာသွေးကျမ်းစာတို့ကို ရေးသားပြုစုပြီးစီးတော်မူသည်။

==ooo==

– ပါရာဇိကဏ်ဘာသာဋီကာ (ပထမ)တွဲ ကျမ်းစာ ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၆၅၆
ကျမ်းပြုနှစ် – ၁၃၂၁ (၁၉၆၀)
ရိုက်နှိပ်ခုနှစ် – ၁၃၂၁ (၁၉၆၀)

==ooo==

၁၃၂၂ (1961) ခုနှစ် (၆၁)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၆၁)ပါး သာမဏေ (၂၃၈) ပါး နှစ်ရပ်ပေါင်း သံဃာ (၂၉၉)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။
- ပါရာဇိကဏ်ဘာသာဋီကာ (ပ, ဒု, တ, စ) ကျမ်းစာများကို ရေးသားပြုစုပြီးစီးတော်မူသည်။
- ရွှေကျင်ဂိုဏ်းအတွက် ဝိနိစ္ဆယဋ္ဌာနနှင့် ခုဉ္စပဒေစိစစ်ချက်စာတမ်းကို ရေးသားသည်။
- ဋီကာကျော်နီသယကျမ်းကို ရေးသားပြုစုတော်မူသည်။

==ooo==

၁၃၂၃ (1962) ခုနှစ် (၆၂) နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၅၀)ပါး သာမဏေ (၁၈၅)ပါး နှစ်ရပ်ပေါင်း သံဃာ (၂၃၅)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။
- အဋ္ဌသာလိနီဘာသာဋီကာ စတင်ပို့ချရေးသားသည်။
- မဟာဂန္ဓာရုံကျောင်း တိုက်ခွဲအဖြစ် အရှင်သူရိယက စစ်ကိုင်းတိုင်း မုံရွာမြို့၌ ဝိဇ္ဇာ သိပ္ပံကျောင်းတိုက်ကို စတင်တည်ထောင်သည်။
- ဘေဒစိန္တာဘာသာဋီကာကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေ တော်မူသည်။

စာမျက်နှာ	-	၃၅၂
ကျမ်းပြုနှစ်	-	၁၃၂၃ (၁၉၆၁)
ရိုက်နှိပ်ခုနှစ်	-	၁၃၂၃ (၁၉၆၁)

သဒ္ဒါငယ် (၁၅)ကျမ်းတွင် ပါဝင်ကြသည့် ကျမ်းဆရာ၏ ဆိုလိုရင်း အဓိပ္ပါယ် တိမ်မြုပ်ကွယ်ဝှက်လွန်းသည့် ဂါထာပုဒ်ရေ (၄၀၀)ရှိ သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို ပေါ်လွင်စွာ ဖွင့်ပြထားသည်။

==ooo==

– ကစ္စာယနသာရဘာသာဌီကာ ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ် စေတော်မူသည်။

စာမျက်နှာ	–	၁၁၀
ကျမ်းပြုနှစ်	–	၁၃၂၃ (၁၉၆၁)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၃ (၁၉၆၁)

ကစ္စည်းကျမ်း၏ အနှစ်အသား ခက်ခဲသည့် အဓိပ္ပါယ်များကို ဂဏ္ဌိမှတ်စု သဘောမျိုးဖြင့် ရေးထားသည့် ဂါထာပုဒ်ရေ ၆၉-ပုဒ်ရှိ ကစ္စာယနသာရကျမ်းကို အဖွင့်ဋီကာဟောင်း ဋီကာသစ် ဒီပနီကျမ်းများနှင့် တိုက်ဆိုင်၍ ပေါ်လွင်စွာ ဖွင့်ပြထားသည်။

==ooo==

– ပါရာဇိကဏ်ဘာသာဋီကာ (ဒုတိယ) တွဲကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၇၂၁
ကျမ်းပြုနှစ်	–	၁၃၂၂ (၁၉၆၀)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၃ (၁၉၆၁)

==ooo==

– ပါရာဇိကဏ်ဘာသာဋီကာ (တတိယ)တွဲကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၇၂၁
ကျမ်းပြုနှစ်	–	၁၃၂၂ (၁၉၆၀)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၃ (၁၉၆၁)

ပါရာဇိကပါဠိ၏ အဖွင့် ပါရာဇိကဏ် အဋ္ဌကထာကို အနက်ဉာဏ် ကြီးရင့်ပြီ ပါဠိ၊ ဋီကာနိုင်နင်းစွာကြည့်ရှုနိုင်စေရန် သဒ္ဒါနည်းကျနသော နိဿယ, အောက်ခြေမှ ဋီကာသဘောသွား အဖွင့်များဖြင့် သာရတ္ထဋီကာ,ဝိမတိဋီကာကြီးများနှင့် နောက်ဆုံးပေါ် မအူနိဿယကို မှီ၍ ဖွင့်ပြထားသည်။

==ooo==

- အဋ္ဌသာလိနီဘာသာဋီကာ (တတိယ)တွဲကို ရေးသားပြုစုသည်။

==ooo==

၁၃၂၄ (1963) ခုနှစ် (၆၃) နှစ်အစွယ်

- ထိုနှစ်၌ ရဟန်း (၅၅)ပါး သာမဏေ (၂၀၈)ပါး နှစ်ရပ်ပေါင်း သံဃာ (၂၆၃)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။
- အဋ္ဌသာလိနီဘာသာဋီကာ (ပထမ)တွဲကို ရေးသားပြုစုသည်။
- မြန်မာနိုင်ငံအစိုးရ သာသနာရေးဌာနမှ ဦးခင်မောင်ကျော်ခေါင်း ဆောင်၍ ဂျပန်ပြည်က တစ်နေ့တာရိုက်ဖို့ လျှောက်ထားသည်။
- ပါရာဇိကဏ်ဘာသာဋီကာ (စတုတ္ထ)တွဲကျမ်းစာကို ရိုက်နှိပ် စေတော်မူသည်။

စာမျက်နှာ	–	၅၄၆
ကျမ်းပြုနှစ်	–	၁၃၂၃ (၁၉၆၁)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၄ (၁၉၆၂)

==ooo==

- မဟာသမယသုတ် နိဿယကို ပို့ချ ရေးသားတော်မူပြီး ရိုက်နှိပ် စေမူသည်။

စာမျက်နှာ	–	၅၁
ကျမ်းပြုနှစ်	–	၁၃၂၄ (၁၉၆၂)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၄ (၁၉၆၂)

- ဤသုတ်တွင် နတ်တို့၏ အမည်နာမများ, ဂုဏ်ထူးဝိသေသများ မာရ်နတ်နှောက်ယှက်သော်လည်း ဘုရားရှင်၏ တပည့်,သာဝကတို့ မတုန်လှုပ်ပုံများ စသည်တို့ဖြင့် ဟောတော်မူထားရာ နတ်,ဗြဟ္မာ ကုဋေတစ်သိန်းစီ ကျွတ်တမ်းဝင်ခဲ့သည့် သုတ်တော်ကြီးသုံးသုတ် တွင် တစ်သုတ်အပါအဝင် ဖြစ်သည်။

==ooo==

- ဦးကာကျော်နိသယကျမ်းစာကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ - ၆၅၄
ကျမ်းပြုနှစ် - ၁၃၂၂ (၁၉၆၀)
ရိုက်နှိပ်ခုနှစ် - ၁၃၂၄ (၁၉၆၂)

- အဘိဓမ္မတ္ထဝိဘာဝိနီ အမည်ရှိသော ဦးကာကျော်ပါဠိကို ထိုက်သင့်သမျှ အောက်ခြေမှ အဓိပ္ပါယ်များဖြင့် နိသယရေးထားသည်။

==ooo==

၁၃၂၅ (1964) ခုနှစ် (၆၄)နှစ်အစွယ်

- ထိုနှစ်၌ ရဟန်း (၆၁)ပါး သာမဏေ (၂၈၉) ပါး နှစ်ရပ်ပေါင်း သံဃာ (၃၅၀)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

- သာသနာတော်ရေး လျှောက်ထားချက်စာအုပ်ကို ရေးသားပြီး ရိုက်နှိပ်စေ တော်မူသည်။

စာမျက်နှာ - ၁၀၀
ကျမ်းပြုနှစ် - ၁၃၂၅ (၁၉၆၃)
ရိုက်နှိပ်ခုနှစ် - ၁၃၂၅ (၁၉၆၄)

- ၁၃၂၅-ခု၊ နတ်တော်လတွင် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပသည့် ဒသမအကြိမ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးတွင် အပိုင်းသုံးပိုင်းဖြင့် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

==ooo==

ကခ်ီဘာသာဋီကာ (ပထမ)တွဲ ကျမ်းစာကို ရိုက်နှိပ်စေသည်။

စာမျက်နှာ	–	၄၆၉
ကျမ်းပြုနှစ်	–	၁၃၂၀ (၁၉၅၈)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၅ (၁၉၆၃)

ကခ်ီဝိတရဏီအဋ္ဌကထာကို ဝိနည်းအဖွင့် အဋ္ဌကထာကျမ်းကြီးများ, ဤအဋ္ဌကထာအဖွင့် ဋီကာသစ်, ဋီကာဟောင်း စသည့် ကျမ်းများကို မှီ၍ ပါဠိ,ဋီကာ လွယ်ကူစွာ ကြည့်ရှုနိုင်ရန် အခြေခံ မပြည့်ဝသူများအတွက် ဖွင့်ပြထားသည်။

==ooo==

– မူလတန်း ဘာသာရေးစာအုပ်ကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၉၀
ကျမ်းပြုနှစ်	–	၁၃၂၅ (၁၉၆၃)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၆ (၁၉၆၃)

==ooo==

– ပါစိတ်ဘာသာဋီကာကို ရေးသားပြုစုသည်။

– အဋ္ဌသာလိနီဘာသာဋီကာ (ဒုတိယ)တွဲကို ရေးသားပြုစုသည်။

– ဗုဒ္ဓဘာသာသင်ခန်းစာကို ဝိုင်–အမ်–ဘီ–အေ အသင်းကြီး၏ လျှောက်ထားချက်အရ ရေးသားပြုစုသည်။

==ooo==

၁၃၂၆ (1965) ခုနှစ် (၆၅)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၆၁)ပါး သာမဏေ (၂၄၁) ပါး နှစ်ရပ်ပေါင်း သံဃာ (၃၀၂)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

– ပါစိတ်ဘာသာဋီကာကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူခဲ့သည်။

စာမျက်နှာ – ပ-တွဲ ၄၂၃/ ဒု-တွဲ ၃၉၂
ကျမ်းပြုနှစ် – ၁၃၂၅ (၁၉၆၄)
ရိုက်နှိပ်ခုနှစ် – ၁၃၂၆ (၁၉၆၅)

– ပါစိတ် အဋ္ဌကထာကို သာရတ္ထ, ဝိမတိဋီကာကျမ်းများ, ယောဇနာစသည့် ကျမ်းများနှင့် တိုက်ဆိုင်ပြီး ဖွင့်ဆိုရေးသားထားသည်။ တွဲဖက်ပို့ချရန် ပါဠိတော် နိဿယများ ပါဝင်သည်။

==ooo==

– သာသနာတော် သန့်ရှင်းပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာတော်နှစ်ထောင်ကျော် အစည်းအဝေးဌာ ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ဦးသုန္ဒရ၏ ဩဝါဒ ကထာအကျယ်စာအုပ် (ထိုဆရာတော်၏ အမိန့်အရရေးသည်) တို့ကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၎၁
ကျမ်းပြုနှစ် – ၁၃၂၆ (၁၉၆၄)
ရိုက်နှိပ်ခုနှစ် – ၁၃၂၆ (၁၉၆၄)

– ၁၃၂၆-ခု၊ တပေါင်းလတွင် သာသနာတော် သန့်ရှင်းပြန့်ပွားရေး အတွက် မော်ဘီမြို့တွင် ကျင်းပခဲ့သည့် အစည်းအဝေးကြီးတွင် အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူဆရာတော်ကြီး ဩဝါဒပေးရန် ရေးသားရသောကျမ်းဖြစ်သည်။

==ooo==

– ပဌမပြန်ညွှန်ပြချက် စာအုပ်ကို ရေးသား၍ ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၂၈
ကျမ်းပြုနှစ် – ၁၃၂၆ (၁၉၆၅)
ရိုက်နှိပ်ခုနှစ် – ၁၃၂၆ (၁၉၆၅)

- ပထမပြန်စာမေးပွဲများအတွက် ညွှန်ပြထားသည့် စည်းမျဉ်း ဖြစ်သည်။ ဤစည်းမျဉ်းတွင် အဆင့်အတန်းအလိုက် သင်ယူထိုက် သောကျမ်းစာ မေးနည်း ဖြေနည်းစသည်များကို ဖော်ပြထား သည်။ သဘာပတိ ပခုက္ကူ ဆရာတော်ဘုရားကြီး၏ အမိန့်တော် အရ မော်ဘီသံဃာ့အစည်းအဝေးကြီးတွင် ရေးသားတင်ပြသည်။

==ooo==

- ဘာသာရေး ပြဿနာများစာအုပ်ကို ရေးသားပြုစုပြီး ရိုက်နှိပ် စေတော်မူခဲ့သည်။

စာမျက်နှာ – ၁၁၁
ကျမ်းပြုနှစ် – ၁၃၂၆ (၁၉၆၄)
ရိုက်နှိပ်ခုနှစ် – ၁၃၂၆ (၁၉၆၄)

၁၃၂၆–ခုနှစ် ပထမဝါဆိုလတွင် ဂါဒီယန်သတင်းစာ အယ်ဒီတာ ချုပ်ဟောင်း ဦးစိန်ဝင်း လျှောက်ထားမေးမြန်းခဲ့သည့် ဘာသာရေး ပြဿနာ မေးခွန်း (၄၂)မျိုးကို ဖြေဆိုထားသည်။

==ooo==

- ဂါထာပေါင်းချုပ် စာအုပ်ကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော် မူခဲ့သည်။

စာမျက်နှာ – ၆၄
ကျမ်းပြုနှစ် – ၁၃၂၆ (၁၉၆၄)
ရိုက်နှိပ်ခုနှစ် – ၁၃၂၆ (၁၉၆၄)

- ကိုယ်တိုင် ရေးစပ်ခဲ့သည့် ဂါထာများ, ပိဋကတ်စာပေမှ မှတ်သားဖွယ် ကောင်းသည့် ဂါထာများကို နိဿယများဖြင့် ရေးသားထားသည့် ဂါထာပေါင်း (၅၈)ပုဒ် ပါဝင်သည်။

==ooo==

၁၃၂၇ (1966) ခုနှစ် (၆၆)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၇၀)ပါး သာမဏေ (၂၅၆) ပါး နှစ်ရပ်ပေါင်း သံဃာ (၃၂၆)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။
- အင်္ဂလန်မှ ပရိဖက်ဆာဆရာကြီးတစ်ယောက် ဘာသာရေးနှင့် ဆိုင်ရာများ လျှောက်ထားမေးမြန်းသည်။
- အဋ္ဌသာလိနီဘာသာဋီကာ (စတုတ္ထ)တွဲကို ရေးသားပြုစုသည်။
- သီတင်းကျွတ်လတွင် **ဝိနည်း မဟာဝါဘာသာဋီကာ** (ပထမတွဲ, ဒုတိယတွဲ) ကျမ်းစာများကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	(ပ)တွဲ–၆၃၉/ (ဒု)တွဲ–၁၀၂၆
ကျမ်းပြုနှစ်	–	၁၃၂၇ (၁၉၆၅)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၇ (၁၉၆၅)

- မဟာဝါအဋ္ဌကထာကို သာရတ္ထ, ဝိမတိဋီကာ, ယောဇနာ, မဏ္ဍူဆရာတော်၏ နိဿယများကို အမှီပြုပြီး ဖွင့်ပြထားသည်။ တွဲဖက်ပို့ချရန် ပါဠိတော်နိဿယများ ပါဝင်သည်။

==ooo==

၁၃၂၈ (1967) ခုနှစ် (၆၇)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၆၃)ပါး သာမဏေ (၂၆၀)ပါး နှစ်ရပ်ပေါင်း သံဃာ (၃၂၃)ပါး ဝါကပ်တော်မူ၍ ပရိယတ်, ပဋိပတ် သာသနာ့တာဝန် ထမ်း ဆောင်ကြသည်။
- တန်ဆူးလ ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဦးဖေမောင်တင်မှ ဆရာတော်၏ အနတ္တလက္ခဏသုတ်ကို နာရ၍ မရှင်းလင်းသော အချက်အလက်များမေးမြန်း လျှောက်ထားရာ အကျယ်တဝင့် ဖြေကြားသည်။

– ဒုတိယဝါဆိုလဆန်း (၅) ရက် သီရိလင်္ကာနိုင်ငံမှ ယဉ်ကျေးမှု ဆိုင်ရာ (မဟာမင်းကြီး) ရောက်လာ၏။ မေတ္တာကို အရင်းခံပြီး ဗုဒ္ဓယဉ်ကျေးမှုနှင့် ညှိခံသည်။

– **အဋ္ဌသာလိနီဘာသာဋီကာ** (ပထမတွဲ, ဒုတိယတွဲ, တတိယတွဲ, စတုတ္ထတွဲ) ကျမ်းများနှင့် မူလဋီကာ နိဿယ, ဓမ္မသင်္ဂဏီပါဠိတော် နိဿယ ကျမ်းများကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	(ပ)တွဲ–၆၅၇/ (ဒု)တွဲ–၇၀၉/ တ(တွဲ)–၅၉၆/ (စ) တွဲ–၆၂၂
ကျမ်းပြုနှစ်	–	(ပ)တွဲ–၁၃၂၄ (၁၉၆၂) / (ဒု)တွဲ–၁၃၂၅ (၁၉၆၃) (တ) တွဲ–၁၃၂၃ (၁၉၆၁) / (စ)တွဲ–၁၃၂၇ (၁၉၆၅)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၈ (၁၉၆၆)

– ဓမ္မသင်္ဂဏီ၏ အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာကို မူလဋီကာ–အနု မဓုဋီကာ,ယောဇနာကျမ်းများကိုမှီး၍ ပြည်နိဿယ, မြို့ပြင်ကြီး ဂဏ္ဌိတို့နှင့် ညှိနှိုင်းဖွင့်ဆိုထားသည်။ ဤအဋ္ဌကထာ၏အဖွင့် မူလဋီကာ၏ နိဿယများ ပါဠိတော်နိဿယများ ပါဝင်သည်။

==ooo==

– **ကခ်ီဘာသာဋီကာ** (ဒုတိယတွဲ) ကျမ်းစာကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၄၁၆
ကျမ်းပြုနှစ်	–	၁၃၂၀ (၁၉၅၈)
ရိုက်နှိပ်ခုနှစ်	–	၁၃၂၈ (၁၉၆၆)

==ooo==

၁၃၂၉ (1968) ခုနှစ် (၆၈)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၆၅)ပါး သာမဏေ (၁၄၁) ပါး နှစ်ရပ်ပေါင်း သံဃာ (၂၀၆)ပါး ဝါကပ်တော်မူ၍ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။
- ပြင်သစ်ကုလသမဂ္ဂ ကျန်းမာရေးဌာနမှ ရုပ်ရှင်ရိုက်ဖို့ရန် တောင်းပန်၍ ရုပ်ရှင်မှတ်တမ်း ရိုက်ကြသည်။
- အဋ္ဌကထာအခြေပြုကျမ်းစာကို ရေးသားပြုစုပြီးစီးသည်။

==ooo==

၁၃၃၀ (1969) ခုနှစ် (၆၉)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၈၅)ပါး သာမဏေ (၁၄၀) ပါး နှစ်ရပ်ပေါင်း သံဃာ (၂၂၅)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

- နတ်တော်လဆန်း (၁၂) ရက်နေ့ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကို ချီးမြှောက်ရန် ''အဘိဓဇမဟာရဋ္ဌဂုရု'' ဘွဲ့တံဆိပ်တော်ရသက်တော် (၈၉) နှစ်ရှိ ပခုက္ကူမဟာဝိသုတာရာမတိုက် ဆရာတော်ကြီး ဦးသုန္ဒရ ကွယ်လွန်တော်မူသည်။
- သီလကွန်ဘာသာဦးကာ (ပထမ) (ဒုတိယ)တွဲ တို့ကို ရေးသားပြုစုသည်။

==ooo==

၁၃၃၁ (1970) ခုနှစ် (၇၀)နှစ်အရွယ်

- မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၉၇)ပါး သာမဏေ (၁၆၃) ပါး နှစ်ရပ်ပေါင်း (၂၆၀) ပါးသော သံဃာတော်များကို အုပ်ချုပ်ကာ စာချခြင်း, စာရေးခြင်းစသော ပရိယတ် ပဋိပတ် အလုပ်တို့ကို အားထုတ်တော်မူသည်။

– သီလကွန်ဘာသာဋီကာ (တတိယ) (စတုတ္ထ)တွဲ တို့ကို ရေးသားပြုစုသည်။

– ခုဒ္ဒသိက္ခာဘာသာဋီကာကို ရေးသားပြုစုသည်။

– တဘဝသံသရာကျမ်းစာကို စတင်ရေးသားသည်။

==ooo==

၁၃၃၂ (1972) ခုနှစ် (၇၁)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၁၂၀)ပါး သာမဏေ (၁၉၁) ပါး နှစ်ရပ်ပေါင်း သံဃာ (၃၁၁)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ်သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။

– ပခုက္ကူမြို့ မဟာဝိသုတာရာမာဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ဦးသုန္ဒရက သာသနာရေး ဆွေးနွေးတိုင်ပင်ရန် ခေတ္တလာဖို့မှာ၍ ပညာသင်ကြားခဲ့ရာ ပခုက္ကူမဟာဝိသုတာရာမ မိခင်တိုက်မကြီးသို့ အမှတ်တရ ကြွရောက်သည်။

– ရုရှပါရဂူ ဥရုကော့ဗ်နှင့် ရိုဒီယိုနော့ဗ်တို့ ရောက်လာကြသည်။ ဘာသာရေးဆိုင်ရာ သိလိုသော အချက်အလက်များကို မေးမြန်း လျှောက်ထားသည်။

– ခုဒ္ဒသိက္ခာ ဘာသာဋီကာကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ် စေတော်မူသည်။

စာမျက်နှာ	–	၆၃၁
ကျမ်းပြုနှစ်	–	၁၃၃၁ (၁၉၆၉)
ရိုက်နှိပ်ခုနှစ်	–	၁၃၃၂ (၁၉၇၀)

– ခုဒ္ဒသိက္ခာကျမ်းကို ဂါထာနိဿယများဆိုင်ရာ မူရင်းဝိနည်း ပါဠိတော်၏ အညွှန်းများဖြင့် ဝိနည်းအဋ္ဌကထာကြီး တို့ကို နည်းမှီးပြီး ဖွင့်ဆိုထားသည်။

==ooo==

- သီလကွန်ဘာသာဋီကာ (ပထမတွဲ, ဒုတိယတွဲ, တတိယတွဲ, စတုတ္ထတွဲ) ကျမ်းစာတို့ကို ရေးသားပြုစု ပြီးစီးတော်မူသည်။
- သီလကွန်ဘာသာဋီကာ (ပထမတွဲ, ဒုတိယတွဲ)ကျမ်းစာတို့ကို ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – (ပ)တွဲ-၆၃၁/ (ဒု)တွဲ-၅၅၈
ကျမ်းပြုနှစ် – (ပ)တွဲ/ (ဒု)တွဲ-၁၃၃၀ (၁၉၆၈)
ရိုက်နှိပ်ခုနှစ် – (ပ)တွဲ/ (ဒု)တွဲ=၁၃၃၂ (၁၉၇၀)

- သီလကွန်အဋ္ဌကထာကို မြန်မာပိဋကတ်စာပေ သင်ယူသူတိုင်း နားလည်နိုင်လောက်အောင်အထိ ရှင်းလင်းစွာ ဖွင့်ဆိုရေးသား ထားသည်။ ပါဠိတော်နိသယများ ပါဝင်သည်။

==ooo==

၁၃၃၃ (1972) ခုနှစ် (၇၂)နှစ်အရွယ်

- မဟာ ဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၁၃၄)ပါး သာမဏေ (၂၆၆)ပါး နှစ်ရပ်ပေါင်း (၄၀၀) ပါးသော သံဃာတော်များကို အုပ်ချုပ်ကာ စာချခြင်း, စာရေးခြင်းစသော ပရိယတ် ပဋိပတ် အလုပ်တို့ကို အားထုတ်တော်မူသည်။
- ဆွာမိယောဂီ ရွှရာနန္ဒနှင့် တရားဆွေးနွေးကြသည်။
- နယုန်လတွင်ဆရာတော်သည် သက်သက်လွတ်စတင် ဘုဉ်းပေး သည်။

- သီလကွန်ဘာသာဋီကာ (တတိယတွဲ, စတုတ္ထတွဲ)ကျမ်းစာတို့ကို ရိုက်နှိပ် စေတော်မူသည်။

စာမျက်နှာ – (တ)တွဲ-၆၃၇/ (စ)တွဲ-၄၆၄
ကျမ်းပြုနှစ် – (တ)တွဲ/ (စ)တွဲ-၁၃၁၁ (၁၉၆၉)
ရိုက်နှိပ်ခုနှစ် – ၁၃၁၃ (၁၉၅၁)

သီလက္ခန်အဋ္ဌကထာကို မြန်မာပြုကတ်စာပေ သင်ယူသူတိုင်း နားလည်နိုင်လောက်အောင်အထိ ရှင်းလင်းစွာ ဖွင့်ဆိုရေးသားထားသည်။ ပါဠိတော်နိသယများ ပါဝင်သည်။

==ooo==

- **စူဠဝဂ္ဂဘာသာဋီကာ** ကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

  စာမျက်နှာ – ၇၁၆
  ကျမ်းပြုနှစ် – ၁၃၂၈ (၁၉၆၆)
  ရိုက်နှိပ်ခုနှစ် – ၁၃၃၃ (၁၉၇၁)

- စူဠဝဂ္ဂအဋ္ဌကထာကို ဖွင့်ဆိုရေးသားထားသည်၊ တွဲဖက်ပို့ချနိုင်ရန် စူဠဝဂ္ဂ ပါဠိတော်၏ နိဿယများလည်းပါဝင်သည်။

- သမ္မောဟဝိနောဒနီ ဘာသာဋီကာ (ပထမ)တွဲကို ရေးသားတော်မူသည်။

==ooo==

၁၃၃၄ (1973) ခုနှစ် (၇၃)နှစ်အစွယ်

- ထိုနှစ်၌ ရဟန်း (၁၅၈)ပါး သာမဏေ (၃၅၂) ပါး နှစ်ရပ်ပေါင်း သံဃာ (၅၁၀)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်ကြသည်။

- ပဋ္ဌာန်းတရားတော်ကို ဟောကြားသည်။

- မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်သဇ္ဇနသာရက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက်၌ မဟာမြိုင်ကျောင်းတိုက်ကို စတင်တည်ထောင်သည်။

- ပရိဝါဘာသာဋီကာကျမ်းစာတို့ကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ – ၅၃၆
ကျမ်းပြုနှစ် – ၁၃၂၈ (၁၉၆၆)
ရိုက်နှိပ်ခုနှစ် – ၁၃၃၄ (၁၉၇၂)

– ပါရိဝါအဋ္ဌကထာကို ဖွင့်ဆိုရေးသားထားသည်၊ တွဲဖက်ပို့ချနိုင်ရန် ပရိဝါ ပါဠိတော်၏ နိဿယများလည်းပါဝင်သည်။

– သမ္မာဟဝိနောဒနီဘာသာဋီကာ (ဒု–တွဲ) ကို ရေးသားတော်မူသည်။

==ooo==

၁၃၃၅ (1974) ခုနှစ် (၇၄)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၁၇၈)ပါး သာမဏေ (၃၇၃) ပါး နှစ်ရပ်ပေါင်း သံဃာ (၅၅၁)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။

– သိပ္ပံအမြင့်နှင့် ဗုဒ္ဓအဘိဓမ္မာ အမေးအဖြေ တရားဟောကြားသည်။

– ဂျပန်ပြည်မှ ဒုတိယအကြိမ် မှတ်တမ်းတင် ရုပ်ရှင်ရိုက်သည်။

– မြောင်းမြဆရာတော်နှင့်အတူ နောက်ပါသံဃာ (၁၅၀)နှင့် မွေးရပ်ဌာန သရိုင်မြေသို့ ကြွကြသည်။

– ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ရန်ကုန်) ၌ အနာဂတ် သာသနာ ပြုပြင်ရေး တရားဟောကြားသည်။

– **သမ္မောဟဝိနောဒနီ** ဘာသာဋီကာ (တ–တွဲ) ကို ရေးသားတော်မူသည်။

==ooo==

၁၃၃၆ (1975) ခုနှစ် (၇၅)နှစ်အရွယ်

- ထိုနှစ်၌ ရဟန်း (၄၁)ပါး သာမဏေ (၃၀၈)ပါး နှစ်ရပ်ပေါင်း သံဃာ (၃၄၉)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။
- ပဋ္ဌပကရဏအဋ္ဌကထာ (ဘာသာဋီကာ) ကျမ်းစာကို စတင်ပို့ချ ရေးသားသည်။
- ဒုတိယ အကြိမ် မြောင်းမြဆရာတော်နှင့်အတူ နောက်ပါသံဃာ (၁၅၀) နှင့် မွေးရပ်ဌာနေ သရိုင်မြေသို့ကြွကြသည်။
- မဟာဂန္ဓာရုံ ကျောင်းတိုက်ခွဲအဖြစ် အရှင်သုမင်္ဂလာလင်္ကာရ (တိပိဋကဓရ) က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ရေကူး အရှေ့ဝါယာလက် (၂)လမ်း၌ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်ကို စတင်တည်ထောင်သည်။
- ဗုဒ္ဓါနုဿတိဘာဝနာကျမ်းစာကို ရေးသားပြုစု ပြီးစီးသည်။
- **သမ္မောဟဝိနောဒနီဘာသာဋီကာ** ပထမတွဲကျမ်းစာကို ရိုက်နှိပ် စေတော်မူသည်။

စာမျက်နှာ	–	၆၈၅
ကျမ်းပြုနှစ်	–	၁၃၃၃ (၁၉၇၁)
ရိုက်နှိပ်ခုနှစ်	–	၁၃၃၆ (၁၉၇၅)

- သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာကို နိဿယ အဓိပ္ပါယ်များဖြင့် ဖွင့်ပြထားသည်။ တရားတစ်မျိုးမျိုးကို နည်းမျိုးစုံဖြင့် ဝေဖန်ပြသည့် ဤဝိဘင်းကျမ်းကို ယခုအခါ ပို့ချသည့်ဆရာက အလွန် နည်းပါးနေပေရာ နောက်နောင်ပုဂ္ဂိုလ်များ လွယ်ကူစွာ ပို့ချနိုင်ရန် ရေးသားခြင်းဖြစ်သည်။ မူလဋီကာနှင့် ပါဠိတော် နိဿယများ ပါဝင်သည်

==ooo==

၁၃၃၇ (1976) ခုနှစ် (၇၆)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၁၅၀)ပါး သာမဏေ (၂၇၃) ပါး နှစ်ရပ်ပေါင်း သံဃာ (၄၂၃)ပါး ဝါကပ်တော်မူ၍ ပရိယတ်,ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။

– ကထာဝတ္ထုပါဠိတော်ကျမ်းစာ ပို့ချရေးသားသည်။

– သုတ်မဟာဝါစတင်ပို့ချရေးသားသည်။

– ပဲခူးမြို့၌ ကျင်းပအပ်သော ရွှေကျင် ဂိုဏ်းလုံးကျွတ် သံဃာ့အစည်း အဝေးကြီးမှ ရွှေကျင်နိကာယဥပဉ္ဇာဋ္ဌ မဟာနာယက (တွဲဖက် ရွှေကျင်သာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူရသည်။

==ooo==

၁၃၃၈ (1977) ခုနှစ် (၇၇)နှစ်အရွယ်

– နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓကျမ်းစာ ရေးသားပြုစုသည်။

– တောင်မင်းကြီးမြတ်စွာဘုရား ပြုပြင်မွမ်းမံသည်။

– တောင်သမန် ကျောက်တော်ကြီးဘုရားကို ၁၃၃၈ ခုနှစ်မှစ၍ မဟာဂန္ဓာရုံဆရာတော် စတင် ရှင်းလင်းပြင်ဆင်စေတော်မူသည်။ ကျောက်တော်ကြီး ဘုရားဝင်းအတွင်း သံဃာနေကျောင်းကိုလည်း ထိုနှစ်မှာပင် စတင်၍ တည်စေတော်မူသည်။

– ပဋ္ဌာန်းအဋ္ဌကထာ စတင်ပို့ချရေးသားသည်။

– အမေရိကန်မှ ဒကာတစ်ယောက် လာရောက်၍ ငါးပါးသီလ ခံယူသည်။

– တန်ဆောင်မုန်းလဆန်း (၉)ရက်နေ့၌ ကိုရီးယားနိုင်ငံမှ ဆရာတော်များ လာရောက်၍ ဘာသာရေး ဆွေးနွေးကြသည်။

– သုတ်မဟာဝါ အဋ္ဌကထာဘာသာဋီကာကို ရေးသားပြုစုတော်မူသည်။

– နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓကျမ်းစာကို ရေးသားပြုစု၍ ရိုက်နှိပ် စေတော်မူခဲ့သည်။

စာမျက်နှာ	–	၂၃၂
ကျမ်းပြုနှစ်	–	၁၃၃၈ (၁၉၇၆)
ရိုက်နှိပ်ခုနှစ်	–	၁၃၃၈ (၁၉၇၆)

– မဟာပရိနိဗ္ဗာန သုတ်တော်လာ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မမူမီ ဆယ်လအလိုတွင် အားတော်နည်းနေပါလျက် တရားဟောမှု စသည် ဆောင်ရွက်တော် မူပုံများကို ရေးသားထားသည်။ ဂုဏ်တော်ကြည်ညိုပုံ သတိပဋ္ဌာန်တရားတော်, အဂ္ဂသာဝကနှစ်ပါး ဘုရားရှင်ထက်စောု၍ ပရိနိဗ္ဗာန် စံတော်မူကြပုံ, မဟာပဒေသ လေးပါး နောက်ဆုံးပရိနိဗ္ဗာန်ပြုချိန်တွင် နတ်လူအများ ငိုကြွေးကြပုံ စသည်များကို ဖော်ပြပြီး အဆုံးတွင် မဟာသုဒဿနသုတ်တော် ကြီးကို မြန်မာပြန်ဆို၍ နိဂုံးအုပ်ထားသည်။

– ဒုလ္လဘကထာကို ရေးသားပြုစုတော်မူသည်။

==ooo==

၁၃၃၉ (1978) ခုနှစ် (၇၈)နှစ်အရွယ်

– ထိုနှစ်၌ ရဟန်း (၁၇၆)ပါး သာမဏေ (၃၈၇) ပါး နှစ်ရပ်ပေါင်း သံဃာ (၅၆၂)ပါး ဝါကပ်တော်မူ၍ ပရိယတ် ပဋိပတ် သာသနာ့ တာဝန် ထမ်းဆောင်ကြသည်။

– ၁၃၃၉ ခုနှစ် နတ်တော်လပြည့်ကျော် (၂) ရက် (၂၇ ဒီဇင်ဘာ ၁၉၇၇) နောက်ဆုံးနေ့အထိ စာချတော်မူသည်။

– တစ်ဘဝ သံသရာကျမ်းစာ, သုတ်မဟာဝါဘာသာဋီကာ (ပထမ အုပ်, ဒုတိယအုပ်, တတိယအုပ်) ကျမ်းစာ, ပါထိကဝဂ္ဂ ဘာသာဋီကာ ကျမ်းစာ, ပဋ္ဌပကရဏဘာသာဋီကာ (ဓာတုကထာ နှင့် ပုဂ္ဂလ ပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဘာသာဋီကာ များ) ကျမ်းစာ တို့ကိုရေးသားပြုစုပြီးစီးသည်။

– မဟာဂန္ဓာရုံ ကျောင်းတိုက်ခွဲအဖြစ် အရှင်ကသဏရိယက စစ်ကိုင်းတိုင်း မုံရွာမြို့၌ မဟာဂန္ဓာရုံကျောင်းတိုက်ကို စတင်တည်ထောင်သည်။

– **သမ္မောဟဝိနောဒနီဘာသာဋီကာ** ဒုတိယတွဲ, ကျမ်းစာတို့ကို ရေးသားပြုစုပြီး ရိုက်နှိပ်စေတော်မူသည်။

စာမျက်နှာ	–	၈၆၀
ကျမ်းပြုနှစ်	–	၁၃၃၄ (၁၉၇၂)
ရိုက်နှိပ်ခုနှစ်	–	၁၃၃၉ (၁၉၇၇)

* နတ်တော်လပြည့်ကျော် (၂) ရက်၊အင်္ဂါနေ့ ညနေ (၄)နာရီ (၃၀)မိနစ်တွင် တစ်ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူသည်။

==ooo==

၁၃၄၀ (1979) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက် နာယကအဖွဲ့ကို ဖွဲ့စည်း၍ ... ရဟန်း (၁၈၁)ပါး သာမဏေ (၄၃၈) ပါး နှစ်ရပ်ပေါင်း (၆၁၉) ပါးသော သံဃာတော်တို့ကို ဆက်လက်အုပ်ချုပ်ကာ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

– **ဗုဒ္ဓါနုဿတိ ဘာဝနာ** ကျမ်းစာကို ရိုက်နှိပ်သည်။

စာမျက်နှာ	–	၂၀၇
ကျမ်းပြုနှစ်	–	၁၃၃၆ (၁၉၇၄)
ရိုက်နှိပ်ခုနှစ်	–	၁၃၄၀ (၁၉၇၉)

– ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းကို ပွားများစီးဖြန်း နှစ်သက်ကြည်နူး ပီတိများ ဖုံးလွှမ်းနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။ ဘုရားရှင်နှင့် သဗ္ဗညုတဉာဏ်တော်ကြီးအကြောင်း ဗုဒ္ဓ, ဇိန, ဘဂဝါဘွဲ့ထူးများရတော်မူပုံ၊ ဉာဏ်တော် အသံတော်များ အကြောင်း ဘုရားရှင် လက်ထက်တော်မှ အတုယူအားကျဖွယ်

ကောင်းသည့် မင်း, မိဖုရား တပည့်, တပည့်မများ၏ ကျင့်သုံးနေထိုင်ပုံ ပါရမီဖြည့်ခဲ့ပုံ စသည်များပါဝင်သည်။

- မဟာဂန္ဓာရုံ ကျောင်းတိုက်ခွဲအဖြစ် အရှင်ခေမိန္ဒာဘိဝံသက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်၌ မဟာဗောဓိပရိယတ္တိကျောင်းတိုက်ကို စတင်တည်ထောင်သည်။

==ooo==

၁၃၄၁ (1980) ခုနှစ်

- ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် တရားတော်, အခြေပြု ပဋ္ဌာန်းတရား တော်တို့ကို တရားတိတ်ခွေမှ ကူးယူ၍ ကျမ်းစာအဖြစ် ရိုက်နှိပ်သည်။

- အဋ္ဌကထာအခြေပြု ကျမ်းစာကို ရိုက်နှိပ်သည်။

စာမျက်နှာ	–	၃၆၈
ကျမ်းပြုနှစ်	–	၁၃၂၉ (၁၉၆၈)
ရိုက်နှိပ်ခုနှစ်	–	၁၃၄၁ (၁၉၇၉)

- ခုဒ္ဒကနိကာယ် သုတ္တန္တပိဋကဓမ္မပဒ (ယမက, အပ္ပမာဒ, စိတ္တ, ပုပ္ဖဝဂ်) ပါဠိတော်ဂါထာများကို မူထား၍ ရှေးဆရာမြတ်များ ပို့ချသွားသည့် နည်းအတိုင်း ပိုချရေးသားထားသည်။ ထိုထို ဘာသာဋီကာတို့၌ ထည့်ရေးလျှင် ကျမ်းစာကြီး လေးဖွယ်ရှိ၍ ရေးခွင့်မရသည့် အဋ္ဌကထာတိုင်းနှင့်လည်း သက်ဆိုင်သည့် ဝါကျခွဲပုဒ်ခွဲနည်း, စာစပ် အဓိပ္ပါယ်ကောက်ယူနည်း စသည်များကို အသေးစိတ် ရေးသားထားသည်။

==ooo==

– သမ္မောဟဝိနောဒနီဘာသာဋီကာ , တတိယတွဲ ကျမ်းစာကို ရိုက်နှိပ်သည်။

စာမျက်နှာ – ၇၂၆
ကျမ်းပြုနှစ် – ၁၃၃၅ (၁၉၇၃)
ရိုက်နှိပ်ခုနှစ် – ၁၃၄၁ (၁၉၇၉)

==ooo==

– တစ်ဘဝ သံသရာကျမ်းစာကို ရေးသားပြုစုပြီး ရိုက်နှိပ်သည်။

စာမျက်နှာ – ၅၄၂
ကျမ်းပြုနှစ် – ၁၃၁၁ (၁၉၇၀) မှ ၁၃၁၉ (၁၉၇၇)
ရိုက်နှိပ်ခုနှစ် – ၁၃၄၁ (၁၉၇၉)

– မိမိ၏ အတ္ထုပ္ပတ္တိ အကြောင်းအရာများကို ရှင်းလင်းသော အမေး အဖြေ အရေးအသားဖြင့် အခန်း (၂၁)ခန်း ခွဲခြားပြီး ရေးသား ထားခြင်းဖြစ်သည်။ လွန်တော်မမူမီ (၁၃)ရက်တိုင်အောင် ကိုယ်တော်တိုင်ရေးခဲ့ပြီး ကျန်ရှိနေသည့် အပိုင်းကိုမူ ဆရာတော် အရှင်စန္ဒောဘာသက ဖြည့်စွက် ရေးသားသည်။

==ooo==

– ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ်တရားတော်ကို ရိုက်နှိပ် ထုတ်ဝေသည်။

စာမျက်နှာ – ၃၃၆
ရိုက်နှိပ်ခုနှစ် – ၁၃၄၁ (၁၉၇၉)

– ဓမ္မစက္ကပဝတ္တနသုတ်တော်ကို (၅)ည တိုင်တိုင် ၁၃၁၁ (၁၉၄၉) ခုနှစ် တွင်လည်းကောင်း, အနတ္တလက္ခဏ သုတ်တော်ကို (၄) ညတိုင်တိုင် ၁၃၁၂ (၁၉၅၀) ခုနှစ်တွင်လည်းကောင်း ဟောကြား တော်မူခဲ့သည်။

==ooo==

- **အခြေပြုပဋ္ဌာန်းတရားတော်ကို** ရိုက်နှိပ်သည်။

  စာမျက်နှာ – ၅၅၅
  ရိုက်နှိပ်ခုနှစ် – ၁၃၄၁ (၁၉၇၉)

- **အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးကို**၁၃၃၄-ခုနှစ် တန်ခူလဆန်း (၈)ရက် [၉၊ ၄၊ ၇၃] နေ့မှစ၍ (၁၇)ရက်တိုင်တိုင် နံနက်ခင်း ဩဝါဒအခါနှင့်တွင် ဟောပြခဲ့သည်။ ဟောတုပစ္စည်း စသည်တို့၏ အဓိပ္ပါယ်များကို ဇာတ်တွဲ၊ နိပါတ် သုတ္တန်များ ရောညှပ်၍ ရှင်းပြထားသည်။

==ooo==

- **ဗုဒ္ဓဘာသာသင်ခန်းစာ** ကျမ်းစာကို ရိုက်နှိပ်သည်။

  စာမျက်နှာ – ၁၃၁
  ကျမ်းပြုနှစ် – ၁၃၂၅
  ရိုက်နှိပ်ခုနှစ် – ၁၃၄၁

- ရန်ကုန်မြို့ဝိုင်, အမ်, ဘီ, အေအသင်းကြီးမှ ဖွင့်လှစ်မည့် ဗုဒ္ဓဘာသာအခြေခံသင်တန်းကျောင်းများတွင် သင်ကြားပို့ချရန် အတွက် ဗုဒ္ဓဘာသာလူငယ်ကျောင်းသားများ သိသင့်, သိထိုက်, သင်ကြားထိုက်သည့် အချက်များကို သူငယ်တန်းမှ နဝမတန်းအထိ အဆင့်အတန်းများ ခွဲခြားကာ စိတ်တိုင်းကျ ရေးသားထားသည်။

==ooo==

- **ကထာသလ္လာကသိက္ခာကျမ်းစာကို** ရိုက်နှိပ်သည်။

  စာမျက်နှာ – ၁၄၀
  ကျမ်းပြုနှစ် – ၁၃၁၀ (၁၉၄၉)
  ရိုက်နှိပ်ခုနှစ် – ၁၃၄၁ (၁၉၇၉)

– ပါဠိဘာသာစကား စနစ်တကျ ပြောတတ်စေရန် ရည်ရွယ်၍ ရေးသား ထားသည်။ မဟာဂန္ဓာရုံ၏ တစ်နေ့တာလုပ်ငန်းများကို ပဓာနထားပြီး အခန်း (၄၆)ခန်းဖြင့် ရေးသားထားခြင်းဖြစ်သည်။

==ooo==

၁၃၄၂ (1981) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၁၈၆) ပါးသာမဏေ (၃၆၄)ပါး နှစ်ရပ်ပေါင်း (၅၅၀) ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ် အလုပ်တို့ကို အားထုတ်တော်မူကြသည်။

– မဟာဂန္ဓာရုံ ကျောင်းတိုက်ခွဲအဖြစ် အရှင်ကုသလာဘိဝံသက မန္တလေးတိုင်း ကျောက်ဆည်မြို့၌ မဟာဂန္ဓာရုံကျောင်းတိုက်ကို စတင်တည်ထောင်သည်။

– **တရားသုံးဖြာ ဆုံးမစာ** တရားတော်များ (အမှတ်–၁)ကို တရား တိတ်ခွေမှ စာအုပ်အဖြစ် ရိုက်နှိပ်သည်။

စာမျက်နှာ	–	၁၄၇
ကျမ်းပြုခုနှစ်	–	----
ရိုက်နှိပ်ခုနှစ်	–	၁၃၄၂ (၁၉၈၁)

– ဤစာအုပ်တွင် မဟာသုတသောမ, ပေါရိုဏာဒ တရားတော် ရွှေဟင်္သာမင်းတရားတော်, ဆင်သေစီးလိုက်သည့် ကျီးမိုက် တရားတော်ဟူသော တရားသုံးပုဒ် ပါဝင်သည်။

==ooo==

– **ဓာတုကထာအဋ္ဌကထာ** ဘာသာဋီကာ ကျမ်းစာအုပ်ကို ရိုက်နှိပ်သည်။

စာမျက်နှာ	–	၁၉၄
ကျမ်းပြုခုနှစ်	–	၁၃၃၆ (၁၉၇၄)
ရိုက်နှိပ်ခုနှစ်	–	၁၃၄၂ (၁၉၈၀)

ခုဒ္ဒကနိကာယ် အဘိဓမ္မာပိဋကတ မာတုကထာ ပါဠိတော်၏ အဖွင့် မာတုကထာအဋ္ဌကထာကို ဖွင့်ဆိုသည်။ မူလဋီကာနိဿယများ, မာတုကထာပါဠိတော်၏ နိဿယများ ပါဝင်သည်။

==ooo==

- **ပုဂ္ဂလပညတ္တိအဋ္ဌကထာ** ဘာသာဋီကာ ကျမ်းစာအုပ်ကို ရိုက်နှိပ်သည်။

  စာမျက်နှာ – ၄၂၈
  ကျမ်းပြုခုနှစ် – ၁၃၁၆ (၁၉၅၄)
  ရိုက်နှိပ်ခုနှစ် – ၁၃၄၂ (၁၉၈၀)

- ပုဂ္ဂလပညတ္တိကို သူ့နည်းနှင့်သူ တစ်မျိုးမှ ဆယ်မျိုးအထိ ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားထားသည့် ပုဂ္ဂလပညတ္တိ ပါဠိတော်၏ အဖွင့် ပုဂ္ဂလပညတ္တိအဋ္ဌကထာကို ဖွင့်ဆိုထားသည်။ ပါဠိတော်နိဿယများ ဤအဋ္ဌကထာအဖွင့် မူလဋီကာများ ပါဝင်သည်။ အဘိဓမ္မာ(၇) ကျမ်းတွင် မာတုကထာနှင့် ပုဂ္ဂလပညတ်စသည့် နောက်(၅)ကျမ်းကို ''ပဋ္ဌပကရဏ–ပဋ္ဌပကြိုဏ်'' ဟု လည်းခေါ်ကြသည်။

==ooo==

- **ယမကအဋ္ဌကထာ** ဘာသာဋီကာ ကျမ်းစာအုပ်ကို ရိုက်နှိပ်သည်။

  စာမျက်နှာ – ၃၉၄
  ကျမ်းပြုခုနှစ် – ၁၃၁၈ (၁၉၅၆)
  ရိုက်နှိပ်ခုနှစ် – ၁၃၄၂ (၁၉၈၀)

- ယမကပါဠိ၏ အဖွင့် ယမကအဋ္ဌကထာကို ဖွင့်ဆိုထားသည်။ ဤယမကအပါအဝင် အဘိဓမ္မာနောက် (၅)ကျမ်းကို 'ပဋ္ဌပကရဏ–ပဋ္ဌပကြိုဏ်'' ဟု လည်းခေါ်ကြသည်။ ဤအဋ္ဌ–ကထာ၏ အဖွင့် မူလဋီကာနိဿယများလည်း ပါဝင်သည်။

==ooo==

– ကထာဝတ္ထု အဋ္ဌကထာဘာသာဋီကာ ကျမ်းစာအုပ်ကို ရိုက်နှိပ်သည်။

စာမျက်နှာ – (ပ)တွဲ–၆၅၆/ (ဒု)တွဲ– ၄၁၅
ကျမ်းပြုခုနှစ် – ၁၃၇၅ (၁၉၇၅)
ရိုက်နှိပ်ခုနှစ် – ၁၃၄၂ (၁၉၈၀)

– ကထာဝတ္ထုပါဠိတော်၏ အဖွင့် ကထာဝတ္ထု အဋ္ဌကထာကို ဖွင့်ဆိုထားသည်။ ဤကထာဝတ္ထုအပါအဝင် အဘိဓမ္မာနောက်(၅)ကျမ်းကို ''ပဉ္စပကရဏ–ပဉ္စပကြို့ကျ်'' ဟု လည်းခေါ်ကြသည်။ မူလဋီကာနှင့် ပါဠိတော် နိဿယများ, ပါဠိတော် နိဿယ မြန်မာပြန် နမူနာများ ပါဝင်သည်။

==ooo==

– သုတ်မဟာဝါ ဘာသာဋီကာ (ပထမတွဲ/ဒုတိယတွဲ) ကျမ်းစာကို ရိုက်နှိပ်သည်။

စာမျက်နှာ – (ပထမ) တွဲ–၄၉၆ (ဒုတိယ–တွဲ–၄၈၄
ကျမ်းပြုခုနှစ် – ၁၃၇၈ (၁၉၇၆)
ရိုက်နှိပ်ခုနှစ် – ၁၃၄၂ (၁၉၈၀)

– သုတ်မဟာဝါ အဋ္ဌကထာကို လွယ်ကူရှင်းလင်းစွာ ဖွင့်ဆိုထားသည်၊ တွဲဖက်ပို့ချရန် ပါဠိတော် နိဿယများ ပါဝင်သည်။

==ooo==

– ပဋ္ဌာနအဋ္ဌကထာ ဘာသာဋီကာ ကျမ်းစာကို ရိုက်နှိပ်သည်။

စာမျက်နှာ – ၅၉၅
ကျမ်းပြုခုနှစ် – ၁၃၇၉ (၁၉၇၅)
ရိုက်နှိပ်ခုနှစ် – ၁၃၄၂ (၁၉၈၀)

– ပဋ္ဌာနအဋ္ဌကထာကိုဖွင့်ဆိုထားသည်။ ဤပဋ္ဌာန်းကျမ်းအပါအဝင် အဘိဓမ္မာ နောက်(၅)ကျမ်းကို ''ပဉ္စပကရဏ–ပဉ္စပကြို့ကျ်'' ဟု လည်း ခေါ်ကြသည်။ ဤပဋ္ဌာနအဋ္ဌကထာ၏ အဖွင့် မူလဋီကာ နိဿယများလည်း ပါရှိသည်။

– ကထာဝတ္ထုပါဠိတော် မြန်မာပြန် ကျမ်းစာကို ရိုက်နှိပ်သည်။

စာမျက်နှာ – ၇၅–ခန်.
ကျမ်းပြုနှစ် – ၁၃၃၇ (၁၉၇၅)
ရိုက်နှိပ်ခုနှစ် – ၁၃၄၂ (၁၉၈၀)

– ကထာဝတ္ထုကျမ်းသည် မြန်မာပြန်ရန် ခက်ခဲသော ကျမ်းဖြစ်၍ နမူနာအဖြစ် ဆရာတော်ကိုယ်တိုင်ပြန်ဆိုပေးဘို့ရန် သက်ဆိုင်ရာများက လျှောက်ထားကြသောကြောင့် ပုဂ္ဂလကထာ ဆုံးသည် အထိ ပြန်ဆိုခဲ့သည်။

==ooo==

– **လူ့ချမ်းသာစာမူကို** ရိုက်နှိပ်သည်။

စာမျက်နှာ – ၁၄၅
ကျမ်းပြုနှစ် – ၁၃၃၉ (၁၉၇၇)
ရိုက်နှိပ်ခုနှစ် – ၁၃၄၂ (၁၉၈၀)

– လူဘဝ၌ ကိုယ်,စိတ်ချမ်းသာစွာ နေနိုင်ရေးအတွက် နည်းလမ်းများကို ညွှန်ပြထားသည်။ အခန်း (၅)ခန်းပါဝင်သည်။

==ooo==

၁၃၄၄ (1982) ခုနှစ်

– ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ် ပီမာန်တော် ဆောက်လုပ်ပြီးစီးသည်။

– မဟာဂန္ဓာရုံ ကျောင်းတိုက်ခွဲအဖြစ် အရှင်ကောဝိဒက မန္တလေးမြို့အောင်မြေသာဇံမြို့နယ်၌ မဟာဂန္ဓာရုံ (မဟာသန္တာရုံ) ကျောင်းတိုက်ကို စတင်တည်ထောင်သည်။

– **ဘာသာသွေး**ကျမ်းစာတို့ကို ရိုက်နှိပ်သည်။

စာမျက်နှာ – ၁၄၆
ကျမ်းပြုခုနှစ် – ၁၃၂၁ (၁၉၅၉)
ရိုက်နှိပ်ခုနှစ် – ၁၃၄၃ (၁၉၈၁)

– ဘုရားရှင်၏ ပါရမီတော်များဖြည့်၍ သာသနာတော်တည်စေတော် မူပုံ၊ ရှေးရှေးဆရာတော်များ ကြိုးစားတော်မူခဲ့ကြပုံ မြန်မာနိုင်ငံ ရှေ့ပိုင်း နောက်ပိုင်း သာသနာတော်အခြေအနေနှင့် ပြုပြင်နည်းများကို ဖော်ပြထားသည်။

==ooo==

– သုတ်မဟာဝါ ဘာသာဋီကာ (တတိယတွဲ) ကျမ်းစာကို ရိုက်နှိပ်သည်။

စာမျက်နှာ	–	၈၁၉
ကျမ်းပြုခုနှစ်	–	၁၃၃၉ (၁၉၇၈)
ရိုက်နှိပ်ခုနှစ်	–	၁၃၄၃ (၁၉၈၁)

– သုတ်မဟာဝါ အဋ္ဌကထာကို လွယ်ကူရှင်းလင်းစွာ ဖွင့်ဆိုထားသည်၊ တွဲဖက်ပို့ချရန် ပါဠိတော် နိဿယများ ပါဝင်သည်။

==ooo==

– သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေများစာအုပ်ကို ရိုက်နှိပ်သည်။

စာမျက်နှာ	–	၁၀၆
ကျမ်းပြုခုနှစ်	–	၁၃၃၅ (၁၉၇၃)
ရိုက်နှိပ်ခုနှစ်	–	၁၃၄၃ (၁၉၈၁)

– ၁၃၃၅–ခုနှစ်၊ ပြာသိုလ်လဆန်း (၈)ရက် [၃၁ ၊ ၁၂ ၊ ၇၃] တနလ်ာနေ့တွင် ဂါဒီယန်း သတင်းစာတိုက် အယ်ဒီတာဟောင်း ဦးစိန်ဝင်းနှင့် စိတ်ရောဂါ အထူးကု ဆေးရုံအုပ်ကြီး ဦးနေဝင်းတို့က သိပ္ပံရှုဒေါင့် အမြင့်ဖြင့် မရှင်းမလင်းဖြစ်နေသည့် ပြဿနာ (၃၅)မျိုးကို မေးမြန်း လျှောက်ထားရာ ဗုဒ္ဓအဘိဓမ္မာအမြင်ဖြင့် ရှင်းလင်းဖြေဆိုထားခြင်း ဖြစ်ပါသည်။

==ooo==

– **အနာဂတ်ပြုပြင်ရေး** ကျမ်းစာအုပ်ကို ရိုက်နှိပ်သည်။

စာမျက်နှာ – ၉၆
ရိုက်နှိပ်ခုနှစ် – ၁၃၄၃ (၁၉၈၁)

– ၁၃၄၅–ခု ပြာသိုလ်လဆန်း (၇)ရက် [၃၀–၁၂–၇၃] နေ့တွင် ရန်ကုန်မြို့ ဝိုင်–အမ်–ဘီ–အေ အသင်းတိုက်တွင် ဟောကြားသည့် အတွက် "ဝိုင်–အမ်–ဘီ–အေ သြဝါဒ"ဟုလည်း ခေါ်သည်။ နောက် ဆက်တွဲ လာဘ်လာဘ ပစ္စည်းနှင့်စပ်သည့် သြဝါဒများ ပါဝင်သည်။

==ooo==

၁၃၄၄ (1983) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၂၂၆) ပါး သာမဏေ (၃၉၀)ပါး နှစ်ရပ်ပေါင်း (၆၁၆)ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

– **ဒုလ္လဘကထာစာမူကို** ရိုက်နှိပ်သည်။

စာမျက်နှာ – ၂၇၅
ကျမ်းပြုနှစ် – ၁၃၃၈ (၁၉၇၆)
ရိုက်နှိပ်ခုနှစ် – ၁၃၄၄ (၁၉၃၈)

– ဒုလ္လဘနှင့်စပ်သည့် အကြောင်းအရာများကို သဘောပေါက် နားလည်စေရန် ပဗ္ဗဇိတဘာဝ ဒုလ္လလနှင့် သင့်လျော်အောင် ကျင့်တတ်စေရန် ရည်ရွယ်၍ ရေးထားသည်။ ဝိနည်းသီလဆိုင်ရာ စသည့်အကြောင်းများ ပါဝင်သည်။

==ooo==

၁၃၄၅(1984) ခုနှစ်

– မဟာဂန္ဓာရုံသံဃာတော်များ အစဉ်အမြဲ ရွှတ်ဖတ်ပွားများနေသော တရားတော်များကို **မဟာဂန္ဓာရုံဝတ်ရွတ်စဉ်**အဖြစ် ရိုက်နှိပ်သည်။

– သာသနာပြု သြဝါဒတရားတော်ကို တိတ်ခွေမှကူးယူ၍ စာအုပ်အဖြစ် ရိုက်နှိပ်သည်။

စာမျက်နှာ – ၃၀၇
ရိုက်နှိပ်ခုနှစ် – ၁၃၄၅ (၁၉၈၃)

(၁) ကိုယ့်ကိုချစ်ရင် ကိုယ်ပြုပြင်၊ (၂) မလွဲတဲ့လမ်းလိုက်၊
(၃) သိမ်,ကျောင်း ရေစက်ချ၊ (၄) စက်လေးပါး
(၅) ဆွမ်းအကျိုး၊ (၆) ဗောဇ္ဈင်ခုနစ်ပါး၊ (၇) ဆွမ်းအနုမောဒနာ၊
(၈) သံဃဂုဏ်ရည်၊ (၉) တရားအားထုတ်ကြဟူသော ခေါင်းစဉ်တပ်ထား သည့် တရားတော်များကို ဖော်ပြထားသည်။

==ooo==

– **သူတော်ကောင်းလက္ခဏာ** တရားတော်ကို တိတ်ခွေမှ ကူးယူ၍ စာအုပ်အဖြစ် ရိုက်နှိပ်သည်။

စာမျက်နှာ – ၁၅၈
ရိုက်နှိပ်ခုနှစ် – ၁၃၄၅ (၁၉၈၃)

– ယခုဘဝနှင့် နောက်နောင် သံသရာအဆက်ဆက်တွင် လူကောင်း သူကောင်း ဖြစ်စေရန် ရည်သန်ပြီး ဟောကြားထားသည်။

==ooo==

– **ဝိုင်။ အမ်။ ဘီ။ အေ** သြဝါဒတရားတော်တို့ကို တိတ်ခွေ မှ ကူးယူ၍ စာအုပ်အဖြစ် ရိုက်နှိပ်သည်။

==ooo==

– ရွှေကျင်နိကာယပရိယတ္တိနယူပဒေသ ကျမ်းစာကို ရိုက်နှိပ်သည်။

စာမျက်နှာ	–	၈၈
ကျမ်းပြုခုနှစ်	–	၁၂၉၄ (၁၉၃၂)
ရိုက်နှိပ်ခုနှစ်	–	၁၃၄၅ (၁၉၈၃)

– ၁၂၉၄ (၁၉၃၂) ခုနှစ်တွင် ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ရွှေကျင် နိကာယကိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးတွင် တင်သွင်းရန် သက်ဆိုင်ရာ ဆရာတော်ကြီးများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ရွှေကျင်ကိုဏ်းအတွက် ပရိယတ္တိသင်ပြန်ညွှန်းကို ရေးသားထားသည့် ကျမ်းဖြစ်သည်။

==ooo==

၁၃၄၇ (1985) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၂၄၆) ပါး သာမဏေ (၄၇၃) ပါး နှစ်ရပ်ပေါင်း (၇၁၉) ပါးသောသံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

==ooo==

၁၃၄၈(1986) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၃၁၀)ပါးသာမဏေ (၅၁၀)ပါး နှစ်ရပ်ပေါင်း (၈၂၀) ပါးသောသံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်ဂန္ဓမာလာက မန္တလေးမြို့ အောင်မြေသာဇံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်၌ ကုသိုလ်တော် ကျောင်းတိုက်ကို စတင်တည်ထောင်သည်။

– မဟာဂန္ဓာရုံကျောင်း တိုက်ခွဲအဖြစ် အရှင်စန္ဒဝံသာဘိဝံသက စစ်ကိုင်း တိုင်း ရွှေဘိုမြို့နယ်၌ ပါဠိကာရိတုလွတ်ကျောင်းတိုက်ကို အုပ်ချုပ် နေထိုင်သည်

==ooo==

၁၃၄၈ (1987) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၃၄၂)ပါး သာမဏေ (၄၃၆) ပါး နှစ်ရပ်ပေါင်း (၇၇၈)ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ် အလုပ်တို့ကိုအားထုတ်တော်မူကြသည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်ဝါယမက ရှမ်းပြည်နယ် တောင်ပိုင်း အောင်ပန်းမြို့၌ မဟာဂန္ဓာရုံကျောင်းတိုက်ကို အုပ်ချုပ် နေထိုင်သည်။

==ooo==

၁၃၄၉ (1988) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၃၈၀) ပါး သာမဏေ (၄၂၀) ပါး နှစ်ရပ်ပေါင်း (၈၀၀)ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

==ooo==

၁၃၅၀ (1989) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၄၄၂)ပါး သာမဏေ (၅၅၃) ပါး နှစ်ရပ်ပေါင်း (၉၉၅)ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်သောဟဒက စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ဇီးဖြူပင်ရွာ၌ နဂါးရုံကျောင်းတိုက် ကို အုပ်ချုပ်နေထိုင်သည်။

==ooo==

၁၃၅၁ (1990) ခုနှစ်

– မီးဆယ့်တစ်ပါးနှင့် မရဏာသတိ မေတ္တာဘာဝနားတော်ကို တိတ်ခွေမှ ကူးယူ၍ စာအုပ်အဖြစ်ရိုက်နှိပ်သည်။

စာမျက်နှာ – ၅၁

ရိုက်နှိပ်ခုနှစ် – ၁၃၅၁ (၁၉၉၀)

==ooo==

၁၃၅၂ (1991) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၅၁၄)ပါး သာမဏေ (၆၈၅) ပါး နှစ်ရပ်ပေါင်း (၁၁၈၉) ပါးသောသံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

==ooo==

၁၃၅၃ (1992) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၄၈၈) ပါး သာမဏေ (၅၂၆) ပါး နှစ်ရပ်ပေါင်း (၁၀၀၄) ပါးသောသံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်အရိယဝံသက မန္တလေးတိုင်း တံတားဦးမြို့နယ် သူငယ်တော်ရွာ၌ တောရကျောင်းတိုက်ကို စတင်တည်ထောင်သည်။

- မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်ကူဒ္ဓိဇေက ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့၌ မဟာပုဗ္ဗာရုံ ကန်ဦးပရိယတ္တိ စာသင်တိုက်ကို အုပ်ချုပ်နေထိုင်သည်။
- မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်ကုမာရက စစ်ကိုင်းတိုင်း ရွှေဘိုမြို့၌ စတုဘုမ္မိက ပရိယတ္တိစာသင်တိုက်ကို အုပ်ချုပ်နေထိုင်သည်။

==ooo==

၁၃၅၄ (1993) ခုနှစ်

- မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၅၁၅) ပါး သာမဏေ (၆၀၇) ပါး နှစ်ရပ်ပေါင်း (၁၁၂၂) ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ် အလုပ်တို့ကို အားထုတ်တော်မူကြသည်။
- ဆေးကျောင်းသစ်ကို ပြုပြင်မွမ်းမံဆောက်လုပ်ပြီး မင်္ဂလာအေး ကျောင်းဟု အမည်ပေးသည်။
- မဟာဂန္ဓာရုံ ကျောင်းတိုက်ခွဲအဖြစ် အရှင်ဓမ္မပိယက ပဲခူးတိုင်း သုံးဆယ်မြို့ ၌ မဟာဂန္ဓာရုံကျောင်းတိုက်ကို စတင်တည်ထောင်သည်။
- **တရားသုံးဖြာ ဆုံးမစာ (၂)** ကျမ်းစာအုပ်ကို ရိုက်နှိပ်သည်။

စာမျက်နှာ	-	၇၂
ရိုက်နှိပ်ခုနှစ်	-	၁၃၅၄ (၁၉၉၃)

- ဤစာအုပ်တွင် ကံနှင့် ကံ၏စွမ်းအင်သတ္တိ အကြောင်း အရာများကို ဟောပြထားသည့် ကမ္မသတ္တိတရားတော်, ပုဏ္ဏား ငါးယောက်တရားတော်, နိဗ္ဗာန်၏ အေးငြိမ်းပုံပြ တရားတော် ဟူသော တရားသုံးပုဒ်ပါဝင်သည်။

==ooo==

၁၃၅၅ (1994) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၅၁၂)ပါး သာမဏေ (၆၀၉)ပါး နှစ်ရပ်ပေါင်း (၁၁၃၀)ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ် ဝါကပ်၍ ပရိယတ် ပဋိပတ် အလုပ်တို့ကိုအားထုတ်တော် မူကြသည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်ပညာဝံသာဘိဝံသက မန္တလေး တိုင်း ကျောက်ဆည်မြို့၌ ရဲစုမမ္မရတနာကျောင်းတိုက်ကို စတင် တည်ထောင်သည်။

– **ပရိတ်ကြီး** တရားတော်ကို တိတ်ခွေမှကူးယူ၍ ပရိတ်ကြီး နိဿယ စာအုပ်အဖြစ် ရိုက်နှိပ်သည်။

စာမျက်နှာ – ၃၃၈
ရိုက်နှိပ်ခုနှစ် – ၁၃၅၅ (၁၉၉၄)

– ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ပို့ချ ဟောကြားတော်မူအပ် သော ပရိတ် (၁၁)သုတ် ပါဠိများ, နိဿယများ,သဘောအဓိပ္ပါယ် များ ရှင်းလင်းချက်များ ပါရှိသည်။

==ooo==

၁၃၅၆ (1995) ခုနှစ်

– ပဋ္ဌလောဟဘုရားကျောင်း၊ စောင်းတန်းတို့ကို အသစ်ပြန်လည် ပြုပြင်၍ ပဋ္ဌလောဟ ဘုရားကျောင်းဆောင် ဓမ္မာရုံအဖြစ် ဆောက် လုပ်ပြီးစီးသည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်ဝိစက္ခဏာဘိဝံသက ငဲခူးမြို့၌ သာမဏေကျောင်းတိုက်ကို စတင်တည်ထောင် သည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်အရိယဝံသာဘိဝံသက မန္တလေးမြို့ စက်မှုမြို့သစ်၌ မြဝတီမင်းကြီးကျောင်းတိုက်ကို စတင် တည်ထောင်သည်။

၁၃၅၇ (1996) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၆၇၆)ပါး သာမဏေ (၉၅၅) ပါး နှစ်ရပ်ပေါင်း (၁၆၃၁)ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခဲ့အဖြစ် အရှင်ဓမ္မဝါစကက ရှမ်းပြည် နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟဲခမ်းဦး ကျေးရွာ၌ ဟဲခမ်းဦးကျောင်းတိုက်၌ ကျောင်းထိုင်ဘုန်းကြီးအဖြစ် သီတင်းသုံးနေထိုင်သည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခဲ့အဖြစ် အရှင်ပညာနန္ဒက စစ်ကိုင်းတိုင်း မုံရွာမြို့၌ မဟာသန္တာရုံကျောင်းတိုက်ကို စတင် တည်ထောင်သည်။

==ooo==

၁၃၅၉ (1997) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၆၁၁) ပါးသာမဏေ (၅၇၇)ပါး နှစ်ရပ်ပေါင်း (၁၁၈၈) ပါးသော သံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ် အလုပ်တို့ကိုအားထုတ်တော်မူကြသည်။

==ooo==

၁၃၆၀ (1998) ခုနှစ်

– မဟာဂန္ဓာရုံကျောင်းတိုက်၌ ရဟန်း (၄၇၈)ပါး သာမဏေ (၃၇၄)ပါး နှစ်ရပ်ပေါင်း (၈၅၂) ပါးသောသံဃာတော်များ ဝါကပ်၍ ပရိယတ် ပဋိပတ်အလုပ်တို့ကို အားထုတ်တော်မူကြသည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်ဇနိန္ဒက မန္တလေးတိုင်း မြင်းခြံမြို့ (၁၀) ရပ်ကွက်၌ ကျိုက်ထီးရိုးကျောင်းတိုက်ကို စတင် အုပ်ချုပ်နေထိုင်သည်။

– မဟာဂန္ဓာရုံကျောင်းတိုက်ခွဲအဖြစ် အရှင်ကေသရာဘိဝံသက မန္တလေးမြို့ အောင်မြေသာဇံမြို့နယ် မဟာငေယံဘုံသာရုပ် စလင်းတိုက်၌ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်ကို စတင် တည်ထောင်သည်

==ooo==

၁၃၆၀ (1999) ခုနှစ်

– ဆရာတော် ဥူးစန္ဒောဘာသ၏ အထိမ်းအမှတ် ဗိမာန်တော် ဆောက်လုပ် ပြီးစီးသည်။

==ooo==

၁၃၆၁/၁၃၆၂ (2000) ခုနှစ်

– (၁၃၆၁) ခုနှစ်တွင် ရဟန်း (၄၉၅)ပါး သာမဏေ (၃၈၃) ပါး နှစ်ရပ်ပေါင်း (၈၇၈)ပါး ဝါကပ်သည်။

– (၁၃၆၂) ခုနှစ်တွင် ရဟန်း (၅၄၃) ပါး သာမဏေ (၅၈၇) ပါး နှစ်ရပ်ပေါင်း (၁၁၃၀)ပါး ဝါကပ်သည်။

– ဆရာတော်၏ သက်တော် (၁၀၀) ပြည့်နှစ် အထိမ်းအမှတ်အဖြစ် ရာပြည့် ဒေါ်တင်တင်စာချကျောင်းဟု အမည်တပ်ကာ ကျောင်း ဆောက်လုပ် လှူဒါန်းမှု ပြီးစီးသည်။

– ဆရာတော်၏ သက်တော် (၁၀၀) ပြည့်နှစ် အထိမ်းအမှတ် ''ဂုဏ ပူဇာ''အဖြစ် ရာပြည့်သုံးထပ် အုတ်တိုက်ကျောင်းတော်ကြီးကို ဆောက်လုပ် ပူဇော်ကြသည်။

– နှစ်တစ်ရာ အထိမ်းအမှတ် ဂုဏ်ပူဇော လေးမျက်နှာ ကျောက်စာ တိုင်စိုက်ထူသည်။ ဂုဏ်ပူဇောစာတမ်းများ စာအုပ်ရိုက်နှိပ် ထုတ်ဝေသည်။

– သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော **AShin Janakabhivamsa AUTOBIOGRA-PHY** စာအုပ်ရိုက်နှိပ်ထုတ်ဝေသည်။

==ooo==

– **သာသနာရေးလျှောက်ထားလွှာကို ရိုက်နှိပ်သည်။**

စာမျက်နှာ – ၂၁
ရိုက်နှိပ်ခုနှစ် – ၁၃၆၂ (၂၀၀၀)

– ၁၃၁၄ (၁၉၅၂) ခုနှစ်တွင် ကျင်းပသည့် ဆဋ္ဌသံဂါယနာ ပါဠိဝိသောဓက သံဃာ့အစည်းအဝေးနှင့် ၁၃၂၁ (၁၉၅၉) ခုနှစ်တွင် ကျင်းပသည့် ပရဟိတ သံဃအစည်းအဝေးတွင် ဆိုင်ရာ အကျိုးတော်ဆောင် ဆရာတော်များ၏ တိုက်တွန်းချက်အရ လျှောက်ထားခဲ့ခြင်းဖြစ်သည်။

==ooo==

– **ဝိုင်–အမ်–ဘီ–အေ မော်ကွန်းစာတမ်းကို ရိုက်နှိပ်သည်။**

စာမျက်နှာ – ၁၆
ကျမ်းပြုခုနှစ် – ၁၃၁၃ (၁၉၅၃)
ရိုက်နှိပ်ခုနှစ် – ၁၃၆၂ (၂၀၀၀)

– သာသနာတော်နှစ် ၂၄၅၀–ခုနှစ်၊ ကောဇာသင်္ကရာဇ် ၁၂၆၈–ခု၊ ခရစ်နှစ် ၁၉၀၆–ခုနှစ်တွင် တည်ထောင်ခဲ့သည့် ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝ (ဝိုင်–အမ်–ဘီ–အေ) အသင်းကြီး၏ လျှောက်ထား ချက်အရ ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် မှတ်တမ်းရေး သားခဲ့ခြင်းဖြစ်သည်။

==ooo==

အဘိဓမ္မာနှင့်စပ်၍ မှတ်ဖွယ်များကို ရိုက်နှိပ်သည်။

စာမျက်နှာ	–	၄၄
ကျမ်းပြုခုနှစ်	–	၁၃၂၉ (၁၉၆၈)
ရိုက်နှိပ်ခုနှစ်	–	၁၃၆၂ (၂၀၀၀)

ဓမ္မသင်္ဂဏီ, ဝိဘင်္ဂ, ဓာတုကထာ, ပုဂ္ဂလပညတ္တိ,ကထာဝတ္ထု, ယမက,ပဋ္ဌာန–ဟူသော အဘိဓမ္မာခုနစ်ကျမ်းနှင့်စပ်၍ မှတ်ဖွယ်များကို အဘိဓမ္မာဆိုင်ရာ ဗဟုသုတရစေရန် အကျဉ်းချုံး၍ ရေးသားထားသည်။

အမရပူရမြို့ မဟာဝန္ဓာရုံကျောင်းတိုက် တွင်

၁၃၆၃-ခုနှစ်မှ ၁၃၇၁-ခုနှစ်ထိ

သီတင်းသုံးဝါဆိုတော်မူကြသော သံဃာစာရင်း

====000====

စဉ်	ခုနှစ်	ရဟန်း	သာမဏေ	စုစုပေါင်း
၁။	၁၃၆၃	၅၉၂	၇၁၀	၁၂၉၃
၂။	၁၃၆၄	–	–	–
၃။	၁၃၆၅	၅၄၄	၅၉၂	၁၁၃၆
၄။	၁၃၆၆	–	–	–
၅။	၁၃၆၇	၅၈၀	၇၄၀	၁၃၂၀
၆။	၁၃၆၈	၅၉၇	၆၀၂	၁၁၉၉
၇။	၁၃၆၉	၆၃၆	၇၅၈	၁၃၉၄
၈။	၁၃၇၀	၆၀၆	၅၈၃	၁၁၈၉
၉။	၁၃၇၁	၆၃၆	၅၇၀	၁၂၀၆



အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ အရှင်ဓနွောဘာသမဟာထေရ်

ဖွားမြင်တော်မူခြင်း

ဆရာတော် အရှင်စန္ဒောဘာသကို မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ရွှေလှေရွာတွင် ၁၂၈၃-ခုနှစ် ဝါဆိုလဆန်း (၁) ရက် အင်္ဂါနေ့ နေ့လယ် (၁) နာရီအချိန်၌ ခမည်းတော် ဦးအောင်ဘ + မယ်တော် ဒေါ်ဒေါ်မြင့်တို့မှ မီးရှူးသန့်စင် ဖွားမြင်ခဲ့၏။ ငယ်နာမည် ''မောင်တင်ညွန့်အောင်'' ဖြစ်ပြီး သတ္တမမြောက် သားရတနာဖြစ်တော်မူသည်။

ရှင်ရဟန်းပြုတော်မူခြင်း

၁၂၉၅ ခုနှစ် ဝါဆိုလဆန်း (၅) ရက်နေ့တွင် ရွှေလှေရွာ အရှေ့ကျောင်း ဆရာတော် အရှင်ဥတ္တမကို ဥပဇ္ဈာယ်ပြုကာ ရွှေလှေရွာ ဦးဘဇုံ + ဒေါ်ပေါမိ (အမအရင်း) မိသားစု၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဖြစ်တော်မူခဲ့ပြီး ၁၃၀၂-ခုနှစ်တပို့တွဲလဆန်း (၁၁) ရက်နေ့ နံနက် (၉း၂၅) နာရီအချိန်တွင် ဇရာဝတီမြစ် ''ဥဒကုက္ခေပ'' သိမ်၌ ကိုးကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ကာရကသံဃာ (၄၅) ပါးဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရွှေလှေရွာမှ ကန်ထရိုက်တာ ဦးထွန်းသိန်း + ဒေါ်ပု မိသားစုများက မူလရဟန်းဒကာ ဒကာမများဖြစ်ကြသည်။

ပညာသင်ကြားတော်မူခြင်း

ရွှေလှေရွာ မူလတန်းကျောင်းတွင် ကိုးနှစ်သားအရွယ် စတုတ္ထတန်း အောင်သည်အထိ အတန်းပညာများသင်ကြားခဲ့ပြီး မူလတန်းကျောင်းကို ဖျက်သိမ်းလိုက်သောအခါ ကိုးကျောင်းဆရာတော်ထံတွင် ကိုးကျောင်းလက်ံာ တွက်ပုံစာနှင့်အတူ ဗိုလ်တွက်ကိန်းအထိ သင်ကြားကာ လောကီလောကုတ္တရာ အခြေခံစာပေများ ဆည်းပူးတော်မူခဲ့သည်။

ရှင်သာမဏေဖြစ်ပြီးနောက် သက်တော် (၁၂) နှစ်အရွယ်တွင် အရှေ့ကျောင်း ဆရာတော် ဥူးဥတ္တမအထံတွင် ပိဋကတ် အခြေခံ ပုစ်စစ်, သဒ္ဒါစစ်, နည်းလေးဆယ်, သံဝဏ္ဏနာ, ဘေဒစိန္တာ, ကစ္စာယနသာရ, ဇာလိနီ စသော သဒ္ဒါငယ်ကျမ်းများကို သင်ယူတော်မူခဲ့၏။ သက်တော် (၁၅)နှစ်အရွယ်တွင် ရွှေဘိုမြို့, မှန်သာတိုက်ဆရာတော်ကြီး အရှင်ဉာဏိန္ဒ ထံသို့ ပြောင်းရွှေ့ကာ ဆရာတော်ကြီးနှင့် စာချ ဆရာတော်များထံ ငယ်, လတ်, ကြီးတန်းဆိုင်ရာ နှေဝါညဝါ ကျမ်းစာများကို ကျမ်းကျင် တတ်မြောက်အောင် သင်ယူတော်မူခဲ့သည်။

ရွှေဘိုမြို့မှ တဖန် ရေဦးမြို့သို့ပြောင်းရွှေ့ပြီး ချမ်းသာကြီးတိုက် စာချဆရာတော် အရှင်သုမန (နောင်အခါ ရေဦးကမ်းပါးယံ ကျောင်းတိုက် ဆရာတော်) ထံ ပရိယတ်စာပေများ ဆက်လက်သင်ကြားနေခိုက် ရဟန်းတစ်ဝါ ရရှိချိန်တွင် ဒုတိယကမ္မာစစ်ကြီး မြန်မာပြည်သို့ရောက်ရှိလာသည့်အတွက် မိမိနေရပ်သို့ ပြန်လည်ကြွရောက်တော်မူခဲ့သည်။

မိမိနေရပ်၌ အချိန်အလဟသ ကုန်ဆုံးနေရမှုကို မနှစ်မြို့သည့် အတွက် စစ်ဘေးစစ်ဒဏ် ပြင်းထန်စွာဖြစ်ပွားနေသည့် ၁၃၀၄-ခုနှစ်မှာပင် "ပညာသင်ကြားပြသမှု အထူးကောင်းမွန်လှသည်" ဟု ကျော်ကြားနေသော အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးထံတော်သို့ ပြောင်းရွှေ့ရောက်ရှိကာ နေနည်းထိုင်ပုံ ကျင့်ဝတ်စုံနှင့်တကွ ပိဋကတ်အခြေခံမှစ၍ ပါဠို,အဋ္ဌကထာ ဋီကာကျမ်းများ, ကာတန္တ သိဒ္ဓန္တကောမုဒီ, ဟိတော-ပဒေသ, စာဏက္ကနီတိ, ပါဏိနီ, မုဒ္ဓဗောဓစသော သက္ကတကျမ်းများကို ဆက်လက် သင်ကြားတော် မူရာ (၆) ဝါအရတွင် ပေါက်မြောက်ပြီးဆုံးတော်မူခဲ့သည်။

စာမေးပွဲများဖြေဆိုအောင်မြင်တော်မူခြင်း

စာမေးပွဲများ ဝင်ရောက်ဖြေဆိုရန် စိတ်ဆန္ဒမရှိခဲ့သော်လည်း "ကိုယ့်ဘဝက ရှေ့ကိုဘယ်လိုနေရမယ်ဆိုတာ တိတိကျကျ သိနိုင်တာ မဟုတ်ဘူး၊ တစ်ပါးတည်း ကေစာရီနေရလျှင်တော့ ဘွဲ့ဒီဂရီမရှိလည်း နေလို့ဖြစ်သည့် အတွက် ကောင်းပါတယ်။ အကယ်၍ သံဃာ့ပရိတ်သတ်နှင့် နေရမှာဆိုလျှင်တော့ စာမေးပွဲ ဘွဲ့ထူး ဂုဏ်ထူးအနည်းဆုံး တစ်ခုခုတော့

ရှိထားမှသင့်တော်မည်။ ဘွဲ့ထူး တစ်ခုခုမှ ရှိမထားလျှင် အုပ်ချုပ်ခံ တပည့်များက ဆရာ့အပေါ် အားမရရုံတင်မက အချို့က အထင်အမြင် ပင်သေးတတ်သည်'' ဟု ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီးက အမိန့်ရှိသည့်အတွက် ထိုအချက်ကို အလေးအနက်ထားကာ ''ဆရာ သမားက အရှည်ကြည့်ပြီး မိန့်ကြားခြင်းပင်ဖြစ်သည်'' ဟု မှတ်ယူလက်ခံ ခဲ့ပြီး ရဟန်း (၆) ဝါမှစတင်၍ ငယ်, လတ်, ကြီးစာချတန်း ဂုဏ်ထူးတန်းများ ကို ဝင်ရောက်ဖြေဆိုရာ လေးနှစ်ခရီးဖြင့် ပြီးစီးအောင်မြင်၍ ''သာသနဓဇ သိရီပဝရ ဓမ္မာစရိယ'' ဘွဲ့ကိုရရှိတော်မူခဲ့သည်။

စစ်ကိုင်းတောင်ရိုး ဇေတဝန်စေတီတော်အနီး (ကျောက်ထုပ် ဆရာတော်ဟု အသိများသော) လေးကျွန်းချမ်းသာချောင် ပဌာန်းဆရာ တော် အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘိတ, မန္တလေးမြို့မှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များဖြစ်ကြသည့် ခင်မကန်တိုက် စံကျောင်းဆရာတော်, ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် အရှင်နာရဒ, ဆရာတော် ဦးကြွယ်နှင့် ရွှေရေးဆောင်တိုက် သံကျောင်းဆရာတော် အရှင်ပဏ္ဍာဝ တို့ထံတွင်လည်း စာဝါများ ဆည်းပူးလေ့လာတော်မူခဲ့သည်။

ကျမ်းစာပြုစု သာသနာတော်အဓရေး အားပေးဆောင်ရွက်တော်မူခြင်း

ရဟန်း (၃) ဝါမှစ၍ မဟာဂန္ဓာရုံဆရာတော်ကြီးကို ပံ့ပိုးကူညီပြီး တစ်နေ့လျှင် စာဝါ–လေး, ငါးဝါပို့ချသင်ကြားပေးခဲ့၏။ ဆရာတော်ကြီး၏ ကျမ်းစာများကို ကူညီရေးသားခြင်း, ကျောင်းတိုက်အုပ်ချုပ်ရေး ပညာသင်ကြားရေး စသော တာဝန်များကို ဆရာတော်ကြီးလက်အောက်မှ အစစအရာရာ တာဝန်ယူဆောင်ရွက်တော်မူခဲ့သည်။ သာသနာတော် အတွက် အလွန်ကျေးဇူးများသော ဒီဃနိကာယ် ''သုတ်ပါထေယျ ဘာသာ ဋီကာ''ကျမ်းကိုလည်း မဟာဂန္ဓာရုံဆရာတော်ကြီး၏ ရည်ရွယ်ချက်နှင့် ရေးသားပုံ အစီအစဉ် အတိုင်းရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်သည် မဟာဂန္ဓာရုံဆရာတော် လွန်တော်မူပြီးသည့် နောက် မဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို ဆက်လက်ပြီး ဦးစီး ခေါင်းဆောင်လျက် နာယကချုပ်အဖြစ် မဟာဂန္ဓာရုံသာသနာကို ဆရာတော်ဘုရား ထားခဲ့သည့် အခြေအနေမှ ဆုတ်ယုတ်မှုမရှိစေဘဲ ဆထက်ထမ်းပိုး တိုးတက်အောင် ဆောင်ရွက်တော်မူခဲ့သည်။ ရွှေကျင်ကိုဏ်းဆိုင်ရာ တာဝန်များ,မန္တလေးတိုင်း ဝါဆိုသံဃာစာရင်း ပြုသနာ ဖြေရှင်းသည့် တာဝန်, ပထမပြန်စနစ်သစ် ပညာရေးကော်မတီတွင် ပါဝင်ကာ သင်ရိုး ညွှန်းတမ်းများ ရေးဆွဲခြင်းတာဝန်, နိုင်ငံတော်ဝိနည်းမိုရ်နှင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် တာဝန်များကိုလည်း စွမ်းစွမ်းတမံ ထမ်းရွက်တော်မူခဲ့၏။ အမြို့မြို့အနယ်နယ်ရှိ မဟာဂန္ဓာရုံ ကျောင်းတိုက်ခွဲများကိုလည်း ကြောင့်ကြစိုက်အလေးထားကာ ညွှန်ကြားစောင့် ရှောက်တော်မူခဲ့၏။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

၁၃၄၉ ခုနှစ်တွင်နိုင်ငံတော်အစိုးရ၏ ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူတော်မူရသည်။ (ထိုနှစ်က အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို တစ်နိုင်ငံလုံး (၅) ပါးကပ်လှူခံရသည်)

ဘဝနတ်ကျောင်းဆွေ့ပြောင်းတော်မူခြင်း

ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်ကြီး၏ ဖဝါးခြေထပ် ထပ်ကြပ်မကွာ လိုက်ပါသည့်အနေဖြင့် နေ့စဉ်နေ့တိုင်း နံနက်ခင်း ဩဝါဒ မိန့်ခွန်းများဖြင့် တပည့်သံဃာ ဒကာ,ဒကာမများကို သွန်သင်လမ်းပြတော်မူခဲ့သည်။ ဆရာတော်သည် ကျောင်းတိုက်တာအကျိုး, သာသနာတော်အကျိုးကို တက်ကြွစွာ သည်ပိုးထမ်းဆောင်တော်မူရင်း သက်တော် (၇၁) နှစ် ဝါတော် (၅၁) ဝါအရ ၁၃၅၃ ခုနှစ် ပဌမ ဝါဆိုလဆန်း (၅) ရက် (၁၆-၆-၁၉၉၁) တနင်္ဂနွေနေ့ ညနေ (၄) နာရီ (၂၅) မိနစ်အချိန်တွင် ရန်ကုန်မြို့ ကန်တော်ကြီးဆေးရုံ၌ ဘဝနတ်ထံစံလွန်တော်မူခဲ့ပါသည်။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အရှင်ကဝိန္ဒမဟာထေရ်

ဖွားမြင်တော်မူခြင်း

ဆရာတော် အရှင်ကဝိန္ဒကို မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ဇီးပင်ကုန်းရွာ ခမည်းတော် ဦးထင် + မယ်တော် ဒေါ်ဇင်တို့မှ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့် ကျော် (၉) ရက် တနလ်ာနေ့တွင် ဖွားမြင်ခဲ့သည်။

ရှင်ရဟန်းပြုတော်မူခြင်း

၁၂၉၆-ခုနှစ် ကဆုန်လဆန်း (၁၅) ရက်နေ့တွင် ရွှေဘိုမြို့ မင်းရပ်ဘုရားကြီးမြောက်ကျောင်းတိုက် ဆရာတော် အရှင်ကိတ္တိထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဆရာမြင့် မောင်နှမတစ်စုတ်၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပြီး ၁၃၀၀-ပြည့်နှစ် ဝါဆိုလဆန်း (၁၀) ရက်နေ့ နံနက် (၇) နာရီအချိန်တွင် ရွှေဘိုမြို့ ဘိုကုန်းရပ် မှန်သာကျောင်းတိုက် ခဏ္ဍသိမ်၌ ဘုရားကြီး မြောက်ကျောင်းတိုက်ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြုလျက် ဆရာမြင့်-မောင်နှမ တစ်စုတ်၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ပညာသင်ကြားတော်မူခြင်း

ရွှေဘိုမြို့မင်းရပ် မှန်သာကျောင်းတိုက်ဆရာတော်, မန္တလေးမြို့ အနောက်ခင်မကန် အလယ်တိုက်ကျောင်း ဆရာတော် အရှင်နေမိန္ဒ, တောင်သမန်တိုက် မိုးကောင်းကျောင်းဆရာတော် အရှင်သီဟ, အနောက်ထီးလင်းတိုက် ဒဂံဦးကျောင်းဆရာတော်, မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်နှင့် ထိန်ပင်ကျောင်းဆရာတော်, ဘုရားကြီးတိုက် ဆရာတော် အရှင်နာရဒနှင့် ဆရာတော် ဦးကြွယ်, အသောကာရာမတိုက် ပြည်ကျောင်းဆရာတော် အရှင်တေဇနိယ, ချမ်းသာကြီးတောင်တိုက် ရတနာပုံကျောင်းဆရာတော်တို့ထံတွင် ပိဋကတ်အခြေခံစာပေများ အထက်တန်း ကျမ်းဂန်များကို လေ့လာသင်ကြားတော်မူခဲ့သည်။

စာမေးပွဲများအောင်မြင်တော်မူခြင်း

စာမေးပွဲများ ဝင်ရောက်ဖြေဆိုရာတွင် ငယ်, လတ်, ကြီး, စာချတန်း နှင့် ဂုဏ်ထူးကျမ်းများကို အောင်မြင်ပြီး "သာသနဓဇသိရိပဝရမဟာစရိယ" ဘွဲ့ကို ရရှိတော်မူခဲ့၏။ ရွှေဘိုမြို့မှန်သာကျောင်းတိုက်, မန္တလေးမြို့ မိုးကောင်းတိုက် ဒေးဒရဲကျောင်း, အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်တို့တွင် ငယ်, လတ်, ကြီး, ဓမ္မာစရိယတန်းစာဝါများကို ပို့ချတော်မူခဲ့သည်။

ကျမ်းစာပြုစု ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

၁။ သင်္ဂြိဟ်သရုပ်ခွဲ ၂။ ကိုယ်ချင်းစာအပ် အရှင်ဒေဝဒတ်
၃။ ဝိုလ္လင်ပုလဲ ရယ်လျှင်ရွှဲ
၄။ နာမ်ဂိုဏ်းအာချာတ်ဂိုဏ်းရုပ်တွက်ကျမ်းစာအုပ်များကို ရေးသားတော်မူခဲ့၏။

၁၃၅၇-ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကပ်လှူမှုကို ခံယူတော်မူရသည်။

သာသနာတော်အရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မဟာဂန္ဓာရုံကျောင်းတိုက် ရှေးဦးပိုင်းကာလတွင် ကျမ်းပြုအကျော် ဆရာတော်ကြီးနှင့်အတူ (၁၅) နှစ်ခန့် သီတင်းသုံးကာ စာဝါများကူညီပို့ချခဲ့ပြီး ၁၃၁၆ ခုနှစ်တွင် ဇာတိရပ်ရွာသို့ ပြန်ကြွသွားခဲ့ကာ နှစ်ပေါင်း (၄၀) အကြာ ၁၃၅၆ ခုနှစ် တွင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိ၍ မဟာနာယက ဆရာတော်တစ်ပါး အဖြစ် သီတင်းသုံးခဲ့သည်။

ဘဝနတ်ကျောင်း ရွှေ့ပြောင်းတော်မူခြင်း

ဆရာတော်သည် သက်တော် (၉၁) နှစ် ဝါတော် (၇၁) ဝါ အရ ၁၃၇၁-ခုနှစ် သီတင်းကျွတ်လဆန်း (၅) ရက်နေ့ ည (၂) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အရှင်မဟိန္ဒမဟာထေရ်

ဖွားမြင်တော်မူခြင်း

ဆရာတော် အရှင်မဟိန္ဒကို မကွေးတိုင်း ထီးလင်းမြို့နယ် ကင်းပန်းရွာတွင် ခမည်းတော် ဦးရဲဖုန်း + မယ်တော် ဒေါ်စိုးမယ် တို့မှ ၁၂၉၂ ခုနှစ် ပြာသိုလဆန်း (၇) ရက် ကြာသာပတေးနေ့တွင် ဖွားမြင်ခဲ့၏။ သတ္တမမြောက် သားရတနာ ဖြစ်တော်မူသည်။

ရှင်ရဟန်းပြုတော်မူခြင်း

၁၃၀၇ ခုနှစ် တပေါင်းလဆန်း (၁၂) ရက်နေ့တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအရွယ်နှင့် ရဟန်းဖြစ်အရွယ်များတွင် ကင်းပန်းရွာ ဂန္ဓာရုံကျောင်း ခဏ္ဍသိမ်၌ ဆရာတော် အရှင်ခေမက ကို ဥပဇ္ဈာယ်ပြုကာ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပညာသင်ကြားခြင်း စာမေးပွဲများအောင်မြင်တော်မူခြင်း

ရှင်သာမဏေအရွယ်နှင့် ရဟန်းဖြစ်အရွယ်များတွင် ကင်းပန်းရွာ ဂန္ဓာရုံကျောင်းဆရာတော်ထံ၌ ပိဋကတ်အခြေခံစာပေများကို သင်ယူတော်မူခဲ့၏။ ၁၃၁၄-ခုနှစ်တွင် ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးအထံတော်သို့ ရောက်ရှိခိုလှုံကာ အထက်တန်း ပိဋကတ်ကျမ်းစာများကို ဆက်လက်သင်ကြား တော်မူခဲ့ပြီး ငယ်, လတ်, ကြီး, ဓမ္မာစရိယတန်းများကို ဖြေဆို အောင်မြင်တော် မူခဲ့သည်။

သာသနာတော်အရေးအားပေးဆောင်ရွက်တော်မူခြင်း

ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး လွန်တော်မူပြီးနောက် မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးကို ဆက်လက်ပြီး ဦးဆောင်အုပ်ချုပ်

ထိန်းသိမ်းတော်မူကြသည့် နာယကဆရာတော် (၅)ပါးတွင်တစ်ပါး အပါအဝင် ဖြစ်တော်မူခဲ့ပြီး စည်းကမ်း ထိန်းသိမ်းရေးတာဝန်, ကျောင်းဆောင်သစ်များ ဆောက်လုပ်ရာတွင် ကြပ်မတ်ညွှန်ကြားရေး တာဝန်, စာပေပို့ချခြင်း တာဝန်များကို ဆောင်ရွက်တော်မူခဲ့၏။

၁၃၅၃-ခုနှစ်မှစ၍ မဟာဂန္ဓာရုံ စာချဂ္ဂဝါစကအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၃၄၂-ခုနှစ်မှ ၁၃၅၄-ခုနှစ်အထိ အမရပူရ မြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ၁၃၅၄-ခုနှစ်မှ ယခုအထိ မန္တလေးတိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်) အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၃၅၅- ခုနှစ်မှ ယခုအထိ ရွှေကျင်ဂိုဏ်း၏ ဂိုဏ်းလုံးဝန်ဆောင် နာယကအဖြစ် လည်းကောင်း၊ တတိယ စတုတ္ထအကြိမ်များတွင် သံဃသမ္မတိရ ကိုယ်စားလှယ် အဖြစ်လည်းကောင်း ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

"အဂ္ဂမဟာပဏ္ဍိတ ဘွဲ့"တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

သာသနာတော်အကျိုးကို ရှေ့ရှုပြီး ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) တွင် မဟာဂန္ဓာရုံကျောင်းတိုက်သစ် တည်ထောင် ပေးချလည်းပုံပိုး စောင့်ရှောက်တော်မူခဲ့၏။ ၁၃၅၉ (၁၉၉၈) ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူတော်မူရသည်။ အင်္ဂလန်, ဂျပန်, မလေးရှား, စင်္ကာပူ, ထိုင်း, အိန္ဒိယ, သီရိလင်္ကာနိုင်ငံများသို့ သာသနာပြုလွှတ်လာရေး ခရီးများ ကြွရောက်တော်မူခဲ့သည်။

ယခု (၁၃၇၁) ခုနှစ်တွင် ဆရာတော်သည် သက်တော် (၈၀) ဝါတော် (၆၀) အတွင်းသို့ ရောက်ရှိတော်မူကာ ကျောင်းတိုက်အကျိုး သာသနာတော်အကျိုးများကို ကျန်းမာရှည်လန်းစွာဖြင့်ပင် သည်ပိုး ဆောင်ရွက်တော် မူလျက်ရှိပါသည်။

အမရပူရမြို့, မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အရှင်ဣန္ဒာဘာသာဘိဝံသမဟာထေရ်

ဖွားမြင်တော်မူခြင်း

ဆရာတော် အရှင်ဣန္ဒာဘာသာဘိဝံသကို စစ်ကိုင်းတိုင်း ရွှေဘို ခရိုင် ဝက်လက်မြို့နယ် ဌေးသစ်ကုန်းရွာတွင် ခမည်းတော် ဦးထွန်းသောင် + မယ်တော် ဒေါ်အေးလွင်တို့မှ ၁၂၉၄-ခုနှစ် တန်ဆောင် မုန်းလဆန်း (၉) ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်ခဲ့သည်။

ရှင်, ရဟန်းပြုတော်မူခြင်း

၁၃၀၄ ခုနှစ် တပေါင်းလဆန်း (၇) ရက်နေ့တွင် ဌေးသစ်ကုန်းရွာ မဟာဓမ္မိကာရုံကျောင်း ဆရာတော် အရှင်အာဒိစ္စဝံသထေရ်ကို ဥပဇ္ဈာယ် ပြုကာ မယ်တော်ကြီးဒေါ်အေးလွင်၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဖြစ်တော်မူခဲ့ပြီး ၁၃၁၃ ခုနှစ် တပေါင်းလပြည့်ကျော် (၈) ရက် အင်္ဂါနေ့ နံနက် (၈) နာရီအချိန်တွင် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် မူလ ခဏ္ဍသီမံ၌ ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုကာ အမရပူရမြို့ သင်ပန်းကုန်းရပ် ပိုးကုန်သည် ဦးကြွယ် + ဒေါ်သန်းသန်း သမီး-ခင် မိသားစု၏ ပစ္စယာနုဂ္ဂဟဖြင့် မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပဉ္စာသင်ကြားတော်မူခြင်း

မဟာဓမ္မိကာရုံဆရာတော် အရှင်အာဒိစ္စဝံသထံတွင် ရှင်သာမဏေ ဘဝဖြင့် (၄) နှစ်တိုင်တိုင် ပိဋကတ်အခြေပြုစာပေများကို ကြိုးစားသင်ယူရင်း ၁၃၀၉- ခုနှစ်တွင် ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ကြီး ခြေတော်ရင်းသို့ ရောက်ရှိပြီး ဆရာတော်ဘုရားကြီးနှင့် စာချဆရာတော်များ ထံတွင် ပိဋကတ် စာပေများကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ သင်ယူ

တော်မူခဲ့သည်။ စစ်ကိုင်းတောင်ရိုး ချမ်းအေးချောင်ဆရာတော် အရှင်ပဒုမ, ပဌာန်းသိပ္ပံဆရာတော် အရှင်က္ကန္ဒက, အဘယာရာမဆရာတော် အရှင်ပညဝန္တ, မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် သံတော်ဆင့်ဆရာတော် အရှင်ဝါသဝါဘိဝံသ တို့အထံတွင်လည်း စာဝါများ သင်ကြား ဆည်းပူးတော်မူခဲ့သည်။ ထို့ပြင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးထံတော်တွင် ဟိတောပဒေသ, ကာတန္တ, စာဏက္ကနီတိ စသော သက္ကတဘာသန္တရ စာပေများကိုလည်း သင်ယူခွင့်ရတော်မူခဲ့သည်။ အင်္ဂလိပ်စာပေများလည်း လေ့လာသင်ယူတော်မူခဲ့၏။ အခြေခံတန်းများမှစ၍ အထက်စာချတန်း တိုင်အောင် စာဝါမျိုးစုံကို ကြိုးစားပမ်းစား ပို့ချတော်မူခဲ့သည်။

စာမေးပွဲများအောင်မြင်တော်မူခြင်း

ပရိယတ္တိစာမေးပွဲများဝင်ရောက်ဖြေဆိုတော်မူခဲ့ရာ ငယ်, လတ်, ကြီးများကို ပါဠိဘာသာဖြင့်, စာချတန်းကို ဂုဏ်ထူးကျမ်းများဖြင့် လည်းကောင်း, စေတိယင်္ဂဏ စာသင်+စာချတန်းများကိုလည်းကောင်း အောင်မြင်ကာ ''သာသနဓဇသိရီပဝရမဟာစရိယ' 'စေတိယင်္ဂဏအဘိဝံသ'' ''စေတိယင်္ဂဏ ပရိယတ္တိဂဏ္ဌဝါစက ဓမ္မာစရိယ'' ဘွဲ့များကို ရတော်မူခဲ့သည်။

သာသနာတော်အရေး အားပေးဆောင်ရွက်တော်မူခြင်း

ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ကြီးလွန်တော်မူပြီးနောက် မဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို နာယကဆရာတော် (၅) ပါးက ဦးဆောင်စီမံ အုပ်ချုပ်တော်မူရာတွင် ဆရာတော်သည် တစ်ပါးအပါအဝင် ဖြစ်တော်မူခဲ့သည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ကျမ်းစာများ ကြီးကြပ်ပုံနှိပ် ထုတ်ဝေ ခြင်းတာဝန်, နံနက်ခင်း ဩဝါဒအချိန်တွင် သံဃာများအား သွန်သင်ဆုံးမမှုတာဝန်, ဂဏဝါစကအဖွဲ့ တွဲဖက်ဥက္ကဋ္ဌ တာဝန်, အမရပူရမြို့ မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးဆောင် တာဝန်, ဥက္ကဋ္ဌ တာဝန်, နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်နှင့် နိုင်ငံတော် ဝိနည်းဓိရ်တာဝန်, ရွှေကျင်နိကာယဂိုဏ်းလုံး ဝန်ဆောင်တာဝန်စသော တာဝန်များကို အားသွန် ခွန်စိုက်ဆောင်ရွက်တော်မူခဲ့သည်။

"အဂ္ဂမဟာပဏ္ဍိတ "ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

သာသနာတော်အတွက် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်, မဟာသန္တာရုံကျောင်းတိုက်, မဟာမြိုင် ကျောင်းတိုက်စသော ကျောင်းတိုက်ခွဲ များကိုလည်း ကူညီပံ့ပိုးတည်ထောင်ပေးတော်မူခဲ့၏။ စက္ကလက္ခဏာဝန္ဒနာနှင့် မေတ္တာဘာဝနာကျမ်းကိုလည်း ရေးသားတော်မူခဲ့၏။ ၁၃၅၆ ခုနှစ်တွင် ဗုဒ္ဓဂယာသို့ ဘုရားဖူး လေ့လာရေးခရီး ကြွရောက်ရာတွင် ခရီးစဉ်တစ်ခုလုံးကို ပါဠိဂါထာများဖြင့် မှတ်တမ်းတင်တော်မူခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ၁၃၅၃-ခုနှစ်တွင် "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့နှင့် ၁၃၅၆-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်မှုကို ခံယူတော်မူခဲ့သည်။

ဆရာတော်သည် ယခု (၁၃၇၁) ခုနှစ်တွင် သက်တော် (၇၇) နှစ် သိက္ခာတော် (၅၈) ဝါရတော်မူသည့်တိုင်အောင် ကျောင်းတိုက်အကျိုး, သာသနာတော်အကျိုးများကို ကျန်းမာရွှင်လန်းစွာဖြင့် ထမ်းရွက်တော်မူလျက် ရှိပါသည်။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်အဂ္ဂဝံသမဟာထေရ်

ဖွားမြင်တော်မူခြင်း

ဆရာတော် အရှင်အဂ္ဂဝံသကို မန္တလေးတိုင်း မြင်းခြံမြို့နယ် ညောင်တိုရွာ ခမည်းတော် ဦးစံရွှေ + မယ်တော် ဒေါ်ရွှေဆိုင်တို့မှ ၁၂၉၄-ခုနှစ် နတ်တော်လဆန်း (၁၄)ရက် တနင်္ဂနွေနေ့ နံနက် (၄) နာရီအချိန်တွင် ဖွားမြင်ခဲ့သည်။

ရှင်, ရဟန်းပြုတော်မူခြင်း

၁၂၉၉-ခုနှစ် တန်ဆောင်မုန်းလဆန်း (၃) ရက်နေ့တွင် ခမည်းတော် ဦးစံရွှေ + မယ်တော် ဒေါ်ရွှေဆိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ညောင်တိုကျောင်းဆရာတော် အရှင်ရာဇိန္ဒကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေဖြစ်တော်မူခဲ့သည်။ ၁၃၁၄-ခုနှစ် နယုန်လဆန်း (၁၄) ရက်နေ့တွင် တလုပ်မြို့ မိုးကောင်းကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ညောင်တိုကျောင်း ခဏ္ဍာသိမ်၌ ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပညာသင်ကြားတော်မူခြင်း

ရဟန်းဖြစ်ပြီးနောက် မြင်းခြံမြို့ ပတ္တာပိုဏ်ကျောင်းတိုက်သို့ ပြောင်းရွှေ့ပြီး ပရိယတ်စာပေများ သင်ကြားတော်မူခဲ့၏။ ထိုမှတဖန် ၁၃၂၁-ခုနှစ် နယုန်လပြည့်နေ့တွင် အမရပူရမြို့ ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ကြီးထံတော်သို့ ရောက်ရှိ၍ ပရိယတ်စာပေများကို ဆက်လက် သင်ကြားတော်မူခဲ့သည်။

သာသနာတော်အရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဆွမ်းကိစ္စများ အဆင်ပြေအောင် အထူးစီမံကြိုးစားတော်မူခဲ့၏။ ထို့နောက် ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ စေခိုင်းတိုက်တွန်းချက်အရ တောင်သမန်အင်း ဦးထိပ်တွင် တည်ရှိတော်မူသည့် ရွှေးဟောင်း ကျောက်တော်ကြီး စေတီတော်ကြီးကို ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။

ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ကြီး လွန်တော်မူပြီးနောက် မဟာ ဂန္ဓာရုံကျောင်း တိုက်ကြီးကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တော်မူကြသည့် နာယကဆရာတော် (၅)ပါးတွင် တစ်ပါးပါဝင်ကာ ပံ့ပိုးကူညီစောင့်ရှောက်တော်မူခဲ့၏။ ၁၃၆၁-ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ''အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ'' ဘွဲ့တံဆိပ်ကပ်လှူမှုကို ခံယူတော်မူရသည်။

ယခု (၁၃၇၁) ခုနှစ်တွင် သက်တော် (၇၅) နှစ် သိက္ခာတော် (၅၈)ဝါ ရတော်မူလျက် မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးနှင့် ကျောက်တော်ကြီးကျောင်းတိုက်၏ အကျိုး, သာသနာတော်အကျိုးများကို ကျန်းမာရွှင်လန်းစွာဖြင့် ထမ်းဆောင်တော်မူလျက် ရှိပါသည်။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ်
အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
အရှင်ကုဏ္ဍလာဘိဝံသမဟာထေရ်

ဖွားမြင်တော်မူခြင်း

ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသကို မန္တလေးတိုင်း စဉ့်ကူးမြို့နယ် ဆည်သည်ရွာ ခမည်းတော် ဦးဖေဘ + မယ်တော် ဒေါ်မယ်မတို့မှ ၁၂၉၄ ခုနှစ် ပြာသိုလဆန်း (၁၄) ရက် တနလ်ာနေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်နာမည် ''မောင်ခင်မောင်ကြည်'' ဟုတွင်ပြီး ပဉ္စမမြောက်သားရတနာဖြစ်တော်မူသည်။

ရှင်, ရဟန်းပြုတော်မူခြင်း

၁၃၀၂-ခုနှစ် တန်ဆောင်မုန်းလဆန်း (၅) ရက်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဆည်သည်ရွာ သီရိမင်္ဂလာကျောင်းတိုက် ဦးရိုးတော် ဆရာတော် အရှင်အာစိဏ္ဏကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေဖြစ်တော်မူခဲ့၏။ ဦးရိုးတော် ဆရာတော် အထံတွင် (၂) နှစ်တိုင်တိုင် ပိဋကတ်အခြေခံသင်ရိုးကျမ်းစာများကို ကြိုးစားသင်ယူတော်မူခဲ့သည်။

၁၃၀၉-ခုနှစ်တွင် ကျမ်းပြုအကျော် အမရပူရမဟာဂန္ဓာရုံဆရာတော် ဘုရားကြီးအထံတော်သို့ ရောက်ရှိကာ ပရိယတ်စာပေများကို ဆက်လက်လေ့လာ သင်ယူတော်မူခဲ့၏။ ၁၃၁၄-ခုနှစ် နှောင်းတန်ခူးလပြည့်တနင်္ဂနွေနေ့တွင် ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့ ပွဲကုန်းရပ် နန္ဒဝန်သစ်စက်ပိုင် ဦးဘတင် + ဒေါ်မိမိလေးမိသားစု၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။

ပညာသင်ကြားတော်မူခြင်း

ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးနှင့် စာချဆရာတော်များထံတွင် အထက်တန်း ပိဋကတ်ကျမ်းဂန်များကို အားကြိုးမာန်တက် လေ့လာ သင်ယူတော်မူခဲ့သည့်အပြင် စစ်ကိုင်းတောင်ရိုးချမ်းအေးချောင် ဆရာတော် အရှင်ပဒုမ, အဂ္ဂမဟာပဏ္ဍိတ ပဌာန်းသိပ္ပံဆရာတော်, မန္တလေးမြို့ ဘုရားကြီးတိုက် တာရာမင်းကျောင်းဆရာတော် အရှင်ပညာဇောတာဘိဝံသ, တောင်သမန် တိုက်ဆရာတော် အရှင်ကေသဝါဘိဝံသတို့ အထံတွင်လည်း စာဝါများကို သင်ယူတော်မူခဲ့သည်။ အင်္ဂလိပ်စာနှင့် မဟာဂန္ဓာရုံ ဆရာတော်ထံမှ သင်္ကတ ဘာသာရပ်ကျမ်းစာများကိုလည်း သင်ကြားတတ်မြောက်တော်မူခဲ့၏။ တိုင်းရင်းဆေးပညာများကိုလည်း ဒေသနာနယ, ဘေသဇ္ဇနယ, နက္ခတ္တနယ, သုံးကျမ်းလုံး ဖြေဆိုအောင်မြင်သည်အထိ လေ့လာလိုက်စားတော်မူခဲ့သည်။

စာမေးပွဲများဖြေဆိုအောင်မြင်တော်မူခြင်း

စာမေးပွဲများ ဝင်ရောက်ဖြေဆိုတော်မူခဲ့ရာတွင် ရှင်သာမဏေ ဘဝဖြင့် ပရိယတ္တိသာသနာလင်္ကာရ (သကျသီဟ) သာမဏေကျော်ဘွဲ့ ငယ်, လတ်, ကြီးတန်းများနှင့် ရဟန်းဖြစ်စတွင် စာချတန်း ဂုဏ်ထူးတန်းများကို အောင်မြင်ပြီး "သာသနဓဇ သိရိပဝရမဟာစရိယ"ဘွဲ့, မန္တလေး ပရိယတ္တိသာသနဟိတ အသင်းကြီး၏ စာသင်, စာချတန်းများကို အောင်မြင်ကာ "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့များရတော်မူခဲ့သည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် အခြေခံတန်းမှ အထက်စာချတန်း ဂုဏ်ထူးတန်းများအထိ စာဝါမျိုးစုံကို မနားတမ်း ပို့ချတော်မူခဲ့၏။ ကျောင်းတိုက်အတွင်းသို့ ကောင်းမှုဆည်းပူးဖို့ ရောက်လာကြသည့် ဒကာဒကာမတို့အား တရားဓမ္မများတဝန်ယူ ဟောကြားခဲ့သည်သာမက အနယ်နယ်အရပ်ရပ်သို့ ကြွရောက်ပြီးနှစ်ပေါင်း (၃၀)ကျော်တိုင်တိုင် နေ့, ည တရားပွဲများကို ဟောကြားတော်မူခဲ့သည်။

မဟာဂန္ဓာရုံဆရာတော်ကြီး လွန်တော်မူပြီးနောက် မဟာဂန္ဓာရုံကျောင်းတိုက်ကြီးကို ဆက်လက်စီမံထိန်းသိမ်း စောင့်ရှောက်တော်မူကြသည့် နာယကဆရာတော်ကြီး (၅)ပါးတွင် တစ်ပါးပါဝင်ကာ ပညာသင်ကြားရေး, အုပ်ချုပ်ရေး, တာဝန်များကို ထမ်းရွက်တော်မူခဲ့ပြီး ၁၃၅၃–ခုနှစ်မှ စတင်ပြီး နာယကချုပ်တာဝန်ကိုပါ ထမ်းရွက်တော်မူခဲ့သည်။

ထို့ပြင် မန္တလေးတိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်)၏ ဝန်ဆောင်တာဝန် ကို ၁၃၄၂–ခုနှစ်မှစပြီး (၁၀) နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့၏။ ရွှေကျင်ဂိုဏ်းကြီး ၏ ဂိုဏ်းလုံးဝန်ဆောင်နာယကတာဝန်, နိုင်ငံတော် ဝိနည်းဓိရ် တာဝန်, နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တာဝန်များနှင့် ၁၃၄၉–ခုနှစ် သီတင်းကျွတ်လတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တာဝန်ပေးချက်အရ ပရိယတ္တိပညာရေး စီမံကိန်း ပြင်ဆင်ရေး အဖွဲ့တွင် ပါဝင်ကာ ပေးအပ်သော တာဝန်အရပ်ရပ်ကိုလည်း ကျေပွန်အောင် ထမ်းဆောင်တော်မူခဲ့သည်။

ကျမ်းစာများပြုစု၊ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူခြင်း

၁။ သာသနာ့အသက်
၂။ သဂါထာဝဂ္ဂသံယုတ်မြန်မာဘာသာဋီကာ
၃။ အောင်ခြင်းရှစ်ပါး
၄။ စနှစ်ပြဓမ္မာစရိယ
၅။ ဟောစဉ်တရားပေါင်းချုပ်အမှတ် (၁–၂–၃–၄)
ကျမ်းစာများ ကိုရေးသားတော်မူခဲ့သည်

နိုင်ငံတော်အစိုးရ၏ ၁၃၅၃–ခုနှစ်တွင် ''အဂ္ဂမဟာပဏ္ဍိတ'' ဘွဲ့၊ ၁၃၅၅ ခုနှစ်တွင် ''မဟာဓမ္မကထိက ဗဟုဇနဟိတဓရ'' ဘွဲ့တံဆိပ်တော်များ ဆက်ကပ်မှုကိုခံယူတော်မူရသည်။

ယခု (၁၃၅၁) ခုနှစ်တွင် ဆရာတော်သည် သက်တော် (၅၅) နှစ် ဝါတော် (၅၅)ဝါ ရတော်မူကာ ကျောင်းတိုက် အကျိုး, သာသနာတော် အကျိုးများကို သည်ပိုးထမ်းရွက်တော်မူလျက်ပင်ရှိပါသည်။

အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်

၁၃၇၃– (၂၀၀၉) ခုနှစ်

	အမရပူရမြို့နယ်ရှိ ဝါဆိုသံဃာစာရင်းချုပ်					
စဉ်	ကိုယ်း	ကျောင်း	ရဟန်း	သာမဏေ	သီလရှင်	စုစုပေါင်း
၁။	သုဓမ္မာ	၂၈၅	၁၈၅၁	၁၅၄၆	၂၈၀	၃၆၇၇
၂။	ရွှေကျင်	၁၄	၈၁၀	၆၉၆	–	၁၅၀၆
၃။	ဥက်တွင်း	၃	၄၆	၄၀	၁၀၁	၁၈၇
စုစုပေါင်း		၃၀၂	၂၇၀၇	၂၂၈၂	၃၈၁	၅၃၇၀

၁၃၇၁– (၂၀၀၉) ခုနှစ်

မန္တလေးတိုင်းအမရပူရမြို့နယ် ဝါဆိုသံဃာစာရင်းချုပ်

သုဓမ္မာ. ရွှေကျင်.ငှက်တွင် (၃) ကိုဏ်း

စဉ်	အမည်	ကျောင်း	ရဟန်း	သာမဏေ	သီလရှင်	စုစုပေါင်း
၁။	မှန်တန်းရပ်ကွက်	၃၂	၃၇၇	၅၀၆	၉၇	၉၈၀
၂။	ရွှေဂွမ်းထုပ်ရပ်ကွက်	၂၂	၂၆၇	၁၃၆	၁၉	၄၂၂
၃။	ဆင်စွယ်ပွတ်/စျေးချို	၈	၅၁	၃၃	၂၀	၁၀၄
၄။	အိုတော်/ကျန်းတန်း	၂၇	၂၀၉	၁၁၂	၈၃	၄၀၄
၅။	ငယ်တိုး	၁၀	၁၁၉	၆၃	၃	၁၈၅
၆။	ယဉ်တော်ကျေးရွာအုပ်စု	၄	၄၇	၄၅	-	၉၂
၇။	ဟသ်ာဘုံးအိုးအုပ်စု	၅	၁၆	၂	-	၁၈
၈။	ဘနော/ဖရဲကျွန်းအုပ်စု	၇	၁၇	၅	-	၂၂
၉။	ရဲလွန်ကျော်အုပ်စု	၅	၁၅	-	-	၁၅
၁၀။	လိပ်ဆံခွန်အုပ်စု	၇	၂၇	၁၅	-	၄၂
၁၁။	သူငယ်တော်အုပ်စု	၈	၂၇	၃၀	-	၆၇
၁၂။	ရွှေကြက်ယက်ကျေးရွာအုပ်စု	၁၅	၁၁၄	၈၈	-	၂၀၂
၁၃။	ဘုံးတော်နိုင်ငံအုပ်စု	၇	၁၉	၅	-	၂၄
၁၄။	တောင်သမန်ကျေးရွာအုပ်စု	၁၃	၆၀	၃၇	-	၉၇
၁၅။	ဥယျာဉ်တော်အုပ်စု	၁၃	၅၄	၆၀	၅	၁၁၉
၁၆။	ကမ္ဘဲရေကြည့်ပေါက်အုပ်စု	၇	၂၉	၁၅	-	၄၄
၁၇။	နတ်ရေကန်ကျေးရွာအုပ်စု	၁၂	၆၂	၁၀၈	၃၄	၂၁၄
၁၈။	ကြည့်မြင်တိုင်အုပ်စု	၈	၃၂	၇	-	၃၉

စဉ်	အမည်	ကျောင်း	ရဟန်း	သာမဏေ	သီလရှင်	စုစုပေါင်း
၁၉။	တလင်းကြီးအုပ်စု	၆	၃၅	၅၂	–	၈၇
၂၀။	တမုတ်ဆိုးအုပ်စု	၇	၃၀	၆၀	–	၉၆
၂၁။	တောတွင်းအုပ်စု	၇	၂၂	၃၃	–	၅၅
၂၂။	စားတော်အုပ်စု	၇	၁၅	၅	–	၂၀
၂၃။	စာတိုးမြို့ပြင်ကြီးအုပ်စု	၈	၆၈	၂၈	၁၅	၁၁၂
၂၄။	ဆောက်တောဝအုပ်စု	၉	၃၃	၃၃	–	၆၆
၂၅။	ဓနုံးအုပ်စု	၁၂	၃၄	၂၇	၄	၆၅
၂၆။	မုန်တောအုပ်စု	၅	၁၇	၅	–	၂၂
၂၇။	ဒေါင်းရွေးအုပ်စု	၅	၂၇	၁၀	–	၃၇
၂၈။	တောင်းကိုင်းအုပ်စု	၉	၂၈	၁၆	–	၄၄
*၂၉။	ပန်းဘဲတန်း/ဆင်စွယ်ပွတ်	၅	၇၄၈	၆၂၆	–	၁၃၇၄
၃၀။	ယဉ်တော်ကျေးရွာအုပ်စု	၁	၂၁	၄၂	–	၆၃
၃၁။	ရွှေကြက်ယက်အုပ်စု	၁	၃	၁၀	–	၁၄
၃၂။	တောင်သမန်အုပ်စု	၆	၂၄	၁၀	–	၃၀
၃၃။	စာတိုးကျေးရွာအုပ်စု	၁	၁၄	၆	–	၂၀
❖၃၄။	ထန်းတစ်ပင်အုပ်စု	၂	၃၄	၁၇	၉၆	၁၄၇
၃၅။	ရွှေဂွမ်းထုပ်အုပ်စု	၁	၁၂	၂၃	၅	၄၀
	စုစုပေါင်း	၃၀၂	၂၅၀၇	၂၂၈၂	၃၈၁	၅၃၇၀

သုဓမ္မာဂိုဏ်း

* ရွှေကျင်ဂိုဏ်း

❖ ငှက်တွင်းဂိုဏ်း

၁၃၇၁– (၂၀၀၉) ခုနှစ်
ရဟန်း,သာမဏေ,သီလရှင် (၅၀)ထက်များသော
ကျောင်းများစာရင်း
သီးခြားမှတ်တမ်း

= = = = = = = = = =

စဉ်	ကျောင်းအမည်	ရဟန်း	သာမဏေ	သီလရှင်	စုစုပေါင်း	မှတ်ချက်
၁။	မဟာဂန္ဓာရုံကျောင်းတိုက်	၆၂၄	၅၆၄	–	၁၁၈	ရွှေကျင်
၂။	တူးမောင်းတိုက်	၂၃၂	၁၁၁	၁၉	၃၆၂	သုဓမ္မာ
၃။	မင်္ဂလာတိုက်ဟောင်း	၁၀၅	၈၁	–	၁၈၈	။
၄။	ဆင်ဖြူမယ်ကျောင်းတိုက်	၃၃	၁၈၈	–	၁၅၃	။
၅။	ကဿာရာမကျောင်းတိုက်	၁၀၀	၄၂	–	၁၄၂	ရွှေကျင်
၆။	စတုဘုမ္မိကကျွန်းကျောင်း	၃၄	၁၅	၉၆	၁၄၅	ဌက်တွင်း
၇။	မဂ္ဂင်ကျောင်းတိုက်	၂၅	၅၅	၃၆	၁၃၈	သုဓမ္မာ
၈။	ရွှေကူကြိုးကျောင်း	၅၅	၆၃	၈	၁၂၈	။
၉။	မန်ကျည်းတောကျောင်း	၂၄	၅၅	–	၉၉	။
၁၀။	ရှမ်းကလေးကျွန်းကျောင်း	၂၅	၄၁	–	၆၆	။
၁၁။	ဝိသုဒ္ဓါရုံရေဥူးကျောင်း	၂၁	၄၂	–	၆၃	ရွှေကျင်
၁၂။	ပတ္တမြားရိပ်သာ	၂၁	၂၉	–	၅၂	သုဓမ္မာ
၁၃။	ရွှေဖားရကျောင်းတိုက်	၃၅	၂၅	–	၆၀	။
၁၄။	သန္တိသုခကျောင်း	၂၁	၄	၂၅	၅၀	။
၁၅။	စပါးတောကျောင်း	၁၅	၃၀	၁၀	၅၅	။
၁၆။	မင်္ဂလာတိုက်သီလရှင်ကျောင်း	–	–	၆၅	၆၅	။

၁၆။ မင်္ဂလာတိုက်သီလရှင်ကျောင်း – – ၆၅ ၆၅

ကျမ်းစာအပြီးသတ်ခြင်း

ဤသို့ဖြင့် ဘိုးတော်မင်းတရားသည် ၁၁၄၄-ခုနှစ်၊ တပိုတွဲလဆန်း (၇)ရက် အင်္ဂါနေ့တွင် တည်ထောင်ခဲ့သော အမရပူရမြို့တော်ကြီး၌ ထင်ရှားသော စေတီပုထိုးများနှင့် သာသနာပိုင် မင်းအိုဆရာတော်မှ စ၍ ထင်ရှားသော အမရပူရ သာသနာဝန်ဆောင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အဋ္ဌုပ္ပတ်စသည်တို့ကို အမရပူရသာသနာဝင်အမည်ဖြင့် ကျမ်းစာတစောင်ဖြစ်မြောက်အောင် စုဆောင်းရေးသားခဲ့ပါပြီ၊ စာရှုသူတို့၏ ကြည့်ညိုခြင်း, သံဝေဂယူခြင်းတို့ဖြင့် ကုသိုလ်တရားဟူးများနိုင်ကြပါစေဟု ဆုတောင်းပြီး အောက်ပါပါဠိ+မြန်မာ စကားရပ်တို့ကို အထွတ်တင်ကာ အကျွန်ုပ်၏ အမရပူရသာသနာဝင်မည်တွင်တောက်လျှမ်းသည့် ကျမ်းစာကို လက်စ သတ်လိုက်ပါပြီ။

အမရပူရသာသနာဝင်ကျမ်း နိဂုံး

(၁) ပခုက္ကူပုသေဌ္ဌသ၊ ပစ္ဆိမေ အာသိ ဝိသုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာသာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက် ၄-ဂါဝုတ်ပမာဏဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်းရှိသောရွာ၏ လေးဖက်လေးတန်၌ ကျောင်းကန်ဘုရား, စေတီပုထိုးအမျိုးမျိုးတို့ဖြင့် တင့်တယ်လှသည့် ကန်ရပ်ရွာကြီးတည်ရှိလေသည်။

(၂) ဒွိနောဒွိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လက််ဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြုပ်အနေအားဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော လက််ဒီပခေါဆိုသည့် သီဟိုဠ်နိုင်ငံ, ဘာရတအမည်ရ သည့် အိန္ဒိယနိုင်ငံအစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာ နေခဲ့ဘူး သက္ကတ, ပရာကရိတ်, အင်္ဂလိပ်, သီဟိုဠ် ထိုထိုဘာသာရပ် များ

သမိုင်းပညာအမျိုးမျိုးကိုလေ့လာကြုံးပမ်းဆည်းပူးလေ့ရှိသော။

(၃) ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋ္ဌကံ။
သန္တိကေ နဝဝသာနံ၊ သံဂီတိကိစ္စကာရိနာ။

ပခုက္ကူပိဋကတ်မြို့တော်ရှိ မဟာဝိသုတာရာမဝိဇ္ဇာယတနကြီးဌ် အရှင်နန္ဒိယမဟာထေရ်[၁]အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှိ မထေရ်မြတ်ကြီးတို့၏အထံဌ် ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီးဌ် စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

(၄) ဒက္ခိဏာရာမဝါသိနံ၊ သန္တိကေပိ သုဝိညူနံ။
သိက္ခိတေန တေဝိသတိ-ဝဿိကေန ယသဿိနာ။

ရတနာပုံ မန္တလေးမြို့တော် တောင်ပြင် ဒက္ခိဏာရာမဘုရားကြီး တိုက် အမရပူရကျောင်းဆရာတော် အရှင်ဥက္ကံသာဘိဝံသ-အစရှိသော ပညာရှင်မဟာထေရ်မြတ်တို့၏အထံဌ်လည်း သင်ယူအပ်သော နည်းနာနယအတတ်ပညာအဂဝရှိသော ရဟန်းသိက္ခာ ၂၃-ဝါရ တပည့်တပန်းအခြံအရံတို့နှင့်လည်း ပြည့်စုံသော။

(၅) သုန္ဒရေ ပုရသေဋ္ဌမိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမိ၊ ဝသတာ ဂဏဝါစိနာ။

လှပတင့်တယ်နေချင်စဖွယ်ကောင်းလှသော ပခုက္ကူပိဋကတ် အတတ်မြို့တော်ဌ် တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာဝိသုတာရာမကျောင်းတိုက်ကြီးအတွင်း တိုက်တာတည် ကျေးဇူး ရှင် ရေစကြုံဆရာတော်ဘုရားကြီး ဂန္ဆသာရမဟာထေရ်, အဂ္ဂမဟာ ပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ သီတင်းသုံးတော်မူရာဌာနမွန်ဖြစ်သဖြင့် တင့်တယ် သာယာနေချင်စရာကောင်းလှသော သာသနာဇောတိပါလကျောင်း ကြီးဌ် နေထိုင်လျက် ဘာသာအမျိုးမျိုးကို ချပို့လေ့ရှိသော။

(၁) အရှင်နန္ဒိယမဟာထေရ်ကား မဟာဝိသုတာရာမဝိဇ္ဇာယတနကြီး၏ တိုက်အုပ်ဆရာတော် ဖြစ်တော်မူသည်၊ ၁၃၃၃-ခု၊ တော်သလင်းလဆန်း ၁၃-ရက်နေ့တွင် ပျံလွန်တော်မူသည်။

(၆) နိဿာယ ဣတိဟာသေပိ၊ သီလာလိပိ ပဘူတယော။
မတိမန္တေတိမန္တိတာ၊ တတောယံဝိဒုမာနိတော။

သမိုင်းရာဇဝင်ကျမ်းဂန်အမျိုးမျိုး, ကျောက်စာအစရှိသောမှတ်တမ်းအမျိုးမျိုးတို့ကို မှီငြမ်းပြုပြီး ပညာရှင်တို့နှင့်တိုင်ပင်ဆွေးနွေး၍ ပညာရှင်အပေါင်းတို့ နှစ်ထောင်းဝမ်းသာ ထောမနာအပ် မြတ်နိုးအပ်သော ဤအမရပူရသာသနာဝင်ကျမ်းကြီးကို ကြိုးပမ်းရေးသားအပ်ပါသတည်း။

(၇) တိဋ္ဌတိ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသိနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ်ပြုစီရင်အပ်သော ဤအမရပူရ သာသနာဝင်ကျမ်းသည် ဘုန်းဝန်ပရမေ သုံးလူဆွေမြတ်စွာ သာသနာတည်သရွေ့ကာလပတ်လုံး သာသနာ့သမိုင်း အဋ္ဌုပ္ပတ်ရာဇဝင် သုတေသီတို့အား ကောင်းမြတ်သော သာသနာဝင် အနွယ်အဆက်ကို ကောင်းစွာပြလျက် တည်ထွန်းပါစေသတည်း။

(၈) အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မနသိ ဘိက္ခုညေယေဝ၊ ဂဇ္ဆေယျံ အမတံ သိဝံ။

ဤအမရပူရသာသနာဝင်ကျမ်းကို ကြိုးပမ်းပြုစုရသောကောင်းမှုထူးနှင့် အခြားကောင်းမှုအစုစုကြောင့် ပညာရှင်ကြီးများဖြစ်တော်မူကြသော ကျေးဇူးရှင်ဆရာသခင် အရှင်မြတ်ကြီးတို့နှင့်အတူ အမတာကျွန်းသို့ စံမြန်းရပါစေသတည်း။

အမရပူရ သာသနာဝင်ကျမ်း အလုံးစုံပြီး၏။

